
ဦးလွင်
THE LAND OF
THE GREAT IMAGE
By
Maurice Collis

myanmar teashop
www.mmteashop.com

စာပေဗိမာန်စာမူဆုရ

# ရတနာရွှေမြေ

## ဦးလှဒင်

မြန်မာပြန်

**THE LAND OF**

**THE GREAT IMAGE**

BY
Magurice Collis

Typing _ YaybawaL

PDF _ nyisay

h t t p : / / m m t e a s h o p . c o m

# မာတိကာ

ဘာသာပြန်ဆိုသူ၏ အမှာ

စကားချီး

၁။ အာရှတိုက်သို့ ပေါ်တူဂီတို့ နယ်ချဲ့ခြင်း

၂။ ဂိုအာရွှေမြို့တော်

၃။ ခရစ်ယာန်ဘုန်းကြီးမန်ရစ် ခရီးထွက်ခြင်း

၄။ ကံကောင်း၍ ခေါင်းဖြတ်မခံရ

၅။ နတ်ကိုးကွယ်သူများ

၆။ ဒီယင်းဂါးမြို့ ကျွန်ကုန်ကူးသူများ

၇။ အထိတ်တလန့်သတင်း

၈။ ကျားနှင့် ရင်ဆိုင်

၉။ တောတွင်းတရားပွဲ

၁၀။ တောင်ပေါ်က ဆင်းတုတော်

၁၁။ ရေကြောင်းဗိုလ်ချုပ်

၁၂။ အိမ်တော်ဝန်

၁၃။ ဖူးမြော်ခံခြင်း

၁၄။ အနန္တဘုန်းရှင် ဘုရားသခင်

၁၅။ ဆလမ်းငါးကြိမ်ပေး၍ အလေးပြုခြင်း

၁၆။ ဘုရားရှိခိုးကျောင်း ဆောက်လုပ်လှူဒါန်းခြင်း

၁၇။ မင်းဆရာနှင့် စကားစစ်ထိုးပွဲ

၁၈။ ဆင်ဖြူတော်

၁၉။ နန်းမတော်ဘုရား

၂၀။ ကစားစရာနှင့် မင်းသားငယ်များ

၂၁။ ဟူးဂလီမြို့ကို မဂိုမင်း တိုက်ခိုက်လေပြီ

၂၂။ မန်ရစ်ကို သံမှူးခန့်ခြင်း

၂၃။ ဘိသိက်ခံလုနီးလတ်သော်

၂၄။ ရာဇဘိသေက မင်္ဂလာ

၂၅။ မန်ရစ်အား ကျွန်ကုန်သည်ဟု အထင်လွဲကြခြင်း

၂၆။ သီရိသုဓမ္မဘုရင် ထူးဆန်းစွာ လုပ်ကြံခံရ ခြင်း

၂၇။ မန်ရစ် အသတ်ခံရခြင်း

၂၈။ နိဂုံးချုပ် လေ့လာမှတ်သားခြင်း

## ဘာသာပြန်သူ၏ အမှာ

မောရစ်ကောလစ်ဆိုလျှင် မြန်မာစာဖတ် ပရိတ်သတ်တို့ ကောင်းကောင်း သိနေကြပြီဟု ယုံကြည်ရပေသည်။ သူသည် ဒုတိယ ကမ္ဘာစစ်ကြီး မတိုင်မီက မြန်မာပြည် အရပ်ရပ်၌ အရေးပိုင်အဖြစ် အမှုထမ်းသွားခဲ့သော ပဋိညာဉ်ခံ အရာရှိကြီး ဖြစ်ပေသည်။ မြန်မာပြည်နှင့် မြန်မာလူမျိုးများကို သံယောဇဉ်ကြီးသော ဘိလပ်သား တစ်ဦး ဟူ၍လည်း ထင်ရှားခဲ့သည်။ မြန်မာ လူမျိုးတို့၏ ရိုးရာ ဓလေ့ ထုံးစံများကိုလည်း ခင်မင်သူဖြစ်သည်။ သို့ဖြစ်၍ သူသည် မြန်မာ လူမျိုးတို့နှင့် ပတ်သက်သော ဝတ္ထုကောင်း များစွာကိုလည်း ရေးသားခဲ့ပေသည်။

သူသည် ရခိုင်ပြည်နယ်၊ စစ်တွေးမြို့၌ အရေးပိုင် (ခရိုင်ဝန်) အဖြစ် အမှုထမ်းခဲ့စဉ် တစ်ချိန်က မဟာမြတ်မုနိဘုရားကြီး တန်ခိုးကြီးခဲ့သော် ရခိုင်မင်းတို့၏ ရာဇဌာနီ မြောက်ဦး နေပြည်တော် ဟောင်းကို သွားရောက် ကြည့်ရှုခဲ့ရာမှ မာဟာမြတ်မုနိ ရုပ်ပွားတော်ကြီးနှင့် ယတြာ ခေါင်းလောင်းတော်ကြီးတို့၏ ထူးခြားဆန်းကြယ်သော အတ္တုပ္ပတ္တိတို့ကို စိတ်ဝင်စား ခဲ့ပေသည်။ ထိုအခါက စ၍ ဉရောပ တိုက်သား ခရီးသည်များ၏ မှတ်တမ်း မှတ်စုများကိုလည်းကောင်း မဟာမြတ်မုနိ ဘုရားကြီး တည်ရှိရာ ရခိုင်ပြည်အကြောင်း The land of the Great Image ကို ဝတ္ထုကောင်း တစ်ပုဒ်သဖွယ် ရေးသားခဲ့ပေသည်။ ဝတ္ထု၏ ဇာတ်လိုက်မှာ ခရစ်ယာန် ဘုန်းကြီး မန်ရစ် Friar Sebastiao Manrique ဆိုသူ ဖြစ်သည်။ ၎င်းသည် ခရစ်နှစ် (၁၆၀၀) ကျော်က အိန္ဒိယပြည် ကိုချင်မြို့နှင့် ဟူးဂလီမြို့မှ တစ်ဆင့် ရခိုင်ပြည်နယ် အပါအဝင် စစ်တကောင်းမြို့သို့ သာသနာရေးနှင့် ပတ်သက်၍ ရောက်ရှိခဲ့ရာမှ မြောက်ဦးမြို့ ရခိုင်ဘုရင် သီရိသုဓမ္မမင်းထံ သွားရောက်ခဲ့ပုံများ၊ ရခိုင်ဘုရင်၏ နန်းတွင်းရေးများ၊ ထိုခေတ်က မြန်မာပြည်၊ ယိုးဒယားပြည်နှင့် အိန္ဒိယပြည်တို့၏ အခြေအနေများကို စိတ်ဝင်စားဖွယ် မှတ်တမ်းများ ရေးသားခဲ့ပေသည်။

စာရေးဆရာ မောရစ်ကောလစ်သည် အဆိုပါ ခရစ်ယာန် ဘုန်းကြီး မန်ရစ်၏ မှတ်တမ်းကို မူတည်၍ ထိုအချိန်နှင့် မရှေးမနှောင်းက အရှေ့ဘက် ဒေသသို့ ရောက်ခဲ့ကြသော ဉရောပတိုက်သား အချို့၏ မှတ်တမ်းတို့နှင့် ဖြည့်စွက် ဝန်းရံကာ ဗဟုသုတ ဟင်းလင်းအိုကြီး တည်ပေးခဲ့သည်။ ထိုခေတ်က ခရစ်ယာန် သာသနာပြုသူတို့၏ ဆိုးဝါး ရက်စက်ပုံများ၊ ထိုခေတ်က အရှေ့တိုင်း၌ ကြီးပွါး နေသော ဗုဒ္ဓဘာသာ၊ ဟိန္ဒူနှင့် မူဆလင်တို့၏ အယူဝါဒများအပေါ် ခရစ်ယာန် သာသနာပြုသူတို့ သဘောထားပုံများ အလွန်စိတ်ဝင်စားစရာ ကောင်းလှသည်။ သို့ရာတွင် ဘာသာတရား တစ်မျိုးနှင့်တစ်မျိုး နှိုင်းယှဉ် ဝေဖန်မှုတို့မှာ ထိုဘာသာ ဝါဒတို့ကို အကြွင်းမဲ့ နှံ့စပ်အောင် မသိရှိဘဲနှင့် မပြုသင့်သော ကိစ္စများ ဖြစ်ပေသည်။ သို့ဖြစ်၍ အချို့သော အခန်းတို့မှ ဘာသာ တစ်ခုခုအတွက် ဆိုးကောင်းဝေဖန်ချက် အချို့ကိုလည်းကောင်း အခြားဘာသာ တစ်စုံတစ်ခု၌ အသိခက်လှသော လျှို့ဝှက်ချက်များနှင့် နက်နဲသော တွေးခေါ်မြော်မြင်မှု သဘောတရားတို့ကို လည်းကောင်း မြန်မာစာဖတ် ပရိတ်တို့အဖို့ ငြီးငွေ့ဖွယ်ရာ အပိုသက်သက်မျှ ဖြစ်၍ ခြွင်းချန် ခဲ့ရပေသည်။ ၎င်းတို့မှာ

myanmar ONLINE teashop
www.mmteashop.com

ဂိုအာရွှေမြို့တော် အခန်းမှ ဂျက်ဆူအစ်နှင့် မဟာမဂို ဟူသော ကဏ္ဍနှင့် ဒီနိဘီလီ၏ ထူးဆန်းသောအမှု ဟူသော ကဏ္ဍနှစ်ခု ဖြစ်သည်။ ၎င်းတို့မှာ မူဆလင် (မဟာမေဒင်) ဘာသာဆိုင်ရာ တွေးခေါ်မြော်မြင်မှု သဘောတရား ရေးများကို ဖေါ်ပြသော စာများ ဖြစ်ကြသည်။

ဤစာအုပ်သည် ရှေးခေတ် ရခိုင်မင်းနှင့် တိုင်းပြည် နယ်ပယ်တို့၏ အခြေအနေကို ရာဇဝင်ကြောင်း အားဖြင့် လည်းကောင်း၊ ပထဝီဝင် အကြောင်း အားဖြင့် လည်းကောင်း အတော် ပြည့်စုံအောင် ရေးသားခဲ့ခြင်း ဖြစ်ရာ စာရေး ဆရာသည် အချို့သော အမည်နာမ ဝေါဟာရနှင့် အသံ ထွက်ပုံတို့ကို အင်္ဂလိပ် စကားနှင့် မပီမသ စာလုံး ပေါင်းထားခြင်းများ ရှိနေ၍ အတိအကျ အမှန်အကန် ဖြစ်စေရန် အလို့ငှာ လည်းကောင်း၊ မြို့ရွာဒေသ တည်နေပုံကို မျက်မြင် ကိုယ်တွေ့ သိရှိရန် အလို့ငှာ လည်းကောင်း မိမိကိုယ်တိုင် စစ်တွေ မြို့ဟောင်း (မြောက်ဦး) ကျောက်တော်၊ မဟာမုနိ စသည်တို့အပြင် ဝေသာလီနှင့် လောင်းကျက် တည်းဟူသော ရွှေမြို့တော် ဟောင်းများသို့ သွားရောက် လေ့လာခဲ့ရပေသည်။ ယင်းသို့ ကိုယ်တိုင် သွားရောက် လေ့လာခဲ့ရသဖြင့် အချို့သော စကားလုံးတို့ကို အမှန်အကန် သိခွင့် ရခဲ့ပေသည်။ ဥပမာ အားဖြင့် (၁) Sithaung မှာ ရှစ်သောင်း ဘုရားဖြစ်ကြောင်း (စေတီတော် အတွင်း၌ လိုဏ်ဂူ အထပ်ထပ် ရှိပြီး ဘုရား ရုပ်ပွားတော် ရှစ်သောင်း၊ ဇာတ်နိပါတ် ရုပ်တုရုပ်လုံး ရှစ်သောင်းနှင့် ဓါတ်တော် မွေတော် ရှစ်သောင်း ဌာပနာထားသည်။) (၂) Daingri-pet ဒိုင်းကြီးဘက် (ဒိုင်းကြီးမှာ စပါး သိုလှောင်ရာ ကျီကို ခေါ်သည်။ စပါးကျီများ ထားရာ အရပ်၊ မြို့ဟောင်း အနီး ချောင်း တစ်ဖက် ကမ်းတွင် ရှိသည်။) စသည်ဖြင့် ဒေသန္တရ ဝေါဟာရများစွာကို သိရှိခဲ့ရပေသည်။

ထိုဗဟုသုတများကို ဖြန့်ချိပြောပြ လိုက်လံ၍ ပြသခဲ့သော မြို့ဟောင်းမြို့ ယဉ်ကျေးမှုပြတိုက် မြန်မာပဏ္ဍိတ် ဦးသာထွန်း၊ အင်ဂျင်နီယာ ဦးဖော်အောင်နှင့် လက်ထောက် ကိုတောလူတို့အား အထူးတလည် ကျေးဇူး တင်ရှိကြောင်း ဖော်ပြခြင်း မပြုလျှင် ပြည့်စုံမည် မဟုတ်ပေ။

ဤစာအုပ်တွင် ကျွန်ုပ်တို့ ကိုယ်တိုင် ရှေးအခါက မသိခဲ့ရသေးသော ရာဇဝင်ကြောင်း၊ ပထဝီဝင်ကြောင်း၊ ဘာသာ သာသနာဝင်ကြောင်းတို့၌ အထောက်အထား အကိုးအကား ပြုဖွယ် အချက်အလက် များစွာ ပါဝင်နေသဖြင့် ရာဇဝင် ဗဟုသုတ လိုက်စားသူများ၊ ကျောင်းသူ ကျောင်းသားများနှင့် ကျောင်းဆရာများ အဖို့ သာလွန်၍ အသုံးဝင်မည့် စာအုပ် ဖြစ်ပေသည်။

ဤစာအုပ်တွင် ပြန်ဆိုရာ၌ မြန်မာစာဖတ် ပရိသတ် အနအရင့် အားလုံး၏ အကျိုးငှာ စကား အသုံး အနှုန်းကို အတတ်နိုင်ဆုံး လွယ်ကူစေပြီးလျှင် အသိခက်စေမည့် အသုံးအနှုန်း ဝေါဟာရ အနည်းငယ်ကို ချန်ခြွင်း၍ လိုရင်း အဓိက အချက်များကို ပုံမပျက်စေရန် ကြိုးစား ပြန်ဆိုထားပေသည်။

ဤစာအုပ်ကို ဖတ်ရှုသူအပေါင်း ရွှင်လန်း ချမ်းမြေ့ ကြစေ သတည်း။

လှဒင်
ရန်ကုန်မြို့။
၁၅၊ ၁၂၊ ၆၄။

myanmar teashop www.mmteashop.com

## စကားချီ

ရေးလတ္တံ့သော အကြောင်းရပ်တို့ကား ဩဂတ်စတင်ဂိုဏ်းဝင် ပေါ်တူဂီလူမျိုး ဗရင်ဂျီဘုန်းကြီး ဆီဘာရှိုမန်ရစ် Sebastiao Manrique ၏ ခရီးသွား မှတ်တမ်း တစ်စိတ် တစ်ဒေသပင် ဖြစ်သည်။ မန်ရစ်သည် ခရစ်နှစ် (၁၅၉၀) ခုနှစ် အတွင်းလောက် ဆီက အောပိုတိုမြို့၌ ဖွားမြင်၍ ငယ်ရွယ်စဉ်ကပင် ဩဂတ်စတင် ဗရင်ဂျီဂိုဏ်းသို့ ဝင်ခဲ့ပြီးနောက် များမကြာမီ အရှေ့တိုင်းဆိုင်ရာ ပေါ်တူဂီဒိုမီနီယံဟု ခေါ်ဆိုအပ်သော ဂိုအာမြို့သို့ တာဝန်နှင့် စေလွှတ်ခြင်း ခံရပေသည်။

သူသည် (၁၆၂၈) ခုနှစ်တွင် အသက်သုံးဆယ်ကျော် လေးဆယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက် ခဲ့သည့်ပြင် ဩဂတ်စတင်ဂိုဏ်းခွဲ တစ်ခုရှိရာ ဘင်္ဂလားပြည်နယ် (ယခု ကာလကတ္တားမြို့အနီးရှိ) ဟူးဂလီမြို့သို့ ပြောင်းရွှေ့ ခဲ့ရပြန်သည်။ ဘင်္ဂလားပြည်နယ်နှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော ရခိုင်ပြည်နယ်မှာ နေထိုင်သော ရခိုင် လူမျိုးတို့မှာလည်း မွန်ဂိုလီယံ အဆက်အနွယ်များ ဖြစ်၍ ရေးကျသော မြန်မာများနှင့် တစ်သဝေမတိမ်း တူညီကြသည်။ မန်ရစ်သည် ရခိုင်ပြည်နယ်သို့ ရောက်ပေါက် ခဲ့ဖူးသမျှ သူ၏ အတွေ့အကြုံများကို 'ခရီးစဉ်' Travels အမည်ရှိ စာအုပ်၌ ဝတ္ထုကောင်းတစ်ပုဒ်ပမာ ဖွဲ့နွဲ့ ရေးသားကား မှတ်တမ်းတင်၍ ထားခဲ့လေသည်။ ထိုခရီးစဉ် မှတ်တမ်းများကို ဥရောပ တိုက်သို့ သူပြန်ရောက်ခဲ့သော (၁၆၄၃) ခုနှစ်တိုင်အောင် စာအုပ် တစ်အုပ် အနေသို့ ရောက်အောင် စီစဉ် ရေးသားခြင်း မပြုရသေးပေ။ ထို့ပြင် မန်ရစ်သည် မှတ်တမ်းများကို ကိုယ်ပိုင် ပေါ်တူဂီစာနှင့် မရေးခဲ့ဘဲ စပိန်စာနှင့် ရေးသား ခဲ့သည်မှာလည်း ထူးခြားလေသည်။

မန်ရစ်သည် ရခိုင်ပြည်နယ်သာမက အခြား အရပ်ဒေသများစွာသို့ ရောက်ပေါက် ခဲ့သေးသော်လည်း မန်ရစ်၏ အရေးအသားတို့မှာ အလွန် ရှင်းလင်း ပြတ်သားလျက် အသက်ဝင် နေရုံမက မိမိ တွေ့သိခဲ့ရသမျှကို မမောနိုင် မပန်းနိုင် အကုန်အစင် ပြန်လှန်၍ ဖောက်သည်ချနေဘိ သကဲ့သို့ ရှိသဖြင့် ထိုခေတ်က စာရေးဆရာ အကျော်အမော်များပင် သူကဲ့သို့ စုံစုံစေ့စေ့ မရေးသားနိုင်ခဲ့ကြချေ။ ထို့ပြင်လည်း အရှေ့တိုင်းက ဘုရင် တစ်ပါးပါးနှင့် မည်သူမျှ သူကဲ့သို့ မရင်းနှီးခဲ့ရဘူးချေ။ အနီးကပ်ဆုံး ဥပမာကို ပြဆိုရမည် ဆိုလျှင် အိန္ဒိအင်ပါယာ အရှင်အတ္တဘာ ဘုရင်မင်းမြတ် ထံပါးတွင် လည်းကောင်း၊ ယိုဒယား ပြည့်ရှင် နရဲဘုရင်ထံပါးတွင် လည်းကောင်း၊ တရုတ်ပြည့်ရှင် ကူဗလိုင်ခန့် ဧကရာဇ် ဘုရင်ထံပါး၌ လည်းကောင်း ဂျက်ဆူအစ် ခရစ်ယာန်ဘုန်းကြီးများ အသီးသီး ခစားခွင့် ရခဲ့ကြသော်လည်း မန်ရစ်ကဲ့သို့ စေ့ငစုံလင်သော မှတ်တမ်းများကို ရေးမထား နိုင်ခဲ့ကြချေ။

ကျွန်ုပ်သည် (၁၉၂၄) ခုနှစ်က ရခိုင်ပြည်နယ်တွင် အစိုးရ၏ အမှုထမ်းနေခိုက် ရေးအခါက မန်ရစ် ရောက်ပေါက်ခဲ့ဖူးသော အရပ်ဒေသများသို့ အနှံ့အပြား သွားရောက် လည်ပတ်ခွင့် ကြုံခဲ့ရပေရာ

ထိုစဉ်ကတည်းက သူ့အကြောင်းကို စာတစ်အုပ် ရေးသားရန် ဆုံးဖြတ်မိပေသည်။ သူ၏ မှတ်တမ်းများမှာ ထိုအချိန်တိုင်အောင် စာအုပ်အဖြစ်သို့ မရောက် လာခဲ့ကြသေးချေ။ သို့ရာတွင် ဘင်္ဂလားပြည်နယ်၌ ခေတ္တ နေထိုင်လျက်ရှိသော ဂျက်ဆူအစ် ဂိုဏ်းဝင် ခရစ်ယာန်ဘုန်းကြီး ဖားသား ဟိုစတင် Father Hosten သည် သူ၏ မှတ်တမ်း အချို့ တစ်ဝက်ကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုခဲ့ဖူးသဖြင့် စစ်တွေမြို့တွင် နေထိုင်သော ကျွန်ုပ်၏ မိတ်ဆွေကြီး မစ္စတာစံရွှေဘူးက ထိုကော်ပီများကို ကျွန်ုပ် သိလိုသော အခြား စိတ်ဝင်စားဖွယ် သတင်းများနှင့်အတူ ကျွန်ုပ် လိုရာ သုံးစေတော့ ဟူ၍ ကျေးဇူး ပြုလိုက်သောကြောင့်သာ ထိုနှစ်ထဲမှာပင် "မြန်မာ့ သုတေသနဂျာနယ်" Burma Research Journal ၌ အခန်းဆက် ဆောင်းပါးများ စတင် ရေးသား နိုင်ခဲ့ပေသည်။

မန်ရစ်၏ ခရီးသွားမှတ်တမ်းများကို မဏ္ဍလွတ် အသင်းအတွက် ဖြစ်မြောက် စေရန် ဒု-ဗိုလ်မှူးကြီး လွဒ်နှင့် ဘုန်းကြီး ဟိုစတင်တို့ ပူးပေါင်း၍ (၁၉၂၇) ခုနှစ်တွင် ပြုစု ထုတ်ဝေခဲ့ ကြသော်လည်း အသင်းသားတို့ကို ဝေငှ နိုင်ရုံလောက်သာ စောင်ရေကို ကန့်သတ် ထုတ်ဝေ ခဲ့သဖြင့် ဆီဘာ ရှိုမန်ရစ်၏ အတ္ထုပ္ပတ္တိကို သိသူမှာ အလွန်တရာ နည်းပါး လှသည်။

ဤစာအုပ်ကို ပြုစုရခြင်း၏ အကြောင်းရင်းကား ဆီဘာရှိုမန်ရစ်ကို ကျွန်ုပ် သိပြီးသား ဗဟုသုတ အချို့နှင့် မွမ်းမံ၍ လူထုနှင့် မိတ်ဆက် ပေးလိုက်သည့် အပြင် သူ့ ဝတ္ထုထဲ၌ ကနေဦး အစကပင် ကြွယ်ဝ ပြည့်စုံပြီး ဖြစ်သော စာပေ၏ အရသာများနှင့် နားလည်ရန် ခက်သော ကိုယ်တွေ့ ဖြစ်ရပ် များနှင့် ထူးဆန်းသော ဘုရင်ကို တွေ့ခဲ့ရပုံများပါ မကျန် သိမ်းကျုံး၍ ပွဲထုတ်ပေးလိုသော ကျွန်ုပ်၏ အာသီသကြောင့်ပင် ဖြစ်ပေသည်။

သူ့ဖြစ်၍ သူ့မှတ်တမ်းကို အရသာ ရှိရှိ ဖတ်ရှုကြရစေရန် ဝတ္ထု ဇာတ်လမ်း၏ အခြေခံ ဖြစ်သော ဂိုအာမြို့က စပြီး ရေးသားမှသာ ပတ်ဝန်းကျင်ကိုပါ ခြုံ၍ လေ့လာနိုင်မည် ဖြစ်ရကား စာဖတ် ပရိသတ်တို့ကို ရှေးဦးမစွ ဂိုအာမြို့သို့ စ၍ ပို့ပေး လိုက်ရ ပေတော့သတည်း။

မောရစ်ကောလစ်



ဦးရစ်တောင်စေတီ (ယခု ပုဏ္ဏားကျွန်းမြို့အနီး)


သေမာနဒီခေါ် သာရချောင်း

myanmar ONLINE teashop
www.mmteashop.com




ယခု အသစ်တည်ထားသော မဟာမုနိဘုရား ကျောင်းတော်

myanmar ONLINE teashop
www.mmteashop.com



ရှစ်သောင်းဘုရား ကုန်းတော်ပုံ



မန္တလေး မဟာမြတ်မုနိဘုရားကြီး


myanmar ONLINE teashop www.mmteashop.com



ရခိုင်ပြည်တွင် ကျန်နေသေးသော မဟာမုနိ ရုပ်ပွားပုံ


(အချို့က ၎င်းကို အစစ်ဟု ထင်မှတ် ပြောဆိုနေကြသည်။)

myanmar teashop
www.mmteashop.com




မဟာမုနိ ဘုရားမြေပုံ

myanmar ONLINE teashop
www.mmteashop.com




ရှစ်သောင်းဘုရား ပန္နက်ပုံ

myanmar teashop
www.mmteashop.com

## အခန်း (၁)
## အာရှတိုက်သို့ ပေါ်တူဂီတို့ နယ်ချဲ့ခြင်း

ကျယ်ကျယ်ပြန့်ပြန့် မြော်ရှုမည်ဆိုလျှင် ပေါ်တူဂီလူမျိုးများ အာရှတိုက်သို့ နယ်ချဲ့ ကြခြင်းသည် မိမိတို့ ဌာနီတွင် မူး Moor ကုန်းကြောင်း၌ အစွမ်းကုန် ကြိုးပမ်းခဲ့ရသော တိုက်ပွဲများ၏ အပွင့် အဖူးများပင် ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် ခရစ်နှစ် (၁၀) ရာစုနှစ်မှ (၁၅) ရာစုနှစ် အထိ နှစ်ပေါင်း (၅၀၀) ခန့်မှာ စပိန်နှင့် ပေါ်တူဂီ အပါအဝင် အိုင်ဘီရီယံ ကျွန်းဆွယ်တစ်ခုလုံး အာရပ်တို့နှင့် ယှဉ်ပြိုင်တိုက်ခိုက် ခဲ့ရသော စစ်ပွဲပေါင်း သုံးထောင့် ခုနှစ်ရာခန့်ပင် ရှိခဲ့၍ (၁၄၉၂) ခုနှစ် ဂရင် နဒါးခံတပ် ကျဆုံးမှသာ အပြီးသတ်ခဲ့ ကြရပေတော့သည်။

စပိန်လူမျိုးနှင့် ပေါ်တူဂီ လူမျိုးတို့သည် အင်မာခေါ် အာရပ်လူမျိုး များကို အပြီးသတ် အောင်မြင်ခဲ့ သော်လည်း တိုက်လက်စ အရှိန်မသေ သေး၍ ကမ္ဘာ၏ အရှေ့ဖျား ဒေသသို့ သွားရာ လမ်းသစ်များ ရှာဖွေရေးသို့ ဆက်လက် လုံးပန်းခဲ့ကြ ပြန်သဖြင့် အမေရိကနှင့် အာဖရိကတိုက်များကို ပတ်၍ သမုဒ္ဒရာပြင်ကျယ် ပင်လယ်ခရီးတို့ကို အသီးသီး ဖြတ်သန်းကာ သင်္ဘောလှွင့် နေခဲ့ကြရာမှ ပေါ်တူဂီတို့သည် အာရှတိုက်ကို ခြေချ မိခဲ့ကြလေသည်။

ပေါ်တူဂီတို့ အာရှတိုက်တွင် ခြေကုပ်ခဲ့ရခြင်းသည် ဗြိတိသျှလူမျိုးများ ဒိုမီနီယံ မျိုးစေ့ ချနိုင်အောင် လမ်းဖွင့်ပေးသလို ရှိနေတော့သည်။ အဘယ်ကြောင့်ဆိုသော ပေါ်တူဂီ တို့သည် အာရှတစ်ခွင်၌ ခရစ်နှစ် (၁၅၀၀) မှ (၁၆၂၅) ခုနှစ်အတွင်း နှစ်ပေါင်းတစ်ရာမျှသာ စိုးမိုးနိုင်ခဲ့လေသည်။ ဒတ်ချ်လူမျိုး၊ ဗြိတိန်လူမျိုးနှင့် ပြင်သစ်လူမျိုးတို့လည်း အလားတူပင် နယ်ချဲ့ထွင်လာကြပြီး များမကြာမီ ထိုလူမျိုး အသီးသီးတို့ နယ်ချဲ့စစ်မီး တညီးညီး တောက်လောင်ကာ အချင်းချင်း တိုက်ကြ ခိုက်ကြသဖြင့် နောက်ဆုံး၌ ဗြိတိန်က အောင်ပွဲရပြီး ပေါ်တူဂီတို့ တန်ခိုးအင်အား အထူးပင် လျော့ပါး ကျဆင်း သွားပေတော့သည်။

အာရှတိုက်နှင့် ဥရောပတိုက်တို့၏ ကူးသန်းရောင်းဝယ်ရေးကို ရှေးအထက်ကျော် ကာရီက မူဆလင်ဘာသာဝင် စူလတန်ဘုရင်များ ကြီးစိုး ချုပ်ကိုင်၍ ထားခဲ့ကြသည်။ တရုတ်ပြည်နှင့် အရှေ့တောင်ဒေသမှ လာသမျှ ကုန်စည်များကို ပါရှားကွေ့ အရောက် မဟာမေဒင် ဘာသာဝင် မူဆင်လင် အာရပ် သင်္ဘောများဖြင့်သာ တင်ဆောင်သယ်ယူပြီး ထိုမှ တစ်ဆင့် ကုန်းလမ်းခရီးမှ တူရကီပြည် အစ္စလာမ်ပြည်တို့ကို ဖြတ်သန်းကာ ဥရောပ တိုင်းပြည်များသို့ တင်ပို့ ရောင်းချ ကြရပေသည်။ ထို့ကြောင့်

တူရကီ အစရှိသော မူဆလင် တိုင်းပြည်များမှ စူလတန် ဘုရင်တို့သည် သွေးကြောနှင့် တူသော ထိုကုန်သည် လမ်းကြောင်း ထိန်းချုပ် ဆုပ်ကိုင် ထားခြင်းအားဖြင့် အလွန်တရာ ကြွယ်ဝ ချမ်းသာ နေကြကုန်၏။

သို့ဖြစ်၍ ပေါ်တူဂီ လူမျိုးတို့သည် ရန်သူ၏ သွေးကြောနှင့်တူသော ကုန်သည် လမ်းကြောင်းကို ဖြတ်တောက်ပစ်ခြင်းအားဖြင့် ရန်သူ၏ ဘဏ္ဍာရေးအင်အား ဆုတ်ယုတ် ကျဆင်းသွားစေလိုသည် တစ်ကြောင်း၊ ဥရောပသို့ ကုန်သည်လမ်းသစ်တစ်ခု ဖွင့်လှစ် ပေးလိုသည် တစ်ကြောင်း၊ ကရုဆေ့ဒ် စစ်ပွဲ၏ အကြွင်းအကျန်ဖြစ်သော သာသနာပြုရေး လုပ်ငန်းတို့ကို ဆက်လက် ကြိုးပမ်းလိုသည့် အကြောင်းများကြောင့် ဂွဒ်ဟုတ် အငူမှ လှည့်၍ သွားသော ရေကြောင်း ခရီးလမ်းသစ်ကို ရှာဖွေခဲ့ကြခြင်း ဖြစ်ပေသည်။

ထိုခေတ် ဥရောပတိုက် တစ်ခွင်၌ ခရစ်ယာန် ဂိုဏ်းချုပ် ပုပ်ရဟန်း မင်းကြီးသာလျှင် အပြည်ပြည်၏ အထွတ်အထိပ်တမျှ အသိအမှတ် ပြုထားကြသဖြင့် ဥရောပနိုင်ငံ အသီးသီးမှ ရှင်ဘုရင်တို့သည် ပုပ်ရဟန်း မင်း၏ သူကောင်း ပြုခြင်းကို အလုအယက် ခံယူလိုကြပေသည်။ အိုင်ဘီရီယန်ကျွန်းဆွယ်၌ ဖြစ်ပွားသော စစ်ပွဲသည် ခရစ်ယာန်ဘာသာနှင့် မဟာဗေဒင်ဘာသာတို့ သူနိုင်၊ ငါနိုင် အပြိုင်ဆင်နွှဲသော အားစမ်း ပွဲကြီး ဖြစ်ပေရာ အောင်ပန်းဆွတ်ခူး နိုင်ခဲ့သော စပိန်ဘုရင်နှင့် ပေါ်တူဂီဘုရင် တို့အား ဆဋ္ဌမမြောက် ပုပ်ရဟန်းမင်းကြီး အလက်ဇန္ဒားက သူတို့ သိပြီးသမျှ ကမ္ဘာမြေကြီး၏ အနောက်ခြမ်းကို စပိန်ဘုရင်သို့ လည်းကောင်း၊ အရှေ့ခြမ်းကို ပေါ်တူဂီ ဘုရင်သို့ လည်းကောင်း ဆုလာဘ်အဖြစ် ခွဲဝေပေးသနားတော် မူခဲ့လေသည်။ ခွဲဝေသော နယ်နိမိတ်မှာ ဥရောပ ကမ်းခြေအလွန် မိုင် (၃၇၀) အကွာ၌ မြောက်မှတောင်သို့ မျဉ်းဖြောင့်တစ်ခု ဆွဲသား၍ နယ်ခြားသတ်မှတ် ဖော်ပြထားပြီးလျှင် အနောက်ဘက်တွင် အသစ် တွေ့ရှိသမျှ ကုန်းမြေမှန်သမျှကို စပိန်တို့ ယူစေ၊ ပိုင်စေ။ အရှေ့ဘက်၌ အသစ်တွေ့ သမျှ ကုန်မြေမှန်သမျှကို ပေါ်တူဂီတို့ ကျက်စားစေဟူ၍ ခွဲဝေပိုင်ခြား ပေးပြီး နွားလားဥသဘ၏ ဦးခေါင်းပုံ တံဆိပ်ပါသော အလံတော်တစ်ခုစီ ပေးအပ်ကာ သူကောင်း ပြုပေးခဲ့လေသည်။

ပုပ်သာသနာပိုင်က ယင်းသို့ ဘွဲ့တံဆိပ်နှင့် နယ်မြေ အပိုင်စား ချီးမြှင့် ပေးသနားပြီးနောက် ရှစ်နှစ်မြောက်သော အခါကာလတွင် ဗာစကိုဒဂါးမားသည် အိန္ဒိယပြည်ကို ရှာဖွေတွေ့ရှိခဲ့ပေ၏။ ထိုအခါ ပုပ်သာသနာပိုင်က ပေါ်တူဂီဘုရင် အင်မာနူရယ်အား အီသီယိုပီးယားပြည်၊ အာရေဗီယပြည်၊ ပါရှားပြည်နှင့် အိန္ဒိယပြည်များတွင် ကုန်ရောင်းကုန်ဝယ် ပြုလုပ်ခွင့်နှင့် တကွ လိုအပ်ပါက ထိုတိုင်းပြည်များကို တိုက်ခိုက် သိမ်းယူနိုင်စေ ဟူသော အမိန့် အခွင့်ထူး တစ်ရပ်ကို လည်းကောင်း၊ အိန္ဒိယ သမုဒ္ဒရာနှင့် တစ်ဆက်တည်း စပ်လျက်ရှိသော ရေပြင်ကို လွှမ်းမိုးကြီးစိုးစေ ဟူသော တန်ခိုး အာဏာကို လည်းကောင်း အမိန့် သီးခြား အသီးသီး အပ်နှင်း လိုက်ပြန်လေသည်။

ဤသို့အားဖြင့် ပေါ်တူဂီတို့ အဖို့ မိမိတို့ကိုယ်ကို ဘုရားသခင်၏ တမန်တော်များဟု အထင် ရောက်နေကြပြီးလျှင် မိမိတို့ ဘုရင်အား ပုပ်သာသနာပိုင်က နွားလားဥသဘ ဘံဆိပ်ကို အပ်နှင်းလိုက်ခြင်းမှာလည်း ရပ်ဝေးမြေခြားက မိစ္ဆာဝါဒီ သမားတို့ကို စိန့်ပီတာ ဘုရားရှိခိုးကျောင်း လှေကား အရောက် ခေါ်ဆောင်ပို့ပေးရန် တာဝန်အပ်နှင်း လိုက်ခြင်းပင်တည်းဟု တထစ်ချ ယုံကြည် စွဲမှတ် ထားကြလေသည်။ ယင်းသို့သော အကြောင်းကြောင့် ဂိုအာမြို့သည် အဘယ်ကြောင့် ပေါ်တူဂီတို့ အဖို့ ကုန်စည်ကူးသန်းရာ ဗဟိုဌာန လုပ်ထားရုံမက ခရစ်ယာန် သာသနာပြုတို့အတွက် အချက်အချာ ဖြစ်နေရသနည်းဟူသော အတွေးကို ကောင်းစွာ သဘောပေါက်စေပေတော့၏။

ပေါ်တူဂီ ခေါင်းဆောင်လုပ်သူတို့သည် မှူးရိုးမတ်နွယ်များသာ ဖြစ်ကြသည်။ ၎င်းတို့သည် မိမိတို့ကိုယ်ကို သူရဲကောင်းကြီးများဟု အထင်ကြီး နေတတ်ကြသည်။ ထိုအယူဝါဒမှာ ယခုလို ခရစ်နှစ် (၁၅၀၀) ပတ်ဝန်းကျင်၌ အတော် ရေးကျနေသော အယူအဆ ဖြစ်နေပေသည်။ ယင်းအယူအဆမျိုးသည် ပြင်သစ်နှင့် အင်္ဂလန်များ၌ ကွယ်ပျောက် လုမတတ် ရှိနေသော်လည်း စပိန်နှင့် ပေါ်တူဂီတို့တွင် (၁၆) ရာစု ထဲမှာပင် ခေတ်စားနေသေး ရကား ဥရောပတိုက်တွင် အတော် ခေတ်နောက်ကျလျက် ရှိသည်မှာ ထင်ရှားလှပေသည်။

ဤနေရာတွင် အလျဉ်းသင့်သောကြောင့် အိန္ဒိယပြည်သို့ ဗာစကိုဒဂါးမား ပထမအကြိမ် ခရီးထွက်စဉ်က အဖြစ်အပျက်များကို အတူလိုက်ပါခဲ့သော ဖရီရေဆိုဆာ ဆိုသူ ရေးသားခဲ့သော မှတ်တမ်းအရ အောက်ပါအတိုင်း ဖော်ပြ လိုက်ပေသည်။

"ဗိုလ်ချုပ်ကြီး ဗာစကိုဒဂါးမား၏ ရေတပ်တွင် သင်္ဘောကလေး သုံးစင်းနှင့် လူ (၁၆၀) မျှသာ ပါရှိလေသည်။ အင်မာနူရယ် ဘုရင်သည် ၎င်းအား ခရစ်တော်၏ လက်ဝါးကပ်တိုင် တံဆိပ် ခတ်နှိပ်ထားသော စစ်အောင်လံ တစ်ခုကို အပ်နှင်း လိုက်လေသည်။ ဗာစကိုဒဂါးမားသည် (၁၄၉၇) ခုနှစ်၊ ဇူလိုင်လ (၈) ရက်နေ့တွင် စတင် ထွက်ခွာခဲ့ပြီး ဂွဒ်ဟုတ် အငူမှ လှည့်၍ သူတို့ မြေပုံတွင် မပါသေးသော ရေကြောင်းခရီးဖြင့် မြောက်ယွန်းယွန်းသို့ သင်္ဘော လွှင့်ပြန်ရာ အာဖရိကတိုက် အရှေ့ဘက် ကမ်းခြေရှိ ဇံဇီဘာ ကျွန်း၏ မြောက်ဘက် မီလင်ဒီ ဆိပ်ကမ်းသို့ ရောက်ခဲ့လေသည်။ သူသည် မီလင်ဒီ ဆိပ်ကမ်း၌ အိန္ဒိယတိုင်းရင်းသား လမ်းပြ တစ်ယောက်ကို တွေ့ရှိသဖြင့် ထိုသူ၏ အကူအညီဖြင့် လိဂ် (၇၀၀) ခန့် ကယ်သော အာရေဗျ ပင်လယ်အော်ကို ဖြတ်သန်းကာ (၁၄၉၈) ခုနှစ် မေလ (၂၀) ရက်နေ့တွင် ကလိကတ်မြို့၌ ကျောက်ချ ရပ်နားခဲ့ပေသည်။

ကလိကတ်မြို့သည် အိန္ဒိပြည်၏ တောင်ဘက် အစွန်းနားတွင် တည်ရှိ၍ သီခြား လွတ်လပ်သော ဟိန္ဒူတိုင်းပြည် တစ်ခု ဖြစ်လေသည်။ ယခုအခါ မွတ်ဆလင်ဟု ခေါ်သော မဟာမေဒင်တို့သည် လွန်ခဲ့သော နှစ်ပေါင်း (၅၀၀) လောက်က စ၍ အိန္ဒိယပြည်တွင်းသို့ တစိမ့်စိမ့် တိုးဝင်လာခဲ့ ကြသော်လည်း အိန္ဒိယတောင်ပိုင်း နယ်ပယ်များသို့ မရောက်ပေါက် ကြသေးချေ။ သို့ရာတွင် ၎င်းတို့သည် ရေကြောင်းခရီးကို ကြီးစိုးနေသူများ ဖြစ်ရကား ၎င်းတို့၏ သင်္ဘောများမှာ ကလိကတ် ဆိပ်ကမ်းသို့ မပြတ် ဝင်ထွက် သွားလာနေကြရုံမက ကမ်းခြေ၌ ကုန်လှောင်ရုံများ ဆောက်လုပ်ကာ ရောင်းဝယ် ဖောက်ကားမှု ပြုကြလေသည်။ သို့နှင့် ကလိကတ်မြို့မှ မြောက်ဘက်သို့ ဂိုအာမြို့ အပါအဝင် မိုင်ပေါင်း (၃၀၀) ခန့် ရှည်လျားသော ကမ်းခြေရှိ သင်္ဘောဆိပ် မှန်သမျှမှာ မူဆလင်တို့၏ ပိုင်နက်များချည်း ဖြစ်နေကြတော့သည်။ ထို့ပြင် ကလိကတ်မြို့သည်ပင်လျှင် ဟိန္ဒူဘုရင် အုပ်ချုပ် နေပါလျက် ၎င်းတို့၏ ဩဇာအာဏာ လွှမ်းမိုးရာ ဒေသ ဖြစ်နေတော့သည်။"

ဗာစကိုဒဂါးမားသည် ထိုအခြင်းအရာများကို မိမိ၏ ရေကြောင်းပြ ဖြစ်သူ အိန္ဒိယလူမျိုးထံမှ ကြားသိထားပြီး ဖြစ်ရာ မိမိအတွက် ကုန်ရောင်းကုန်ဝယ် လုပ်ရန် အခွင့် အလမ်းမှာ ဟိန္ဒူမင်းသား တစ်ပါးပါးနှင့် ဆက်သွယ်မှ ဖြစ်တော့မည်ဟု ကောင်းကောင်း သဘောပေါက်ထားပေသည်။ မူဆလင်တို့နှင့် ဆက်သွယ်ရဖို့ကား ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် မိမိမှာ ပေါ်တူဂီ ခရစ်ယာန်ဖြစ်နေ၍ မည်သို့ပင် ချဉ်းကပ် စေကာမူ ၎င်းတို့ထံမှ အကူအညီ ရရှိနိုင်စရာ မမြင်သောကြောင့်တည်း။ သို့သော ခရစ်ယာန် တစ်ဦးအဖို့ အဘယ်ကြောင့် ဟိန္ဒူလူမျိုး တစ်စုံတစ်ယောက်နှင့် ဆက်သွယ်လို့ မဖြစ်နိုင်စရာ ရှိပေမည်နည်း။ ယင်းကိစ္စမှာ အသက်နှင့် ရင်းနီးရလောက်အောင် ခဲယဉ်းကောင်း ခဲယဉ်းမည် ဖြစ်သော်လည်း

၎င်းတို့သည် ခရစ်ယာန်ဘာသာ၏ ရန်သူများ မဟုတ်ကြကုန်။ ထိုမှတစ်ပါး ရှေးအထက်ကျော်ကာရီက စိန့်သောမတ်စ် အမည်ရှိ ခရစ်ယာန် ဘုန်းကြီးတစ်ပါး အိန္ဒိတောင်ပိုင်း၌ သာသနာပြုခဲ့ဖူးကြောင်း ကြားဖူးရသည့် အတိုင်း ၎င်း၏ ဂိုဏ်းသား တပည့်တပန်းအများ၏ အဆက်အနွယ်တို့ထံမှ တစ်နည်းနည်း အားဖြင့် အကူအညီ ရကောင်းစရာ ရှိပေသေးသည်။

ဗာစကိုဒဂါးမားသည် ကလီကတ်ဘုရင့်ထံသို့ မကြာမီ သဝဏ်လွှာ ပို့လိုက်လေ၏။ ကလီကတ် ဘုရင်လည်း မြို့ဝန်ကိုယ်တိုင် သင်္ဘောသို့ သွားရောက် ကြိုဆို၍ ဗာစကိုဒဂါးမားကို ရှေ့တော်မှောက်သို့ ဝေါနှင့် တင်ဆောင် စေခဲ့လေသည်။ အသားမည်း အမှုထမ်းတို့ကား အကျီမပါ၊ ဗလာကိုယ်တီး ကျောမည်းမည်းနှင့် အနီးသို့ ချဉ်းကပ်ကာ ဗာစကိုဒဂါးမား၏ ခမ်းနားသပ်ရပ်စွာ ဝတ်စား ဆင်ယင် ထားသော အဝတ်တန်ဆာ ဘွဲ့တံဆိပ် ဒွါဒရာတို့ကို ကြည့်ရှုပြီး တအံ့တဩ ဖြစ်နေကြပေသည်။ သူတို့သည် များမကြာမီပင် အဆောက်အအုံကြီးတစ်ခု၏ ဝင်းတံခါးဝသို့ ဆိုက်ရောက်ခဲ့ကြ ပြီးလျှင် တံခါးမှူး၏ လက်ရိပ်ခြေရိပ်နှင့် ညွှန်ပြချက်အရ ဝေါပေါ်မှ ဆင်းသက်လိုက်ရတော့၏။

ဗာစကိုဒဂါးမားသည် ကြီးမားခံ့ထည်သော မြို့ရိုးနံရံကို မော်၍ ကြည့်လိုက်သော အခါ ခေါင်းလောင်းကြီး ငါးလုံးကို တွေ့မြင်လိုက်ရပေသည်။

ဝင်းတံခါးကြီး၏ ရှေ့မျက်နှာစာတွင်လည်း ကြေးဝါဖြင့်ပြီးသော မော်ကွန်းတိုင်ကြီးတစ်ခု စိုက်ထူ ထားပြီးလျှင် ထိုတိုင်ထိပ်၌ ကြက်ရုပ်တစ်ခုကို သွန်းလုပ်ထားလေသည်။ မုဒ်ဦးကို ဝင်မိသည်ဆိုလျှင် ခါးတွင် ချည်ဒိုတီ (ပုဆိုး) တစ်ထည်သာ ဝတ်ဆင်လျက် ရင်ဝယ် စလွယ်သိုင်း ထားသော လူလေးယောက် အနီးသို့ ချဉ်းကပ် လာကြလေသည်။ ထိုသူတို့မှုကား ပုရောဟိတ် ပုဏ္ဏားများတည်း။ သို့သော်လည်း ဗာစကိုဒဂါးမားသည် ၎င်းတို့ကို ပုဏ္ဏားမှန်း မသိရှာပေ။ ပုဏ္ဏားတို့သည် သူ၏ နဖူးကို အမွှေးနံ့သာတို့ဖြင့် ဆွတ်ဖျန်း၍ ကောင်းချီးပေးနေ ကြလေတော့သည်။

သူသည် ယင်းသို့သော အပြုအမူကို အံ့ဩစွာနှင့်ပင် ကျေကျေနပ်နပ် လက်ခံခဲ့ပေ၏။ သူ ယခု တွေ့မြင်နေရသော အဆောက်အအုံမှာ အမှန်စင်စစ်အားဖြင့် ဘာသာရေးနှင့် ပတ်သက်သော အဆောက်အအုံ ဖြစ်ပေသည်။ စိန့်သောမတ် တည်ထောင်ခဲ့သော ဘုရားရှိခိုးကျောင်း ဖြစ်နေပေသလော။ ဖြစ်နိုင်စရာတော့ ရှိပေသည်။ ထို့ကြောင့်ပင် သူ့ကို ထိုကျောင်းသို့ ခေါ်ဆောင်လာခြင်း ဖြစ်ပေလိမ့်မည်။ အဝင်ဝက သူ့ကို ဆီးကြို၍ ပက်ဖျန်းသော ရေစင်သည်လည်း ခရစ်တော်၏ ရေစင် မဖြစ်နိုင်ပါလော။

ယင်းသို့သော အတွေးဖြင့် ကျေနပ်နှစ်သိမ့်စွာ လေးထောင့်ကျကျ ဆောက်လုပ်ထားသော တံတိုင်းကြီး အတွင်းသို့ မိမိကို ခေါ်ဆောင်သွားရန် ထိုသူတို့အား အချက်ပြလိုက် လေတော့၏ ထို့နောက် သူသည် တက်ကြွနေသော မျက်နှာဖြင့် နံရံတံတိုင် တို့ကို မော်ကြည့်လိုက်သောအခါ နံရံ၌ အံ့ဩဖွယ်ရာ ထွင်းထုထားသော ပန်းပုရုပ်လုံးတို့ကို တွေ့မြင်ရသဖြင့် တွေးမရအောင် ဦးနှောက် ခြောက်ရပေတော့သည်။ အဘယ်ကြောင့် ဆိုသော် ခရစ်ယာန် ဘုရားရှိခိုးကျောင်းမှန်လျှင် ယင်းသို့သော သားရဲ တိရစ္ဆာန် ရုပ်လုံးများနှင့် မျက်နှာပြူးတူးပြဲတဲ ပြောင်စပ်စပ် ရုပ်လုံးများ ထုလုပ်ထားမည် မဟုတ်ပေ။ သို့သော် တစ်ပါးနိုင်ငံ၌ ပတ်ဝန်းကျင် အခြေအနေက ဖန်တီးသည့်အတိုင်း တိုင်းရင်းသားတို့၏ အတွေးအခေါ် အယူဝါဒများ ရောစွက် နေသောကြောင့် ပေလော။ စရိုက်မှား အယူမှားတွေ ယင်းသို့ ရောစွက်နေလျှင် ငါတို့သာသနာ ညှိုးရချေတော့မည်၊ ဒီလိုသာ ဆိုလျှင် မဖြစ်တော့ပြီ။ မိမိတိုင်းပြည်သို့ ပြန်ရောက်လျှင် ဘုရင်မင်းမြတ်အား

အကျိုးအကြောင်း လျှောက်ထားကာ သာသနာပြု ဘုန်ကြီးများကို ပင့်လာပြီး သာသနာ သန့်ရှင်းအောင် လုပ်ရပေမည်။ ထိုအရုပ်တို့ကိုလည်း ဖျက်ပစ်စေမှ တော်ချေမည် စသည်ဖြင့် တွေးတောမိခဲ့လေသည်။

အကြိုလာသူ ပုဏ္ဏားတစ်စုလည်း ဒဂါးမားကို နံရံလေးဖက်၏ အလယ် တည့်တည့်ကို ဖြတ်၍ ကြေးဝါးဘောင်များဖြင့် ကွပ်ထားအပ်သော တံခါးပေါက် တစ်ခုမှ အထဲသို့ ခေါ်သွင်း သွားကြ ပြန်လေသည်။ အလင်းရောင်မှ လာရသဖြင့် အတွင်းဘက်သို့ ဝင်မိသောအခါ အတော်ပင် မှောင်နေသောကြောင့် မမြင်မစမ်း ဖြစ်ကာ လဲကျ မသွားစေရန် ရှေ့တွင် ရှိသော အမျိုးသမီး ရုပ်လုံးရုပ်တု တစ်ခုကို ဆွဲမိဆွဲရာ ဖမ်း၍ ဆွဲကိုင် ထားရလေသည်။ သူသည် ထိုရုပ်လုံးကို ကိုင်မိသည်နှင့် တပြိုင်နက် သံသယ ဖြစ်လာခဲ့သမျှ လုံးဝ ပျောက်ကွယ်သွားပေတော့သည်။ သို့နှင့် မိမိ ကိုင်ထားမိသော အရုပ်မှာ မည်သည့် အရုပ်ဖြစ်သည်ကို လမ်းပြတို့အား မေးစမ်းကြည့်သောအခါ ၎င်းတို့က တစ်စုံတစ်ရာ ဖြေဆိုလိုက်၏။ သို့သော် မိမိနား၌ မေရီ-မေရီဟု ကြားမိလိုက်လေသည်။ သို့နှင့် ရုပ်တုကို ထိုသူများ ရှိခိုးကြသောအခါ ဗာစကိုဒဂါးမားလည်း ဝမ်းမြောက်ဝမ်းသာနှင့် ဒူးထောက်၍ အလေးပြုလိုက်ရလေတော့၏။ အမှန်မှာ ထိုရုပ်တုသည် ဟိန္ဒူတို့ ကိုးကွယ်သော ပါရဗတိနတ်သမီးရုပ် ဖြစ်ပေလိမ့်မည်။

ဗာစကိုဒဂါးမားလည်း ဘုရားရှိခိုးကျောင်းမှ ပြန်ထွက်လာသောအခါ တအုံ့တသြ ဝိုင်းအုံ ကြည့်ရှုနေသော လူအုပ်ကြီးကို ခဲခဲယဉ်းယဉ်း တိုး၍ ထွက်လာခဲ့ရပေသည်။ လူတို့သည် တိုင်းတစ်ပါးသား တစ်ဦး မိမိတို့ ဘုရားကျောင်းကို သွား၍ ဝတ်ပြုသည်ကို အထူးအဆန်း ဖြစ်နေကြ ဟန်တူပေသည်။ ထို့နောက် သူ့ကို ဝေါပေါ်သို့ တင်၍ ဘုရင်မင်းမြတ်၏ ရှေ့မှောက်သို့ ခေါ်ဆောင်သွားကြ လေတော့သည်။

ကလိကတ်ဘုရင်သည် နန်းတော်အတွင်း ရာဇပလ္လင် ခန်းမဆောင်ရှိ သလွန် တစ်ခုထက်၌ တည်ငြိမ် ခံ့ညားစွာ ထိုင်လျက် ရှိလေသည်။ ခါးတွင် ရွှေချည်ထိုး ကမ္ဗလာ ပုဆိုးဖြူကို ဝတ်ဆင်လျက် ဦးခေါင်းတွင် ပုလဲများ စီခြယ်ထားသော သရဖူကို ဆောင်းပြီး ပတ္တမြား လက်ကောက်တို့ကို ဆင်မြန်း ထားလေသည်။ အနီးတွင် ရွှေကွမ်းအစ်ကို ပိုက်၍ မတုန်မလှုပ် ရပ်နေသော မင်းခစား တစ်ယောက်ကိုလည်း မြင်မိလေသည်။ အကျင့် သိက္ခာနှင့် ပြည့်ဝဟန် ရှိသော မင်းဆရာ ပုရောဟိတ် တစ်ယောက်သည် နေရာမှ ထလာပြီး ဒဂါးမား၏ လက်ကိုဆွဲ၍ ဘုရင်မင်းမြတ်၏ ရှေ့မှောက်သို့ ကြိုဆို ခေါ်ဆောင်သွားစဉ် ဒဂါးမားသည် ဦးထုပ်ကို ချွတ်၍ ကြမ်းပြင်ကို ဖုန်ခါဘိသကဲ့သို့ ဦးထုပ်ကိုင်သော လက်ကို ဝှေ့ယမ်းရင်း မျက်နှာဖြူ ထုံးစံအတိုင်း ဦးညွတ်၍ အလေးပြုလိုက်လေ၏။ ဘုရင်မင်းမြတ်လည်း ၎င်းအား သလွန်ခြေရင်း၌ ထိုင်စေပြီးလျှင် အတန်ကြာအောင် အာလာပ သလ္လာပ စကားများ မေးမြန်း ပြောဆိုတော်မူလေသည်။ ထို့နောက် ဒဂါးမားသည် သဝဏ်လွှာကို ပေးဆက်၏။ သဝဏ်လွှာ၏ လိုရင်းကား တစ်ပြည်နှင့်တစ်ပြည် ရွှေလမ်း ငွေလမ်း ဖောက်ရန်အတွက် ကုန်စည် ကူးသန်း ရောင်းဝယ်မှု ခွင့်ပြု စေလိုကြောင်းပင် ဖြစ်လေသည်။ ဘုရင်မင်းမြတ်လည်း မိမိ မှူးမိတ်များနှင့် ဆွေးနွေး တိုင်ပင်ပြီးမှ အကျိုးအကြောင်း ပြန်ကြားမည်ဟု မိန့်တော်မူလေသည်။ ဘုရင်မင်းမြတ်သည် မိမိကတိ အတိုင်း သီးတင်း တစ်ပတ်ခန့် ကြာလျှင်ပင် သင်္ဘောသို့ ကုန်စည်များ တင်ဆောင်ခွင့် ပေးလိုက် လေတော့၏။

ပေါ်တူဂီတို့သည် ဂွဒ်ဟုတ် အငူလမ်းဖြင့် မိမိတို့ စားကျက်ကို ဝင်ရောက်လုယူကာ အပြိုင်ကုန်ကူးရန် ကြိုးပမ်းနေကြပြီဟူသော သတင်းကို မူဆလင်တို့ကို တင်ကြို ကြားသိ ထားကြပြီး ဖြစ်သည်။

တစ်ကြိမ်တစ်ခါမျှ အခွင့်အလမ်း ရရှိသွားပြီဆိုလျှင် ထိုမျှမကသော သင်္ဘောတွေ နောက်ထပ် အကြိမ်ပေါင်းများစွာ ဆက်လက် ပို့လွှတ် ကြပေတော့မည်။ ထို့ကြောင့် မူဆလင် ကုန်သည်တို့ စုဝေး တိုင်ပင်

myanmar ONLINE teashop www.mmteashop.com

ကြပြီးလျှင် မြို့ဝန်မင်းထံ ကိုယ်စားလှယ်များ ရွေးချယ် စေလွှတ်ကာ ကန့်ကွက်စာ တင်ရန် အခွင့်ကောင်းကို စောင့်မျှော် နေကြ ပေတော့၏။

မြို့ဝန်မင်းမှာ မူဆလင် ကုန်သည်များထံမှ အမြဲမပြတ် အထောက်အပံ့ ရရှိနေသူ ဖြစ်သကဲ့သို့ အခြားမှူးမတ်တို့သည်လည်း မူဆလင်ကုန်သည်တို့၏ ခါးပိုက်ထောင်ထဲ၌ ရောက်ရှိ နေကြပေသည်။ သို့ဖြစ်ရာ မြို့ဝန်မင်းသည် မူဆလင် ကုန်သည်တို့ လာရောက် တင်ပြသော ကန့်ကွက်ချက်များကို လုံးစေ့ပတ်စေ့ စိတ်ပါဝင်စားစွာ ကြားနာပေသည်။ ကုန်သည်တို့လည်း ပေါ်တူဂီတို့ကို ဘုရင်မင်းမြတ်က ယင်းသို့ လိုက်လျောနေပြီဆိုက မိမိတို့ ပေးမြဲဖြစ်သော ထောက်ပံ့ကြေးများကို ရပ်စဲ ပစ်ရတော့မည်ဟု လှန့်ခြေ ထုတ်ကြပြန်ရာ မြို့ဝန်မင်း ခမျာလည်း ဝမ်းဗိုက်ကို ထိလာပြီဖြစ်၍ မနေသာတော့ဘဲ ဘုရင့် ရှေ့မှောက်သို့ အပြေးရောက်သွားပြီး ပေါ်တူဂီ လူမျိုးများသည် တိုင်းပြည်က နှင်ထုတ် ခံရသဖြင့် ခြေဦးတည့်ရာ ပြေးသွားနေကြသော ဝရမ်းပြေးများသာ ဖြစ်ကြောင်း၊ သူတို့ ဆက်သသော ပေါ်တူဂီဘုရင်၏ သဝဏ်လွှာ ဆိုသည်မှာလည်း အလိမ်အတု မျှသာ ဖြစ်ကြောင်း၊ သူတို့၏ ရည်ရွယ်ချက်မှာ လမ်းကြုံလျှင် ပင်လယ်ဓားပြ ပြုလုပ်၍ အခွင့်မသာလျှင် နီးရာတိုင်းပြည်ကို ကပ်ပြီး ကုန်သည်ယောင် ဆောင်တတ် ကြကြောင်းဖြင့် အမျိုးမျိုး ကုန်းချော လျှောက်ထားလေတော့၏။

ဘုရင်မင်းမြတ်ကား မြို့ဝန်၏ လျှောက်တင်ချက်ကို ထူးထူးခြားခြား အံ့သြသည့် လက္ခဏာ မပြချေ။ မုချ ကန့်ကွက်ကြတော့မည် ဆိုသည်ကို ကြိုတင်၍ တွက်ဆထားပြီး ဖြစ်ဟန် တူပေသည်။ ထို့ပြင် မူဆလင်ကုန်သည်များကို ပေါ်တူဂီတို့နှင့် ကိုင်၍ ခြောက်လှန့် ရလျှင် အခွန်ဘဏ္ဍာ ပိုမို ထွက်လာ ပေလတ္တံ့ဟု ကြံစည်ထားကောင်း ထားပေ လိမ့်မည်။ သူသည် မူဆလင်ကုန်သည် အချို့နှင့် မှူးမတ်များကို ဆင့်ခေါ်ပြီး ၎င်းတို့၏ ဆန္ဒကို တင်ပြစေရာ မှူးမတ်တို့က မြို့ဝန်၏ စကားကို ဝိုင်းဝန်း၍ ထောက်ခံ ကြပြန်လေသည်။ သို့ရာတွင် ပရိယာယ်သုံးလို၍ ဒဂါးမားကို မင်းပရိသတ် ရှေ့မှောက်သို့ ခေါ်ယူကာ မြို့ဝန်၏ စွပ်စွဲလျှောက်ထားချက် အတိုင်း ဟုတ်မဟုတ် စုံစမ်း စစ်ဆေး လေတော့သည်။ အကယ်၍ ပြည်နှင်ဒဏ် ခံရသော ခိုကိုးရာမဲ့ တိုင်းပြေး ပြည်ပြေးများ ဖြစ်သည် မှန်ပါက မိမိနိုင်ငံ၌ ခိုလှုံခွင့် ပြုမည်ဟု တကယ်ချစ်ကြည်ဟန်ဆောင်၍ မိန့်ကြားပြီး ကောင်းမွန်း ဖော်ရွေစွာ ဆက်ဆံပြီးလျှင် ကုန်စည်များ တင်ဆောင် သယ်ယူခွင့် အမိန့်ကို ထပ်မံ အတည် ပြုလိုက် ပြန်လေ၏။ ယင်းသို့အားဖြင့် ကုန်ရောင်း ကုန်ဝယ် လုပ်ငန်း၌ တစ်သက်လုံး လက်ဝါးကြီး အုပ်လာခဲ့ခြင်းကို ဖျက်ပြီး ယခင်ကထက် ပို၍ အခွန်တော် တိုးတက်ရရှိရန် တမင် ထိုးဆွပေးတော်မူလိုက်လေသည်။

သို့ရာတွင် ကာလီကတ်မြို့ရှိ မူဆလင်တို့၏ အင်အားမှာ ဘုရင်မင်းမြတ် ထင်သည်ထက် ပိုမိုတောင့်တင်းလျက် ရှိပေသည်။ ဗာစကိုဒဂါးသည် ညီလာခံမှ ထွက်ခဲ့ပြီးနောက် မြို့တွင်းမှ ဖြတ်သန်းကာ သင်္ဘောဆိပ်ဆီသို့ လမ်းလျှောက်၍ ပြန်လာခဲ့စဉ် မိမိ၏ နောက်လိုက် နှစ်ယောက်နှင့်အတူ မြို့ဝန်အမိန့်နှင့် အဖမ်းခံရ လေတော့၏။ မြို့ဝန်လည်း ဗာစကိုဒဂါးမားအား အချုပ်မှ လွှတ်လိုလျှင် မိမိနှင့် မိမိ သင်္ဘောများ ကုန်မပါဘဲ ချက်ချင်း သင်္ဘောဆိပ်မှ ထွက်ခွာရမည်။ သင်္ဘောတင်ပြီး ကုန်စည်များကို ကုန်းသို့ မိမိတို့ စရိတ်ဖြင့် ပြန်၍ သယ်ချ ပေးရမည့်အပြင် သင်္ဘော မထွက်မချင်း လူ (၇) ယောက်ကို အာမခံ သဘောနှင့် ချုပ်နှောင်ထားမည်ဟူသော အမိန့်ကို ဗာစကိုဒဂါးမားအား အတင်းအဓမ္မ သဘော တူညီစေခဲ့လေသည်။

ဗာစကိုဒဂါးမာသည် သင်္ဘောသို့ ပြန်ရောက်သောအခါ အရာရှိ အားလုံးကိုခေါ်၍ စည်းဝေး တိုင်ပင်ပြီးနောက် မိမိတို့အား ယင်းသို့ အသရေ ယုတ်အောင် ချိုးနှိမ်သော မြို့ဝန်၏ အပြုအမူကို

ဘုရင်မင်းမြတ် သိမည်မဟုတ်။ ဘုရင့်ရွှေနားတော်ကြား လျှောက်ထား အံ့ဟု နည်းလမ်း အမျိုးမျိုးဖြင့် ကြိုးစားကြလေသည်။ သို့သော် မြို့ဝန်မှာ သူတို့၏ လှုပ်ရှားမှုကို အမြဲတစေ မျက်ခြည်မပြတ်အောင် စောင့်ကြည့်နေသဖြင့် အထမမြောက် နိုင်ခဲ့ကြပေ။ သို့ဖြစ်လျှင် အသို့ ပြုပါအံ့နည်း။ ထိုအချိန်၌ ကလိကတ် သင်္ဘောဆိပ်တွင် မူဆလင် သင်္ဘောများနှင့် ပြည့်နှက်၍ နေပေသည်။ သူတို့အဖို့ ချက်ချင်း ထွက်ခွာကြရုံမှ တစ်ပါး အခြားနည်းလမ်း မရှိတော့ချေ။ သို့ရာတွင် အကြမ်းကိုင်သော နည်းတစ်နည်းတော့ ကျန်ပေသေးသည်။

သို့နှင့် လက်နက်ကိုင် လူအချို့ကို လှေနှင့်လွှတ်၍ နီးရာ တံငါလှေများမှ တံငါသည် နှစ်ဆယ်ခန့်ကို ဖမ်းယူခဲ့စေပြီး သင်္ဘောနှင့်တင်ကာ ချက်ချင်း ထွက်ခွာခဲ့ကြ လေတော့၏။ ယင်းသို့သော အပြုအမူကို ကုန်းပေါ်ရှိ လူတိုင်း မြင်ကြရပေသည်။ တံငါသည်များ၏ ဆွေမျိုး မိတ်သင်္ဂဟတို့လည်း မြို့ဝန်မင်းထံ အပြေးအလွှား သွားရောက် တိုင်တန်းကြကုန်၏။ မြို့ဝန်မင်းလည်း ထိုသတင်းကို ဘုရင်မင်းမြတ်ထံ မရောက်စေရန် ထိုလူများကို ခြိမ်းခြောက် နှုတ်ပိတ်ပြီးမှ ချုပ်နှောင်ထားသော ပေါ်တူဂီ (၇) ယောက်ကို အမြန်ဆုံး ပြန်လွှတ်လိုက်ပေတော့သည်။

ထိုပေါ်တူဂီ (၇) ဦးတို့ သင်္ဘောပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဗာစကိုဒဂါးမာသည် ဖမ်းထားသော တံငါများအနက် အင်မာနုရယ် ဘုရင်ကိုပြရန် လူအနည်းငယ် ချန်ထားပြီး အားလုံးလိုလို ပြန်လွှတ်လိုက် လေသည်။ သို့သော်ငြားလည်း မူဆလင်တို့မှာ ဒေါသမီး တောက်လောက်နေသဖြင့် ပေါ်တူဂီ သင်္ဘောကို ထွက်ခွာသည့် လမ်းကို သင်္ဘော (၆၄) စင်းဖြင့် ဝိုင်းညှပ် ပိတ်ဆို့ ထားလိုက် ကြပြန်လေသည်။

ယင်းကိစ္စကို ဖြေရှင်းရန်မှာ ပေါ်တူဂီတို့၏ ကျွမ်းကျင်ထားသော ရေကြောင်း ဗဟုသုတဖြင့် လည်းကောင်း၊ အမြောက်နှင့်ပစ်ခတ်၍ လမ်းရှင်းသော နည်းများဖြင့် လည်းကောင်း၊ မရအရ ဖြေရှင်းရတော့ အံ့ဟု ဆုံးဖြတ်ကာ ဖွတ်တရွတ်လုပ်၍ ထွက်ခဲ့ ကြရပေသည်။

ဗာစကိုဒဂါးမာ၏ ပထမအကြိမ် ယခုလိုကြုံခဲ့ရသော ရေကြောင်း ခရီးသည် ကင်းလှည့် ထွက်သလို စုံစမ်း ရှာဖွေမှုပြုရုံသာ သွားလာခဲ့ခြင်း ဖြစ်၍ (၁၄၉၉) ခု နွေဦး (စပရင်း) ရာသီတွင် ပေါ်တူဂီဘုရင် အင်မာနုရယ်အား အိန္ဒိယ သမုဒ္ဒရာသို့ ပို့မို၍ အင်အား တောင့်တင်းသော ရေတပ်ကြီးတစ်ခု စေလွှတ်၍ မူဆလင်များကို မောင်းထုတ်ပြီးလျှင် ဥရောပ ကုန်သည်လမ်းကို ပါရှားကွေ့မှ ဂွဒ်ဟုတ် အငူလမ်းသို့ ပြောင်းလဲ ပစ်ရန် အကြံပေး လျှောက်ထား လေတော့၏။

အင်မာနုရယ်ဘုရင်လည်း ဒဂါးမား၏ အကြံကို လက်ခံပြီးလျှင် နောက်နှစ်မှာပင် ထိုကိစ္စကို စတင်၍ အကောင်အထည် ဖော်လေတော့သည်။ သို့နှင့် နယ်သစ် ရှာဖွေရေး တပ်များ တစ်ခုပြီးတစ်ခု ဆက်တိုက် စေလွှတ်ကာ အာရှတိုက် ကမ်းခြေ တစ်လျှောက်တွင် သင့်လျော်မည် ထင်သော မြို့ရွာတို့ကို တိုက်ခိုက် သိမ်းပိုက်၍ ခံတပ်စခန်းများ တည်ဆောက် စေလေတော့၏။ ပေါ်တူဂီတို့သည် ပါရှားကွေ့ရှိ အိုမတ်ဇ်မြို့နှင့် ပင်လယ်နီ အဝင်ဝရှိ အီဒင်မြို့တို့ကစ၍ တောင်ဘက်သို့ အိန္ဒိ အနောက်ဘက် ကမ်းခြေတစ်လျှောက် သီဟိုဠ်ကျွန်း အထိ၊ ထိုမှတစ်ဖန် ဘင်္ဂလား ပင်လယ်ကို ဖြတ်၍ တရုတ်ပြည်နှင့် အရှေ့ အိန္ဒိခေါ် အစ်ဒီးစ်ကျွန်းစု အပါအဝင် ရေကြောင်း အချက်အချာ စခန်း ဖြစ်သော မလက္ကာကျွန်း အရောက် ကမ်းခြေတစ်လျှောက် ရေတပ် စခန်းများစွာ တည်ဆောက်ကာ ခြေကုပ်ယူထား လိုက်ကြလေသည်။ ထိုနောက် အလယ်ဗဟိုကျသော ဂိုအာမြို့ကို ဘုရင်ခံချုပ် တစ်ပါး ရုံးစိုက်သော အကြီးဆုံး ရေတပ်ဌာနချုပ် စခန်းပြုလုပ်ကာ ပေါ်တူဂီပိုင် အာရှ အင်ပါယာ၏ မြို့တော်အဖြစ် အသုံးပြုကြလေသည်။ ဤသို့သော လုပ်ငန်းကြီးများကို (၂၅) နှစ်

ကာလအတွင်း၌ပင် အပြီးအပိုင် အခြေစိုက်မိခဲ့ကြသဖြင့် အာရှနှင့် ဥရောပ ကုန်သွယ်မှု သွေးကြောကြီးမှာ ဤနည်းအားဖြင့် ပေါ်တူဂီတို့၏ တစ်ဦးတည်းပိုင် အဖြစ်သို့ ကျရောက်ခဲ့ပြီးလျှင် ပေါ်တူဂီ လူမျိုးတို့သည်လည်း လွန်မင်းစွာ ချမ်းသာလာကြ ပေတော့သည်။

## အခန်း (၂)
## ဂိုအာ ရွှေမြို့တော်

ခရစ်နှစ် (၁၅၁၀) ခုနှစ်တွင် ဂိုအာမြို့မှာ ကုန်မျိုးစုံ ရောင်းဝယ် ဖောက်ကားရာ စျေးမြို့ကြီး ဖြစ်နေပေသည်။ မြို့သူမြို့သားတို့မှာ အများအားဖြင့် ဟိန္ဒူလူမျိုးများသာ ဖြစ်ကြသော်လည်း မဟာမေဒင် ဘာသာဝင် ဘုရင်တစ်ပါး အုပ်စိုးသော ဘီဇပူရ် ပြည်နယ်ထဲ၌ တည်ရှိလေသည်။ အိန္ဒိယပြည်ကြီးကို (၁၅၁၉) ခုနှစ်ခန့်ကစ၍ မဂိုဘုရင်များ တိုက်ခိုက်ကြသဖြင့် ဘီဇပူမြို့မှာ ထိုအခါက မဂိုအင်ပါယာထဲသို့ မရောက် သေးချေ။ (၁၅၉၅) ခုနှစ် အက္ကဘာဘုရင် ထီးနန်းဆက်ခံပြီးမှသာ အိန္ဒိယတောင်ပိုင်း တိုင်းပြည်များကို မဂိုဘုရင်တို့ ဆက်လက် တိုက်ခိုက် သိမ်းပိုက် နိုင်ခဲ့ကြပေသည်။

(၁၅၁၀) ခုနှစ်မှ (၁၅၉၅) ခုနှစ်ကာလအတွင်း နှစ်ပေါင်း ကိုးဆယ်နီးပါးခန့် ကာလတွင် ဂိုအာမြို့ရှိ ပေါ်တူဂီလူမျိုးများမှာ မိမိတို့အား ဘီဇပူရ်ဘုရင် ပြန်လည် တိုက်ခိုက်မည်ကို စိုးရိမ်ကြောင့်ကြ၍ နေခဲ့ကြရသဖြင့် မိမိတို့ ခံတပ်ကိုလည်းကောင်း၊ အမြောက်သေနတ်စသော လက်နက်ခဲယမ်းတို့ကို လည်းကောင်း အတောင့် တင်းဆုံး ဖြစ်အောင် ကြိုးပမ်း စုဆောင်းကာ ရန်သူအင်အားကို ကြံ့ကြံ့ခံနိုင်စေရန် အမြဲ အသင့်ရှိနေ ခဲ့ကြလေသည်။ အက္ကဘာဘုရင် နန်းတက်၍ အိန္ဒိယ အင်ပါယာကြီးကို တည်ဆောက် ချိန်တွင်မူ ပေါ်တူဂီတို့၏ အင်အားမှာ လွယ်လွယ်နှင့် ပင်လယ်ထဲသို့ လွှင့်ထွက် နိုင်လောက်အောင် အင်အားသေးငယ်လှ၍ လိမ္မရေးခြား ရှိသော ဂျစ်ဆူအစ် ခရစ်ယာန် ဘုန်းတော်ကြီး တစ်ပါးကို အာဏာကုန် လွှဲအပ်၍ မဂိုဘုရင် အက္ကဘာ မင်းမြတ်ထံသို့ စေလွှတ်ပြီးလျှင် ဂိုအာမြို့ကို ဘေးမသီ ရန်မခစေရန် သွေးဆောင် ခဲ့ကြရလေသည်။

စာဖတ်သူတို့ သတိပြုထားသင့်သော အကြောင်းတစ်ရပ်ကား အလ်ကာဇာစစ်ပွဲ ပြီးဆုံးသည့်အခါ စပိန်ပြည့်ရှင် ဖိလစ်ဘုရင်သည် (၁၅၈၀) ခုနှစ်၌ ပေါ်တူဂီပြည်ကို သိမ်းပိုက် အုပ်စိုးခဲ့ရသဖြင့် ပေါ်တူဂီပြည်သည် စပိန်ပြည် လက်အောက်ခံ ဒိုမီနီယံတစ်ခု အနေဖြင့် (၁၆၄၀) ခုနှစ်အထိ တည်ရှိခဲ့ရ ပေသည်။ ထိုအခါ နယ်သာလင်း (ဒတ်ချ်နှင့် ဘယ်လ်ဂျီယံ) ပြည်သည်လည်း ဖိလစ်ဘုရင်ပိုင် အဆိုပါ ဒိုမီနီယံထဲ၌ပင် ရောက်ရှိနေခဲ့လေသည်။ ခရစ်နှစ် (၁၆၈၀) ကျော်လွန်သော အခါ ဒတ်ချ်တို့သည် စပိန်ဘုရင်၏ တန်ခိုးအာဏာကို တွန်းလှန် တိုက်ခိုက်လာကြတော့ရာ အာရှတိုက်ရှိ ပေါ်တူဂီများကို တစ်ဆက်တည်း တိုက်ခိုက် လာခဲ့ကြတော့သည်။

ယင်းသို့ စပိန်နှင့် ပေါ်တူဂီတို့ကို ဒတ်ချ်များ တိုက်ခိုက်နေချိန် ကာလတွင် ဤမှတ်တမ်း စာအုပ်ကို အသက်သွင်းပေးခဲ့သော ဇာတ်လိုက်ဖြစ်သူ Sebastiao Manrique ဆီဘာရှိမန်ရစ်မှာ ကလေးသူငယ်မျှသာ ရှိသေးသော်လည်း ၎င်းကို ခရစ်နှစ် (၁၆၄၀) နှင့် (၁၆၄၁)ခုနှစ် အတွင်းလောက်က ဂိုအာမြို့သို့ စေလွှတ်ခြင်း ခံရခဲ့ပေသည်။ သူ ဂိုအာမြို့တွင် ရှိနေစဉ် အခါ ကာလသည် ပေါ်တူဂီတို့ တန်ခိုးအထွားဆုံး အချိန်၏ နောက်

လင်ပုပ် ဖမ်းတော့မည့်ဆဲဆဲ ဖြစ်နေသော်လည်း ဂိုအာမြို့မှာမူ မြူမှောင်မသန်းသေးဘဲ ရုံး၊ ကျောင်း၊ ဥယျာဉ်၊ ဈေးဆိုင်၊ ကန္တား၊ ဘုရားရှိခိုးကျောင်း စသည်တို့နှင့် ဝေဝေဆာဆာ စည်းကား သိုက်မြိုက်လျက်ပင် ရှိနေသေးသဖြင့် အာရှတိုက်သို့ လာရောက်၍ တည်ထောင် ထားသော ဥရောပ တိုက်သားတို့၏ မြို့များအနက် အလှဆုံးနှင့် ပျော်စရာ အကောင်းဆုံး မြို့တော် တစ်ခု ဖြစ်နေပေသည်။

## ဂျက်ဆူအစ်ဆေးရုံ

ထိုအရပ် ထိုဒေသ၏ အကြောင်းကို ပိုမိုရိပ်စားမိစေရန် ခရစ် (၁၆၈၀) ခုနှစ်က ဂိုအာမြို့သို့ ရောက်ခဲ့ဖူးသော ဖရန်ကိုယဒ် Francois Pyrard ဆိုသူ၏ မှတ်တမ်းကို ဤနေရာ၌ သီးခြား ဖော်ပြလိုက်ရပေသည်။

ပိုင်းယဒ်သည် ပြင်သစ်လူမျိုးဖြစ်၍ စကားခပ်များများ ပြောတတ်သည်။ ရဲရင့်၍ ရိုးသားသည်။ အစစအရာရာ သတိတရားရှိသည်။ (၁၆၀၁) ခုနှစ်တွင်၊ ပြင်သစ်ပြည်မှ ထွက်ခွာသော စိန့်မာလို St. Malo ကုန်သင်္ဘောနှင့် လိုက်ပါခဲ့ရာ မာလ်ဒိဗ်ကျွန်းစု အနီး၌ သင်္ဘောပျက်ရာမှ အသက်မသေဘဲ ကျွန်းတစ်ခု၌ သောင်တင်၍ ကျန်နေရစ်ခဲ့ပေသည်။ ထိုနောက် (၁၆၀၇) ခုနှစ်တွင် ကလိကတ်မြို့သို့ ရောက်ခဲ့ရာ ကလိကတ်မြို့ ပေါ်တူဂီ အာဏာပိုင်တို့က ၎င်းအား စာချုပ်စာတမ်း အထောက်အထား မပြနိုင်ဆိုပြီး ဖမ်းဆီး ချုပ်နှောင် ထားလိုက်ကြသည်။ ကျန်းမာရေးနှင့် မညီ၊ ညစ်ပတ်နံစော်သော အချုပ်ခန်း အတွင်း၌ ထိုအချိန်က စ၍ နေလာခဲ့ရာ မကျန်းမမာ ဖြစ်လာသောကြောင့် သင်္ဘောတင်၍ ဂိုအာမြို့သို့ အချုပ်နှင့်ပင် ပို့လိုက်ကြလေသည်။

ပိုင်းယဒ်သည် ဘုရင်ခံချုပ်၏ အိမ်တော် အနီးရှိ ဆိပ်ကမ်းမှ ကုန်းပေါ်သို့ ဆင်းခဲ့သောအခါ မိမိအား အလာဒတ်စ်ဘရဂတ် Sala Das Bragas ဗဟို အကျဉ်း ထောင်ကြီးတွင် ထပ်မံ ချုပ်နှောင်ထားလိမ့်ဦးမည်ဟု ထင်မှတ်ထားလေသည်။ သို့သော် ရဲသားတို့သည် သူထင်ထားသည့် အတိုင်း ဗဟို အကျဉ်းထောင်ကြီးသို့ ခေါ်မသွားဘဲ ဘုရင့်ဆေးရုံ Royal Hospital သို့ ပို့ဆောင် ပေးကြလေသည်။ ထိုဆေးရုံမှာ ဂျက်ဆူအစ် ခရစ်ယာန်ဂိုဏ်းမှ အုပ်ချုပ်သော ဆေးရုံ ဖြစ်လေသည်။

ဂျက်ဆူအစ် ခရစ်ယာန်ဂိုဏ်းသားတို့သည် ဂိုအာမြို့တွင် အတော်ကလေး အထက်တန်းကျပြီး ယဉ်ကျေးသော အသိုင်းအဝိုင်းထဲက ပုဂ္ဂိုလ်များချည်း ဖြစ်လေသည်။ ထိုဆေးရုံကို အဆိုပါ ဂိုဏ်းသားတို့ အုပ်ချုပ် စီမံရာ၌ အလွန်ပင် စည်းကမ်းစနစ်ကျန၍ အကုအသ ကောင်းခြင်း၊ လူနာများ ဆက်ဆံရာ၌ များစွာ ယဉ်ကျေးသိမ်မွေ့ခြင်း၊ ဆေးဝါး၊ အစားအစာမှ စ၍ ထိုခေတ်က အကောင်းဆုံးဟု နာမည်ကြီးသော ရောမမြို့က ဟိုးလီးဂေါ့စ် Holy Ghost ဆေးရုံနှင့် မော်လတာကျွန်းရှိ Knights နိုက်စ် ဆေးရုံများထက်ပင် ပို၍ အတန်းမြင့်သေးသည်ဟု ထင်ရှားကျော်ကြားလျက် ရှိပေသည်။ သနားစရာ ပိုင်းယဒ်အဖို့မှုကား ကြမ်းတမ်းသော ဘေးအန္တရာယ်များနှင့် ရင်ဆိုင်လာခဲ့ ရဖူးသဖြင့် ထိုဆေးရုံသို့ တက်ရောက်ရသောအချိန်တွင် နတ်ပြည်သို့ အရှင်လတ်လတ် ရောက်နေသည်ဟု ထင်ပေတော့သည်။

မြင့်မားကျယ်ပြန့်သော လှေကားထစ်များမှတစ်ဆင့် သူတို့သည် မှတ်ထားသော ခုတင်အိပ်ရာဆီသို့ ခေါ်ဆောင်သွားကြလေသည်။ အိပ်ရာခုတင်မှာ လှပသော ယွန်းခုတင်ဖြစ်၍ သစ်လွင်နီမြန်းသော ဆေးရောင်များ သုတ်ထားလျက် မွေ့ရာခေါင်းအုံးနှင့် အိပ်ရာခင်းတို့မှာ ဥရောပတိုက်တွင် မတွေ့မမြင်ဘူး

myanmar teashop www.mmteashop.com

သေးသော သစ်လွင်ဖြူစင်သည့် ပိတ်ချောဖြင့် လွှမ်း၍ ပြင်ဆင် ခင်းကျင်းထားလေသည်။ ဆတ္တာသည်တစ်ဦးက ပိုင်းယဒ်၏ ဦးဆံ၊ မုတ်ဆိတ်စသည်တို့ကို သုတ်သင် ပယ်ရှားပေး၍ ဆေးရုံအရာရှိအချို့က ညဥ့်ဝတ် အင်္ကျီ တစ်ထည် ကက်ဦးထုပ်တစ်လုံးနှင့် ဖိနပ်ပျော့တစ်ရန် ထုတ်ပေးပြီး အဝတ်အစားများ လဲရလေသည်။ အိပ်ရာနံဘေးရှိ စားပွဲငယ်တွင် ယပ်တောင်တစ်ခု၊ ရေတကောင်တစ်လုံး၊ မျက်နှာ သုတ်ပဝါတစ်ထည်နှင့် လက်သုတ်ပဝါတစ်ခု အသီးသီးတင်လျက် အိပ်ရာ ခုတင်အောက်တွင်လည်း တပိုတပါးသွားရန် ဂန်ဖလား တစ်လုံး ချပေးထားလေသည်။ ယင်းသို့သော လူ့အသုံးအဆောင်များကို ယခင် ကိုချင်မြို့ အကျဉ်းထောင် ကလေးထဲ၌ အကျဉ်းသားနှစ်ရာကျော်နှင့် ကျန်းမာရေး ချို့တဲ့စွာ မွှတ်သိပ်၍ နေခဲ့ရသည်ကစပြီး ဤအကြိမ်သာလျှင် ပထမဦးစွာ မြင်တွေ့ရသောကြောင့် အထူးအဆန်းပမာ အံ့အား သင့်နေမိတော့သည်။

ပိုင်းယဒ်သည် ဆေးရုံတက်၍ အတန်ကြာလတ်သော် ကောင်းစွာ ကျန်းမာလာပြီဖြစ်၍ မြို့ထဲသို့ ထွက်လိုကြောင်း ဂျက်ဆူဆစ်ဆေးရုံ အုပ်ကြီးကို တောင်းပန်ပြောကြားလေ၏။ မိမိအပေါ် စွဲဆိုထားသော အမှုလည်း ရုပ်သိမ်းပြီးပြီဟု ထင်မှတ်နေလေသည်။ သို့ရာတွင် ဆေးရုံအုပ်ကြီးမှာ အမှုအကြောင်းကို သိရှိထားသူ ဖြစ်ရကား ၎င်းကို အလျှင်မလိုရန် ဖျောင်းဖျ တားမြစ်ထားရပေ၏။ ပိုင်းယဒ်လည်း ရောဂါအခြေအနေ မကောင်းသေး၍ တားမြစ်သည်ထင်ကာ ဆရာဝန်၏ စကားကို ခေတ္တခဏ အောင့်အည်း၍ နာခံ ခဲ့သော်လည်း မိမိရောဂါ လုံးဝ ပျောက်ကင်းသော အခါ ဆေးရုံမှ ဆင်းလိုကြောင်း ထပ်မံ၍ နားပူနားဆာ လုပ်နေပြန်တော့သည်။ သို့နှင့် ဆေးရုံအုပ်ကြီးလည်း ဝတ်စုံအသစ်တစ်စုံ၊ ငွေကြေး အနည်းငယ်နှင့် သူ၏ ပစ္စည်း ပစ္စယကလေးများကို ထုတ်ပေးကာ ခွင့်ပြုလိုက်ရပေသည်။ ပိုင်းယဒ်လည်း ဆေးရုံလှေကားကျယ်ကြီးမှ တစ်ထစ်ပြီးတစ်ထစ် စိတ်အား တက်ကြွစွာ ဟန်ပါပါ နင်း၍ ဆင်းလာခဲ့လေသည်။

သူသည် ဆေးရုံက ဆင်းလိုသော စိတ်ဇောဖြင့် နံနက်စာကို သုတ်သီးသုတ်ပျာစား၍ ဆင်းလာခဲ့ ပေသည်။ သို့သော် လှေကားအောက်ဆုံးထစ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဆာဂျင်တစ်ယောက် အနီးသို့ ချဉ်းကပ်လာပြီး ဝရမ်းစာကိုပြ၍ အကျဉ်းထောင်ဆီသို့ ခပ်ကြမ်းကြမ်း ဖမ်းဆီ ခေါ်ဆောင် သွားလေတော့သည်။

သို့ရာတွင် ကံကောင်းထောက်မသဖြင့် အဆိုးဆုံး အခြေအနေသို့ ရောက်မသွားရရှာချေ။ ဆလာဒတ် ဆရာဂတ် ဗဟိုအကျဉ်းထောင်သို့ ရောက်သောအခါ ပါလာသော ငွေစ၊ ငွေကြေးအနည်းငယ် ပေးကမ်းခြင်းဖြင့် ထောင်မှူးကတော်ကြီး၏ သနားကြင်နာမှုကို ခံယူရရှိခဲ့ပေသည်။ ထိုကြောင့် သူ့ကို သဘော်သားတို့ကို ချုပ်နှောင် ထားလေ့ရှိသော အခန်းထဲသို့ ခေါ်ဆောင်မသွားဘဲ အတော်အတန် ကောင်းမွန် သန့်ပြန့်သော အခန်းတစ်ခုတွင် နေခွင့် ပေးလိုက် ကြလေသည်။

ထိုအချိန်က ဂိုအာမြို့တွင် အကျဉ်းသားများ သက်သာ ချောင်ချိရေး အသင်းဟူသော အသင်းတစ်ခု ရှိလေသည်။ ဥက္ကဋ္ဌမှာ ဂျက်ဆူအစ် သာသနာပြု ဘုန်းကြီးတစ်ပါး ဖြစ်သည်။ ထိုဘုန်းကြီးသည် အကျဉ်းသား တို့ကို ဝင်ရောက် ကြည့်ရှုစစ်ဆေးစဉ် ပိုင်းယဒ်ကို တွေ့သဖြင့် အကျိုးအကြောင်း မေးမြန်းစုံစမ်း၍ သိရှိရသောအခါ မတရား အချုပ်ခံနေရသူ ဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်သွားလေသည်။ သို့သော် သဘော်ပျက်၍ ဒုက္ခရောက်လာရသော သဘော်သား တစ်ယောက်အနေဖြင့် အဘယ်မှာ အထောက်အထား စာရွက်စာတမ်းများ ပြနိုင်ပါအံ့နည်း။

ဂျက်ဆူအစ်ဘုန်းကြီးလည်း ခေတ္တ ဘုရင်ခံချုပ်အဖြစ် အုပ်ချုပ်နေရသော ဂိုဏ်းချုပ်ဘုန်းတော်ကြီး အလက်ဖိုဒီမင်နဇီထံသို့ ချက်ချင်းသွားရောက် တွေ့ဆုံကာ တစ်စုံတစ်ခုသော အကြံကို ပေးခဲ့သဖြင့် ပိုင်းယဒ်ကို ထောင်မှ လွှတ်လိုက်၏။

## စစ်သားဘဝ

ပေါ်တူဂီ စစ်တပ်တွင် (၂) နစ်မျှ အမှုထမ်းခဲ့သည်။ ပေါ်တူဂီစစ်တပ်တွင် (၂) နစ်မျှ အမှုထမ်းခဲ့သည်။ ပေါ်တူဂီ စစ်သားတို့မှာ အများအားဖြင့် ပေါ်တူဂီပြည်က စုဆောင်း ဖွဲ့စည်းလာခဲ့သော စစ်သားများသာ ဖြစ်ကြသည်။ အခွင့်အရေး ကောင်းသောကြောင့် စစ်တပ်သို့ အပျော်တမ်း ဝင်ရောက် အမှုထမ်းသူများမှာ မနည်းလှချေ။ သို့ရာတွင် ကျယ်ပြန့်လှသော ပေါ်တူဂီအင်ပါယာကြီးကို အနှံ့အပြား စစ်သား လုံလောက်အောင် မရနိုင်ပေရကား အသက် (၁၀) နစ်ရွယ် ကလေးငယ် များကိုပင် စစ်တပ်၌ လက်ခံခဲ့ကြရပေသည်။

ထိုမှတစ်ပါး ယင်းသို့သော နယ်ချဲ့ကို တိုက်ပွဲများတွင် အသုံးပြုရန် ရယ်ရွယ်၍ ထောင်သား လူဆိုးလူမိုက်များကို အကျဉ်းထောင်မှလွှတ်၍ စစ်ထဲသို့ သိမ်းသွင်း ခဲ့ကြသဖြင့် ထိုပေါ်တူဂီ စစ်သားတို့မှာ အောက်တန်းစား လူဆိုးလူမိုက်၊ လူပေလူတေ များသာ ဖြစ်ကြပေသည်။ သို့ရာတွင် သူတို့သည် အိန္ဒိယမြေကို နင်းမိသည်နှင့် တစ်ပြိုင်နက် ရောမ လူကြီးလူကောင်းကြီးတွေ ဖြစ်လာကုန်ကြတော့သည်။

ပိုင်းယဒ်နှင့် တစ်ချိန်တည်းလို ဂိုအာမြို့သို့ ရောက်ခဲ့သော မိုးကက် Mocquet ဆိုသူ၏ မှတ်သားချက်များတွင် ယင်းလူကြီးလူကောင်း ဟန်ဆောင်သော ပေါ်တူဂီစစ်သား တစ်ဦးအကြောင်း မှတ်တမ်း ရေးထားခဲ့သည်မှာ မှတ်စရာ ပြုံးစရာ ကောင်းလှပေတော့သည်။

ထိုစစ်သား၏ အမည်ကား ဒွန်ဖာနင်ဒို ဖြစ်၏ တစ်နေ့သ၌ ဖာနင်ဒိုသည် ခန့်ညားထည်ဝါသော ဝတ်ကောင်း စားလှများကို ဝတ်ဆင်၍ လည်ပတ်ရင် မြို့တွင်းသို့ မြင်းနှင့် ထွက်လာခိုက် ပေါ်တူဂီမှာ နေစဉ်အခါက မိမိသခင်၏ သားဖြစ်သူနှင့် ရင်ဆိုင် တိုးမိနေလေတော့သည်။ ထိုအခါ သူငယ်က "ဟဲလို ဖာနင်ဒို … မင်း ဒီမှာ ရောက်နေသကိုး" ဟု လှမ်း၍ နှုတ်ဆက်လိုက်သဖြင့် ဖာနင်ဒိုမှာ အထိတ်တလန့် ဖြစ်သွားကာ ထိုသူငယ်ကို မသိကျိုးကျွံပြု၍ ရှေ့သို့ ဆက်သွားမည် ပြုလေ၏။ ထိုအခါ သူငယ်က "ဘယ်ရမလဲ၊ ဖာနင်ဒို လာခဲ့ … လာခဲ့ ငါ့ကိုတော့ ဟန်ဆောင်လို့ မရဘူး" ဟု ပြောပြောဆိုဆို ရှေ့မှ ကာဆီး၍ ထားလေ၏။

ဖာနင်ဒိုလည်း တာရှည် ဟန်မဆောင်တော့ဘဲ မြင်းပေါ်က ဆင်း၍ အနူးအညွတ် အလေးပြုပြီးနောက် "တခြားလူတွေကို မပြောပါနှင့် သခင်လေးရယ်" ဟု ရှက်အမ်း အမ်းသော မျက်နှာဖြင့် တောင်းပန်တော့သည် ဟူ၍ ထိုသူ၏ မှတ်တမ်း၌ တွေ့ရှိရပေသည်။

များလှစွာသော စစ်သားတို့မှာ ဤနည်းနှင့် ခပ်ကြွားကြွား နေထိုင်ခဲ့ကြပေသည်။ ယင်းသို့ နေကြရသည်မှာ သူတို့၌ အကြောင်းအမျိုးမျိုး ရှိပေ၏။ မိမိတို့၏ အဓိက လုပ်ငန်းမှာ ပင်လယ်ထဲ၌ ကူးသန်းသွားလာကြသော ကုန်သင်္ဘောများကို ဒတ်ချ်ကုန်သည် သင်္ဘောများ၏ ရန်နှင့် ပင်လယ်ဓါးပြတို့၏ ဘေးအန္တရာယ်မှ ကာကွယ် တိုက်ခိုက်နေရသော အလုပ်ဖြစ်သည်။ သို့ရာတွင် မေလနှင့် အောက်တိုဘာ လအတွင်း မုတ်သုန်ရာသီသို့ ရောက်လာသောအခါ ဂိုအာမြို့တွင် မိုခိုရင်း မိမိတို့ဘဝကို မိမိတို့ ရှာဖွေ ထိန်းကျောင်းကာ သာမန် အရပ်သားများကဲ့သို့ နေထိုင်ကြရသည်။ ၎င်းတို့အဖို့ စစ်တန်းလျားဟူ၍ သီးခြားမရှိချေ။ သင့်တင့်သော အိမ်ဂေဟာများကို ငှားရမ်းပြီးလျှင် ၎င်းတို့ တစ်အိမ်လုံးအတွက် ထမင်းချက်

စားပွဲထိုး စသော တောက်တိုမည်ရ ခိုင်းစရာ ကျေးကျွန်အနည်းငယ်ကို ငှားရမ်းလျက် ဘုံဝတ်၊ ဘုံစားဆိုသလို နေထိုင်ကြရပေသည်။

အိမ်မှာ နေသောအခါ အဝတ်အစား အပေါင်းအနှမ်း အစုတ်အပြဲတို့ကို ဖြစ်သလို ဝတ်စား နေထိုင်ပြီးလျှင် ဇျပ်စောင်းတီးခြင်း၊ သီချင်းဆိုခြင်း၊ လမ်းသွားလမ်းလာ တို့ကို ကြည့်၍ အမျိုးမျိုး အတင်းအဖျင်း ပြောခြင်း စသည်ဖြင့် ဗရုတ်ကျကျ နေကြပြီး မြို့တွင်းသို့ အလှည့်ကျထွက်၍ လည်ပတ်သောအခါတွင်မူကား မိမိ ကိုယ်ကိုမိမိ တစ်လ ငွေတစ်သောင်းခန့် ရနေသော သန်းကြွယ် သူဌေးသားတမျှ ကျကျနန ထည်ထည်ဝါဝါ ဝတ်စားဆင်ယင်ပြီး တခမ်းတနား ထွက်လေ့ ရှိပေသည်။ ထိုအခါ ကျေးကျွန် တစ်ယောက်ကို တစ်နေ့ ကြေးပြား (၂) ပြား ပေးလျှင် လိုချင်သလောက် ငှား၍ ရနိုင်သဖြင့် အလွန်စျေးပေါလှပေ၏။

သူတို့သည် လမ်းလျှောက် ထွက်သည့်အခါ ခြေလှမ်းကို ဖြည်းဖြည်းဆေးဆေး ညင်သာစွာ လှမ်းလျက် ဂုဏ်သရေရှိ လူကြီးများသဖွယ် ရင့်ကျက်သော ဣန္ဒြေဖြင့် ခမ်းနား ကြီးကျယ်စွာ သွားလာတတ်ကြသည်။ မိမိတို့ အချင်းချင်း ခရီးလမ်း၌ မတော်တဆ တွေ့ဆုံမိကြသောအခါ ခြေတစ်ဖက်ရှေ့သို့လှမ်း ဦးထုပ်ကို ညာလက်ဖြင့် ချွတ်ကိုင်၍ မြေမှုန့်ကို ယပ်ခတ်ပေးသည့်နယ် ခါးကို ရှေ့သို့ကိုင်း၍ ဦးညွှတ်ကာ လက်ကို ဘယ်ညာဝှေ့ယမ်းလျက် တကယ့် လူကုံထံများ၏ ဟန်ပန် မူရာအတိုင်း နှုတ်ဆက်သမှု ပြုလေ့ရှိကြသည်။ ရန်သူကိုပင်ဖြစ်စေ တွေ့လျှင် ယင်းသို့ ဟန်တစ်လုံး ပန်တစ်လုံး နှုတ်ဆက်တတ်ကြသည်။ သို့သော် စိတ်တွင်းကမူကား ရန်ငြိမ်းကို မျိုသိပ်လျက် တစ်ယောက်ကို တစ်ယောက် ခပ်စောင်စောင်နှင့် လစ်လျှင် ဖြောင်ဖို့ရန်သာ အခါအခွင့်ကောင်းကို စောင့်နေတတ်ကြသည်။ တစ်ခါတစ်ရံ လူရှင်းသော နေရာ၌ တွေ့ကြလျှင်ကား မခံချိ မခံသာ ရန်စပြီး အပေါင်းအသင်းတို့နှင့် စုရုံး၍ ရိုက်ပုတ် ထိုးကြိတ် တတ်ကြရုံမက နောက်ပါ ကျေးကျွန်တို့အား ရန်သူကို နောက်ကျောမှနေ၍ ဓားနှင့် ထိုးခိုင်း တတ်သည်။

ဂိုအာမြို့တွင် အစစ အရာရာ စျေးပေါပေါ ရနိုင်သော်လည်း ပေါ်တူဂီစစ်သားတို့အဖို့ ထိုမျှ အသုံးစရိတ်ကိုပင် လုံလောက်အောင် အခကြေးငွေ မရရှိကြပေ။ သို့ရာတွင် သူတို့တွင် တခြားသော နည်းလမ်းများဖြင့် ဝင်ငွေကို ရှာဖွေရရှိ ကြပေသည်။ ထို့ကြောင့် ပေါ်တူဂီလူမျိုး စစ်သားတို့မှာ ရောက်လာသမျှ မလောက် နိုင်အောင် စွံကုန်ကြတော့၏။

သို့ဖြစ်၍ ပေါ်တူဂီစစ်သား တစ်ယောက် အသစ်ရောက်ရှိလာလျှင် ထိုကပြားမတို့မှာ နေထိုင်ရန်၊ ကျွေးမွေးပြုစုရန်၊ အဝတ်အစား ဝယ်ခြမ်းပေးကမ်းရန်၊ အဝတ်အစား လျှော်ဖွပ်ပေးရန် စသည်တို့ကို လုပ်ပေး ကြရုံမက စျေးသုံးရန်အတွက် အိတ်ကပ်မှာ ထည့်သုံးဖို့ ငွေစကြေးစများပင် ပေးကမ်း၍ မြူဆွယ်ကြလေသည်။ သို့နှင့် အတိအကျ တရားဝင် အလိုအလျောက် ပေါင်းသင်းနေထိုင်ကြလေသည်။ အစိုးရသည် တရားဝင် လက်ထပ်ခြင်းအဖြစ် အသိအမှန် မပြုစေကာမူ မွေးဖွား လာသော ကလေးကိုမူ အမိဘက် အမွေ၊ အဖဘက်က အမွေ နှစ်ရပ်လုံးကို ဆက်ခံ ခွင့်ပြုခြင်းဖြင့် သွယ်ဝိုက်၍ အားပေးခဲ့သည်။

သို့ရာတွင် ပိုင်းယဒ်၏ မှတ်တမ်း၌ အောက်ပါအတိုင်း ဖော်ပြထားသေးသည်။ အကယ်၍ စစ်သားတစ်ယောက်သည် မိမိသူငယ်ချင်း ရဲဘော်များနှင့် ခွဲခွာ၍ မိန်းမအိမ်သို့ သွားရောက်ပေါင်းသင်း နေထိုင်မည်ဆိုလျှင် အမှန်တကယ် သာယာသော အိမ်ထောင်ရေး အရသာကို မခံစားရရှာချေ။ အမျိုးသမီး တို့သည် စိတ်ဆတ်၍ ထိန်းမနိုင် သိမ်းမရအောင် ဆူပူ တတ်သူများ ဖြစ်ကြသည်။ သူတို့သည် မနာလို ဝန်တိုသော စိတ်ထားရှိကြပြီး မိမိတို့ ရရှိထားသော လင်းယောက်ျားကို ရာသက်ပန် အပိုင်စီးထားလိုကြသည်။

သို့သော် ဂိုအာမြို့တွင် ယောကျ်ားထက် မိန်းမဦးရေက ပိုမို များပြားနေသောကြောင့် ထိုယောကျ်ား၌ မိန်းမတွေ ဝိုင်းဝိုင်းလည်နေတတ်လေသည်။ အကယ်၍ ထိုသူသည် မိမိမယားကို ငြီးငွေ့လာသဖြင့် အခြား တစ်ယောက်ကို ပြောင်းလဲပေါင်းလျှင် သေဖို့ရာသာ ပြင်ရပေတော့မည်။ ထိုသူသည် မိမိအလိုဆန္ဒ ပြည့်ဝရန်အတွက် မတရားသော ကောက်ကျစ် စဉ်းလဲမှု တစ်ရပ်ကို လုပ်လျှင်လုပ်၊ မလုပ်လျှင် မိမိကိုတိုင် အဆိပ်ခပ် ခံရမည် မုချပင်။

မည်ကဲ့သို့ အဆိပ်များကို သူတို့ အသုံးပြုတတ်ကြ သနည်း ဆိုသည်ကိုမူ ပိုင်းယဒ် ကိုယ်တိုင် မသိရှိခဲ့ပေ။ သို့သော် ၎င်းသိသမျှ ဖော်ပြ ထားသည်မှာ ထူးဆန်း အံ့သြဖွယ် ကောင်းလှပေသည်။ အဘယ်ကြောင့် ဆိုသော် ထိုသူတို့ ခံရသော အဆိပ်ဒဏ်မှာ ချက်ချင်း သေဆုံးသွားအောင် ပြင်းထန်သော အဆိပ်မျိုး မဟုတ်ပေ။ တန်ခိုးထက်သဖြင့် တရွေ့ရွေ့ တအိအိနှင့် လူကို ထိခိုက်စေပြီး တစ်လမှ ခြောက်လ အထိ ဝေဒနာ ပြင်းထန်စွာ ခံစားပြီးမှ သေဆုံးတတ်သော အဆိပ်မျိုး ဖြစ်လေသည်။

စစ်သားတစ်ယောက်သည် ဒတ်ချ်တို့နှင့် တိုက်ခိုက်သော စစ်ပွဲ၌ အောင်ပွဲ ရခဲ့သည် ဖြစ်စေ၊ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့သည် ဖြစ်စေ၊ တစ်ခုခု ဂုဏ်ထူးရှိ၍ ရုပ်ရည် သားသားနားနား ရှိပါက အထက်တန်း ကျသော ဂုဏ်သရေရှိ အမျိုးသမီး တစ်ယောက်ယောက်နှင့် စုံတက်လေသည်။ ယင်းသို့သော အထက်တန်းစားများ ထဲတွင်လည်း ဥရောပတိုက်သူ စစ်စစ် ရှိခဲလှသည်။ အများအားဖြင့် ကပြား အမျိုးသမီးတို့သာ ဖြစ်ကြသည်။ ယင်းသို့သော အမျိုးသမီးများသည် မည်သည့် အလုပ်အကိုင်မျှ မည်မည်ရရ မလုပ်ကြကုန်။ ပွင့်ရိုက်ဂါဝန်များကိုဝတ်၍ ကတ္တီပါ ညှပ်ဖိနပ်ကို စီး၍ အိမ်ဂေဟာအတွင်း၌ အပျင်းထူနေကြပြီး ကျေးကျွန်အစေခံများ ယူလာသော ရပ်သတင်း၊ ရွာသတင်းများကို ကွမ်းစားရင်း၊ ဆေးလိပ်သောက်ရင်း၊ ချိုချဉ်ဝါးရင်း ဆိုသလို နားထောင်ပြီး အတင်းအဖျင်း ပြောခြင်းဖြင့်သာ အချိန်ဖြုန်း နေတတ် ကြပေသည်။

သူရဲကောင်း တစ်ယောက်ကို အိမ်တွင်းသို့ အရောက် သွေးဆောင်ခေါ်ယူကာ ပေါင်းသင်းဖို့ ဆိုသည်မှာ အလွန် အရဲစွန့်ရသော အလုပ်ဖြစ်တော့သည်။ ထို့ကြောင့် သူတို့သည် Datura ဒါတူရာခေါ် မေ့ဆေးတစ်မျိုးကို အသုံးပြုလေ့ ရှိကြသည်။ ထိုမေ့ဆေးမှာ ဆေးခြောက်များ၊ ကိုကင်းများနှင့် ဆင်ဆင်တူ၍ ဥရောပတိုက်တွင် Strmonium ဟု ခေါ်သည်။ ၎င်းကို ခပ်များများ စားလျှင် အဆိပ် ဖြစ်တတ်သည်။ သို့သော် အနည်းငယ်မျှသာ အသုံးပြုလျှင် သတိ ချို့ယွင်းပြီး ဘာလုပ်၍ ဘာဖြစ်မှန်း မသိအောင် ခေတ္တခဏ ရူးသွပ်တတ်သည်။

လင်ရှိမယား အချို့သည် မိမိထံသို့ လာရောက်သော စစ်သား တစ်ယောက်နှင့် ပျော်ပါး လိုသောအခါ မိမိ လင်ယောကျ်ားအား ဒါတူရာ အနည်းငယ်ကို အစားနှင့် ရော၍ ကျွေးလေတော့သည်။ ထိုအခါ လင်ယောကျ်ားမှာ အိပ်၍ မပျော်ဘဲနှင့် လူစိတ်ပျောက်ပြီး ပြောချင်ရာပြော ဆိုချင်ရာဆိုကာ မူးယစ် နေလေတော့သည်။ မိမိရှေ့မှောက်တွင် မိမိမယား လင်ငယ်နှင့် ပျော်မြူးနေသည်ကိုပင် ဘာမှ သတိမရ မသိရှိလောက်အောင် မူးယစ်နေပေတော့သည်။ ဒါတူရာကို လက်ဖက်ရည်၊ ကော်ဖီ၌ ရောနှော၍ တိုက်လျှင် တစ်နာရီအတွင်း ကြို့ထိုးလာပြီး မူးယစ်ကာ သီချင်းများကို အော်ဟစ်သီဆိုခြင်း၊ ကျယ်လောင်စွာ ရယ်မောခြင်း၊ တောင်စဉ် ရေမရတို့ကို ပြောဆိုခြင်း စသည်ဖြင့် အမူးကြီး မူးနေ လေတော့သည်။ အမှား အမှန်ကို ခွဲခြား သိတတ်သော အသိဉာဏ်များ လုံးလုံးသား ပျောက်ကွယ် သွားပေ တော့၏။ ထိုအခါ မယားလုပ်သူသည် ဘာမှ မသိတော့သော (ဝါ) လူစိတ် ပျောက်နေသော မိမိလင်ယောကျ်ား၏ ရှေ့မှောက်မှာပင် မိမိ ချိန်းဆိုထားသော သယောက် လင်ငယ်နှင့် အချိန်အပြည့်အဝ ကျေနပ်သည်အထိ ပျော်ပါး လေတော့၏။

အရှေ့တိုင်းသားတို့နှင့် ရင်းရင်းနှီးနှီး ပေါင်းသင်း ဆက်ဆံဖူးသူ တို့သည် ပိုင်းယဒ်၏ မှတ်တမ်းပါ ဒါတူရာ မည်သော မူးယစ်စေတတ်သော ဆေးအကြောင်း ကောင်းကောင်း သိနိုင်ပေသည်။ ယခုခေတ်မှာ ပင်လျှင် အချို့သော အရှေ့တိုင်းသူတို့ ဤဆေးကို အသုံးချလျက် ရှိပေသေးသည်။ ထိုမျှမက ယခုခေတ် အင်္ဂလိပ် လူမျိုးတို့ အထဲမှာပင်လျှင် ၎င်းတို့၏ တိုင်းရင်းသား ဇနီးမယားတို့က ဤဆေးမျိုးနှင့် အနှပ်ခံကြရသူ မနည်းလှပေ။

## အထက်တန်း အမျိုးသမီးတစ်ဦး ပွဲနေ ပွဲထိုင်သွားပုံ

ပိုင်းယဒ်၏ မှတ်တမ်းထဲတွင် လူကုံထံ အမျိုးသမီးတစ်ဦး ပွဲနေပွဲထိုင် ထွက်လာပုံကို အသေးစိတ် ရေးမှတ်ထားသေးသည်။ သူ ရေးသား လိုရင်းမှာ ထိုအမျိုးသမီးသည် မိမိ ဇာတိတိုင်းပြည်၌ နေခဲ့ရသော ဘဝနှင့် ဂိုအာမြို့ ရောက်မှ နေထိုင်ရပုံ မည်မျှ ကွာခြားနေသည်ကို ပြဆိုလိုက်ရင်း ဖြစ်ပေသည်။

သူ၏ ပြကွက်မှာ ဥရောပတိုက်မှာ နေခဲ့ရသော ဘဝနှင့် အရှေ့တိုင်းရောက်မှ ဖြစ်နေသော ဘဝကို နှိုင်းယှဉ်ချက် ဖြစ်ပေသည်။ ပိုင်းယဒ်၏ မှတ်တမ်း ကောက်နုတ်ချက်ကား ...

ထိုနေ့မှာ ခရစ်ယာန် ဥပုသ်နေ့တစ်နေ့ ဖြစ်သည်။ ထူးထူးခြားခြား ကျင်းပသော ပွဲနေ့လည်း ဖြစ်သည်။ အမျိုးသမီးကြီး၏ ဂါဝန်မှာ ရွှေချည်ထိုး ဘရိုကိတ်ပိုးဂါဝန် ဖြစ်ရာ အနက်ရောင် ပိုးရင် လွှမ်းအောက်၌ တဖိတ်ဖိတ် တောက်လျက် ရှိပေသည်။ သူသည် ဝေါပေါ်တွင် ပါရှားပြည်လုပ် ကော်ဇောပေါ်၌ ခင်းအပ်သော ကတ္တီပါခုံ ခပ်မြင့်မြင့်၌ ထိုင်၍ လိုက်ပါ လာလေသည်။ ဝေါ၏ နောက်တွင်လည်း အာဖရိကတိုက် မိုဇမ်ဘစ်ပြည်က ကျွန်အလို့ငှာ ဝယ်ယူငှားရမ်းထားသော နီဂရိုးမများနှင့် အိန္ဒိယကုလား အမျိုးသမီး အစေခံများ စုစုပေါင်း (၂၀) ခန့် လိုက်ပါလာကြသည်။ ၎င်းတို့မှာ အဝတ်ရောင်စုံ ဝတ်ဆင်လျက် ကြက်သွေးရောင် ကိုယ်ကျပ်အင်္ကျီ လက်ပြတ်များ ဝတ်ဆင်ထားပြီးလျှင် ဖျာသင်ဖြူး ပိုက်သူပိုက်၊ ကော်ဇောလိပ် ရွက်သူရွက်၊ သီချင်း စာအုပ် ကိုင်သူကိုင်၊ ယပ်တောင်နှင့် လက်ကိုင်ပဝါ မြှောက်သူမြှောက်နှင့် နောက်မှ စီတန်း၍ ခြေကျင် လိုက်ပါ ခဲ့ကြလေသည်။ ဝေါထမ်းစင်ကိုလည်း ကပြား (ယူရေးရှင်း) အစောင့် ယောက်ျားကြီး နှစ်ယောက် တစ်ဖက်တစ်ဦးစီ စောင့်ရှောက်၍ လိုက်ပါကြ၏။ ထိုလူနှစ်ယောက်မှာ ချောမော ခံ့ညားသူများ ဖြစ်ပေသည်။ ၎င်းတို့သည် ခရစ်ယာန် ဘုရားရှိခိုးကျောင်း တံခါးဝသို့ ရောက်၍ ထိုအမျိုးသမီး ဝေါမှ ဆင်းသက်သည့် အခါ လက်ကို ဆန့်တန်းပေးခြင်းဖြင့် ကူညီကြရပေသည်။

ထိုအမျိုးသမီးမြေသို့ ခြေစုံရပ်မိသောအခါ အတော် အရပ်မြင့်သူ တစ်ဦးဟု ထင်ရပေသည်။ အဘယ်ကြောင့်ဆိုသော် သူမသည် အမြင့် ခြောက်လက်မခန့်ရှိသော ဖော့ဖနောင့်ခုံ ပါရှိသော ခုံမြင့် ဖိနပ်တစ်ရန်ကို ဝတ်ဆင်ထား သောကြောင့်တည်း။ ထိုဖိနပ်မျိုးကို ဈေးကြီးပေး၍ ဗင်းနစ်မြို့မှ အမြတ်တနိုး ဝယ်ယူ ဝတ်ဆင်ကြရပေသည်။

ဖိနပ်ကလည်း ခုံမြင့်မြင့် ဖြစ်နေပြန်၊ ဝတ်ဆင် စီးနင်း သူမှာလည်း လူကုံထံပိုင်းက ဖြစ်ပြန် ဆိုတော့ ရှေ့သို့လှမ်း၍ သွားရာတွင် မိမိ သိက္ခာနှင့် လျော်ညီအောင် ကိုယ်ရံတော် နှစ်ယောက်ကို မှီအားပြု၍ နေးနေးကွေးကွေး ဖြည်းဖြည်း သာသာ လှမ်း၍သာ သွားရ ပေသဖြင့် မိမိအတွက် သတ်မှတ်ထားသော နေရာသို့ အချိန် အတော်ကလေး ကြာအောင် သွားရပေသည်။

ထိုအခါ သူမ၏ အစေခံ မိန်းကလေးများသည် ရေ့သို့ ခပ်သုတ်သုတ် ကြိုတင် သွားရောက်ကာ သတ်မှတ်ထားသော နေရာတွင် ဖျာသင်ဖြူး ခင်းသူခင်း၊ ကော်ဖောလိပ် ဖြန့်သူဖြန့်၊ ကုလားထိုင်တွင် ကူရှင်ခုံကို ခုလိုခုနှင့် ထိုအမျိုးသမီး အတွက် ထိုင်ရန် နေရာကို အသင့် ပြင်ဆင်ပေးကြလေသည်။ ထို့နောက် အမျိုးသမီးကြီးသည် မိမိ နေရာတွင် ဝင်ရောက် ထိုင်လိုက်ပြီးလျှင် ရွှေပုတီးရောင် ဟပ်နေသော ဖျော့တော့တော့ မျက်နှာဖြင့် ကျွန်ခြေရစ္စာ ကြည့်ရှုနေစဉ် အစေခံ မကလေးများက နောက်ပါးမှ ရပ်လျက် မှောင်ရိပ်က ခိုကာ အချက်ပြနေသော မိမိတို့ ချစ်သူများကိုပင် ပြုံး၍ မပြဝံ့သော မျက်နှာဖြင့် ခပ်တည်တည် ယပ်ခတ် ပေးနေ ကြရပေသည်။

ယင်းသို့ သရုပ်ဖော်၍ ပြရသော ဖြစ်ရပ်တို့မှာ ပေါ်တူဂီလူမျိုး မိန်းမ ယောက်ျားတို့သည် မကြာမီကက မိမိတို့ကို တာဝန်ချ၍ အရှေ့ဒေသသို့ စေလွှတ် လိုက်သည့် ရည်ရွယ်ချက်များကို မည်ကဲ့သို့ မေ့ပျောက်ပြီး ဘဝသစ်ပြောင်းကာ အရှေ့တိုင်းတွင် မည်မျှလောက် စည်းစိမ် ယစ်နေကြပုံကို ခပ်လှောင်လှောင် သရော်၍ ရေးသားခဲ့သော မှတ်တမ်းများ ဖြစ်ပေသည်။ သူတို့၏ နဂိုဘဝ၊ နဂိုစိတ်ဓါတ်၊ နဂိုအင်အားတို့မှာ တဖြည်းဖြည်း ပျက်စီးသွားကြလေပြီ။ အရှေ့တိုင်းကို အောင်မြင်သိမ်းပိုက်၍ ကြီးစွာသော စီးပွား ချမ်းသာတို့ကို ရရှိကြပြီး အရှေ့တိုင်းသူတို့နှင့် အကြောင်းပါ၍ ကျေးကျွန်တွေ တစ်လှေကြီးနှင့် ခမ်းကြီးနားကြီး နေထိုင်လာကြရသဖြင့် ခဲခဲယဉ်းယဉ်း ဆင်းဆင်းရဲရဲ အသက်မွေး ခဲ့ကြရသော မိမိတို့ ဘဝဟောင်းကို လုံးလုံးလျားလျား မေ့လျော့သွားကြပြီလျှင် မိမိတို့ ကိုယ်ကို တကယ့် လူကုံထံများဟူ၍ပင် အထင် ရောက်နေကြတော့သည်။

## ကျေးကျွန်များ

ဂိုအာမြို့တွင် များစွာသော ကျေးကျွန်တို့မှာ အိမ်တွင်းအမှုလုပ် ကျေးကျွန်များသာ ဖြစ်ကြသည်။

သူတို့၏ ဆက်ဆံပုံမှာ အိန္ဒိယလူမျိုး လူကုံထံတို့၏ အိမ်မှ ကျေးကျွန်များ ဆက်ဆံပုံထက် ပို၍ မဆိုးဝါးပေ။ တစ်ခါတစ်ရံ မိမိတို့ အရှင်သခင်အပေါ် အခွင့်အရေးပင် ယူနိုင်ပေသေးသည်။ အကယ်၍ သင်သည် ဘုရင်ခံ အိမ်အနီး သင်္ဘောဆိပ်မှ နေ၍ တောင်ဘက်သို့ သွားသော ရူအာဒိရီတာ Rua Direita လမ်းကျယ်ကြီးကို (၂) ဖာလုံခန့် လျှောက်သွား မည်ဆိုလျှင် တာရီယိုဒီဆာဘာအို အမည်ရှိ ပန်းခြံတစ်ခုသို့ ရောက်ပေလိမ့်မည်။ ထိုပန်းခြံ၏ အလယ်၌ ဘုရား ရှိခိုးကျောင်း တစ်ဆောင်၊ အထက် လွှတ်တော်ရုံး တစ်ရုံးနှင့် အချုပ်ထောင် တစ်ခု ရှိပေသည်။

ထိုနေရာ၌ ကျွန်များ အရောင်းအဝယ် ပြုလုပ်ရာဌာန ကျွန်ဈေး ရှိလေသည်။ ကျွန်များသည် ထိုနေရာတွင် ဝယ်သူကို ရပ်၍ စောင့်လင့် နေရသည်။ ဝယ်သူ များသည် မိမိ ဝယ်ယူရမည့် ကျွန်မှာ ခန္ဓာကိုယ် တောင့်တင်း သန်မာမှု ရှိမရှိ သိနိုင်ရန် အသားရေကို ကိုင်တွယ် ဖျစ်ညှစ်၍ ကြည့်ရသည်။ အချက်အပြုတ်၊ အချုပ်အလုပ်၊ အလျှော်အဖွပ် စသည်တို့ တတ်မတတ် စမ်းသပ် လုပ်ကိုင်စေသည်။ ထို့နောက် ရောင်းဈေး ဝယ်ဈေးကို မေမြန်း ပြောဆိုကာ ဈေးဆစ်ပြီး ဝယ်ယူ ကြသည်။

ရောင်းကုန်ဖြစ်သော ကျေးကျွန်များတွင် ရုပ်ရည်ချောမောလှပသော မိန်းကလေး၊ မိန်းမပျိုများလည်း ပါလာတတ်ကြသည်။ အချက်အပြုတ်၊ အချုပ်အလုပ်တို့ သာမက မုန့်ပဲသရေစာ ချိုချဉ် စသည်တို့ လုပ်တတ် ကိုင်တတ်သူများလည်း ပါလာတတ်ကြသည်။ ယင်းသို့ ရုပ်ချောသူနှင့် လက်မှု အတတ်ပညာ တတ်မြောက်

သူများကိုပင်လျှင် ဈေးပေါပေါ ဝယ်ယူရရှိနိုင်ပေသည်။ အများဆုံး ပေးရတတ်သော ဈေးနှုန်းမှာ ကျွန်မ တစ်ယောက်လျှင် သျှီလင်သုံးဆယ် (မြန်မာငွေ အားဖြင့် ၂၀ ကျပ်ခန့်) သာ တန်ဖိုးရှိပေသည်။

ယင်းကျေးကျွန်တို့ကား အိမ်တွင်းမှုကိစ္စ အဝဝကို လုပ်ကိုင်ပေးကြရရုံမက မိမိ သခင်၏ စီးပွားရေးကိုလည်း ကူညီ လုပ်ကိုင်ပေးကြရသည်။ ၎င်းတို့အား ရောင်းရေးဝယ်တာ ကျွမ်းကျင်အောင် လေ့ကျင့် သင်ကြား ပေးပြီး ခြံဥယျာဉ်ထဲက ထွက်သော ဟင်းသီးဟင်းရွက်တို့ကို ရောင်းချစေခြင်း၊ ရက်ကန်းရက်ခြင်း၊ ဆေးဆိုးခြင်း၊ အဝတ်အစား ချုပ်လုပ်ခြင်း စသည်တို့ကိုလည်း သင်ကြားလုပ်ကိုင် စေ၍ ထိုလုပ်ငန်းမှ ထွက်သည့် ကုန်ချောများကို ရောင်းချ၍ ရရှိသော ဝင်ငွေဖြင့် မိမိသခင်၏ စီးပွားရေးကို ဖြည့်စွမ်းကြရပေသည်။

ပေါ်တူဂီအိမ်ရှင်သည် မိမိအိမ်ရှိ ကျွန်မများကို ခြေတော်တင် အပျော်မယားအဖြစ် အသုံးပြုကြသည်။ ပိုင်းယဒ်၏ မှတ်တမ်း အရဆိုလျှင် အာဖရိကတိုက်မှ ဝယ်ယူ ခဲ့သော ဆံပင်လိမ်လိမ် အသားမည်းမည်း နီးဂရိုး ကျွန်မများမှာ ထို အလုပ်မျိုး အတွက် သူတို့ အကြိုက်ဆုံး ဖြစ်သည်ဟု အဆိုရှိလေသည်။ အိမ်ရှင်မတို့ အဖို့ ဆိုလျှင်လည်း ထိုကျွန်မမျိုးများကို ပြည့်တန်ဆာအလုပ် လုပ်ခိုင်းကာ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရအောင် လုပ်တတ်ကြသေးသည်။ သို့ဖြစ်၍ ပေါ်တူဂီ လူမျိုးများနှင့် အခြား ကပြားတို့သည် အိန္ဒိယ တိုင်းရင်းသား ပိုင်နက် နယ်ပယ်ထဲသို့ သွား၍ မိန်းကလေးများကို ခိုးယူလာပြီး ပြည့်တန်ဆာ ခေါင်းတို့ထံသို့ လည်းကောင်း၊ ကျွန်ပိုင်ရှင် များထံသို့ လည်းကောင်း ဈေးကောင်းကောင်းနှင့် ရောင်းချကြသည်။ ဤနည်းအားဖြင့် ဂိုအာမြို့တွင်း၌ ကျေးကျွန် လူတန်းစားတို့မှာ လူဦးရေ အများဆုံး ဖြစ်နေ ပေတော့သည်။ ပေါ်တူဂီများ နည်းတူ အခြား ဥရောပ တိုက်သား လူကုံထံတို့သည်လည်း ဂိုအာမြို့သို့ ရောက်လာလျှင် အရှင်လတ်လတ် နတ်ပြည်သို့ ရောက်နေရသကဲ့သို့ လိုရာခဏ ပြည့်စုံကြသဖြင့် ဂိုအာမြို့ကို Golden Goa ဂိုအာရွှေမြို့တော်ဟု ခေါ်ဆို ကြသည်မှာ အံ့ဩစရာ မရှိတော့ချေ။

အကြွား၊ အပျင်း၊ ဖိမ်ခံခြင်းနှင့် ဒုစရိုက်မှု ဟူသမျှတို့ကို ယစ်မူး ကျူးလွန်၍သာ အချိန် ဖြုန်းနေကြသည်မှာ ပေါ်တူဂီ လူမျိုးတို့ကို စိတ်ဓါတ် ညှံ့ဖျင်း သေးသိမ် လာအောင် လုပ်ပေးသလို ရှိပေတော့သည်ဟု ပိုင်းယဒ်၏ မှတ်တမ်း၌ ဖော်ပြ ထားပြီးလျှင် "ကျွန်ုပ်၏ ကိုယ်တွေ့ ကြုံခဲ့ရသမျှ ဖော်ပြရလျှင် အတားအဆီး အနှောင့်အယှက်၊ ရန်စ နှိပ်စက်မှုများနှင့် မတရား ညှဉ်းပန်းမှု အတန်တန်ကို ခံစား ခဲ့ရပါသည်။ အကယ်၍သာ သူတို့လုပ်သမျှ ကိုင်သမျှကို ယခုလို မှတ်စု ရေးသား မည့်သူ တစ်ဦးအဖြစ် ကျွန်ုပ်ကို ရိပ်မိ သိရှိသွားပါက ကျွန်ုပ်အား မိမိတိုင်းပြည်သို့ ယခုလို ပြန်ခွင့် ပြုကြမည် မဟုတ်ပေ။ ကျွန်ုပ်သည် အထင်အမြင် မများအောင် ကျွန်ုပ်အား ယုံကြည်အောင် အတတ်နိုင်ဆုံး ဟန်ဆောင်၍ နေတတ်သော သတ္တိကြောင့်သာ ဤမှတ်တမ်းများကို ရေးခွင့်ရပေတော့သည်" ဟု ဖော်ပြထားသည်။

## ဘုရင်ခံချုပ်ထံ သွားတွေ့ဆုံခြင်း

ပိုင်းယဒ်၏ အတွေ့အကြုံတို့မှာ လွန်စွာ အဖိုးတန်လှပေသည်။ သူသည် သာမန် ခရီးသည် တစ်ယောက်အနေဖြင့် မဟုတ်ဘဲ အောက်တန်းစား လူအမျိုးမျိုးနှင့် (၂) နှစ်ခန့် ထွေးရောယှက်တင် နေထိုင် ပေါင်းသင်းလာခဲ့ရသဖြင့် မိမိ ပြောပြနေသမျှသော အကြောင်းအရာ ဖြစ်ရပ်တို့ကို မိမိ ကိုယ်တိုင် ကောင်းစွာ သိရှိလာခဲ့ရခြင်း ဖြစ်ပေသည်။

သို့ဖြစ်သော်ငြားလည်း သင်သာ လူကုံထံ တစ်ဦး၏ ဧည့်သည်တော် တစ်ယောက်အနေဖြင့် ဂိုအာမြို့သို့ ခေတ္တခဏ ရောက်သွားသည့် ဆိုအံ့။ ဂိုအာမြို့၏ ကြီးကျယ်ခမ်းနားပုံတို့ကိုသာ တွေ့မြင်လာခဲ့ရပေလိမ့်မည်။ ဥပမာအားဖြင့် ဖော်ပြရလျှင် ဟိုစတိန်း နယ်စားကြီးရုံးမှ Albert De Mandeiso အမည်ရှိ လူငယ်လူရွယ် တစ်ယောက်သည် (၁၆၃၉) ခုနှစ်က စူရတ်မြို့ အရှေ့ အိန္ဒိယ ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သူ မစ္စတာမက်သဝေါ Mr. Methwold ဆိုသူနှင့်အတူ ဂိုအာမြို့၏ ကြုံတွေ့ခဲ့ပုံများကို မှတ်သားခဲ့လေသည်။

၎င်းသည် ဂိုအာမြို့ ဘုရင်ခံချုပ်၏ နန်းတော်၌ ကျင်းပသော ဧည့်ခံပွဲ၌ အထက်တန်းအရာရှိကြီးများစွာနှင့် တွေ့ဆုံခဲ့ရပုံများကို ရေးသားထားခဲ့ရာ ထိုမှတ်တမ်းကို ဖတ်ရှုရသည်မှာ ကျွန်ုပ်အား နန်းတော် အတွင်းရှိ ညီလာခံ ခန်းမကြီးထဲသို့ ပို့ပေးသလိုပင် ထင်ရပေတော့သည်။

ဝတ်စုံယူနီဖောင်း ဆင်တူ ဝတ်ဆင်ထားသော ကိုယ်ရံတော် တပ်သားတို့သည် တူမီးသေနတ်ရှည်များကို ထမ်းလျက် အခန်းဝ၏ တစ်ဖက်တစ်ချက်မှ စီတန်းလျက် အတွင်းခန်းကို စောင့်ကြပ်နေကြပေသည်။ အတွင်းခန်းထဲသို့ ဝင်လိုက်သောအခါ ဥရောပတိုက်မှ မင်းညီမင်းသားတို့၏ ရုပ်ပုံ ပန်းချီကားချပ် များစွာကို နံရံ၌ ဆွဲချိတ်ထားသည်ကို တွေ့ရပေသည်။ ပီရိုဒါဆီလ်ဗား Pero Da Silua အမည်ရှိ ဘုရင်ခံချုပ်သည် ဝတ်လုံနက်ကြီးကို လွှမ်းခြုံလျက် အခြွေ အရံများကလည်း အနက်ရောင် ဆင်တူဝတ်ဆင်ထားကြသည်။ ဥက္ကဋ္ဌကြီး ခန်းမဆောင်သို့ ဝင်လာသည်နှင့် တစ်ပြိုင်နက် ထိုင်ရာမှ ထပြီး အလေးပြုကြပြီးလျှင် ဥက္ကဋ္ဌကြီး ထိုင်မှ ထိုင်ကြသည်။ ဥက္ကဋ္ဌကြီးသည် မိမိ၏ အရေးကိစ္စများကို ဘုရင်ခံချုပ်နှင့် ဆွေးနွေး ပြောဆိုခဲ့ပြီးနောက် ထ၍ ပြန်ခဲ့သောအခါ ဘုရင်ခံချုပ်သည်လည်း ခန်းမဆောင် တံခါးဝအထိ လိုက်ပို့ကာ အားလုံးကုန် ထွက်ခွာသွားပြီးသည့် တိုင်အောင် ရပ်၍ နှုတ်ဆက်ရင်း ကျန်ရစ်ခဲ့ပေသည်။

ပိုင်းယဒ်သည်လည်း ဂိုအာမြို့ဘုရင်ခံချုပ်ကို မကြာခဏ တွေ့မြင်ခဲ့ဖူးလေသည်။ ခေတ္တ ဘုရင်ခံချုပ်မင်နဇီ Menezes ပြောင်းရွှေ့သွားသောအခါ လောရင်စ်ဒီတာဗိုရာ Ruy Lourenco De Tauora ဆိုသူ ဆက်ခံခဲ့ပေသည်။

ဘုရင်ခံချုပ်၏ အိမ်တော်ရှိ ဗိုလ်ရှုခံနေရာမှ လှေကားထစ်များ ဦးတိုက်နေသော တောင်ဘက်ကွင်းပြင်ပန်းဥယျာဉ်ထဲ၌ လူးလာခေါက်ပြန် သွားလာနေသူတို့သည် ဘုရင်ခံချုပ် အိမ်တော်သို့ အာရပ်မြင်းကြီးများကို စီးနင်း၍ နောက်ပါ အခြံအရံများနှင့် ဝင်ရောက်လာသော လူကြီး လူကောင်း အချို့ကို လှမ်း၍ မြင်နိုင်ကြပေသည်။ ထိုမြင်းတပ်ကြီး ရပ်နားနေခိုက် မုက်၊ ခြင်၊ ယင်ရဲတို့ကို မြင်းမြီးယပ်များနှင့် တဖုတ်ဖုတ် ခတ်လျက်စောင့်နေကြသော မူဆလင်လူမျိုး မြင်းထိန်းတို့ကလည်း အသင့်ရပ်၍ နေကြသည်။ ဘုရင်ခံချုပ်၏ ကိုယ်ရံတော်တပ်သား တစ်ရာခန့်သည် အပြာရောင် ဝတ်စုံ ယူနီဖောင်းများ ဝတ်ဆင်လျက် လှေကား၏ တစ်ဖက်တစ်ချက်မှ စီတန်း၍ စောင့်ရှောက်လျက် ရှိကြသည်။

ဘုရင်ခံချုပ်သည် မကြာမီ အိမ်တော်မှ ထွက်လာပြီး အခြွေအရံ နောက်လိုက် နောက်ပါများနှင့် အတူ မြင်းစီး၍ ထွက်သွားလေသည်။ ၎င်းအတွက် ဝေါယာဉ် အမှုထမ်းများသည် အလုပ်ပြအနေဖြင့်သော်လည်းကောင်း၊ မြင်းစီး၍ ထွက်သွားလေသည်။ ၎င်းအတွက် ဝေါယာဉ် အမှုထမ်းများသည် အလုပ်ပြအနေဖြင့်သော်လည်းကောင်း နောက်ပါးမှ အသင့်ပြင်ကာ လိုက်ပါကြရလေသည်။ ဘုရင်ခံ၏ နောက်ပါး၌ ထီးတော်မိုး အမှုထမ်းတို့က ခြေကျင်လျှောက်၍ ထီးမိုး လိုက်ပါကြရသည်။

ဘုရင်ခံချုပ်နှင့် အတူ လိုက်ပါကြရသော အမှုထမ်း အရာရှိကြီး အသီးသီးတွင်လည်း ကိုယ်ပိုင် သီးခြား အမှုထမ်းအဆောင် ကိုင်များ ပါရှိသေးရာ တစ်ဦးဦးလျှင် ပိုးဝတ်စုံ ဆင်တူနှင့် အမှုထမ်း အဆောင်ကိုင် (၁၂) ယောက်စီ လိုက်ပါကြရလေသည်။ ထို့ပြင် အရပ်အမောင်းကောင်း၍ ထွားကျိုင်းသော နီးဂရိုစစ်သား ခြောက်ယောက်ခန့်သည်လည်း ဓါးလွတ်ကိုယ်စီ ကိုင်၍ လိုက်ပါကြပေသည်။ ယင်းသို့ အခမ်းအနားနှင့် ထွက်တော်မူသည်မှာ အခြားအခြားသော ဘုရင်ခံချုပ်များနည်းတူ ခရစ်ယာန် သာသနာရေးဆိုင်ရာ အဆောက်အအုံ တစ်စုံတစ်ခုသို့ ဘုရားဖူးသွားရောက်နေခြင်း ဖြစ်လေသည်။

ဘုရင်ခံချုပ်သည် အလွန် ကြွယ်ဝချမ်းသာသူ ဖြစ်သည်။ ယခုခေတ် ဘုရင်ခံချုပ်များထက် အဆများစွာ ချမ်းသာသည်။ ၎င်း၏လစာ ငွေမှာ တစ်နှစ်လျှင် ပေါင် (၁၄၀၀) ဖြစ်ရာ၊ ယခု (၂၀) ရာစုခေတ် အတွင်းရှိ ငွေကြေးတန်ဖိုးနှင့် ဆိုလျှင် (၁၀) ဆ၊ (၁၅) ဆခန့် ရှိပေသည်။ ဘုရင်ခံတိုင်လိုလို လက်ဆောင်ပဏ္ဏာစသော လာဘ်လာဘ ဘေးပေါက်ဝင်ငွေများမှာ သုံးနှစ်အတွင်း ပေါင် (၃) သိန်းခန့် ရမည်ဟု မျှော်မှန်းထားကြပေသည်။ သို့ရာတွင် ယင်းသို့ ရရှိသော စည်းစိမ်ကို ကျကျနန မခံစားနိုင်ကြကုန်။ သူခိုးလက် သူဂှက်မှောက် ဆိုသလို ၎င်းတို့၏ အပြန်ခရီး၌ ပင်လယ်ဓားပြတို့ လုယက် တိုက်ခိုက်ကြသဖြင့် စုမိသမျှ ရွှေငွေ ရတနာတို့မှာ များသောအားဖြင့် ပင်လယ်ကိုသာ အခွန်ဆက်ပစ် ခဲ့ကြ ရပေတော့သည်။

ဘုရင်ခံများ သွားလေ့ သွားထရှိသော သာသနာ့ အဆောက်အအုံများ အနက် ဂျက်ဆူအစ် သာသနာဝင်တို့၏ ဘုရားကျောင်းလည်း တစ်ခု အပါအဝင် ဖြစ်လေသည်။ ဂိုအာမြို့ရှိ ခရစ်ယာန် သာသနာဂိုဏ်းတို့မှာ ဒိုမီနီကင်ဂိုဏ်း၊ ဖရန်စစ္စကင်ဂိုဏ်း၊ ကင်မယ်လစ်ဂိုဏ်း၊ သြဂတ်စတင်ဂိုဏ်း စသည်တို့ ဖြစ်ကြသည်။ ထိုဂိုဏ်းအသီးသီးတို့မှာ (၁၅၅၀) ခုနှစ် လောက်ကစ၍ ဂိုအာမြို့တွင် အခြေစိုက် ခဲ့ကြလေသည်။

(၁၇)ရာစုနှစ် အစလောက် ရောက်သောအခါ ခရစ်ယာန်ဂိုဏ်းများ ထို့ထက် ပိုမို များပြား၍ လာခဲ့ကြပြန်သည်။ (၁၈၇၈) ခုနှစ်က ဖွန်ဆီကာဆိုသူ ရေးသားခဲ့သော ဂိုအာမြို့ ကျောက်စာ သမိုင်းစာအုပ်တွင် ခရစ်ယာန် သာသနာပြုဂိုဏ်း (၄၀) ခန့် အခြေစိုက်မိနေပြီဖြစ်ကြောင်း ဖော်ပြထားလေသည်။ တစ်ဖန် (၁၇) ရာစု အကုန်လောက်တွင် ရောက်ခဲ့ဖူးသော ကပ္ပတိန် ဟမီလ်တန်ဆိုသူက ဂိုအာမြို့တွင် ခရစ်ယာန်ဘာသာဝင် လူဦးရေ တစ်သိန်းခြောက်သောင်းမျှသာ ရှိသော်လည်း ခရစ်ယာန် ဘုန်းကြီးမှာ သုံးသောင်းခန့် ရှိနေသည်ဟု ဖော်ပြခဲ့လေသည်။

ဂျက်ဆူအစ်သာသနာပြုများ နေထိုင်သည့် ကျောင်းကို ပရိုဖက်ဂေဟာ Professed House ဟု ခေါ်ကြသည်။ ထိုကျောင်းသည် ရိုအာဒီရီတာ ကုန်းထိပ်အနီးရှိ ဂျက်ဆူအစ် ဘုရားရှိခိုးကျောင်းနှင့် ဆက်စပ်လျက် တည်ရှိပေသည်။ ၎င်းပရိုဖက် ဂေဟာသည် ဂိုအာမြို့၏ ကြည့်စရာ၊ ရှုစရာကောင်းသော ဌာနများအနက် တစ်ခု အပါအဝင် ဖြစ်သောကြောင့် အထက်တွင် ဖော်ပြခဲ့ဖူးသော မန်ဒယ်လ်ဆိုနှင့် မက်သ်ဝေါတို့လည်း သွားရောက်ကြည့်ရှုခဲ့ကြဖူးလေသည်။ ထိုအခါက ဂျက်ဆူအစ် သာသနာပြုတို့ အဘယ်မျှ အထက်တန်းကျကျ ဇိမ်နှင့် နေထိုင်ခဲ့ကြပုံကို ယခင် မှတ်တမ်းရေးသူက ကျွန်ုပ်လည်း တစ်သက်တွင် တစ်ခါမှ လျှာနှံ့မတို့ခဲ့ရဘူးသော ကနေရီအရက်ကို ထိုဂျက်ဆူအစ်ကျောင်းတွင်မှ သောက်ခဲ့ရဖူးပါသည်ဟု ဖော်ပြခဲ့ခြင်းဖြင့် သိသာနိုင်ပေတော့၏။ ထို့နောက် ခရီးသည်တို့သည် ဘွန်းဂျက်ဆူ Bom Jesus အမည်ရှိ မျှော်စင်ကြီးပေါ်သို့ တက်၍ မြို့တော်၏ ရှုခင်းသာများ၊ မြစ်များ၊ ပင်လယ်ကမ်းခြေနှင့် အနီး ပတ်ဝန်းကျင်ရှိ တောတောင်များ၏ သာယာပုံ ရှုခင်းတို့ကို အသီးသီး ကြည့်ရှုကြလေသည်။ ထိုနေရာသည် စိန့်ဖရစ်ဇေဗီယာ၏ အလောင်းကို မြှုပ်နှံရာ ဌာန ဖြစ်ပေ၏။

## စိန့်ဖရန်စစ်ဇေဗီယာ

ဂျက်ဆူအစ် သာသနာဂိုဏ်း၏ အမည်မှာ ဂိုဏ်းဝင်ပုဂ္ဂိုလ်တို့ အကြိုက်ကို လိုက်၍ မှည့်ခေါ် ထားသော အမည် ဖြစ်သည်။ သို့ရာတွင် ထိုဂိုဏ်းကို စတင် တည်ထောင်သူမှာ ပုဂ္ဂိုလ် နှစ်ဦး မျှသာ ဖြစ်သည်။ ၎င်းတို့မှာ လွိုင်ယိုလာ Loyola ဆိုသူနှင့် ဇေဗီယာ Xavier ဆိုသူတို့ ဖြစ်လေသည်။ ၎င်းတို့သည် ခရစ်ယာန်ဘာသာကို စာတွေ့ထက် ငါတွေ့ကို ပို၍ လေ့ကျင့် လာခဲ့ကြပြီး သာသနာပြုရာ၌ အလွန် ဖွဲကောင်းသော ပုဂ္ဂိုလ်များ ဖြစ်ကြလေသည်။ ၎င်းတို့ နှစ်ဦး စလုံးမှာပင် နာမ်တရား အပေါ် အမျိုးမျိုး ဝေဖန် သုံးသပ် ခဲ့ဖူးကြသည်။ ထို့နောက် တရားပေါက်လာပြီး အမဲလိုက်ခြင်း အလုပ်၊ အိမ်ရာထောင်ခြင်း အမှု စသည်တို့ အပြင် တစ်ချိန်က စပိန် စစ်တပ်တွင် အမှုထမ်းခဲ့သော စစ်မှုထမ်း အဖြစ်တို့ကို အားလုံး စွန့်ပစ် ခဲ့ကြ ပြီးလျှင် သာသနာတော် အရေးသက်သက်ကိုသာ ဆောင်ရွက်ခဲ့ကြလေသည်။

၎င်းတို့သည် ကက်သလစ် သာသနာဂိုဏ်း၏ အယူအဆ အချို့ကို မနှစ်သက်ကြချေ။ မိမိတို့ဘာသာ ခရစ်ယာန် အယူဝါဒသစ် ဂိုဏ်းသစ်ထူထောင် လိုကြသဖြင့် ခရစ်နှစ် (၁၅၄၀) ခုနှစ်တွင် ဂျက်ဆူအစ် သာသနာဂိုဏ်းကို စတင် ထူထောင် ခဲ့ကြသည်။ ထို့နောက် နှစ်ဦးသာ တာဝန် ခွဲဝေကြပြီး လွိုင်ယိုလာက ဥရောပတိုက်တွင် လည်းကောင်း၊ ဇေဗီယာက အာရှတိုက်တွင် လည်းကောင်း အသီးသီး တာဝန်ယူ၍ သာသနာ ပြုကြ လေသည်။ သို့ဖြစ်၍ အရှေ့တိုင်းတွင် ဂျက်ဆူးအစ် သာသနာသို့ ဝင်လာသူ မှန်သမျှတို့မှာ ဇေဗီယာ၏ ကြိုးပမ်းမှုမှ ရရှိ ထွက်ပေါ်လာသော အဖြေများ ဖြစ်ပေသည်။

ဇေဗီယာသည် ဂိုအာမြို့ရှိ အာဏာပိုင်များကို ကျောထောက် နောက်ခံအဖြစ် ရရှိမှသာလျှင် မိမိ၏ သာသနာပြုလုပ်ငန်း အောင်မြင် ထမြောက်မည်ကို သိပေသည်။ ပေါ်တူဂီပြည့်ရှင် တတိယမြောက် ဂျွန်ဘုရင်သည် ၎င်းအား အထူးမစ်ရှင် အဖွဲ့ခေါင်းဆောင် အဖြစ်နှင့် စရိတ်စက အားလုံးကို ထောက်ပံ့ ပေးသည်။ ဂိုအာမြို့ကို တိုက်ခိုက် သိမ်းပိုက်ပြီး မရှေးမနှောင်း စေလွှတ်ခဲ့ဖူးသော ဒိုမီနီကင်နှင့် ဖရန်စစ္စကင် သာသနာပြု တို့သည် ခရစ်ယာန် သာသနာကို မဆိုသလောက်မျှသာ ဖြန့်ဖြူး နိုင်ခဲ့ကြသည်။ တိုင်းရင်းသား တို့ကို မဆိုထားဘိ မိမိတို့ ပေါ်တူဂီ လူမျိုးများကိုပင် ကိုယ့်ဘာသာကိုယ် ရှိသေ ကိုင်ရှိုင်းအောင် မတတ်စွမ်းနိုင် ခဲ့ကြပေ။ နောက်နှစ်ပေါင်း (၇၀) ကြာမှ ရောက်သွားသူ ပိုင်းယဒ် တွေ့ခဲ့ရသော ပေါ်တူဂီတို့ အတိုင်း မိမိ ကိုယ်ကို အထင်ကြီးကာ ဖိမ်ခံ နေကြသည်သာ များပေသည်။ မိမိတို့ သာသနာရေး လုပ်ငန်းကို လုံးဝ ဂရုမစိုက် ကြချေ။

သို့ရာတွင် ဇေဗီယာ အဖို့ကား ဤသို့ မဟုတ်ပေ။ မိမိသည် ဘုရင် ကိုယ်စားလှယ် အဖြစ်နှင့် ဂိုအာမြို့သို့ သွားရလျှင် မိမိ လိုချင်သော ဘာသာရေး ကိုယ်စားလှယ် အစစ်အမှန် အဖြစ် (ရှင်ရိုသေ၊ လူရိုသေ အဖြစ်) သို့ ရောက်မည် မဟုတ်ဟု တွေးမိသည်နှင့် ရောမမြို့ သွားပြီး တတိယမြောက် ပေါလ်သာသနာပိုင်ထံမှ အမိန့်စာ တစ်စောင်ကို ရအောင် ယူခဲ့လေသည်။

ဇေဗီယာသည် ဤနည်းအားဖြင့် ဂိုအာ သင်္ဘောဆိပ်သို့ ပုပ်သာသနာပိုင်၏ ကိုယ်စားလှယ်တော် အဖြစ်နှင့် (၁၅၄၂) ခုနှစ်တွင် ဆိုက်ရောက် လာခဲ့ ပေတော့သည်။ ဂိုအာမြို့ရှိ ခရစ်ယောန်ဂိုဏ်း အသီးသီးမှ အကြီးအကဲများနှင့်တကွ ဂိုအာမြို့သား ကြီးမားသော လူထုကြီးမှာ သင်္ဘောဆိပ်မှ ဆီးကြို နေကြလေသည်။ ဇေဗီယာသည် သင်္ဘောဆိမှ မိမိအတွက် ပြင်ဆင်ထားသော ဂိုဏ်းချုပ်၏ နန်းတော်သို့ ကြွရာ ခရီး တစ်လျှောက်တွင် ဝတ်လုံနွမ်းနှင့် ဝေါယာဉ် မစီးဘဲ ဖိနပ်ခြေနင်းမပါ ဗလာ ခြေကျင် ကြွခဲ့လေသည်။ ထို့နောက်

မိမိအား ဆေးရုံသို့ ညွှန်ပြရန် ပြောလေသည်။ ထိုအခါက ဆေးရုံမှာ အလွန်ရှေးကျသော ဆေးရုံများအတိုင်း အစစ၌ ညံ့ဖျင်းပေရကား ဂျက်ဆူအစ် ဆေးရုံများနှင့် ကွာခြားလှပေသည်။

ထို့နောက် ပရိသတ်များကိုလည်း မိမိနောက်က လိုက်ခဲ့ရန် ခေါ်ဆောင်ကာ ဆေးရုံ ရှိရာသို့ တန်းတန်းမတ်မတ် ကြွသွားလေတော့၏။ သွားလမ်း တစ်လျှောက်တွင်လည်း ရွှင်ပျသော မျက်နှာဖြင့် ကောင်းကင်ဘုံကို မော်ကြည့်ကာ ဆုတောင်းစာများကို ရွတ်ဆိုရင်း တစ်လှမ်းချင်း လျှောက်သွား နေပေသည်။ သူ့မှာ နက်မှောင်သော မျက်လုံးများနှင့် မည်းနက်သော မုတ်ဆိတ် ကျင်စွယ်များ ရှိသော်လည်း မျက်နှာမှာ ကြည်လင်လှပသည်။ သူသည် ဆေးရုံသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကုဋ္ဌနူနာ ရောဂါသည် တစ်ဦး၏ အနာများကို မရွံ့မရှာ ဆေးကြော ကုသ ပေးနေ ပေတော့၏။

သူသည် ဂိုအာမြို့သားတို့ မြင်ကွင်းနှင့် ဆန့်ကျင်သော ဖြစ်ရပ်ကို သယ်ဆောင်၍ မြို့တွင်းသို့ ဝင်ရောင် ခဲ့လေပြီ။ လူအချို့က သူ့ဦးခေါင်း ပတ်လည်၌ အရောင်တွေ ထွက်နေသည် ဟူ၍ပင် တီးတိုး ပြောဆို ကြလေသည်။ သူ့ကိုလည်း ထိုအချိန်က စ၍ ကောင်းကင် ဘုံသား Heavenly Pilgrim ဟု ခေါ်စမှတ် ပြုလာ ခဲ့ကြပေတော့သည်။

သို့ရာတွင် ဂိုအာမြို့ရှိ ပေါ်တူဂီများ အထူးသဖြင့် အထက်တန်းစားတို့ကမူ အရှေ့တိုင်း ဒေသ၌ ယင်းသို့ ပြုမူသော မည်သည့် မျက်နှာဖြူ လူမျိုးကို မဆို အသိအမှတ် မပြုလို ကြချေ။ ထိုအချိန်လောက်က ဆိုးရက် Soares ဆိုသူ ရေးခဲ့သော ပေးစာ တစ်စောင်၌ ပါရှိသည်မှာ 'အထက်တန်းစား လူများကပင် ဒီလို အကြိုအကြားက လူညံ့မျိုးကို ဒီအရပ်သို့ ပို့လိုက်ခြင်းမှာ မဖွယ်မရာ လွန်စွာ မှားယွင်းလှသည်' ဟု ပြောဆို နေကြပါသည်။ 'ဒီလို လူဖြူ မျိုးကြောင့် တိုင်းရင်းသားတွေ ရောင့်တက်ပြီး အရိုအသေ တန်လာကြတော့ မှာပဲ။ ဘာပြုလို့လဲ ဆိုတော့ ငါတို့ကို သူတို့တွေက အင်မတန် ကြီးကျယ်သော လူမျိုးတွေ ဖြစ်ပြီး ရောမ ပုဂ္ဂိုလ် ထူးတွေလို့ ထင်နေကြလို့ ဖြစ်တယ်' ဟု ၎င်း၏ ဆူပင်နာ ဆော့ဖ်ဇေဗီယာ ဆိုသော စာအုပ်ထဲမှာ ရေးသား ထားခဲ့လေသည်။

သို့သော်လည်း ဇေဗီယာသည် ဟိုမှသည်မှ သွားလာသောအခါ ဖိနပ်ခြေနင်း မပါဘဲ ဟောင်းနွမ်း စုတ်ပြဲသော ဝတ်လုံဖြင့်သာ သွားလာလျက် ကျေးကျွန်များကို နှစ်သိမ့်စကား ပြောကြားခြင်း၊ လူနာများကို ကြင်ကြင်နာနာ ပြုစုခြင်း၊ ချို့ငဲ့သူများကို ဖြည့်စွမ်းခြင်း၊ အလ်ဂျာဘာနှင့် ဆလာဒတ်ဘရောဂတ် အကျဉ်းထောင် များသို့သွား၍ အကျဉ်းသားတို့ကို တရားဟောက အတူတကွ ဆုတောင်း ပတ္တနာပြုခြင်း စသော ကယ်တင်ခြင်း လုပ်ငန်းများကို စိတ်ပါလက်ပါ လုပ်လျက်သာ နေခဲ့ပေသည်။ သူ၏ ကရုဏာတရား၊ မေတ္တာ တရားတို့သည် သတ္တဝါအများ၏ ခန္ဓာကိုယ်ထဲသို့ တစိမ့်စိမ့် စီးဝင် နေကြ သလော မသိ၊ အတန်ကြာလျှင်ပင် မှူးကြီးမတ်ကြီး တို့ကစ၍ လူကုံထံပိုင်း၌ ၎င်းကို လေးစား ယုံကြည် လာရုံမက ဘုရားသခင်၏ ကိုယ်စားလှယ်တော် အစစ်ပေတည်းဟု အသိအမှတ် ပြုလာ ကြလေတော့သည်။

ခရစ်နှစ် (၁၅၄၂) ခုနှစ်တွင် ဂိုအာမြို့သည် စည်းကမ်းမရှိ ပရမ်းပတာ ဖြစ်နေသော မြို့ပေတည်း။ အုပ်ချုပ်ရေးဘက်က အရာရှိများသော်လည်းကောင်း၊ သာသနာရေးဆိုင်ရာ ပုဂ္ဂိုလ်များသည် လည်းကောင်း မြို့ကို အခြေတကျ မအုပ်စိုး နိုင်ခဲ့ကြချေ။ လူသတ်မှုများ မကြာခဏ ပေါ်ပေါက် တတ်သော်လည်း ဘယ်အခါမှ ဖမ်းဆီး အရေးယူခြင်း၊ စစ်ဆေး၍ အပြစ် ဒဏ်ပေးခြင်း ဟူ၍ မကြားကြရပေ။ ဆိုင်ရာသို့ တိုင်ကြားခြင်း ပြုလျှင်လည်း အရေးယူသည် ဟူ၍ မရှိ။ ပင်လယ် ကမ်းခြေ တစ်လျှောက်ရှိ ခံတပ်တွင်းက စစ်သားတို့

ဆိုလျှင်လည်း ဘုရားတရားကို သတိမရ။ ဘုရားရှိခိုးကျောင်း တက်ရန် ဝေလာဝေး ဖြစ်နေ ကြကုန်၏။ မိမိတို့ အခုလို အရှေ့တိုင်းသို့ နယ်ချဲ့ တိုက်ခိုက်ကြရသည့် အကြောင်းရင်းမှာ ခရစ်ယာန် သာသနာ ပြန့်ပွားရေး အတွက် အဓိက ဖြစ်သည်ကိုလည်း သတိ မမူ ကြတော့ချေ။

ထိုအခိုက် စိန့်ဖေဗီယာ၏ သာသနာပြုလုပ်ငန်း ဖြုန်းခနဲ ရောက်လာသောအခါ ၎င်းတို့ မေ့လျော့ပေါ့ဆ ခဲ့သည်များ အတွက် အလန့်တကြား ဖြစ်လာတော့သည်။ မိမိတို့ အသက် ဝိညာဉ် အတွက် ထိတ်လန့်တကြား ဖြစ်လာကြတော့သည်။ သို့နှင့် သာသနာပြု လုပ်ငန်း ပုံစံသစ် တစ်ခုကြောင့် သာသနာပြု ဌာနသစ်များ၊ အဆောက်အအုံ သစ်များ တစ်ခုပြီး တစ်ခု တိုးတက် လာခဲ့ပြီးနောက် ပိုင်းယဒ် ရောက်သွားသော အချိန်၌ ရွှေမြို့တော်ဟု ခေါ်ဆို နိုင်လောက်အောင် သာသနာ့ အဆောက်အအုံများနှင့် ခေါင်းလောင်းသံများ တစ်မြို့လုံး လျှံနေ လေတော့သည်။

စိန့်ဖေဗီယာ ဂိုအာမြို့၌ နေထိုင်၍ သာသနာပြုခဲ့သည်မှာ များစွာ မကြာလှပေ။ ဂိုအာမြို့က ပေါ်တူဂီတို့ကို ဘဝသစ် ပြောင်းပေးခဲ့သော သူ၏ သာသနာပြု လုပ်ငန်းမှာ အာရှတိုက်ရှိ ဘာသာမဲ့တို့ကို သာသနာပြုခြင်း၏ အစ ခြေလှမ်းမျှသာ ဖြစ်လေသည်။ နောက်ပိုင်း ဂျက်ဆူအစ် သာသနာပြုများကဲ့သို့ ထိပ်ပိုင်းအစိုးရ အရာရှိများနှင့် ပညာတတ်တို့ကို ချဉ်းကပ်ခြင်း မပြုဘဲ ဆင်းရဲသား ကျောမွဲ လူနံလူအများနှင့် ဒုက္ခိတတို့ကိုသာ ချဉ်းကပ်၍ တရားဓမ္မ ဟောပြောပြသခြင်း၊ ကူညီမစခြင်း ပြုလေသည်။ သူသည် ထိုလူမျိုးတို့၏ နှလုံးသားကို အကောင်းဆုံး တရားဖြင့် တွေ့ထိ ပေးခဲ့လေသည်။ မိမိ၏ နမူနာကို လိုက်နာ ကျင့်ကြံခြင်း အားဖြင့် ကက်သလစ် ခရစ်ယာန် အယူဝါဒ၏ နှစ်သက်ဖွယ်ရာကို လှစ်ပြနိုင်ခဲ့ လေသည်။

သူသည် တိုင်းရင်းသားတို့ကို နှစ်နှစ်ကာကာ ချစ်ခင်ခဲ့သည်မှာ ယုံမှားဖွယ် မရှိချေ။ သူသည် ဟိန္ဒူဘာသာနှင့် တကွ အခြား ဘာသာဝါဒ တို့ကို တစ်လုံးတစ်ပါဒမျှ သင်ကြား နာယူခြင်း မပြုခဲ့ချေ။ သူသည် တကယ် သန့်ရှင်းသော ပုဂ္ဂိုလ် ဖြစ်ပေသည်။ အမှန်တရား၌ ယုံကြည်ခြင်း တည်းဟူသော မီးရှူး တန်ဆောင်တိုင်ကို ကိုင်ဆောင်ကာ အိန္ဒိယပြည် တောင်ပိုင်းမှ ဖြတ်၍ သာလွန်ဝေးကွာသော အရှေ့တိုင်း ဒေသများဆီသို့ ဆက်လက် ချီတက် ခဲ့ပြန်လေသည်။

သူသည် ဂျပန်ပြည်တွင် သာသနာပြုပြီးနောက် တရုတ်ပြည်သို့ ထွက်ခွာခဲ့ပြန်သည်။ သို့ရာတွင် (၁၅၅၂) ခုနှစ်၊ နိုင်ဝင်ဘာလ (၂၇)ရက် နေ့တွင် ကန်တုန်မြစ်ဝ အနီးရှိ ဆန်ချွမ် San Chuan (ယခု မကာအို) မြို့တွင် ကွယ်လွန် အနိစ္စ ရောက်ခဲ့ရလေသည်။ သူ၏ သာသနာပြု နိုင်ခဲ့သဖြင့် လူပေါင်း ထောင်သောင်းမက ခရစ်ယာန် ဘာသာသို့ ကူးပြောင်း ဝင်ရောက် ခဲ့ကြလေသည်။ မနားမနေ ကြိုးပမ်း ခဲ့ခြင်းကြောင့် သူ၏ ကျန်းမာရေးသည်လည်း ကျဆင်းလာခဲ့ရပေသည်။ သူသည် အပူပိုင်း ဒေသ၏ နေရောင် အောက်တွင် လည်းကောင်း၊ မုတ်သုန်ရာသီ၏ မိုးသီး မိုးပေါက်များ အောက်တွင် လည်းကောင်း ဖိနပ်မပါ၊ ထီးမပါဘဲ တွင်တွင်သာ ခြေကျင် လျှောက်၍ ရောက်ရာ အရပ်တွင် ဖြစ်သလိုနေ၊ ဖြစ်သလိုစားလျက် ညအိပ်ချိန်ကို သုံးနာရီမျှသာ ထားပြီး အပြင်းအထန် သာသနာ ပြုခဲ့ပေသည်။ သူသည် တကယ် ကျင့်ခဲ့ပေသတည်း။

## စိန့်ဖေဗီယာ၏ အလောင်း

စိန့်ဖေဗီယာ၏ ဘဝသည် ပေါ်တူဂီ လူမျိုးတို့ အာရှတိုက်ကို ကျူးကျော် ဝင်ရောက်သော အရေး၏ အမြင့်ဆုံး အပိုင်းမှနေ၍ ကိုယ်စားပြု ပေးသကဲ့သို့ ရှိလေသည်။ သူ ကွယ်လွန် ပြီးသည်၏ နောက်ပိုင်း၌ မည်သို့

ဖြစ်နေသည်ကိုတော့ လူသိနည်းလှ၏။ သူ့ အတ္ထုပ္ပတ္တိမှာ နောက်ပိုင်း ရောက်လာသော ပုဂ္ဂိုလ်များထက် ပိုမို၍ ထူးထူးခြားခြား ဆန်းဆန်းကြယ် ဖြစ်နေ သောကြောင့် ဂိုအာမြို့ကို ရွှေမြို့တော်ကြီး အဖြစ် ရောက်လာအောင် ကြီးကျယ် စည်ကား စေခဲ့လေသည်။

လူသူ နည်းပါး ကင်းဆိတ်လှသော ဆန်ချူအန်ခေါ် တရုတ် တံငါသည်တို့ နေထိုင်ရာ ကျွန်းကလေးပေါ်တွင် အထီးကျန်လျက် ကွယ်လွန်ခဲ့သောအခါ ၎င်းအား အန်ထော်နီဒီ ဆန်တာဖဲ အမည်ရှိ တရုတ်ခရစ်ယာန် တစ်ဦးသာလျှင် အနီးတွင် စောင့်ရှောက် ပြုစုသူ ရှိလေသည်။ ထိုတရုတ် လူငယ်သည် စိန့်ဇေဗီယာ၏ အလောင်းကို မြေမြှုပ်သင်္ဂြိုဟ် သောအခါ တောခွေးများ လာရောက် တူးဖော် စားသောက်ခြင်း မပြုနိုင်စေရန် အလောင်းရှိရာ တွင်းကို ထုံးမှုန့်များနှင့် ဖုံးပြီး အပေါ်က မြေဖို့ ထားခဲ့လေသည်။

စိန့်ဇေဗီယာ ကွယ်လွန်သော သတင်း မလက္ကာမြို့သို့ ရောက်လာသောအခါ အုပ်ချုပ်ရေးဘက် ဆိုင်ရာ အာဏာပိုင်တို့သည် သူ၏ အလောင်းကို ပြန်လည် ယူဆောင်ရန် ချက်ချင်း အရေးတကြီး စိုင်းပြင်း ကြပြီးနောက် စုံစမ်း ရှာဖွေရေး အဖွဲ့တစ်ခု စေလွှတ် လိုက်ရာ ထိုအဖွဲ့သည် (၁၅၅၃) ခုနှစ် ဖေဖော်ဝါရီ (၁၇) ရက်နေ့တွင် ဆန်ချူအန်မြို့သို့ ဆိုက်ရောက် ကြလေသည်။ ထိုအချိန်မှာ ဇေဗီယာ ကွယ်လွန်ပြီးနောက် သုံးလကြာ ရှိခဲ့ လေပြီ။ မလက္ကာမြို့သည် ထိုအခါက (ယခု စင်္ကာပူအနီး) ရေလက်ကြားကို စိုးမိုးနေသော ပေါ်တူဂီ တို့၏ ခံတပ် စခန်းမြို့ ဖြစ်သည့်ပြင် ဆန်ချူအန်နှင့် အနီးဆုံး ပေါ်တူဂီပိုင်နက် ဒေသတစ်ခု မကာအိုမြို့နေရာတွင် တည်ရှိ၍ စိန့်ဇေဗီယာ ကွယ်လွန်ပြီးနောက် (၅) နှစ်ကြာမှ မကာအိုမြို့ကို တည်ထောင်ခြင်း ဖြစ်သည်။

စေလွှတ်လိုက်သော အဖွဲ့သည် စိန့်ဇေဗီယာ၏ အလောင်းမြေပုံကို တူးဖော်ကြသောအခါ စိန့်ဇေဗီယာ၏ အလောင်းမှာ မပုပ်မပွဘဲ ပကတိအတိုင်း တည်ရှိနေသဖြင့် ထူးဆန်းသော ဖြစ်ရပ်ကို အံ့သြဖွယ် တွေ့မြင် ကြရလေသည်။ တရုတ်လူငယ် ဆန်တာဖဲ၏ အမှတ်မထင် ပြုလုပ်ခဲ့သော ထုံးမှုန့်များကြောင့်ပင် ယင်းသို့ ခန္ဓာကိုယ် မပျက်မစီးဘဲ ပကတိ အတိုင်း တည်ရှိနေဟန် တူပေသည်။ ပေါ်တူဂီတို့လည်း စိန့်ဇေဗီယာ၏ အလောင်းကို ဆေးကြော သန့်စင် စေပြီးနောက် သင်္ဘောနှင့် တင်ဆောင် လာခဲ့ကြပြီးလျှင် မလက္ကာမြို့မှာပင် ခေါင်းသွင်း၍ မြှုပ်နှံ ထားကြ ပြန်လေသည်။

ထိုအဖြစ်အပျက်များကို ဂိုအာဘုရင်ခံချုပ်ထံ အစီရင်ခံစာ ရောက်ရှိသွားသောအခါ ဘုရင်ခံချုပ်သည် ဂိုဏ်းအုပ် ဘုန်းကြီးတစ်ပါးကို စေလွှတ်ကာ အလောင်းကို ဂိုအာမြို့သို့ ယူဆောင်ခဲ့စေပြန်တော့၏။ စိန့်ဇေဗီယာ၏ အလောင်းကို နိုင်ငံတော် ဈာပနအဖြစ် သင်္ဘောဆိပ်မှနေ၍ တခမ်းတနား ဆီးကြို သယ်ယူကြပြီးလျှင် ဂျက်ဆူအစ်ကောလိပ်ဟု ခေါ်သော စိန့်ပေါလ် ဘုရားရှိခိုးကျောင်းတွင် ထားရှိကြလေသည်။ ထို စိန့်ပေါလ်ဘုရား ရှိခိုးကျောင်းမှာ ပရိဖက်ဂေဟာ (ယခင်က စိန့်ဇေဗီယာ နေခဲ့သောကျောင်း) မှ အရှေ့ဘက်သို့ မိုက်ဝက်ခန့်သာ ကွာဝေးလေသည်။ စိန့်ဇေဗီယာ၏ အလောင်းကို ထိုအခါက ကြိုဆို ခဲ့ကြသော အခမ်းအနားမှာ စိန့်ဇေဗီယာ ကိုယ်တိုင် သာသနာပိုင်၏ ကိုယ်စားလှယ် အဖြစ်နှင့် ပထမရောက်စ အခါတုန်းက ကြိုဆို ခဲ့ကြပုံထက် ကွာချင်သမျှ ကွာလျက် များပြားလှသော လူထု ပရိသတ်ကြီးနှင့် အစည်ကားကြီး စည်ကားပေတော့သည်။

ခေါင်းကို ဖွင့်လိုက်သောအခါ အလောင်းသည် အကောင်းပကတိ ဖြစ်၍ အသားအရေ လတ်လတ်ဆတ်ဆတ်ပင် ရှိလေသည်။ နောက် တစ်နှစ်စေ့၍ နှစ်ပတ်လည် ပွဲနေ့ ကျင်းပသော အခါ ပွဲတော်သို့ လာရောက်သမျှ လူထု ပရိသတ်အား အလောင်းကို ဖွင့်ပြကာ ကြည့်ရှုရန် ထားရုံမက အလောင်း၏ ခြေဖဝါးကို

ရှိသေစွာ နမ်းစုပ်၍ အလေး ပြုခွင့်လည်း ပေးခဲ့ ကြရလေသည်။ ထိုအချိန်၌ တစ်နေ့သောအခါ အစ်ဖ်ဘဲလားဒီကာရွန် အမည်ရှိ အမျိုးသမီးတစ်ဦးသည် ကိုးကွယ်လိုသဖြင့် ခြေချောင်းကလေး တစ်ခုကို ပါးစပ်နှင့် ငုံဟန်ပြုပြီး သွားဖြင့် ကိုက်ဖြတ်၍ မျိုချ လိုက်သောကြောင့် ခြေချောင်းငယ် တစ်ချောင်း ပျောက်ဆုံး ခဲ့ရလေသည်။

သို့သော်လည်း ထိုအချိန်ကစ၍ စိန့်ဇေဗီယာ၏ အလောင်းကို တစ်နှစ်တစ်ကြိမ် အခမ်းအနားဖြင့် ဖွင့်လှစ်မြဲ ဖွင့်လှစ်ကာ ဂုဏ်ပြုပွဲ ကျင်းပ လာခဲ့ကြပေသည်။ ဂျီနောဝမြို့သားတို့ကဲ့သို့ ဝေးလံသော ဒေသ ကမ္ဘာအရပ်ရပ်မှ ပရိသတ်များနှင့် ဂိုအာမြို့ ထက်ဝန်းကျင် မိုင်ခြောက်ဆယ်ခန့် အတွင်းမှ ပရိသတ်များ စည်ကား သိုက်မြိုက်စွာ လာရောက် အလေးပြုကြသည်။ သို့နှင့် အလှူငွေများလည်း ဒီရေစီးဝင် သကဲ့သို့ ဒလဟော တိုးဝင် လာကြသဖြင့် ဂျက်ဆူအစ် သာသနာပြု လုပ်ငန်းအတွက် ရန်ပုံငွေများမှာ အဆမတန် တိုးတက် များပြား လာပေတော့သည်။

ထို့နောက် နှစ်ပေါင်းတစ်ရာခန့် ကြာပြန်သော် စိန့်ဇေဗီယာ၏ အလောင်းမှာ ခြေချောင်းကလေး တစ်ခု ပျောက်ဆုံး ရပြန်လေသည်။ နှစ်ပတ်လည် ပွဲနေ့တိုင်လျှင် လူထု ပရိသတ် အလွန် ကြီးမားလှ၍ ထိန်းမနိုင် သိမ်းမရ လူအုပ်ကြီးနှင့် ရောနှော ရှုပ်ထွေး နေသဖြင့် မည်သူ ခိုးယူသွားသည်၊ မည်သို့ ပျောက်ဆုံး ရသည်ဟူ၍ မသိလိုက်ကြရချေ။ (၁၆၁၄) ခုနှစ်သို့ ရောက်သော စိန့်ဇေဗီယာ၏ လက်ယာဘက် လက်တစ်ချောင်းလုံးကို ခရစ်ယာန် သာသနာပိုင် ရဟန်းမင်းကြီးက အလှူခံသောကြောင့် လက်မောင်းရင်းမှ ဖြတ်၍ ပုပ်ရဟန်းမင်း စံရာ ဗာတီကင်နန်းတော်သို့ ပို့ဆက် လိုက်ကြလေသည်။ ထို့နောက် နှစ်အနည်းငယ် ကြာသောအခါ စိန့်ဇေဗီယာ အား သန့်ရှင်းသော ဝိညာဉ်တော်ဟု Canonized သာသနာရေး ဆိုင်ရာမှ အသိအမှတ် ပြုလိုက်လေသည်။

ခရစ်နှစ် (၁၆၂၄) ခုနှစ်ဆိုလျှင် စိန့်ဇေဗီယာ၏ အလောင်း စိန့်ပေါလ် ဘုရားရှိခိုးကျောင်းသို့ ရောက်ခဲ့သည်မှာ ခုနှစ်ဆယ့်တစ်နှစ် ပြည့်လေပြီ။ ထိုနှစ်တွင် အလောင်းကို ဘွန်းဂျက်ဆု ဘုရားရှိခိုး ကျောင်းသို့ ပြောင်းရွှေ့ပြီး ဂုဏ်ပြုပွဲများကိုလည်း တစ်မျိုးတစ်ဖုံ စီမံ၍ ထူးခြားစွာ ကျင်းပ ခဲ့ကြလေသည်။ ထိုအချိန်က ယင်းဂုဏ်ပြုပွဲသို့ ရောက်ရှိခဲ့ဖူးသော အီတလီ လူမျိုး ခရီးသည် ပီထရိုဒီလာဗာလီ Pietro Della Valle ဆိုသူက သူ၏ ဝတ္ထု Viaggi အမည်ရှိ စာအုပ်၌ အောက်ပါအတိုင်း ဖော်ပြထားလေသည်။

အလောင်းမှာ ဘွန်းဂျက်ဆု ကျောင်းတော်၌ အစဉ်အမြဲ ရှိနေပေသည်။ (၁၇) ရာစုနှစ် အတွင်း တစ်နှစ်တစ်ကြိမ် ခေါင်းကိုဖွင့်၍ အလောင်းကို လူအများ ကြည့်ရှုနိုင်ရန် ထုတ်ပြလေ့ ရှိရာ ဥရောပတိုက်သား ခရီးသည်များသည် ထိုအချိန်ကို မီအောင် လာရောက် ကန်တော့လေ့ ရှိကြသည်။ (၁၆၇၅) ခုနှစ်တွင် ဂိုအာမြို့သို့ ရောက်ရှိခဲ့သော ကပ္ပတိန် ဖရိုင်ယာ ဆိုသူက စိန့်ဇေဗီယာ၏ အလောင်းမှာ အသားအရေ အကောင်းပကတိပင် ပန်းရောင်သွေး ကဲ့သို့သော အဆင်း ရှိနေသေးကြောင်း ရေးသား ဖော်ပြထားလေသည်။

နှစ်ကာလ များပြားရှည်းလျားလာလေလေ စိန့်ဇေဗီယာ၏ ဂုဏ်ပြုပွဲသို့ သွားရောက် ကြသော လူများမှာ ကလေးမရသော မိန်းမမြို့များ သားသမီး ရကြကြောင်း၊ ခြေလက် မသန်မစွမ်း သူများ လူကောင်း ပကတိကဲ့သို့ ကခုန်နိုင်ကြကြောင်းနှင့် ဘုရားမရှိ၊ တရားမရှိ ဘာသာမဲ့သမား များစွာပင် အကျွတ်တရားရပြီး ခရစ်ယာန်ဘာသာသို့ သက်ဝင် ယုံကြည် လာကြကြောင်း စသည်ဖြင့် အမျိုးမျိုး စွဲလမ်းပြောဆို ကြလေသည်။

ထိုသို့သော ကျော်စောသတင်းတို့မှာ အိန္ဒိယပြည်တွင်း၌ မပေါ်မလွင် တိမ်မြုပ်နေသော် ငြားလည်း ဥရောပတိုက် တစ်ခွင်၌မူ အလွန်ပင် ထင်ရှား ပျံ့လွင့်လျက် ရှိပေသည်။ ထို့ကြောင့် ခရစ်နှစ် (၁၆၉၀) ခုနှစ်၌

ယူဆောင် ပေးပို့ခဲ့သော စိန့်ဇေဗီယာ၏ ဦးထုပ်ကို လိုချင် လှသဖြင့် အလှူငွေ မြောက်မြားစွာပေး၍ တောင်းယူခဲ့ဖူးလေသည်။ ထိုဦးထုပ်မှာ စိန့်ဇေဗီယာ၏ အလောင်းတွင် နှစ်ပေါင်း (၁၃၈) နှစ်ခန့် ဆောင်းထားခဲ့သော ဦးထုပ်ဖြစ်၍ အမြတ်တနိုး ကိုးကွယ်ရန် တောင်းဆိုခြင်း ဖြစ်လေသည်။ ထိုဦးထုပ်ကို မာရီယာဆိုဖီယာ ဘုရင်မထံသို့ ပေးပို့ခဲ့ကြသဖြင့် (၁၆၉၃) ခုနှစ်တွင် ဘုရင်မကိုယ်တိုင် လုပစ္စာ ချုပ်လုပ်သော ဆွယ်တာ အင်္ကျီ၌ Suo S: Xaverio Maria Sophia Regina Portugalis ဟူသော ပန်းအက္ခရာကို ထိုး၍ ပေးပို့လှူဒါန်းခဲ့လေသည်။

ထိုသတင်းကို ကြားရသောအခါ တာ့စကင်နီ နယ်စားကြီးလည်း အားကျလာပြီးလျှင် (၁၆၉၅) ခုနှစ်တွင် ဘွန်းဂျက်ဆု ကျောင်းတွင်းက စိန့်ဇေဗီယာ အလောင်း၏ ဦးခေါင်း အောက်က ခေါင်းအုံးကို အလိုရှိသဖြင့် လက်ရှိ အလောင်းဂူထက် အဆမတန် ပိုမို ကောင်းမွန်သော ဂူတစ်ခု ပြုလုပ် လှူဒါန်းရန် ကတိပြုကာ ထိုခေါင်းအုံးကို တောင်းဆိုလာပြန် လေသည်။ သူ၏ တောင်းဆိုချက်ကိုလည်း အလားတူ လက်ခံကာ ခေါင်းအုံးကို ပေးလိုက် ကြပြန်သည်။ သူဘာကြောင့် အလိုရှိသည်ကိုမူ မည်သူမျှ မသိကြပေ။ သို့ရာတွင် သူသေသည့် အခါ ထိုခေါင်းအုံး အုံး၍ သေရန် အသုံးပြုဖို့ ဖြစ်သည်ဟု ထင်ကြလေသည်။

သူသည် ထိုခေါင်းအုံးကို ရသည့်အတွက် အလွန် အဖိုးထိုက်တန်သော ဒါနကို တုံ့ပြန်ခဲ့ပေသည်။ သူသည် ကောင်းမေ့ဆိုသော ပန်းချီဆရာ၊ ပန်းပုဆရာ၊ ဗိသုကာဆရာတို့ကို ကျောက်ဖြူ ကျောက်သား အစစ်တို့ဖြင့် စီမံသွင်းနံ ထုလုပ်အပ်သော ခေါင်းတစ်လုံးကို ထည့်သွင်း ပေးပို့လိုက်လေသည်။ ငွေသား သက်သက်သည်ပင်လျှင် ပေါင်တစ်ထောင် တန်လေသည်။ ထိုဂူကို ယခုတိုင်အောင် ဘုန်းဂျက်ဆု ကျောင်းတော်၏ တောင်ဘက် စမုတ်ဆောင်၌ တွေ့မြင်နိုင်ကြပေ၏။

ဂျက်ဆူအစ် ဘာသာဝင်တို့သည် ထိုအချိန်လောက်ကစ၍ စိန့်ဇေဗီယာ၏ အလောင်းကို မကြာခဏ ဖွင့်လှစ်ခြင်း မပြုတော့ဘဲ ရံဖန်ရံခါမှသာ ဖွင့်လှစ် ပြသကြတော့သည်။ အဘယ်ကြောင့် ဆိုသော် အပူပိုင်း ဒေသအတွင်း၌ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်၍ အလောင်း၏ အသားအရေတို့မှာ အတော်ပင် ခြောက်ကပ်လာပြီ ဖြစ်သောကြောင့်တည်း။ သို့နှင့် ခရစ်နှစ် (၁၇၀၀) ပြည့်နှစ်၌ ဂိုအာမြို့သို့ ရောက်လာသော ဟမီလ်တန် Hamilton ဆိုသူ သင်္ဘောကပ္ပတိန် တစ်ဦးသည် ဘွန်းဂျက်ဆုကျောင်းသို့ သွားရောက် လည်ပတ်ပြီးလျှင် ပေါ်တူဂီတို့သည် ဖယောင်းပုံ လုပ်ထားသော အလောင်းကို ပြကာ ခရစ်ယာန် ဘုရားဖူးတို့ ထံမှ ငွေချူ နေကြကုန်၏ ဟု သူ၏ မှတ်တမ်း၌ ရေးသား ဖော်ပြ ခဲ့လေသည်။

နှစ်ပေါင်းများစွာ ကုန်လွန်ခဲ့ပြီး (၁၈၅၉) ခုနှစ်သို့ ရောက်သော အခါ ဂိုအာမြို့တော်မှာ အတော် ပျက်စီးလျက် သာသနာရေးဂိုဏ်း အားလုံးကို မြို့မှ နှင်ထုတ်၍ ဘုရားရှိခိုး ကျောင်းများကိုပါ ပိတ်ပစ်ရသည် အထိ ငွေရေး ကြေးရေး ကျပ်တည်း လာသောကြောင့် ရေကြောင်း ဗိုလ်ချုပ် တစ်ယောက်၏ အခကြေးငွေမှာ သာမန် လှေသူကြီး တစ်ယောက်၏ အခလောက်မျှ မရအောင် လွန်စွာ အခြေအနေ ဆိုးဝါး ခဲ့ကြလေသည်။ ထိုအခါ ဘုရင်ခံချုပ် မြို့စားကြီး ကော်ရီယာ Vasconcellors Correia သည် ဆရာဝန်များ ပါဝင်သော ကော်မတီ တစ်ရပ် ဖွဲ့စည်းပြီးလျှင် စိန့်ဇေဗီယာ၏ အလောင်းကို စစ်ဆေး၍ အစီရင်ခံစေခဲ့လေသည်။ ထိုကော်မတီလည်း အမိန့်အတိုင်း အလောင်းကို အသေးစိတ် စစ်ဆေး ကြည့်ရှုကြသောအခါ ပထမဦးစွာ အလောင်းသည် အရပ် (၅) ပေမှ လေးပေခွဲအထိ ရှုံ့ဝင်နေသည်ကို တွေ့ကြရလေသည်။ သူတို့သည် ပျောက်ဆုံးနေသော ခြေချောင်းကလေး များကို ရေတွက်ခြင်း၊ လက်တစ်ဖက် မရှိတော့သည်ကို မှတ်သားခြင်း၊ ရေးက ပန်းရောင် သွေးထနေသော အသားအရေများမှာ ဖျော့တော့တော့ ဖြစ်နေခြင်း၊ မျက်နှာ၌

ခြောက်သွေ့သော ဖုန်မှုန့်များ ဖုံးလွှမ်းနေခြင်း၊ ဆံပင်များမှာမူ ပကတိအတိုင်း ရှိသေးခြင်း စသည်တို့ကို အသီးသီး အသေးစိတ် မှတ်သားလျက် တစ်ကိုယ်လုံး ခြုံ၍ကြည့်လျှင် အကောင်း ပကတိပင် ရှိနေသေးကြောင်း အစီရင်ခံစာ တစ်စောင် ရေးသားတင်သွင်း လိုက်ကြလေသည်။ နှစ်ပေါင်း သုံးရာကျော်မျှ ရာသီဥတု အပြောင်းအလဲ များကို ရင်ဆိုင် ဆုံစည်း ခဲ့ရသော်လည်း ကံအားလျော်စွာ ဆန်တာဖဲ၏ အမှတ်မထင် ထုံးမှုန့် ဖြူးမိခြင်းကို အကြောင်းပြု၍ စိန့်ဇေဗီယာ၏ အလောင်းမှာ မပုပ်မသိုးဘဲ ရှိရာ တာရှည်ခံအောင် လုပ်ပေး သကဲ့သို့ ဖြစ်နေပေတော့သည်။

## ပေါ်တူဂီတို့၏ ခရစ်ယာန်သာသနာ သန့်ရှင်းရေးလုပ်ငန်း

ဂျက်ဆူအစ်ပရိုဖက် ဂေဟာ၏ မြောက်ဘက် (၂) ဖာလုံခန့် အကွာတွင် ရှိသော ဘေဘီရိုဒီဆာဘာအို အမည်ရှိ ဥယျာဉ်၌ တောင်ဘက်ခြမ်း တစ်ခုလုံးကို ငုံ၍ နန်းတော်ကြီး တမျှ ခမ်းနားစွာ ဆောက်လုပ်ထားသော အဆောက်အအုံကြီး တစ်ခု ရှိလေသည်။ ထို အဆောက်အအုံကြီးကို ခရစ်ယာန်သာသနာ့ သန့်ရှင်းရေး နန်းတော် Palace of the Holly Inquisition ဟု ခေါ်လေသည်။

၎င်း၏ ကျောက်ခဲများနှင့် စီခင်းထားသော မျက်နှာစာ အခင်းသည် ရက်စက်ခြင်းနှင့် သွေးစွန်းခြင်း အထိမ်းအမှတ်သဖွယ် ရှိနေပြီ။ ခန်းမဆောင်ကြီး အတွင်းဘက်သို့ ရောက်အောင် ဖြတ်ဝင်လျက် ရှိပေသည်။ နောင်တစ်ခေတ်၌ ထိုနေရာသို့ ရောက်ခဲ့သော ကပ္ပတိန် ဖရင်ကလင်ဆိုသူက ထိုခန်းမဆောင်တွင် တံခါးပေါက်ကြီး သုံးခုရှိ၍ ဘေးတစ်ဖက် တစ်ချက်ရှိ တံခါးနှစ်ပေါက်မှာ Inquisitors ခေါ် သာသနာဖျက် (အချုပ် ခံရမည့် သတ္တဝါ) များအတွက် သီးသန့်ထားသော အခန်းများသို့ သွားရန် ဦးဆောင်လျက်ရှိပြီး ကျန်တစ်ခုမှာ Santo Officio ခေါ် အမှုစစ်ဆေးသော အလယ်ခန်းမ ဆောင်ကြီးသို့ ဝင်ရန် တံခါးပေါက် ဖြစ်လေသည်။

ထိုခန်းမဆောင်ကြီးမှာ သက်ာ မကင်းဖွယ်သော သာသနာဖျက် ဒိဋ္ဌိများကို စုံစမ်း စစ်ဆေးလေ့ ရှိသော တရားရုံးဖြစ်၍ အခန်း အလယ်ကောင်တွင် စင်မြင့်တစ်ခုနှင့် ၎င်းစင်မြင့်ပေါ်၌ စားပွဲတစ်လုံး တည်ရှိလေသည်။ အခန်းနံရံ လေးဘက်တွင် အစိမ်းရောင် ခန်းစီးများ ကာရံ ဆွဲချိတ်ထားပြီး ၎င်းတို့၏ မျက်နှာမူရာ နံရံတစ်ဖက်၌ ပကတိ လူ၏ အရွယ်မျှ ထုလုပ်ထားသော ခရစ်တော်အား လက်ဝါးကပ်တိုင် တင်ထားပုံတစ်ခု ရှိလေသည်။

ခရစ်ယာန် ဘာသာဝင် မဟုတ်သူများနှင့် ခရစ်ယာန် သာသနာဖျက်ဟု စွပ်စွဲခံရသော တရားခံတို့သည် ထိုခရစ်တော် လက်ဝါးကပ်တိုင် တင်ထားပုံကို မော်ကြည့်ပြီး တစိမ့်စိမ့် ထိတ်လန့် ကြောက်ရွံ့လာလောက်အောင် တကယ်ပင် ဒုက္ခ ခံစားနေရပုံကို ထုလုပ် ထားသဖြင့် သရုပ်ပေါ်လှပေသည်။ ၎င်း၏ နောက်ကျောဘက်တွင်မူကား ဆယ်ပေ ပတ်လည်ခန့် ကျယ်ဝန်းသော အခန်းငယ် ကလေးပေါင်း နှစ်ရာကျော်ခန့် ရှိလေသည်။ ထိုအခန်း ကလေးများမှာ မှောင်ချထားသော အလုံခန်းများသာ ဖြစ်သော်လည်း အလင်းရောင် ရစေရန် ကောင်းကင်ပေါက် တစ်ခုစီ အသီးသီးရှိ၍ ဆေးဖြူ သုတ်ထား သောကြောင့် အတော်အတန်း သန့်ရှင်းပေသည်။ အဝင်တံခါးမှာ နှစ်ထပ် ပြုလုပ်ထားပြီး အစားအစာ ပေးသွင်းရန် အလိုရှိမှ ဖွင့်သော ဆွဲတံခါးပေါက်ကလေး တစ်ခုလည်း ရှိပေသည်။ အစားအသောက်နှင့် ကျန်းမာရေး စောင့်ရှောက်မှုမှာ ကောင်းမွန်ပေသည်။ သို့ရာတွင် အကျဉ်းခံရသူတို့ကို တစ်ခန်းတစ်ယောက် ထားသဖြင့် အထီးတည်း ငြီးငွေ့စရာ ကောင်းလှပေသည်။ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ လုံလောက်အောင် ပြုလုပ်ခွင့် မရရှာကြပေ။ ဖတ်စရာ စာအုပ်လည်း မပေး၊ ရေးစရာ စက္ကူနှင့် မင်အိုးလည်း မရ။ တခြား အလုပ်လုပ်စရာလည်း

ဘာမှမခိုင်းသဖြင့် တစ်ယောက်တည်းသာ တစ်နေ့ပြီးတစ်နေ့ အချိန်ကုန် နေရသည်မှာ ပျင်းရိဖွယ် ကောင်းလှသော ထောင်ကျနည်း တစ်မျိုး ဖြစ်တော့သည်။

ယင်းသို့ သာသနာ သန့်ရှင်းရေး ဒိဋ္ဌိချုတ်ခန်း Inquisiton ဥပဒေကို ဂိုအာမြို့တွင် (၁၅၆၀) ခုနှစ်က စတင် အသုံးပြုခဲ့လေသည်။ ဤဥပဒေကို ပြဋ္ဌာန်းပေးရန် စိန့်ဇေဗီယာ ကိုယ်တိုင်က ဘုရင်မင်းမြတ်ထံ တောင်းဆိုခဲ့ခြင်း ဖြစ်သည်ဟု အဆိုရှိသည်မှာ ထူးဆန်း၍ စိတ်ဝင်စားဖွယ် ကောင်းသောသတင်း ဖြစ်သည်။ စိန့်ဇေဗီယာသည် လူသတ္တဝါတို့ကို သနားခြင်း၊ ချစ်ခြင်းစသော ကရုဏာ မေတ္တာတရား အလွန်အားကြီးလျက် မိမိဘဝကို ကုသိုလ် ကောင်းမှုအတွက် အပြီးတိုင် စွန့်လွှတ်ထားသူ ဖြစ်သည့်ပြင် စည်းကမ်းလည်း အတော်ကြီးသူ ဖြစ်ပေသည်။

(၁၅၄၆) ခုနှစ်၊ မေလ (၁၆) ရက်နေ့စွဲဖြင့် ပေါ်တူဂီပြည် တတိယမြောက် ဂျွန်ဘုရင်ထံသို့ သူ စာရေး လိုက်သော စာထဲ၌ ဂိုအာမြို့တွင် နေထိုင်ကြသော ပေါ်တူဂီ လူမျိုးများနှင့် ခံတပ်တွင်းက စစ်သားတို့ အိန္ဒိယ တိုင်းရင်းသူနှင့် ကပြားမများနှင့် အိမ်ထောင်ပြုနေကြပုံ၊ မယားငယ်နှင့် အပျော်မယား အမြောက်အမြားထားပြီး မိန်းမ လိုက်စားခြင်း လွန်လွန်းလှပုံ၊ ထိုအမြှောင်မယားများက သူတို့ကို ဖြားယောင်းပြီး မကောင်းမှု ဒုစရိုက်တွေ ကျူးလွန် နေကြပုံ၊ ထိုအမြှောင်မယားငယ်တို့မှာ ကက်သလစ် ခရစ်ယာန် ဘာသာဝင်သူများဟု နာမည်ဖြစ်မျှသာ ရေဖျန်း ခံထားကြပြီး မိမိတို့ ဘာသာရင်းဖြစ်သော ဟိန္ဒူနတ်များကို တိတ်တဆိတ် ကိုးကွယ် နေကြကြောင်း၊ သို့ဖြစ်၍ ဥရောပ တိုက်သားတို့သည် မိမိတို့ ယုံကြည်သော သာသနာတော်ကို အရှည်တည်တံ့ စေလိုလျှင် ယင်းသို့ မရေရာသော သာသနာ ပြုနည်းမျိုးကို သာသနာ့ရုံးတော်က တားမြစ်ပေးရန် လိုအပ်ကြောင်း၊ ထို အကြောင်းများကြောင့် အရှင်ဘုရင်မင်းမြတ်သည် သာသနာ သန့်ရှင်းရေးဥပဒေ Holly Inquisition အမိန့်ကို ထုတ်ပြန် ပေးရပေလိမ့်မည် ဖြစ်ကြောင်း ဟူ၍ ဖော်ပြထားလေသည်။ သာသနာ သန့်ရှင်းရေး ဥပဒေသစ် သို့မဟုတ် စပိန်သာသနာ သန့်ရှင်းရေး ဥပဒေကို ဒိုမီနီကင် သာသနာပြု လုပ်ငန်းအတွက် ကာစတီလ်နှင့် အေရာဂွန် ဒေသများ၌ လွန်ခဲ့သော ခြောက်ဆယ်ရှစ်နှစ် ခန့်ကပင် အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး ဖြစ်လေသည်။ ယင်းဥပဒေမှာ အထူးသဖြင့် Penal laws ခေါ် ရာဇသတ် ဥပဒေတစ်မျိုးနှင့် နှိပ်ကွပ်၍ ခရစ်ယာန် သာသနာသို့ အတင်း သွတ်သွင်းခြင်း ခံရသော ဂျူး (ရဟူဒီ) လူမျိုး လူချမ်းသာများ အတွက် သက်သက် ဖြစ်ခဲ့သည်။ ဂျူးတို့သည် ဥပဒေကို ကြောက်၍ ခရစ်ယာန်သာသနာသို့ ဝင်ကြ ရသော်လည်း မိမိတို့၏ မိရိုးဖလာ အယူဝါဒကို စွန့်ပစ်ကြဟန်မတူ။ ၎င်းတို့သည် စပိန်ပြည်တွင် အချမ်းသာဆုံး၊ အယူဝါဒကို စွန့်ပစ်ကြဟန် မတူ။ ၎င်းတို့သည် စပိန်ပြည်တွင် အချမ်းသာဆုံး၊ ဝီရိယအရှိဆုံး ဖြစ်ကြသည်။ ဂျူးလူမျိုးများ ဟိုမြို့သည်မြို့ ရွှေ့ပြောင်းသွားလာ စီးပွား ရှာနေကြခြင်းသည်ပင် ယင်းဥပဒေကို ပြဋ္ဌာန်းရန် အကြောင်းပြဖို့ ကောင်းသော သာဓကတစ်ရပ် ဖြစ်နေပေသည်။ ထိုအကြောင်းကိုပြပြီး ငွေလိုနေသော ဖာဒီနင် ဘုရင်နှင့် အစ်ဇဘဲလား ဘုရင်မတို့ထံ အခိုင်အမာ အရေးဆိုကြပြီး ထိုဥပဒေကို ပြဋ္ဌာန်း စေခဲ့ခြင်းဖြင့် ဂျူးတို့ကို ဖမ်း၍ စည်းစိမ်ဥစ္စာ ရွှေငွေရတနာတို့ကို သိမ်းယူ ခဲ့ကြသည်။

စာဖတ်သူတို့သည် စပိန်နှင့် ပေါ်တူဂီပြည်များ၌ Inquisition ဥပဒေ ပြဋ္ဌာန်းခဲ့ခြင်း အကြောင်းတို့ကို ဥရောပရာဇဝင်၌ ဖတ်ရှုသိရှိခဲ့ပြီး ဖြစ်ကြပေလိမ့်မည်။ ထို့ပြင် ထိုဥပဒေသည် အလယ်ခေတ်က ရှိခဲ့ဖူးသော in-quisition ဥပဒေနှင့် မတူပုံကိုလည်း သိပြီး ဖြစ်ပေလိမ့်မည်။ အလယ်ခေတ်က ဥပဒေမှာမူ ကက်သလစ်ဘာသာကို ထိခိုက်စေမည့် ဒိဋ္ဌိများ၊ ဘာသာဖျက်များ၊ အယူသီး အစွဲကြီးများ၊ စုန်းကဝေများနှင့် ဘာသာမရှိ အလို့ငှာသာလျှင် ပြဋ္ဌာန်းခဲ့ပေသည်။ စပိန်နှင့် ပေါ်တူဂီတို့၌ ပြဋ္ဌာန်းသော ဥပဒေမှာမူကား ဘုရင့်

အာဏာနှင့် ဘုရားသခင် သာသနာကို တွဲဖက် ပြဋ္ဌာန်းပြီး သာသနာ သန့်ရှင်းရေး သက်သက်မျှကိုသာ မဟုတ်တော့ဘဲ ဂျူး လူမျိုးများထံမှ စည်းစိမ်ဥစ္စာ ရွှေငွေရတနာတို့ကို မတရား လုယက်တိုက်ခိုက်ပြီး ကျန်သော တိုင်းသူပြည်သားတို့ကို ကြောက်ရွံ့အောင် အာဏာပြခြင်း တစ်မျိုးပင် ဖြစ်ပေသည်။

လွန်စွာ လွတ်လပ်နေသော မြေပိုင်ရှင်ကြီးများမှ တုန်တုန်ယင်ယင်နှင့် အလွန် ကြောက်ကြောက် ရွံ့ရွံ့ဖြစ်နေသော လယ်သမား ကျောမွဲများအထိ လူပေါင်း များစွာတို့မှာ ပခုံးပုတ်ပြီး "မင်းကို သာသနာဖျက်မှု ဥပဒေ One the Charge of Heresy အရ ဖမ်းရပြီကွယ်" ဟု ပြော၍ ခေါ်သွားခြင်းမျိုးကို အချိန်မရွေး ခံနေကြရပေသည်။ ထို့နောက် Secret Police ခေါ် သူလျှို စုံထောက်များ စေလွှတ် ထားခြင်းအားဖြင့် လည်းကောင်း၊ အိမ်တွင်း သစ္စာဖောက်များ စေခိုင်း ထားခြင်းအားဖြင့် လည်းကောင်း ဖမ်းဆီး၍ နှိပ်စက် ကလူပြုခြင်း၊ ချုပ်နှောင်၍ အခန်းကျဉ်းထဲ၌ တစ်ယောက်တည်း အကျဉ်းချကာ စိတ်ဓာတ် ကျဆင်းအောင် အမျိုးမျိုး ညှင်းပန်းခြင်း စသော နည်းအမျိုးမျိုးဖြင့် နှိပ်စက် နေကြလေသည်။ ထိုအခြင်းအရာ တို့သည် Inquisition သာသနာ သန့်ရှင်းရေး ဥပဒေ၏ အရသာများ ပေတည်း။

မေတ္တာတရား အားကြီးလှသော ဖရင့်စိန့်ဇေဗီယာသည် ထိုမျှ ရက်စက်သော Inquisition ဥပဒေကို ပြဋ္ဌာန်းစေခြင်းမှာ ပေါ်တူဂီတို့၏ လက်နက်နိုင်ငံ Colonyကို စီမံ အုပ်ချုပ်သူများ၊ သာသနာ ပြုသူများနှင့် တိုင်းသူပြည်သားအားလုံး စည်းကမ်းရှိရှိ နေထိုင် နိုင်ကြစေရန် အလို့ငှာ ပြဋ္ဌာန်း စေခဲ့ဟန် တူပေသည်။

ထိုဥပဒေကို ပြဋ္ဌာန်းခဲ့သည့်နောက် (၄၈) နှစ်မျှ ကြာမှ ဂိုအာမြို့သို့ ရောက်ရှိသွားသော ပိုင်းယဒ် ဆိုသူပင်လျှင် ထိုဥပဒေ၏ အကျိုးအာနိသင်ကို ကြောက်စရာ ကောင်းလောက်အောင် ခံစားခဲ့ရပေသေးသည်။ သူ၏ မှတ်တမ်းမှ အချို့အဝတ် ကောက်နုတ်ဖော်ပြရလျှင် "ရှေးဦးစွာ ထိုသို့သော ဂျူးလူမျိုးများကို Holy Inquistion သာသနာ့ သန့်ရှင်းရေး ရုံးတော် ရှေ့မှောက်သို့ ခေါ်ဆောင်လာပြီးလျှင် သူတို့၏ ပစ္စည်းဥစ္စာများကို အားလုံး သိမ်းယူကြလေသည်။ ဥစ္စာပစ္စည်း မရှိဆင်းရဲသူတို့ကိုမူ ဖမ်းဆီးခြင်း မပြုချေ။ အမှုကို စီရင်ပုံမှာ ကမ္ဘာပေါ်တွင် မရှိသော နှိပ်စက် ညှင်းပန်းမှုမျိုး၊ သနားကြင်နာမှု အကင်းမဲ့ ဆုံးသော နည်းများဖြင့် အပြင်းအထန် နှိပ်စက် ညှင်းပန်းကြပေသည်။ မသင်္ကာမှုကလေး အနည်း အကျဉ်းမျှကိုသော် လည်းကောင်း၊ အပြောအဆို အနည်းငယ် မှားယွင်း ရုံမျှနှင့်သော် လည်းကောင်း၊ ကလေး သူငယ် တစ်ယောက်က ဖြစ်စေ၊ ကျေးကျွန် တစ်ယောက်က ဖြစ်စေ၊ မိမိ၏ သခင်ကို မခန့်မငြား ပြောဆိုမိရုံမျှနှင့်သော် လည်းကောင်း ဥပဒေနှင့် စွဲဆို၍ အပြစ်ဒဏ် ပေးနိုင်ပေသည်။ အကယ်၍ လူတစ်ယောက် အဖမ်းခံရသည် ဆိုအံ့။ ထိုလူ၏ အရင်းနီးဆုံး မိတ်ဆွေသည် ထို လူတစ်ယောက်အတွက် ဘာမှ ဝင်ရောက် တောင်းပန် ပြောဆိုခြင်း မပြုဝံ့ပေ" စသည်ဖြင့် ဖော်ပြထားလေသည်။

ထိုမှတစ်ပါး တိုင်းရင်းသားတို့နှင့် ပတ်သက်၍လည်း ဖော်ပြ ခဲ့ပေသေးသည်။ "ပေါ်တူဂီပိုင်နက် အတွင်း၌ မှီတင်း နေထိုင်သော တိုင်းရင်းသားတို့သည် ခရစ်ယာန် သာသနာသို့ ဝင်ရောက်ခြင်း မပြုလျှင် သာသနာ ဖျက်ဆီးမှု၊ သူတစ်ပါး သာသနာ ဝင်သည်ကို အကန့်အကွက် အတားအဆီး ပြုမှု စသည်ဖြင့် တရားစွဲဆို ဖမ်းဆီးကာ ညှင်းပန်း လေတော့သည်။ ဤနည်းအားဖြင့် တိုင်းရင်းသားတို့မှာ ကြောက်ကြောက် ရွံ့ရွံ့နှင့်ပင် ခရစ်ယာန် ဘာသာသို့ ဝင်ရောက်ကြရ ကုန်တော့သည်။ ဥပဒေဖြင့် အသတ် ခံရသူ များမှာလည်း မရေတွက်နိုင်အောင် ရှိတော့၏" ဟူ၍လည်း ဖော်ပြထားပေသည်။ ဤကိစ္စနှင့် ပတ်သက်၍ ဂျိုဆေဒီဖွန်ဆီကာ ဆိုသူ (၁၉) ရာစုနှစ်အတွင်းက ရေးသားခဲ့သော Sketch of the City of Goa စာအုပ်ထဲ၌ ခရစ်နှစ် (၁၆၀၀) နှင့် (၁၇၇၆) ခုနှစ်အတွင်း အော်တိုဒါဖီ Autos-da-fe အမှုပေါင်း ခုနစ်ဆယ့်တစ်မှု ရှာဖွေတွေ့ရှိရပြီး မီးရှို့၍

myanmar ONLINE teashop
www.mmteashop.com

သတ်ခြင်း ခံရသော လူပေါင်း ရှစ်ရာငါးဆယ့် နှစ်ယောက် ရှိကြောင်း ဖော်ပြထားလေသည်။ (Autos-da-fe အော်တိုဒါဖီမှာ ယင်းဥပဒေအရ အုပ်ချုပ်သော စနစ်ကို ပြသော ပေါ်တူဂီစကား ဖြစ်သည်။)

## ဒေါက်တာဒီလုံး၏ ကိုယ်တွေ့

ဒေါက်တာဒီလုံး Dr. Dellon ဆိုသူ ပြင်သစ်ဘာသာဖြင့် ရေးသား၍ (၁၆၈၈) ခုနှစ်က ပဲရစ်မြို့တွင် ပုံနှိပ်ထုတ်ဝေသော Relation De I'Inquisition De Goa အမည်ရှိ စာအုပ်ကို ထိုနှစ်မှာပင် အင်္ဂလိပ်ဘာသာပြန်ဖြင့် ပြန်ဆိုရေးသားထားသော ဂိုအာမြို့ရှိ သာသနာ သန့်ရှင်းရေး ဥပဒေအရ အုပ်ချုပ်နေကြသူများ၏ အတွင်းရေးများကို အောက်တွင် ကောက်နုတ် ဖော်ပြပေအံ့။ ထိုအဖြစ်အပျက်များမှာ (ပိုင်းယဒ် ဂိုအာမြို့က ထွက်ခွာ ခဲ့ပြီးနောက် နှစ်ပေါင်းခြောက်ဆယ် အကြာ) ခရစ် (၁၆၇၃) ခုနှစ်မှ (၁၆၇၆) ခုနှစ်အထိ သုံးနှစ်တာမျှ ကာလအတွင်း၌ တွေ့ကြုံခဲ့ရသော ကိုယ်တွေ့များ ဖြစ်သည်။ ထိုမျှ ကာလ တိုင်အောင် ပေါ်တူဂီတို့၏ ရက်ရက်စက်စက် ခရစ်ယာန် သာသနာ ပြုပုံကို အရှိန် မကုန် သေးသည်ကို တွေ့ကြရပေသည်။

ဒေါက်တာဒီလုံးသည် အသက် (၂၄)နှစ်မျှသာ ရှိသေးသော ပြင်သစ်လူမျိုး ခရီးသည် တစ်ဦး ဖြစ်၍ ထိုအခါက ဂိုအာမြို့ မြောက်ဘက်ရှိ ခံတပ်မြို့ကလေး ဖြစ်သော ဒါမန် Daman မြို့တွင် မိမိ အဖမ်းခံရသော (၁၆၇၃) ခုနှစ်၊ ဩဂုတ်လ (၂၄)ရက် အထိ နေထိုင် ခဲ့လေသည်။ သူ၏ အမှုမှာ ဘုရင်ခံချုပ် မင်ဒိုဇာ၏ ဇနီးသည်ထံသို့ သွားရောက် လည်ပတ် ခဲ့သည့် အတွက် အဖမ်းခံရခြင်း ဖြစ်လေသည်။ အမှန်စင်စစ်မှာ ထိုသို့ သွားရောက် လည်ပတ်ရုံနှင့် ဖမ်းဆီး အပြစ်ပေးလောက်အောင် ဥပဒေမရှိပေ။ သူသည် မိမိ ကိုယ်တိုင်က ကက်သလစ် ရေဖျန်း သာသနာဝင် ဖြစ်ပါလျက် ရုပ်တု ကိုးကွယ်ခြင်း ဆိုင်ရာ စာပေများ၊ ရေနှစ်ခြင်း မင်္ဂလာပြုသော ခရစ်ယာန် ဂိုဏ်းသားတို့၏ အယူအဆများနှင့် စာပေ ကျမ်းဂန်တို့ကို အပျင်းပြေ သဘောဗဟုသုတအဖြစ် လေ့လာဖတ်ရှုနေသူဖြစ်ရာ ဤအပြုအမူသည်ပင်လျှင် ဘုရင်ခံချုပ်အဖို့ လက်စား ချေရန် အခွင့်ကောင်း ဖြစ်လေတော့သည်။ သို့နှင့် ဒါမန်မြို့တွင် ရှိသော သာသနာသန့်ရှင်းရေး အဖွဲ့သို့ အကြောင်းကြားကာ ဒေါက်တာ ဒီလုံးကို ဖမ်းဆီး ချုပ်နှောင် စေခဲ့လေသည်။

ဒီလုံး၏ စာအုပ်၌ မိမိ တွေ့ကြုံ ခံစားခဲ့ရသော ကြောက်စရာ ဒုက္ခအကြောင်း အသေးစိတ် ဖော်ပြ ထားပေသည်။ သူ့ကို ဒါမန်မြို့မှ ဂိုအာမြို့ အကျဉ်းထောင်တွင်းရှိ အလုံ ထောင်ကလေး ထဲသို့ ရွှေ့ပြောင်းခဲ့ပြီးနောက် (၂) နှစ် အကြာ (၁၆၇၅) ခုနှစ်၊ ဒီဇင်ဘာလ ရောက်မှ အော်တိုဒါဖီ ဥပဒေနှင့် ပြောင်းစစ်တော့မည်ကို ရိပ်မိခဲ့လေသည်။ မိမိရှေ့တွင် အမျိုးမျိုးသော နည်းတို့ဖြင့် နေ့စဉ်နှင့်အမျှ မြင်တွေ့ နေရသောကြောင့် ထိုအချိန်ကစ၍ ဦးနောက် ပျက်မတတ် စိတ်ဓါတ်များ ချောက်ချားလာခဲ့ပေသည်။

မှောင်မည်းနေသော အခန်းကျဉ်းကလေးထဲ၌ တစ်ယောက်တည်း ငြီးငွေ့ဖွယ်ရာ အကျဉ်း ခံနေရ သဖြင့်လည်း တောတွေး၊ တောင်တွေးနှင့် တွေးရလွန်း၍လည်း ဦးနောက် ပျက်မတတ် ဖြစ်ရပေသည်။ မိမိအား မည်သည့် ပြစ်မှုနှင့် စွဲဆိုထားပြီး မည်သို့သော အပြစ်ဒဏ် စီရင်ခြင်း ခံရလေမည်နည်း။ ဘယ်တော့များမှ အမှုကို စစ်ပါမည်နည်း။ ဘယ်လောက် ကြာကြာ ချုပ်ထား ခဲ့ရဦးမည်နည်း။ ရှေ့တွင် ဘယ်လို အကုသိုလ် ကံများနှင့် ရင်ဆိုင် ရဦးမည်နည်း စသည်ဖြင့် တွေးတော ပူပန်လျက်သာ အချိန်ရှိသမျှ စိတ်ဒုက္ခ ခံစား နေခဲ့ရပေသည်။

myanmar teashop
www.mmteashop.com

Acts of faith ခေါ် ဘာသာရေး အမှုအခင်း စီရင်စစ်ဆေးမှုများကို နှစ်စ ပထမ တနင်္ဂနွေ နေ့များ၌သာ ရုံးထိုင် စစ်ဆေး စီရင်လေ့ ရှိပေသည်။ လွန်ခဲ့သောနှစ်စ တနင်္ဂနွေနေ့ကမူ တစ်ယောက်မျှ စစ်ဆေး စီရင်ခြင်း မပြုခဲ့ချေ။ အထက်၌ ဆိုခဲ့သော ကြောက်မက်ဖွယ် ကောင်းသည့် စစ်ဆေးမှုများကို နှစ်နှစ် ထပ်ဆက်၍ မစစ်ဘဲ မနေရပေ။ သို့ဖြစ်၍ အမှု စစ်ရမည့် ရက်တွင် မုချ မသွေ စစ်ရပေသည်။ စစ်ရက်လည်း နီးကပ်လာလေပြီ။

မိမိကို လာရောက်တွေ့ဆုံ စစ်ဆေးသမျှ အရာရှိတို့ကလည်း မိမိအမှုမှာ မီးရှို့၍ သတ်သေ လောက်သော အမှုဖြစ်နေသည်ဟူ၍သာ ပြောသွားကြသည်။ ထို့ကြောင့် သူ့မှာ သေဖို့ ရက်ကိုသာ တထိတ်ထိတ်နှင့် စောင့်စား နေရသလို ရှိတော့သည်။ အကယ်၍သာ မိမိကို မီးရှို့ မသတ်ကြဟုဆိုလျှင် လွတ်ပစ်ရုံသာ ရှိသည်ဖြစ်ရာ သူသည် ယင်းသို့ လွတ်ရာ လွတ်ကြောင်း အခွင့်ကောင်းကို မကြာမတင် တွေ့မြင် ရပါစေ ဟူ၍သာ ဆုတောင်း နေရပေသည်။ ဤဒုက္ခမျိုး အတိုင်း နောက်တစ်နှစ် ဆက်၍ အကျဉ်းခံ နေရ မည်ကို အလွန်တရာ ကြောက်ရွံ့ စိုးရိမ် နေရပေတော့၏။

သို့ရာတွင် နှစ်ဦးပထမ တနင်္ဂနွေနေ့ကား ကျော်လွန်၍ သွားပြန်လေပြီ။ အကျဉ်းထောင်တွင် အကျဉ်းသားများ ပြည့်လျှံနေသည့် အတွက် ထူးဆန်းလှ၏။ သေဒဏ် ခံရမည့် တရားခံများကို စက်တိုင် တင်ရမည့် ရက်မှာ မကြာတော့ပြီ ထင်ရပေသည်။ ထိုအတွင်း ဖရန်စစ္စကို အဆမ်ရှိုဘရစ်တိုအမည်ရှိ ဂိုဏ်းချုပ်တစ်ပါး အသစ်ရောက်လာ သဖြင့် ခရစ်ယာန် ဘုရားရှိခိုးကျောင်း အသီးသီးမှ ကိုးရက်တိုင်တိုင် ဆက်တိုက် ခေါင်းလောင်း တီး၍ ကြိုဆိုဂုဏ်ပြုသော အထိမ်းအမှတ်များ ကြားနေရ ပေသည်။ သာသနာရေး မှုခင်းများကို မုချ စစ်ဆေး တော့မည်လော။ ဒုတိယ တနင်္ဂနွေနေ့ကို ကျော်လွန် ခဲ့ပြန်၏။ အကြောင်းမထူး။ ဒေါက်တာ ဒီလုံးလည်း စိတ်ပျက်စ ပြုပေပြီ။ တတိယနှင့် စတုတ္ထ တနင်္ဂနွေ နေ့များလည်း ရှေးနည်းအတိုင်း နောက်တွင် ကျန်ရစ်ခဲ့ပြန် ၏။ သူ၏ မျှော်လင့်ချက်တို့လည်း ထိုရက်များ နည်းတူသာ ကုန်းဆုံး ပျောက်ကွယ် သွားကြ ရပေတော့သည်။ ဤနည်းအားဖြင့် ဒီလုံးခမျာ နောက်တစ်ခါ နှစ်ကူးပြီး ဆက်လက် ဒုက္ခခံရ ဦးတော့မည် မဟုတ်ပါလော။

သို့သော် (၁၆၇၆) ခုနှစ်၊ ဇန်နဝါရီ (၁၁)ရက်၊ စနေနေ့ ညနေစာ စားပြီးသောအခါ ထုံးစံ အတိုင်း မိမိအဝတ်ကို လျှော်ဖွပ်ရန် ထောင်အရာရှိ တစ်ယောက်ကို လှမ်းပေး လိုက်သော်လည်း ခါတိုင်းလို ယူမသွားသဖြင့် ထိုအဝတ်ကိုပင် ပြန်ဝတ် ထားလိုက် ရပေသည်။ ဝါဒါ ထောင်ကြပ်တို့ ယင်းသို့ ပြုမူပုံကို သူ့စိတ်တွင် တစ်မျိုးတစ်မည် တွေးတော အံ့ဩမိလေသည်။ ဤအပြုအမူကြောင့် အော်တိုဒါဖီအမှုကို စစ်ဆေးမည့် အချိန်သို့ ရောက်လာပြီဟူ၍လည်း ထင်မိပေသည်။ နက်ဖြန် တနင်္ဂနွေနေ့တွင် ဧကန်မုချ အမှု စစ်ဆေး တော့မည်လော။ ညနေချမ်းသို့ ရောက်သောအခါ မိမိအတွေးကို ပို၍ ခိုင်လုံ စေသော အချက် လက္ခဏာများ ပေါ်လာလေသည်။ အဘယ်သို့နည်း။ သူအကျဉ်းခံ နေရသော နှစ်ကာလများ အတွင်း တစ်ခါမျှ မကြားခဲ့ရ ဘူးသော ခေါင်းလောင်းသံမျိုးကို ကြားလိုက် ရသောကြောင့် ပေတည်း။

ဆိုခဲ့သော ထူးခြားချက် နှစ်ခုကြောင့် အော်တိုဒါဖီအမှု စီရင်မည့် အချိန်သို့ ရောက်ခဲ့ ချေပြီဟု ရိပ်မိ လိုက်လေသည်။ သူ့ကို ကျမ်းတိုက် စစ်ဆေးတော့မည့် အချိန် လွန်စွာ နီးကပ် လာပြီဟု သိသောအခါ တစ်မျိုး တစ်ဖုံ ထိတ်လန့် ကြောက်ရွံ့ လာပြန်တော့သည်။ မိမိ၏ ကံကြမ္မ မည်သို့ ဖန်လာမည်ကို သူ့အား ကြိုတင်၍ အသိ မပေးကြ။ သူသိသမျှလျှင် နောက်တစ်နေ့တွင် သူ့ကို စက်တိုင် ပို့တော့အံ့ဟူ၍ စွဲမှတ်ထားသော အာရုံသာ ရှိလေသည်။

ဤတွင် သူ၏ မှတ်သားချက်ကို ဖော်ပြအံ့။ "သူတို့သည် ကျွန်ုပ်ဖို့ ညစာ ယူလာကြသည်။ ကျွန်ုပ်လည်း မစားလိုပဲ ငြင်းသည်။ ထူးဆန်းသည်မှာ ကျွန်ုပ်အား ခါတိုင်းလို စားရန် အတင်း မခိုင်းကြတော့ချေ။ အစာပေးပို့သော မလွယ်တံခါးကို ပိတ်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏ စိတ်ထဲ၌ ပူဆွေးနေသော အာရုံတို့ကို အတင်းတွန်းလှန် ဖြိုဖျက်ပြီး အားတင်း ကြည့်မိသည်။ နောက်ဆုံး၌ မျက်ရည်များ အသွယ်သွယ် ကျဆင်းကာ သက်မကြီးများသာ ချနေမိလျက် သေဘေးနှင့် ရင်ဆိုင်ရမည့်အရေးကို စိုးရိမ် ထိတ်လန့်ကာ တစ်ကိုယ်လုံး တုန်လှုပ်လာတော့သည်။ သို့နှင့် ည (၁၁) နာရီထိုးပြီးမှ မေ့ခနဲ အိပ်ပျော်သွားတော့၏"

သူသည် ကြာရှည်စွာ မအိပ်လိုက်ရပေ။ သူ့ အခန်းထဲသို့ ဝါဒါတစ်ယောက် ဝင်လာသောကြောင့် လန့်နိုးခဲ့ပေသည်။ ဝါဒါသည် လက်ဆွဲ မှန်အိမ် တစ်လုံးနှင့် ဝင်လာသဖြင့် သူ၏ ထောင်ကျသက်တမ်း တစ်လျှောက်အတွင်း ယင်းသို့သော မီးရောင်ကို ညအချိန်၌ တစ်ခါမျှ မတွေ့ခဲ့ ရဘူးချေ။ ထောင်မှူးသည် မိမိ ဝတ်ဆင်ရန် Habit ကိုပေးပြီး သူနှင့် လိုက်ပါရန် အသင့်လုပ်ထားဖို့ ပြောခဲ့ပြီး မီးအိမ်ကိုထား၍ ထွက်သွားလေသည်။ သို့ရာတွင် တရားခံတို့သည် တရားရုံးသို့ ထွက်သောအခါ အထူးချုပ်လုပ်ပေးသော အဝတ်ကို ဝတ်ဆင်ရကြောင်း သူသိနှင့်ပြီး ဖြစ်လေသည်။ "ကျွန်ုပ်သည် သူတို့ ပေးခဲ့သော ဝတ်စုံ Habitကို ကြည့်ပြီး တစ်နာရီကျော်ကျော်မျှ တုန်လှုပ်ချောက်ချား၍ နေမိတော့သည်" ဟူ၍ ရေးသားထားသည်ကို ထောက်၍ သူသည် အိပ်မပျော်မီက မည်မျှလောက် တွေး၍ ကြောက်နှင့် နေမည်ကို သိသာနိုင်ပေသည်။

နောက်ဆုံး၌ သူသည် ရဲစိတ်ရဲမာန်တက်လာအောင် စိတ်ကို တင်းလိုက်ပြီးလျှင် မိမိကိုယ်တိုင် နံရံ၌ ရေးဆွဲထားသော လက်ဝါးကပ်တိုင် ရှေ့တွင် ဒူးထောက်ကာ မိမိ၏ ဝိညဉ်ကို ဘုရားသခင် ကာကွယ်တော်မူပါဟု ဆုတောင်း ပတ္တနာ ပြုလေတော့၏။ ထို့နောက် ထောင်မှူးပေးခဲ့သော အဝတ်ကို လဲ၍ ဝတ်ဆင် လေသည်။ ထိုအဝတ်မှာ အနက်ရောင် ပေါ်၌ အဖြူစင်းပါလျက် အင်္ကျီခါးတိုနှင့် ဘောင်းဘီရှည် ပွပွကြီး ဖြစ်ပေ၏။

နံနက်စောစော (၂) နာရီထိုးသော အချိန်၌ ဝါဒါများ သူ၏ အခန်းထဲသို့ ပြန်ဝင်လာကြပြီး သူ့ကို ခန်းမဆောင်ကြီးထဲသို့ ခေါ်ဆောင်သွား ကြလေသည်။ "ထိုနေရာတွင် ကျွန်ုပ်၏ ဒုက္ခခံဖက် အဖော် အတော်များများ တွေ့ရပါသည်။ ၎င်းတို့အားလုံးကို အခန်းမကြီး၏ နံရံ၌ ကျောပေး၍ နေရာချထားသည်။ ကျွန်ုပ်ကိုလည်း ကျွန်ုပ်အတွက် သတ်မှတ်ထားသော နေရာသို့ ပို့လေသည်" ဟု သူ့မှတ်တမ်း၌ ပါရှိလေသည်။

အခန်းမှာ အလင်းရောင် ကောင်းစွာ မရသေးသည့်ပြင် ကျွန်ုပ်၏ အဝတ်များကလည်း အနက်ရောင်ချည်းဖြစ်၍ ဝိုးတိုးဝါးတာမျှပင် မသဲကွဲချေ။ သို့ရာတွင် အကျဉ်းသား အားလုံး စုံညီသောအခါ စုစုပေါင်း လူနှစ်ရာခန့်ရှိပြီး ဥရောပတိုက်သား တစ်ဆယ့်နှစ်ယောက်ခန့် ပါဝင်သည်ဟု ခန့်မှန်းရပေသည်။ မည်သူမျှ တုတ်တုတ် မလှုပ်ဝံ့ကြဘဲ အားလုံး ငြိမ်သက် နေသဖြင့် တစ်ခန်းလုံး အပ်ကျသံကိုပင် ကြားရလောက်ပေသည်။

ရှိသမျှ လူတို့မှာ မျက်လုံးများက လွဲ၍ ဘယ်နေရာကမှ လှုပ်ရှားသည်မရှိဘဲ အထူး ငြိမ်သက်နေသဖြင့် ရုတ်တရက် ကြည့်လျှင် နံရံ၌ ဆွဲချိတ်ထားသော ရုပ်သေးရုပ်များ ဟူ၍ လည်းကောင်း၊ အလွန်သနားစရာ ကောင်းသော အသုဘ အလောင်းရှေ့၌ သင်္ဂြိုလ်ရန် ရောက်နေသော ပရိသတ်နှင့် လည်းကောင်း တူနေ ပေတော့သည်။

myanmar ONLINE teashop www.mmteashop.com

ထိုအကျဉ်းထောင်တွင် မိန်းမ အကျဉ်းသား အနည်းငယ် ရှိသော်လည်း ယခု ပရိသတ် အတွင်း၌ မူကား မိန်းမဟူ၍ တစ်ယောက်မျှ မတွေ့ရပေ။ သို့ရာတွင် မိန်းမ အကျဉ်းသား တို့ကို ကပ်လျက်ရှိသော အခြား အခန်းထဲတွင် ထားလေသည်။ ထိုမိန်းမ အကျဉ်းသားတို့တွင်မူ လက်ဝါးကပ်တိုင်ကို ကိုင်၍ ရပ်နေသော ခရစ်ယာန် ဘုန်းကြီးအချို့ ရှိနေ ကြပေ၏။

ဒီလုံးသည် အကျဉ်းသားတို့ကို ဝတ်ဆင်ထားသော အဝတ်ကြည့်ရုံနှင့် မည်သည့် ပြစ်မှုဖြင့် အကျဉ်း ခံနေရသည်ကို ခွဲခြား မသိနိုင်ပေ။ အကျဉ်းသား အားလုံးပင် အဝတ်တစ်မျိုးတည်း ဝတ်ဆင် ထားသည်ကို တွေ့မြင်ရသောကြောင့် ဤလူအားလုံးပင် ငါကဲ့သို့ စက်တိုင် တက်ရမည့် သူများ ချည်းပေးတည်းဟု သိမ်းကျုံး၍ တွေးဆပြီး မိမိကိုယ်မိမိ အားတင်း လိုက်ရ ပြန်တော့သည်။

သို့ရာတွင် ထောင်ကြပ်တို့သည် ဂါဝန် သင်တိုင်းရှည်ကြီးများကို သယ်ယူ လာကြပြန်သည်။ ထို သင်တိုင်းရှည်များမှာ ကျောနှင့်ရင်၌ စိန့်အင်ဒရူး၏ လက်ဝါးကပ်တိုင်မျိုး တံဆိပ် ရိုက်နှိပ်ထားသော အဝါရောင် သင်တိုင်းများ ဖြစ်သောကြောင့် ဒီလုံးလည်း ဤအဝတ်များမှာ တရားခံတို့ကို ရုံးတော်သို့ ပို့သောအခါ မြို့တွင်း၌ စီတန်း လှည့်လည်ရာ၌ ဝတ်ရသော Sanbenitos ဆန်ဘီနီတိုခေါ် သင်တိုင်းများ ဖြစ်သည်ဟု သိရပေသည်။ ထောင်ကြပ်များသည် ဆန်ဘီနီတိုခေါ် သင်တိုင်းများ ဖြစ်သည်ဟု သိရပေသည်။ ထောင်ကြပ်များသည် ဆန်ဘီနီတိုသင်တိုင်း (၂၂) ထည်သာ ယူလာကြပြီး ရှေးဦးစွာ အိန္ဒိယ တိုင်းရင်းသားနှင့် နီဂရိုး တရားခံ နှစ်ဆယ်တို့အား လည်းကောင်း၊ ကျန်တစ်ထည်ကို ပေါ်တူဂီ လူမျိုးတစ်ယောက်အား လည်းကောင်း၊ နောက်ဆုံးတစ်ထည်ကို မိမိအား လည်းကောင်း အသီးသီးပေး၍ ဝတ်ရုံ စေလေသည်။ ထိုနေရာ၌ ဒေါက်တာဒီလုံး၏ မှတ်တမ်းအတိုင်း ဖော်ပြရလျှင် "ဤမျှ များပြားသော တရားခံများအနက် လူ (၂၂)ယောက် ကိုသာ ရွေး၍ ဤဂါဝန်သင်တိုင်းများကို ဝတ်ရုံစေသည်မှာ လူ အများထဲ၌ ကျွန်ုပ် အပါအဝင် လူ (၂၂) ယောက်မှာ မည်သည့် နည်းနှင့်မျှ သေဒဏ်ကလွဲ၍ ငဲ့ညှာ သနားခြင်း ခံရမည် မဟုတ်တော့ဟု ထင်မိသဖြင့် ကျွန်ုပ်မှာ နစ်ထပ်ကွမ်း ထပ်၍ ကြောက်ရွံ့ တုန်လှုပ် ရပြန်တော့သည်"

ဒီလုံး အဖို့ ဤသို့သော ကြောက်မက်ဖွယ် အခြေအနေတွင် ဆိုက်ရောက်နေခိုက် စက္ကူ ဦးထုပ်ချွန် ငါးလုံးကို ယူလာကြပြန်သည်။ ထိုဦးထုပ်များတွင် မီးတောက် မီးလျှံများနှင့် ငရဲသားတို့ ခံစားနေရပုံ ကြောက်မက်ဖွယ်ရာ အရုပ်များအပြင် Sorcerers ဟူသော စာတမ်းကိုလည်း စာလုံးကြီးကြီးနှင့် ရေးခြယ်ထားလေသည်။ ထိုဦးထုပ်များကို အမှုအကြီးဆုံး ကြီးကြီးနှင့် ရေးခြယ်ထားလေသည်။ ထိုဦးထုပ်များကို အမှုအကြီးဆုံး တရားခံများသာ ဆောင်းရန်ဖြစ်သည်ကို သူရိပ်မိသဖြင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် ပုဝင် သွားသော တရားခံ၏ ဦးခေါင်းကို စွပ်ပေးနေသော ထောင်ကြပ်များအား မရဲတရဲနှင့် ကြည့်နေ မိပေသည်။

ဦးထုပ်တစ်လုံးကို မိမိအနီးရှိ တရားခံအား စွပ်ပေးရန် လျှောက်လာသော ထောက်ကြပ်ကို မြင်လေသော် ဒီလုံးသည် မိမိကို စွပ်ပေးရန် လာလေပြီဟု ထင်၍ ကြောက်ရွံ့ရင်းစွဲ အရှိန်မှာ ဒီဂရီများစွာ တိုးတက်၍ လာချေတော့၏။ သို့ရာတွင် အနီးရှိ တရားခံ၏ ဦးခေါင်းတွင် စွပ်လိုက်သောအခါမှ ရှည်လျားသော သက်မကြီးကို ချလိုက်ပြီး စိတ်သက်သာရာ ရခဲ့လေသည်။ ဦးထုပ်အစွပ် ခံရသော တရားခံ အဖို့မူကား ငါတော့ သေရတော့မည်ပဲဟု မချွတ်ဟု ဆင်ခြင်မိသကဲ့သို့ မျက်နှာတစ်ခုလုံး ညိုမည်းရှုံ့တွ သွားလေတော့၏။

ဦးထုပ် (၂၂) လုံး စွပ်ပြီးနောက် နောက်ထပ် မည်သူ့ကိုမျှ ဦးထုပ် အစွပ်မခံရတော့ပေ။ ထို့နောက် အကျဉ်းသားများအားလုံး ထိုင်ကြဟု အမိန့်ပေးလိုက်လေ၏။ ဤ တန်းစီရသော အခမ်းအနားမှာ

myanmar teashop www.mmteashop.com

လုပ်ရိုးလုပ်စဉ်ထက် လွန်စွာ စောစွာ လုပ်သဖြင့် စိုးရိမ် ကြောက်ရွံ့မှုကို တာရှည် ခံစားစေလို၍ တမင် ဖန်တီးပေးခြင်းသာ ဖြစ်ပေလိမ့်မည်။ တရားခံများလည်း လုံးလုံးလျားလျား တိတ်ဆိတ် ငြိမ်သက်၍ နေကြလေသည်။ မီးအိမ်များက မီးရောင်တို့လည်း လွန်စွာ အားနည်းလျက် မလင်းတလင်းနှင့် မှုန်တိမှုန်မွား ရှိနေ တော့သည်။

နံနက် (၄) နာရီ ထိုးလတ်သော် ထောင်ကြပ်များသည် ပေါင်မုန့်နှင့် တည်သီးများကို တောင်းနှင့် ထည့်၍ ယူလာကြ၏။ "ကျွန်ုပ်သည် ညက ညစာ မစားဘဲ နေခဲ့သော်လည်း ယခုတိုင်အောင် မဆာလှချေ။ သို့နှင့် ပေါင်မုန့်ကို မယူဘဲနေရာ ထောင်ကြပ် တစ်ယောက်က မင့်ပေါင်မုန့်ကို ယူထားကွ၊ မင်း အခု မစားချင်ရင် အိတ်ထဲမှာ ထည့်ထား၊ မင်း ဒီပြန်မရောက်မီ မင်း သိပ်ဆာလာလိမ့်မယ်" ဟု ပြောပါသည်ဟု သူ၏ မှတ်တမ်း၌ ရေးမှတ် ထားလေသည်။

သို့နှင့် ရာဇဝင်၏ အမှောင်ခေတ်နှင့် တူသော ဝေလီဝေလင်း အချိန်ကို အခန်းထဲသို့ လင်းရောင် ကလေး ထိုးဝင်လာချိန်အထိ အောင့်အည်း သည်းခံ၍ စောင့်လင့် နေရပေတော့သည်။ အလင်းရောင်သည် တဖြည်းဖြည်း ရှည်လျား၍ တစ်ခန်းလုံး ဖြာထွက်လာသောအခါ ဒီလုံးသည် အခန်းထဲက အကျဉ်းသား အားလုံးကို ကြည့်လေသည်။ အားလုံးလိုလိုပင် ရှက်ခြင်း၊ ကြောက်ခြင်း၊ စိုးရိမ်သောက ရောက်ခြင်း၊ နာကြည်းခြင်း စသော မျက်နှာမျိုးတို့ချည်း ရှိကြလေသည်။ သို့သော် သူတို့၏ ရင်ထဲသို့ ဒီလုံးက နိုက်၍ တွေးကြည့်မိသည်ကား သူတို့သည် သေမင်း နိုင်ငံဆီသို့ ချီတက် နေကြသော်လည်း လက်ငင်း ခံစား နေကြရသော ငရဲအိုးအတွင်းမှ လွတ်ကင်း ရတော့မည်ကို တစ်နည်းတစ်လမ်း အားဖြင့် ဝမ်းသာ ကြပေလိမ့်မည်ဟု တွေးထင် မြင်ယောင် နေမိပေသည်။

နေထွက်တပြူ ရှိလာသောအခါ ဤကိစ္စအတွက် ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းကြီး တစ်လုံးကို ထူးထူးခြားခြား တီးပေးလေသည်။ ယင်း၏ အဓိပ္ပာယ်မှာ မြို့ထဲ၌ မီတင်း နေထိုင်ကြကုန်သော ပေါ်တူဂီ လူမျိုးများ၊ ကပြားလူမျိုးများနှင့် တိုင်းရင်းသား လူမျိုးများ လမ်းမသို့ ထွက်၍ တရားခံများ စီတန်းလှည့်လည်ပွဲကို ကြည့်ရှုကြရန် အသင့်တန်းစီ၍ စောင့်ကြကုန်ဟု နှိုးဆော်ပေး သကဲ့သို့ ရှိပေ၏။

ထို့နောက် အကျဉ်းသားတို့ကို အခန်းကျယ်ကြီး အတွင်းသို့ တန်းစီ၍ သွင်းသွားလေသည်။ ဒီလုံးသည် အခန်းကြီးထဲသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် Grand Inquisitior ခေါ် တရားသူကြီးချုပ်မှာ တံခါးမကြီးဘေး၌ ထိုင်နေပြီး အနီးတွင် သူ၏ အတွင်းဝန်က လူစာရင်း စာရွက်များ ကိုင်၍ မက်တပ်ရပ်နေသည်ကို တွေ့မြင်ရလေသည်။ တစ်ဖက် နံဘေးတွင်မူကား မြို့သူမြို့သားများ ရှိနေကြလေသည်။ အမည်ကို ခေါ်လိုက်၍ တရားခံတစ်ယောက် ရှေ့တိုးသွားသောအခါ မြို့သားတစ်ယောက်လည်း လူအုပ်ထဲမှ ထွက်လာပြီး ထိုအကျဉ်းသား အနီး၌ ချဉ်းကပ်၍ ရပ်နေရလေသည်။ ယင်းအပြုအမူမှာ မြို့သား တစ်ဦးသည် အကျဉ်းသား၏ ဘုရား သခင်ပေးသော ဖခင် Father in God သို့မဟုတ် ဂေါ့ဖားသား God father တာဝန်ကို ယူပြီး မြို့တွင်းသို့ တရားခံများ စီတန်း လှည့်လည်သော အခါတွင် လည်းကောင်း၊ တရားစီရင်သည့် အခါတွင် လည်းကောင်း တရားခံ၏ အနီးမှ ယှဉ်တွဲကာ တရားစီရင်ပွဲ အခမ်းအနား ပြီးဆုံးသည်အထိ ရှိနေရလေသည်။

ဒီလုံး၏ ဘုရားပေးသော ဖခင် God Fatherမှာ ရေကြောင်း အုပ်ချုပ်သူ တစ်ယောက် ဖြစ်လေသည်။ ၎င်းသည် ပေါ်တူဂီလူမျိုး မှူးရိုးမတ်နွယ်ထဲက ဖြစ်သည်။ ယင်းသို့သော တာဝန်မျိုးကို အစိုးရ ဝတ္တရား အရ

မဟုတ်ဘဲ မိမိတို့ သဘောအလျောက် အပျော်တမ်း ဂုဏ်ထူးတစ်ရပ် အနေဖြင့် လုပ်ကိုင်ခြင်းဖြစ်ရာ မြို့သား စစ်သည်များသာ မဟုတ် မင်းပိုင်စိုးပိုင်းကလည်း လုပ်နိုင်ကြလေသည်။

ယင်းသို့ အကျဉ်းသား အသီးသီးတွင် အစောင့်အရှောက် ဖခင်များ ခန့်အပ်ပြီးနောက် ထို သာသနာသန့်ရှင်းရေး နန်းတော်ကြီးမှထွက်၍ ကသီဒရယ် ဘုရားရှိခိုးကျောင်း ကွင်းပြင် ထဲသို့ ကျယ်ပြန့်သော လှေကားထစ်များမှ တစ်ဆင့် ဆင်းခဲ့ကြပြီး ဖန်နဝါရီ၏ ခပ်နွေးနွေး နေရောင် အောက်တွင် ရပ်၍ နေကြရသည်။ ထိုအခိုက်တွင် ဒီလုံးသည် ကွင်းပြင်ပေါ် ဖြတ်တိုက် လာသော ကြည်လင် သန့်ရှင်းသည့် လေပြည် လေအေးကလေးကို နတ်ပြည်က တိုက်လာသော လေပြည် လေညင်းလေးပမာ တဝကြီး ရှူရှိုက် လိုက်ပေသည်။

သူတို့သည် ယခုအခါ စီတန်း လှည့်လည်ရန်အတွက် နေရာယူ နေကြရလေပြီ။ ထိပ်ဆုံးတွင် ဒိုမီနီကင် သာသနာဂိုဏ်းမှ သာသနာဂိုဏ်းမှ သာသနာပြု ဘုန်းကြီးများက နေရာ ယူကြရ၏။ အဘယ်ကြောင့်ဆိုသော် ထိုဂိုဏ်းသည် ဂိုအာမြို့တွင် ရှေးဦး အစပထမ အခြေ စိုက်ခဲ့ကြသောကြောင့် ၎င်းတို့ကို ဦးစား ပေးခြင်းပေတည်း။ ၎င်းတို့၏ Holy Office သာသာနာ့ ရုံးတော်မှ သာသနာ့ အလံကိုင်က ၎င်းတို့၏ ရှေ့မှ လွှင့်ထူ သွားစေလေသည်။ ယင်းအလံတွင် စိန့်ဒိုမီနီကင်သည် လက်တစ်ဖက်တွင် ဓားလွတ်ကိုင်၍ ကျန်လက်တစ်ဖက်၌ သံလွင်ခက် တစ်ခက်ကို ကိုင်ထားဟန် ရေးဆွဲထားပြီး Justitiaet Misericordia ဟူသော စာတမ်းကို အောက်က ရေးသားထားလေသည်။

ဒိုမီနီကင်များ ချီတက်သွားလတ်သော် ၎င်းတို့၏ နောက်မှ အကျဉ်းသားများက ဂေါ်ဖာသားခေါ် ဘုရားပေး ဖခင်တစ်ဦးစီက လက်တွင် Taper ခေါ် တုတ်တိုတစ်ခုစီ ကိုင်၍ ခြံရံလျက် လိုက်ပါ ချီတက်ကြ ရလေသည်။ ဒီလုံး၏ ရှေ့တွင် လူတစ်ရာခန့် ရှိသော်လည်း ဥယျာဉ်၏ ထွက်ပေါက်ကို ဒီလုံး ကျော်လွန်၍ အပြင်ရောက်သည်တိုင်အောင် နောက်က လူတန်းကြီးမှာ မဆုံးနိုင်သေးချေ။ ဒီလုံးသည် ဦးထုပ်မပါ ဗလာခြေနင်း ဆိုဘိသို့ ခြေကျင်လျှောက်၍ လိုက်သွားရလေသည်။

ဂိုအာ မြို့သားတို့သာမက ကျေးလက်ဒေသ၌ နေထိုင်ကြသော ဥရောပတိုက်သား မျက်နှာဖြူများနှင့် အိန္ဒိယတိုင်းရင်းသား လူအမျိုးမျိုးတို့မှာ မိမိတို့ နေ့စဉ် လုပ်နေကျ လုပ်ငန်းများကို ရပ်နားပြီး ထိုလှည့်လည်ပွဲကို ကြည့်ရှုရန် စုဝေးရောက်ရှိလာကြသဖြင့် အလွန်ကြီးမားသော လူထုကြီးဖြင့် လမ်းတစ်ဖက်တစ်ချက်တွင် ပြည့်ကျပ်လျက် များမြောက်စွာ ဝိုင်းအုံ စောင့်ကြည့်နေကြပေသည်။

ဒီလုံးသည် ခြေကျင်လျှောက်ရဖန် များလာသောအခါ ခြေဖဝါးတို့ကို ကျောက်ခဲအစအနများ စူးဝင်သဖြင့် သွေးများ ယိုစီးလျက် ခြေထောက် နာကျင်စွာနှင့်ပင် အတန်တန်အားခဲ၍ လမ်းလျှောက် လိုက်ပါခဲ့ ရပေသည်။ ခရီး အဆုံး ဖြစ်သော စိန့်ဖရန့်စစ် ကျောင်းတော်သည် စင်စစ်အားဖြင့် ကသီဒရဲကျောင်းတော်၏ နောက်ဖေးတွင် ကပ်လျက်ရှိသော်ငြားလည်း တရားခံ အကျဉ်းသားများကို လူအများ မြင်စေရန် မြို့တွင်းရှိ လမ်းမကြီး လမ်းငယ်များ စုံစေ့အောင် စီတန်း လှည့်လည်စေသောကြောင့် ယင်းသို့ ကြာမြင့်စွာ လျှောက်ခဲ့ကြရခြင်း ဖြစ်ပေသည်။ ဒီလုံးမှာ ထိုကဲ့သို့ အချိန်ကြာမြင့်စွာ တစ်ခါမှ လမ်းမလျှောက် ခဲ့ရဘူးသဖြင့် အားအင်ကုန်ခန်း နွမ်းနယ်လျက် ရှိတော့သည်။

ဒီလုံးသည် ကျောင်းတွင်းသို့ ဝင်မိသောအခါ ကတ္တီပါအနက်ကြီး ဖုံးလွှမ်းထားသော ယစ်ပလ္လင်ပေါ်၌ ငွေဖြင့် ပြုလုပ်ထားသော ခုံတိုင် ခြောက်ခုပေါ်၌ ဖယောင်းတိုင် ခြောက်တိုင် ထွန်းညှိထားသည်ကို တွေ့ရသဖြင့် တရားစီရင်မည့်ပွဲ ကျင်းပရန် အသင့်ရှိနေပြီကို ကောင်းစွာ သိရပေသည်။

ထိုကျောင်းတော်မှာ ဂိုအာမြို့တွင် အခမ်းအနားဆုံး၊ အလှအပဆုံး ကျောင်းတော်ကြီး ဖြစ်ပေသည်။ အမိုးမျက်နှာကြက်များနှင့် ယစ်ပလ္လင်တို့တွင် ရွှေသားဖြင့် ထုလုပ်သော ရုပ်လုံးရုပ်တုများနှင့် လည်းကောင်း၊ လှပသော ဆေးရေးပန်းချီကားများဖြင့် လည်းကောင်း တန်ဆာဆင်ယင်ထား၍ များစွာ တင့်တယ်လှပပေသည်။ ယဇ်ပလ္လင်၏ တစ်ဖက်တစ်ချက်၌ စင်မြင့်တစ်ခုစီရှိ၍ လက်ဝဲဘက်တွင် တရားသူကြီးချုပ်နှင့် ရုံးအမှုထမ်းများသည် လည်းကောင်း၊ လက်ယာဘက်တွင် ဘုရင်ခံချုပ် ဒွန်ဖူတာဒိုဒီ အလ်ဘူကာကေးသည် လည်းကောင်း အသီးသီး နေရာယူကြ၏။ အခမ်းအနား ကြီးကြပ် စောင့်ရှောက်ရသူတို့သည် ဝင်ရောက်လာသော အကျဉ်းသားများနှင့် သူတို့၏ ဘုရားပေးသော ဖခင်များကို ယဇ်ပလ္လင် အနီးမှစ၍ တစ်ဖက်တစ်ချက် စီတန်းပြီး ရပ်နေစေရန် နေရာ ချထားပေးကြလေသည်။

ဒီလုံးသည် မိမိသတ်မှတ်သော နေရာတွင် ရေကြောင်း ဗိုလ်ချုပ်ကြီးနှင့်အတူ နေရာယူပြီး ကျန်သော အကျဉ်းသားတို့ ချီတက်ဝင်လာ နေကြသည်ကို စောင့်ကြည့်နေမိလေ၏။ မိမိကဲ့သို့ ဆန်ဘင်နီတိုခေါ် သင်တိုင်းကြီးများ ဝတ်ဆင်ထားသော အကျဉ်းသားများ၏ နောက်တွင် ဦးထုပ်ချွန်ဆောင်းထားသော တရားခံများ လိုက်ပါလာကြသည်။ ထို့နောက် လူအချို့က လက်ဝါးကပ်တိုင်ကြီးကို မြင့်စွာ မြှောက်ကိုင်၍ သယ်ယူလာကြ၏။ သို့ရာတွင် လူတန်ကြီးမှာ အဆုံးမသတ်သေးချေ။ ထိုလက်ဝါးကပ်တိုင် နောက်မှ ယောက်ျားတစ်ယောက်နှင့် မိန်းမတစ်ယောက် လိုက်ပါလာလေသည်။ ထိုသူနှစ်ဦးမှာ အိန္ဒိယ တိုင်းရင်းသား ခရစ်ယာန်များ ဖြစ်၍ သူတို့နှင့်အတူ Effigies လူရုပ် (၄) ခုနှင့် သေတ္တာ လေးလုံးကိုပါ သယ်ယူခဲ့ကြလေသည်။ ထိုအကျဉ်းသား တရားခံနှစ်ဦးကား မည်သူများပေနည်း။ ထိုသေတ္တာလေးလုံးနှင့် Effigies လူရုပ်လေးခုကား မည်သည့် ဝတ္ထုများပေနည်း။ ထိုအခါက မသိခဲ့ရပေ။ နောင်အခါမှသာ အလိုလို သိရပေတော့၏။

ထိုလူနှစ်ယောက် ဝတ်ဆင်လာသော အဝတ်အစားတို့မှာ တခြားလူများ ဝတ်ဆင်ပုံနှင့် မတူသည်ကိုမူ ချက်ချင်း သိသာပေသည်။ သူတို့၏ ဆန်ဘင်နီတိုခေါ် သင်တိုင်းမှာ အဝါရောင် မဟုတ်ဘဲ၊ အရောင် ဖျော့တော့တော့ (မဖြူတဖြူအရောင်) ဖြစ်ပေသည်။ ထို့ပြင် စိန့်အင်ဒရူး၏ လက်ဝါးကပ်တိုင်ပုံနှင့် မီးတောက်မီးလျှံနှင့် ငရဲသားတို့ ရုပ်ပုံများ မပါရှိချေ။ သင်တိုင်း၏ အလယ်တည့်တည့်လောက်၌ ဝတ်ဆင်သူ၏ ရုပ်ပုံတစ်ခုသာ ရေးဆွဲထားလေသည်။ မျက်နှာပုံကို ရင်ဘတ်တွင် တစ်ခု၊ ကျောတွင် တစ်ခု ရေးဆွဲထားပြီး Crimen Magical ဟူသော စာတန်းကို စာလုံးကြီးကြီးနှင့် ရေးထားလေသည်။ ၎င်းတို့သည် ၎င်းတို့ရှေ့က အခြားလူ ငါးယောက်ကဲ့သို့ ဦးထုပ်ချွန်ကြီးများကို ဆောင်းထားကြလေသည်။

ဒီလုံးသည် ထိုလူနှစ်ယောက်ကို မိမိတို့ အခန်းထဲ၌ မတွေ့မမြင် ခဲ့ရဘူးချေ။ အတန်ငယ် စဉ်းစားကြည့်သောအခါမှ ခန်းမကြီးထဲ၌ မိမိရှိစဉ်က တခြားဖက် အခန်းထဲတွင် လက်ဝါးကပ်တိုင် ကိုင်၍ ရပ်နေသော ဘုန်းကြီးအနီးမှ လူများတည်းဟု တွေးမိပေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့နှင့်အတူ ဘုရားပေးသော ဖခင်အပြင် ထိုဘုန်းကြီးများပါ လိုက်ပါလာသောကြောင့်တည်း။

ဆုတောင်းပွဲ စလေပြီ။ လူတိုင်း လူတိုင်း ကိုယ့်နေရာတွင် ကိုယ်အသီးသီး ရှိကြသည်။ ဆိုခဲ့ပြီးသော ယောက်ျားနှင့် မိန်းမတို့မှာ သူတကာ၏ နောက်က နေကြရသည်။ သူတို့ မျက်မှောက်က ယူဆောင်လာခဲ့သော

လက်ဝါးကပ်တိုင်ကိုမူ ယဇ်ပလ္လင်ပေါ်သို့ ယူဆောင်သွားကာ ဖယောင်တိုင်များအကြား၌ ထောင်၍ ထားလိုက်ကြ၏။ အရှေ့တိုင်းဒေသ ဆိုင်ရာ ဂိုဏ်းချုပ်ဘုန်းကြီးလည်း စင်မြင့်ပေါ်သို့ တက်လာလေပြီ။ အကျဉ်းသား နှစ်ရာတို့နှင့် ၎င်းတို့ကို ခြိမ်းလိုက်ပါရသော God Father ဘုရားပေးသော ဖခင်များအပြင် မြို့သူ မြို့သားတို့နှင့် အခြား ခရစ်ယာန်ဂိုဏ်း သာသနာဝင် ပုဂ္ဂိုလ်များပါ လူထု ပရိသတ်ကြီးမှာ ခန်းမဆောင်ကြီး တစ်ခုလုံး ပြည့်လျှံနေပေတော့သည်။ ဝတ်လုံနက်နှင့် ဖရန်စစ္စကင်ဖရိယာ ဘုန်းကြီးများသည် လည်းကောင်း၊ ဝတ်လုံဖြူနှင့် ဂရေးဖရိုင်ယာ ဘုန်းကြီးများသည် လည်းကောင်း နှုတ်ခမ်းကျယ် ဦးထုပ်ကြီးများ ဆောင်း၍ မိမိတို့ အဖို့ သီးသန့်ထားသော နေရာများ၌ အသင့်ရှိနေကြကုန်၏။

သြဂုတ်စတင်ဂိုဏ်း သာသနာပြု ဘုန်းကြီးတစ်ပါးက တရားဟော ပြောလျက် ရှိပေသည်။ ဒီလုံးကား မိမိမှာ သေဒဏ်ကလွတ်ဖို့ မျှော်လင့်စရာ ရှိသည်ကို သိပြီးသော်လည်း အမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှု အပြစ်ဒဏ်တို့က ရှိနေသေး၍ ထိုအပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာမှု ရစေရန် ထိုဘုန်းကြီး ဟောကြားနေသော တရားကို ဂရုစိုက်၍ နာကြားနေခဲ့ ပေသည်။ ဘုန်းကြီးသည် တရားကို ခပ်တိုတိုဟောခြင်း ဖြစ်သော်လည်း တစ်နာရီခန့် ကြာပေသည်။

ဆုတောင်းပွဲ အခမ်းအနား ပြီးဆုံးလေပြီ။ သာသနာ့ရုံးတော်မှ စာရေးနှစ်ယောက် စင်မြင့်ဆီသို့ လာ၍ အကျဉ်းသားတို့ အပေါ်၌ ချမှတ်အပ်သော စီရင်ချက် (တရားဆုံးဖြတ်ချက်) များကို ဖော်ပြကြလေတော့သည်။ ယင်းသို့ ဖတ်ပြနေစဉ် ထောင်ကြပ်ကြီးက အကျဉ်းသားတစ်ယောက်ကို ခန်းမဆောင် အလယ် ယဇ်ပလ္လင် ရှေ့သို့ ခေါ်၍ Taper ခေါ် တုတ်တိုကလေးကို လက်တစ်ဖက်မှ မြှောက်ကိုင်ကာ မတ်တတ်ရပ်နေစေ၏။ အလှည့်ကျလာသောအခါ ဒီလုံးကို ခေါ်လိုက်လေသည်။ ဖတ်ပြသော စီရင်ချက်ကို ဂရုစိုက်၍ နားထောင်ရာ မိမိအား ရေနှစ်ခြင်း၊ ရုပ်တုကိုးကွယ်ခြင်း၊ ဘာသာဖျက်ခြင်း စသော ပြစ်မှုများဖြင့် စွပ်စွဲချက်များ တင်ထားသဖြင့် ၎င်းတို့ကို မိမိ မကျူးလွန်ရကြောင်း၊ စွပ်စွဲချက်မမှန်ကြောင်း အတင်း ငြင်းဆိုနေတော့သည်။ သူသည် နဂိုက စကားများသူ ဖြစ်ရကား ဘာကိုမှ အရေးမစိုက်ဘဲ အစွမ်းကုန် ငြင်းဆိုနေပေသည်။ သို့ရာတွင် သူ့အမှု၏ အဆုံးသတ် စီရင်ချက်ကား "ထိုပြစ်မှုများကို ကျူးလွန်သောကြောင့် သူပိုင် ပစ္စည်းအားလုံးကို သိမ်းယူပြီး ထောင်ဒဏ် (၅) နှစ် ကျခံစေရမည်။ ထို အပြစ်ဒဏ်ကို ဂိုအာမြို့တွင် မခံစေဘဲ လစ္စဘွန် (ပေါ်တူဂီမြို့တော်) က အကျဉ်းထောင်သို့ ပို့၍ အပြစ်ခံစေရမည်" ဟူ၍ ဖြစ်သတည်း။

စီရင်ချက်မှာ ရှည်လျားလွန်း၍ အကုန်အစင် မမှတ်မိချေ။ သေဒဏ်မဟုတ်၍ လည်းကောင်း၊ ဆန်တာကာဆာ Santa Casa အကျဉ်းထောင်မှ ဝေးရာသို့ ရောက်ရမည်ဖြစ်၍ လည်းကောင်း ဒီလုံးအဖို့ အတော်ပင် စိတ်သက်သာရာ ရနေပေတော့သည်။ မည်သို့ပင်ဖြစ်စေ သာသနာ့ရုံးတော်၏ အာဏာစက်ကွင်း ထဲက လွတ်ပြီဆိုရင် တော်လှပြီ။ အခြားမည်သည့်ထောင်တွင် မည်သို့ပင် အပြစ်ခံရစေကာမူ ဒီလုံးအဖို့ ဝမ်းမြောက်ဖွယ်ရာပင် ဖြစ်တော့၏။

စီရင်ချက်ကို ဖတ်ပြပြီးလျှင် သူ့ကို ယဇ်ပလ္လင်ရှေ့သို့ ခေါ်သွား၏။ ထိုပလ္လင်ခြေရင်း၌ Missal ခရစ်ယာန် ဘုရားရှိခိုး စာအုပ်တစ်အုပ်ရှိ၏။ ထိုနေရာတွင် သူ့ကို စာရေးတစ်ယောက်က ကတိ ခံဝန်ချက် ပေးစေ၏။ ကတိခံဝန်ချက်ကို စာရေးက ဖတ်၍ တိုင်ပေး၏။ ထို့နောက် မိမိနေရာသို့ ပြန်လာခဲ့ရပြီး အခြား တရားခံများ၏ စီရင်ချက်များကို ဆက်လက် နားထောင်နေရ ပြန်လေသည်။ အမှုပေါင်း နှစ်ရာခန့်ကို စီရင် ရမည့် အချိန်မှာ တနေကုန်မည် ဖြစ်သည်။ ခဏကြာ၍ ပရိသတ်တို့ စားကြ သောက်ကြသည်ကို မြင်လိုက်သော အခါမှ မိမိအိတ်ထဲ၌ စားစရာ ပေါင်မုန့် ပါလာသည်ကို သတိရပြီး မြိန်မြိန် ရှက်ရှက် စားပစ်လိုက်တော့၏။

myanmar teashop www.mmteashop.com

နောက်ဆုံး၌ စီရင်ချက်များဖတ်၍ ပြီးဆုံးသွားလေပြီ။ ထိုစီရင်ချက်များမှာ လက်ဝါးကပ်တိုင်၏ ရှေ့က စီတန်း လှည့်လည်ခဲ့သော အကျဉ်းသား တရားခံတို့၏ အမှုများအတွက် ဖြစ်သည်။ သူတို့ခံရမည့် အပြစ်ဒဏ်များသည်လည်း တစ်ဦးနှင့် တစ်ဦး မတူကြပေ။ အမျိုးမျိုးသော အပြစ်ဒဏ်များ ဖြစ်ကြလေသည်။ သို့သော် ဦးထုပ်ချွန် ဆောင်းရသော တရားခံများ အပါအဝင် မည်သူ တစ်ဦး တစ်ယောက်မျှ သေဒဏ် အပေး မခံကြရချေ။ လက်ဝါးကပ်တိုင် နောက်မှ လိုက်ပါလာသော တရားခံယောက်ျားနှင့် တရားခံ မိန်းမတို့၏ အမှုကို ထိုအချိန်၌ စီရင်ချက် မချသေးဘဲ ဆိုင်းငံ့ထားလိုက် ကြလေသည်။

ထို့နောက် တရားစီရင်သော ဘုန်းကြီးသည် ထိုင်ရာမှထ၍ Albe နှင့် Stoie ဒေါက်ချာနှင့် ဝတ်လုံကို ဝတ်ရုံလိုက်၏။ ကျန်ဘုန်းကြီး အပါး (၂၀) ကလည်း Wand ခေါ် တုတ်တိုကလေး တစ်ခုစီ ကိုင်ဆောင်ကာ တရားသူကြီးချုပ်ဖြစ်သော ဘုန်းကြီးကို ခြံရံလျက် ခန်းမအလယ်၌ နေရာ ယူကြပြီး အတန်ငယ်ကြာအောင် ကျမ်းစာများ ရွတ်ဆိုကြလေသည်။ ထို့နောက် တရားခံ အသီးသီးအပေါ်၌ ကျရောက်မည့် သံသရာ ဘေးတို့မှ ကင်းလွတ်ပပျောက်စေကြောင်း မေတ္တာပို့ကြပြန်သည်။ တစ်ဖန် အခြံအရံဖြစ်သော ရဟန်းအပါး (၂၀) က တရားခံ အသီးသီး၏ ရင်ဘတ်ကို တစ်ချက်စီ အသာအယာ ထုရိုက်ပေးကြသည်။ ဒီလုံးလည်း မိမိ အလှည့်သို့ ရောက်သော် မိမိ၏ ဘုရားပေး ဖခင် ဗိုလ်ချုပ်ကြီး မျက်နှာပျက်သွားသည်ကို မြင်လိုက်ရ၏။ ဗိုလ်ချုပ်ကြီးသည် ခံ့ညားတည်ကြည်သော စစ်သားရင့်မာကြီး ဖြစ်ပါလျက် ဣန္ဒြေကိုပင် မဆောင်နိုင်တော့ဘဲ နလုံးသားထဲက ဖြစ်လာသော တကယ့် ကရုဏာမေတ္တာဖြင့် ရှိုက်ကြီးတငင် ငိုလေတော့သည်။ ဒီလုံးကိုလည်း "ငါ့ညီ-ငါ့ညီ" ဟု ခေါ်၍ မခွဲမိ ပွေ့ဖက် ထားရှာပေသည်။ ထို့နောက် ဒီလုံးသောက်ရန် ဆေးလိပ်တစ်လိပ် ညှိ၍ ပေးလိုက်လေသည်။

တရားစီရင်မှုပိုင်တော့ ပြီးဆုံးသွားလေပြီ။ တရားသူကြီးချုပ်ဖြစ်သော ဘုန်းကြီးလည်း မိမိနေရာ စင်မြင့်သို့ ပြန်၍ ထိုင်လိုက်ပြီးနောက် ထိုတရားခံ ယောက်ျားနှင့် တရားခံ မိန်းမကို သူ၏ ရှေ့တော်သို့ သွင်းခဲ့စေ၏။ ထို့နောက် ၎င်းတို့၏ အမှုအတွက် စီရင်ချက်များကို ဖတ်ကြားလေသည်။ သူတို့သည် မှော်အတတ်ပညာကို လိုက်စားသည့် ပြစ်မှုကျူးလွန် သူများဖြစ်သည်။ အမှန်မှာ ထိုသူတို့သည် နက္ခတ်ဗေဒင် ပညာကို လေ့လာသူများသာ ဖြစ်ကြသော်လည်း ထိုအတတ်ပညာမှာ ဟိန္ဒူဘာသာ အယူဝါဒနှင့် ဆက်စပ်နေသောကြောင့် ဥပဒေနှင့် ငြိစွန်းနေပေသည်။ သို့ရာတွင် သူတို့သည် ခရစ်ယာန် ဘာသာကို (၁၇) ရာစုနှစ်အတွင်းက ကက်သလစ်များထက်ပင် ပို၍ ယုံကြည် ကိုးကွယ်ကြ ပေသည်။ ၎င်းတို့ကို အပြီးသတ်တွင် မီးရှို့ သတ်စေရန် စီရင်ချက် ချမှတ်လိုက်လေသည်။

ယင်းအမှုမျိုး၌ အယူခံ မရှိချေ။ အခြား မြို့သူ မြို့သားတစ်စုံ တစ်ယောက်က ဖြစ်စေ၊ ရာထူး ရာခံ ရှိသူများက ဖြစ်စေ၊ မည်သူကမျှ ကူညီ၍ အသနားခံခြင်း၊ အယူခံခြင်း မပြုလုပ်ဝံ့ကြချေ။ အပြစ်ဒဏ် ခံရသူနှင့် တစ်စုံတစ်ရာ အဆက်အသွယ် ရှိသူဟု အထင်ခံရမည်ကိုပင် အလွန်စိုးရွံ့ ကြောက်လန့်ကြလေသည်။

၎င်းတို့ကို မီးရှို့ရန် သတ်မှတ်ထားသော နေရာသည် ဘုရင်ခံချုပ် အလ်ဘူကာကေး၏ ရုံးနှင့် တစ်ဆက်တည်း ဖြစ်သော မြစ်ကမ်းနံဘေး မနီးမဝေးတွင် ရှိပေသည်။

သာသနာရေး အမှုအခင်းများနှင့် ပတ်သက်၍ ထိုခေတ်က လုပ်ပုံ ကိုင်ပုံများမှာ နားမလည်နိုင်အောင် ရှိတော့သည်။ ယခင်ဆိုခဲ့သော သေတ္တာ လေးလုံးအနက် သုံးလုံးတွင် လူသေကောင် အလောင်း လေးလောင်းမှ အရိုးကြွင်း အရိုးကျန်များ ဖြစ်သည်။ ထိုအရိုးများမှာ စီရင်ချက် မချရသေးမီ သေဆုံးသော

အကျဉ်းသား သုံးယောက်၏ အရိုးများ ဖြစ်၍ ကျန်သေတ္တာ တစ်လုံးတွင်မူ တစ်ကြိမ်တစ်ခါမျှ တရားစွဲ မခံရသေး (အကျဉ်း မခံရသေး) သော လူတစ်ယောက်၏ အရိုးဖြစ်သည်။ ထိုလူတို့သည် သေလွန်ပြီး ဖြစ်သော်လည်း ၎င်းတို့၏ အမှုကို ယခုမှသာ စစ်ဆေးရ၍ အပြစ် ထင်ရှားသောကြောင့် သူတို့၏ အလောင်းများကို သင်္ချိုင်းမြေပုံမှ တူးဖော်လာခဲ့ပြီး အခြား တရားခံများနှင့်အတူ စီတန်း လှည့်လည်ရာ၌ ယင်းသို့ ပါဝင်ခဲ့ကြရခြင်း ဖြစ်သည်။ ထိုသေတ္တာလေးလုံးနှင့်အတူ တုတ်တိုင်ပေါ် တင်ဆောင် သယ်ယူလာသော လူရုပ်လေးခုမှာလည်း ထိုသူတို့၏ ကိုယ်စား (အရုပ်များ) ဖြစ်ကြသည်။ ထို့ကြောင့် ထိုအရိုး သေတ္တာများနှင့် လူရုပ်လေးခုကို ယခင် သေဒဏ် အပြစ်ပေးခံရသော မိန်းမ၊ ယောကျ်ား နှစ်ဦးနှင့်အတူ မီးရှို့ ပစ်လိုက်ကြလေသည်။

ဒီလုံး၏ မှတ်တမ်းအရ ယင်းသို့ မီးရှို့၍ အသတ်ခံရသော လူတို့၏ ပုံတူ ပန်းချီကားများကို ဒိုမီနီကင် ဘုရားကျောင်းအတွင်း၌ ဆွဲချိတ် ထားကြသည်ဟု သိရပေသည်။ ၎င်းတို့၏ မျက်နှာအသီးသီးကို ဘေးက မီးတောက်မီးလျှံများ ဝိုင်းနေပုံ ရေးဆွဲထားကြ၏။ သေဒဏ် ခံရသော တရားခံများကို သတ်ရန် ပြင်ဆင်နေဆဲတွင် ဒီလုံးအား သူ့အခန်းသို့ ပြန်ခေါ်သွား ကြသည်။ "ကျွန်ုပ်မှာ လွန်စွာ နွမ်းနယ်ပြီး ကိုယ်တွေလက်တွေ နာကျင်နေတော့သည်။ သို့ရာတွင် ကျွန်ုပ်၏ အကျဉ်းတိုက် အလုံခန်းထဲသို့ ပြန်ဝင်ရမည်ကို တွေး၍ ရွံ့တွန့်တွန့် ဖြစ်နေမိပါသည်" ဟု ရေးသားထားရာ ထိုအချိန်က ဒီလုံး ခံစားရပုံများမှာ သနားဖွယ် ကောင်းလှပေတော့၏။

ထိုအခိုက် ထောင်ကြပ်ကြီးသည် ဒီလုံးကို သူ၏ အခန်းသို့ ခေါ်ဆောင်သွားကာ တံခါး ပိတ်၍ သော့ခတ်ထားခဲ့လေသည်။ သို့နှင့် ဒီလုံးမှာ အိပ်ရာပေါ် လှဲချလိုက်ပြီး ညစာ အပို့ကို စောင့်မျှော်နေရပေသည်။ နောက်ဆုံး၌ ငါးဟင်း၊ သားဟင်းမပါ ပေါင်မုန့်နှင့် တည်သီးမျှသာ ပါသော ညစာကို လာပို့လေတော့သည်။ ထိုအခါသည် သူ၏ နောက်ဆုံးညစာ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ထမင်းချက်သူများသည် ယနေ့အဖို့ အားလပ်ခွင့် ရကြသဖြင့် လူသေကောင် မီးရှို့သော နေရာသို့ သွားရောက် ကြည့်နေကြသောကြောင့် ညစာကို ယခုလို ဖြစ်ကတတ်ဆန်း လုပ်လာဟန် တူပေသည်။

ဒီလုံးမှာ ထိုညအဖို့ အရင်က ညများထက်ပို၍ အိပ်ပျော်လေသည်။ နောက်တစ်နေ့နံနက် (၆) နာရီထိုးမှ ထောင်ကြပ်ကြီးလည်း ရုံးထွက်စဉ်က ဝတ်သော အဝတ်များကို ယူရန် ပေါ်လာတော့၏။ ဆန်ဘင်နီတိုခေါ် ဂါဝန်သင်တိုင်းကိုတော့ ချွတ်ယူ မသွားသေးချေ။ ထိုသင်တန်းကို အချုပ်ခန်းမှ ထောင်သို့ ပြောင်းသောအခါ ဝတ်ဆင်သွားရပေဦးမည်။ အတွင်းက အနက်ရောင် အဖြူစင်း အင်္ကျီခါးတိုနှင့် ဘောင်းဘီတိုကိုသာ ချွတ်ယူသွားပေသည်။ ခုနစ်နာရီထိုးသော် သူ့ဖို့ နံနက်စာ ရောက်လာ၏။ ထို့ပြင် ပစ္စည်းပစ္စယများ ထုပ်ပိုး၍ အသင့်ပြုလုပ်ထားရန် မှာကြားသွားလေသည်။ ကိုးနာရီထိုးသော် သူ၏ အခန်းတံခါး ပွင့်လာပြီး သူ့ကိုအပြင်သို့ ခေါ်ထုတ် သွားတော့၏။ ဒီလုံးသည် မိမိ၏ အထုပ်ကို ကျောတွင် ပိုး၍ အစိမ်းရောင် ခန်းဆီးနှင့် ခရစ်တော် လက်ဝါးကပ်တိုင်ရှိရာ ခန်းမဆောင်ကြီး အတွင်းသို့ ထောင်ကြပ်၏ နောက်မှ ကပ်၍ ဝင်လိုက် သွားလေသည်။

အထဲတွင် ထောင်ကျ အကျဉ်းသားများ အဆင်သင့် စုဝေး ရောက်ရှိ နေနှင့်ကြသည်။ အချို့မှာ ကြိမ်ဒဏ် အရိုက်ခံရမည်ဖြစ်၍ ကြိမ်ဒဏ် ရိုက်မည့်လူများလည်း အသင့် ရှိနေ ကြသည်။ ထို့နောက် သာသနာ့ သန့်ရှင်းရေးအရာရှိ Inquisitor ရောက်လာပြီး သူ့နေရာတွင် ဝင်ထိုင်သည်။ ထိုအခါ တရားခံအားလုံး ကြမ်းပြင်ပေါ်သို့ တစ်ပြိုင်နက် ဒူးထောက်ချ လိုက်ကြပြီး ခရစ်ယာန် ထုံးစံအတိုင်း သူ့ခြေရင်းက မြေကြီးကို ကုန်း၍ နမ်းရှုပ်ကာ သူ၏ ကောင်းချီးပေးခြင်းကို ခံယူကြလေသည်။

ထို့နောက်၌မူကား အကျဉ်းသားတို့ကို မိမိတို့ အပြစ်ဒဏ် အားလျော်စွာ စီရင်ရန် ဆိုင်ရာဆိုင်ရာသို့ ခေါ်ဆောင်သွားကြလေတော့၏။ အကျဉ်းသားတို့မှာ ခရစ်ယာန် ဘာသာဝင်ချည်း အားလုံး မဟုတ်ကြကုန်။ အချို့မှာ ဟိန္ဒူဘာသာဝင်များ ဖြစ်၍ အချို့ကား မဟာမေဒင် ဘာသာဝင်တို့ ဖြစ်ကြသည်။ သို့သော် အထက်တွင် ပြဆိုခဲ့သည့်အတိုင်း ခရစ်ယာန် ဘာသာဖျက်ဆီးမှုနှင့် စွဲဆိုခံရသူများချည်း ဖြစ်ကြသည်။ ၎င်းတို့အနက် အချို့မှာ ဂိုအာမြို့က ထွက်ခွာသွားရန် ပြည်နှင် ဒဏ်ခံကြရသည်။ ထိုသူတို့သည် ဈေးရောင်း ဈေးဝယ် ကုန်သည်လုပ်ငန်း လုပ်သူများ ဖြစ်၍ ၎င်းတို့၏ ဥစ္စာပစ္စည်းများကို သိမ်းယူခြင်း ခံကြရသော်လည်း သူတို့အဖို့ ထိုအပြစ်ဒဏ်ကို ဝမ်းမြောက်ဝမ်းသာပင် ခံကြရသော်လည်း သူတို့အဖို့ ထိုအပြစ်ဒဏ်ကို ဝမ်းမြောက်ဝမ်းသာပင် ခံယူကြလေသည်။ အချို့မှာ လက်နက်တိုက်တွင် အလုပ်ကြမ်းနှင့် ထောင်ချခံရ၍ ဒေသဆိုင်ရာ အကျဉ်းထောင်များသို့ ပို့လေသည်။

ခရစ်ယာန် ဘာသာဝင် ထောင်ကျများကိုမူ ဥရောပတိုက်သား ဖြစ်စေ၊ အာရှတိုက်သား ဖြစ်စေ မြို့ထဲက အိမ်တစ်အိမ်တွင် အစေခံအဖြစ် အလုပ်ကြမ်းခိုင်းရန် ပို့ပေးလေ့ရှိသည်။ ဒီလုံးကိုလည်း ပေါ်တူဂီပြည်သို့ ပြန်မပို့မီ ထိုလူများနှင့်အတူ အိမ်တစ်အိမ်သို့ ပို့ထားလေသည်။

ဇန်နဝါရီ (၁၃) ရက်နေ့သည် ထိုအိမ်သို့ ဒီလုံး ရောက်လာခဲ့သည့် (၁၀) ရက် ပြည့်သောနေ့ ဖြစ်သည်။ သူသည် ပေါ်တူဂီသို့ ထွက်မည့် သင်္ဘောအသင့် မရှိမီ အကျယ်ချုပ် သဘော နေထိုင်ရသဖြင့် အချုပ်မခံရမီ ဒါမန်မြို့၌ ရှိစဉ်က အတူနေခဲ့ရသော ဒိုမီနီကင် ဘုန်းကြီးသည် သူ့ကို လာရောက်ကြည့်ရှုပြီး ပွေ့ဖက် ငိုကြွေး၍ နှုတ်ဆက်ရှာသည်။ ထိုဘုန်းကြီး၏ စိတ်ထဲ၌ ဒီလုံးကို စီရင်ချက် ချသည်မှာ တရားလွန်လွန်းရာ ကျသည်ဟု ယူဆဟန်တူသည်။ ထို့ကြောင့် ဒီလုံး အချုပ် ခံရသည်မှ အမှု မစစ်မီအတွင်း တရားစွဲသူကို သွားရောက် တွေ့ဆုံကာ အကျိုးအကြောင်း ရှင်းပြကာ အမှုရုပ်သိမ်းရန် ကြိုးစား ပေးခဲ့ဖူးလေသည်။ သို့ရာတွင် သူသည် ဒိုမီနီကင် သာသနာပြုခေါင်းဆောင် ဘုန်းကြီးတစ်ဦး ဖြစ်သော်ငြားလည်း Inquisition အမှုနှင့် ပတ်သက်နေသောကြောင့် မည်သို့ ကြိုးစားခဲ့စေကာမူ အောင်မြင်မှု မရနိုင်ခဲ့ချေ။ ခုံရုံးတော်သည် ထိုအမှုမျိုးတွင် သာသနာတော်ကို ကာကွယ်ရန် နည်းလမ်း ရှိသမျှ လုပ်နိုင်သော အာဏာ အကြွင်းမဲ့ ရရှိထားပေသည်။ သာသနာဂိုဏ်းတစ်ခုခုမှ အထက်တန်းကျသော သာသနာပြု ဘုန်းတော်ကြီးများပင် ထိုအမှုမျိုးနှင့် ပတ်သက်နေလျှင် အကျဉ်းသားဘက်ကနေ၍ ရှေ့နေလိုက်ခြင်း၊ ကူညီခြင်း စသော အမှုများ မပြုကြရချေ။ သို့စဉ်လျက် တရားခံတစ်ဦး အပေါ် ယင်းသို့ ကြင်နာသနားလှသဖြင့် အမှုစွဲဆိုသူကိုပင် သွားရောက် ပြောဆိုပေးဝံ့သော ထိုဒိုမီနီကပ် ဘုန်းကြီးမျိုးကို ဒီလုံး၏ တစ်သက်တွင် ထိုတစ်ကြိမ်သာ တွေ့ရဖူးပေသည်။ ထိုဘုန်းကြီးသည် ရေကြောင်းလမ်းခရီး၌ ဒီလုံး စားသုံးရန် အလို့ငှာ စားဖွယ် သောက်ဖွယ် များကို အလုံအလောက် ထည့်သို၍ ပေးလိုက်ချေသေး၏။

ဇန်နဝါရီ (၂၃) ရက်နေ့တွင် ဒီလုံးကို တရားသူကြီးချုပ် ရှေ့သို့ ခေါ်ဆောင်သွားပြီး ယခု သာသနာပြု ရုံးတော်၌ မိမိတွေ့ရ မြင်ရကြားရသည်တို့ကို မည်သူ့ကိုမျှ ပြန်မပြောပါ။ လျှို့ဝှက်၍ ထားပါမည်ဟု ကျမ်းကျိန်ဆိုစေတော့၏။ ဒီလုံးသည် ယင်းသို့ ကျမ်းကျိန် လာခဲ့ရသည်အတွက် ထောင်ကလွတ်ပြီး (၁၀) နှစ်လုံးလုံး သူ၏ မှတ်တမ်းစာအုပ်ကို ထုတ်ဝေခြင်း မပြုဝံ့ဘဲ ချီတုံ ချတုံ ထိတ်လန့်နေခဲ့ရပေသည်။

ထိုညတွင် သင်္ဘောထွက်ရန် အသင့်ပြင်လေပြီ။ သူ့ကိုလည်း ဂိုဏ်းချုပ်၏ မထင်ရှားလှသော Al Jabir ခေါ် အကျဉ်းခန်းထဲသို့ ခေါ်သွင်း ထားကြလေသည်။ ထိုအကျဉ်း ထောင်ကလေးမှာ မည်းမှောင်လျက် ညစ်ပတ်ပေရေကာ အခန်းနှင့် လူနှင့် မလိုက်အောင် ပြည့်သိပ်လျက် ရှိပေရာ ပိုင်းယဒ်နေခဲ့သော Salle

အမည်ရှိ အချုပ်ခန်းနှင့် ခပ်ဆင်ဆင်တူတော့သည်။ သို့ရာတွင် အနည်းငယ် တော်ပေသေးသည်ဟု နှိုင်းယှဉ်ကာ ဝမ်းမြောက်ခဲ့ရသေးသည်။ ထိုအခန်းတွင် (၄၈)နာရီ နေရပြီးနောက် အရာရှိတစ်ဦး ရောက်လာပြီး သူ့ကို သံခြေချင်း ခတ်၍ သင်္ဘောသို့ ခေါ်ဆောင် သွားတော့၏။

သူသည် ဇန်နဝါရီလ (၂၇) ရက်နေ့တွင် သင်္ဘောကို ကျောက်ဆူးနုတ်၍ အမြန်ဆုံးနှုန်းဖြင့် ရွက်လွှင့်ကြရာ ဘရေဇီလ်ပြည်သို့ မေလတွင် ဆိုက်ရောက်ကြ၏။ ဘရေဇီလ်တွင် စက်တင်ဘာလအထိ လေကြောင်း သင့်မည့်အချိန်ကို စောင့်ရင်း ရပ်နား နေကြ ရပြန် လေသည်။ ထိုမြို့၌ ရှိနေစဉ် သူတို့သည် ဒီလုံးကို ညအခါမြို့ထဲက အကျဉ်းထောင်၌ ပိတ်ထားသော်လည်း နေ့အခါတွင် မြို့တွင်းသို့ လှည့်လည် သွားလာခွင့် ပေးထား ကြလေသည်။

ဘရေဇီလ်မှ လစ္စဘွန်သို့ သွားသော ခရီးတွင် ဒီလုံးမှာ ပင်လယ်ထဲ ပစ်ချခံမည့်ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ရသေး၏။ အကြောင်းကား တစ်နေ့သော် ဘုန်းကြီး တစ်ပါးသည် သင်္ဘောပေါ်ရှိ ပရိသတ်တို့ကို ဆုတောင်းပွဲ အခမ်းအနား ကျင်းပပေးလေသည်။ ဒီလုံးသည် တရား ပလ္လင် အဖြစ် အသုံးပြုသော စားပွဲအနီး၌ မျက်စိကို စုံမှိတ်၍ ဘုရားကို အာရုံပြုနေမိလေသည်။ ဘုန်းကြီးသည် သာသနာဖျက်မှုနှင့် ထောင်ကျနေသော အကျဉ်းသားတစ်ဦးအဖြစ် ဒီလုံးအပေါ်တွင် မျက်မုန်းကျိုးနေပေရကား ဒီလုံး၏ အပြုအမူသည် သာသနာတော် အကျိုးကို ဖျက်လိုဖျက်ဆီး ပြုခြင်းဖြစ်ကြောင်း စွပ်စွဲလေတော့သည်။ ဒီလုံးလည်း များစွာ ထိတ်လန့် သွားတော့၏။ လစ္စဘွန်မြို့သို့ ရောက်လျှင် မိမိအမှုကို ပြန်ဖွင့်ကာ သေဒဏ်အဖြစ် ခံရချေတော့မည်။ သို့နှင့် သူသည် ထိုဘုန်းကြီးထံသို့ အလျင်အမြန် သွားပြီး မိမိ မျက်စိမှတ်နေမိသည်မှာ အခြား အကြောင်း မဟုတ်ပါ။ ဘုရားသခင်ကို ကြည်ညိုလွန်း၍ ရှေ့မှောက်တွင် အစွမ်းကုန် အာရုံပြုနေခြင်းသာ ဖြစ်ပါသည်ဟု အတန်တန် တောင်းပန်သောအခါမှ ဘုန်းကြီးလည်း မကျေမနပ်နှင့်ပင် သူ၏ လျှောက်လဲချက်ကို လက်ခံလိုက်တော့သည်။

Galley ဂေါ်လီအကျဉ်းထောင်ဆိုသည်မှာ ယခင် အခါက ပင်လယ်သွား ရွက်လှေကြီးများတွင် လှေကို လှော်ခတ်ရန် ကျေးကျွန်များအဖြစ် သံထုးခတ်လျက် ကျွဲ၊ နွားသဖွယ် ရိုက်နှက်ခိုင်းစေခြင်း ခံရသူများကို ချုပ်နှောင်ထားသော အကျဉ်းထောင်မျိုး ဖြစ်သည်။ အများအားဖြင့် သင်္ဘောဆိပ် အနီးတွင် ရှိတတ်ကြသည်။ ထိုအကျဉ်းထောင် စနစ်ကို ပေါ်တူဂီတွင် ဒီလုံး မရောက်မီကာလကပင် ပယ်ဖျက်ထားပြီး ဖြစ်သည်။ သို့ရာတွင် ဂေါ်လီ အကျဉ်းထောင် အဆောက်အအုံမူကား ယခုထိ ဖျက်မပစ်သေးဘဲ ယခင်က အပြစ်ဒဏ် ကျခံလာခဲ့ရသော အကျဉ်းသားဟောင်းများကို အလုပ်ကြမ်း စေခိုင်းရန် အလို့ငှာ ဆက်လက် ထားရှိပေသေးသည်။

ပေါ်တူဂီတို့ ရောက်သွားသောအခါ အစောင့်အကြပ်များသည် ဒီလုံးကို အခြား အကျဉ်းသား တစ်ယောက်နှင့်တွဲ၍ သံခြေချင်း ခေတ်လိုက် လေတော့၏။ ထိုအကျဉ်းသားမှာ ပေါ်တူဂီ လူမျိုး တစ်ယောက် ဖြစ်၍ မိမိ ပြစ်မှုမျိုးနှင့် ထောင်ဒဏ် ပေးခံရသူ ဖြစ်သည်။ အခြား အကျဉ်းသားတို့မှာ များသောအားဖြင့် Fugitives ခေါ် ဘာသာရေးကြောင့် တိုင်းပြည်မှ ထွက်ပြေးကြသော လူများ၊ ကျေးကျွန် အလို့ငှာ ဖမ်းထားသူများနှင့် တူရကီ လူမျိုး သုံ့ပန်းများ ဖြစ်ကြသည်။ ဒီလုံးသည် ထိုအကျဉ်းသားများထဲတွင် မိမိကဲ့သို့ ပညာတတ် လူတန်းစား အချို့ကိုလည်း တွေ့ဆုံ သိကျွမ်းခဲ့ရပေသည်။

ခိုင်းစေသော အလုပ်တို့မှာ အလွန် ပင်ပန်းကြမ်းတမ်းသော အလုပ်များဖြစ်၍ ကြပ်မတ် စေခိုင်းသူတို့သည်လည်း အလွန် ရက်စက် ကြမ်းကြုတ်ကြပေသည်။ ပွဲတော်ရက်များမှ တစ်ပါး ကျန်နေ့များတွင်

myanmar ONLINE teashop
www.mmteashop.com

နံနက်တိုင်း စောစောထ၍ သင်္ဘောဆိပ်သို့ ချီတက် သွားရောက် ကြပြီး သင်္ဘောပေါ်သို့ ကုန်များကို ထမ်းပိုးတင်ပို့ခြင်း၊ သင်္ဘောက ကုန်များကို သယ်ပိုး၍ ကုန်းပေါ်သို့ ချပေးရခြင်း စသော အလုပ်ကြမ်းများ လုပ်ကြရပေသည်။ အကျဉ်းသားမှန်က အဆင့်အတန်း မခွဲခြား ထိုအလုပ်ကြမ်းများကို အတင်း လုပ်ခိုင်းကြသည်။ သို့သော် ငွေစကြေးစ တတ်နိုင်၍ များကို အတင်း လုပ်ခိုင်းကြသည်။ သို့သော် ငွေစကြေးစ တတ်နိုင်၍ အစောင့်အကြပ်တို့ကို လာဘ်ထိုးနိုင်သူတို့ကား အလုပ် သက်သာကြလေသည်။

အလုပ်ချိန်မှာ နံနက် အရုဏ်တက်မှ နေမွန်းတည့် လုနီးအထိ တစ်ကြိမ်၊ မွန်းလွဲ (၁) နာရီမှ နေဝင်ချိန် အထိ တစ်ကြိမ်၊ တစ်နေ့ (၂) ကြိမ် လုပ်ရပြီး အလုပ် သိမ်းသော အခါ သံခြေချင်း ခတ်၍ ထောင်သို့ ပြန်ပို့၍ သံခြေချင်း တန်းလန်းနှင့်ပင် အိပ်စက် ကြရပေသည်။ သူတို့အဖို့ တစ်နေ့စာ ရိက္ခာမှာ သင်္ဘောသားတို့ စားသုံးရသော ဘီစကွပ်မျိုး တစ်ပေါင်ခွဲ ဖြစ်၍ ဟင်းသီး ဟင်းရွက် ရောသော ငါးခြောက် တစ်လစာ ခြောက်ပေါင်သာ ပေးသည်။ သို့ရာတွင် အပြင်ထွက်၍ အလုပ်လုပ်ချိန်၌ ပေးကမ်း လှူဒါန်းသူ ရှိလျှင် ပေးသမျှ လှူသမျှ စားသောက်ခွင့် ရရှိကြသည်။

ရံဖန်ရံခါ ခရစ်ယာန် ဘုန်းကြီးများ ကြွလာပြီး တရားဓမ္မ ဟောကြား နှစ်သိမ့်ကြသည်။ အတိုချုပ် ပြောရလျှင် ဂေါ်လီ အကျဉ်းထောင်ကို အုပ်ချုပ်ပုံမှာ ယခုခေတ် အကျဉ်း ထောင်များထက် ပိုမို ပြင်းထန်လှ၏။ ရက်ရက်စက်စက် အုပ်ချုပ်၏။ နှိပ်စက်ကလူ ပြု၍ ဒဏ်ရာ အနာတရ ဖြစ်သော်လည်း ယခုခေတ် ထောင်များမှာကဲ့သို့ လျှော်ကြေး မရချေ။

အပြင်ဘက်နှင့် အဆက်အသွယ်တော့ မပြတ်လှပေ။ အကယ်၍ အကျဉ်းသား တစ်ယောက်သည် ထောင်ပြင်ထွက်၍ မြို့ထဲ လည်ပတ်လိုလျှင် ပိုက်ဆံပေး၍ ထောင်ကြပ် တစ်ယောက် အစောင့်နှင့် သွားလာ လည်ပတ်နိုင်၏။ ထောင်ဝင်စာ ခံ၍ ဝင်တွေ့ လိုသူ များကိုလည်း တွေ့ခွင့် ပြု၏။ ဒီလုံးသည် ထောင်ထဲသို့ ရောက်ပြီး နောက်နေ့တွင် မုတ်ဆိတ် ကျင်စွယ်များ ရိတ်လျက် အခြား ထောင်သားတို့နှင့် အတူ အလုပ် လုပ်ရလေသည်။ သူသည် မိမိ နိုင်ငံကို ပြန်ရောက်ဖို့ရန် ဉာဏ်နည်းအတိုင်း ငါးနှစ်တာမျှ စောင့်မျှော် နေရ ပေတော့ဦးမည် တကား။ သာသနာ့ရုံးတော်၏ ဖြောင့်မှန် တည်ကြည်မှု အတွက် လက်ရှိ မတရား မှုများကို ဆန့်ကျင် တိုက်ဖျက်မည့် လူစွမ်းကောင်း တစ်စုံတစ်ယောက်မျှ ထွက်ပေါ်ခြင်း မရှိခဲ့ချေ။ သို့သော် ဒီလုံးသည် မိမိ ဘဝကို အသိပေးပြီး ကယ်နိုင်မည့် လူတွင်ကျယ် တစ်စုံတစ်ယောက်ကို အမြဲတမ်း သတိထား၍ မျှော်မှန်းရှာဖွေ နေခဲ့ပေသည်။

သူသည် မိမိတို့ ပြင်သစ်တိုင်းသား တစ်စုံတစ်ယောက် လစ္စဘွန်မြို့၌ ရှိပေသလောဟု မပြတ် စုံစမ်း နေခဲ့ပေသည်။ တစ်နေ့သော အခါ ဘုရင်မ၏ သမားတော်ကြီး တစ်ဦးသည် ပြင်သစ် လူမျိုး ဆရာဝန်ကြီး ဖြစ်ရုံမက ဘုရင့်နန်းတွင်းသူ၊ နန်းတွင်းသား မှူးကြီး မတ်ရာ များနှင့်လည်း အလွန် ရင်းနှီး ခင်မင်ကြောင်း သတင်းကောင်းတစ်ရပ် ကြားသိခဲ့ရ သဖြင့် လွန်စွာ ဝမ်းမြောက် အားတက် မိလေသည်။ သို့နှင့် ဒီလုံးသည် ထိုဆရာဝန်ကြီးထံသို့ မိမိ၏ ဖြစ်ရပ် အမှန်များကို လည်းကောင်း၊ ခံစားနေရသော ဒုက္ခ အဖုံဖုံကို လည်းကောင်း စုံလင်စွာ စာနှင့် ရေးသား၍ မိမိအား တွေ့ခွင့် ပြုပါမည့် အကြောင်းနှင့် မိမိအား ခံစား နေရသော ဒုက္ခမှ ကယ်တင်ပါမည့် အကြောင်း အတတ်နိုင်ဆုံး ခယ တောင်းပန် ခဲ့လေသည်။

ဆရာဝန်ကြီးနှင့် ဆက်သွယ်ရာ၌ အစစ ဖြောင့်ဖြူး သာယာခဲ့ပါ၏။ သို့သော် လက်တွေ့ အကောင် အထည်ပေါ်ဖို့မှာ မမြန်ဆန်လှပေ။ ဆရာဝန်ကြီးသည် ဘုရင်မ၏ ရွှေနားတော်သို့ ပေါက်ကြားအောင်

ဆောင်ရွက်ခဲ့သော်လည်း ရုတ်တရက် ချက်ချင်း အကြောင်း ပြန်ကြားခြင်း မခံ ရသေးချေ။ ထိုအတောအတွင်း မှာပင် ဒီလုံးသည် ပြင်သစ်ပြည်ရှိ ဆွေမျိုး သားချင်းတို့ထံ ဖြစ်ရပ်စုံလင်ကို စာဖြင့်ရေး၍ မိမိတို့နည်းနှင့် တတ်နိုင်သမျှ ရင်းနှီးရာ ချဉ်းကပ်လျက် သူ၏ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ကြိုးစား ပေးကြရန် တောင်းပန်စာများ ရေးသား ပေးပို့ခဲ့ပေသည်။

နောက်ဆုံး၌ မိတ်ဆွေတစ်ဦး၏ အကြံ ပေးချက်အရ ဆရာဝန်ကြီးသည် လစ္စဘွန်မြို့ရှိ Inquisition ရုံးတော်သို့ ဒီလုံး၏ အမှုကို ပြန်လည် စဉ်းစားကာ အပြစ်ဒဏ် လျှော့ပေါ့ ပေးရန် အသနားခံစာ တစ်စောင် တင်သွင်းပေးခဲ့သည်။ သို့ရာတွင် အကြိမ်ကြိမ် စာရေး သော်လည်း အဖြေ မရခဲ့ပေ။ အရာရှိချုပ် အပြောင်းအလဲ ရှိနေပြီး ရာထူးသစ် ဆက်ခံသော ထိုအရာရှိများ တရားရုံး မထိုင် သေးသောကြောင့် ကြန့်ကြာ နေရသည်ဟု နောက်မှ သိရ ပေသည်။

သုံးလ ကြာမြင့် ခဲ့လေပြီ။ (၁၆၇၇) ခုနှစ်၊ ဘုရားနေ့ ကျင်းပသော သတင်းပတ်ရောက်မှ အရာရှိချုပ်ကြီး ရောက်လာပေသည်။ သို့ရာတွင် အီစတာပွဲတော် ရုံးပိတ်ရက်များနှင့် ကြုံနေ ပြန်သောကြောင့် မည်သည့် အရာရှိမျှ ရုံးကိစ္စများကို မလုပ်ကြပေ။ ပွဲတော်ရက်၏ နောက်ဆုံး တနင်္ဂနွေနေ့ Causimodo Sunday ရောက်မှ တရားခုံရုံး စတင် ထိုင်လေ တော့သည်။ ထိုအခါ ဒီလုံး၏ အယူခံလွှာကို အသစ် ထပ်မံ တင်ပို့ လိုက်ပြန်လေသည်။ ထိုသာသနာ့ရုံး အရာရှိချုပ်ကြီး၏ အမည်မှာ ဗာဆီမိုလန်ကက်စတာ ဖြစ်သည်။ သူ၏ ပြန်ကြားစာ၌ "ကျွန်ုပ်သည် ဤမျှသေးသော ပြစ်မှုကလေးမျှကို ထောင်ငါးနှစ် ချရသည့် သဘောကို နားမလည် နိုင်အောင် ရှိပေ၏" ဟု မှတ်ချက် ရေးပေး လိုက်လေသည်။

သို့နှင့် ဒီလုံးသည် ဂိုအာမြို့က အမှုအကြောင်းအရာ အားလုံးကို ရေးသား၍ အရာရှိချုပ်၏ မှတ်ချက်နှင့် အတူ အယူခံလွှာ တစ်စောင်ကို ထပ်မံရေးသား တင်ပို့ လိုက်ပြန်ရာ Inquisition ရုံး အတွင်းဝန်များက ဂိုအာမြို့က အရာရှိချုပ်၏ အာဏာသည် လစ္စဘွန်က အရာရှိချုပ်၏ အာဏာနှင့် တန်းတူ ညီမျှရှိသည်ဖြစ်၍ ဂိုအာမြို့ အရာရှိချုပ်၏ အမိန့်ကို လစ္စဘွန် အရာရှိချုပ်က မပြင်နိုင်။ သို့ဖြစ်၍ သူ၏ အယူခံလွှာကို ပယ်ချလိုက်ကြောင်း မှတ်ချက်ရေး၍ တင်ပို့ကြလေသည်။

ဗာဆီမိုသည် ဖြူရိုကရက် အရာရှိ တစ်ဦးသာ ဆိုလျှင် ထိုကိစ္စမှာ လမ်းဆုံးသို့ ရောက်ရ တော့မည်မှာ မလွဲပေ။ သူသည် ရှေးဦးပထမ အတွင်းဝန်များ၏ မှတ်ချက်ကို လေ့လာပြီးမှ သူ၏ တူမ မြို့စားကတော် ဖီဗီရိုလ် Countess Fiveirolကြောင့် အကြံပေါ်ပြီး ဒီလုံး၏ အယူခံလွှာ ပေါ်၌ "၎င်းအား ထောင်မှလွတ်၍ ပြင်သစ်ပြည်သို့ ပြန်ခွင့်ပြုသည်"ဟု မှတ်ချက်ရေးကာ တစ်ခါတည်း အမိန့် ချပေး လိုက်လေတော့၏။ (အရာရှိချုပ်၏ တူမ မြို့စားကတော်သည် ဘုရင်မ၏ သားတော်ကြီးနှင့် ခင်မင် ရင်းနှီးသူ ဖြစ်၍ အရာရှိချုပ်ကို အမျိုးမျိုး ဖျောင်းဖျ နားချ ပေးခဲ့လေသည်။)

ဒီလုံးသည် ထိုသတင်းကို သာသာနာ့ရုံးတော်ရှိ မိမိနှင့် ခင်မင်သူ အရာရှိ တစ်ယောက်ထံမှ တစ်ဆင့် (၁၆၇၇) ခုနှစ်၊ ဇွန်လ (၁)ရက်နေ့တွင် ကြားသိ ရလေသည်။ ထိုအချိန်မှာ ဒါမန်မြို့၌ အချုပ်ခံရသည်မှ စ၍ (၄) နှစ်မျှ ကြာရှိခဲ့ပေပြီ။ မိမိကြုံရသော ဒုက္ခမျိုးကို မခံစား ခဲ့ရဘူးသူများ အဖို့ မည်သို့မျှ ထူးခြားမည် မဟုတ်သော်လည်း ဒီလုံးတွင်မူကား အတိုင်းမသိ ပီတိလွှမ်းဖုံး ဝမ်းသာလုံး ဆို့လျက် ရှိပေတော့သည်။

သို့ရာတွင် သူ့ခမျာမှာ Inquisition ၏ လက်ခုပ်ထဲက ချက်ချင်း ထွက်ခွင့် မရရှာသေးချေ။ နောက်ထပ် တစ်လတိတိ သံခြေချင်း အခတ် ခံနေ ရပေသေးသည်။ အတွင်းဝန် အစရှိသော အရာ ရှိကြီးငယ်တို့လည်း

ဖြူရှိကရက် အရာရှိ ထုံးစံအတိုင်း မိမိတို့က ဥပဒေ အရ တင်ပြပါလျက် အထက်လူကြီးက ဥပဒေအတိုင်း မလုပ်ဘဲ သူ့သဘော အတိုင်း လုပ်နေသည်ကို သိပ်မကျေနပ် ကြချေ။ သို့နှင့် သူတို့ကလည်း ဥပဒေကို လက်တစ်လုံးခြား လုပ်၍ ညစ်ထား ကြပြန်သည်။ ညစ်ပုံကား အရာရှိချုပ်၏ အမိန့်မှာ ဒီလုံးအား ပြင်သစ်ပြည်ကို ခြေမချမီ အချုပ်မှ လွှတ်ရမည်ဟု ဆိုမထားသဖြင့် ပြင်သစ်ပြည်ရောက်မှ အချုပ်က လွှတ်ရမည်ဟူ၍ အဓိပ္ပါယ် ကောက်ယူကြပြီး မလွှတ်သေးဘဲ ဆက်လက် ချုပ်ထား ကြလေသည်။ ထို့ကြောင့် ဒီလုံးသည် ရင်းနှီးခင်မင်သူ တစ်ဦးမှ တစ်ဆင့် ဂေါ်လီ ထောင်မှူးကြီးထံသို့ မိမိမှာ လွတ်လပ်ခွင့် ရပြီးဖြစ်၍ သံခြေချင်းကို ချွတ်ပေး စေလိုကြောင်း ပူဆာ ရပြန်လေသည်။ ထောင်မှူးကြီးမှာလည်း အံ့အားသင့်ကာ အမိန့်စာကို လေ့လာပြီး ပြင်သစ်ပြည်သွားမည့် သင်္ဘောအကြုံ မတွေ့တွေ့အောင် ရှာပေးပါဟု သူ့ကိုပင် ပြန်ခိုင်း လိုက်ပြန်လေသည်။

ဒီလုံးလည်း မိမိအပေါ် အရာရှိများ မလိမ့်တစ်ပတ် လုပ်၍ လှည့်ပတ် နေသည်ကို မရိပ် မိသေးချေ။ ပြင်သစ်ပြည် ထွက်မည့် သင်္ဘောကြုံ ရရှိအောင် သံကြီး တန်းလန်းနှင့် သင်္ဘောဆိပ် အနှံ့ လိုက်လံ ရှာဖွေကာ သင်္ဘော စာရေးများကိုလည်း မိမိအား အကူအညီ ပေးပါမည့် အကြောင်း အမျိုးမျိုး တိုးလျှိုး တောင်းပန် နေရပြန်သည်။ သင်္ဘောကြုံတွေ့၍ သင်္ဘော စာရေးများနှင့် အဆင်သင့် ပြန်သော်လည်း ထောင်ကြပ်များက သူ့ကို သင်္ဘော တက်ခွင့် မဆိုထားဘိ ဆိပ်ခံ ဘောတံတား အနီးသို့ပင် အကပ်မခံကြချေ။ ထိုအခါမှ မိမိမှာ အချုပ်က မလွတ်ရသေးခင် ဒီမြို့က ထွက်ခွာလို့ မရနိုင် သေးပါ ကလားဟု ဆင်ခြင် မိပေတော့သည်။ ထို့ကြောင့် ထိုကိစ္စအတွက် Inquisition ရုံးသို့ အသနားခံလွှာ တစ်စောင် ထပ်မံ တင်သွင်း ရပြန်လေသည်။

ရက်တွေ၊ သတင်းပတ်တွေ အတော် ကုန်လွန် ခဲ့ပြန်သည်။ ရုံးတော်မှ မည်သည့် အဖြေမျှ မရသေးချေ။ သို့နှင့် သူ၏ အဆွေခင်ပွန်းကောင်း ဖြစ်သူ နန်းတွင်း သမားတော်ကြီး ထံသွား၍ အကူအညီ တောင်းရ ပြန်ချေသည်။ ဆရာဝန်ကြီးလည်း အလုပ်တွေ များလွန်း၍ ထိုနေ့က ဆောင်ရွက် မပေးနိုင်ခဲ့ဘူး။ ထိုလ (၃၀) ရက်နေ့ ရောက်မှ ကိုယ်တိုင်သွား၍ ဆောင်ရွက် ခဲ့လေသည်။

ထိုနေ့ မွန်းတိမ်းလောက်မှာပင် ထောင်အရာရှိသည် အချုပ်ထောင်သို့ လူတစ်ယောက် စေလွှတ်၍ ဒီလုံး၏ သံခြေချင်းများကို ဖြုတ်ပေး စေတော့သည်။ ထို့နောက် Inquisition ရုံးသို့ သူ့ကို ခေါ်ဆောင် သွားပြီး ထုံးစံအတိုင်း သူ့ကိုထောင်မှ လွှတ်လိုက်ကြောင်း ကြေငြာခြင်း ပြုကြသည်။ ထိုအခါ ဒီလုံးက သူ၏ မှတ်တမ်း၌ "ကျွန်ုပ်သည် အမိန့်ကို အလေးအမြတ် ခံရပါသည်"ဟု ပြန်လည် ပြောကြားကာ ထိုရုံးမှ ထွက်လျှင် ထွက်ချင်း အနီးရှိ ဘုရားကျောင်းတစ်ခု အတွင်းသို့ သွား၍ ဘုရားသခင်နှင့် ခရစ်တော်မိခင်တို့အား ကျေးဇူးတင်ကြောင်း ဆုမွန်ကောင်း တောင်းခဲ့လေသည်။

ဒီလုံး၏ အတ္ထုပ္ပတ္တိ ဖတ်ရှုရသူတို့သည် Inquisitions နှင့် Society of Jesus မတူ ကွဲပြားခြားနားပုံကို ဇဝေဇဝါ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ ဂျက်ဆူအစ်အသင်း Society of Jesus မှာ ယခုခေတ် သာသနာပြု ဆေးရုံများ အတိုင်းဖြစ်၍ ဟိန္ဒူလူမျိုးတို့ အပေါ် စိန့်ဇေဗီယာ ထားရှိခဲ့သော စေတနာမျိုး အတိုင်း ကျင့်သုံးသော ခရစ်ယာန် သာသနာပြု အသင်း ဖြစ်သည်။ သို့ရာတွင် Inquisition မှာ ဂိုအာမြို့တွင် ကျင့်သုံးသော ပေါ်တူဂီ သာသနာပြုများ၏ ဓလေ့စရိုက်ကို ပိုမို ထင်ရှား စေလေသည်။ အတင်းအဓမ္မ ညှင်းပန်း နှိပ်ကွပ် မှုမျိုးအားဖြင့် သာသနာပြုသော လုပ်ငန်းမျိုး ဖြစ်သည်။ ကျေးကျွန်များ၊ လူဆိုး လူမိုက်များ အသိဉာဏ် ကင်းမဲ့သော လူတန်းစားများနှင့် ပြည့်နက်နေသော သာသနာ သန့်ရှင်းရေး အရာရှိချုပ်၏ လက်ခုပ်တွင်း၌ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင် ခြယ်လှယ် ထားခြင်း ခံနေရပုံများကို ကောင်းစွာ သဘောပေါက် ကြမည်ဟု ယူဆရပေသည်။

## ဩဂတ်စတင် ဘာသာဝင်များ

ကျွန်ုပ်တို့သည် ဂိုအာမြို့ အကြောင်းမှ ဆီဘာရှိမန်ရစ် အမည်ရှိ ဩဂတ်စတင် သာသနာပြု ဘုန်းကြီးအကြောင်း မရေးသားမီ ဩဂတ်စတင် ဂိုဏ်းအကြောင်း အမြွက်မျှ ဖော်ပြ လိုပေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ရေးသားအံ့သော် အတ္တုပ္ပတ္တိရှင် ခရစ်ယာန် ဘုန်းကြီး ဆီဘာရှိမန်ရစ် Friar Sebastiao Manriqueသည် ထိုဩဂတ်စတင်ဂိုဏ်း သာသနာပြုကျောင်း၌ နှစ်ပေါင်းများစွာ နေထိုင်ခဲ့သော ကြောင့်တည်း။

ဩဂတ်စတင်ဂိုဏ်း သာသနာပြုများသည် ဂိုအာမြို့သို့ ဒိုမီနီကင်နှင့် ဂျက်ဆူအစ် သာသနာပြု ဂိုဏ်းများ နောက်မှ ရောက်လာပြီး (၁၅၇၂) ခုနှစ်တွင် ကျောင်းတိုက် တစ်ခုကို စတင် တည်ထောင် ခဲ့လေသည်။ ကျောင်းတိုက်မှာ ဘုရားရှိခိုးကျောင်း တစ်ဆောင် ကောလိပ်ကျောင်း တစ်ကျောင်းနှင့် တရားဟောဆရာများ စာပေပို့ချသော စာသင်တိုက် တစ်ခု ပါဝင်လေသည်။ ထိုအဆောက်အအုံများသည် ဂျက်ဆူအစ် ဘုရားကျောင်း အနောက်ဘက် ကိုက်နှစ်ရာ သုံးရာအကွာတွင် သင်္ဘောဆိပ်ကို ဆီး၍ မြင်နိုင် လောက်သော တောင်ပူစာကလေးပေါ်၌ တည်ရှိကြလေသည်။ ထိုနေရာသည် သာယာလှပသောကြောင့် ဂိုအာမြို့ရှိ ရှုခင်းများအနက် တစ်ခု အပါအဝင် ဖြစ်သည်။ ထိုကျောင်းသို့ အလ်ဘတ်မန်ဒဲလ်စလို ဆိုသူ ခရီးသည်တစ်ဦး (၁၆၃၉) နှစ်က ရောက်ရှိခဲ့ဖူးလေသည်။

မန်ဒဲလ်စလိုသည် ဇန်နဝါရီလ နံနက်စောစောစီးစီး သင်္ဘောမှ ဆင်း၍ ထိုကျောင်းသို့ ထမ်းစင်နှင့် သွားရောက်ခဲ့လေသည်။ ထိုကျောင်းသည် အတန်ငယ်မြင့်သော တောင်ကုန်းကလေးပေါ်တွင် တည်ရှိ၍ အတော်ဝေးကွာသော ဒေသများရှိ ရှုခင်းသာတို့ကို လှမ်း၍ မြင်နိုင်ပေသည်။ ရုတ်တရက် ရောက်လာသော ဧည့်သည်တစ်ယောက်ဆိုလျှင် ဤနေရာကို ကမ္ဘာပေါ်၌ အမြင့်ဆုံး နေရာဟု မှတ်ချက် ချပေလိမ့်မည်။ ဘုန်းကြီးများသည် ကျွန်ုပ်အား ဤနေရာအနှံ့ လိုက်လံ ပြသကြသည်။ အထူးသဖြင့် အလွန်ကောင်းသော ဝတ်လုံ အင်္ကျီများ Rich Copesနှင့် ဘုန်းကြီးတို့၏ ဝတ်ရုံ Vestmemt များကို ပြသကြပါသည် ဟူ၍ မှတ်တမ်း ရေးထား ခဲ့လေသည်။

ဩဂတ်စတင် ဂိုဏ်းဝင်တို့သည် ထိုဂိုဏ်းကို စတင် တည်ထောင်ခဲ့သော သူတော်စင် စိန့်ဩဂတ်စတင်၏ အမည်ကို စွဲ၍ ယနေ့တိုင် ခေါ်စမှတ် ပြုနေကြသည်။ အစပထမ၌ စိန့်ဩဂတ်စတင် ဂိုဏ်းသားတို့သည် (၁၁) ရာစုနှစ်အတွင်း၌ တစ်အိမ်ဝင်ထွက် ဆွမ်းခံ စားခဲ့ သူများ ဖြစ်ကြသည်။ (၁၃) ရာစုနှစ်အတွင်းသို့ ရောက်သော် ပုပ်သာသနာပိုင်သည် ၎င်းတို့ကို တစ်စည်းတစ်လုံးတည်း ဖြစ်အောင် ဗိုလ်ချုပ်တစ်ဦးအား အာဏာ လွှဲအပ်၍ စည်းရုံး စေခဲ့၏။ ထိုကာလ၏ နောက်ပိုင်း နှစ်ပေါင်းတစ်ရာ အတွင်း ဥရောပနှင့် အာရှ တစ်ခွင်၌ ဩဂတ်စတင်ဂိုဏ်းခွဲ အမြောက်အမြားနှင့် ကျောင်းတိုက် အမြောက်အမြား ပေါ်ထွက် လာခဲ့လေတော့သည်။ ထို့ပြင် အလွန် ကြွယ်ဝစည်ပင်သော ဂိုဏ်းကြီး တစ်ဂိုဏ်းလည်း ဖြစ်လာတော့၏။ ဂိုအာမြို့တွင်ဆိုလျှင် အခမ်းနားဆုံး ထိပ်တန်း အကျဆုံး ဖြစ်နေတော့သည်။

ကျောင်းတိုက် အတွင်းတွင် ပါဝင်ကြသော များစွာသော အဆောက်အအုံတို့မှာ တက္ကသိုလ် ကျောင်းတိုက် တစ်ခုကဲ့သို့ ဖြစ်နေပေသည် စာကြည့်တိုက်၊ ပန်းချီဆေးရေး ပြတိုက်၊ ကြီးကျယ်သော ဘုရားရှိခိုး ခန်းမကြီး၊ ဘော်ဒါခန်းဆောင်များ၊ တိတ်ဆိတ် ငြိမ်သက်စွာ စာဖန်ရန် အခန်းများ စ၍ ရှုချင့်စဖွယ် အလွန် တင့်တယ် လှပေသည်။ ဘုရားဆောင်ကြီးကို ဂေါ်သစ်ပုံစံ ဆောက်လုပ်ထား၍ မျှော်စင်ကြီးနှစ်ခုကလည်း

အပေါ်မှ ဆင့်လျက် ရှိပေသည်။ ထိုမျှော်စင်ကြီးတို့တွင် ဂိုအာမြို့၌ အကြီးဆုံး ဖြစ်သော ခေါင်းလောင်းကြီးများကိုလည်း တပ်ဆင်ထားရာ ခေါင်းလောင်း တစ်ခု၏ အလေးချိန်မှာ ပေါင် (၄၈၀၀) မျှ ရှိပေသည်။ အဆောက်အအုံများမှာ ကောလိပ် သိပ္ပံကျောင်းတိုက် တစ်ခု၏ အင်္ဂါရပ်များ အတိုင်း ရှိနေ ပေတော့၏။

(၁၅၉၆) ခုနှစ်မှ၊ (၁၆၁၀) ခုနှစ်အတွင်း အာဏာပိုင်အဖြစ် အုပ်စိုး သွားသော အာရှတိုက်ရှိ သာသနာဂိုဏ်း အားလုံး၏ အထွတ်အထိပ် ဖြစ်သော ဂိုဏ်းချုပ်ကြီး Aleixo De Menezes အလက်ဇိုမင်နဇီ၏ လက်ထက်တွင် ဂိုအာမြို့၌ ဒိုမီနီကင် ဂိုဏ်းကလွဲလျှင် ဩဂုတ်စတင် ဂိုဏ်းသာ တန်ခိုးအကြီးဆုံး ဖြစ်ပေသည်။ ထိုဂိုဏ်းမှ ဂိုဏ်းအုပ်မှာ ထင်ရှားသော မှူးကြီး မတ်ကြီး ထဲက ဖြစ်သည်။

ထိုအခါက ဒိုမီနီကင်တို့သည် သာသနာရေး၌ အုပ်ချုပ်ကွပ်ကဲ ရသော အပိုင်းကနေ၍၊ ဩဂတ်စတင်တို့မှာ တရားဟောပြော ချေချွတ်၍ သာသနာပြုရသော လုပ်ငန်းကို ဇောက်ချ၍ လုပ်ကြရသည်။ စာဖတ်သူတို့သည် ယင်းသို့ အတန်းခွဲခြား ပြပုံကို မကြာမီ တွေ့မိ ကြပေလိမ့်မည်။ ဂျက်ဆူအစ် စတင်တည်ထောင်ခဲ့သော စိန့်ဖေဗီယာသည် ရှေးဦးစွာ သာသနာပြု သက်သက် လုပ်ခဲ့သည်။ ဆန်တာဖဲ ကောလိပ်သည် အာရှတိုက်တွင် သာသနာပြု၍ ခရစ်ယာန်ဘာသာသို့ ဝင်လာသော ကလေးသူငယ်များကို စာသင် ကြားပေးရန် သက်သက် ဂျက်ဆူအစ်တို့ တည်ထောင် ခဲ့သောကျောင်း ဖြစ်သည်။

ထိုအချိန်၌ ဂိုဏ်းချုပ်ကြီး မင်နဇီလည်း အမျိုးမျိုး အဖုံဖုံ တွင်ကျယ်အောင် လုပ်ကိုင်ခဲ့သည်။ သူသည် နက်စတိုရီယန်ဂိုဏ်းကို ဒိုမီနီကင်တို့ အထောက်အပံ့ဖြင့် အသက် သွင်းပေးခဲ့သည်။ သံတမန်ရာထူး အဆင့်အတန်းပေး၍ သာသနာပြု ဘုန်းကြီးများကို အရပ်ရပ်သို့ စေလွှတ်ခဲ့သည်။

ကျွန်ုပ်တို့ ရေးသား လတ္တံ့သော ဆီဘာရှိမန်ရစ်သည်လည်း မင်နဇီ၏ အမိန့်ဖြင့် ရပ်ဝေးသို့ သွားရောက် အမှုထမ်းခဲ့ရသော ဩဂတ်စတင်ဘုန်းကြီး တစ်ပါး ဖြစ်ပေသည်။ ဩဂတ်စတင် ဘုန်းကြီးတို့သည် သာသနာပြုရာ၌ အခြားဂိုဏ်းက ဘုန်းကြီးများထက် ထင်ရှားကြ၏။ သူတို့၏ ဂိုဏ်းခွဲ တစ်ခုကို မာလဘာ ပင်လယ်ကမ်းခြေရှိ ကိုချင်မြို့တွင် ထားရှိလေသည်။ ဘင်္ဂလားပြည်တွင်လည်း သူတို့ ဂိုဏ်းကပင် ရှေ့ဆောင်ရှေ့ရွက် ဖြစ်သည်။ ထို့ကြောင့် မဂိုဧကရာဇ်ဘုရင် အက္ကဘာမင်းမြတ်ထံမှ ဘင်္ဂလားပြည်ထဲ၌ ကာလကတ္တားမြို့ အနီးရှိ ဟူးဂလီမြို့၌ ဌာနချုပ် တစ်ခုဖွင့်ကာ မြို့အတော်များများ၌ သာသနာပြု ကျောင်းခွဲများ တည်ထောင်ခွင့်များ ရရှိထားကြလေသည်။ သို့နှင့် ကာလကတ္တားမြို့ မြောက်ဘက် (၂၇) မိုင် ကွာသော ဟူးဂလီမြို့၌ ခရစ်နှစ် (၁၅၈၀) ခုနှစ်တွင် ဩဂတ်စတင် သာသနာပြုရာ ဌာနချုပ် တစ်ခု စတင် ဖွင့်လှစ်နိုင်ခဲ့ကြလေသည်။

တစ်ဖန် ထိုဟူးဂလီမြို့မှတစ်ဆင့် ဘင်္ဂလားပင်လယ်အော် အရှေ့ပိုင်းဒေသရှိ စစ်တကောင်းမြို့တိုင်အောင် သာသနာပြု ဌာနခွဲများ ပြန့်ပွား သွားပြန်လေသည်။ ယင်းသို့ ဩဂတ်စတင် သာသနာပြု လုပ်ငန်းများ တွင်ကျယ်လာရခြင်းမှာ ထိုအခါက ဩဂတ်စတင် သာသနာပြု သူတို့သည် ယခုခေတ် သာသနာပြုများနှင့် ဘာမှ မခြားလှပေ။ ထပ်တူထပ်မျှ အားထုတ်ခဲ့ကြရုံမျှမက သူတို့က ပို၍ လုံ့လဝီရိယနှင့် ဖွဲ့ကောင်းခဲ့ကြသည်။ သူတို့သည် အရှေ့တိုင်းသားတို့ကို အစုအဝေးကြီးနှင့် ခရစ်ယာန် ဖြစ်လာဖို့ မမျှော်လင့်ကြချေ။ ဖခင် စိုက်ထားခဲ့သော စပျစ်ခြံမှ ထိုက်တန်သလောက် ဆွတ်ခူးသုံးစား ကြရသလို လုပ်ခဲ့ကြသည်။ သို့နှင့် အချို့ ကိစ္စများမှာ ဆီဘာရှိမန်ရစ် ကဲ့သို့သော ဘုန်းကြီးငယ်များ လက်ထဲတွင်

myanmar ONLINE teashop
www.mmteashop.com

လွှဲသင့်သလောက် လွှဲ၍ လုပ်စေခဲ့ကြသည်။ သို့ဖြစ်၍ မန်ရစ် ကိုယ်တွေ့ အဖြစ် အပျက်များကို အောက်ပါအတိုင်း ဆက်လက် ဖော်ပြပေအံ့။

myanmar teashop
www.mmteashop.com

## အခန်း (၃)

## ခရစ်ယာန်ဘုန်းကြီး မန်ရစ် ခရီးထွက်ခြင်း

ခရစ်နှစ် (၁၆၂၈) ခုနှစ်တွင် မန်ရစ်သည် သူ့စကားအရ ဆိုလျှင် ကိုချင်မြို့ရှိ ဩဂတ်စတင် သာသနာပြုကျောင်း၌ နေထိုင်လျက် ရှိလေပြီ။ ကိုချင်မြို့သည် အိန္ဒိနိုင်ငံ၏ ခြေလှမ်း ကလေးနှင့် တူသော တောင်ဘက်စွန်းက ခံတပ်မြို့တစ်မြို့ဖြစ်၍ သက်ဦးဆံပိုင် ဘုရင်တစ်ပါး အုပ်စိုးသော ဟိန္ဒူနိုင်ငံ တစ်ခုအတွင်း၌ တည်ရှိလေသည်။ ဂိုအာမြို့မှ ကိုချင်မြို့သို့ မန်ရစ် ရွှေ့ပြောင်းသွားသော ရက်စွဲကိုမူ မသိတော့ချေ။ သို့ရာတွင် (၁၆၂၈) ခုနှစ်တွင် ဩဂတ်စတင်ဂိုဏ်းအုပ်က သူ့ကို ဟူးဂလီမြို့ သွား၍ ထမ်းရွက်ရန် အမိန့် ပေးခဲ့လေသည်။

သို့နှင့် သူသည် ဂရီဂေါ်ရီအင်ဂျယ်လ် အမည်ရှိသော ဘုန်းကြီး တစ်ပါးနှင့် အတူ မေလထဲတွင် သင်္ဘော လက်မှတ်များ ယူ၍ စိန့်ဩဂတ်စတင် အမည်ရှိသော ကုန်သင်္ဘော တစ်စင်းနှင့် လိုက်ပါခဲ့လေသည်။ ထိုသင်္ဘောမှာ ခရုခွံနှင့် ယောက်သွားများ ဟိန္ဒူလူမျိုးတို့ အသုံးပြုသော ခရုသင်းများနှင့် ပုတီးနားတောင်းများကို တင်ဆောင် သွားလေသည်။ ပါလာသော ကုန်ပစ္စည်းတို့၏ စုစုပေါင်းတန်ဖိုးမှာ ယခုခေတ်သုံး ပေါင်ဒင်္ဂါး ခြောက်သောင်းနှင့် ရှစ်သောင်းအကြား၊ မြန်မာငွေ (၈) သိန်းလောက် တန်ပေသည်။ သင်္ဘော ကပ္ပတိန်၊ ရွက်ထိန်း၊ ရေကြောင်းပြ စသည်တို့သာ ပေါ်တူဂီလူမျိုးများ ဖြစ်၍ ကျန်သင်္ဘောသားတို့မှာ မူစလင် လူမျိုးများ ဖြစ်ကြသည်။ ခရီးသည်တို့ကား အိန္ဒိယတိုင်းရင်းသား လူမျိုးစုံ ပါဝင်၍ အချို့ အမျိုးသမီးတို့မှာ သင်္ဘောသားတို့၏ ဇနီးသည်များ ဖြစ်ကြသည်။ သို့နှင့် သင်္ဘောပေါ်တွင် လူပေါင်း နှစ်ရာခန့် ပါလာခဲ့လေသည်။

သင်္ဘောသည် မေလ ခြောက်ရက်နေ့တွင် သင်္ဘောဆိပ်မှ ပင်လယ်ပြင်သို့ ရွက်ဖွင့်ရန် အသင့် ရှိနေလေပြီ။ ဘုန်းကြီးနှစ်ပါး ခရီးထွက်တော့မည် ဖြစ်၍ လမ်းခရီးတွင် ဘေးမသီ ရန်မခ စေရန် ဆုတောင်းပတ္တနာ ပြုကြ စေလိုကြောင်း သတင်းပို့လိုက်သောကြောင့် ကျောင်းတော်ရှိ ဘုန်းကြီးတို့လည်း စုဝေးကာ ဆုတောင်းပွဲ ကျင်းပကြလေသည်။ ထို့နောက် မန်ရစ်နှင့် သူ၏ အဖော်လည်း စိန့်ဩဂတ်စတင် သင်္ဘောဆီသို့ လှေနှင့် ကူးခဲ့ကြလေသည်။

သူတို့ မြို့ကထွက်စတွင် အနောက်တောင်ရာသီလေ မကျသေးချေ။ တပေါင်းတန်ခိုး လေရူးသုန်သုန် ဆိုသကဲ့သို့ လေတိုက်လည်း မမှန်သေး။ အများအားဖြင့် လေငြိမ်နေသည်က များသဖြင့် ပင်လယ်ပြင်မှာ ငွေသင်ဖြူးကို ခင်ထားသကဲ့သို့ ရှိပေသည်။ လေငြိမ်နေသောကြောင့် ကိုမိုရင်အငူအထိ သီတင်းနှစ်ပတ်မျှ အချိန်ကြာမြင့်စွာ ရွက်တိုက် ခဲ့ကြရပေသည်။ သို့ရာတွင် ယင်းသို့ လေငြိမ်နေသည်မှာ အနောက်တောင် ရာသီလေ ကျရောက်ဖို့ နီးပြီဟု သတိပေးသလို ရှိတော့၏။ အဘယ်ကြောင့် ဆိုသော် သူတို့ သင်္ဘော အငူကို

ကျော်လွန်၍ ဘင်္ဂလားပင်လယ်အော်ထဲ ရောက်ရှိပြီဆိုလျှင်ပင် လေဦးပေါက်၍ လာတော့သည်။ သို့နှင့် သူတို့သည် ဟူးဂလီမြစ်ဝအထိ ဝေးကွာလှသော ခရီးကို သတင်းနှစ်ပတ် လောက်နှင့် ရောက်ရှိ ခဲ့ကြရပေ၏။

ဟူးဂလီမြစ်သည် ယခုအခါ ကာလကတ္တားမြို့သို့ လာရောက်သော ပင်လယ်ကူး သင်္ဘောကြီးများ ဝင်ထွက် သွားလာနေကြသည်အထိ များစွာ အသုံးဝင် နေပေသည်။ သို့ရာတွင် (၁၇) ရာစုလောက်က ဆိုလျှင် စည်းတိမ်သောင်ကမ်း ထူထပ်၍ ရေကြောင်းပြ အရာရှိများစွာ ခန့်ထားပြီး ဝင်ထွက်သော လှေသင်္ဘောများကို ဘေးအန္တရယ် မဖြစ်စေရန် အမြဲ တိုင်းထွာစမ်းသပ်၍ ရေကြောင်းလမ်းကောင်းကို ပြပေးနေကြရသည်။ ထို့ကြောင့် ၎င်းကို Brace of Bengala ခေါ်နေကြပေသည်။ အဘယ်ကြောင့်ဆိုသော် ရောက်လာသမျှ လှေသင်္ဘောတို့ကို ဆီး၍ ပွေ့ဖက် တားဆီးထားသလို ရှိနေသောကြောင့်တည်း။ သို့ရာတွင် အချို့ ရေစီးသန်သော ရေကြောင်း၌ ရေနက်သဖြင့် မန်ရစ်တို့ သင်္ဘောလည်း ထိုရေကြောင်း အတွင်းမှ စမ်းသပ်၍ ဖြည်းဖြည်း ဆန်တက်ခဲ့ကြလေသည်။

ထိုအချိန်၌ မုတ်သုန်လေမှာ အတန်ငယ် အားပျော့လာပြီး အပျင်းပြေ လှေစီးကစားရန် သင့်ရုံလောက်သာ ဒီရေပေါ်၌ လေပြည်ကလေး ညင်ညင်သာသာ တိုက်ခိုက်လျက် ရှိပေသည်။ ဘုန်းကြီးနှစ်ပါးလည်း ခရီးအဆုံးသို့ ရောက်ဖို့ သေချာနေပြီဖြစ်၍ သင်္ဘော၏ ပဲ့ပိုင်းတွင် ခရီးသည်များကို စု၍ ဆုတောင်းပွဲ လုပ်ရန် ပြင်ဆင်နေကြလေသည်။ သို့ရာတွင် မွန်းတည့်ခါနီးဆဲဆဲ၌ ကြည်လင်သော ကောင်းကင်အောက်တွင် ခရာသီ၏ ရေချိန် အတိမ်အနက် ကြွေးကြော်ရေတွက်နေသံ ကြားနေရသည့်အထဲက စိန့်ဩဂတ်စတင် သင်္ဘောသည် စည်းတန်းကို ဝမ်းဗိုက်နှင့် ရှပ်တိုက်၍ ငြိနေလေတော့၏။

ထိုအချိန်၌ ဒီရေကျနေပြီ ဖြစ်သည့်အပြင် ကမ်းပါးမှာလည်း သဲကမ်းပါးမျိုး မဟုတ်၍ ဘာကြောင့် ရေပေါ်သို့ သင်္ဘောပေါ် တက်လာအောင် မလုပ်သနည်းဆိုသော ပြဿနာကို စဉ်းစား၍ မရအောင် ရှိနေကြလေသည်။ သို့သော် ရေအောက်သဲပြင်နှင့် တိုက်မိသောကြောင့် သင်္ဘောဝမ်း၏ ပျဉ်ပြားအချို့ ကွဲအက်ကာ ရေများ ဝင်လာဟန် ရှိလေသည်။ ရေစုပ်စက်များ တပ်ဆင်၍ ရေများ စုပ်ထုတ်ရန် မတက်နိုင်တော့သဖြင့် သင်္ဘော၏ အလေးချိန်မှာ အဆမတန် ပိုမို လေးလံနေပေတော့သည်။ မကြာမီ ဒီရေတက်လာ ပြန်သော်လည်း သင်္ဘောမှာသည်ကား ရေပေါ်သို့ ပေါ်တက်မလာနိုင်။ စည်းတန်းပေါ်တွင် ဝပ်လျက်သား တည်နေလေသည်။

စည်းခုံမှာ သဲကြမ်းမဟုတ်၍ ကံကောင်းတော့သည်။ သို့သော် အခြေအနေကတော့ အတော်ပင် ဆိုးဝါးလျက် ရှိနေပေတော့သည်။ တက်လာသော ဒီရေများ သင်္ဘော ကုန်းပတ်နှင့် ညီလာလေသည်။ သင်္ဘောမှာ နေရာမှမရွေ့။ ဤအတိုင်း တည်မြဲ နေမည် ဆိုလျှင်ပင် သင်္ဘောပေါ်ရှိ လူအားလုံး ရေနစ်၍ သေဆုံးကြရုံသာ ရှိတော့သည်။ အသက်ကယ်လှေမှာလည်း တစ်စင်းတလေမှ ပါမလာချေ။ အနီးဆုံးဖြစ်သော အနောက်ဘက် ကမ်းခြေသည် တစ်မိုင်လောက် ကွာဝေးသေးသည်။ သို့သော် ရောက်နိုင်သည် မရောက်နိုင်သည် အပထား၊ ထိုကမ်းပါးဆီသို့သာလျှင် ကူးသွားနိုင်စရာ တစ်လမ်းတည်း ရှိတော့သည်။

ရေကြောင်းပြလုပ်သူမှာ ဤလမ်းကို အကြိမ်သုံးဆယ်မက သွားလာခဲ့ဖူးသော်လည်း ယခုတွေ့ရသော အဖြစ်မျိုးကို တစ်ခါမျှ မကြုံခဲ့ရဘူးချေ။ ထို့ကြောင့် သူသည်လည်း အကြံကုန်လျက် ရှိချေပြီ။ သူတို့သည် သင်္ဘော ဝန်ပေါ့လာအောင် ရွက်တိုင်ကို ခုတ်ဖြတ်ချကြသည်။ သင်္ဘောပေါ်က ကုန်စည်များကို ရေထဲသို့ ပစ်ချဖို့ သင်္ဘောကပ္ပတိန်က အကြံပေးသည့်အတိုင်း သင်္ဘောပေါ်တွင် ပါလာသမျှ လူအားလုံးကလည်း

ကနကမာနှင့် အခြားလေးလံသော ကုန်စည်များကို ဝိုင်းဝန်းသယ်ပိုး၍ ရေထဲသို့ ပစ်ချနေကြလေသည်။ သို့သော် သင်္ဘောသည် ရေပေါ်သို့ ပေါ်တက်လာမည့် အရိပ်အယောင်ပင် မပြသေးချေ။ အခြေအနေမှာ အရဲစွန့်ရမည့်အချိန် ဖြစ်ပြီဟု ဆုံးဖြတ်ကာ ရေကြောင်းပြလည်း ဘုန်းကြီးများအား ဆုတောင်းပတ္ထနာ ပြုပေးရန် တောင်းပန်လေတော့၏။

ဤနေရာတွင် မန်ရစ်၏ စိတ်နေသဘောထားနှင့် အလေ့အထများ အစွမ်းပြချေတော့မည်။ သူသည် ဘေးအန္တရာယ်ရောက်တော့မည့် အရေးကို သိရသောအခါ ခရစ်ယာန်ဘာသာဝင် ခရီးသည်များအား ဘုရားသခင်ထံ သစ္စာဓိဌာန်ပြုစေမှ တော်မည်ဟု ဆုံးဖြတ်ပြီးလျှင် မိမိကိုယ်တိုင် သင်္ဘောဦးပိုင်းတွင် ရပ်လျက် ဒီအင်ဂျယ်လ်ကို သင်္ဘောပဲ့ပိုင်းတွင် ရပ်စေလျက် ခရီးသည်တို့နှင့်အတူ ဆုတောင်းပတ္ထနာ သစ္စာအဓိဌာန် ပြုကြရလေတော့သည်။ ထို့နောက် သင်္ဘောရွက်တိုင်ကို ခုတ်လှဲလိုက်သော အခါတွင်မူ မိန်းမများနှင့် ကလေးသူငယ်တို့လည်း ကြောက်လန့်တကြား ငိုကြွေးကြရုံမက ဟိုပြေး ဒီပြေးနှင့် ရုတ်ရုတ်ရက်ရက် ရှုပ်ထွေး ဆူညံနေကြပေတော့၏။

ယင်းကိစ္စပြီးလတ်သော် မန်ရစ်အဖို့ ဟိန္ဒူဘာသာဝင်များနှင့် မဟာမေဒင်ဘာသာဝင် ခရီးသည်တို့အား ခရစ်ယာန်သာသနာသို့ သိမ်းသွင်းပေးရန် အကြံ ပေါ်လာလေသည်။ အဘယ်ကြောင့် ဆိုသော် သင်္ဘောပေါ်တွင် ပါလာသော ခရီးသည်များအနက် ဟိန္ဒူဘာသာဝင်များနှင့် မဟာမေဒင် ဘာသာဝင်များအဖို့ အရေးကြုံလျှင် ထုံစံအတိုင်း ဆုတောင်း ပတ္ထနာ သစ္စာအဓိဌာန် ပြုပေးမည့် ဘုန်းကြီးများလည်း တစ်ပါးတလေမျှ ပါမလာသောကြောင့်ပေတည်း။ သို့ဖြစ်၍ မိမိ အလိုဆန္ဒကို ထိုလူများ လိုက်နာကြမည်ဟု မျှော်လင့်ပြီးလျှင် မိမိအကျီနှင့် ဖုံး၍ လည်၌ဆွဲထားသော လက်ဝါးကပ်တိုင်ကလေးကို ထုတ်ယူကာ မိမိ မျက်နှာရှေ့တွင် ညာလက်ဖြင့် မြှောက်ကိုင်ရင်း မူဆင်လင် အမျိုးသမီးများ နေသော အခန်းတွင်းသို့ ဝင်ခဲ့၏။ ထို့နောက် မိမိနားလည်သလောက် ဟိန္ဒူဘာသာ စကားဖြင့် တရားဓမ္မ ဟောပြောလေတော့သည်။ သို့ရာတွင် မည်သူမျှ စိတ်မဝင်စားကြသဖြင့် သူ၏ ကြိုးပမ်းချက်မှာ အချည်းနှီးသာ ဖြစ်ပေသည်။

သင်္ဘောသည် ရွက်တိုင်ကို ခုတ်လှဲ၍ ကုန်စည်များကို ပစ်ချပြီးသော်လည်း နေရာက မရွေ့သေးချေ။ အကယ်၍သာ ရေပေါ်သို့ ပေါ်လာလျှင် ဒီရေ၏ အရှိန်ဖြင့် ကမ်းသို့ ချဉ်းကပ် သွားစေနိုင်မည် ဖြစ်သော်လည်း ပင်လယ်ရေလှိုင်း ရိုက်ခတ်သော ဒဏ်ချက်ကြောင့် ရေဝင်ပေါက်များ ပို၍ ရှိနေ၏။ ခရီးသည်များလည်း သွေးရူးသွေးတန်းဖြစ်ကာ အော်ဟစ် ပြေးလွှားနေကြတော့သည်။ အချို့ လူများကလည်း ပျဉ်တိုပျဉ်စများ စုဆောင်း၍ ဖောင်ဖွဲ့ရန် အားထုတ်နေကြသည်။ အချို့ကလည်း ထိုလူများ၏ လက်ထဲမှ ပျဉ်ပြားတို့ကို လုယူ နေကြကုန်၏။ သို့နှင့် သင်္ဘောတစ်စင်းလုံး ကမ္ဘာပျက် သကဲ့သို့ ဆူပွက် နေပေတော့သည်။

ကပ္ပတိန်လည်း ထိုသူများ ငြိမ်အောင် မတတ်နိုင်တော့ပေ။ မန်ရစ်သည် ၎င်းကို ကူညီရန် ကြိုးစားရာပေသည်။ လက်ဝါးကပ်တိုင်ကို ကိုင်လျက် "ဒီအချိန်မျိုးမှာ ဘုန်းကြီး တစ်ပါးရဲ့ စကားကို လေးစားဖို့ ကောင်းပါတယ်" ဟု လိုက်၍ ဖျောင်းဖျ ပြောဆိုနေပေသည်။

သို့သော် အခြေအနေများမှာ ပိုမို ဆိုး၍ဝါး၍ လာပေ၏။ လေကလည်း အတော်ကလေး ပြင်းထန်လာချေပြီ။ ယခုအခါ သင်္ဘောမှာ ပေါလောပေါ်စ ပြုလာပြီ ဖြစ်သော်လည်း ရေပြင်မှာ ကုန်းပတ်နှင့် ညီလုလျက်ရှိရာမှ ရေမ လှိုင်းလုံးကြီးတစ်ခု ပြေးဝပ်၍ ဆောင့်လိုက် ပြန်ချေ၏။ သင်္ဘော၏ ပျဉ်ပြားတို့မှာ လှိုင်းဒဏ်ကို တာရှည် ခံနိုင်ကြပါမည်လော။

myanmar online teashop
www.mmteashop.com

ထိုအခါ ဘုန်းကြီး ဒီလော့စ်အင်ဂျယ်လ်သည် မိမိ၏ ခရီးဆောင် သေတ္တာထဲ၌ ဩဂတ်စတင်ဂိုဏ်းဝင် ခရစ်ယာန် သူတော်စင်ကြီး စိန့်ဆာဂွန် St. Juan De Sagun၏ ပစ္စည်းပေါင်းတစ်ခု ရှိနေသည်ကို သတိရလေသည်။ သူသည် ထိုပစ္စည်းကို အမြတ်တနိုး ကိုးကွယ်ထားခြင်းဖြစ်ရာ ဤအရေး၌ ထိုပစ္စည်း၏ သတ္တိကိုသာ အားကိုးရတော့အံ့ဟု ဆင်ခြင်မိသဖြင့် ၎င်းကို ကြိုးတစ်ချောင်းတွင် ချည်နှောင်၍ ကြိုးတစ်ဖက်အစကို ကိုင်ပြီး ရေထဲသို့ ပစ်ချလိုက်လေ၏။

စိတ်အပျက်ကြီးပျက်၍ အလွန်အမင်း အားငယ်ကာ ကမ်းကုန်အောင် ကြောက်နေပြီဖြစ်သော ခရီးသည်များအဖို့ ကမ္ဘာမီးလောင် သားကောင်တက်နင်း ဆိုသကဲ့သို့ ယင်းအရာဝတ္ထုကလေးမှတစ်ပါး အားကိုးစရာ မရှိတော့ဟု မျှော်လင့်နေကြသည်။ သို့နှင့် အင်ဂျယ်လ်က ဘာမှ မဖြစ်စလောက် အရာဝတ္ထု ကလေးနှင့် ဒီသင်္ဘောကို ကမ်းသို့ ဆွဲခေါ်သွားပါလိမ့်မည်ဟု ကြေညာလိုက်သောအခါ ထိုသူများသည် စိတ်ပါလက်ပါ ယုံကြည်နေကြတော့သည်။ သို့နှင့် သူတို့မှာ စိတ်သက်သာရာ ရလာကြသဖြင့် အချို့လည်း ကုန်းပတ်ပေါ် ဒူးထောက်၍ ဝိုကြွေးခြင်းမှ ရပ်စဲကြလေတော့သည်။ ဆိုကောင်းမည် ကောင်းပင် သူတို့ကို ထို သူတော်စင်က ကမ်းခြေသို့ ဆွဲယူသွားနေလေတော့သည်။ ဒီလှိုင်းကြီးတစ်ခုသည် သင်္ဘောကို အောက်က မတွန်းလိုက်ဟန်တူ၏။ သင်္ဘောလည်း မြစ်အနောက်ဘက် ကမ်းသို့ တရွေ့ရွေ့ ချဉ်းကပ်သွားပြီး သောင်ခုံတစ်ခု၌ မြှောင်၍ တင်နေလေတော့သည်။ ထိုအခါမှ အင်ဂျယ်လ်လည်း စိန့်ဆာဂွန်၏ ပစ္စည်း ပေါင်းကို ပြန်၍ သိမ်းယူကာ မိမိအိတ်ထဲသို့ ထည့်လိုက်လေတော့သည်။

ယင်းသို့ ဘာမဟုတ်သော ပစ္စည်းကလေးက ဒီမျှ တန်ခိုးအင်အား ကြီးမားသည်ဆိုသော စကားကို ဗဟုသုတ အကြားအမြင် နည်းပါးသူတို့သာ ယုံနိုင်စရာ ရှိပေသည်။ သို့သော် ယင်းသို့သော တန်ခိုးအာနိသင်မျိုးကို ထိုခေတ်ကလူများ အလွန်ပင် ယုံကြည် ခဲ့ကြပေသည်။ ဥပမာအားဖြင့် ထိုအဖြစ် ကြုံခဲ့သည်နောက် လေးနှစ်မြောက် ဖြစ်သော (၁၆၃၂) ခုနှစ်တွင် ပြင်သစ်ဂိုဏ်းအုပ် ဘုန်းကြီး ရီရှီလျူး Richelieuသည် (၇) ရာစုနှစ်က ထင်ရှားခဲ့သော အိုင်ရစ်လူမျိုး သူတော်စင်တစ်ပါး၏ ပစ္စည်းတစ်ခုကို ပါဒရက်ရောဂါ ပျောက်လိမ့်မည်ဟု ယုံကြည်၍ မော့ Meaux ထံသို့ ပေးပို့ခဲ့ဖူးသည်။ သူတို့သည် ယုံကြည့်သည့် အတိုင်း ကုသကြည့်ခဲ့ကြပါ၏။ သို့သော် သူတို့၏ ဂုဏ်သရေကို မထိခိုက်စေကာမူ ရောဂါတော့ မပျောက်ကင်းခဲ့ချေ။ ထိုအလျင် မကြာခင်ကလေးကပင် တတိယမြောက် ဖိလစ်ဘုရင် နာမကျန်းရှိရာ စိန့်အင်ဒို၏ ခြောက်သွေ့နေသော အလောင်းကို ဘုရင်၏ အိပ်ရာ၌ ခေတ္တ သိပ်ပေးခြင်းအားဖြင့် ဖိလစ်ဘုရင်၏ အသက်ကို ကယ်ဆယ်ခဲ့ကြဖူးပြီ မဟုတ်ပါလော။

၎င်းပြင် မကြာမီကပင် စတုတ္ထမြောက် ဖိလစ်ဘုရင်ကို စုန်းပြုစား၍ သေမည် ဖြစ်ခဲ့ဖူးလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုမင်း၏ လည်ပင်း၌ အဆိုပါ ခရစ်ယာန်ဘုန်းကြီးများ၏ ပစ္စည်းများကို ပုတီးကုံးပြု၍ ဆွဲထားရာ စုန်းကဝေ တစ်ဦးက ထိုပုတီးကုန်းထဲ၌ ရုပ်တုတစ်ခု မတော်မလျော် ထည့်လိုက်သဖြင့် ထိုပစ္စည်းများ၏ တန်ခိုးအာနိသင်များ ပျက်ပြယ်ကုန်ပြီး မကောင်းသော ကြမ္မာဆိုများ ကျရောက် ခဲ့ဖူး သောကြောင့်တည်း။

ထိုမှတစ်ပါးလည်း ကွန်ဖြူးရှင်း ဘာသာဝင် တရုတ်သူတော်စင်တို့သည် ခရစ်ယာန်ဘုန်းကြီးများ၏ အရိုး၌ တန်ခိုးဣဒ္ဓိပါဒ် တစ်မျိုးမျိုး ရှိတတ်သည်ဟု ယုံကြည်ကြသဖြင့် ခရစ်နှစ် (၁၆၀၀) ခုနှစ်တွင် နန်းစံသော ဝမ်လီအမည်ရှိ ဧကရာဇ်ဘုရင်အား ဂျက်ဆူအစ်ဂိုဏ်း ဘုန်းကြီး ရီစီ Ricci ဆက်သသော အလားတူ အရိုးတစ်ခုကို လက်မခံအောင် ဝိုင်းဝန်း ကန့်ကွက်ခဲ့ကြဖူးလေသည်။

ထို့ကြောင့် မန်ရစ်အဖို့ စိန့်ဆာဂွန်၏ အရိုးသည် သူတို့၏ အသက်ကို ကယ်ဆယ်ခဲ့ပေ၏ဟု အမှန်ပင် စွဲလမ်းယုံကြည်ထားဟန် တူပေသည်။ ထိုနည်းအတူ အိန္ဒိယတိုင်သား ကက်သလစ်ဂိုဏ်းဝင်များလည်း သူ့ယုံကြည်ချက်အတိုင်း လိုက်ပါ ယုံကြည်ခဲ့ကြသည်။ သင်္ဘော၌ ပါလာသော မူဆလင်တို့ပင်လျှင် စိန့်သြဂတ်စတင် သာသနာပြုခေါင်းဆောင်ကြီး စိန့်ဆာဂွန်သည် ပါလာသော ဘုန်းကြီးနစ်ပါးကိုယ်စား ခရစ်ယာန်သာသနာ၏ အသရေကို ဝင်ရောက် ဆယ်တင်ပေးသွားပေ၏ဟု ထင်ကောင်း ထင်ကြပေလိမ့်မည်။

## အခန်း (၄)

## ကံကောင်း၍ ခေါင်းဖြတ်မခံရ

မောင်ရီသန်းခဲ့ပြီ။ သင်္ဘောသည် နေရာက မရွေ့သေး။ နံနက် အရုဏ်တက်သော် မိမိတို့ နိုင်သလောက် ပစ္စည်းပစ္စယကို သယ်ပိုး၍ ကုန်းသို့ တက်ရန် ပြင်ကြလေတော့သည်။ သူတို့ ရောက်နေသော အရပ်မှာ ထိုအခါက ဩရိသပြည်ဖြစ်၍ မဂိုအင်ပါယာထဲသို့ ရောက်စအချိန် ဖြစ်သည်။ ထိုအရပ်၌ အကြီးဆုံးဖြစ်သော ဟီဂျလီ Hijli မြို့မှာ ကိုးမိုင်လောက် ဝေးသေးသည်။ သူတို့ ရောက်နေသော နေရာမှာ ရွှံ့ညွန် ထူထပ်၍ လူသူ မနီးသော ကန္တာရ ဖြစ်နေပေသည်။

ကပ္ပတိန်သည် သင်္ဘောသားတို့အား လက်နက်အပြည့်အစုံ စွဲကိုင်စေပြီး သင်္ဘောပေါ်က အမြောက်ငယ် တစ်လက်ကိုပါ သယ်ယူခဲ့စေ၏။ သို့သော် ယမ်းမှုန့်များမှာ ရေစို နေကြသဖြင့် ခြောက်အောင် လုပ်ပြီးမှ ခရီးသည်တို့၏ ရေဘူးများတွင် ထည့်ယူ လာခဲ့ကြရန် အမိန့် ပေးလေသည်။ ဘေးအန္တရာယ်ကို ကြိုတင် ကာကွယ်မှုများ ယင်းသို့ လုပ်ရသည်မှာ ကုန်သည် သင်္ဘောပျက်၍ ကမ်းကပ်ရသော သတင်းကြားလျှင် အနီးပတ်ဝန်းကျင်ရှိ လူဆိုး သူခိုးတို့ လာရောက် တိုက်ခိုက်လေ့ ရှိသောကြောင့်တည်း။

ထိုအချိန်၌ ဟီဂျလီမြို့ဝန်၏ ကမ်းခြေစောင့် ကင်းတပ်သားများ ထိုအဖြစ်ကို မြင်တွေ့ သွားကြလေပြီ။ ကင်းမှူးလည်း သူ၏ တိုက်လှေကို သင်္ဘော အနီးကပ်၍ ကျောက်ချ ရပ်နား လိုက်၏။ ဘင်္ဂလားပင်လယ်အော် ကမ်းခြေရှိ တိုင်းပြည်တို့၌ အများ လိုက်နာရသော ထုံးစံ တစ်ရပ် ရှိပေသည်။ ၎င်းကား သင်္ဘောပျက်၍ ကမ်းသို့ ရောက်လာသော ပစ္စည်းမှန်သမျှ ထိုကမ်းနှင့် ဆိုင်သော တိုင်းပြည်အစိုးရက ဘဏ္ဍာတော်အဖြစ် သိမ်းပိုက်ရသော ထုံးစံတည်း။ သင်္ဘောကပ္ပတိန် ပိုင်းရက်ကွန်မာချိုလည်း ထိုထုံးစံကို သိနားလည်ထားသူ ဖြစ်၏။ သို့သော် လွတ်ရာလွတ်ကြောင်း တခြားနည်းလမ်း များလည်း ရှိသေးကြောင်း ကောင်းကောင်း သိထားပေသည်။

ကမ်းခြေစောင့် ကင်းတပ်မှူးလည်း ထိုစည်းကမ်းကို ထောက်ပြပြီး သင်္ဘောပေါ်သို့ တက်ရန် ဟန်ပြင်လတ်သော် ကွန်မာချိုက "ကောင်းပါပြီ၊ ပေါ်တူဂီ လူမျိုးများက ထိုစည်းကမ်းကို လိုက်ပါအံ့" ဟု ပြန်ကြားလိုက်လေသည်။ သို့ရာတွင် သင်္ဘောပြင်ဆင်ပြီးသည်နှင့် တစ်ပြိုင်နက် ထိုလူတို့အား လာဘ်ပေးပြီး သင်္ဘောကို ဟူးဂလီမြို့အရောက် အပို့ခိုင်းရန် ကြံစည်ထားပေ၏။

နေ့လယ်တွင် ဒီရေ ကျသွားသဖြင့် ရေမှာ ခြေချင်းဝတ်ခန့်သာ နက်တော့သည်။ မန်ရစ်နှင့် အင်ဂျယ်လ်တို့လည်း ချက်ချင်း ရေထဲ ဖြတ်လျှောက်ကာ ကုန်းသို့ တက်ခဲ့ကြ၏။ အဘယ်ကြောင့် ဆိုသော် သူတို့သည် ဟီဂျလီမြို့တွင် သီတင်းသုံး နေထိုင်သော ဩဂတ်စတင်ဂိုဏ်းခွဲမှ ဘုန်းကြီး အင်မာနူယယ်ဒီလာ

အက်စပရင်ကာနှင့် အဆက်အသွယ် ရရှိ စေသော နည်းလမ်း တစ်ခုခု ရှာဖွေ လိုကြသောကြောင့်တည်း။ အဆင်သင့်ပင် လူတစ်ယောက်ကို တွေ့၍ အဖြစ်အပျက် အကျိုးအကြောင်းနှင့် တကွ ဟီဂျလီမှ လူလွှတ် ကြိုယူပြီး ထိုမှတစ်ဆင့် ဟူးဂဟီသို့ ပို့ပေးစေလိုကြောင်း စာတစ်စောင် ရေးသား စေလွှတ် လိုက်လေသည်။

ယင်းသို့ လူလွှတ်မိသည်မှာ သူတို့အဖို့ ကံဆိုးမိုးမှောင် ကြုံရဖို့ ဖြစ်လာပေသည်။ ကင်းတပ်မှူးနှင့် သင်္ဘောကပ္ပတိန်တို့ အချင်းချင်း အပေးအယူ တည့်လျှင် မိမိတို့ ကိစ္စ ချောချော မောမော ဖြစ်ကာ လိုရာ ခရီးသို့ အေးအေးဆေးဆေး ရောက်နိုင်ပေသည်။ ယခုတော့ သူတို့ စေလွှတ် အပို့ခိုင်းသော စာကြောင့် တတိယလူစု ဇာတ်ခုံပေါ် ရောက်လာ ကြပြန်သည်။ စာကို ယူသွားသော လူသည် ဟီဂျလီသို့ မရောက်မီ ကင်းထွက်လာသော မြင်းတပ် တစ်တပ်နှင့် တည့်တည့် တိုးနေသဖြင့် တပ်မှူးက ထိုလူကို ရပ်စေပြီး စစ်လား၊ မေးလား လုပ်လေတော့၏။

တပ်မှူးလည်း ပေါ်တူဂီ ကုန်သင်္ဘောတစ်စင်း ကမ်းခြေ၌ ဆိုက်ကပ်နေကြောင်း ထိုလူထံမှာ သိရလျှင် ကမ်းခြေစောင့် ကင်းတပ်နှင့် ထိုသင်္ဘောကို အဆက်ဖြတ်လိုက်ပြီး မိမိက စပ်ကြားမှ အကောက်ကြံဖို့ ချက်ချင်း အကြံရပြီးလျှင် လူသုံးရာပါသော မိမိ မြင်းတပ်ဖြင့် ပေါ်တူဂီတို့ကို ခြောက်လှန့်၍ အမြတ်ထုတ်ရန် သင်္ဘောရှိရာသို့ ကဆုန်စိုင်း၍ ထွက်သွားကြရာ တစ်နာရီအတွင်း သင်္ဘောရှိရာသို့ ရောက်သွားလေတော့၏။

သူ၏ အမူအရာမှာ သူ့အဖော်များထက် ပိုမို၍ ကြမ်းတမ်းလှသည်။ သူ့လူများကို သင်္ဘောပေါ်သို့ တက်ရောက်၍ သင်္ဘောကုန်လှောင်ခန်းများနှင့် ခရီးတို့၏ သေတ္တာနှင့် ဝန်စည် စလယ်များကိုပါ မကျန် အကုန်လှန်လှော၍ အရှာခိုင်းပြီး သင်္ဘောကပ္ပတိန်နှင့် ဘုန်းကြီးများကို မိမိထံသို့ ခေါ်လာစေတော့၏။

သူတို့ ရောက်သွားသောအခါ တပ်မှူးက ကွန်မာချိုအား သင်္ဘောပေါ်က သေတ္တာများဖွင့်ရန် သော့တောင်းလေသည်။ ကွန်မာချိုက သင်္ဘောများမှာ ခရီးသည်တို့၏ သေတ္တာများသာ ဖြစ်၍ မိမိထံ၌ သော့မရှိကြောင်း၊ သို့ရာတွင် သူ့လူများက အားလုံး ထိုးဖောက် ခွဲဖွင့် နေကြမည် ဖြစ်၍ သော့လိုတော့မည် မဟုတ်ကြောင်း ပြန်လည်း ပြောပြရလေသည်။

ထို့နောက် တပ်မှူးက ဝှက်ဖဲတစ်ချပ် ပစ်ထုတ်လိုက်ပြန်၏။ ကပ္ပတိန်နှင့် ဘုန်းကြီးတစ်ပါးကို ချက်ချင်း ဦးခေါင်းဖြတ်၍ သတ်စေဟု အမိန့် ပေးလိုက်သောအခါ လူ့လူအချို့လည်း ကွန်မာချိုနှင့် မန်ရစ်ကို ခပ်ကြမ်းကြမ်းပင် ဆွဲထုတ် သွားကြလေ၏။ "ကျွန်ုပ်မှာဖြင့် အလွန်အမင်း ပူဆွေး ကြောက်လန့် နေရပါသည်။ သို့ရာတွင် ကပ္ပတိန်၏ ရယ်သံကို ကြားလိုက် ရသောအခါ အတော်ကလေး စိတ်သက်သာသွားပါ၏။" ဟု မန်ရစ်၏ မှတ်တမ်း၌ တွေ့ရှိရပါသည်။

ကွန်မာချိုကား အတွေ့အကြုံ အလွန်များပြားခဲ့သူ ဖြစ်သည်။ မဂိုအစိုးရ အရာရှိများ၏ နည်းပရိယာယ် တို့ကို သူ ကောင်းကောင်း သိထားသူဖြစ်သည်။ တပ်မှူးသည် မည်သည့် နည်းနှင့်မျှ အလွန်အကျွံ လုပ်မည်မဟုတ်ဟု တထစ်ချ တွက်ထားပြီးသား ဖြစ်၏။ သူ အလွန်အကျွံ လုပ်လျှင် သူ့အထက်က လူကြီး သိသွားမည်။ အထက်လူကြီးက သူ့လက်ထဲက အမှုကို တောင်းယူသွားမည် ဆိုလျှင် သူ့မှာ ဘာမှမရဘဲ လက်မဲ့ ကျန်ရစ်တော့မည် မဟုတ်ပါလော။

သို့သော်ငြားလည်း တပ်မှူးသည် ကပ္ပတိန်ထံမှ ကြေးကောင်းကောင်းရဖို့ မျှော်လင့် ထားသဖြင့် အကြီးအကျယ် ခြောက်လှန့်လို၍ ကပ္ပတိန်နှင့် မန်ရစ်ကို ပူးတွဲ ချည်နှောင်ပြီး ခေါ်ယူ သွားစေ၏။

myanmar ONLINE teashop www.mmteashop.com

တပ်သားအချို့လည်း သူ၏ အမိန့်အတိုင်း ဆဲရေး အော်ဟစ် အမျိုးမျိုး ခြိမ်းခြောက်ကာ သူတို့နှစ်ယောက်ကို ချက်ချင်း သတ်တော့မည့် ပမာ အကြမ်းပတမ်း တရွတ်တိုက်၍ ဆွဲငင် ခေါ်ယူ သွားကြ ပြန်လေသည်။ မန်ရစ်သည်ကား ကပ္ပတိန် ဖျောင်းဖျ နေသည့် ကြားမှပင် ဦးနှောက်ပျက်မတတ် စိတ်ဆင်းရဲ၍ နေခဲ့ရပေသည်။ သို့သော် သူတို့ ဟိတ်လုံးဟန်လုံး ထုတ်ပုံများမှာ တကယ်ပင် သတိလစ်တော့မည့် ပုံမျိုး လုပ်နေ ကြပေသည်။ သူတို့သည် မန်ရစ်တို့အား အတန်ငယ် ဝေးအောင် ခေါ်သွားပြီး လည်ပင်းကို တကယ် ခုတ်ဖြတ်ကြမည့်ပမာ အဝတ်အစားတွေ ချွတ်ပြီး နေရာတွေ ဘာတွေ ပြင်လျက် ကြောက်ရွံ့ ထိတ်လန့်စေရန် ဟန်လုပ်၍ ခြောက်လှန့်နေကြပေသည်။

သို့သော် ထိုသို့ ပြုလုပ်နေသော အချိန်တစ်ချိန်လုံးမှာ သူတို့အဖို့ ဈေးတက်ပေးရန် ဈေးခေါ် နေခြင်းမျှသာ ဖြစ်ပေသည်။ ကွန်မာချီသည် တပ်မှူးထံသို့ ပေးနိုင်သော ဈေးကို စလိုက်၏။ တပ်မှူးသည် သူပေးသည့် ဈေးကို မကြိုက်သေး။ ထပ်၍ ခြောက်လှန့်စေပြန်၏။ ထိုအခါ ကွန်မာချီက ဈေးတက်ပေးပြန်၏။ ဤနည်းနှင့် တစ်ညဥ့်ပတ်လုံး ဈေးဆစ်လိုက် ဈေးခေါ်လိုက်နှင့် အချိန် ကုန်လွန် ခဲ့ရလေသည်။ မန်ရစ်အဖို့ကား ဘာမှ မရိပ်မိရှာချေ။ မိမိ သေရမည့် အချိန်မှာ သီသီမျှ နီးကပ်နေပြီဟု တွေးထင်ကာ ပူပန် နေခဲ့ရပေသည်။

တပ်မှူးသည် လူဆိုး ဓါးပြမဟုတ်၊ အစိုးရ အရာရှိ တစ်ဦးမျှသာ ဖြစ်သည်။ အစိုးရ အနေနှင့် ဥပဒေဘောင်တွင်း၌ ပစ္စည်းများ သိမ်းယူရုံသာ လုပ်နိုင်သည်။ သို့သော် သူက လာဘ်ကောင်းကောင်း ရချင်၍ ဤမျှ ကြိုးကြိုးစားစား ခြိမ်းခြောက်နေခြင်း ဖြစ်သည်။ ကပ္ပတိန်ကလည်း လာဘ်ပေးရန် အသင့်ပင် ဖြစ်သည်။ တစ်ချိန်လုံး ဟန်ဆောင် လာခဲ့ကြသည်မှာ စင်စစ်အားဖြင့် ကြေးပိုရ လိုရေးသာ ဖြစ်သည်။

သို့နှင့် အရဂ်မတက်မီ ဈေးတည့် သွားကြလေပြီ။ ညဉ်းပန်းနေသော နောက်လိုက် ငယ်သားတို့၏ အမူအရာသည်လည်း တစ်ခါတည်း ပြောင်းလဲ သွားလေသည်။ သူတို့ အားလုံးပင် ယဉ်ကျေး သိမ်မွေ့စွာ ပြောဆို ဆက်ဆံ လာကြတော့သည်။ ချည်နှောင် ထားသော ကြိုးများကို ဖြေပေးပြီး အဝတ်အစားများကိုလည်း ပြန်ပေးကြသည်။ ထိုမျှ မကသေး မိတ်ဖြစ်ဆွေဖြစ် ကွမ်းယာများ ပေးကမ်းလျက် လောကွတ် လုပ်ကြသည်။ ထို့နောက် တပ်မှူးထံမှ နံနက်စာစားရန် အခေါ်လွှတ်၍ လိုက်သွား ကြရပြန်လေသည်။

တပ်မှူးရှိရာ ရွက်ထည်တဲသို့ ရောက်သောအခါ ထမင်းစားပွဲများ အသင့် ခင်းကျင်း ထားသည်ကို တွေ့ရပေသည်။ ထိုအခါက တပ်မှူး၏ ရွှင်လန်း ဝမ်းမြောက်နေပုံ ဟန်အမူအရာမှာ ပြော၍ မပြနိုင် လောက်အောင် ရှိတော့သည်။ တပ်မှူးလည်း အစွန်းကန် ဖော်ရွေလျက် အစားအသောက်များဖြင့် တစ်နာရီ ကျော်ကျော်ပင် ဧည့်ခံ ကျွေးမွေး လေသည်။

သို့ရာတွင် အလွမ်းဇာတ်ကား မပြီးဆုံးသေး။ တပ်မှူးသည် မန်ရစ်ထံမှ စာနှင့် စေလွှတ် လိုက်သောလူကို လမ်းကဖြတ်၍ တားဆီး နိုင်ခဲ့သော်လည်း စာကိုမူ တား၍ မရလိုက်ချေ။ သို့နှင့် ထိုစာသည် ဟီဂျလီမြို့ရှိ ဘုန်းကြီး အင်မာနူယယ်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွား ခဲ့လေသည်။

ဘုန်းတော်ကြီးလည်း မြို့ဝန်ထံသို့ အမြန်သွား၍ အခြေအနေများကို ရှင်းပြ လိုက်လေသည်။ မိမိ၏ လက်အောက် အရာရှိများပင်လျှင် စိန့်ဩဂတ်စတင် သင်္ဘောကို ဟူးဂလိမြို့သို့ တိတ်တဆိတ် လှို့ဝှက်၍ ပေးပို့နိုင်ဦးမည် ဆိုလျှင် မြို့ဝန်ကလည်း ဒက္ကားမြို့ရှိ ဘုရင်ခံ မသိစေဘဲ သူ့နည်းနှင့်သူ လိုပ်ချင်သလို မလုပ်နိုင်ပါလော။ သူသည်လည်း လောဘသားမို့ ထိုအမှုကို သူကိုယ်တိုင် မကိုင်ဘဲ ရှိပါမည်လော။

myanmar ONLINE teashop
www.mmteashop.com

နံနက်စာ စားပြီးရုံမျှပင် ရှိသေးသည်။ ကပ္ပတိန်နှင့် ဘုန်းကြီးကို မိမိရှေ့မှောက်သို့ ချက်ချင်း ပို့ရောက်ရမည်ဟူသော မြို့ဝန်၏ အမိန့်စာ ရောက်လာလေသည်။ တပ်မှူးလည်း အတော်ပင် စိတ်မချမ်းမသာ ဖြစ်သွားရရှာတော့သည်။ သူ့အဖို့ အမိန့်နာခံရုံမှ တစ်ပါး အခြားနည်း မရှိတော့ပေ။ ညဥ့်လုံးပေါက် ကြိုးပမ်းခဲ့ရသော အမြတ်ထုတ်မှု လုပ်ငန်းကြီးမှာ အဟောသိကံ ဖြစ်ရလေပြီ။ သူခိုးလက် သူဝှက်မှောက်ချေ၏ တကား။

ဘုန်းကြီးအင်မာနူယယ်လည်း မိမိ၏ ဂိုဏ်းသား ဩဂတ်စတင် သာသနာပြုများနှင့် တွေ့ဆုံရန် မြို့ဝန်၏ ကိုယ်စားလှယ်တော်နှင့် အတူ ကိုယ်တိုင် လိုက်ပါခဲ့လေသည်။ ကပ္ပတိန်နှင့် သာသနာပြု ပုဂ္ဂိုလ်များကို တင်ခေါ်ရန် ထမ်းစင်များနှင့် ဟီဂျလီသို့ သွားလိုသူ အမျိုးသမီးများ စီးရန် လှည်းယာဉ်များလည်း ပါလာကြသည်။ မြို့အရောက် ကိုးမိုင်မျှသော ခရီးမှာ လွယ်ကူလှသည် မဟုတ်ပေ။ မုတ်သုန်ရာသီကား ကျေးလက်ဒေသကို စိမ့်စမ်း ရွှံ့ညွန်များနှင့် ပြည့်နှက် သွားစေ ခဲ့လေပြီ။ လမ်းမပေါ်တွင်လည်း ရွှံ့ဗွက်များနှင့် ရေအိုင်များကို မကြာခဏ တွေ့ကြရပေသည်။ သူတို့သည် မြို့သို့ မှောင်ရီသန်းမှ ပင်ပန်း နွမ်းနယ်စွာနှင့် ရောက်ကြရတော့၏။ ဘုန်းကြီးတို့ကို ဩဂတ်စတင် သာသနာပြု ကျောင်းသို့ တိုက်ရိုက် ပို့ပေးကြပြီး ဝတ်ပြုဆောင်တွင် ဆုတောင်း ပတ္ထနာ ပြုစေပြီးမှ ကျောင်းဝင်းထဲက ရေကန်တွင် ရွှံ့ညွန်ကြေးညှော်များကို ဆေးကြောသန့်စင် ပေးကြရတော့သည်။

သုံးရက်ကြာသောအခါ သူတို့အားလုံး မြို့ဝန်၏ အိမ်တော်သို့ ဝင်ရောက်ရန် ဆင့်ခေါ်ခြင်း ခံကြရလေသည်။ ဘုန်းကြီးအင်မာနူယယ် ကိုယ်တိုင် သူတို့ကို အိမ်တော်တွင်းသို့ ပို့ပေး လေသည်။ အတန်ငယ် စောင့်နေခိုက် မောင်းသံတစ်ချက် ကြားလိုက်ရပြီးနောက် မြို့ဝန်မင်း ဝင်ရောက်လာပြီး မိမိနေရာ သလွန်၌ ဝင်၍ ထိုင်လေသည်။ ဘုန်းကြီး အင်မာနူယယ်လည်း ဦးခေါင်းညိတ်၍ အလေး ပြုလိုက်ပြီးနောက် မန်ရစ်နှင့် အင်ဂျယ်တို့ နှစ်ဦးကို ညွှန်ပြ မိတ်ဆက် ပေးလိုက်သဖြင့် မြို့ဝန်က ဒေသဆိုင်ရာ အစိုးရ အရာရှိကြီးများနှင့် အတူထိုင်ရန် ညွှန်ပြလိုက်လေသည်။ ကွန်မာချီလည်း သင်္ဘောနှင့် သက်ဆိုင်သော စာချုပ်စာတမ်းများကို တင်ပြလေသည်။

ဩဂတ်စတင် သာသနာပြုကျောင်းမှ ဘုန်းကြီးသည် ဟီဂျလီမြို့တွင် အတော် လူကြည်ညိုများလျက် ထင်ရှားသော ပုဂ္ဂိုလ်တစ်ပါး ဖြစ်နေ ရုံမက မြို့ဝန် ကိုယ်တိုင်ကလည်း ဟူးဂလီမြို့မှ ပေါ်တူဂီများနှင့် အတော် အလွမ်းသင့်နေကြောင်း နောက်မှ ကောင်းကောင်း သိရပေသည်။ ဟူးဂလီမြို့သည် တရုတ်ပြည်နှင့် မလက္ကာကျွန်းများမှ လာသော ကုန်ပစ္စည်းများ အိန္ဒိယထွက်ကုန်များနှင့် ဖလှယ်ရာ ဈေးကွက်မြို့ တစ်မြို့ ဖြစ်နေသဖြင့် ထိုကုန်များကို ပေါ်တူဂီကုန်သင်္ဘောများနှင့် သယ်ယူ ရောင်းချလျက် ရှိကြသည်။ ဟီဂျလီမြို့ဝန်လည်း မိမိလိုအပ်သော ကုန်ပစ္စည်းများကို ပေါ်တူဂီ ကုန်သည်ထံမှသာ ရနိုင်သဖြင့် ယင်းကဲ့သို့ ရင်းနှီးမှု ရှိလာခြင်း ဖြစ်ပေသည်။

ဤကိစ္စ၌ ဥပဒေအတိုင်း အရေးယူပြီး ကုန်များကို သိမ်းရမည်ဆိုလျှင် သူ့အဖို့ သင့်တော်မည် မဟုတ်ပေ။ ဒက္ကားမြို့ ဘုရင်ခံသိလျှင်လည်း ကုန်များကို တောင်းဆိုဦးမည် ဖြစ်ရကား သာ၍ မကောင်းချေ။ မိမိကိုယ်ကျိုးအတွက် ရာနှုန်းအသင့်အတင့် အမြတ်ထုတ်ပြီး အမှုကို တိတ်တဆိတ် လွှတ်ပစ်ရသည်က တော်သေးသည်ဟု စိတ်ကူး ရသဖြင့် ဂိုအာမြို့က ပေါ်တူဂီ ဘုရင်ခံချုပ် ဖရန်စစ္စကိုဒဂါးမား၏ ကျန်းမာရေး အခြေအနေများမှ စ၍ အာလာပသလ္လာပ စကား အနည်းငယ် ပြောဆိုပြီးနော်က သင်္ဘောပျက်မှ ကုန်ပစ္စည်းများ သိမ်းယူရခြင်း ဆိုင်ရာ မိမိတို့ နိုင်ငံ၏ ဥပဒေထုံးတမ်းများ အကြောင်း၊ မလွှဲမရှောင်သာ၍ ဥပဒေအရ ဆောင်ရွက်ရမည့် အကြောင်း စသည်ဖြင့် ပရိယာယ်နှင့် ပြောဆိုပြီးနောက် ကပ္ပတိန်အား မိမိ၏ ဘဏ္ဍာရေး

အရာရှိနှင့် တွေ့ဆုံပြီး အပေးအယူ မျှမျှတတ ဖြစ်ကြရအောင် လုပ်ဆောင်ကြစေလိုကြောင်း မိန့်ဆိုကာ ထိုကိစ္စကို ဘဏ္ဍာရေး အရာရှိနှင့် ကပ္ပတိန်တို့ သဘော တူညီမှုရသည်အထိ ညှိနှိုင်း လုပ်ဆောင်ကြရန် တာဝန်လွှဲအပ် လိုက်လေသည်။

သို့ရာတွင် "အမေက ငါ့ကိုနိုင်၊ ငါက ကြက်ဖကြီးကိုနိုင်" ဆိုသော စကားပုံကို ပြောင်းပြန်ဆိုရသကဲ့သို့ "ငါက ကြက်ဖကြီးကိုနိုင်တော့ ငါ့ကို အမေက နိုင်မည်" မှချပင်။ မိုင် (၂၀၀) ကျော်ဝေးသော ဒက္ကားမြို့ရှိ ဘုရင်ခံချုပ်သည် သူ့ကိုတစ်ဆင့် အနိုင်ယူပြန်တော့ဦးအံ့။ အဘယ်ကြောင့်ဆိုသော် ဘုရင်ခံထံမှ စာချွန်တော်နှင့်အတူ ခြေလျင်တစ်ဦး ရုတ်တရက် ရောက်လာသောကြောင့်တည်း။ ထိုခေတ် ခြေလျင်တော်များကို ဂျလဗ်ဒါ Jalabdars ဟုခေါ်ကြသည်။ ဤမျှ အံ့သြစရာကောင်းတော့၏။ စိန့်သြဂတ်စတင် သင်္ဘော သောင်တင်သည့် သတင်းသည် ရက်သတ္တတစ်ပတ်မျှ ရှိပြီဖြစ်၍ ဒက္ကားမြို့ ဘုရင်ခံချုပ်ထံသို့ သတင်းရောက်ပြီး ယင်းသို့ စာပို့ဆင့်ဆိုနိုင်သည်မှာ ဖြစ်နိုင်သော ကိစ္စပင်တည်း။ သို့နှင့် ခြေလျင်တော် ရောက်လာသောနေ့မှာ မန်ရစ်တို့ မြို့ဝန်ထံ ဝင်ရောက် ခစားခဲ့သည့်နေ့၏ နောက်တစ်ရက် အကြာတွင် ဖြစ်ပေသည်။

ဘုရင်ခံချုပ်၏ အမိန့်စာတွင် "မြို့ဝန်၌ မည်သည့် ထင်မြင်ချက်များပေးရန် တာဝန်မရှိ။ ကပ္ပတိန်နှင့် ဘုန်းကြီးများကို ချက်ချင်း မိမိထံသို့ တိုက်ရိုက်ပို့ပေးရမည်" ဟူ၍သာ ပါရှိလေသည်။ ကျွန်ုပ်တို့ တွေးကြည့်မည်ဆိုလျှင် သင်္ဘောက ကုန်စည်တို့မှာ လွန်စွာ အဖိုးထိုက်တန်သည် ထင်ပြီး ဆုလိုချင်သူတို့က ဘုရင်ခံချုပ်ထံ အစီရင်ခံကြမည် ဖြစ်သည်။ ဘုရင်ခံချုပ်လည်း သတင်းအရ မိမိအဖို့ လောဘရမ္မက် လွန်စွာတက်ပြီး ယခုလို ခြေလျင်တော်လွှတ်၍ အမိန့်ထုတ် ဆင့်ခေါ်ယူခြင်း ဖြစ်ပေလိမ့်မည်။

ဘုန်းကြီးများကို ဒက္ကားသို့ ပို့ရတော့မည်ဟူသော သတင်းကို မြို့ဝန်၏ နန်းတွင်းသား မိန်းမစိုးတစ်ယောက်က တိတ်တဆိတ် သတင်း ပို့လိုက်သဖြင့် ဘုန်းကြီးအင်မာနူယယ် သိနှင့်ရလေသည်။ ခရီးမှာ အလွန်ဝေးကွာပြီး အန္တရာယ်များလှ၏။ အင်မာနူယယ်လည်း ဘယ်နည်းနှင့်မဆို မိမိ ဉေ့သည်တော်များကို မြို့ဝန်ထံမှ အမိန့်မလာမီ ဟူးဂလီမြို့သို့ အရောက်ပို့မှ ဖြစ်မည်ဟု သန္နိဋ္ဌာန် ချလိုက်ပြီး လှေတစ်စင်းငှား၍ မာန်ရစ်နှင့် အင်ဂျယ်လ်တို့ကို ရုပ်ဖျက်ကာ ပေါ်တူဂီလက်နက်ကိုင် လူလေးယောက်နှင့် အစေခံနှစ်ယောက်ထည့်၍ ညဥ့်မှောင်ထဲတွင် မြစ်ကြောင်း ဆန်တက်စေရတော့၏။ ဤနည်းအားဖြင့် မြစ်ညာဘက်သို့ မိုင်တစ်ရာ ကွာဝေးသော ဟူးဂလီမြို့အထိ ခက်ခက်ခဲခဲနှင့် ရောက်ရှိသွားကြလေတော့သည်။ သြဂတ်စတင် သင်္ဘောနှင့်တကွ ကျန်ရစ်ခဲ့သော လူသူ ကုန်ပစ္စည်းများ အကြောင်းကိုမူကား သူ၏ မှတ်တမ်း၌ ဆက်လက် ဖော်ပြထားသည်ကို မတွေ့ရချေ။

## အခန်း (၅)

## နတ်ကိုးကွယ်သူများ

ဟူးဂလိမြို့သည် အာရှတိုက်ရှိ ပေါ်တူဂီပိုင် နယ်မြေများ အတွင်း၌ တစ်စိတ်တစ်ဒေသမျှ ပါဝင်နေသော မြို့မဟုတ်ပေ။ ဂိုအာမြို့တော်ကို ဗဟိုဌာနချုပ်လုပ်ပြီး အာရှတိုက်မှ ဥရောပတိုက်သို့ သွားရာ ကုန်သည်ရေလမ်းခရီးကို ထိန်းချုပ်ထားရန်အတွက် အေဒင်မြို့မှ မလက္ကာကျွန်းကို လွန်သည်အထိ ကမ်းရိုးတန်းတစ်လျှောက်၌ ခံတပ်မြို့များ တည်ထောင် ရမည်ဟူသော ပေါ်တူဂီတို့၏ စီမံကိန်းထဲတွင် ထိုမြို့မပါဝင်ခဲ့။ သို့ဖြစ်၍ ဟူးဂလိမြို့သည် ခံတပ်မြို့လည်း မဟုတ်၊ ဂိုအာဘုရင်ခံ ဩဇာအာဏာ သက်ရောက်ရာ လက်အောက်ခံမြို့လည်း မဟုတ်။ သီးခြား လွတ်ကင်းသော မြို့ဖြစ်ပေသည်။ ပေါ်တူဂီ လူမျိုးများ အခြေစိုက်ရာ မြို့ဖြစ်ပြီး ယင်းသို့ အရေးပါနေသော်လည်း ထိုမြို့ကို သီးခြား လွတ်လပ်သော ကုန်သည်များ တည်ထောင်၍ အာရှကုန်များ Asiatic Trade ရောင်းဝယ်မှု၊ ဖလှယ်မှု ပြုရာ ဈေးမြို့တစ်မြို့ ဖြစ်နေပေသည်။ အာရှကုန်များ ရောင်းဝယ်မှုဆိုသည်မှာ အာရှတိုက်အတွင်း တစ်နေရာမှ ကုန်ကို အခြား တစ်နေရာက ကုန်နှင့် ရောင်းဝယ်ဖလှယ်ခြင်းကို ခေါ်ပေသည်။ အာရှတိုက်မှ ကုန်ကို ဥရောပတိုက်မှကုန်နှင့် ရောင်းဝယ်ဖလှယ်ခြင်း မဟုတ်ပေ။ ထိုသို့ အာရှကုန်များ ရောင်းဝယ်မှုကို နောင်အခါတွင် Asiatic Tradeဟု မခေါ်တော့ဘဲ အင်္ဂလိပ် လူမျိုးများက ပြည်တွင်းရောင်းဝယ်မှု Country Tradeဟု အသစ်ပြင်၍ ခေါ်စမှတ်ပြုကြသည်။

ဟူးဂလိမြို့သည် သူ့အလိုအလျောက် သဘာဝအတိုင်း ပေါ်ပေါက်တည်ရှိလာခဲ့သော မြို့ဖြစ်သည်။ အိန္ဒိယပြည် အထက်ပိုင်းဒေသများသို့ မဂိုမင်းများ ဝင်ရောက်၍ ခရစ် (၁၆) ရာစုနှစ် အလယ်လောက်တွင် မြို့တော် စတင်တည်ထောင်သော အခါ မဂိုဘုရင်သည် တရုတ်ပြည်ဖြစ် ကုန်ပစ္စည်းများကို လွန်စွာ နှစ်သက်မက်မောလှသည်။ အများအားဖြင့် ကြွေပန်းကန်နှင့် ကြွေးအိုး၊ ကြွေခွက်များ၊ ပယင်း၊ ပိုးထည်၊ ဖဲထည်နှင့် ရွှေချည်ထိုး ဝတ်စားတန်ဆာများကို များစွာ ကြိုက်နှစ်သက်ပေသည်။ ရှေးအထက်ကျော်ကာရီက ရောင်းချ ပေးသွင်းခဲ့သော မူဆလင်ကုန်သည် တို့ကို ရေကြောင်းခရီးမှ နှင်ထုတ်ခဲ့ပြီးဖြစ်၍ ယခုအခါ ပေါ်တူဂီကုန်သည် တို့သာလျှင် ဘုရင့်နန်းတော်အတွက် အဝယ်တော်များ ဖြစ်လာခဲ့ကြပေသည်။

မဂိုဘုရင်အတွက် ရောင်းရဝယ်ရသော အဝယ်တော် လုပ်ငန်းများကို အရှေ့နှင့် အနောက် ဆက်သွယ် ရောင်းဝယ်နေသော လစ္စဘွန်မြို့က ကုန်သည်များက မလုပ်ကြချေ။ သို့ဖြစ်၍ ယင်း အာရှကုန်ရောင်းဝယ်ရေး လုပ်နေသော ပေါ်တူဂီတို့သည် ဘင်္ဂလားအော် ချိုင့်ဝှမ်းအတွင်းဘက်သို့ ရောက်ရှိလာပြီး ဟူးဂလိနှင့် ဟီဂျလီမြို့များ၌ ရောင်းဝယ်မှု အနည်းအကျဉ်းလောက်က စ၍ တစ်စတစ်စ တိုးတက်ကြီးပွားလာခဲ့ကြခြင်း ဖြစ်သည်။ သူတို့သည် ကျေးရွာမြို့နယ် အရာရှိတို့ထံမှ အခွင့်ပြုချက်များ တောင်းယူ ရရှိခဲ့ကြလေသည်။

ထို့နောက် တစ်စတစ်နှင့် ဟူးဂလီမြို့၌ သင်္ဘောများ ဆိုက်ကပ်ခွင့်၊ ကုန်များ တင်ခွင့်ချခွင့်၊ ကုန်လှောင်ရုံများ ဆောက်လုပ်ခွင့်မှစ၍ လူနေအိုးအိမ် အခြေတကျ တည်ထောင်နေထိုင်ခွင့်များကိုပါ တိုးတက်ရရှိလာကြပြီး စည်ကားသော မြို့တစ်မြို့ ဖြစ်လာတော့သည်။

သူတို့ သယ်ဆောင်လာသော ကုန်များအနက် မဂိုဘုရင် မင်းမြတ် ကြိုက်နှစ်သက်မည် ထင်သော ကုန်စည်တို့ကို ရွေးချယ်ရေတွက်ပြီး နန်းတော်သို့ တင်သွင်း ပို့ဆက်ကြရသည်။ သို့နှင့် အက္ကဘာ ဘုရင်မင်းမြတ်သည် (၁၅၇၇) ခုနှစ်က ထင်ရှားသော ပေါ်တူဂီ ကုန်သည်ကြီးတစ်ဦးကို မိမိ နန်းတော်သို့ ဖိတ်ခေါ်ပြီး အဝယ်တော်အဖြစ် ခန့်အပ် ခဲ့ရဖူးလေသည်။ ထို ပေါ်တူဂီ ကုန်သည်ကြီး၏ အမည်မှာ ပီဒရိုတာဗာရက်စ် Pedro Tavates ဖြစ်သည်။

ထိုအလုပ်မှာ တကယ်အကျိုးရှိ၍ အမြတ်သေချာသော အလုပ် ဖြစ်ရာ တာဗာရက်စ်သည် မိမိရရှိသော အခွင့်အရေးကို လက်တစ်ဆုံးနိုက်၍ အစွမ်းကုန် အသုံးပြုခဲ့လေသည်။ သူသည် တရုတ်ပြည်ဖြစ် ဇိမ်ခံ ပစ္စည်းများကို ဘုရင်မင်းမြတ် အလိုရှိသရွေ့ နှစ်စဉ်နှစ်တိုင် ဆက်သွင်းရန် အာမခံပြီး မိမိအဖို့ ကုန်သင်္ဘောများ ဆိုက်ကပ်နားနေရန်နှင့် အခြေတကျ နေထိုင်ရန် သီးသန့် ဆိပ်ခံမြို့တစ်မြို့ တည်ထောင်ခွင့် တောင်းဆိုလေသည်။ အက္ကဘာ ဘုရင်မင်းမြတ်လည်း ဝမ်းမြောက်ဝမ်းသာပင် သဘောတူညီ ခွင့်ပြုလိုက်ပြီးလျှင် ရွှေနန်းတော် အတွက် တင်ဆောင် သယ်ယူရာတို့၌ ဘေးအန္တရာယ် မဖြစ်စေရန် အက္ကဘာ ဘုရင်ခံချုပ်ထံသို့ တာဗာရက်စ်အား လိုအပ်သမျှ အကူအညီပေးစေဟု အမိန့် ထုတ်ဆင့် ထားလေသည်။ သို့နှင့် ဟူးဂလီမြို့ကို ပီဒရိုတာဗာရက်စ်က စတင်တည်ထောင်ခဲ့ခြင်း ဖြစ်သည်မှာ ထင်ရှားလှပေသည်။

ယင်းသို့ အခွင့်ကောင်း ကြုံသည်နှင့် အမျှ ဟူးဂလီမြို့လည်း တစ်ရှိန်ထိုး ကြီးပွားတိုးတက် လာခဲ့လေသည်။ ထို့နောက် ဩဂတ်စတင် သာသနာပြုများ (၁၅၉၉) ခုနှစ်တွင် ရောက်ရှိလာကြပြီး ရန်ပုံငွေ ထူထောင်ကာ စိန့်နီကိုလိုလင်တီနီ အမည်ရှိ ဘုရားရှိခိုး ကျောင်းတိုက်နှင့် ရှိဆာရီကျောင်းကို စတင် ဆောက်လုပ် ခဲ့ကြလေသည်။ ရောင်းဝယ် ဖောက်ကားမှု လုပ်ငန်းမှာ အများပြည်သူ အတွက် မဟုတ်သေးဘဲ ရွှေနန်းတော် သုံးများ အတွက်သာ သီးသန့် ပေးသွင်းနေကြရပေသည်။ အတွင်ကျယ်ဆုံး ကုန်ပစ္စည်း တို့မှာလည်း တိုင်းတစ်ပါးမှ တင်သွင်းလာသော ကုန်ပစ္စည်းတို့သာ ဖြစ်သည်။ သို့ရာတွင် ကုန်သည် အစစ်အမှန်များနှင့် သာသနာပြု ပုဂ္ဂိုလ်တို့သာ မဟုတ်တော့ဘဲ မလိုလားအပ်သော လူများစွာပင် ငွေကြေးလှိုင်လှိုင် သုံးစားနိုင်သော ဟူးဂလီမြို့ကို အုပ်ချုပ်ရသော ဘုရင်ခံမှာ ဂိုအာမြို့က ခန့်အပ်သော ဘုရင်မဟုတ်၊ မြို့ရှိလူများက ရွေးချယ် တင်မြှောက်ထားခြင်း ခံရသူ ဖြစ်၍ ဂိုအာမြို့၏ ဩဇာအာဏာ မသက်ရောက်ဘဲ သီးခြား လွတ်လပ် နေသောကြောင့်တည်း။

ထိုမှတစ်ပါး ဟူးဂလီမြို့သည် ပင်လယ်ဓါးပြများ ခိုအောင်းရာ ဒေသ၊ သိုက်တူးလိုသော စစ်သားလူထွက်များ လဲလျောင်းရာဌာန၊ ဂိုအာ အစိုးရ၏ တင်းကျပ်သော အာဏာစက် အတွင်း၌ နေစရာမရှိသော လူများအဖို့ အားကိုးပြုရာ အရပ်ဖြစ်ရကား များမကြာမီ လူနေအိမ်ခြေ အမြောက်အမြား တိုးပွားလာပြီးလျှင် ထိုမှတစ်ဆင့် ဘင်္ဂလားပင်လယ်အော် အရှေ့ဘက် ကမ်းခြေတစ်လျှောက် ရခိုင်ပြည်နယ်နှင့် ပဲခူး (ဟံသာဝတီ) အထိ ပျံ့နှံ့ သွားလေတော့သည်။

ယင်းသို့သော ပေါ်တူဂီလူမျိုးများပင် ရခိုင်ဘုရင်များထံမှ အခွင့် အမိန့်ရယူပြီး စစ်တကောင်းမြို့ အနီးရှိ ထိုအခါက ရခိုင်ပြည်နယ်၏ နယ်စပ်မြို့ဖြစ်သော ဒီယင်းဂါး Dianga မြို့ကို တည်ထောင်

နေထိုင်ခဲ့ကြလေသည်။ အချို့သော ပေါ်တူဂီတို့သည် ရခိုင် ဘုရင်၏ အမှုတော်ကို ထမ်းရွက်ကြလျက်၊ အချို့လည်း ဟံသာဝတီမင်း၏ ကိုယ်ရံတော် အမြောက်တပ်၌ အမှုထမ်းကြလေသည်။ ထို့ပြင် ဘင်္ဂလားပင်လယ်အော် အတွင်းရှိ ကျွန်းအချို့တွင်လည်း သီးခြား လွတ်လပ်သော ပေါ်တူဂီပိုင်နက် နယ်မြေများ ထူထောင် ခဲ့ကြသည်။

မန်ရစ်သည် ထိုအချိန်ကစ၍ စိန့်တိုလင်တီနိုကျောင်းတွင် ခရစ်ယာန်ဘုန်းကြီးတို့၏ ကျင့်ဝတ်နှင့် အညီ နေထိုင်ပြီး တစ်ဖက်တစ်လမ်းက ဟိန္ဒူစကားနှင့် ဟိန္ဒူစာပေများ လေ့ကျင့် သင်ကြားလေတော့သည်။ သို့ရာတွင် သူတွေ့ခဲ့ရသော ဟိန္ဒူတို့၏ အယူသီးမှုများကြောင့် ဟိန္ဒူအယူဝါဒနှင့် ဗြာဟ္မဏတို့၏ ဟိန္ဒူအဘိဓမ္မကို တတ်ကျွမ်းလိုစိတ် မရှိတော့ချေ။ ဤနေရာတွင် ဂိုအာမြို့၌ ပိုင်းယဒ်နှင့် ဒီလုံးတို့ တွေ့ခဲ့ရသော သာသနာ့သန့်ရှင်းရေး လုပ်ငန်းများနှင့် ဟိန္ဒူ အယူသီးများ လိုက်နာ ကျင့်ကြံပုံတို့ မည်သည်က ပို၍ ဆိုးဝါးသည်ကို စာဖတ်ပရိသတ်များ စဉ်းစားချင့်ချိန်ရန် အလို့ငှာ ရှေ့တွင် အနည်းငယ် ဖော်ပြပေအံ့။

ဟိန္ဒူနတ်ကွန်းများ၏ ပုံဟန်သွင်ပြင်ကို မြင်ရသောအခါ မန်ရစ် အဖို့ တအံ့တဩ ဖြစ်နေလေသည်။ ကြီးကျယ်ခမ်းနားပုံ၊ အနုပညာ လက်ရာမြောက်ပုံ၊ ချမ်းသာ ကြွယ်ဝပုံများမှာလည်း ပြောမကုန်အောင် ရှိတော့သည်။

ရပ်ဝေးရပ်နီးမှ လာရောက်ကြကုန်သော ဘုရားဖူးပရိသတ်များ၊ မွန်မြတ်သော လှူဖွယ်တန်းရာများ၊ လှပခမ်းနားစွာ အမျိုးမျိုး တန်ဆာဆင်ထားသော ယာဉ်ရထားကြီးကို လူအုပ်နှင့်ချီ၍ စီတန်း လှည့်လည်သော ဘုရားလှည့်ပွဲများ၊ တရား အားထုတ်နေသော ယောဂီများနှင့် ဘုရား ကြည်ညို ရှိခိုးနေသော ဘုရားဖူး ပရိသတ်များ စသည်ဖြင့် တိုးမပေါက်အောင် စည်ကား လှလေသည်။ ထိုလူအုပ်ကြီးများသည် ဟိန္ဒူ နတ်ကွန်း၏ အဝင်ဝသို့ ရောက်သောအခါ မိမိတို့ ဘာသာဘာဝ ဆုတောင်း ပတ္တနာများကို ဆူဆူညံညံ ကြွေးကြော်ကြလျက် ဂါထာ မန္တာန်တို့ကို ရွတ်ဖတ်သရဇ္ဈာယ် ကြလေသည်။

ဟိန္ဒူဘုရား လှည့်ရာတွင် အသုံးပြုသော ကျောင်းဆောင်တင်သည့် ယာဉ်ရထားမှာ လွန်စွာ ထုထည်ကြီးမား မြင့်မောက်၍ ပန်းပု၊ ကနုတ်၊ ပန်းနွယ်၊ ရုပ်လုံးများနှင့်တကွ အတော်ပင် ထူထဲလေးလံလှပေသည်။ ၎င်းကို ဂျဂါနတ်ယာဉ်ဟု ခေါ်သည်။ ဟိန္ဒူဘုရားလှည့်ပွဲမှာ မြန်မာတို့ ဘုရားလှည့်ရာ၌ ကျောင်းဆောင်ကို လှပစွာ ဆင်ယင်၍ လှည်းနှင့် ဆွဲရ သကဲ့သို့ပင် ဖြစ်သည်။ သို့ရာတွင် ဟိန္ဒူတို့၏ ကျောင်းဆောင်မှာ သာမန် အိမ်တစ်ဆောင်မက လေးလံလှသဖြင့် ထုထည် ကြီးမားကြံ့ခိုင်သော လှည်းဘီးကြီးများပေါ် တင်၍ လူပေါင်းများစွာ ဆွဲကြ၊ တွန်းကြရသည်။ သို့နှင့် ဂျဂါနတ်ရထားယာဉ် ဆိုက်ရောက်လာသောအခါ ဟိန္ဒူ ရသေ့ ယောဂီများနှင့် ဘုရားဖူးတို့သည် ပါးစပ်က အဆက်မပြတ် ဆုတောင်းစာများ ရွတ်ဆိုရင်း လှည်းဘီးရှေ့ကနေ၍ မြေပေါ်လှဲချပြီး လှည်းနင်း၍ အသေခံကြလေသည်။ အချို့လည်း ဝင်ရိုးတိုင်တစ်ခုပေါ်တွင် ရဟတ်ကဲ့သို့ လည်နေသော ဘီးကြီးတစ်ခု၌ တပ်ဆင်ထားသော ငါးမျှားချိတ်ကဲ့သို့ ချိတ်ကြီးများရှိရာသို့ မိမိကျောပြင်ကို ချိတ်မစေပြီး ချာလပတ်လည်ကာ သူတို့၏ ခန္ဓာကိုယ်မှ လွင့်စဉ်လာသော သွေးများနှင့် ဘုရားဖူးလာသော ပရိသတ်တို့ကို စွတ်စိုပေကျံစေလျက် လမ်းပေါ်သို့ ဘုန်းဘုန်းလဲကာ အသက်ပျောက် ရှာကြလေသည်။

ထို့ပြင် ဟီဂျလီမြို့နှင့် မျက်နှာချင်းဆိုင် တည်ရှိသော ဆောဂါး Saugar ကျွန်း၌ တွေ့မြင်ခဲ့ရသော ဟိန္ဒူဘုရားပွဲတစ်ခုမှာလည်း အတော်ပင် ထူးဆန်းလှသည်။ တစ်ချိန်တုန်းက ဆိုလျှင် ဆောဂါးကျွန်း၌

ဟိန္ဒူနတ်ကွန်းများ ဖွေးဖွေးလှုပ်လျက် ရှိခဲ့သည်။ သို့ရာတွင် မကြာခဏဆိုသလို ဒီယင်းဂါးမြို့က ပေါ်တူဂီ ပင်လယ်ဓါးပြများ လာရောက် တိုက်ခိုက် လုယက်ကာ၊ လူများကို ဖမ်းဆီး ခေါ်ဆောင်သွားပြီး ကျေးကျွန်အဖြစ် ရောင်းချလေ့ရှိသဖြင့် မန်ရစ် ရောက်သွားသောအချိန်၌ လူသူ ကင်းဆိတ်လျက် နတ်ကွန်းများလည်း ပျက်စီးယိုယွင်းနေကြလေပြီ။ သို့ဖြင့် ပွဲတော်ချိန် ကျရောက်မှသာ ရပ်ဝေးကာ ဘုရားဖူးများ၊ ပရိသတ်များ စုဝေး ရောက်ရှိ လာကြပြီး ထုံးထမ်းစဉ်လာအတိုင်း ပွဲတော် ရောက်သည့် အခါမှသာ လူစည်ကားတော့သည်။ ထိုအခါတွင်မူ ပင်လယ် ဓားပြတို့၏ အန္တရာယ်ကို သူတို့ မစိုးရိမ်ကြတော့ချေ။ မိမိတို့ အယူဝါဒ၌ လွန်ကျွံစွာ အယူသီးလျက် ပွဲတော်ရက်တွင် အသက်ကိုပင် စွန့်ဝံ့နေကြရကား ပင်လယ်ဓါးပြတို့ ရန်ကို ထိုအချိန်၌ စိုးရွံ့ကြောက်လန့်ရမှန်း မသိတော့ချေ။

ဘုရားဖူးတို့သည် ပျက်စီးယိုယွင်းနေသော ဟိန္ဒူနတ်ကွန်းများသို့ ရောက်လာသောအခါ ရှေးဦးပထမ မိမိတို့၏ ဆံပင်မုတ်ဆိတ် စသည်တို့ကို ရိတ်ဖြတ် သုတ်သင်ကြကုန်၏။ ထို့နောက် နတ်ကွန်းထဲက ရေကန်၌ ရေမိုးသန့်စင်ကြပြီး တစ်ကိုယ်လုံး ဆီနှင့် လိမ်းသုတ် ပွတ်နယ်ကြသည်။ ယင်းသို့ ကိုယ်လက် သန့်စင်ကြပြီးနောက် ယောက်ျားရော မိန်းမပါ ဟိန္ဒူ နတ်ရုပ်ထားသော အခန်းတွင်းသို့ ဝင်ရောက်ကြပြီး မလင်းတလင်း မီးရောင်အောက်တွင် နတ်ကွန်း ယဇ်ပလ္လင် ခြေရင်း၌ နေရာယူကြလေသည်။ ထိုအချိန်၌ မွှေးကြိုင်သော ပန်းရနံ့များသည် လည်းကောင်း၊ နဲ့သံ၊ ပလွေသံ၊ ဗုံသံ၊ မောင်းသံ၊ ခရုသင်းသံမှစ၍ တီးမှုတ်မျိုး ငါးပါးတို့၏ အသံများသည်လည်းကောင်း မိုးမွှန်အောင် လွှမ်းမိုး သွားလေတော့သည်။

သူတို့မှာလည်း စုန်းပယောဂ ပူးကပ်နေဘိသကဲ့သို့ မိမိတို့ ခန္ဓာကိုယ်ကို ဘုရားသို့ လှူဒါန်း ဆက်သကာ ယခုပင် ဘုရားသခင်က ခေါ်ဆောင် သွားတော့မတတ် မိမိတို့ စိတ်အာရုံကို ကောင်းကင်ဘုံသို့ ပို့ထား လိုက်ကြတော့သည်။ နဖူးကို မြေတွင်ကပ်လျက် မိမိတို့ အသက်ကို ဘုရားသခင်အား ဆက်သ လှူဒါန်းရာ၌ ဘုရားသခင်က ကြည်ဖြူစွာ လက်ခံသင့်ပါမည့် အကြောင်း မျက်ရည်အသွယ်သွယ် ကျဆင်းအောင် ငိုယို တောင်းပန် နေကြကုန်၏။ နောက်ဆုံး၌ ဘုရားသခင်က မိမိကို လက်ခံပြီဟု မိမိ အာရုံထဲတွင် ထင်မြင်လာပြီးနောက် ဝမ်းမြောက်ဝမ်းသာ နေရာမှထလျက် သောင်ပြင်ထဲသို့ ပြေးဆင်း သွားလေတော့သည်။

သောင်စပ်ရှိ ပင်လယ်ရေထဲတွင်မူ ငါးမန်းကြီးငယ်တို့က အဆင်သင့် စောင့်မျှော်လျက် ရှိကြသည်။ အဆိုပါ မိန်းမယောက်ျားတို့ကား ငါးမန်းတို့၏ ဘေးရန်ကို ပဓာန မထားဘဲ ရေထဲသို့ ရဲရဲဝံ့ဝံ့ ဆင်း၍ ရေနက်သည့် ဘက်သို့ တောက်လျှောက်သာ သွားနေ ကြလေသည်။ ထိုအခါ ငါးမန်းတို့သည် ထိုလူအုပ်ကြီးအကြားမှ ဘွားခနဲ ရေပေါ်သို့ ပေါ်ထွက်လာပြီး တွေ့ရာလူကို ဖမ်းယူ စားသောက်လေတော့၏။ ထို့ကြောင့် မန်ရစ်က "သူတို့မှာ စားနေကျ ဖြစ်၍ လူသား၏ အရသာကို သိနေကြသည့်အတိုင်း အာသာငမ်းငမ်း စားလိုစိတ် ပြင်းထန်နေကြပြီးလျှင် လူရိပ်ကို မြင်ရုံနှင့် တစ်ခါတည်း မြောက်ခုန်၍ ဟပ်ကြတော့သည်"ဟု ဖော်ပြထားပေသည်။

ဤမြင်ကွင်းမှာ အလွန်တရာ အသည်းထိတ်စရာ ကောင်းလှသည်။ သို့ရာတွင် တစ်ခါတလေ တော့လည်း ဘာမှကြောက်စရာ မကောင်းသကဲ့သို့ ရှိပြန်သည်။ ပွဲတော် ပြီးခါနီးလာသောအခါ ငါးမန်းတို့မှာ ဝလင်နေကြပြီဖြစ်၍ ကမ်းစပ်တွင် စောင့်မျှော်နေခြင်း မရှိတော့ဘဲ ရေထဲ၌ ဟိုမှဒီမှ ပျင်းရိဖွယ်ရာ ကူးသန်း သွားလာနေကြတော့သည်။ စားပါစေတော့ဟု လူကိုင်တိုင် အနီးသို့ အတင်းကပ်သွားသည်ကိုပင် နှာခေါင်းနှင့် ထိုး၍ တွန်းဖယ်ပစ်ကြတော့သည်။ ယင်းသို့ ငါးမန်းများက မကိုက်မစား တွန်းဖယ်ခြင်း ခံရသည့်အခါ သူတို့ကို

myanmar teashop www.mmteashop.com

ဘုရားသခင်က ငြင်းပယ်သည်ဟု ယူဆကာ ဝမ်းနည်းကြေကွဲစွာ ငိုယိုလျက် ရေထဲက တက်လာကြတော့၏။ သူတို့ကို ဘုရားသခင်က ငြင်းပယ်လိုက်သည် ဆိုတော့ သူတို့ ဘယ်ကိုသွားသွား အားကိုးစရာ ရနိုင်ပါတော့မည်လော။ ဘာကိုလုပ်လုပ် ဖြစ်နိုင်ပါတော့မည်လော။ သူတို့အဖို့ လောကအတွင်း၌ အချည်းနှီး အထီးကျန်လျက် ရှိနေပြီတကား။ တွယ်တာစရာ ငဲ့ညှာစရာဟူ၍လည်း ဘာဆိုဘာမှ မရှိတော့ပြီ။ သို့ဖြစ်လျှင် သူတို့၏ ရှေ့၌ ကြောက်စရာဟူ၍ ဘာမှ မရှိတော့ပြီ မဟုတ်ပါလော။

ယင်းသို့သော မြင်ကွင်းကို မည်ကဲ့သို့ ထင်မြင်ချက် ပေးကြပါမည်နည်း။ မန်ရစ်ကတော့ အဲဒါကို အစာကျွေးတဲ့ ဝါဒဟူ၍ သမုတ်လိုက်ပေသည်။ အမှန်စင်စစ်တော့လည်း ဒီလိုပဲ ခေါ်သင့်ပါသည်။ သို့သော် ကျွန်ုပ်တို့အဖို့ရာတွင် ဘာမှ အဓိပ္ပါယ်မရှိတဲ့ အလုပ်ဟူ၍ လည်းကောင်း၊ ဘာကို ရည်မှန်း၍ လုပ်သည်ဟူ၍လည်း မတွေးတတ်ကြပါ။ အကြောင်းအကျိုး မလုံလောက်သော ပြုမူချက်များဟူ၍သာ နားလည်ရတော့သည်။ ယင်းသို့ လုပ်ခြင်းအားဖြင့် အကုသိုလ်ကံကို တမင်ခေါ်ယူသည်ဟူ၍လည်း ဆိုနိုင်ပါသည်။ ငိုကြွေးနေသော ထိုဘုရားဖူးတို့၌ တကယ်ပင် အကုသိုလ် ဝင်နေသလော၊ မန်ရစ်၏ အာဘော်အရအဆိုလျှင် ဟုတ်မှန်ပေသည်။ တကယ်ပင် အကုသိုလ် ဝင်နေကြပါသည်။ သူတို့ ခေါ်ယူတဲ့ အကုသိုလ်က သူတို့ကို နိပ်စက်နေခြင်း မဟုတ်ပါလော။ အချို့ စိတ်ပညာရှင်တို့သည် ဟိန္ဒူဘာသာဝင်တို့၏ ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်းမျိုးကား ရူးနှမ်းသော အလုပ်သာဖြစ်သည်ဟု ထင်မြင်ချက် ပေးကြပေလိမ့်သည်။ ဤသို့သော အလုပ်မျိုးကို တစ်ခေတ်တွင် အမည်တစ်မျိုးတစ်မျိုး ပြောင်းလဲခေါ်တွင် စေကာမူလည်း အကုသိုလ်မှာ အကုသိုလ်သာ ဖြစ်ပါသည်။ အလွန်ဆုံး ကင်ပွန်းတပ်ပေးနိုင်သော အမည်မှာ "အစာကျွေးခြင်း" ဟူ၍သာ ခေါ်ဆိုနိုင်ပါတော့သည်။ ထိုကဲ့သို့သော လူမျိုးများကို မည်သည့်ဆေးနှင့် ကုစား၍ ရပါအံ့နည်း။ ကျပ်ပြည့်၍ ကျိုးကြောင်း ဆင်ခြင်တုံတရား ရှိသူတို့ကမူ ထိုလူများသည် အလွန်အမင်း သောကမီး တောက်လောက်နေသောကြောင့် လုပ်မိလုပ်ရာ အမှားမှားအယွင်းယွင်း လုပ်ကြခြင်းသာ ဖြစ်သည်ဟု ဆုံးဖြတ်ကြလေသည်။

ဤနေရာတွင် ခရစ်ယာန်လည်း မဟုတ်၊ ဥရောပတိုက်သားလည်း မဟုတ်သော အခြားခရီးသည် တစ်ဦး၏ ထင်မြင်ချက်ကို ဖော်ပြလိုပေသည်။ ခရစ် (၇) ရာစုနှစ်အတွင်းက တရုတ်ရဟန်းတော် ဟီယွန်ဆင်သည် ယခု အလ္လဟာဗဒ်မြို့နယ်ဖြစ်သော ကောသမ္ဗီပြည် Ka-wsambသို့ ရောက်ခဲ့လေသည်။ ကောသမ္ဗီမြို့တော်မှာ ထိုအခါက ဂင်္ဂါမြစ်နှင့် ယမုံနာမြစ်တို့ ဆုံရာအရပ်တွင် တည်ရှိ၍ ဟိန္ဒူဘာသာ၏ အချက်အချာ ဖြစ်သော မြို့တော်ကြီး ဖြစ်ပေသည်။ ဟီယွန်ဆင်သည် နာလန္ဒတက္ကသိုလ်၌ ဗုဒ္ဓစာပေကျမ်းဂန်များကို သင်ယူနေစဉ် တစ်နေ့သောအခါ ကောသမ္ဗီမြို့သို့ ဘုရားဖူးရန် ရောက်ရှိသွားလေ၏။ ဗုဒ္ဓဝါဒသည် ထိုအခါက အိန္ဒိယတွင် အရှိန်လျော့စ ပြုလာသည့်အတိုင်း ကောသမ္ဗီကလည်း ဟိန္ဒူတို့အတွက် အထွတ်အမြတ်ပြုရာ ဌာနအဖြစ် တိုးတက်စ ပြုနေလေသည်။ သူသည် မန်ရစ်တွေ့ကြုံခဲ့ရသလို ဟိန္ဒူဘာသာဝင်တို့၏ ထူးဆန်းသော အလေ့အထများကို မျက်မြင်ကိုယ်တွေ့ သိမှတ်ခဲ့ရသဖြင့် အောက်ပါအတိုင်း ရေးသားထားခဲ့ပေသည်။

"မြစ်ထဲ၌ Sacred River Poles ခေါ် ကမ္ဗဌာန်းတိုင်များကို စိုက်ထူပြီး တိုင်ထိပ်အနီး၌ ငုတ်တစ်ခု ရိုက်ထားလေသည်။ ဘုရား၊ တရား ကြည်ညိုသူတို့သည် နံနက် အရုဏ်တက်ချိန်တွင် ထိုတိုင်များပေါ်သို့ ချောတိုင်တက်သကဲ့သို့ ပေါင်တံထိုး၍ တက်သွားကြပြီးလျှင် ခြေတစ်ချောင်းက ငုတ်တွင် နင်း၍ လက်တစ်ဖက်က တိုင်ထိပ်ကို ကိုင်လျက် အခြားသော လက်တစ်ဖက်နှင့် ခြေတစ်ဖက်ကို နံဘေးသို့

myanmar teashop www.mmteashop.com

ဆန့်ထုတ်ကာ နေထွက်က နေဝင်အထိ မျက်နှာက နေသွားရာဘက်ကို လိုက်၍ ကြည့်နေရပြီး နေဝင်မှ တိုင်ပေါ်ကဆင်း၍ အစားအစာ စားသောက်နေကြရလေသည်။ နောက်နေ့နံနက် အရုဏ်တက်ပြန်သော်လည်း ရှေ့နည်းအတိုင်း ဆက်၍ လုပ်ကြပြန်လေသည်" (ဤသည်ကား နေကသိုဏ်း ရှုသော သမထ လုပ်ငန်းတစ်မျိုး ဖြစ်ပေလိမ့်မည်။ ဘာသာပြန်သူ)

ဟိန္ဒူဘာသာဝင်တို့သည် ယင်းသို့ ခဲခဲယဉ်းယဉ်း တရားကျင့်မှ ထာဝရ ဘုရားသခင်က ပို၍ ကြိုက်နှစ်သက်သည်ဟု ယုံကြည်ကြသည်။ ဟီယွန်ဆင်၏ စိတ်၌ ယင်းသို့သော အပြုအမူမှာ ရှုံးနိမ်းသော အလုပ်၊ အချည်းနှီး အားအင်ကုန်ခန်းစေပြီး ဘာမှ အဓိပ္ပာယ် မရှိဟု ထင်မှတ်လေသည်။ သို့ရာတွင် တရားကျင့်သူအချို့မှာ နှစ်ပေါင်း (၅၀) ကြာအောင် နေ့စဉ်နေ့တိုင်း ဝတ်မပျက် ကျင့်ကြသည်ဟု ဖော်ပြခဲ့ပေ၏။ ထိုမှတစ်ပါး မိမိကိုယ်ကို ငါးမန်းစာကျွေးသော ကုသိုလ်ကောင်းမှုမျိုးထက် ပိုမိုထူးဆန်းသော ဖြစ်ရပ်တစ်ခုကိုလည်း သေမင်းသစ်ပင် Tree of Death ဟူ၍ ခေါင်းစဉ်တပ်၍ မှတ်တမ်းတင်ထားခဲ့သေးသည်။

အဆိုပါ ကောသမ္ဗီမြို့တော်မှာပင် လူပေါင်းများစွာ သွားရောက် ပူဇော်လေ့ရှိသော ဟိန္ဒူနတ်ကွန်းကြီး တစ်ခု ရှိလေသည်။ ထိုနတ်ကွန်းသို့ ဘုရားပူဇော်ရန် သွားသူတို့သည် နတ်ကွန်းထဲသို့ရောက်လျှင် ပြန်ထွက် မလာကြတော့ချေ။ နတ်ကွန်း၏ ပရိဝုဏ်အတွင်း အဆောက်အအုံ၏ ရှေ့မျက်နှာစာတွင် သစ်ပင်ကြီးတစ်ပင် ရှိလေသည်။ ထိုသစ်ပင်ကြီး၏ ဝဲယာနှစ်ဖက်၌ လူရိုးများ စုပုံလျက် ရှိလေသည်။ နတ်ပူဇော်ရန် လာသူတို့သည် ထိုသစ်ပင်ကြီးပေါ်သို့ တက်၍ ဆုတောင်း ပတ္ထနာပြုပြီး သစ်ပင်ပေါ်က ခုန်ချကာ မိမိကိုယ်ကို မိမိ အဆုံးစီရင်သွားကြလေသည်။ ယင်းသို့ မပြုလုပ်ခင်းမှာ ထိုနေရာကဲ့သို့ ထူးခြားမြင့်မြတ်သော မြေပြင်ပေါ်၌ အေးမြချမ်းသာသော ထာဝရ ဘုရားသခင်၏ နေရာဘုံဗိမာန်သို့ ရောက်ကြရသည်ဟု ယူဆကြသောကြောင့် ဖြစ်သည်။

ထိုနေရာသို့ ဟီယွန်ဆင် ရောက်သွားသောအခါ ထိုအယူသီးမှုကို လူသိရှင်ကြား ပြောဟော ဖော်ပြလိုသော ဗြာဟ္မဏ အဘိဓမ္မဆရာကြီး တစ်ဦးနှင့် ကြုံတွေ့ခဲ့ရသည်။ ထိုဗြာဟ္မဏဆရာကြီးသည် ဘာကြောင့် ဤသို့လုပ်ရန် ဆန္ဒရှိနေသည်ကို မသိရသော်လည်း သူသည် ခေတ်ပြင်သမားတစ်ဦးသော် လည်းကောင်း၊ လူမှုရေးကိုသာ အဓိက ထားသူသော် လည်းကောင်း၊ ဝါဒဖြန့်လိုသူသော် လည်းကောင်း ဖြစ်ရမည်။ သို့သော် သူသည် မျိုးမြတ်သည်ဟုဆိုသော ဗြာဟ္မဏမျိုးမှ ဆင်းသက်လာသော အဘိဓမ္မ ဆရာတစ်ဦး ဖြစ်မည်မှာ သံသယဖြစ်ဖွယ် မရှိချေ။

သူသည် နတ်ကွန်းပရိဝုဏ်အတွင်းသို့ အဖော်များ ခြံရံ၍ ဝင်လာခဲ့လေသည်။ ထိုနတ်ကွန်းတာဝန်ခံ ဟိန္ဒူဘုန်းကြီးတစ်ပါးသည် သူ့ကို ခရီးဦးကြိုပြုကာ ထိုသစ်ပင်၏ ခြေရင်းသို့ ပို့ဆောင်ပေးလေသည်။ ထို့နောက် ဦးခေါင်းမှ ဆံပင်များကို ရိတ်ပြီး နဖူး၌ ဆေးရည်များဖြင့် မှန်ကူသုတ်လိမ်းပေးကြသည်။ ထို့နောက် မိမိဘာသာ ဆုတောင်းပတ္ထနာ သစ္စာဓိဋ္ဌာန်းပြုသည်ကို ပြီးအောင် စောင့်နေကြသည်။

ထို့နောက် ထိုဗြာဟ္မဏ အဘိဓမ္မဆရာကြီးသည် အခြားဘုရားဖူး ပရိသတ်တို့အား မိန့်ခွန်းစကား အနည်းငယ် ပြောကြားလေတော့၏။ ထိုအချိန်၌ ရသေ့ယောဂီများ ဆာဒူးများ၊ ဘုရားဖူးများ၊ သူတောင်းစားများနှင့် ထိုသစ်ပင်၌ နတ်တွေရှိသည်ဟု ယုံကြည်နေသူများ ပြည့်နှက်နေလေတော့သည်။ လူများသည် ထိုသစ်ပင်က နတ်များ စကားပြောသံကြားလျှင် သစ်ပင်ပေါ်တက်သူသည် မြေသို့ခုန်ချပြီး

သတ်သေရလေသည်။ ထိုအခါ ထိုနတ်တွေက ၎င်း၏ ဝိညာဉ်ကို ကောင်းကင်ဘုံသို့ ယူဆောင်သွားကြတော့၏ဟု ယုံကြည်နေကြကုန်၏။

ထိုပြာဟ္မဏကြီးသည် လူများ ဝိုင်းအုံလာသောအခါ သူသည် နတ်များကို မယုံကြည်ဖို့ စတင်ပြောဟောလေတော့သည်။ နတ်များသည် လူကို ကောင်းကျိုးမပေး၊ လူတွေကို သေကုန်အောင် လိမ်လည်သွေးဆောင်နေကြကြောင်း စသည်ဖြင့် အပြစ်များကို အမျိုးမျိုး ဖော်ထုတ်ပြောပြနေစဉ် အသံ တဖြည်းဖြည်း တုန်လာပြီး ပြောနေသော စကားလုံးများ မပီမသ ဖြစ်လာကာ ဝူးဝူးဝါးဝါးနှင့် တစ်ကိုယ်လုံး တုန်ယင်လာလေတော့သည်။ ထိုအခါ သူ၏ အဖော်များက သူ့ကို ပရိဝုဏ်ပြင်ဘက်သို့ ခေါ်ထုတ်သွားရန် ကြိုးစားကြသည်။ ဘုန်းကြီးများနှင့် ဘုရားဖူးတို့လည်း တိတ်ဆိတ် ငြိမ်သက်စွာ စောင့်ကြည့်နေကြလေသည်။

သို့သော် အဘိဓမ္မကြီးသည် အဖော်များလက်ထဲမှ ရုတ်တရက် ရုန်းထွက်ကာ လျင်မြန်စွာပြေး၍ သစ်ပင်ပေါ်သို့ ထိပ်ဖျားအထိ တက်သွားလေတော့၏။ သစ်ပင်ထိပ်ဖျားသို့ရောက်လျှင် သူသည် အောက်က ကြည့်နေသော လူအုပ်ကြီးဆီသို့ "နတ်တွေပြောတဲ့ စကားကို ကျွန်ုပ် ကြားရတယ်။ တီးမှုတ်သံတွေကိုလည်း ကျွန်ုပ်ကြားရတယ်။ သူတို့ ကျွန်ုပ်ကို နတ်ပြည်သို့ ခေါ်နေကြပြီ။ သူတို့ ကျွန်ုပ်အနီးတွင် ရစ်ဝဲနေကြပြီ။ စောစောက ကျွန်ုပ်ပြောခဲ့တဲ့ စကားတွေဟာ မမှန်ဘူး။ လိမ်ပြောတာ ယခု နတ်တွေ ဒီမှာ ရောက်နေကြပြီ၊ ကျွန်ုပ် ရာဇဝတ်ပြန်မှု ဖြစ်စေမည့် ယုံတမ်းစကားကို ပြောနေခြင်း မဟုတ်။ ဤသစ်ပင်ကြီးဟာ ကောင်းကင်ဘုံ၏ တံခါးဝမှာ ရှိနေတာ အမှန်ပဲ။ မည်သူမဆို ဒီနေရာရောက်ရင် ကောင်းကင်ဘုံကို ဝင်သွားရုံ ရှိတော့တယ်။ အို နတ်တစ်ယောက် ကျွန်ုပ်ကို တီးတိုးစကား လာပြောနေပြန်ပြီ။ သူပြောတာက လူ့ကိုယ်တွင်းမှာ ဝိညာဉ် သန့်ရှင်းပျော်ရွှင်ရေးတွေအကြောင်း လာပြောနေတယ်။ ဘဝကို ကယ်တင်ရေးတွေ လာပြောနေတယ်"

သူသည် ဤသို့ ကယောင်ချောက်ချား တောင်စဉ်ရေမရ စကားတွေ လျှောက်ပြောနေပေသည်။ ရသေ့ယောဂီများ၊ ဆာဒူးများ၊ ဘုရားဖူးများနှင့် သူတောင်းစားတို့လည်း အသီးသီး မြေတွင် ဖင်ချထိုင်ပြီး မျက်နှာကို သစ်ပင်ပေါ်မော့၍ သူပြောသမျှ ယုံကြည်ကာ စောင့်ကြည့်နေကြလေသည်။ သို့သော် ထိုပြာဟ္မဏ၏ အဖော်တို့သည် မိမိတို့၏ အပေါ်ဝတ် အင်္ကျီများကို ချွတ်ပြီး မြေတွင် စုပုံပေးကြသည်။ ထိုသူလည်း အဝတ်ပုံပေါ်သို့ ခုန်ချလိုက်တော့သည်။ တစ်စုံတစ်ရာ ထိခိုက်နာကျင်ခြင်း မရှိ။ အကောင်း ပကတိပင် ဖြစ်နေတော့သည်။

ဤနေရာတွင် ထိုထူးဆန်းသော ဖြစ်ရပ်အပေါ်၌ ဟီယွန်ဆင်၏ သဘောထားပုံနှင့် ငါးမန်းစားကျွေးသော မြင်ကွင်းပေါ်၌ ဟီယွန်ဆင်၏ သဘောထားပုံနှင့် ငါးမန်းစားကျွေးသော မြင်ကွင်းပေါ် မန်ရစ်၏ သဘောထားပုံတို့မှာ သိပ်မကွာလှပေ။ ၎င်းတို့နှစ်ဦးလုံးပင် နတ်မိစ္ဆာ ကိုးကွယ် ယုံကြည်မှုကို မနှစ်သက်ကြချေ။

❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖

## အခန်း (၆)

## ဒီယင်းဂါးမြို့ ကျွန်ကုန်ကူးသူများ

ဟူးဂလီမြို့ရှိ ခရစ်ယာန် သာသနာပြုကျောင်းတိုက်သည် ဘင်္ဂလားပြည်၌ မားမားမတ်မတ် တောက်ပြောင်စွာ ရပ်တည်လျက် ရှိပေသည်ဟု မန်ရစ်၏ မှတ်တမ်းတွင် တွေ့ရပေသည်။ သူသည် ဟူးဂလီမြို့သို့ (၁၆၂၈) ခုနှစ်၊ ဇွန်လတွင် ရောက်ရှိခဲ့၍ ယခုဆိုလျှင် တစ်နှစ်နှင့် သုံးလတိတိ ရှိနေလေပြီ။ သူသည် ရပ်သစ်ရွာသစ်၌ နေရသည်မှာ အနည်းမျှ မထိုင်သေး။ ကျောင်းအုပ် ဘုန်းတော်ကြီးက သူ့ကို ဒီယင်းဂါးမြို့ရှိ ဘုန်းကြီးဒိမင်ဂို ပြူရီဖီကာရှိနေရာသို့ လူစားထိုး၍ သွားရောက် တာဝန်ယူရန် အမိန့်ချလိုက်လေသည်။

ဒီယင်းဂါးမြို့သည် ယခုအခါ အရှေ့ပါကစ္စတန် ပြည်ထဲ၌ ပါဝင်လေသည်။ သို့ရာတွင် ထိုအခါကမူကား ရခိုင်ပြည်နယ်၏ လက်အောက်ခံ ဘုရင်ခံချုပ်တစ်ပါး စီရင် အုပ်ချုပ်ရသော အနောက်မြောက်ဘက် နယ်စပ်မြို့ တစ်မြို့ ဖြစ်သည်။ စစ်တကောင်းမြို့မှာ ရခိုင် ကာနာဖူလီ မြစ်ကမ်းပေါ်၌ တည်ရှိသည်။ ဒီယင်းဂါးမြို့ကား စစ်တကောင်း၏ မျက်နှာချင်းဆိုင် မြစ်ကမ်း နဖူး၌ တည်ရှိလေသည်။

ရခိုင်ပြည်နယ်သည် ထိုအခါ မြန်မာတို့နှင့် တစ်နွယ်တည်းဖြစ်သော မွန်ဂိုလီယံအနွယ် ဗုဒ္ဓဘာသာဝင် ဘုရင်များ အုပ်စိုးသော တိုင်းပြည်ဖြစ်သည်။ ရခိုင်မင်းတို့သည် ဟိန္ဒူတို့ ပိုင်သော စစ်တကောင်းမြို့ကို လွန်ခဲ့သော နှစ်ပေါင်း တစ်ရာလောက်ကပင် သိမ်းယူ အုပ်စိုး လာခဲ့ကြပြီး တောင်ဘက်တွင်လည်း မြန်မာဘုရင်များ၏ ပိုင်နက် နယ်စပ်အထိ ပင်လယ်ကမ်း တစ်လျှောက်ကို မိုင်ခြောက်ရာခန့်အထိ စိုးပိုင်ခဲ့ကြလေသည်။

မန်ရစ်သည် ဟူးဂလီမြို့ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ပေါ်တူဂီ ရွက်လှေကြီးဖြင့် (၁၆၂၉) ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်နေ့တွင် ဒီယင်းဂါးသို့ ထွက်ခွာခဲ့လေသည်။ ထိုရွက်လှေကြီးမှာ ဒီယင်းဂါးမြို့မှ ဟူးဂလီမြို့သို့ ကုန်ရောင်းရန် ရောက်လာသော လှေကြီး ဖြစ်သည်။ ရောင်းကုန်တို့မှာလည်း ကျေးကျွန်များသာ ဖြစ်ပေလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် ဒီယင်းဂါးမြို့ရှိ ပေါ်တူဂီတို့သည် ဘင်္ဂလား ပင်လယ်အော် တစ်ဝိုက်ရှိ မြစ်ဝကျွန်းပေါ် ဒေသများက လူများကို ဖမ်းဆီးကြပြီးလျှင် ရခိုင်ပြည်နယ်သို့ လည်းကောင်း၊ ဟူးဂလီမြို့သို့ လည်းကောင်း သွားရောက် ရောင်းချလေ့ ရှိကြသောကြောင့်တည်း။ ဤ အကြောင်းကို အထက်တွင်လည်း ဆောဂါးကျွန်း အကြောင်း၌ ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။

myanmar teashop
www.mmteashop.com

ဒီယင်းဂါးမြို့သည် စင်စစ်အားဖြင့် ရခိုင်ဘုရင်က ပေါ်တူဂီတို့အား ဆိပ်ကမ်းမြို့အဖြစ် အသုံးချရန် ခေတ္တ ငှားရမ်း ထားသော မြို့ဖြစ်သည်။ သို့သော်လည်း အရောင်းအဝယ် မကောင်း၍ ရပ်ထားသည်မှာ ကြာလေပြီ။ ထိုမြို့၏ ရာဇဝင်ကို ဤနေရာ၌ ဖော်ပြရန် မလို သေးပေ။ ဆိုလိုရင်းကား ယခင်က ကုန်သည် လုပ်စားသော ပေါ်တူဂီတို့မှာ ယခုအခါ ပင်လယ် ဓါးပြများ ဖြစ်လာကြပြီးလျှင် ရခိုင်လူမျိုးကိုပင် တစ်နေ့သော အခါ၌ အကြီးအကျယ် ဒုက္ခ ပေးကြပေလိမ့်မည်။ ၎င်းတို့ကို စောစောကကြို၍ လက်နက် အင်အားနှင့် နှိမ်နင်းကာ အားနည်းသွားအောင် လုပ်ပစ်သင့်သည်။ သို့ရာတွင် ရခိုင် ဘုရင်သည် သူတို့၏ အင်အားကို ဖြိုခွင်း မပစ်သည့်ပြင် မိမိ၏ အနောက်မြောက်ဘက် နယ်စပ်ဒေသ ကာကွယ်ရေးအတွက် မိမိ အမှုတော်ကို ထမ်းရွက် စေခဲ့လေသည်။ ကျွန် အလို့ငှာ အနောက်ဘက် အရပ်များသို့ သွားရောက် တိုက်ခိုက်၍ လုယက်ခြင်း၊ လူများ ဖမ်းဆီးခြင်း စသော ဒုစရိုက်မှုများကိုပင် အားပေးအားမြှောက် ပြုထားလေသည်။ အဘယ်ကြောင့် ဆိုသော် အရှေ့ဘက်သို့ တရွေ့ရွေ့ တိုးချဲ့လာသော မဂိုဘုရင်၏ အင်အားကို နေ့စဉ်နှင့် အမျှ စိုးရိမ် နေရသောကြောင့် အာတားအဆီး ဖြစ်စေတော့ဟူသော သဘောဖြင့် ယင်းသို့ အားပေး နေရခြင်း ဖြစ်လေသည်။

မန်ရစ်သည် ဒီယင်းဂါးသို့ မည်သည့် ခရီးလမ်းကြောင့်မှ သွားရောက် ခဲ့ရသည်ကို ဖော်ပြ မထားပေ။ သို့ရာတွင် မှတ်သုန်ရာသီ လေပြင်းထန်ချိန်ဖြစ်၍ ဟူးဂလီမြစ်ဝ၌ ပင်လယ် ခရီးလမ်း ကြမ်းတမ်း နေပေလိမ့်မည်။ သို့ဖြစ်လျှင် သူတို့သည် မြစ်ဝကျွန်းပေါ်များ၏ အကြိုအကြားမှသာ သွားကြ ပေလိမ့်မည်။ အဖြောင့် ခရီးဆိုလျှင် မဝေးလှသော်လည်း မိုင် (၃၅၀) ဝေး၍ သီတင်း နှစ်ပတ်ခန့် သွားခဲ့ကြရသည်ဟု ဆိုထားသောကြောင့် ဂင်္ဂါမြစ်၏ အနောက် လက်တက်ဖြစ်သော ဟူးဂလီမှ ကျွန်းကြို ကျွန်းကြားတို့ကို ဖြတ်၍ အရှေ့ဘက် အစွန်ဆုံး ဖြစ်သော ဂင်္ဂါမြစ်မကြီး၊ ဗြဟ္မပုတ္တရမြစ်နှင့် မေဃနမြစ်တို့၏ အဝများရှိ ကျွန်းပေါင်းများစွာကို အကာအကွယ် ပြု၍ သွားခဲ့ရကြသည်မှာ ထင်ရှားပေသည်။

ဒီယင်းဂါးမြို့၌ တာဝန်ထမ်းဆောင်နေရသော ကျောင်းထိုင်ဘုန်းကြီး ဒိုမင်ဂိုသည် ဆိပ်ကမ်း၌ ဘုန်းကြီးတစ်ပါးပါသော လှေကြီးတစ်စင်း ဆိုက်ကပ်လာသည် ဟူသော သတင်းကို ကြားသည်နှင့် တစ်ပြိုင်နက် မည်သူမည်ဝါ ဖြစ်သည်။ မည်သည့် ဂိုဏ်းသား ဖြစ်သည်ကို မသိစေကာမူ မိမိနေရာသို့ လူစားလွှတ်သော ဘုန်းကြီးသာ ဖြစ်ရမည်ဟု တွေးဆ ဆင်ခြင် မိလေသည်။

"ကျွန်ုပ်မှာ သူနှင့် ဂိုဏ်းတူ ဩဂတ်စတင် ဘာသာဝင် ဖြစ်ကြောင်း သိရသောအခါ သူသည် ကျွန်ုပ်၏ လည်ပင်းကို ပြေး၍ဖက်ကာ အချိန် အတော်ကြာအောင် စကားမပြောနိုင်ဘဲ ကတုန်ကယင်နှင့် ရှိုက်၍ ငိုနေပါတော့သည်။ အတန်ကြာမှ ငါ့ညီ၊ ငါ၏ ချစ်လှစွာသော ညီငယ်၊ အစ်ကိုသည် ဘုန်းကြီး တစ်ပါးတလေမှ ဤမြို့၌ မမြင်ရသည်မှာ ခုနစ်နှစ် ကြာခဲ့ပါပြီ။ ယခုတော့ ငါ အလွန် တောင့်တခဲ့သော ဆန္ဒကို ဘုရားသခင်က ပေးလာခဲ့ပေပြီဟု ပြောလေတော့သည်"ဟု မန်ရစ်၏ မှတ်တမ်း၌ ဖော်ပြထားရာ အရှေ့ဖျား ဒေသ၌ အပေါင်းအသင်းမရှိ၊ တစ်ဦးတည်း အထီးကျန်၍ နှစ်ပေါင်းများစွာ နေထိုင်ရသူ တစ်ဦး၏ ဘဝကို ကိုယ်ချင်းစာနာ၍ တွေးဆကြည့်မည် ဆိုလျှင် ဘုန်းကြီး ဒိုဗင်ဂို၏ အခြေအနေကို ကွက်ကွက် ကွင်းကွင်း မြင်ရပေလိမ့်မည်။

တိုင်းရင်းသားတွေက လွှဲ၍ မိမိနှင့် စကားပြောဘက် မျိုးတူ လူပုဂ္ဂိုလ် တစ်ယောက်မျှ မရှိခဲ့။ ခုနစ်နှစ်ပတ်လုံး အပူပိုင်းဇုံ၌ နေရောင်ရသဖြင့် မကြာခဏ မကျန်းမမာ ဖြစ်ရခြင်း၊ အထူးသဖြင့် ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟတို့နှင့် နှစ်ရှည်လများ ကွေကွင်းနေရသော ဒုက္ခကြောင့် နေထိုင်မကောင်း

ဖြစ်ရခြင်း စသော ဒုက္ခတို့ကို ကြိတ်မှိတ်ခံစား လာခဲ့ ရသောကြောင့် ရင်ထဲ၌ အကျိတ်အခဲ တည်ခဲ့သော အပူလုံးတို့မှာ ယခုအခါ အရည်ပျော်၍ ရင်ထဲက ပွင့်ထွက် လာကြလေတော့၏။

သူသည် ချက်ချင်း မျက်နှာပြောင်းကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီး မန်ရစ်၏ ဝန်စည် စလယ်များကို စစ်ဆေးကြည့်ရှု၍ ဆိပ်ကမ်းနှင့် မနီးမဝေးရှိ မိမိနေအိမ်သို့ မန်ရစ်ကို ခေါ်ဆောင် သွားပြီးလျှင် အစိုးရ၏ ဥပဒေအတိုင်း မန်ရစ် ရောက်လာသည့် အကြောင်းကိုလည်း ရခိုင် ဘုရင်ခံချုပ်ထံသို့ အစီရင်ခံစာ ပို့လိုက်လေတော့သည်။ နောက်ဆုံး၌ ဒိုဗင်ဂိုလည်း ဟူးဂလီမြို့ ဂိုဏ်းအုပ်ထံမှ မန်ရစ် ယူလာခဲ့သော စာကို ဖွင့်၍ ဖတ်ရှုသော အခါ သာသနာပြု လုပ်ငန်းများကို လွှဲပြောင်း ပေးအပ်ပြီးသည်နှင့် တစ်ပြိုင်နက် ဂိုအာမြို့ရှိ ဩဂတ်စတင် သာသနာပြုဌာနချုပ်သို့ ဆေးကုရန် သွားခွင့် ပြုသော အမိန့်စာကို တွေ့ရ သောကြောင့် ထပ်မံ၍ ဝမ်းသာရပြန်လေသည်။

နောက်နေ့များတွင် မန်ရစ်သည် မိမိ ဆောင်ရွက်ရမည့် တာဝန်များကို လည်းကောင်း၊ အခြေအနေများ မည်သို့ မည်ပုံ လုပ်ရကိုင်ရမည်များကို လည်းကောင်း ဒိုဗင်ဂိုထံမှ နာခံ မှတ်သားကာ အချိန်ကုန် ခဲ့ရပေသည်။ ဒီယင်းဂါးနှင့် ပတ်ဝန်းကျင်ဒေသ၌ ပေါ်တူဂီလူမျိုး စစ်စစ်နှင့် ကပြားလူမျိုး (၇၅၀) ခန့် ရှိပေသည်။ ၎င်းတို့ကို ကပ္ပတိန်တစ်ဦးစီ၏ လက်အောက်၌ ကုမ္ပဏီတပ်ဖွဲ့များ ခွဲ၍ ဖွဲ့ပေးထားပြီး ရခိုင်ဘုရင်က နယ်ပယ်ကံကျွေးချ၍ ထောက်ပံ့ ထားလေသည်။ ရခိုင် လူမျိုးတို့သည် အိန္ဒိယပြည်ကို မဂိုဘုရင်များ လွှမ်းမိုး လာကတည်းက စ၍ နှစ်ပေါင်းများစွာ အခြေအနေကို စောင့်ကြည့် လာခဲ့ကြပြီး မဂို အင်ပါယာကို အခိုင်အမာ လုပ်မပစ်မီကပင် ထိုဒေသကို မိမိတို့ ပိုင်ထိုက်ကြောင်း တောင်းဆို ခဲ့ကြသည်။ သို့ရာတွင် မဂို ဘုရင်တို့သည် ဂေါလ်မြို့ရှိ မူဆလင်နန်းဆက်ကို (၁၅၇၆) ခုနှစ်တွင် ဖြုတ်ချပြီး ဘင်္ဂလားနယ် အနောက်ပိုင်းနှင့် အလယ်ပိုင်းကို သိမ်းပိုက် အုပ်ချုပ် လိုက်ကြ ပြန်သဖြင့် ရခိုင်တို့မှာ စစ်တကောင်းမြို့ တစ်ဝိုက်ကိုသာ ပိုင်ဆိုင်ခွင့် ရကြ ပေတော့သည်။ ထိုဒေသသည် စင်စစ်အားဖြင့် ရခိုင်ပြည်နယ်၏ ပိုင်နက် မဟုတ်နိုင်ချေ။ သို့ဖြစ်၍ တစ်နေ့တွင် ထိုဒေသကိုပါ မဂိုအင်ပါယာက မျိုသွားတော့မည်ဟု တထစ်ချ တွေးခေါ် မြော်မြင်ထားစရာ ရှိနေပေသည်။ ဤအကြောင်း သည်ပင်လျှင် ပေါ်တူဂီ တို့အား ရခိုင်ဘုရင်က ရာထူးဌာနန္တရ ပေး၍ လက်သပ်မွေးထားရခြင်း၏ အကြောင်းရင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော ပေါ်တူဂီတို့သည် တိုက်ရေးခိုက်ရေး၌ အစွမ်းသတ္တိ ရှိကြရုံမက သေနတ်၊ အမြောက်များနှင့် ခဲယမ်းမီးကျောက်တို့ကို ကိုင်တွယ်ရာ၌ အထူး ကျွမ်းကျင်လျက် ရေကြောင်းသွားလာရေး၌ မဂိုတို့ထက် အရည်အချင်းမှာ များစွာ သာလွန် သောကြောင့်တည်း။

ပေါ်တူဂီတို့သည် မန်ရစ်မရောက်မီ နှစ်ပေါင်း ငါးဆယ်ခန့်ကစ၍ ရခိုင်လူမျိုးတို့နှင့် တဖြည်းဖြည်း ရင်းနှီးလာခဲ့ကြသဖြင့် ရခိုင်ဘုရင်၏ မြို့တော်ဖြစ်သော မြောက်ဦးမြို့မှာပင် ပေါ်တူဂီ ကိုယ်ရံတော်တပ် တစ်တပ် အမှုထမ်းလျက် ရှိလေသည်။ အချို့မှာ မြင့်မားသော ရာထူးကြီးများပင် ထမ်းရွက်ခွင့် ရကြလေသည်။ ဥပမာအားဖြင့် ရခိုင်တို့သည် မြန်မာပြည်၊ ဟံသာဝတီ၊ ပဲခူးကို အကြိမ်ကြိမ်တိုက်၍ မြန်မာဘုရင်၏ ဆင်ဖြူတော်နှင့် မင်းမြှောက် တန်ဆာတို့ကို သိမ်းယူသွားစဉ်က ပေါ်တူဂီ စစ်ဗိုလ် ဖိလစ်ဒီဘရစ်တိုကို သန်လျင်မြို့၌ ဘုရင်ခံ အဖြစ် ခန့်ထားခြင်း ခံခဲ့ရသေးသည် မဟုတ်ပါလော။

ထိုဖြစ်ရပ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော အဖြစ်အပျက်များလည်း ရှိခဲ့ ဖူးလေသည်။ တစ်ချိန်က ဆိုလျှင် မန်ရစ် ဂိုအာမြို့၌ ရှိစဉ် အချိန်လောက်က ရခိုင်မင်းသား တစ်ပါးသည် အိန္ဒိယ ပြည်သို့ ထွက်ပြေးလာခဲ့ပြီး ဟူးဂလီမြို့၌ ဒွမ်းမာတင် အမည်နှင့် ခရစ်ယာန် ဘာသာသို့ ဝင်ခဲ့လေသည်။ ထို့နောက် ဂိုအာမြို့သို့ ရောက်၍ ဩဂတ်စတင် ကျောင်းတော်၌ နေထိုင်လေသည်။ အခြား ဖြစ်ရပ် တစ်ခုမှာမူလည်း ဒီယင်းဂါးမြို့သား ဂုံဆယ်လ်

myanmar ONLINE teashop
www.mmteashop.com

Gonsalves ဆိုသူ ပေါ်တူဂီ လူမျိုးတစ်ဦးသည် ပင်လယ်ဓါးပြ ဖြစ်သွားပြီး စစ်တကောင်းနှင့် မျက်နှာချင်းဆိုင်ရှိ ဆင်းဒွစ်ကျွန်းကို ရှင်ဘုရင်လုပ်၍ အုပ်စိုးခဲ့ရုံမက တစ်စတစ်စ အတင့် ရဲလာပြီးလျှင် (၁၆၁၆) ခုနှစ်တွင် ရခိုင်ပြည်နယ်ကိုပင် ဝင်ရောက် တိုက်ခိုက် ခဲ့ဖူးလေသည်။ အချုပ်အားဖြင့် ဆိုသော် ရခိုင်လူမျိုးများသည် ပေါ်တူဂီတို့နှင့် နှစ်ပေါင်း တစ်ရာလောက် ပေါင်းသင်း ဆက်ဆံ လာခဲ့ကြရာ၌ အကောင်းရော အဆိုးရော ဒွန်တွဲ၍ ခံခဲ့ ကြရပေသည်။ သို့သော် သူတို့ထံမှ သိပ္ပံပညာများကို ရရှိလိုက်၍ နောက်ဆုံး၌ အမြတ် ထွက်သင့် သလောက် ထွက်ခဲ့သဖြင့် (၁၆၂၉) ခုနှစ်လောက် ရောက်သောအခါ ပေါ်တူဂီ တို့ကို ကောင်းကောင်း အုပ်စိုး ချုပ်ကိုင် နိုင်ခဲ့လေတော့သည်။

ဒီယင်းဂါးမြို့က ပေါ်တူဂီတို့သည် ဂိုအာမြို့က ဘုရင်ခံချုပ်များကို မိမိတို့အပေါ် အမိန့်ဩဇာ ပေးနိုင်သူများဟူ၍ ဘယ်သောအခါကမှ အသိအမှတ် မပြုခဲ့ကြချေ။ ဖိလစ်ဒီဘရစ်တိုနှင့် တီဘာအိုဂုံဆယ်လ်လ်တို့ နှစ်ဦးလုံးကမူ ဂိုအာ ဘုရင်ချုပ်များကို မိမိတို့နှင့် တန်းတူရည်တူ ဆက်ဆံ လိုကြသည်။ ဖိလစ်ဒိုဘရစ်တိုကား ဆာလ်ဒါနားအမည်ရှိ ဂိုအာဘုရင်ခံချုပ်၏ တူမ ယူရေးရှင်းကပြား လွီစာဒီဆာလ်ဒါနားနှင့် လက်ထပ် ထိမ်းမြား ခဲ့ပေသေးသည်။ ဂုံဆယ်လ်သည်လည်း မြောက်ဦးမြို့ကို မိမိ တိုက်ခိုက်သောအခါ ဂိုအာဘုရင်ခံ အာဇီဗီဒိုအား မိမိနှင့်အတူ ပူးပေါင်း တိုက်ခိုက်ပါဟု အကြောင်းကြားခဲ့ဖူးသည်။ ယင်းအပြုအမူ တို့မှာ သူတို့၏ စိတ်နေ စိတ်ထားကို ထင်ရှားစွာ ပြလျက် ရှိပေတော့၏ ။

ယခုအခါ ဂိုအာမြို့ကို သူတို့ ဆက်သွယ်ကြရသည်ဟု ဩဂတ်စတင် သာသနာပြုဂိုဏ်းမှ တစ်ဆင့်သာ ဆက်သွယ် နေကြရသည်။ ရခိုင်ဘုရင်၏ အမြောက် တပ်သားများအဖြစ် တစ်ဖက်က အမှု ထမ်းနေကြပြီး၊ တစ်ဖက်မှ မဂိုအင်ပါယာထဲက လူများ၊ ခိုးဝှက် လုယက်ခြင်း ပြုလုပ် နေကြသည်ကို ဂိုအာ ဘုရင်ခံချုပ်များက အနည်းငယ်မျှ မနှစ်သက် ကြချေ။ အဘယ်ကြောင့် ဆိုသော် မိမိတို့ အစိုးရဝါဒမှာ မဂိုအင်ပါယာနှင့် မိတ်မပျက် ဆွေမပျက် အရှည် တည်တံ့စွာ ဆက်ဆံ လိုသောကြောင့် ဖြစ်သည်။ မိမိတို့အား ကျွန် ကုန်ကူး သူများဟု မဂိုဘုရင်၏ အထင်အမြင်ကို မခံလိုကြချေ။

ပေါ်တူဂီတို့ မည်သို့ တိုက်ခိုက် လုယက်ကြသည်ကို သရုပ်ဖော်၍ ရေးသားထားသော ရှိပ်အူဒင်တာလစ် အမည်ရှိ မဂိုလူမျိုး ရာဇဝင် ဆရာကြီးတစ်ဦး၏ စာအုပ်များတွင် "ပေါ်တူဂီနှင့် တိုင်းရင်းသားများ ပါဝင်သော ပင်လယ် ဓားပြတို့သည် ဘင်္ဂလားနယ်ထဲသို့ ဝင်ရောက် လုယက်ကြပြီးလျှင် ဟိန္ဒူနှင့် မူဆလင် လူမျိုးတို့ကို ဖမ်းဆီးကာ လက်ဖဝါးကို ဖောက်၍ ကြိမ်နွယ်နှင့် သီပြီး သင်္ဘောကုန်းပတ်၏ အောက်ဘက် မှောင်ခန်းတွင် ငါးပိသိပ်၊ ငါးချဉ်သိပ် ပြွတ်သိပ်နေအောင် ထည့်သွင်း ယူဆောင် သွားကြသည်။ နံနက်တိုင်း နံနက်တိုင်း အံဖုံး တံခါးကို ဖွင့်၍ ကြက်စာ ကျွေးသကဲ့သို့ ဆန်စေ့များကို အပေါ်က ကြဲပက် ပစ်ချ ပေးကြသည်။ ဂုဏ်သရေရှိ အမျိုးသား အမျိုးသမီးတို့မှာလည်း ကျေးကျွန် အဖြစ် သို့သော် လည်းကောင်း၊ အပျော်မယား အဖြစ်သို့ လည်းကောင်း၊ တစ်မုဟုတ်ချင်း ဘဝ ပြောင်းခံ ကြရတော့သည်။ စစ်တကောင်းမြို့မှ ဒက္ကာမြို့အထိ ကမ်းခြေ တစ်လျှောက်တွင် ကျေးရွာ မဆိုထားဘိ။ အိမ် တစ်ဆောင်မျှကိုပင် မမြင်ရတော့ချေ။ ဘင်္ဂလားနယ်ထဲ၌ သွားလာ နေသော သင်္ဘောများမှ သင်္ဘောသား တို့သည် မိမိတို့ဘက်က လက်နက်ကိုင် အင်အား တစ်ရာခန့် ရှိနေစေဦး၊ ပင်လယ်ဓါးပြ လေးယောက်ကို မြင်လျှင် တော်ပါသေး၏။ လွတ်အောင် ပြေးပေါက် ရှိသေး၍ ကံကောင်းသည်ဟု ယူဆကြရသည်" ဟူ၍ ထိုရာဇဝင်၌ ဖော်ပြ ထားလေသည်။

ဘုန်းကြီး ဒိုမင်ဂိုမှာ ထို လူဆိုး သူဆိုးများ ထဲမှာချည်း ခုနစ်နှစ်ပတ်လုံး နေထိုင်ခဲ့ရပေသည်။ သူ့မှာ မျိုးတူ

အဖော်မရှိဘဲ အထီးကျန် နေလာခဲ့ရသည် ဆိုသော အဓိပ္ပာယ်ကို ဤမျှနှင့် နားလည် လောက်ပေပြီ။ မန်ရစ်သည်ကား အရေထူသော လူစားမျိုး ဖြစ်ပေသည်။ နောင်အခါ၌ ထိုလူဆိုးများကို သူမည်သို့ အောင်ပွဲ ဆင်ခဲ့ပုံ၊ သူတို့၏ တာဝန် ဝတ္တရားများကို သူတို့ ကိုယ်စား မည်သို့ ဝင်ရောက် ထမ်းဆောင် ခဲ့ပုံများကို ရှေ့တွင် စာဖတ်ပရိသတ်တို့ တွေ့မြင် ဖတ်ရှု ကြရပေလတ္တံ့။

သို့ရာတွင် သူသည် ရောက်ခါစတွင် နေရပ်သို့သာ ပြန်၍ လွမ်းဆွတ် နေမိသည်။ ဘုန်းကြီး ဒိုမင်ဂို ထွက်သွားသော အခါ ကျောင်းတွင် သူချည်း တစ်ဦးတည်း ကျန်ရစ် ခဲ့ရတော့သည်။ အမှန်တော့ ဟူးဂလီတွင် မိမိနှင့် အတူနေခဲ့သော ဘုန်းကြီးမင်နူယယ် Manuel သူ့နောက်သို့ မကြာမီ လိုက်လာခဲ့ရန် အစီအစဉ် ရှိပေသည်။ သို့ရာတွင် ထိုဘုန်းကြီးမှာ တောကျေးလက်က ဟိန္ဒူဘာသာဝင် အချို့၏ လက်ချက်ဖြင့် ကွယ်လွန် အနိစ္စ ရောက်ခဲ့ ရသဖြင့် မန်ရစ်အဖို့ ဖော်ကွာဝေး ဖြစ်ရရှာတော့သည်။

ထိုဘုန်းကြီး မင်နူယယ် သေဆုံးရသည့် အကြောင်းရင်းမှာ သာသနာပြု လုပ်ငန်းများ လုပ်ကိုင်ရင်း သေဆုံးရခြင်း မဟုတ်ပေ။ မိမိတို့ ခရစ်ယာန် ဘာသာဝင် တိုင်းရင်းသားများက လုပ်ကြံ သောကြောင့် သေရပေသည်။ ၎င်းတို့သည် ရပ်ရွာရှိ ဟိန္ဒူ နတ်ကွန်း တစ်ခု၌ ပွဲတော် ကျင်းပသည်ကို ကူညီလိုကြ၍ မိမိတို့ ခရစ်ယာန်ကျောင်းက ကော်ဇောများကို ငှားရမ်း ကြသည်။ ဘုန်းကြီး မင်နူယယ်သည် ထိုသို့မလုပ်ရန် ကန့်ကွက် တားမြစ်သော အခါ မကျေမနပ် ဖြစ်ကြ လေတော့သည်။ ခရစ်ယာန်ပွဲတော် လုပ်စဉ်အခါက ဟိန္ဒူ ဘာသာဝင်တို့ ထံမှ ပစ္စည်းအချို့ ငှားရမ်း အသုံးပြုခဲ့ ဖူးပါလျက် ယခုလို ဟိန္ဒူ ပွဲတော် လုပ်သည့် အခါ ကျေးဇူး တုံ့ပြန်ခြင်း မရှိ၊ အလွန် စိတ်ထား ယုတ်သူ ဖြစ်သည်ဟု နာကြည်း ကြသည်။ သို့နှင့် သူတို့ သုံးလေ့ သုံးထရှိသော အဆိပ်ဆေးကို အစာတွင် ထည့်ကျွေး သဖြင့် ဘုန်းကြီး မင်နူယယ်မှာ (၁၅) ရက်ခန့် အပြင်းအထန် ခံရပြီး ကွယ်လွန်ခဲ့ရ ရှာလေသည်။ ဤအကြောင်းကြောင့်ပင် မန်ရစ်ခမျာ တစ်ကိုယ်တည်း နေရဖို့ အကြောင်းကံ ဖန်လာ ပေတော့၏။

သူသည် စနစ်တကျ နေထိုင်ရသော ခရစ်ယာန် ဘုန်းကြီးကျောင်းတို့၌ နှစ်ပေါင်း နှစ်ဆယ်ခန့် အဖော်များနှင့်သာ နေလာခဲ့ရသဖြင့် မိမိ တပည့်တပန်းများ ကိစ္စနှင့် မိမိ အထက် အကြီးအကဲများ ဝတ္တရားတို့ကို အချိန်မှန်မှန် ရွက်ဆောင် လာခဲ့ရဖူးသည်။ တက္ကသိုလ် ကျောင်းတော်သားပမာ မိတ်ဆွေဖွဲ့ခြင်း၊ စာပေလေ့ကျက်ခြင်း၊ ဆွေးနွေးခြင်း စသည် တို့ကို အချိန်စာရင်း အတိုင်း အစီအစဉ် ကျကျ လုပ်ကိုင် ခဲ့ရပေသည်။ ယခုမူ ပူစရာ ပန်စရာလည်း မရှိ၊ တာဝန်လည်း မရှိ၊ အလုပ် အားလပ်သော ညနေချိန် တို့၌ တိတ်ဆိတ် ငြိမ်သက်စွာ အနားယူ၍ ဘုရားကို အာရုံ ပြုနိုင်သော်လည်း "ကျွန်ုပ်သည် အတန်တန် ကြိုးစား၍ သည်းခံ နေသော်လည်း အလွန်တရာ စိတ်ကျဉ်းကျပ် လာတော့ သဖြင့် မိမိ စိတ်ကို ချုပ်တည်း၍ မရအောင် ဖြစ်လာ ပါတော့သည်။ ယခုလို အသစ်အဆန်း တွေကိုသာ နေ့စဉ် အာရုံ ခံစားနေရ၍ အတော်ပင် ထိတ်လန့် နေမိပါ၏" ဟု သူ၏ မှတ်တမ်း၌ ဖော်ပြ ထားသည်ကို ထောက်ရှုသော် သူခံစား နေခဲ့ရသော အကုသိုလ် ကံသည် သူ့စိတ်ကိုပါ ထပ်မံ၍ ဆွပေး နေသကဲ့သို့ ရှိပြန်လေသည်။ မိမိ၏ ဇာတိရပ်ဌာန်နှင့် မည်မျှ ကွာဝေး လာခဲ့ ရပြီနည်း။ မိဘဆွေမျိုးများနှင့် ဘယ်တော့များမှ ပြန်လည် တွေ့ဆုံ ရပါတော့ အံ့နည်း စသည့် အတွေးများက လွှမ်းမိုးလာပြီးလျှင် ဘုရားသခင်သည် သူ့ကို ကောင်းကင် ဘုံသို့သာ အမြန် ခေါ်၍ အသုံး ချပါစေတော့ ဟူ၍ပင် ဆုတောင်း မိပေတော့သည်။

ယင်းသို့သော ပူဆွေးမှုမျိုးမှာ ညပိုင်းတွင်သာ အများအားဖြင့် ဖြစ်ပေါ်တတ်ပြီး နေ့ခင်း ရောက်ပြန်တော့လည်း ပင်လယ်ဓါးပြတွေ ကျွန်သူခိုးတွေ ဖြစ်သော် မိမိ တိုင်းရင်းသား ပေါ်တူဂီများ မိမိ

အလုပ်ကို ထူးစမ်းထွေလာ နည်းမျိုးများစွာနှင့် ကူညီ နေကြသူများနှင့်သာ ဟိန္ဒူနှင့် မူဆလင် ကျေးတောသားတို့ကို လှေကြီးနှင့် အပြည့် တင်ဆောင်ကာ ဒီယင်းဂါးမြို့သို့ ပြန်ရောက်လာပြီး ဆိုလျှင် ထိုလူများကို ကျွန်အဖြစ်ဖြင့် ရောင်းချခြင်း မပြုလုပ်မီ ထိုသူများကို ချုပ်နှောင်း သိုလှောင်ထားသော နေရာသို့ သွား၍ တရားဓမ္မ ဟောပြော ရပေသည်။ မိမိတို့ကို ဖမ်းဆီး ညှဉ်းပန်းကာ လက်ကို ကြိမ်နွယ်ဖြင့် ဖောက်သီ တုပ်နှောင် လာသော ရန်သူတို့ ကိုးကွယ်သည့် ဘာသာထဲသို့ ယုံယုံကြည်ကြည်နှင့် ကူးပြောင်း ကိုးကွယ်စေရန် ထိုးအညှဉ်းခံ လူများအား တရား ဟောပြောရသော အလုပ်မှာ အမှန် စင်စစ် အားဖြင့် မိမိကိုယ်ကို ဒွိဟာသံသယ ဖြစ်ဖွယ်ရာသာ ရှိပါတော့သည်။ သို့ရာတွင် ပေါ်တူဂီတို့ အဖို့ ရခိုင်ပြည်နယ်ကို မဂိုအင်ပါယာ၏ ရန်မှ ကာကွယ်ရသော ကိစ္စနှင့် ဗာစကိုဒဂါမား လက်ထပ်ကစ၍ မူဆလင်တို့၏ လက်တွင်းရှိ ဘာသာရေး အန္တရာယ် စီးပွားရေး အန္တရာယ် ဟူသမျှတို့ကို တွန်လှန်း ဖြိုဖျက်ရန် ရည်ရွယ်ချက် ထား၍ အရှေ့တိုင်သို့ ထွက်ခွာ လုပ်ကိုင်ကြခြင်း၏ မူရင်း ရည်ရွယ်ချက်ကို ပြန်လည် တွေးတောပြီး မလုပ်ချင်သော အလုပ်ကို ဖွတ်နစ်၍ လုပ်ပေး နေရပေတော့သည်။

ယင်းသို့ မဂိုအင်ပါယာထဲ ဝင်ရောက် တိုက်ခိုက်ပြီး ပစ္စည်းယူ လူဖမ်း နှောင့်ယှက် နေကြသော အလုပ်အတွက် ခွင့်လွှတ်စရာ အကြောင်းတစ်ရပ်တော့ ရှိပေသည်။ ဖမ်းယူ ရရှိ ခဲ့သူတို့မှာ ဟိန္ဒူလူမျိုးများ ပါရှိသော်ငြားလည်း မဂို အင်ပါယာထဲ၌ နေသူများ ဖြစ်၍ မဂိုအင်ပါယာ အတွက် လုပ်အား နည်းပါး ယုတ်လျော့ သွားအောင် လုပ်ပေးရာ ရောက်သဖြင့် မကောင်းမှန်း သိလျက် ခွင့်လွှတ် ရပေတော့သည်။ ယင်းသို့ အနှောင့်အယှက် ပေးသဖြင့် ဆိုးရွားသော ကပ်ဘေးကြီး ဖြစ်ပွား လာမည်ဆိုလျှင် မဂိုအင်ပါယာ အတွင်း၌ စိတ်ဓါတ် ကျဆင်းလာကြမည် မဟုတ်ပါလော။ ထို့ကြောင့် မီးရှို့ဖျက်စီးမှုတွေ လူဦးရေ လျော့ပါး ကျဆင်း စေမှုတွေမှာ စ၍ သူတို့ လုပ်သမျှ ဒုစရိုက် များသည် မဂိုအင်ပါယာကြီး၏ အင်အားကို အဘက်ဘက်က လှီးထုတ် ပစ်သကဲ့သို့ ဖြစ်၍ မဂိုမင်းများ အားနည်းလေလေ မိမိတို့ အဖို့ ကုသိုလ်ကံ ကောင်းလေလေ ဖြစ်ပေလိမ့်မည်။ လူတွေကို ယခုလိုသာ ဖမ်းဆီး မလာခဲ့လျှင် သူတို့ရပ်ရွာ၌ သူတို့လယ်တွေ ယာတွေကို ပျော်ရွှင်စွာ လုပ်ကိုင်ပြီး စီးပွား ဥစ္စာတွေ တိုးနေသမျှ ရန်သူ မဂိုမင်းများကို အားပေး သလို ဖြစ်ပြီး ငရဲသို့ စုပြုံ၍ ကျဆင်း ကြရချေတော့သည်။

ယင်းသည်ကာ မန်ရစ်၏ အတွေးတည်း။ သူသည် ဤ အတွေးဖြင့် မိမိကိုယ်ကို အားပေးကာ ဖမ်းဆီးလာသော ထိုကျေးတောသား ကုလားလူမျိုးများ အကြားသို့ လက်ဝါးကပ်တိုင် ကလေးကို မြှောက်ကာ မြှောက်ကာဖြင့် တစ်ယောက်ထံမှ တစ်ယောက် ကူးကာ ခရစ်ယာန်ဘာသာ ကောင်းကြောင်း ခရစ်ဘာသာသို့ ဝင်စေလိုကြောင်း စသော တရားများကိုသာ ဟောကြား နေခဲ့ပေသည်။ ဤနည်း အားဖြင့်လည်း ထိုသူများ၏ မျက်ရည်ပေါက်များကို ရပ်စဲ စေခဲ့ရပေသည်။ ၎င်းတို့၏ ဆွေမျိုးရပ်ရွာမှ ခွဲခွာခဲ့ကြရပြီး သူတစ်ပါး၏ ကျေးကျွန် အဖြစ်ဖြင့် ဘဝ လမ်းဆုံးသို့ သွားကြရတော့မည် တွေးတော ပူပန်မှု များကို မိမိအပြစ် ဝန်ခံယုံနှင့် နောင်ဘဝ၌ သုဂတိသို့ လားရမည် ဟူသော စကားဖြင့် ခရစ်ယာန် ဘာသာဝင်ဦးရေ တိုးတက်လာအောင် လုပ်ဆောင် နေခဲ့ရပေသည်။

ထိုးလုပ်ငန်းနှင့် ပတ်သတ်၍ မန်ရစ်က စာရင်းတစ်ခု ဖော်ပြထားခဲ့သေးသည်။ သူ့မှတ်တမ်းအရ ဆိုလျှင် ယင်းသို့ အိန္ဒိယ ပြည်ဘက်က ဒီယင်းဂါးသို့ ဖမ်းယူခဲ့သော လူပေါင်းမှာ တစ်နှစ်လျှင် (၃၄၀၀) ခန့်ရှိသည်။ ၎င်းတို့အနက် မိမိကြိုးစား၍ ခရစ်ယာန် ဘာသာသို့ သွတ်သွင်း ပေးနိုင်ခဲ့သော လူဦးရေမှာ တစ်နှစ်လျှင် (၂၀၀၀) ခန့် ရှိပေသည်။ စစ်တကောင်းမြို့ ပတ်ဝန်းကျင်၌ နေထိုင်သော လူများကို သာသနာပြု၍

myanmar teashop www.mmteashop.com

တစ်နှစ်လျှင် လူ (၄၀၀) ခန့်သာ ရရှိသောကြောင့် စစ်တကောင်းမြို့ ပတ်ဝန်းကျင်မှာ နေထိုင်သော လူများကို သာသနာ ပြုရခြင်းထက် ထိုသို့သော ဒုက္ခသည်များကို သာသနာပြုရခြင်းက ပို၍ အကျိုးရှိပေ၏ဟု ဖော်ပြထားသည်။

မှန်ပါ၏။ ထိုစာရင်းအင်းတို့သည် သူ၏ ယေဘုယျ အားဖြင့် ဖြစ်သော အတွေ့အကြုံ များပေသည်။ သူ၏ ဟောပြောချက်များ၌ တင်ပြသော အကြောင်းပြချက်တို့သည်လည်း ထိုဒုက္ခသည်များအား သဘာဝ အလျှောက် လုံလောက်သော အချက်အလက်များ အဖြစ် အမှန်ကို မြင်စေခဲ့လေသည်။ သူသည် ဂျဂါနသ်ပွဲတော်နှင့် ဆောဂါး ပွဲတော် နှစ်ခု၌ မြင်တွေ့ ခဲ့ရသော သာဓကများကို သဘာဝနှင့် ဟပ်၍ နှိုင်းယှဉ် တင်ပြကာ ခရစ်ယာန်ဘာသာ ဘက်သို့ ပြောင်းသွယ်၍ ဟောပြောခဲ့ပေသည်။ "ထိုသူတို့သည် ဟိန္ဒူဘာသာ တရားအပေါ် ယုံကြည် ခဲ့ရခြင်း၏ အချည်းအနှီး ဖြစ်ပုံများကို သဘော ပေါက်လာကြသည်။ ခရစ်ယာန် ဓမ္မကို နှစ်သက်လာကြသည်" ဟူ၍လည်း သူ၏ မှတ်တမ်း၌ ဝင့်ဝါ၍ ဖော်ပြ ထားလေသည်။

ခရစ် (၁၆၂၉) ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဝင်ရောက် ဖျက်ဆီးလုယက် ဖမ်းဆီးမှုကြီးသည် မဂိုအင်ပါယာ၏ အထက် အစိုးရ အရာရှိကြီးများကို အကြီးအကျယ် စိတ်ဆိုးအောင် လုပ်သကဲ့သို့ ရှိသောကြောင့် မဂိုမင်းတို့က ပေါ်တူဂီတို့ကို ပြန်လည် လက်စား ချေသည် အထိ အရေးကြီးလာ ခဲ့ပေသည်။ ထိုကိစ္စနှင့် ဆက်စပ်၍ ပေါ်ပေါက်လာသော အခြေအနေ တို့မှာလည်း အောက်ပါအတိုင်း ဖြစ်တော့သည်။

ဒိုင်ဂိုးဒါဆာဆိုသူ ပေါ်တူဂီ ဗိုလ်ကြီးတစ်ယောက်သည် ငယ်ရွယ်ပျိုမျစ်သူ ဖြစ်သည့်ပြင် လူဖမ်းသော အလုပ်တွင် အလွန် ရဲရင့်၏ သူသည် ခါတိုင်း ဝင်ရောက် လုယက်နိုင်မည့် ခရီးထက် ပိုလွန်ပြီး မိမိ၏ လှေကြီးကို ခါတိုင်း ဝင်ရောက်လုယက် နိုင်မည့် ခရီးထက် ပိုလွန်ပြီး မိမိ၏ လှေကြီးကို ဒက္ကာမြို့နားရောက်အောင် လှော်ခတ်သွားပြီး မြို့ဆင်ခြေဖုံး ရွာလေးတစ်ရွာကို ဝင်ရောက် လုယက်လေတော့သည်။ အမှန်စင်စစ်အားဖြင့် ထိုရွာသည် မြစ်ကမ်းနဖူးတွင် ရှိသော်လည်း မည်သည့်အခါမျှ လူဆိုးသူခိုးတို့ အန္တရာယ်ကို မကြုံ ခဲ့ရ ဖူးဘူးချေ။ ဘေးရန် လုံခြုံသော ရွာတစ်ရွာ ဖြစ်ပေသည်။

ဒိုင်ဂိုး၏ လုယက် ရရှိခဲ့သော ဥစ္စာ ပစ္စည်းများနှင့် ကျွန်အဖြစ် ဖမ်းယူခဲ့သော လူများတွင် မူဆလင် ဘာသာဝင် ဆယက် အမျိုးအနွယ်ထဲမှ လူကုံထံ အမျိုးသမီး တစ်ယောက်လည်း ပါဝင် ခဲ့လေသည်။ ထိုအမျိုးသမီး၏ အဆက်အနွယ်ကို စစ်တမ်း ထုတ်ကြည့်သော အခါ တမန်တော် မိုဟာမက်၏ အနွယ်ထဲကဟု သိရှိရပေ၏။ ထိုအမျိုးသမီးသည် အလွန် ချောမော လှပ၍ လူအင်အား (၂၀၀၀) ပါဝင်သော မြင်းတပ်ကြီးကို အုပ်ချုပ်ရသော ဗိုလ်ချုပ်ကြီး၏ ဇနီး ဖြစ်လေသည်။ သူသည် အလုပ် ကိစ္စနှင့် ထိုရွာသို့ ရောက်နှင့်နေသော မိမိ၏ ယောက္ခမ ထံသို့ သမီးငယ်လေးနှင့် အတူ ခေတ္တ လာရောက် လည်ပတ်နေခိုက် ယခု ကဲ့သို့ အလုအယက် အဖမ်းအဆီး ခံရခြင်း ဖြစ်ပေသည်။

ရွာသို့ ဓါးပြများ ဝင်ရောက် တိုက်ခိုက်သည်နှင့် ထိုအမျိုးသမီး နှစ်ယောက်နှင့် ကလေးမလေး တို့မှာ အလုံ ကာထားသော ပေါင်းမိုး လှည်းပေါ်တင်၍ အစောင့် မြင်းစီး တပ်သား အနည်းငယ်နှင့် ကိုယ်လွတ်ရုန်းကာ ရွာမှ ထွက်ပြေး ကြရလေသည်။ ကံဆိုး မိုးမှောင် ကျပြီး သူတို့ ထွက်ပြေးသည်ကို ပေါ်တူဂီအချို့ ရိပ်မိပြီး လိုက်လံ ဖမ်းဆီး၍ လှေဆီသို့ ခေါ်ဆောင် သွားကြလေတော့သည်။

ဖမ်းဆီး လုယက်ခဲ့သော လူနှင့် ဥစ္စာ ပစ္စည်းများကို အသီးသီး ထည့်သို ပိတ်လှောင် ထားပြီးသော် ဓါးပြတို့သည် ဒက္ကာမြို့က လာနေသော ရေတပ်စု၏ လိုက်လံ တိုက်ခိုက်ခြင်းကို မခံရမီ မိမိတို့ ဌာနီသို့ အမြန်

ထွက်ခွာ ခဲ့ကြကုန်၏။ ဒီယင်းဂါးမြို့နှင့် ကပ်လျက် ရှိသော အန်ဂါယာကာလီ ရွာထိပ်သို့ ဒိုင်ဂိုးဒါဆာတို့ သင်္ဘော ဆိုက်ကပ် လာသော အခါ မန်ရစ်ကိုယ်တိုင် ဆိပ်ကမ်းတွင် ရှိနေပေသည်။ သူတို့ ဆိုက်ရောက် လာပုံမှာ ပျော်စရာကြီး ဖြစ်တော့သည်။ ပါဝင်သော လှေကြီးများတွင် အလံများ ထိုးထား ကြပြီး အောင်မြင်စွာ လုယက် တိုက်ခိုက် ခဲ့ကြသော အထိမ်းအမှတ် အဖြစ် အမြောက်သံများ ပေးလျက် ဝင်လာကြသည်။ ကြီးမားသော လူအုပ်ကြီးလည်း ဆိပ်ကမ်းသို့ စုဝေး ရောက်ရှိ နေလေပြီ။ ကျွန်ဖမ်း သမားတို့သည် ကခုန်ပျော်မြူးကာ အမျိုးမျိုး အဖုံဖုံ သီဆို အော်ကြပြီး ကျွမ်းပစ်သူက ပစ်၊ ဦးထုပ်မြှောက်သူက မြှောက်နှင့် တပျော်တပါး ကမ်းပေါ်သို့ တက်လာကြ ကုန်၏။ ထို့နောက် ဖမ်းမိခဲ့သော အကျဉ်းသားများကို သင်္ဘော ကုန်းပတ်အောက် အမှောင်ခန်းမှ အကြမ်းပတမ်း ထုတ်ယူ ကြလေသည်။ အလင်းရောင်ကို ရုတ်တရက် မြင်ရသောကြောင့် ကြက်မျက်ကန်း သဖွယ် ဟိုတိုး ဒီတိုးနှင့် ဒယိမ်းဒယိုင်နှင့် ထွက်လာသော လူများကို ကြိုးနှင့် သီကာ မြို့တွင်းသို့ လှည့်လည် ခေါ်ဆောင် ကြပြန်လေသည်။ သူတို့ ခံစားနေရသော ဒုက္ခနှင့် သူတို့၏ ကြမ္မာဆိုး အတွက် မန်ရစ်၏ စိတ်တွင် အနည်းငယ်မျှ ထိခိုက်ခြင်း မရှိချေ။ အဘယ်ကြောင့် ဆိုသော် ထိုဒုက္ခသည်တို့၏ ဝိညာဉ် များကို မိမိ ကယ်တင် ရတော့အံ့ဟု သန္နိဋ္ဌာန် ချထား သောကြောင့်တည်း။ အခြား သုံ့ပန်းများနှင့် အတူ မထားဘဲ သီးသန့် ခွဲခြား၍ ခေါ်ဆောင် လာခဲ့သော ထိုအမျိုးသမီး မြေးအဘွား သုံးဦးသားကိုမူ လူထု ပရိသတ် ကြည့်ရှု စေရန် အတွက် သီးသန့် ခေါ်ထုတ်၍ ပြသ ကြလေသည်။ ၎င်းတို့ကား ရှိုက်ကြီးတငင် ငိုယိုလျက် ရှိကုန်၏။

ယင်းသို့ ကြည့်နေသော လူအုပ်ထဲတွင် ကပ္ပတိန်ဗိုလ်ကြီး တစ်ယောက် ပါဝင်လေသသည်။ ထိုဗိုလ်ကြီးသည် ထိုအမျိုးသမီးကို မြင်လေသော် နစ်သက် တပ်မက် လှသဖြင့် ကရုဏာ ရှိဟန်ဖြင့် ဒိုင်ဂိုးဒါဆာ အနီးသို့ ချဉ်းကပ်ပြီး ထိုသားအမိ မြေးအဘွားတို့ သုံးဦးကို မိမိ မိတ်ဆွေ အိမ်တွင် ထားခွင့် ပြုပါမည့်အကြောင်း တောင်းပန်လေ၏။ ဒါဆာလည်း သူ၏ တောင်းပန်ချက်ကို မငြင်းချေ။ ၎င်းတို့ကို ကြေးကောင်းကောင်းနှင့် ပြန်ပေးလုပ်ရန် ဆုံးဖြတ်ထားပြီး ဖြစ်၍ အလွယ်တကူပင် ဗိုလ်ကြီးနှင့် ထည့်လိုက်လေ၏။ ဗိုလ်ကြီးလည်း အမျိုးသမီးများကို လေးစားဟန်ဖြင့် ကောင်းမွန်စွာ ခေါ်ဆောင် သွားလေသည်။ ညဥ့်အချိန်သို့ ရောက်လတ်သော် ဗိုလ်ကြီးသည် မိမိ၏ မိတ်ဆွေထံ ခွင့်ပန်၍ ထိုအမျိုးသမီး၏ အိပ်ခန်းတွင်းသို့ ဝင်ပြီး အတင်းအကျပ် ချစ်ရေး ဆိုလေတော့သည်။ အမျိုးသမီးလည်း ခွန်အား ရှိသလောက် တွန်းလှန်း ငြင်းဆိုလျက် နောက်ဆုံး၌ ပင်ပန်း နွမ်းနယ်ကာ သူ့ အလိုသို့ လိုက်ပါ ရတော့မည့် အခြေအနေသို့ ရောက်နေသဖြင့် ချစ်ကြိုက် ဟန်ဆောင် ရလေတော့၏။ သို့နှင့် သူမသည် ချစ်ဟန်ဆောင်ပြီးလျှင် ဗိုလ်ကြီးကို တုံ့ပြန်၍ နမ်းစုတ်ခြင်း ပြုကာ မိမိလျှာကို ထုတ်ပေး လိုက်လေ၏။ ဗိုလ်ကြီးလည်း သူမ၏ လျှာကို ငုံထား လိုက်ပြီးနောက် မိမိ အလှည့်၌ သူမငုံရန် မိမိလျှာကို ထုတ်ပေးလိုက်သော အခါ အမျိုးသမီးသည် ဗိုလ်ကြီး၏ လျှာကို တအား ကိုက်၍ ဖြတ်လိုက်လေတော့၏။

ဗိုလ်ကြီးလည်း နောက်သို့ ပက်လက် လန်၍ လဲကျသွားပြီး ပါးစပ်ထဲမှ သွေးဒလဟော ကျဆင်း နေပေတော့သည်။ မိတ်ဆွေဖြစ်သူလည်း ဝူးဝါးဝူးဝါးနှင့် ညည်းတွား ဟစ်အော် သံများကြောင့် အခန်းထဲသို့ ပြေးဝင် လာသောအခါ ကြောက်စရာ ကောင်းသော မြင်ကွင်းကို တွေ့မြင် လိုက်ရပေသည်။ အမျိုးသမီးလည်း စူးရှ ကျယ်လောင်စွာ ကြောက်လန့်တကြား ဟစ်အော်ငိုယိုလျက် ဗိုလ်ကြီးမှာမူ သတိကင်းစွာ ကြမ်းပြင်ပေါ်၌ လူးလိမ့်လျက် မြင်မကောင်းအောင် ရှိနေပေတော့သည်။

အခန်းတွင်းသို့ စုရုံး ရောက်ရှိလာကြသော လူများအနက် အချို့က ဗိုလ်ကြီး၏ အနာကို ပတ်တီး စီးရန် ကြိုးစားကြသော်လည်း သွေးများ ပွက်၍ ပန်းထွက် နေသောကြောင့် မှုချ သွေးလွန်ပြီး သေတော့မှာပဲဟု ဆုတောင်းပေးရန် မန်ရစ်ထံသို့ လူလွှတ် ပင့်ခေါ်ကြပေ၏။ ထို့နောက် အိမ်ရှင်လည်း မိမိ မိတ်ဆွေ ဗိုလ်ကြီး၏ အဖြစ်ကို မရှုရက်နိုင်၍ ထိုမိန်းမကို အလွန် စိတ်ဆိုးပြီး ကြိုးနှင့် တုပ်၍ ရေစပ်သို့ ခေါ်ပြီး ရေနစ်သတ်လေဟု မိမိ အဖော်များအား စေခိုင်းလေတော့၏။

ဘုန်းကြီးပင့်ရန် သွားသူများ မန်ရစ်ထံသို့ ရောက်သောအခါ သန်းခေါင် အချိန်လောက် ရှိပေပြီ။ မန်ရစ်လည်း နောက်လိုက်တပည့် တစ်ယောက်ကို ခေါ်၍ ဗိုလ်ကြီး ရှိရာ အိမ်သို့ ချက်ချင်း လိုက်ပါခဲ့ရလေသည်။ သူတို့သည် လမ်းအတိုင်း ခပ်သုတ်သုတ် လျှောက်လာ ခဲ့ကြရာ မြစ်ကမ်း တစ်နေရာသို့ ရောက်သောအခါ လူအချို့ မြစ်ကမ်းနားသို့ သွားနေပုံ အရိပ် သဏ္ဌာန်များ မြင်ရပြီး တစ်စုံတစ်ယောက်၏ ငိုကြွေး ညည်းညူသံကို ကြားလိုက် ရလေသည်။

မန်ရစ်သည် ဘာများ ဖြစ်နေကြပါလိမ့်ဟု သိလိုသည်နှင့် ထိုသဏ္ဌာန်များ ဆီသို့ ချဉ်းကပ် သွားလေသော် လူနှစ်ယောက် ထွက်ပြေး သွားသည်ကို မြင်လိုက်ရပြီး အမျိုးသမီး တစ်ယောက်မှာ လက်ပြန်ကြိုး တုပ်လျက်သား မိမိ အနားသို့ တိုး၍ လာနေသည်ကို တွေ့ရသဖြင့် စောင့်ကြည့် နေမိလေသည်။ သူသည် ထိုအမျိုးသမီးကို ကောင်းကောင်း မမှတ်မိချေ။ သို့ရာတွင် သူ၏ တပည့် ဖြစ်သူက ကောင်းစွာ မှတ်မိလေသည်။ သို့နှင့် မန်ရစ်သည် အနည်းငယ်မျှသာ စစ်ဆေး မေးမြန်းပြီး တုပ်နှောင်ထားသော ကြိုးများကို ဖြေ၍ အနီးရှိ မိမိနှင့် အလုပ်တူ လုပ်ရသော တရားသူကြီး၏ အိမ်တွင် အပ်နှံကာ ဆုတောင်းမီရန် အမြန် ထွက်ခွာ ခဲ့ရလေသည်။

ထိုအိမ်သို့ ရောက်သွားသော အခါ ကပ္ပတိန်ဗိုလ်ကြီးမှာ အတော်အတန် သက်သာလျက် ရှိနေပြီ။ သွေးများလည်း တိတ်၍ နေပြီဖြစ်၍ ဆုမတောင်းပေးရတော့ချေ။ သို့သော် သူ၏ လျှာကိုကား လှုပ်ရှား၍ ရနိုင်တော့မည် မဟုတ်သည်မှာ သေချာလှပေ၏။

မန်ရစ်သည် ခဏကြာလျှင် အမျိုးသမီး ထားခဲ့သော အိမ်သို့ ပြန်လာခဲ့ပေသည်။ ဤနေရာတွင် မန်ရစ်က "သူမသည် ကျွန်တော့်ကို မြင်လျှင်မြင်ချင်း ကျွန်ုပ်၏ ခြေစုံကို ဦးခေါင်းနှင့် ပွတ်တိုက်၍ ရှိုက်ကြီးတငင် ငိုကြွေး ပါတော့သည်။ ကျွန်ုပ်လည်း သူမကို ထစေ၍ သူ့အတွက် ခင်းထားသော ကော်ဇော်ပေါ်၌ ထိုင်စေပြီးလျှင် မည်သူမျှ နောက်ထပ် မစော်ကား မနှောင့်ယှက် စေရပါဟု ကတိပေးပြီး နှစ်သိမ့်ခဲ့ရသည်"ဟု သူ၏ မှတ်တမ်း၌ ဖော်ပြ ထားပေသည်။

သို့ရာတွင် ထိုအမျိုးသမီးမှာ အငို မတိတ်ဘဲ ဆက်လက် ငိုကြွေး၍သာ နေပြန်ပါသည်။ ငိုကြွေးရသည့် အရေးကား သမီးငယ်နှင့် ယောက်ျမတို့ အတွက် စိုးရိမ်သောက ဖြစ်နေသောကြောင့်တည်း။ သူတို့နှင့် တွေ့ပေး ပါမည်ဟု မန်ရစ်က ပြောလိုက်တော့မှ အငို တိတ်သွား လေတော့၏။

ထို့နောက် အကျိုး အကြောင်းများကို အတော်ကြာကြာ စုံစမ်း မေးမြန်းရင်း စကား လက်ဆုံ ကျလာတော့သည်။ အမျိုးသမီးလည်း မိမိ၏ လင်ယောကျ်ားမှာ ဗိုလ်ချုပ်ကြီး တစ်ဦး ဖြစ်သည့်ပြင် ကေရာဇ်ဘုရင်ကြီး ရှားဂျေဟန်၏ သားနှင့် အလွန် ခင်မင် ရင်းနှီးသူ ဖြစ်ကြောင်း၊ သူ၏ ဖခင်လည်း ဘုရင့်မြင်းတပ်မှ အရာရှိကြီး တစ်ဦး ဖြစ်ကြောင်း ပြောပြ နေစဉ် ရုတ်တရက် အပူလုံး ကြွလာပြီး သတိလစ်ကာ ထိုင်ရာမှ လဲကျမေ့မြော သွားလေတော့သည်။

မန်ရစ်လည်း အမျိုးသမီးမှာ အာဟာရ ပြတ်၍ အင်အား နည်းပါးနေသည်ကို သိသဖြင့် မိမိ လက်ဆောင် ရထားသော အစားအစာ အချို့ကို ယူစေပြီး အမျိုးသမီး သတိရလာသည်နှင့် တစ်ပြိုင်နက် ထိုအစာ၌ ဝက်သား မပါပါဟု ပြောကာ အနည်းငယ် ကျွေး၍ ရင်ပူ သက်သာ စေခဲ့ရပေသည်။

အမျိုးသမီးမှာ မပြုမပြင်ဘဲ နဂို အနေဖြင့်ပင် အလွန် ချောမော လှပသူ ဖြစ်သည်။ ကြည်လင်သော လရောင်အောက် ရေစပ်၌ သူမကို မမျှော်လင့်ဘဲ တွေ့ခဲ့ ရပုံနှင့် သူမ၏ အသက်ကို သေဘေးမှ ကယ်ဆယ် ခဲ့ပုံတို့မှာပင် ဆန်းကြယ်၍ ဝတ္ထု ဆန်းလှပေသည်။ ယင်းအဖြစ်သည် လူသားတစ်ဦး သံယောဇဉ် တွယ်စေသော အခြေအနေ ဖြစ်ပေသည်။ မန်ရစ်လည်း ထိုအခွင့်အရေးကို အရယူကာ မိမိ ဆောင်ရွက်ရမည့် လုပ်ငန်းကို မြင်လေသည်။ သူသည် အမျိုးသမီး၏ ယုံမှတ် အားကိုးမှုကို ရရှိပြီး သူမ၏ ကျေးဇူး တုံ့ပြန်မှုကို ခံယူ ရမည်ဆိုလျှင် ၎င်းကို ခရစ်ယာန်ဘာသာ သက်ဝင် လာအောင် လုပ်နိုင်မည့် အခွင့်ကောင်း လမ်းကြောင်းမှာ ဖြူးဖြောင့် နေပေလိမ့်မည်။ သို့သော် မူဆလင် တစ်ယောက်ကို ဘာသာပြောင်းအောင် ကြိုးပမ်းရာ၌ အထူးသဖြင့် ဆယက်အမျိုး အနွယ်ထဲက ပုဂ္ဂိုလ်တစ်ဦးက ရှေ့က နမူနာ မရှိဘဲ လွယ်လင့်တကူ သိမ်းသွင်း၍ ရဖို့ရန်မှာ မလွယ်ကူ လှပေ။ သို့ဖြစ်၍ သူမ၏ အကျိုးကို ကြင်ကြင်နာနာဖြင့် ဆက်လက်၍ အကူအညီ ပေးရပေမည်။

သို့နှင့် သူသည် ထိုအမျိုးသမီးနှင့် အဖော်နှစ်ဦးအတွက် တစ်နေ့လုံး အလုပ် ရှုပ်နေ ရတော့သည်။ ၎င်းတို့အားလုံး ပီဒရိုဂုမ္ဘက်၏ ရာဇဖစကို အမည်ရှိ အိမ်ထောင်သည် ကပ္ပတိန် ဗိုလ်ကြီးတစ်ဦး၏ အိမ်တွင် နေထိုင်နိုင်ရန် အစီအစဉ်များ လုပ်ပေးရပေသည်။ ထို့နောက် သူတို့ အိမ်သို့ မကြာခဏ သွားရောက်လည်ပတ်ကာ ကျန်းမာရေး အခြေအနေများ မေးမြန်းခြင်း၊ လိုအပ်သည်တို့ကို ကူညီခြင်း စသည်တို့ဖြင့် တဖြည်းဖြည်း လူချင်း ရင်းနှီးမှု ရရှိ လာစေပြီးလျှင် တစ်ခါတစ်ရံ ခရစ်ယာန်ဘာသာ တရားတို့ကို ဟောကြား ပြသခဲ့ပေသည်။ သို့ရာတွင် ၎င်းတို့မှာ စိတ်ပါဟန် လက္ခဏာ မပြကြချေ။ အထူးသဖြင့် ယောက္ခမ ဖြစ်သူမှာ မဟာမေဒင် ဘာသာကို ရိုးတွင်းခြင်ဆီက စွဲနေသူဖြစ်၍ မည်သည့် နည်းနှင့်မျှ ရပုံမပေါ်ချေ။ နောက်ဆုံး၌ သမီးငယ်ကလေးမှာ အအေးမိပြီး ပန်းဖျား ဖျား၍ အသည်းအသန် ဖြစ်လာသော အချိန်၌ ထိုသူငယ်မကို ခရစ်ယာန် ဘာသာသို့ သိမ်းသွင်း ရရှိခဲ့ပေသည်။ ထိုသူငယ်မမှာ ကွယ်လွန် အနိစ္စ ရောက်သွား ရသော်လည်း ခရစ်ယာန် ဘာသာဝင် အဖြစ်နှင့် ငြိမ်းချမ်းမှု ရသွားရာပေသည်။ သေခါနီးတွင်လည်း မိခင်နှင့် အဘွားကို မိမိကဲ့သို့ ခရစ်ယာန် ဘာသာသို့ ဝင်ပါဟု တောင်းပန်ခဲ့လေသည်။ သူတို့လည်း သမီးအပေါ် ချစ်ခင် မြတ်နိုးလွန်း၍ သမီး၏ ဆန္ဒအတိုင်း ကက်သလစ် ဂိုဏ်းသို့ ဝင်ရောက်ရန် ဆန္ဒ ဖြစ်ပေါ် လာကြပေတော့၏။

အယူအစွဲ ခိုင်မြဲလှသော ထိုမူဆလင် အမျိုးသမီးနှစ်ဦးကို ခရစ်ယာန်ဘာသာဝင် ဖြစ်လာအောင် သိမ်းသွင် နိုင်ခဲ့ခြင်းသည် ဒီယင်းဂါးမြို့၌ ထူးခြားသော ခေတ်တစ်ခေတ် ပေါ်ထွန်း လာသည်ဟု ဆိုနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရပ်ရှိ ပေါ်တူဂီ လူမျိုးများတွင် လူဆိုးများ ရှိသလို ကက်သလစ် လူကောင်းများလည်း ရှိကြောင်း ပေါ်လွင် စေသောကြောင့်တည်း။ ဤအသိကြောင့်ပင် မိမိတို့၏ ကြမ္မာဆိုး ဘေးဆိုးနှင့် ငရဲအိုးတို့ဘေးမှ လွတ်ကင်းစေရန် မိမိတို့ ဘဝကို ခရစ်ယာန် ဘုရားရှိခိုး ကျောင်းကသာ မုချ ကယ်တင် လတ္တံ့ဟု စိတ်ချ ယုံကြည်လာကြတော့သည်။

ထိုမူဆလင်အမျိုးသမီးသည် ခရီးရောက်မဆိုက်မှာပင် ကပ္ပတိန် တစ်ယောက်၏ မတရားသဖြင့် အချုပ် ခါးပြတိုက်ခြင်းကို ခံခဲ့ရရှာသော်လည်း ယခုအခါမူ ပိုးသူပန်းသူများ ဝိုင်းဝိုင်းလည်နေသော ခရစ်ယာန် အမျိုးသမီး တစ်ဦးဖြစ်နေလေပြီ။ ထို့နောက် ဂံအားလျော့်စွာပင် လစ္စဘွန်မြို့အနီး ဆန်တာရန်မြို့မှ

မိကောင်းဖခင် သားတစ်ဦးဖြစ်သူ ပေါ်တူဂီ လူငယ်တစ်ဦးနှင့် တွေ့ကြုံကာ တစ်ဦးနှင့်တစ်ဦး ရည်ငံကြပြီး မကြာမီ လက်ထပ် လိုက်လေတော့၏။

ထိုအဖြစ်အပျက်သည် အမျိုးသမီး၏ ပထမခင်ပွန်းဖြစ်သူ ဗိုလ်ချုပ်ကြီးနှင့် သူမ၏ ဖခင်တို့ နားသို့ ပေါက်ရောက် သွားသောအခါ ၎င်းတို့ များစွာပင် ပူပင်ပြီး မခံမရပ်နိုင်အောင် နားကြည်းကြသဖြင့် ဧကရာဇ်ဘုရင် ရှားဂျေဟန်ထံသို့ ဟူးဂလီမြို့က ပေါ်တူဂီများကို လက်စား ချေးခွင့် တောင်းကြလေတော့သည်။ ဤအကြောင်းကြောင့်ပင် (၁၆၃၂) ခုနှစ်တွင် ဟူးဂလီမြို့ကို မဂိုတို့ တိုက်ခိုက်ရသော အကြောင်းရင်းတစ်ရပ် ဖြစ်တော့၏။

မန်ရစ်သည် ဤနည်းအားဖြင့် မိမိကို အပ်နှင်းလိုက်သော တာဝန်များ ကျေပွန်အောင် ဆောင်ရွက်ရင်း အလုပ်ရှုပ်လျက် ရှိတော့သည်။ (၁၆၂၉) ဆောင်းရာသီမှ (၁၆၃၀) ခုနှစ် နွေရာသီကုန်ဆုံး၍ မေလအတွင်း မုတ်သုန်ရာသီဥတုသို့ ကူးပြောင်းလာခဲ့လေပြီ။ ဒီယင်းဂါးသို့ သူရောက်ခဲ့၍ ကိုးလမြောက်သော ထိုအချိန်၌ သူ့ဘဝ၌ စိတ်ဝင်စားဖွယ် အကောင်းဆုံး ဖြစ်ရပ်များနှင့် ကြုံစေမည့် ခရီးသို့ ထွက်ခွာရန် ကိစ္စတစ်ရပ် ပေါ်ပေါက်လာခဲ့ပေ၏။

myanmar online teashop www.mmteashop.com

## အခန်း (၇)

## အထိတ်တလန့် သတင်း

ဒီယင်းဂါးမြို့သို့ မန်ရစ်ရောက်လာချိန်၌ ဘုရင်သည် ညီဝမ်းကွဲ တစ်ဦးကို စစ်တကောင်း မြို့ဝန် ဘုရင်ခံချုပ်အဖြစ် ခန့်အပ် အုပ်ချုပ်စေခဲ့သည်။ ထိုမြို့ဝန် ကွယ်လွန်သွားသောအခါ ၎င်း၏ နေရာတွင် အမတ်ကြီး တစ်ဦးကို မြို့ဝန်ခန့်ထားခဲ့၏။ မန်ရစ်သည် ထိုမြို့ဝန်၏ အမည်ကို မှတ်သား မထားခဲ့ချေ။

စစ်တကောင်းမြို့၌ ထိုမြို့ဝန် ရောက်ရှိ၍ ရာထူး ဆက်ဆံသော အခါ ပေါ်တူဂီ စစ်ဗိုလ်များသည် ၎င်းတို့ထံ သွားရောက် အလေးပြုကြရန် ဆုံးဖြတ် ကြလေသည်။ ထိုအခမ်းအနားကို မြို့တွင်ရှိသော ခရစ်ယာန် သာသနာဝန်ထမ်း အကြီးအကဲ လုပ်သူလည်း ပါဝင်ရသော ထုံးစံ ရှိခဲ့သဖြင့် မန်ရစ်ကိုလည်း ထိုအခမ်းအနားသို့ တက်ရောက်ရန် အကြောင်းကြားထား ကြလေသည်။ စစ်ဗိုလ်များသည် ကောင်းပေ့ဆိုသော အဝတ်အစားတို့ကို ဝတ်ဆင်၍ စစ်တကောင်းမြို့တံခါး၌ စုရုံးလျက် ရှိကြသည်။ သူတို့သည် လုယက် တိုက်ခိုက်၍ ကျွန်ဖမ်းသော လူဆိုး အလုပ်များကို လုပ်သူများ ဖြစ်ကြသော်လည်း ယခုလိုအခါ၌ ပိုင်းယဒ် ရေးခဲ့သော ဂိုအာမြို့က စစ်ဗိုလ်များ အတိုင်း ဒီယင်းဂါးတွင် တခမ်းတနား ထည်ထည်ဝါဝါ နေလေ့ရှိကြသည်။

မြို့ဝန်လည်း မိမိ၏ ကိုယ်ရံတော် တပ်သားများနှင့် ဘင်ခရာတီးသော တပ်များကို ၎င်းတို့အား အကြို လွှတ်လိုက်သဖြင့် ၎င်းတို့သည် မြို့ဝန်၏ အိမ်တော်သို့ ချီတက် သွားကြကုန်၏။ အိမ်တော်တွင် ၎င်းတို့ကို ဘုရင်ခံချုပ်က ညစာတည်ခင်း ကျွေးမွေး ပြီးနောက် သူတို့အား ယုံမှတ် အားထားသည့် အတိုင်း နယ်ခြားဒေသကို နယ်ချဲ့လာမည့် မဂိုဘုရင်တို့ ရန်မှ အစွန်းကုန် ကာကွယ်ဖို့ အကြောင်း မိန့်ကြားလေသည်။ ထိုညှော့ခံပွဲတွင် အရက်သောက်ပွဲ၊ ကပွဲများလည်းပါလျက် ညဥ့်လုံးပေါက် ကျင်းပလေသည်။ ပေါ်တူဂီတို့သည် နံနက် အရုဏ်ကျင်းမှ ဒီယင်းဂါးမြို့သို့ ကျေနပ် ဝမ်းမြောက်စွာ ပြန်လာ ခဲ့ကြပြီး မြို့ဝန် အသစ်၏ ဂုဏ်ကို ချီးကျူးနေကြလေတော့သည်။

သို့သော်ငြားလည်း ထိုမြို့ဝန်သည် ပေါ်တူဂီ လူမျိုးများကို မိမိ ကိုယ်တိုင်က လိုးလား နှစ်သက်ပုံ မပေါ်ပေ။ မန်ရစ်၏ အာဘော်အတိုင်း ဆိုလျှင် ပေါ်တူဂီတို့ကို မလိုလား ခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ်လောက် ကတည်းက စခဲ့သည်ဟု ဆိုလေသည်။ ထိုအချိန် မတိုင်မီ နှစ်ပေါင်း သုံးဆယ်လောက်က ပေါ်တူဂီတို့သည် ယခုထက် ပို၍ လွတ်လပ်စွာ နေထိုင် လုပ်ကိုင် ခဲ့ကြသည်။ ခရစ် (၁၆၀၀) နှင့် (၁၆၁၇) ခုနှစ်အတွင်း လောက်က မြောက်ဦးမြို့ ထီးနန်းကို မိမိတို့ တင်လိုသည့် ဘုရင်ကို တင်ပေးနိုင်ခဲ့ကြပေသည်။ သို့ရာတွင် ရခိုင်ဘုရင်တို့သည် ထိုအန္တရာယ်ကို မြင်ခဲ့ကြသည့် အတိုင်း အပို အမြောက် တပ်များကိုပင် တိုး၍ ဖွဲ့စည်း

ထားခဲ့ကြ၏။ ထိုတပ်များမှာ ဂျပန်လူမျိုးများ၊ အာဖဂန် လူမျိုးများနှင့် မြန်မာလူမျိုးများ ဖြစ်၍ မိမိတို့ ကိုယ်ပိုင် ရေတပ်ကိုယ်စီနှင့် အသီးသီး ရှိနေ ကြလေသည်။ ဤသို့ အစီအမံ အကာအကွယ် ယူထားသောကြောင့် ပေါ်တူဂီတို့မှာ ကိုယ့်နေရာနှင့် ကိုယ် နေလာ ခဲ့ကြရပေသည်။ နယ်ခြားစောင့် တပ်များအဖြစ် လက်ခံ ထမ်းရွက် ခဲ့ကြသည့် အချိန်ကစ၍ ယင်းတို့ အမှုထမ်း လာခဲ့ကြသည့် အတွင်း မှာပင် သစ္စာဖောက်များ အဖြစ် နစ်ကြိမ်လောက် အရေးယူ ခံခဲ့ကြရပေသေးသည်။

အသစ် ရောက်ရှိလာသော မြို့ဝန်အဖို့ မိမိ မလိုလားသော ပေါ်တူဂီ လူမျိုးများအပေါ် ရခိုင်ဘုရင် အထင်မှားအောင် လုပ်ဖို့ မခက်လှတော့ပေ။ မည်သို့ မည်ပုံ လုပ်ရမည်ကို မိမိ ကိုယ်တိုင် တီထွင်ကာ ပေါ်တူဂီများ ဒီယင်းဂါးမြို့တွင် လှုပ်ရှားမှု လုပ်နေသည်မှာ ရခိုင် ရွှေထီး ရွှေနန်းကို အန္တရာယ် ဖြစ်စေလောက်သော အခြေအနေသို့ ရောက်နေသဖြင့် နှိမ်နင်းရေး စစ်တပ်တစ်တပ် ပို့လွှတ်ရန် ဘုရင် မင်းမြတ်ထံသို့ အတွင်းစာ တစ်စောင် ပေးပို့ လျှောက်ထားလိုက်လေ၏။

ထိုအခါတွင် "ပေါ်တူဂီတို့သည် ဒက္ကာမြို့ရှိ မဂိုဘုရင်ခံချုပ်ထံသို့ အမှာစာပို့ပြီးလျှင် စစ်တကောင်းမြို့ကို ဩဂုတ်လ အတွင်း ဝင်ရောက် သိမ်းပိုက်ရန် အင်အားကောင်းသော မဂို စစ်တပ် တစ်တပ်ကို ငှားရမ်းပါက တောင်းသမျှငွေကို ပေးပါမည်ဟု စစ်ကူ တောင်းကြကြောင်း စုံစမ်း သိရှိရပါသည်" ဟု ဖော်ပြပြီးလျှင် ယုတ္တိရှိအောင် စာပေး စာယူ လုပ်ခဲ့သော ပေးစာအတုများကို ပူးတွဲပြီး ချိပ်တံဆိပ် ရိုက်နှိပ်ကာ မေလအတွင်း မြောက်ဦးမြို့ အရောက် ပေးပို့လိုက်သည်။

စစ်တကောင်း ဘုရင်ခံချုပ် တွက်ဆထားသည့် အတိုင်းပင် ရခိုင်ဘုရင် သီရိဓမ္မသည် တိုင်စာကို မှန်မမှန် စုံစမ်း စစ်ဆေးခြင်း မပြုဘဲ လက်ခံခဲ့လေသည်။ ပေါ်တူဂီတွေဟာ ဒီလိုပဲ သစ္စာဖောက်နေကျ ဖြစ်နေသည် ဟူ၍လည်း တထစ်ချ ယုံကြည်ထားပေသည်။ သို့ဖြစ်၍ ရေကြောင်း ဗိုလ်ချုပ်အား တိုက်လှေကြီး ငါးရာပါဝင်သော ရေတပ်တစ်ခု ဖွဲ့စေပြီး မဂိုစစ်တပ်တွေ လှုပ်ရှား သွားလာခြင်း မပြုမီ ဒီယင်းဂါးမြို့သို့ တင်ကြို ချီတက် စေခဲ့လေသည်။ ဖြစ်နိုင်လျှင် ပေါ်တူဂီများကို အလစ်တွင် အံ့အားသင့်သွားအောင် တိုက်ခိုက်ပြီး လက်နက် သိမ်းခဲ့ရမည်။ အကြောင်း မညီညွတ်ခဲ့သော် ဒီယင်းဂါးမြို့ကို တပ်နှင့် ဝိုင်းထားရမည်ဟု အမိန့်တော်မြတ် မှတ်တော်မူလေတော့၏။

ရေတပ်ကြီး စစ်ထွက်ရန် ပြင်ဆင်နေပြီး ဟူသော သတင်းမှာ ပျံ့နှံ့လျက် ရှိလေသည်။ မိုးဦး ကျလာပြီ ဖြစ်၍လည်း ယခုလို လေထဲ မိုးထဲ ရေကြောင်းမှ စစ်ချီရမည့် အရေးမှာ သေးငယ်သော အရေး မဟုတ်တန်ရာ ဟူ၍ လူတွေစိတ်၌ အတွေး နယ်ချဲ့ပြီး အမျိုးမျိုး ထင်ကြေး ပေးနေကြသည်။ အတော်ပင် အရေးကြီးနေသောကြောင့် ဖြစ်မှာပဲဟု အမျိုးမျိုး တွေးတော စိုးရိမ် နေကြပေသည်။ ဘယ်လို အရေးများပါလိမ့်၊ ပြီးတော့လည်း ရေကြောင်း ကျွမ်းကျင်သည့် ပေါ်တူဂီ စစ်တပ်တွေ၊ ယူရေးရှင်း ကပြားတွေကိုတော့ မထည့်ဘူးတဲ့ ဟူသော တီးတိုး စကားများတို့လည်း နေရာတကာ၌ ပျံ့နှံ့နေပေသည်။

မြောက်ဦးမြို့တွင် ပေါ်တူဂီလူမျိုး အတော်များများ နေထိုင်လျက် ရှိရာ ၎င်းတို့လည်း အထက်ပါ သတင်းများ အတွက် စိုးရိမ်မကင်း ဖြစ်လာကြသည်။ သို့နှင့် သူတို့သည် မြို့တွင်းသို့ ထွက်၍ စနည်း နာကြသည်။ စုံစမ်း ထောက်လှမ်းရေး လုပ်ကြသည်။ အချို့ ပေါ်တူဂီတို့၏ သားမယားများမှာ နန်းမြို့အတွင်း၌ ခင်မင် ရင်းနှီးသော မိတ်ဆွေများ ရှိကြပါ၏။ သို့ရာတွင် ထိုအခါက နန်းမြို့ အတွင်းသို့ လူတိုင်းသွားလာ၊

myanmar teashop www.mmteashop.com

ဝင်ထွက်နိုင်သည် မဟုတ်ပေ။ တရုတ်ပြည်၏ ပီကင်းမြို့ တော်ကြီးကဲ့သို့ လူဝင်လူထွက်ကို ကြပ်တည်းစွာ တားမြစ် ထားပေသည်။

ထိုအမျိုးသမီးတို့လည်း သတင်းမှန်ကို ရဖို့ရန် မလွယ်ကူလှပေ။ နန်တော်တွင်း၌ကား ထိုသတင်းမှာ ပလူပျံနေပေပြီ။ မင်းညီမင်းသားများ၊ မင်းသမီးများ၊ မိဖုရား၊ မောင်မမိဿံများနှင့် ရံရွေတော်များ အချင်းချင်း ဆုံမိလျှင် ထိုအရေးအခင်းနှင့် ပက်သက်သော စကားမှ တစ်ပါး အခြား ပြောစရာ စကား မရှိတော့သလို ဖြစ်နေကြသည်။ ဘယ်သတင်းက မှန်သည်ဆိုရန် ခက်သော်လည်း ထိုစစ်ပြင်ဆင်ရေးကို ဋီကာချဲ့၍ တီးတိုးစကား ပြောဆို နေကြသည်ကိုမူ အတော် ခံတွင်း လိုက်နေကြဟန် ရှိပေသည်။

ပေါ်တူဂီ လူမျိုးတို့လည်း ကြားရသော သတင်း စကားမျိုးစုံတို့ အထဲမှ မှန်ကန်သည့် အချက်အလက်များကို စုဆောင်း ရရှိသည်နှင့် တစ်ပြိုင်နက် ဒီယင်းဂါးမြို့သို့ လူလွှတ် စေကာ စာနစ်စောင် ပို့လိုက်လေ၏။ ထိုစာတို့မှာ တစ်စောင်ကို ကျောင်းထိုင် ဘုန်းကြီးထံသို့ လည်းကောင်း၊ အခြား တစ်စောင်ကို စစ်ဗိုလ်များ ထံသို့လည်းကောင်း အသီးသီး လိပ်စာ တပ်လျက် ဘုရင်မင်းမြတ်ထံမှ ရောက်လာမည့် ဘေးအန္တရာယ်များ အတွက် သတိ ပေးလိုက်သော စာများ ဖြစ်ကြ ပေသည်။ သတင်းပို့သော ဆက်သားလည်း ဇွန်လ (၁၉) ရက်နေ့မှ မြို့တော်မှ ထွက်ခဲ့ရသော်လည်း ဇွန်လ (၃၀) ရက်နေ့တွင် ဒီယင်းဂါးသို့ ဆိုက်ရောက်သောကြောင့် မိုးရာသီအတွင်း၌ မှတ်သားလောက်အောင် ခရီးတွင်ခဲ့ပေသည်။

အောက်တိုဘာလမှ မေလအတွင် အနောက်တောင် မုတ်သုန် လေအားနည်းပြီး သွေ့ခြောက်သော ရာသီ၌ မြောက်ဦးမြို့မှ ဒီယင်းဂါးမြို့သို့ ကမ်းရိုးတမ်း တစ်လျှောက် မြှောင်၍ ရေလမ်းခရီးမှ ကောင်းမွန် ချောမောစွာ သွားလာ နိုင်ကြသော်လည်း မိုးတွင်း ရာသီ၌မူ မုတ်သုန်လေမှာ ပြင်းထန် လှသောကြောင့် လှေသင်္ဘောတို့အဖို့ ပင်လယ်ရေပြင်မှာ ကြမ်းတမ်း လွန်းရကား တောင်ပေါ်လမ်းမှသာ အောက်တိုဘာလ တိုင်အောင် မြို့တော်က ထွက်ခွာဦးတော့မည် မဟုတ်သေးဟု ခန့်မှန်း ကြရပေသည်။ သို့ဖြစ်သည့် အားလျော်စွာ လွှတ်လိုက်သော ခြေမြန်တော် ဆက်သားအဖို့ အထူး လျင်မြန်စွာ သွားဖို့ မလိုပေ။

သို့ရာတွင် မိုးတွင်းရာသီပင် ဖြစ်သော်လည်း ရံဖန်ရံခါ လေငြိမ်၍ ပင်လယ် ရေကျသောအခါမျိုး ရှိတတ်ပေသည်။ သို့သော် မိုင်တစ်ရာ လောက်ဝေးသော ရေကြောင်း ခရီးကို ချီတက်ဖို့ အရေးမှာ လှိုင်းတွေ ရေတွေကြားမှသာ သွားလာရ ပေလိမ့်မည်။ ထိုမှ တပါးလည်း ရခိုင်လူမျိုးများ၏ တိုက်လှေ၊ တိုက် သင်္ဘောတို့မှာ သမုဒ္ဒရာကို ဖြတ်သန်း သွားလာရသော ပေါ်တူဂီ သင်္ဘောများ ကဲ့သို့ပင် ကြီးမား ခိုင်ခံ့သော အမျိုးအစားများ ဖြစ်ပြီး နွေမိုးရာသီမရွေး ပင်လယ်ခရီးများကို သွားလာ နိုင်သော အမျိုးအစားများ ဖြစ်ကြရပေလိမ့်မည်။

ဆက်သား ရောက်လာသောအခါ မန်ရစ်မှာ မိမိ နေအိမ်၌ပင် ရှိပေသည်။ သူသည်စာကို ဖတ်ကြည့်ပြီး ဘာလုပ်ရမည်နည်း ဝေခွဲ မရအောင် ဖြစ်သွားလေသည်။ စစ်ဗိုလ်များနှင့် အတူ သူတို့ သင်္ဘောတပ်လည်း လုယက် တိုက်ခိုက်ရန် တခြားခရီး ဝေးသို့ ရောက်နေ ကြသည်။ မြို့တွင် လက်နက်ကိုင် စစ်သားနှင့် တူသူပင် တစ်ယောက်တစ်လေမျှ ကျန်ရစ် ခဲ့ဟန် မတူပေ။ နောက်မှ သူသတိရပေသည်။ ဖျား၍ နောက်ချန် နေရစ်ခဲ့သော ကပ္ပတိန် ဗိုလ်ကြီးတစ်ဦးတော့ ရှိသေး၏။ ၎င်းကား ဂုံဆယ်လ်တီဘာအို Gonsales အဆိုပါ ပင်လယ်ဓားပြ တီဘာအိုကား လွန်ခဲ့သော နှစ်ပေါင်း (၂၀) ခန့်က ဆင်းဒွစ်ကျွန်း၌ ဘုရင် လုပ်နေခဲ့ဖူးသူ

ဖြစ်သတည်း။ ယခု လူငယ် တီတာအိုသည်လည်း အရေးပါသော ခေါင်းဆောင် တစ်ယောက် ဖြစ်ပေသည်။ သို့နှင့် မန်ရစ်သည် စစ်သားတို့ကို ထိုသူထံသို့ ချက်ချင်း သွားရောက် တွေ့ဆုံ စေရလေသည်။

စစ်ဗိုလ် တီတာအိုသည် စာကို ဖတ်လိုက်ရလျှင် မိမိ အဖျား ရောဂါကိုပင် သတိမရ နိုင်တော့ဘဲ အိမ်ရာမှ လူးလဲထပြီး အထမ်းသမား နီဂရိုးများကို ခေါ်၍ ဘုန်းကြီး မန်ရစ်ထံသို့ ထမ်းစင်နှင့် ချက်ချင်း ထွက်လာ ခဲ့လေသည်။ ဗိုလ်ကြီးလည်း မိမိတို့အဖို့ အန္တရာယ် အကြီးအကျယ် ဆိုက်လာပေပြီ။ ဒီဘေးအန္တရာယ်ကို ရင်ဆိုင်ဖို့ အကြံသစ်၊ ဉာဏ်သစ်များ ပေးပါဦး ဟု ပွင့်ပွင့် လင်းလင်းပင် ပြောဆို တောင်းပန် လေတော့သည်။ သို့နှင့် မန်ရစ်သည် အငြိမ်းစားယူနေသော စစ်ဗိုလ်ဟောင်း သုံးဦးကို အမြန် ခေါ်စေ ရပေတော့၏။

သူတို့လည်း ချက်ချင်းလိုလို ရောက်ရှိလာကြပြီး ဇရာထောင်း၍ နီရဲပြီး အသားအရေ တွန့်နေသော မျက်နှာများဖြင့် အထူးအဆန်း ဖြစ်နေဟန်ဖြင့် အနီးတွင် ဝင်ရောက်၍ ထိုင်ကြလေ၏။ ဘုန်းကြီးသည် ထိုလူကြီးများကို ဘာလုပ်ဖို့ ခေါ်ပါသနည်း။ သူတို့အား အဖြစ်အပျက်ကို အကျဉ်းချုပ်ပြောပြကာ အကြံဉာဏ် တောင်းလေတော့၏။

အဘိုးကြီး တစ်ယောက်က ရေတပ်ကို လိုက်၍ခေါ်ရန် လျင်မြန်သော လှေယာဉ်တစ်စင်း စေလွှတ်သင့်ကြောင်း အကြံပေးလေသည်။ သို့ရာတွင် ထိုအကြံ မဟန်ကြောင်း ဝိုင်း၍ ကန့်ကွက်ကြ၏။ အကြောင်းကား လှေတစ်စင်းတည်း လွှတ်လိုက်လျှင် လမ်းခရီး၌ ရန်သူ အတိုက်အခိုက် ခံရပြီး လိုရာသို့ ရောက်မည်မဟုတ်၊ ထိုပြင်လည်း သင်္ဘောတပ်သည် ဆန္တာဘန် (ဂင်္ဂါမြစ်ဝကျွန်းပေါ်) ဒေသသို့ ရောက်လျှင် လူစု လှေစု ခွဲ၍ ချောင်းကြိုမြစ်ကြား တို့၌ အနှံ့အပြား ထွက်ဝင် သွားလာ နေကြမည်ဖြစ်ရာ ထိုလူများကို လိုက်လံခေါ်ယူ စုဆောင်းဖို့ရန် အချိန်များစွာ ကြန့်ကြာ ဦးမည် ဖြစ်သော ကြောင့်တည်း။

အခြား အဘိုးကြီး၏ အကြံကား "အကောင်းဆုံးကတော့ ဘုန်းကြီးကိုယ်တိုင် တီဘာအိုနှင့် အတူ ရခိုင်ဘုရင့် နန်းတော်သို့ သွား၍ ပေါ်တူဂီတို့ကို သစ္စာဖောက်ဟု စွပ်စွဲသည်မှာ မမှန်ကြောင်း၊ အထောက်အထား မရှိကြောင်း၊ ယခုပင် ပေါ်တူဂီ စစ်ဗိုလ်တို့ ဘုရင့် အမှုတော်ကို ရှိသေစွာ ထမ်းရွက်လျက် နယ်စပ် ဒေသာကို ရန်သူများ မနှောက်ယှက်စေရန် ချီတတ် တိုက်ခိုက် နေကြသဖြင့် ဒီယင်းဂါးမြို့မှာပင် သူတို့ မရှိကြပါဟု ရှင်းလင်း လျှောက်ထား စေလိုကြောင်း၊ ဘုရင်မင်းမြတ်သာ ဤစကား ကြားပါလျှင်၊ ထို့ပြင် ဘုန်းကြီးကဲ့သို့ သြဂတ်စတင် ဂိုဏ်းဝင် ဘုန်းကြီးတစ်ပါးကို မြင်ရလျှင် စိတ်ထားတော် ပြောင်းပြီး ရေကြောင်းဗိုလ်ချုပ်အား အခြေအနေကို စုံစမ်းရန် အလို့ငှာ ချီတတ်ရေးကို ခေတ္တ ဆိုင်းငံ့ထားဖို့ မိန်ဆိုကောင်း မိန့်ဆို ပါလိမ့်မည်"ဟု အကြံပေးလေသည်။

ထိုအကြံအစည်မှာ ခိုင်လုံသော အထောက် အထားရှိ၍ ထိုအတိုင်း လိုက်နာ လုပ်ကိုင်ရန် အားလုံး သဘော တူကြလေသည်။ သို့နှင့် အချိန် အလဟဿ မကုန်စေရန် မန်ရစ်နှင့် ကပ္ပတိန် တီတာအိုတို့ နှစ်ယောက်သား နောက်နေ့ပင် ခရီးစ၍ ထွက်ရန် ဆုံးဖြတ် လိုက်ကြ လေတော့သည်။

❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖

## အခန်း (၈)

## ကျားနှင့်ရင်ဆိုင်

သေတ္တာများကို အမြန်ဆုံးနည်းဖြင့် ထုတ်ပိုးကြရပေသည်။ စားနပ် ရိက္ခာ ယူသွားဖို့မလို လမ်းခရီးတွင် ရနိုင်ပေသည်။ သို့ရာတွင် စရိတ်ကြေးငွေနှင့် လက်ဆောင်ပစ္စည်း မပါလျှင် မပြီး၊ ၎င်းပြင် အခြား ကိစ္စတွေလည်း ရှိသေးသည်။ သေနတ်ကိုင် တပ်သားတွေ၊ ၎င်းတို့၏ အိမ်သူ အိမ်သားတွေ၊ ကုန်သည်တွေ၊ အကျဉ်းသားတွေ၊ အခြား တိုင်းရင်းသားတွေ ရှိနေကြသည်။ သို့သော် ဘုရားရှိခိုး ကျောင်းလည်း မရှိ၊ သာသနာပြု ဘုန်းကြီးလည်း မရှိ၊ ရခိုင် ဘုရင်သည် မဂိုဘုရင်များကဲ့သို့ ခရစ်ယာန် သာသနာပြုများအတွက် သင့်လျော်သော နေရာ ထိုင်ခင်း ပေးထားခြင်း မရှိချေ။ ခရစ်ယာန် ဘုန်းကြီးတစ်ပါး ရောက်လာပြီဟု သိလျှင် လူများ အုပ်လိုက်၊ သင်းလိုက် လာရောက် တွေ့ဆုံကြမည်ဟု တထစ်ချ တွေးမိထားသည်။ ထို့ကြောက့် လိုအပ်မည် ထင်သော အသုံးအဆောင်တို့ကို ယူဆောင်သွားရ ပေလိမ့်မည်။ ခရစ်ယာန် သာသနာရေး၌ မရှိမဖြစ်သော ဝိုင်အရက်၊ အရက် ထည့်ရန် ခွက်နှင့် သမ္မာကျမ်း စာအုပ်များ မပါလျှင် ဖြစ်ပါမည်လော။

မိမိတို့ ခြေလှမ်းကို ဘုရင်ခံ၏ သူလျှိုများ မရိပ်မိစေရန် မိုးချုပ်မှ မြို့ကထွက်ဖို့ ဆုံးဖြတ်ကြသည်။ မွန်းလွဲပိုင်းတွင် ကက်သလစ် ဂိုဏ်းဝင်များ ဘုရားကျောင်း၌ စုဝေး ရောက်ရှိ လာကြသဖြင့် မန်ရစ်က မိန့်ခွန်း အနည်းငယ် ပြောကြားပြီး မိမိနှင့် တီဘာအို အတွက် ဆုတောင်း ပတ္ထနာ ပြုစေလေသည်။

မိုးတွင်း၌ ခရီးသွားရသည်မှာ မလွယ်ကူပေ။ လမ်းခရီးတွင် ဘေးဥပဒ် အန္တရာယ် ထူပြော လှသည်။ ထို့ပြင်လည်း မြောက်ဦးမြို့သို့ ရောက်ပြန်တော့ သူတို့ကို ဘုရင်မင်းမြတ်က အကြည်အသာ လက်ခံ လိမ့်မည်ဟု မည်သူ ပြောနိုင်အံ့နည်း။ သို့ပေမယ့် သူတို့ မသွားလို့ မဖြစ်၊ သွားရမည်သာ လက်ရှိ လူတွေ၏ အသက်စည်းစိမ်သည် လည်းကောင်း၊ ဒီယင်းဂါး မြို့ရှိ ခရစ်ယာန် သာသနာသည် လည်းကောင်း ယခု သူတို့သွားမည့် ခရီးပေါ်၌ လုံးဝ တည်နေ ပေတော့သည်။

မိုးချုပ်သည်နှင့် တစ်ပြိုင်နက် အသီးသီး နှုတ်ဆက်ကြပြီးလျှင် လှေကြီး တစ်စင်းပေါ်သို့ တက်ခဲ့ ကြလေတော့သည်။ ခရီး၏ ပထမ တစ်စိတ် တစ်ဒေသကို လှေဖြင့် သွားကြရမည်။ အဘယ်ကြောင့် ဆိုသော် ဒီယင်းဂါးနှင့် ရာမူးမြို့အကြား အိန္ဒိယပြည်နှင့် ရခိုင်ပြည်နယ်ကို ခွဲခြား ထားသော တောင်တန်းကြီးမှ ချောင်းဦးတို့ အများအပြား ဖြတ်သန်း စီးဆင်း နေသောကြောင့်တည်း။ ပင်လယ်ထဲ ရောက်မသွားအောင် ရှောင်ကွင်းဖို့ အရေးမှာ ထိုချောင်းများ အတိုင်း လိုက်သွားပြီး လှော်ခေတ်သွားမှသာ ဖြစ်နိုင်ပေမည်။ ရာမူးမြို့သည် အဖြောင့်အတိုင်း ဆိုလျှင် တောင်ဘက်သို့ မိုင်ခြောက်ဆယ် မျှသာ ကွာဝေးသော ပင်လယ်

ကမ်းခြေ၌ တည်ရှိသော်လည်း ချောင်းဦးတိုများ အတိုင်း ကွေ့ကောက် သွားလာ ရသောကြောင့် သုံးရက်ခန့် ကြာအောင် ခရီးခပ်ပြင်းပြင်း သွားခဲ့ကြရပေသည်။

ထိုမြို့တွင် ရခိုင်ဘုရင်ခံ (မြို့ဝန်ကို ဆိုလိုသည်) တစ်ဦး ရှိသည်။ သို့သော် ထိုဘုရင်ခံသည် ပေါ်တူဂီလူမျိုးများနှင့် ခင်ခင်မင်မင် ရှိသူ ဖြစ်ကြောင်း သိရသဖြင့် ၎င်းထံသို့ သွားရောက် တွေ့ဆုံပြီး အိန္ဒိယပြည်ဖြစ် ပိတ်ချောများ လက်ဆောင်ပေးကြလေသည်။

ဘုရင်ခံလည်း သူတို့ကို ညှော့ဝတ်ကျေပွန်စွာ လက်ခံတွေ့ဆုံသဖြင့် သူတို့၏ ခရီးစဉ်နှင့် ပတ်သက်၍ ဖွင့်ဟ တိုင်ပင်ကြသောအခါ ဘုရင်ခံက သူတို့ ယခုလို သွားရောက်ခြင်း၏ ရည်ရွယ်ချက်မှာ အမြော်အမြင်ရှိရာ ရောက်ကြောင်းနှင့် ရခိုင်ဘုရင်၏ ကြံရွယ်ချက်များကိုပါ သူသိသမျှ ပြောပြလိုက်ပေသည်။

မိုးထဲလေထဲ သွားရသည်ဖြစ်၍ ရှေ့ဆက်ရဦးမည့် ခရီးမှာ အတော် ဆိုးဝါး ကြမ်းတမ်း ပေသည်။ ပင်လယ်ဘက်က သွားရမှာကလည်း သူတို့၏ လှေမှာ ငယ်လွန်းလှ၏။ ထို အခိုက်အတန့် မှာပင် မိုးရာလေပါ သည်းထန်စွာ ရွာသွန်းနေဦးမည့် လက္ခဏာရှိသည်။ မြောက်ဦးမြို့ကို ရောက်မည်ဟု မည်သို့ ခန့်မှန်း နိုင်ပါမည်နည်း စသည်ဖြင့် ထင်မြင်ချက် ပေးနေတော့၏။

သူပြောနေသည်မှာ စိတ်ကူးနှင့် ရေရမ်းမှန်းဆ ပြောနေခြင်း မဟုတ်ပေ။ အမှန် စင်စစ် အားဖြင့် မေလမှ အောက်တိုဘာလ အတွင်း ရခိုင်ပြည်နယ်၌ မိုးရေချိန် လက်မ သုံးရာကျော်ခန့် ရွာတတ်လေသည်။

ထိုအခါ ပေါ်တူဂီတို့က "ဤနေရာမှ ကုလားတန်မြစ်ကမ်း အထိ မိုင်တစ်ရာခန့်က ခရီးကို ကမ်းခြေ အတိုင်း ခြေကျင်သွားပြီး ထိုမှ တစ်ဖန် မြောက်ဦးမြို့ အရောက် အဆင်ပြေသလို ဆက်လက် သွားကြမည်" ဟု ပြန်လည် ပြောပြသောအခါ ဘုရင်ခံက မိမိ၏ ကိုယ်ရံတော်အား ယင်းသို့သွား၍ ဖြစ်နိုင် မဖြစ်နိုင် မေးမြန်း စုံစမ်းပြီး မည်သို့မျှ သွားလို့ ရနိုင်မည် မဟုတ်ကြောင်း၊ လမ်းတွင် တောင်ကျချောင်းများ ရှိရာ ထိုချောင်းတို့လည်း အလွန် နက်စောက်ပြီး ရေစီး သန်းလှသဖြင့် ဆင်များပင် ဖြတ်မကူး နိုင်ကြောင်း၊ သူတို့ ရေနောက်ကို လိမ့်ပါ သွားလိမ့်မည် ဖြစ်ကြောင်း အမျိုးမျိုး အကြောင်း ပြ၍ တားမြစ် ကြလေသည်။

ထို့နောက် ဘုရင်ခံက ခြေမြန်တော်များ သွားလေ့ရှိသော တောင်ပေါ်လမ်း အတိုင်း သွားနိုင်မည် ဆိုလျှင် ဖြစ်နိုင်စရာ ရှိကြောင်း၊ ထိုလမ်းမှာ မေယု မြစ်ကမ်းရှိ ပီရွမ် (peroem) (ပီရွမ်မြို့မှာ ယခု မရှိတော့ဟု စုံစမ်း သိရသည်) ပဲရုံမြို့က လာသော လမ်းဖြစ်၍ ထိုမြို့မှ တစ်ဆင့် မြောက်ဦး ရွှေမြို့တော်သို့ ရေကြောင်းခရီးဖြင့် ဆက်လက် သွားနိုင်ကြောင်း အကြံပေးလေသည်။

ထိုခရီးမှာ အလွန် ကျားပေါသဖြင့် တစ်ခါတစ်ရံ လမ်းစပျောက်ပြီး လမ်းမှား တက်သဖြင့် မလွယ်ကြောင်း တီဘာအိုက ပြောသောအခါ ဘုရင်ခံက နှစ်ရက်လောက် စောင့်မည် ဆိုလျှင် သူတို့ အတွက် လမ်းပြ ထည့်ပေးနိုင်မည် ဖြစ်ကြောင်း၊ ဖမ်းဆီး ရရှိထားသော ကုလားလူမျိုး သုံ့ပန်း ငါးဆယ့်သုံးယောက်ကို မြို့တော်သို့ ပို့ပေးရန် ရှိရာ အစောင့် တပ်သားများ ထည့်ပေး လိုက်မည်ဖြစ်၍ လမ်းခရီးအတွက် စိုးရိမ်စရာ မရှိကြောင်း ပြောပြလေသည်။

myanmar teashop www.mmteashop.com

ထိုလူစုနှင့် လိုက်သွားရလျှင် အကောင်းဆုံး ဖြစ်တော့သည်။ သားရဲ တိရစ္ဆာန်တို့ ဘေးအန္တရာယ် အတွက်လည်း အတော် စိတ်ချရသည်။ လမ်းပျောက်မှာလည်း မစိုးရိမ်ရ တော့ချေ။ သို့နှင့် နှစ်ရက်တာမျှ ခေတ္တ ရပ်နားဖို့ ဆုံးဖြတ် လိုက်ကြတော့၏။ သူတို့အဖို့ ကံကောင်းသော အခွင့်အလမ်း တစ်ခုပေတည်း။

ဒုတိယ မြောက်သောနေ့ ညနေတွင် အကျဉ်းသားတို့ကို စစ်သား သုံးဆယ် စောင့်ကြပ်ကာ ရောက်ရှိ လာကြတော့သည်။ သူတို့ကို လက်ထိတ်များ ခတ်ထားပြီး တစ်ယောက်နှင့် တစ်ယောက် သံကြိုးဖြင့် ဆက်တွဲ ချည်နှောင် ထားလေသည်။ လူများမှာ ဟိန္ဒူရော မူဆလင်ပါ အရွယ်အစားစား ပါဝင်လေသည်

နောက်တစ်နေ့ နံနက်စောစော သူတို့လူစု စတင် ခရီး ထွက်ကြလေသည်။ မန်ရစ်နှင့် အတူ စကားပြန်နှစ်ဦးနှင့် အစေခံတစ်ယောက် လိုက်ပါ၍ တီဘာအိုနှင့် အတူ အစေခံအချို့နှင့် ကျွန်များ လိုက်ပါကြသည်။ ထိုအခါက ကျေးကျွန် အစေခံများသည် သူတို့ သခင် ကိုးကွယ်သော ဘာသာကို လိုက်၍ ကိုးကွယ်ကြသဖြင့် ထိုလူအားလုံး ခရစ်ယာန် ဘာသာဝင်များ ဖြစ်ကြသည်။

မြို့ဝန်သည် သူတို့အတွက် ဆင်နှစ်စီး ထည့်ပေးလိုက်ရာ တစ်စီးတွင် ဝန်စည် စလယ်များ တင်ဆောင်၍ အခြားတစ်စီးတွင် ဘုန်းကြီးနှင့် ကပ္ပတိန်တီဘာအိုတို့ သက်သောင့်သက်သာ စီးရန် မွေ့ရာ ကော်ဇော ခင်းထားသော ဖောင်းကားတစ်ခု တင်ထားလေသည်။ သူတို့သည် ပထမ ခြောက်မိုင် ခရီးကို ဆင်မစီးဘဲ သက်သက်သာသာ သွားရန် လှေနှင့် ထွက်ခွာ ခဲ့ကြသည်။

သစ်တော ထူထပ်သည့် တောင်စွယ် သုံးခုဆိုင်သို့ ရောက်သော် အသီးသီး လှေမှဆင်းကာ စောင့်နေသော ဆင်များနှင့် တွေ့ဆုံသောအခါ လှေပေါ်မှ ဝန်စည် စလယ်များကို ဝန်တင် ဆင်သို့ သယ်ယူ တင်ဆောင်ကြသည်။ ထို့နောက် ရှေ့ခရီးကို စွန့်စွန့်စားစား ဆက်လက် ထွက်ခွာခဲ့ကြ ပြန်၏။

မကြာမီ နွားမတမ်းတမျှ ထွားကျိုင်းသော ကျားကြီးတစ်ကောင် ချုံထဲမှ ဘွားခနဲ ခုန်ထွက် လာပြီး သေနတ် တစ်ချက်မျှ မဖောက်ရမီ အစောင့်တပ်သား တစ်ယောက်ကို အတင်း ဆွဲပြေး လေတော့သည်။ ထိုစစ်သားမှာ ကျား၏ ပါးစပ်ထဲတွင် ခွေးငယ်လေး တစ်ကောင်ကဲ့သို့ မလှုပ်မယှက် ပါသွားလေတော့၏။ အဖော်တို့လည်း လှံများ ဆွဲကိုင်ကာ အော်ဟစ် ခြောက်လှန့်ရင်း ကျား၏ နောက်သို့ ဝိုင်းအုံ၍ လိုက်ကြလေ၏။ ကျားလည်း သစ်တော ထူထပ်ရာသို့ လျင်မြန်စွာ ပြေးဝင်နေစဉ် တီဘာအို၏ အစေခံတစ်ယောက်က သေနတ်နှင့် လှမ်း၍ ပစ်လိုက်မှ လူကောင်ကို ချခဲ့ပြီး ချုံထဲသို့ တိုးဝင်ပျောက်ကွယ် သွားလေ တော့သည်။ သို့သော် လူကောင်မှာ ကိုင်ဆောင့်ထား သကဲ့သို့ ပျော့ခွေနေပြီး အူနှင့် အသည်းများ ထွက်နေကာ ကျောပြင်မှ သွေးဒလဟော ထွက်နေတော့၏။

သူ၏ အဖော်များသည် သူ့ကို လှေဆီသို့ ချက်ချင်း သယ်ယူရန် ပြင်ဆင်ကြလေသည်။ သို့ရာတွင် တီဘာအိုသည် ဘုန်းကြီးထံ ပြေး၍ တစ်စုံတစ်ရာ စီမံပေးရန် ပြောဆိုရာ မန်ရစ်လည်း ကတိုက်ကရိုက် လိုက်ပါခဲ့လေသည်။ ထိုလူမှာ ဒဏ်ရာ ပြင်းထန်သော်လည်း အသက်မသေဘဲ သတိ ကောင်းစွာ ရလျက် ရှိပေသည်။ မန်ရစ်သည် ဆေးဝါးဖြင့် ကုသရန် မတတ်နိုင်သော်လည်း စိတ်ဓါတ်အားဖြင့် ကုသရန် ကြိုးစားလေသည်။

သို့နှင့် မန်ရစ်သည် လူနာ၏ အနီး ရှို့ထဲ၌ ဒူးထောက် လိုက်ပြီးနောက် သူသည် သေရတော့မည် ဖြစ်သော်လည်း ဘာမှ ကြောက်စရာ မလိုကြောင်း စသည်ကို ဟိန္ဒူ စကားနှင့် ပြောပြနေပေသည်။ လူနာသည်

နားထောင် နေရှာ၏။ ကြမ်းတမ်းသော စစ်သား တစ်ယောက် ဖြစ်စေကာမူ လေးလေးစားစား ရိုရိုသေသေပင် နားထောင် နေပေသည်။ မန်ရစ်လည်း ခရစ်ယာန် တရားများကို ဟောပြောကာ ကောင်းကင်ဘုံကို ညွှန်ပြလျက် ခံစားနေရသော ဒုက္ခတို့မှ အေးငြိမ်းချမ်းသာသော ဌာနသို့ မုချ ရောက်ရမည် ဖြစ်ကြောင်း ဆုမွန်တောင်း၍ ပေးလိုက်ပေသည်။ လူနာလည်း ထိုအချိန်မှာပင် အသက် ပျောက်ရှာ လေတော့၏။

ထိုလူနာကား မည်သည့် ဘာသာဝင်ဟု ဖော်ပြမထားသော်လည်း ရခိုင် လူမျိုးတစ်ဦးဖြစ်၍ ဗုဒ္ဓဘာသာဝင် ဖြစ်မည်ဟု ယူဆရန် ရှိပေသည်။ သူ၏ အဖော်များလည်း မန်ရစ်၏ အပြုအမူကို အထူးအဆန်း သဖွယ် ဝိုင်းကြည့် နေကြလေသည်။ ပြီးမှ လူကောင်းကို ဖျာနှင့် လိပ်ပြီး သယ်ယူ သွားကြကုန်၏။ မိုးကား သည်းမြဲသည်းလျက်ပင်။ သူတို့သည် သစ်ပင်ကြီး တစ်ပင်အောက်၌ ကျင်းနက်စွာ တူးပြီး လူကောင်းကို မြှုပ်နှံ လိုက်ကြ လေတော့သည်။

myanmar ONLINE teashop
www.mmteashop.com

## အခန်း (၉)

## တောတွင်းတရားပွဲ

စစ်တကောင်းနှင့် ရခိုင်အကြား ကုန်းလမ်း တစ်လျှောက်တွင် တောအထပ်ထပ် တောင်အတန်တန် ပြင်းထန် ရှည်လျားသော ခရီးတစ်လျှောက် ချောင်ကြို မြောင်ကြား တောင်နှာမောင်း များကလည်း စည်းတား၍ ထားသကဲ့သို့ ရှိပေသည်။ ထိုအရပ် ဒေသသို့ စာရေးသူ ကိုယ်တိုင် သွားရောက်ပြီး အနီးကပ် လေ့လာ ဖူးပေသည်။ ဇူလိုင်လကဲ့သို့ မိုးသည်းထန်သော ဥတုတွင် ထိုခရီးကို သွားချင်သူ မရှိပေ။ သို့သော် ကျွန်ုပ်တို့၏ ခရီးသည် ဇာတ်လိုက်တို့မှာကား ထိုခရီးကို (၁၁) ရက်နှင့် ရောက်အောင် သွားခဲ့ကြလေသည်။

ပထမသော် ကျားဆိုး၏ အန္တရာယ်ကို တကယ်ပင် စိုးရိမ်မကင်း ကြောက်လန့်ခြင်း ဖြစ်ခဲ့ကြ၍ သေနတ်ကို လက်က မချဘဲ မကြာခဏ အကြောင်းမဲ့ ပစ်ဖောက် ခြောက်လှန့်ကာ သတိနှင့် သွားနေ ကြရပေသည်။ သူတို့သည် ညနေ (၄) နာရီ အချိန်ခန့်တွင် နှစ်မိုင် ပတ်လည်ခန့် ကျယ်ဝန်းသော စပါးလယ်ကွင်း တစ်ခု၏ ကွင်းစပ်သို့ ရောက်သွား ကြလေသည်။ ကွင်းစပ်ဟု ဆိုသော်လည်း ရွာနှင့် နီးပြီဟု မဆိုသာ၊ အိမ်နှင့် တူသည်ဟု ပြောစရာ တဲစုတ်တဲပျက် တစ်ခုမျှပင် မမြင်ရချေ။ လယ်ပျက်၊ လယ်ကောဖြစ်၍ စိမ့်စမ်း ညွန်အိုင်နှင့် မြက်ခင်းပြင်ကြီးသာ ဖြစ်တည်နေလေသည်။

ထိုညအဖို့ ထိုနေရာမှာပင် စခန်း ချကြစို့ဟု ဆုံးဖြတ်ကြပြီးလျှင် သစ်ပင်ကြီး တစ်ပင် အောက်ရှိ မြက်တောကြီးကို ဆင်နှင့် နင်းခြေပြီး မြေညှိပြီးမှ ဝန်စည် စလယ်တို့ကို ဆင်ပေါ်မှ ချ၍ နေရာထိုင်ခင်းများ ပြင်ဆင် ကြရပေသည်။ ဖောင်းကားထဲတွင် လည်းကောင်း၊ ဖောင်းကားပြင်ဘက် လေကွယ်ရာ၌ လည်းကောင်း အသီးသီး ဖြစ်သလို မိုးခိုးရင်း နေထိုင် ကြရတော့သည်။ မိုးရွှဲရွှဲစိုထားသည့် အတွက် မီးမွေး၍ မရ နိုင်သောကြောင့် ညစာ ချက်ပြုတ်ရန် အရေးကို စဉ်းစား၍ မရကြတော့ပေ။

တီဘာအိုသည်မူကား အကြံ ပိုင်ခဲ့လေသည်။ သူသည် ခရီးအကြားတွင် စားဖို့ ပေါင်မုန့် ခြောက်များကို လိုလိုမယ်မယ် သယ်ဆောင် ယူလာခဲ့၍ တော်ပေသေးသည်။ သူသည် ဒုက္ခသည် အကျဉ်းသားများကိုပါ လူစေ့အောင် အနည်းငယ်စီ ဝေငှ လိုက်သောကြောင့် ထိုနေ့ ညစာ အဖို့ ဤမျှနှင့် ရောင့်ရဲ ကြရပေတော့သည်။

ကောင်းကင်၌ လထွက်လာသော် လရောင်မှ မှုန်မွဲမွဲနှင့် တဖွဲဖွဲ ရွာသွန်းသော မိုးစက် မိုးပေါက်တို့ကို နိုင်အောင် မတိုးသာဘဲ ရှိလေသည်။ မကြာမီ အနောက်တောင်လေ ကျလာ ပြန်သဖြင့် ဖောင်းကားထဲတွင် ကာရံထားသော စောင်တစ်ထည်မှာ လေထဲသို့ ပါသွား လေတော့သည်။ ထို့နောက် တစ်ဖန် ဖောင်းကား၏

myanmar teashop
www.mmteashop.com

အိုးပါ ပြုတ်ထွက် လွင့်ပါ သွားပြန် လေတော့သည်။ လူတွေလည်း အကုန်လုံး ကြွက်စုတ် ဖြစ်နေကြကုန်၏။ သို့သော် မကြာမီ အတွင်း လေဟုန် လျော့ပါးလျက် မိုးစဲသွားပေတော့သည်။

မန်ရစ်နှင့် ကပ္ပတိန် တီဘာအိုလည်း ဆင်ပေါ်သို့ တက်ကြရပြန်ပြီ။ ယခုအခါ အမိုးအကာ ဗလာနတ္တိနှင့် မိုးလေကို ရင်ဆိုင်လျက် ထိုစိမ့်စမ်း ကွင်းပြင်ထဲက ဖြတ်ကျော်၍ ထွက်ခဲ့ ကြရပြန်လေသည်။ ထိုကွင်းကို လွန်သော် တောင်ကြောတစ်ခု ကာဆီးလျက် ရှိလေသည်။ သူတို့လည်း ထိုတောင်ကြောကို တပင်တပန်း တက်ကြရပြန်၏။ တောင်ထိပ်သို့ ရောက်သောအခါ လေငြိမ်သော်လည်း ဖြူကျဲကျဲနှင့် မိုးသည်းစွာ ရွာချလာပြန်၏။ ထိုအကြိမ်တွင် မိုးသည် ယခင်ကထက် ပြင်းထန်လှသည်။ သို့သော်လည်း တာမရှည် လှပေ။ ထိုည တစ်ညလုံး မိုးမရွာ ပါစေနဲ့တော့ဟု ဘုရားသခင်ကို ဆုတောင်းကြပြီးလျှင် သားရဲ တိရစ္ဆာန်တို့ အန္တရာယ်မှ လွတ်ရာလွတ်ကြောင်း ရှာကြံလျက် သစ်ပင်ပေါ်သို့ တက်၍ သစ်ခွကြားတွင် ထိုင်နေကြရကုန်၏။

အပူပိုင်းဒေသရှိ သစ်ပင်များတွင် ခါချဉ်နှင့် ပုရွက်ဆိတ်ညိုများ အသိုက်အမြုံ လုပ်၍ နေထိုင်လေ့ ရှိကြသည်။ ခါချဉ် ကိုက်ခံရလျှင် ခွေးလေးပျား အထိုး ခံရသကဲ့သို့ အလွန်တရာ နာကျင်လှသည်။ ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီ (၁၉၂၆) ခုနှစ်၊ ဇူလိုင်လ အတွင်းက ရခိုင် ရိုးမတောင်ကို ပထမအကြိမ် ဖြတ်ကျော်ခဲ့သော လေယာဉ်ငယ် တစ်စင်းသည် ယခုနေရာ၌ တောင်ဘက် အတော်ဝေးဝေး၌ ပျက်ကျခဲ့ဖူး၏။ တောသား တို့သည် မေ့လျော့နေသော လေယာဉ်သမား နှစ်ဦးကို တွေ့ကြရသောအခါ ပုရွက်ဆိတ်နှင့် ခါချဉ်များ သည်းနေအောင် ဝိုင်းအုံ ကိုက်ခဲထားသော ဒဏ်ရာများကို မြင်ကြရသည်ဟု သတင်းစာ၌ ဖတ်ရဖူးသည်။

သို့ရာတွင် မန်ရစ်၏ မှတ်တမ်း၌ 'ထိုညအဖို့ မိုးလင်းသည် အထိ မိုးတစ်စက်မျှ မရွာသဖြင့် သစ်ပင်ပေါ်မှာ သက်သာ ရွှင်လန်းစွာ အချိန် ဖြုန်းခဲ့ ကြရပေသည်'ဟု ဖော်ပြထားပေသည်။

မိုးသောက်လေသော် သူတို့ အားလုံး တောင်ထိပ်မှ အောက်ဘက်သို့ အဆင်းလမ်း အတိုင်း လိုက်လာခဲ့ရာ တောင်ခြေရင်းသို့ ရောက်သောအခါ လူမရှိသော တဲအိုပျက် အချို့ကို တွေ့ရပေသည်။ ထိုတဲများမှာ ဝါးတိုင်၊ သက်ကယ်မိုး၊ ဝါးထရံ ကာထားကြသည်။ ထိုအချိန်၌ လျှပ်စစ်လက်ပြီး မိုးများ ထစ်ချုန်း ရွာသွန်းလာပြန်၍ တဲများ အတွင်းသို့ ဝင်ရောက် ခိုလှုံ ကြရပြန်လေသည်။ မိုးလည်း သည်းထန်လွန်းပေသည်။ သူတို့လည်း ရှေ့ခရီးကို ဆက်ဖို့ရန် မလွယ်ကူတော့ပေ။ သို့နှင့် ထိုတဲများမှာပင် တစ်နေ့နှင့် တစ်ည လုံးလုံး အနားယူသလို မိုးခိုနေကြတော့၏။

ထိုနေ့ ညဥ့်ဦးပိုင်းတွင် မန်ရစ်သည် မူဆလင် သုံ့ပန်းတစ်ယောက်နှင့် စကားလက်ဆုံ ကျခဲ့လေသည်။ ထိုသုံ့ပန်း အနီးသို့ ချဉ်းကပ်၍ စကား စတင်ပြောချိန်၌ မန်ရစ်သည် ဘုရားရှိခိုး ဆုတောင်းစာများကို ပြန်လည် ဖတ်ရှု၍ နေခိုက် ဖြစ်လေသည်။ အဖမ်း ခံခဲ့ရခြင်း၊ ခရီးပြင်း ချီတက်ခဲ့ရ၍ နွမ်းနယ်ခြင်း၊ မရေရာသော ရှေ့ရေးနှင့် ကျွန်ဖြစ်ရတော့မည့် ဘဝ စသော သုခဒုက္ခတွေ အကြားမှာပင် ထိုသူ၏ စိတ်ဓါတ်မှာ ကျဆင်း ညှိုးနွမ်းပုံ မပေါ်ချေ။

အကျဉ်းသား။ ။ "ဘုန်းကြီး... အရှင် ဖတ်နေတဲ့ စာအုပ်ဟာ ဘုရား တရားစာလား"

မန်ရစ်။ ။ "မဟုတ်ပါဘူးကွာ။ ဒီစာအုပ်က ဆုတောင်းပတ္တနာပြုတဲ့ စာအုပ်တွေပါ"

အကျဉ်းသား။ ။ "ဘုန်းကြီးတို့ ခရစ်ယာန်တွေက ဘယ်သူ့ကို ဆုတောင်းကြပါသလဲ"

မန်ရစ်။ ။ "တစ်ဦးတည်းသော ထာဝရ ဘုရားသခင်ကိုပေါ့ကွယ်"

အကျဉ်းသား။ ။ "ကောင်းပါပေ့ဗျာ၊ ဒါပေမယ့် ခင်ဗျားတို့ရဲ့ ဘုရားကျောင်းတွေမှာ ဘာပြုလို့ ရုပ်တုတွေ ပြည့်နှက် နေကြသလဲ။ ခင်ဗျားတို့ဟာ ရုပ်တုတွေကိုလည်း ရှိခိုးကြတယ် ထင်တယ်"

ထိုအမေးကို ဖြေဆိုခြင်း မပြုသေးဘဲ မန်ရစ်က ရယ်မောလိုက်လေသည်။

အကျဉ်းသား။ ။ "ခင်ဗျား ရယ်မောပါသလား၊ ခင်ဗျားတို့ ခရစ်ယာန် အယူဝါဒမှာ ဘုရား စကား တရား စကား ပြောတဲ့အခါ ရယ်မောတဲ့ ထုံးစံ ရှိသလား"

မန်ရစ်။ ။ "ကျွန်ုပ်ရယ်တာ ဘုရားတရားနဲ့ မဆိုင်ပါဘူး။ သင်မေးတဲ့ မေးခွန်းအတွက် ရယ်တာပါ။ ငါတို့ကို သင်က ဟိန္ဒူတွေလို ရုပ်တု ကိုးကွယ်တယ် ထင်လို့လား"

အကျဉ်းသား။ ။ "ဘုန်းကြီးတို့ ရုပ်တု မကိုးကွယ်ဘူး ဆိုရင် ဘာပြုလို့ ဘုရားကျောင်းထဲမှာ ရုပ်တုတွေ ပြင်ဆင်ထားကြသလဲ"

ထိုအခါ မန်ရစ်သည် လက်ဝါးကပ်တိုင်၏ အကြောင်း၊ ခရစ်တော်၏ မယ်တော်အကြောင်း၊ ခရစ်ယာန် သူတော်စင်များအကြောင်း တစ်ခုနှင့်တစ်ခု ကွဲပြား ခြားနားပုံတို့ကိုပါ စိတ်ရှည် လက်ရှည် ရှင်းလင်း ပြောပြနေရပေတော့သည်။

သူတို့နှစ်ဦး အပြန်အလှန် ပြောဆို ဆွေးနွေးနေကြသည်ကို သံကြိုးတန်းလန်းနှင့် အကျဉ်းသားတို့က စုရုံးပြီး တအံ့တသြ နားထောင်ကြလေသည်။ မန်ရစ်လည်း မိမိ ပြောပြသည်များကို သူတို့ အတော်သဘော ကျနေကြသည်ဟု ထင်၍ ဝမ်းသာမိပေသည်။

ထို့နောက် မူဆလင် အကျဉ်းသားက 'ထာဝရ ဘုရားသခင်ဟာ ဘာသာ ဘယ်နှစ်မျိုး လောက်များ စီမံ ဖန်တီး ထားပါသလဲ' ဟု မေးလိုက်လေ၏။ ထိုအခါ မန်ရစ်က သုံးမျိုး ရှိကြောင်း ခရစ်ယာန်ဘာသာ၊ ဂျူးဘာသာနှင့် နောက်တစ်ခု ဖြစ်ကြောင်း ပြန်၍ ဖြေဆို လိုက်သည်။

ထိုအခါ မူဆလင် အကျဉ်းသားက "ခင်ဗျားလို ဘုန်းကြီးပင် အသိပညာ နည်းသေးတာ အံ့သြစရာပဲ၊ ထာဝရ ဘုရားသခင်ဟာ ကမ္ဘာပေါ်မှာ ဘာသာကြီးလေးခု စီမံ ဖန်တီး ထားခဲ့တယ်ဗျ။ ဘာသာ တစ်ခုထက် တစ်ခု ပိုပြီး လွယ်ကူ ရှင်းလင်းအောင်လည်း စီမံ ပေးခဲ့တယ်။ ဒါကြောင့် နောက်ဆုံး ဖြစ်လာတဲ့ တမန်တော် မိုဟာမက်ရဲ့ ဘာသာဟာ အပြည့်စုံဆုံး ဘာသာ ဖြစ်လာတာပေါ့။ ခင်ဗျားတို့ ကိုးကွယ်တဲ့ ဘာသာလည်း ခင်ဗျားတို့ အလျောက် ကောင်းပါတယ်။ အဲဒီဘာသာက ခင်ဗျားတို့ကို ကယ်ဆယ်တာကိုး၊ ဒါပေမယ့် ကျွန်ုပ်တို့ ဘာသာက ခင်ဗျားတို့ ဘာသာထက် ပိုပြီး ကောင်းမွန် ပြည့်စုံတယ်။ ပိုပြီး ကြိုက်စရာ ကောင်းတယ်" ဟု ပြန်၍ ပြောလေ၏။ ထိုအခါ မန်ရစ်က..

မန်ရစ် ။ ။ "မင်းပြောချင်တာ ဒါပဲလား"

အကျဉ်းသား ။ ။ "ဒါတင် မကသေးပါဘူး"

မန်ရစ် ။ ။ "တော်လောက်ပါပြီကွယ်၊ တို့ ဘာသာဟာ သတ္တဝါတို့ကို ကယ်တင် နေတယ် ဆိုတာ မင်းဝန်ခံ ထားပြီပဲ။ ဒါပေမယ့် မင်းကိုတော့ တစ်ခု သတိ ပေးရဦးမယ်။ မင်းတို့ ဘာသာ ဝါဒဟာ သတ္တဝါတွေကို မကယ်နိုင်ဘူးကွယ့်။ နောင် တမလွန် ဘဝကိုသာ ဦးဆောင် နေကြတယ်"

ယင်းသို့ မိမိတို့ ဘာသာကို မခံချိမခံသာ ပြောလိုက်သော အခါ ထိုင်၍ နားထောင်နေသော မူဆလင် အကျဉ်းသားတို့လည်း မိမိတို့ လက်များဖြင့် နားကို အသီးသီး ပိတ်ထားကာ "တော်ဘာ တော်ဘာ" Taubah-Taubash ဟု ကြွေးကြော် နေကြတော့သည်။ 'တော်ဘာ Tau-bah ဆိုသည်မှာ နောင်တတရား - နောင်တရခြင်း' ဟု အဓိပ္ပါယ် ရှိပေသည်။ ထိုအခါ ဘုန်းကြီးလည်း သူတို့ကို တိတ်စေပြီးနောက် မိမိပြောသော စကားကို ထင်ရှားအောင် သာဓက ပြမည်ဆိုကာ သူတို့၏ အမှားများကို ပျောက်စေရန် သမ္မာကျမ်းစာ တစ်ပုဒ်ကို ရွတ်ဖတ် ပြလိုက်ရလေသည်။

သူတို့လည်း အစအဆုံး သည်းခံ၍ နားထောင် နေကြပြီးနောက် အလကာရင် - အလာမိရ်ဘန် Alkah Karim Allah Mihrban ဟူ၍ ကိုရ်အာန်ကျမ်းစာက စာတစ်ပုဒ်ကို နှုတ်မှ ရွတ်ဆိုလျက် မိမိတို့ နေရာသို့ ပြန်သွား ကြလေတော့သည်။ အဓိပ္ပါယ်မှာ ထာဝရ ဘုရားသခင်သည် မေတ္တာတရား ကြီးမားလှပေ၏။ ထာဝရ ဘုရားသခင်သည် ကရုဏာ တရား ကြီးမားပေ၏ ဟူ၍ ဖြစ်သတည်း။

မန်ရစ်သည် အခြား ဘာသာဝင်များကို မိမိဘာသာသို့ ကူးပြောင်းလာစေရန် ဤလို တင်းကျပ်သော နည်းဖြင့် ပြုပြင်၍ ရမည်ဟု မျှော်လင့် နိုင်ပါမည်လော။ မိမိ၏ တရားသော နည်းကို လက်သုံးပြု၍ ရပါအံ့လော။ မည်သည့် အချက်များကို သုံးရ ပါမည်နည်း။ ဤလူများသည် ဘင်္ဂလားပြည် အရှေ့ပိုင်း တောကျေးလက်တွင် နေထိုင်သည့် မူဆလင် ဘာသာဝင်များ ဖြစ်ချေသည်။ သူတို့ကို ခရစ်ယာန် လူဆိုးတွေက ဖမ်းယူခဲ့ပြီး ရခိုင် ဘုရင်ထံသို့ လယ်ယာ အလုပ်ကြမ်း သမားများအဖြစ် ရောင်းစားကြသည်။ သူတို့သည် မိမိတို့အား နိုးဝှက် လုယက် လာသူတို့၏ ဘာသာကို အထက်တန်း ကျသော ဘာသာ တစ်ခုဟု အကြောင်းပြ၍ မဲဆွယ် ဟောပြော နေခြင်းကို 'ထာဝရ ဘုရားသခင်သည် မေတ္တာတရား ကြီးမားလှသည်။ ကရုဏာ တရား ကြီးမားလှသည်' ဟူ၍သာ အဖြေ ပေးခဲ့ကြသည်။ ဆိုလိုရင်းကား ကျွန်ုပ်တို့အပေါ် ဤမျှ ရက်စက်ဖို့ရန် ခွင့်ပြုထားသော သင်တို့ ဘာသာကို ငါတို့ ဘယ်လိုလုပ်ပြီး နှစ်သက် ပါမည်နည်းဟု ဖွင့်မပြောရုံ တစ်မည်သာ ကျန်တော့သည် မဟုတ်ပါလော။

စိန့်ဖရန်စစ်ဇေဗီယာ သာဆိုလျှင် ဤသို့လုပ်မည် မဟုတ်ပေ။ သူသာ ယခုလို အခြေအနေမှာ ရှိနေလျှင် ဆင်ပေါ် တက်စီးနေမည် မထင်၊ ထိုလူတွေနှင့် အတူ လမ်းလျှောက်၊ အတူ ဒုက္ခခံပြီး ငိုကာ ယိုကာနစ်သိမ့် အားပေးကာနှင့် ကောင်းကင်ဘုံကို သူတို့ ကိုယ်စား ဆုမွန်တောင်းလျက် ရွှင်ရွှင်ပြုံးပြုံး ရှိနေပလိမ့်မည်။ ထိုအခါ ဒုက္ခသည် အပေါင်းက သူလည်း ငါတို့လို ဒုက္ခခံပြီး လိုက်ပါလာပါလျက် အားကိုးအားထား တစ်ခုကောင်း ရှိလို့သာ ယခုလို မျက်နှာ မညှိုးဘဲ လိုက်ပါနိုင်တာပဲ၊ ငါတို့ မသိတဲ့ ဒုက္ခ အပေါင်းမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း နည်းကောင်း တစ်ခုခုတော့ ရှိမှာပဲဟု သူ့အပေါ် လေးစား ကြည်ညို လာကြပေလိမ့်မည်။ ယခုတော့ ဤသို့မဟုတ်။ မန်ရစ်သည် သူတို့၏ အတွင်းစိတ်ကို လှုပ်ရှားလာအောင် မစွမ်းဆောင်နိုင်ခဲ့ချေ။ ခရစ်ယာန်တို့သည် သူတို့ကို ကျွန်လုပ်နေကြပါပေါ့လား ဟူ၍ ထိုသူများ၏ စိတ်တွင် စွဲမှတ် သွားတော့မည်ကို မန်ရစ် မရိပ်မိ ရှာချေ။

သို့ပေမယ့် အပူပိုင်းဒေသ တောကြီး မျက်မည်း၌ မုတ်သုတ်ရာသီ၏ ဒဏ်ရာဒဏ်ချက်များ အကြားတွင် ကပြလာခဲ့သော ထိုဇာတ်လမ်းကလေးမှာ အဆုံး မသတ်သေးချေ။ သုံ့ပန်းတို့သည် ကိုရီအာန်ကျမ်းက စကားတစ်လုံးကို ရွတ်ဆို၍ ထွက်ခွာ သွားကြသော်လည်း ၎င်းတို့အထဲက ခပ်ဆတ်ဆတ် ပြန်ပြောခဲ့သော လူတစ်ယောက်မှာ သံသယ ဖြစ်စေ ပြုလာချေပြီ။

ထိုညတွင် သူသည် အဖော်များနှင့်အတူ သံကြိုး တန်းလန်းနှင့် လျောင်းနေစဉ် စောစောက အချေအတင် ပြောခဲ့သည်များကို ပြန်လည် တွေးတောနေမိလေသည်။ သူပြောတာတွေ အကုန်လုံး အမှားချည်းပဲလား။ ဒီလိုဆို လူ့ဘဝကို တန်ဖိုးရှိအောင် လုပ်ပေးနေတာတွေ ဆုံးရှုံး မကုန်ပေဘူးလား။ သေသည့်၏ အခြားမဲ့၌ ဘာမှ မျှော်လင့်စရာ မရှိတော့ဘူးလော။ တမန်တော်ကို ယုံကြည် ကာကွယ် ခဲ့ခြင်းကြောင့် ဒီလို ဒုက္ခတွေ တွေ့ကြုံ ခံစား နေရတာများလား၊ မိမိ၏ ကုသိုလ်ကံသည် မိမိ ယုံကြည် ထားသလောက် အင်အား မကြီးလို့ဘဲလား၊ ထာဝရ ဘုရားသခင်သည် မိမိကို ကျွန်ဘဝသို့ ရောက်စေလျက် ဒုက္ခနှင့် အရင်း တည်စေပြီးမှ အမှန်တရားဆီသို့ ခေါ်ဆောင် လာခဲ့ပေသလော။

ထိုသူသည် ယင်းသို့သော သံသယဖြင့် အမျိုးမျိုး စဉ်းစားဝေဖန်ကာ စိတ်ချောက်ချား၍ နေတော့သည်။ သို့နှင့် နောက်နေ့ နံနက်စောစောတွင် ခရီးမထွက်မီ မန်ရစ်ထံသို့ သွား၍ "ကျွန်တော် ညက ခင်ဗျား ပြောတာတွေ ကြားယောင်ပြီး တစ်ညလုံး အိပ်လို့မရအောင် စိတ်ချောက်ချားနေခဲ့ရတယ်။ ဒါကြောင့် ရွှေမြို့တော်သို့ ရောက်တဲ့အခါ ထိုအကြောင်းကို ထပ်မံ ဆွေးနွေးဖို့ မကောင်းဘူးလား" ဟု မေးလိုက်လေသည်။ ထိုအခါ မန်ရစ်က..

"ယခုည တို့စခန်းချတဲ့ နေရာမှာ ထပ်ဆွေးနွေးတာပေါ့"

သုံ့ပန်း ။ ။ "ကျွန်ုပ်အဖော်များ မြင်ရင် သင်္ကာမကင်း ဖြစ်ပြီး ကျွန်ုပ်ကို မုန်းတီး ရွံရှာသွားကြမှာ စိုးတယ်။ မြို့တော်မှာ ဆိုရင် အခွင့်သာစရာတွေ အများကြီးပါ"

မန်ရစ် ။ ။ "ဒါပေမယ့် မတော်လို့ လမ်းခရီးမှာ မင်းသေချင် သေသွားမယ် ဆိုပါတော့၊ မင်း အမှန်တရားနဲ့ လွဲမသွားနိုင်ဘူးလား"

သို့သော် သုံ့ပန်းကား သူ၏ အဖော်များ ဆူပူမည်ကို စိုးရွံ့ဟန်ဖြင့် နှုတ်မှ တစ်စုံတစ်ရာ ညည်းတွားရင်း ပြန်လှည့် သွားပါချေတော့၏။ မန်ရစ်သည် ထိုလူကို နောက်ထပ် စကားပြောဖို့ အခွင့် မသာတော့ချေ။ ရခိုင်ပြည်နယ်သို့ ရောက်ပြီးနောက် ထိုသူကို နေရာအနှံ့ ရှာဖွေခဲ့သော်လည်း သတင်းသန့်သန့်မျှ မကြားရတော့ချေ။

## အခန်း (၁၈)

## တောင်ပေါ်က ဆင်းတုတော်

သူတို့ တဲထဲက ထွက်ခွာ လာခဲ့ကြသောအခါ မိုးရွာ နေသေးသည်။ သို့ရာတွင် သိပ်မသည်း လှချေ။ လမ်းသည် ကျောက်တုံး ကျောက်ခဲ ထူထပ်သော တောင်းကုန်ပေါ်သို့ ရေးရှုလျက် ရှိသည့်အတိုင်း တဖြည်းဖြည်း မြင့်၍ မြင့်၍လာသည်။ ခြောက်မိုင်လောက် ခရီး ပေါက်သော အခါ ကျွဲရိုင်း တစ်အုပ်နှင့် ရင်ဆိုင် တိုးပြန်ချေသည်။ ၎င်းတို့ကား အလွန် ရိုင်းစိုင်းကြမ်းတမ်း၍ ရန်သတ္တရ ပြုတတ်သော သတ္တဝါများတည်း။ ၎င်းတို့ လန့်ပြေးအောင် သေနတ်များကို ပစ်ဖောက် လှန့်ထုတ် ကြရပြန်သည်။

တောင်ထိပ်ကို ကျော်မိသောအခါ သူတို့နောက်ဘက်မှ လေပြင်းတစ်ချက် တိုးဝင် လာလေသည်။ သူတို့လည်း တောင်၏ အခြား တစ်ဖက်ကို အလင်းရောင် မှုန်မွဲမွဲတွင် စမ်း၍ ကုပ်ကပ် ဆင်းလာ ကြရပြန်၏။ နေဝင်သွားသောအခါ အောက်၌ ရေစီးသန်သော မြစ်တစ်စင်း၏ စောက်မက်စွာ တည်နေသော ချောက်ကမ်းပါး တစ်ခုသို့ ရောက်သွား ကြလေသည်။ သူတို့သည် ထိုမြစ်၏ ကမ်းနဖူးပေါ်မှာပင် ထိုညအဖို့ အချိန် ကုန်လွန် စေခဲ့ကြရ၏။ ထိုတောမှာ သားရဲတိရစ္ဆာန် အလွန်ပေါများလျက် ကျားတစ်သံနှင့် ဆင်အစ်သံများ တစ်ညလုံး ဆူညံနေသောကြောင့် သူတို့အားလုံး သစ်ပင်ပေါ်တတ်၍ နေကြရပေသည်။

နံနက်အရုဏ် တက်လာသောအခါ မြစ်ကို ဖြတ်ကူးရန် စမ်းကြည့်ကြသည်။ သို့သော် ရေ အလွန် နက်ပြီး ကြောက်စရာကောင်းအောင် ရေစီး သန်လေသည်။ သို့နှင့် ဖောင်တစ်ခု လုပ်စေပြီး သတ္တိကောင်းသော လူဆယ်ယောက်ခန့်ကို ဟိုဘက်ကမ်းသို့ ဖောင်နှင့် သွားစေပြီးမှ မြစ်တစ်ဖက်နှင့် ကြိုးတန်းလုပ်ရန် စီမံကြသည်။ သို့ရာတွင် ဖောင်မှာ ရေစီးနောက်သို့ မျောပါသွား၍ မနည်း ဆွဲတင် ကြရပြန်သည်။ အကြိမ်ကြိမ် ကြိုးစား သော်လည်း ဟိုဘက်ကမ်းသို့ ရောက်ဖို့ရန် မတက်နိုင်ခဲ့ချေ။

သို့နှင့် လက်လျှော့ကာ ရေကျသည် တိုင်အောင် စိတ်ချလက်ချ ထိုင်၍ စောင့်ကြ ရပြန်သည်။ သို့သော် မည်မျှကြာကြာ စောင့်ကြ ရဦးမည်နည်း။ မည်သူမျှ မသိနိုင်ပေ။ မိုးရွာကြီးထဲတွင် အမိုးအကာ မရှိ။ လေဟာပြင်ထဲ၌ တစ်ညလုံး ငုတ်တုတ် နေကြရသည်။ မီးမွေး၍လည်း မရ၊ ပါလာသော အစားအစာတို့မှာလည်း စိုရွှဲ ကုန်ကြသဖြင့် စား၍ မရတော့ပြီ။ လုလုကြီး ဒုက္ခ ရောက်နေကြရပေတော့၏။

ကံအားလျော်စွာပင် ရခိုင်လူမျိုး တစ်ယောက်သည် ထမင်းခြောက်များကို လေလုံ မိုးလုံ ထုပ်၍ ယူဆောင် လာခဲ့သဖြင့် ၎င်းကို အဆာပြေ စားလိုက်ရတော့၏။ အကျဉ်းသားတို့ကို မူကား မလုံလောက်၍ မပေး ရတော့ချေ။ တတိယနေ့တွင်မူ အခြေအနေ ပိုမို ဆိုးရွား လာပြီ ဖြစ်၍ မန်ရစ်သည် မြောက်ဦးမြို့ရောက်မှ လူထု

myanmar teashop www.mmteashop.com

ဆုတောင်းပွဲလုပ်ဖို့ မှန်း၍ ယူခဲ့သော ဝိုင် အရက်များကိုပင် ထုတ်၍ သောက်ရ လေတော့သည်။ ပုလင်း နှစ်လုံး ကုန်သွားချေပြီ။ စတုတ္ထ နံနက်တွင်မူ မခံမရပ်နိုင် လောက်အောင် အဆိုးဆုံး အခြေသို့ ရောက်ရှိ လာကြပြီး ဖြစ်ချင်ရာ ဖြစ်တော့ဆိုသလို လူတွေမှာ ရမ်းချင်စိတ် ပေါက်လာ ကြတော့ပြီ။ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေကြပြီး အေးလွန်း၍ ခိုက်ခိုက် တုန်ရသည့်အထဲ မအောင့်နိုင်အောင် ဆာလောင် မွတ်သိပ်ခြင်း ဖြစ်လာသည်။ ထိုမှ တစ်ပါးလည်း သစ်ကျားတို့၏ အန္တရာယ်က အချိန်မရွေး တရစပ် ဖြစ်နေပေရကား မန်ရစ်သည် ခရစ်ယာန် ဘာသာဝင်များကို ခေါ်ယူစုရုံးပြီး မိမိတို့အား သားရဲ တိရစ္ဆာန်တွေ အကြားတွင် ဘဝ မဆုံး စေလိုကြောင်း ဘုရားသခင်ထံ ဆုတောင်းပွဲ လုပ်ပေးရပေတော့သည်။

ယင်းသို့ ဆုတောင်းပွဲ လုပ်ပြီးလျှင် မန်ရစ်သည် ဟိန္ဒူရော၊ မူဆလင်ပါ အကျဉ်းသား အားလုံး ဘက်သို့ လှည့်၍ "သင်တို့သည် အသက် ခန္ဓာကိုယ် အိုးစား မကွဲရန် ငါတို့ကဲ့သို့ ဆုတောင်းကြလော့"ဟု တိုက်တွန်း စကား ပြောကြားလိုက်လေ၏။ သူတို့လည်း မန်ရစ်၏ စကားကို ကြားရသောအခါ ငိုကြွေးကြလေသည်။ သို့သော် တစ်ယောက်မျှ ခရစ်ယာန် ဖြစ်မလာပေ။

ထိုနေ့ညနေမှာ ကောင်းကင် တစ်ခုလုံး ကြည်လင်လျက် ကြယ်လနက္ခတ်တာရာများ ကောင်းစွာ ထွန်းလင်း နိုင်ကြလေသည်။ ယမ်းမှုန့်များကို အသုံးပြုကာ မီးမွှေး၍ အဝတ်အစားတို့ကို သွေ့ခြောက် စေကြရသည်။ ထို့နောက် သာယာသော ညဦးအချိန်ကို အရသာရှိရှိ ကုန်လွန် စေခဲ့ကြရပေ၏။ နံနက်မိုးစင်စင် လင်းသော် မြစ်ရေအရှိန် လျော့သွားလေပြီ။ တစ်ဖက်ကမ်းသို့ ဖောင်ကို ဖြောင့်ဖြောင့် လှော်ခတ် သွားလာ နိုင်ခဲ့သဖြင့် တစ်ဖက်ကမ်းက သစ်ပင်ကြီး တစ်ပင်၌ ကြိုးကို မြဲမြံစွာ ချည်နှောင်းပြီး အသီးသီး ကြိုးကို ဆွဲ၍ ကူးကြရလေသည်။ ဆင်နှစ်ကောင်လည်း ရေထဲက ကူး၍ လိုက်လာကြလေသည်။

ထို့နောက် ပိုမို၍ မတ်စောက်သော တောင်တန်းကို တက်ကြရ ပြန်ချေပြီ။ မန်ရစ်နှင့် တီဘာအိုမှာ ဆင်ပေါ်က လိုက်၍ မဖြစ်နိုင်သောကြောင့် ဆင်း၍ ခြေကျင် လျှောက်ခဲ့ ကြရသည်။ ဆင်များလည်း တောင်ပေါ်ကို ကုပ်ကပ်တက်သွား ကြရသည့်ပြင် တစ်ခါတစ်ရံ ဆိတ်ကလေးများကဲ့သို့ ကမူတစ်ခုမှ တစ်ခုသို့ ခုန်ကျော် သွားကြရရှာသည်။ ထိုနေ့ည မိုးချုပ်စတွင် လူအားလုံး တောင်ကြား လမ်းတစ်ခုပေါ်သို့ ရောက်ကြလေသည်။ ထိုလမ်း အတိုင်း အတန်ငယ် သွားပြီးနောက် မိုးချုပ်လာသဖြင့် တောင်ကြား လမ်းပေါ်မှာပင် တစ်ည နားကြရသည်။

ပီရွမ် Peroem မြို့ (ဝါ) ပဲရုံမြို့မှာ ယခုအခါ တစ်နေ့ခရီးသာ ဝေးတော့သည်။ ခရီးအဆုံးသို့ ရောက်တော့မည်ဟု သိကြသောအခါ သူတို့၏ စိတ်ဓါတ်များလည်း နေ၏ အလင်းရောင်နှင့် အတူ ကြည်လင် တောက်ပြောင်လာကြပေတော့၏။

နံနက် စောစောပင် ခရီး စထွက်ကြပြန်သည်။ ခြေလှမ်းမှာ သူတို့ တောင်ကြား တစ်ခုစီသို့ ပို့ပေးပြီး ထိုမှတစ်ဖန် တောင်တန်း တစ်ခုကို ဖြတ်ကျော် ကြရပြန်၏။ ယခင်ကကဲ့သို့ ချောက်ကြို မြောင်ကြားတို့ကို ကျော်လွှား လာခဲ့ရပြီး မြစ်တစ်ခုသို့ ရောက်ကြပြန်လေသည်။ ထိုမြစ်မှ ရခိုင်နှင့် အိန္ဒိယပြည်သို့ တူးမြောင်းတစ်ခု ဆက်သွယ် ဖောက်လုပ်ရန် ကြံရွယ် ထားကြောင်း မန်ရစ်ကို ပြောပြ သိရှိရပေသည်။ သဘာဝ အနေအထားကို ကြည့်၍ ဆုံးဖြတ်ရလျှင် အတော်ခဲခဲယဉ်းယဉ်း ဖောက်လုပ် ရပေလိမ့်မည်။ သို့ရာတွင် (၁၇) ရာစုနှစ် အတွင်း၌ ယင်းသို့သော အကြံအစည် မျိုးရှိသည်မှာ စိတ်ဝင်စားဖွယ် ကောင်းပေသည်။

myanmar teashop www.mmteashop.com

ကျွန်ုပ် ရခိုင်ပြည်နယ်တွင် ရှိနေစဉ် (၁၉၂၄) ခုနှစ်လောက်က ထိုနေရာ မီးရထားလမ်း ဖောက်လုပ်ရန် ဆွေးနွေးခဲ့ ဖူးသေးသည်။ အကယ်၍ ထိုအကြံအစည် အထမြောက်ခဲ့လျှင် (၁၉၄၂) ခုနှစ်တုန်းက မြန်မာပြည်သို့ ကျူးကျော်ဝင် ရောက်လာသော ဗြိတိသျှ စစ်တပ်များ အဖို့ စစ်ကူအင်အား ကောင်းကောင်း ဖြည့်စွမ်း ပေးနိုင်ခဲ့ပေလိမ့်မည်။ မန်ရစ်၏ အဆိုအရ ရခိုင်ပြည်ကို မဂိုမင်းများ ရေကြောင်းမှ ဝင်ရောက် တိုက်ခိုက်မည် စိုး၍ ထိုစီမံကိန်းကို စွန့်လွှတ် ခဲ့ရသည်ဟု သိရပေသည်။

ယခု သူတို့ ကျော်ဖြတ်ခဲ့ရသော တောင်ထိပ်တွင် ကျောက်သားကို ထွင်းထုထားသော တင်ပျဉ်ခွေ ထိုင်နေပုံကို ဗုဒ္ဓရုပ်ပွား ဆင်းတုတော် တစ်ဆူကို တွေ့ရှိခဲ့ကြရလေသည်။ ထိုဒေသသည် ဗုဒ္ဓဘာသာ နိုင်ငံတော်၏ နယ်နိမိတ် အတွင်း၌ တည်ရှိ နေသောကြောင့် ပင်တည်း။ ရခိုင် လူမျိုးတို့က ဗုဒ္ဓရုပ်ပွားတော်ဟု ပြော၍သာ စကားအဖြစ် သိရသည်။ ထိုအခါက မန်ရစ် အဖို့ ယင်းသို့သော ရုပ်တုမျိုးကို အရင်တစ်ခါမျှ မတွေ့မမြင် ဖူးဘူး ခဲ့သေးချေ။ ထို့မှတစ်ပါး ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာ၏ ကွဲပြား ခြားနားပုံကိုလည်း နားမလည်သေးချေ။ သူသည် ထိုဘာသာ နှစ်မျိုးလုံးကို ရုပ်တု ကိုးကွယ်သည့် ဘာသာချည်းဟု တစ်မျိုးတစ်စားတည်း ရောထွေး နားလည် ထားပေသည်။ အမှန် စင်စစ် အားဖြင့် ဥရောပတိုက်တွင် ဗုဒ္ဓဘာသာကို သိသူ အလွန်ရှားလှ ပေသေးသည်။

ရခိုင်ပြည်နယ်သည် ဗုဒ္ဓဘာသာ နယ်နိမိတ်ဖြစ်၍ အလွန် ရှေးကျသော အခါကပင် ဗုဒ္ဓသာသနာ ထွန်းကား လာခဲ့ပေသည်။ ဗုဒ္ဓဘာသာ သာသနာတော်တွင် စောစောပိုင်း သာသနာနှင့် နောက်ပိုင်း သာသနာဟူ၍ နှစ်မျိုး ရှိသည်ကို လူတိုင်းလိုလို သိနေ ကြပါသည်။ စောစောပိုင်း သာသနာမှာ အစအဦး တီထွင် ပေါ်ပေါက်လာသော ပင်မ ဗုဒ္ဓဘာသာ Apostolic Buddhism ဖြစ်၍ ဗုဒ္ဓရှင်တော် ဘုရားမှ တစ်ဆင့်တပည့် သာဝကများ၊ ရဟန္တာများ အဆက်ဆက် သာသနာ ပြုခဲ့ကြသည်။ သက္ကရာဇ် (၆) ရာစု အတွင်းက ထွန်းကားခဲ့သော သာသနာပေတည်း။ ဗုဒ္ဓဘာသာ ပေါ်ပေါက်ရခြင်းမှာ ဟိန္ဒူ ဗြာဟ္မဏတို့၏ အယူသီးသော အကျင့်များကို တွန်းလှန် ပယ်ဖျက်၍ လူတစ်ယောက် အဖို့ သံသရာ ဝဲဩဃမှ လွန်မြောက်စေရန် သင့်လျော်လွယ်ကူသော တရားကို ကြီးမားသော မေတ္တာ ကရုဏာ ရှေ့ထား၍ ကြောင်းကျိုးဟုန်မှန် စကားမွန်ကို ရှင်းလင်းစွာ ဟောညွှန် ပြဆိုရန် ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။

အိန္ဒိယပြည်၌ ဗုဒ္ဓသာသနာရောင် အထွန်းလင်းဆုံး ခေတ်ကြီး တစ်ခေတ် ပေါ်ထွန်း ခဲ့ဖူးလေသည်။ ခရစ်မပေါ်မီ (၂၆၀-၂၂၆) ခုနှစ်အတွင်း ထင်ရှားခဲ့သော အသောက မင်းကြီးသည် မိမိ၏ တိုင်ပြည်အုပ်ချုပ်ရေးတွင် ဗုဒ္ဓမြတ်စွာ၏ တရား ဒေသနာများမှာ အချို့ တဝက်ကို ဥပဒေ အဖြစ် သတ်မှတ် ပြဋ္ဌာန်းခဲ့ဖူးလေသည်။ သို့ရာတွင် အိန္ဒိယ တစ်နိုင်ငံလုံး လိုက်နာ နိုင်လောက်အောင် မစွမ်းဆောင်နိုင်ခဲ့ချေ။

လူသာမန်တို့ ဘက်ကဆိုလျှင် ထိုဥပဒေသည် မိမိတို့ ကိုးကွယ်သော ဘာသာတရား၌ အလွန်အကျူး ယစ်မူး နေလောက်အောင် စွဲလမ်း ယုံကြည် နေကြသော ဟိန္ဒူလူမျိုးတို့ အဖို့ နားမဝင်အောင်ရှိနေကြသေးသည်။ ဗြာဟ္မဏ တရားကို ရှာကြံ နေသူများဘက်က ဆိုလျှင်လည်း တန္တရ၊ မန္တရ စသော အတတ်ပညာ ဘက်၌ အားသန်နေသော အတ္တမာန အဘိဓမ္မများကြောင့် နက်နဲသော ဗုဒ္ဓ၏ အဘိဓမ္မ သင်္ဂြိုဟ်ကျမ်းများကို စိတ်မဝင် စားကြကုန်။

ကိုးကွယ် ဆည်းကပ်ရေးနှင့် နက်နဲသော ကျင့်စဉ် တရားဆိုင်ရာ အဘိဓမ္မ အရေးတွင် အိန္ဒိယ တိုင်းရင်းသားတို့နှင့် ဆီလျော်စေမည့် သာသနာပြု လုပ်ငန်းအတွက် နောက်ပိုင်း ဗုဒ္ဓ သာသနာ ဂိုဏ်းသစ်တစ်ခု

ထွက်ပေါ် လာရပေသည်။ ထိုဂိုဏ်းဝင် ပုဂ္ဂိုလ်များက မိမိတို့ ဂိုဏ်းကို မဟာယာန ဗုဒ္ဓဘာသာဟု ခေါ်ဝေါ် သမုတ်ခဲ့ ကြလေသည်။ အဓိပ္ပါယ်မှာ ကျယ်ကျယ် ပြန့်ပြန့် ဟောပြော ညွှန်ပြသော ဗုဒ္ဓသာသနာဟု ဆိုလိုသည်။ ထို့ပြင် အရင်းခံ ဖြစ်သော ပင်မ ဗုဒ္ဓဘာသာကိုမူ ဟိနယာန အကျဉ်းမျှ ဟောပြောသော ဗုဒ္ဓသာသနာဟု မှည့်ခေါ်ကြကုန်၏။

မဟာယာန ဗုဒ္ဓဘာသာဝင်တို့၏ ကိုးကွယ်မှုဆိုင်ရာ အစီအမံများမှာ အချို့သော ဝေါဟာရ အသုံးအနှုန်းတို့မှ တစ်ပါး ဟိန္ဒူ ဘာသာဝင်များ၏ ကိုးကွယ်မှုဆိုင်ရာ အစီအမံများနှင့် ခွဲခြား၍ မရအောင် တူညီ နေကြပေသည်။ ပညာတတ် လူတန်းစားများ အဖို့ ဆိုလျှင်မူ ဟိန္ဒူဘာသာ၏ အတ္တမာန အဘိဓမ္မနှင့် မတူ၊ ကွဲပြားခြားနားပြီး ခမ်းနား ဆန်းကြယ်သော အဘိဓမ္မ တစ်မျိုး ရှိနေပေသည်။

တရုတ်ပြည် "တန်" ဘုရင်လက်ထက်က ခရစ် (၆၃၀) ခုနှစ်တွင် အိန္ဒိယပြည်သို့ ရောက်လာသော ဟိယွန်ဆင် အမည်ရှိ ပညာတတ် တရုတ် ရဟန်းတော်ကြီးသည် ဟာသျှ မင်းများ လက်ထက်၌ အိန္ဒိယပြည်သို့ ရောက်ခဲ့ဖူးရာ မဟာယာန ဗုဒ္ဓဘာသာ၊ ဟိနဘာသာ ဗုဒ္ဓ ဘာသာနှင့် ဟိန္ဒူ ဘာသာတို့ကို အိန္ဒိယပြည်တွင် သာသနာအပြိုင် ထွန်းလျက် ရှိသည်ကို တွေ့ခဲ့ရလေသည်။ ထိုအချိန်က ရခိုင်ပြည်နယ်သည် အိန္ဒိယနိုင်ငံ အတွင်း၌ ပါဝင်ခဲ့၍ နေထိုင်သော လူမျိုးတို့မှာလည်း ဘင်္ဂလားပြည်မှ လူမျိုးများနှင့် အသွင်တူကြသည်။ ထိုနည်းတူ ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာ နှစ်မျိုးလုံးပင် ရခိုင်ပြည်နယ်မှာ ထိုအခါက ပြိုင်တူ ထွန်းကား ခဲ့သည်မှာ သေချာပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုခေတ်က အရှေ့တိုင်း ဒေသအားလုံး လိုလိုပင် ထိုဘာသာများ ပြိုင်တူ ထွန်းကားခဲ့သည့် ရာဇဝင် အထောက်အထား များလည်း ရှိနေသောကြောင့်တည်း။

သို့ရာတွင် ရခိုင်ပြည်နယ်၏ ထူးထူးခြားခြား မှတ်သားဖွယ်ရာ ကောင်းသော အချက်မှာ ဂေါတမမြတ်စွာ ဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်အခါလောက်က သွန်းလုပ်ထားခဲ့၍ အလွန် ရှေးကျသည်ဟု ကျော်စောထင်ရှား လူသိများပြီး ကြီးမားလှသော ရုပ်ပွားတော် ဆင်းတုတော်ကြီး တစ်ဆူ ရှိနေခြင်းပင် ဖြစ်လေသည်။ ထိုရုပ်ပွားတော် ဆင်းတုတော်ကြီးကို မဟာမုနိဟု ခေါ်ဝေါ်ကြသည်။ (မြန်မာတို့က မဟာမြတ်မုနိဟု ခေါ်ကြ၏။) ယင်းရုပ်ပွားတော် ဆင်းတုတော်ကြီး ရှိနေခြင်းကြောင့် ရခိုင်ပြည်နယ်သည် ဟိန္ဒူဘာသာ နိုင်ငံမဟုတ်၊ ဗုဒ္ဓဘာသာနိုင်ငံသာ ဖြစ်ရမည်ဟူသော အကြောင်းက ပိုမို၍ ခိုင်လုံနေပေ တော့သည်။

ခရစ် (၉၅၇) ခုနှစ်တွင် ရခိုင်ပြည်နယ်သို့ မွန်ဂိုလီယံအနွယ်ဝင် လူမျိုးတစ်မျိုး ဝင်ရောက် တိုက်ခိုက်ဖူးလေသည်။ ထိုလူမျိုးများကား ရှေးကျသော မြန်မာလူမျိုးကြီးများပင် ဖြစ်တော့၏။ အဘယ်ကြောင့် ဆိုသော် ရခိုင်လူမျိုးများ ယနေ့ ပြောဆိုနေသော စကားသည် အလွန်ရှေးကျသော မြန်မာစကားများအတိုင်း ဖြစ်နေသောကြောင့်တည်း။

ထိုအချိန်တွင် ဟိနယာနနှင့် မဟာယာန ဗုဒ္ဓဘာသာများ အိန္ဒိယနိုင်ငံတွင် ကွယ်ပျောက် ဆိတ်သုဉ်း၍ ဟိန္ဒူ အယူဝါဒသာလျှင် ကျန်ရှိတော့သည်။ မဟာယာန ဗုဒ္ဓဘာသာ ဗုဒ္ဓဘာသာသည် တိဘက်နှင့် တရုတ်ပြည်များသို့ ပျံ့နှံ့ သွားခဲ့ပြီး ဟိနယာနဗုဒ္ဓဘာသာမှာ သီဟိုဠ်နှင့် မြန်မာနိုင်ငံဘက်သို့ ကူးလာခဲ့ပေသည်။

ဟိနယာနဗုဒ္ဓဘာသာသည် မြန်မာလူမျိုးများ အနှစ်မြိုက်ဆုံး ဘာသာဖြစ်၍ ခရစ် (၁၁) ရာစု အတွင်း၌ ပုဂံပြည်တွင် အကြီးအကျယ် စည်ပင် ထွန်းကားခဲ့သည်။ အခြား ဗုဒ္ဓဘာသာ ထွန်းကားရာ နိုင်ငံတို့မှာထက် မြန်မာပြည်က ဟိနယာန ဗုဒ္ဓဘာသာက အဆများစွာ ပိုမို၍ မှန်ကန်ကောင်းမွန်ပြီး လူ့သဘာဝနှင့်

အကိုက်ညီဆုံး အဆီလျှော်ဆုံး ဖြစ်လေသည်။ ဘုရားရှင် လက်ထက်တော်က ကျင့်သုံးခဲ့သော ဓမ္မလမ်းစဉ်ကို အရင်အတိုင်း ပြန်လည် ထူထောင် ပေးသကဲ့သို့လည်း ရှိချေသည်။

ခရစ် (၁၀၆၀) ခုနှစ်လောက်တွင် မြန်မာတို့သည် ပုဂံနန်းဆက်ကို ရခိုင်ပြည်နယ်အထိ တိုးချဲ့ စိုးပိုင်ခဲ့ကြသဖြင့် ကျွန်ုပ်တို့ တွေ့မြင်သည့် အတိုင်း မွန်ဂိုလီယံနွယ်များမှ ရောယှက် ပေါက်ဖွားလာသူများ နေထိုင်ရာ ဒေသတစ်ခု ဖြစ်လာခဲ့တော့သည်။

မဟာမုနိရုပ်ပွား ဆင်းတုတော်ကြီးသည် သစ်ပင် ချုံနွယ်များ ဖုံးလွှမ်းပေါက်ရောက်လျက် တောကြီးအလယ်တွင် ရှိသော်လည်း မူလတည်ရှိသော နေရာမှာပင် သီတင်းသုံးလျက် ရှိပေသည်။ ယခုအခါ တောချုံများ ခုတ်ထွင်ရှင်းလင်းပြီး ရုပ်ပွားတော်ကြီးကိုလည်း ပြန်လည် ပြုပြင်ထားကြပေသည်။ ၎င်းသည် မြန်မာပြည်ရှိ ဘာသာရေးဆိုင်ရာ ရုပ်လုံး ရုပ်တုတော်များ အနက် တန်ခိုးအကြီးဆုံး ဖြစ်သည်ဟု ထင်ရှား ကျော်စောခဲ့လေသည်။ သို့နှင့် မဟာမုနိရုပ်ပွားတော်ကြီးမှာ ဗုဒ္ဓဘာသာဝင်တို့၏ မှီခိုအားထားရာ အချက်အချာ ဘုရား တစ်ဆူဖြစ်လာရုံမက နိုင်ငံကို လုံခြုံအောင် ကာကွယ် စောင့်ရှောက်ပေးသော ရုပ်ပွား ဆင်းတုတော်ကြီး အဖြစ်သို့ ရောက်လာပေတော့သည်။ ပုဂံပြည်ကို အုပ်စိုးခဲ့သော ဘုရင်မင်းတို့သည် ထိုရုပ်ပွားတော်ကြီးကို ကြည်ညိုလွန်း၍ ပုဂံပြည်သို့ ပင့်ဆောင်ရန် အကြိမ်ကြိမ် ကြိုးစား ခဲ့ကြဖူးလေသည်။ သို့သော် ပင့်ဆောင်၍ မရသဖြင့် မဟာမုနိဘုရားကြီးကို ဖူးမြော်ပြီး ပြန်ကြရကုန်၏။ ဤနည်းအားဖြင့် ရခိုင်ပြည်နယ်သည်လည်း ကြီးမားသော ရုပ်ပွားတော်ကြီး၏ ဒေသ ဖြစ်လာပေတော့သည်။

ထိုအဖြစ်အပျက်များ ဖြစ်ပွားခဲ့သည့် အချိန်မှ မန်ရစ် ရောက်သွားသည့် အချိန်အတွင်း နှစ်ပေါင်း ခြောက်ရာလောက်ကာလမှာ ရခိုင်ပြည်နယ်သည် ဟိနယာန ဗုဒ္ဓဘာသာဒေသအဖြစ် ရပ်တည်လာခဲ့သည့် အပြင် မဟာမုနိ ဘုရားကြီးလည်း တိုင်းပြည်အတွက် အရေးကြီးဆုံး ရတနာတစ်ပါးဟု ယူဆလာခဲ့ကြပေသည်။

မြောက်ဦးနန်းဆက်သည် (၁၄၃၀) ခုနှစ်က စတင်ခဲ့၍ (၁၅၃၀) ခုနှစ် ရောက်သော် ရခိုင် ဘုရင် မင်းဘင် ထီးနန်းဆက်ခံပြီး တိုင်းပြည်မှာလည်း ဘင်္ဂလားပင်လယ်အော် ကမ်းခြေ တစ်လျှောက်၌ အခြေတကျ ရှိခဲ့လေသည်။ ထိုမင်းလက်ထက်မှာပင် နိုင်ငံခြားသားများ အထူးသဖြင့် ပေါ်တူဂီ လူမျိုးများကို ကိုယ်ရံတော် သေနတ်ကိုင် တပ်သားများ အဖြစ် စတင် အသုံးပြုခဲ့လေသည်။ နယ်မြေကိုလည်း စစ်တကောင်းမြို့အထိ နယ်ပယ် ချဲ့ထွင်ခဲ့လေသည်။ ယင်းသို့ စီမံ ဖန်တီးခဲ့သောကြောင့် ကျွန်ုပ်တို့ သိခဲ့ရသည့်အတိုင်း အရှေ့ဘက်သို့ တရွေ့ရွေ့ အာဏာစက် ဖြန့်လာသော မဂိုမင်း၏ အင်းအားကို လျော့ပါးသွားအောင် လုပ်နိုင်ခဲ့ပေ၏။

မန်ရစ်သည် ပဲရုံမြို့၏ အပေါ်ပိုင်းကျသော တောင်ကြား၌ ရုပ်ပွားတော်ကို တွေ့ခဲ့ရသော အခါကမူကား ထိုအရပ်သည် ဟိနယာန သာသနာ နှစ်ပေါင်းများစွာ ထွန်းလင်းခဲ့ပြီးဖြစ်သော ရခိုင်ပြည်နယ်အတွင်းသို့ ရောက်ရှိလာပြီ။ ထိုမှတစ်ပါး မွန်ဂိုလီယံ အနွယ်များဖြစ်ပြီး မြန်မာစကား ပြောဆိုသည့် လူမျိုးတို့ကို ပထမအကြိမ် သိကျွမ်း ခဲ့ရဖူးလေပြီ။

ခရစ် (၉၅၇) ခုနှစ်လောက်တုန်းက ရခိုင်ပြည်နယ်သည် ခရစ် (၁၀၆၆) ခုနှစ်လောက်က အင်္ဂလန်နိုင်ငံကဲ့သို့ အခြေအနေတွင် တည်ရှိခဲ့ပေသည်။ မင်းဘင် (၁၅၃၁-၅၃) လက်ထက်မှ လက်ရှိ ဘုရင် သီရိသုဓမ္မမင်းအထိ နှစ်ပေါင်း တစ်ရာမျှသော အချိန် ကာလသည် ရခိုင်ရာဇဝင်၌ အတိုးတက်ဆုံးအချိန် ဖြစ်ပေသည်။ ဤအကြောင်းအရာတို့မှာ ဤစာအုပ်ကို ဖတ်ရှုရာ၌ လည်းကောင်း၊ အခြေအနေတို့ အလုံးစုံ မသိရှာသော မှတ်တမ်းရေးသူ ဘုန်းကြီးမန်ရစ်အပေါ်၌ လည်းကောင်း စာဖတ်ပရိသတ်တို့ သဘောပေါက်

စေရန် ဖြစ်ပျက်ခဲ့သော အကြောင်းအရာတို့နှင့် စပ်လျဉ်းသမျှ အချက်အလက်များကို အစဖော်ပေးလိုက်ရခြင်း ဖြစ်ပေသည်။

သို့ရာတွင် မန်ရစ်၏ မှတ်တမ်းကို ပြန်ကောက်သောအခါ "ရုပ်ပွားတော် ဆင်းတုတော်ရှိသော ကုန်းမြင့်ပေါ်သို့ ရောက်သောအခါ ကျွန်ုပ်တို့ လူစုထဲက အချို့သည် တပ်ဖြန့်၍ မြေပြင်ပေါ်တွင် ထိုင်ပြီး နဖူးကို မြေကြီးနှင့် သုံးကြိမ်တိုက်လျက် ရှိခိုး ကန်တော့ကြတော့သည်"ဟု ဖတ်ရှုရပေသည်။ ဤတွင် ရှိခိုးကန်တော့ကြသူများဟု ဆိုရာ၌ ဟိန္ဒူဘာသာဝင်များနှင့် ရခိုင်လူမျိုး အစောင့် တပ်သားတို့ကိုပါ ရည်ရွယ်ပြီး သိမ်းကျုံး၍ ရေးသားခဲ့ဟန် တူပေသည်။ ဟိန္ဒူတို့သည် ယခုလို ဗုဒ္ဓမြတ်စွာကို ကျေးဇူးတင်ခြင်း၊ ရှိခိုး ကန်တော့ခြင်း ပြုကြသည်မှာ မိမိတို့ ဘာသာအယူဝါဒနှင့် ဆန့်ကျင်ဘက်ဖြစ်သည် မဟုတ်ပေ။ မိမိတို့ ဘာသာ အယူဝါဒ၌ပင်လျှင် ဗုဒ္ဓဘာသာ ဘုရားကို အိန္ဒိယပြည်ရှိ ဆည်းကပ် ကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်များစွာအနက် တစ်ပါး အပါအဝင်ဟု အသိအမှတ် ပြုထားကြသောကြောင့်တည်း။

မန်ရစ်မှာကား ထိုလူများ ရုပ်ပွားတော်ကို ရှိခိုးကန်တော့နေကြသည်ကို မနှစ်မြို့ဟန်ဖြင့် ကြည့်နေစဉ် မူဆလင် သံ့ပန်းများ အနီးသို့ ချဉ်းကပ်လာပြီး သူတို့လည်း ရုပ်တုရှိခိုးခြင်းကို မနှစ်မြို့ကြောင်း ထောက်ခံ ပြောကြားနေကြတော့သည်။ သို့ရာတွင် သူတို့မှာ အကျဉ်းသားများ ဖြစ်နေရကား ဘာမှ ဝင်ရောက် စွက်ဖက်နိုင်ခြင်း မရှိဘဲ ငြိမ်သက်စွာ ရပ်လျက် မနှစ်မြို့ဟန်ဖြင့်သာ ဝိုင်းကြည့်နေကြပေသည်။ သို့သော်လည်း မန်ရစ်သည် ဘုရား ဝတ်ပြုကြသူများကို ကန့်ကွက်တားမြစ်ခြင်း မပြုဘဲ ထာဝရ ဘုရားသခင်ကို ကျေးဇူး တင်အပ်ကြောင်းကို နားဝင်လောက်အောင် ထုံးသာဓက အမျိုးမျိုးပြ၍ ဟောပြောနေပေသည်။

ဟိန္ဒူတို့လည်း ကြောက်လွန်း၍သာ မန်ရစ်ကို ပြန်လည် ဆဲဆိုခြင်း မပြုသော်လည်း မခံချင်သူ တစ်ယောက်မှ "ဆိုးသွမ်းမှု မဟုတ်လျှင် ကောင်းတာပါပဲ၊ ပြီးတော့ ခုလို ကြည့်ညို၍ ကန်တော့ခြင်းဟာ အန္တရာယ် ဖြစ်တယ်လို့ ဘယ်သူမှ မပြောနိုင်ပါဘူး" ဟု ဆင်ခြေ တက်လိုက်ပေသေးသည်။ ထိုအခါ မန်ရစ်သည် မည်သို့မျှ မပြောတော့ဘဲ ထိုလူ၏ ဆင်ခြေ စကားကိုသာ မှတ်သားထားလိုက်လေတော့သည်။

ရှေ့ခရီးကို တစ်ကြော့ ဆက်ကြသောအခါ အရွယ်ကြီးရင့်ပြီးဖြစ်သော မူဆလင် အဘိုးအို တစ်ယောက်မှာ အင်အားကုန်ခန်း မောပန်းနွမ်းနယ်လှပြီဖြစ်၍ ဒယိမ်းဒယိုင်နှင့် လဲပြိုလုတော့ မတတ် ရှိနေပေသည်။ သို့သော်လည်း အစောင့်တပ်သားတို့က တွန်းထိုး ကြိမ်းမောင်း၍ ဇွတ်အတင်း သွားခိုင်းနေကြပြန်သည်။ ထိုအခါ မန်ရစ်သည် အစောင့်များကို တားမြစ်ပြီး ထိုအဖိုးအိုအား ဆင်ပေါ်သို့ တင်ဆောင် ခေါ်ယူ ခဲ့ပေသည်။ ထိုအခြင်းအရာကို မြင်ရသောအခါ အခြား မူဆလင် အကျဉ်းသားတို့သည် မန်ရစ်အား ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ကြလေတော့သည်။ သို့ရာတွင် ကျေးဇူးတင်ကြောင်း အမူအရာ ပြရုံသာပြုကြသည်။ သူတို့ကို ခရစ်ယာန်ဘာသာထဲသို့ ဆွဲဆောင်၍ ရမည် ဟူ၍ကား မဆိုနိုင်ပေ။ သူသည် တစ်ညနေလုံး ထိုသူများကို ဘာသာပြောင်းဖို့ တရား မဟောတော့ချေ။

မွန်းလွဲပိုင်းတွင် ပီရွမ်မြို့ပြင်ဘက်ရှိ ရေလွှမ်းနေသော စပါး လယ်ကွင်းများကို ဖြတ်သန်း လာခဲ့ကြရသဖြင့် မိုးချုပ်မှ မြို့တွင်းသို့ ဝင်နိုင်ကြတော့သည်။ ထိုမြို့က မြို့ဝန်လည်း သူတို့ရောက်လာသော သတင်း ကြားသိရသောအခါ ၎င်းတို့အား တည်းခိုရန် ဧည့်ဂေဟာသို့ ပို့ပေးစေလေသည်။ မန်ရစ်လည်း ထိုဧည့်ဂေဟာသို့ ရောက်လျှင် ခရစ်ယာန် ဘာသာဝင်တို့ကို လက်ဝါးကပ်တိုင်ရှေ့၌ စုရုံးစေပြီးလျှင် ဆုတောင်းပွဲ အခမ်းအနား ကျင်းပလေတော့၏။

ခရီး ရောက်မဆိုက် ရှေးဦးပြုဖွယ် ဝတ္တရားကို ဤသို့ ပြုလုပ်ကြပြီးနောက် အဝတ်အစား လဲလှယ်ကြလေသည်။ ထိုအခိုက် မြို့ဝန်ထံမှ ညစာစားရန် ဖိတ်ခေါ်လာသော်လည်း သူတို့မှာ အလွန် ပင်ပန်းနွမ်းနယ်နေ၍ မလိုက်နိုင်ကြောင်း ပြန်ကြားလိုက်ရပေသည်။ ထိုအခါ မြို့ဝန်လည်း စားဖွယ် သောက်ရာတို့ကို မန်ရစ်တို့ထံသို့ ပို့၍ ကျွေးမွေး ပြုစုစေလေသည်။ အစေခံတို့သည် အမျိုးမျိုးသော အဖျော်ယမကာများနှင့် တွက် ဆီဦး ထောပတ်တို့နှင့် အရသာရှိသော ထမင်းဟင်းများဖြင့် ခမ်းနားကြီးကျယ်စွာ စားသောက်ပွဲကြီး တည်ခင်း ကျွေးမွေးကြလေသည်။ သို့နှင့် မန်ရစ်တို့ လူစုမှာ ရက်ပေါင်းများစွာ ငတ်တစ်လှည့် ပြတ်တစ်လှည့် ကြုံခဲ့ရသမျှ အတိုးချ၍ အလိုရမ္မက်ကြီးစွာဖြင့် မြိန်မြိန်ရှက်ရှက် စားသောက်ကြပေတော့သည်။ သူတို့သည် စားပိုးနင့်မည် စိုး၍သာ တော်လိုက်ကြရသော်လည်း အာသာ မပြေအောင် ရှိတော့၏။ စားသောက်ပွဲ ပြီးချိန်မှာ ည (၉) နာရီခန့် ရှိလေပြီ။ လျှပ်စစ်လက်၍ မိုးကြိုးထစ်ချုန်း ရွာသွန်း လာပြန်ချေ၏။ သို့ရာတွင် မိုးသံလေသံတို့သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော မန်ရစ်တို့ လူစုအား ကလေးချော့ သီချင်းကို သီဆို၍ သိပ်ပေးသကဲ့သို့ ရှိတော့သတည်း။

## အခန်း (၁၁)

## ရေကြောင်းမိုလ်ချုပ်

ပီရွမ်းမြို့သို့ ရောက်သောနေ့မှာ ဇူလိုင်လ (၁၇) ရက်နေ့ ဖြစ်သည်။ ရာမူးမြို့မှ ဇူလိုင်လ (၇) ရက်နေ့ ထွက်ခွါခဲ့ရာ တောင်တန်းများကို ဖြတ်သန်းသွားရသော ခရီးမှာ (၁၀) ရက်ကြာသည့်အနက် မြစ်ရေအကျကို စောင့်ရသောရက်က လေးရက် ပါဝင်သေး၍ စုစုပေါင်း (၇) ရက်ခန့်သာ ခရီး သွားရက်ရှိသည်။ တစ်နေ့လျှင် (၁၂) မိုင်နှုန်းနှင့် ပျမ်းမျှခြင်းထား၍ ထွက်သည်ရှိသော် ထိုခရီးမှာ (၈၄) မိုင်ခန့် ဝေးသည်ဟု ခန့်မှန်း နိုင်ပေသည်။ ရှေ့ကိုဆက်၍ သွားမည်ဆိုရင် မေယုမြစ်ဝသို့ ရောက်ပေလိမ့်မည်။ ထို့ကြောင့် ပီရွမ်းမြို့သည် မုတ်သုန်လေ ကောင်းကောင်း တိုက်ခိုက် ဝင်ရောက်နိုင်အောင် အကာအကွယ် ကင်းမဲ့သည့် ကျယ်သော ပင်လယ်ကွေ့ တစ်ခုဖြစ်သော မေယုမြစ်ဝနှင့် မကွာဝေးလှချေ။ ကျွန်ုပ်၏ မြေပုံပေါ်တွင် ပြထားသော မိုင်စကေး အရ ပီရွမ်းမြို့မှ ရခိုင်ရွှေပြည်တော် မြောက်ဦးမြို့သို့ မျဉ်းဖြောင့်တစ်ခု တန်းနေအောင် ဆွဲသားကြည့်လျှင် မိုင် (၄၀) ခန့်သာ ကွားဝေးပေသည်။

ပေါ်တူဂီတို့ နံနက် အိပ်ရာထ နိုးလာသော အချိန်တွင် မိုးမှာ ရွာနေဆဲပင် ရှိသေးသည်။ သူတို့ကိုခေါ်ရန် မြို့ဝန်ထံမှ လွှတ်လိုက်သော ဝေါယာဉ်နှစ်ခုလည်း အသင့်ပင် ရောက်လာကြသည်။ သူတို့ ရွှေနန်းတော်သို့ သွားနေသူများ ဖြစ်၍ သူတို့အပေါ် မည်သို့ ဂရုစိုက်ကြရသည်သာ ဤမျှနှင့် သိလောက် ပေသည်။ ယင်းကဲ့သို့ ထင်ရှားသော နိုင်ငံခြားသား ဧည့်သည်တော်များကို တွေ့ရာ အရပ်ရှိ အမှုထမ်း အရာထမ်းတို့က ကောင်းစွာ ကြိုဆို ပြုစု၍ ရွှေနန်းတော် အရောက် ပို့ပေးရန် တာဝန် ဝတ္တရား ရှိကြသည်။ ပို့ဆက်ရန် လက်ဆောင်ပဏ္ဏာများ ပါရှိလာလျှင်မူ ပို၍ ဂရုစိုက်ကြရသေးသည်။

တီတာအိုနှင့် မန်ရစ်တို့အဖို့ ဆိုလျှင်လည်း မြို့ဝန်ကို လက်ဆောင်ပဏ္ဏာ ဆက်သရန် ရွှေရည်သုတ် ကြွေလင်ပန်း လေးခုတွင် စုမာတြ၊ ဂျာဗာ အစရှိသော ကျွန်းများမှ ဒီယင်းဂါးမြို့သို့ သင်္ဘောများနှင့် တင်သွင်း လာသော လေးညှင်းပွင့်၊ ငရုပ်ကောင်း၊ ကရဝေးနှင့် ဇာတိပ္ဖိုလ်သီး အစရှိသော ပရဆေးများ မောက်နေအောင် ထည့်၍ ယူလာခဲ့ကြပေသည်။ သို့နှင့် သူတို့သည် ဝေါယာဉ်ပေါ် သို့တတ်၍ မြို့ဝန်၏ အိမ်တော်သို့ လိုက်ပါ သွားကြလေသည်။

မြို့ဝန်လည်း လက်ဆောင် ပဏ္ဏာများကို မြင်သော် အလွန် ကျေနပ် ဝမ်းမြောက်လျက် ၎င်းတို့အား မိမိအနီး၌ ထိုင်စေပြီးလျှင် ကွမ်းအစ် ထွေးခံ စသည်တို့ ကမ်းလှမ်းကာ ဧည့်ဝတ်ပြုလေသည်။

ယင်းသို့ ဧည့်ဝတ္တရားများ ဆောင်ရွက်ပြီးလေသော်၊ ရှေ့တွင် ပြုဖွယ်ရှိသော ယင်းကိစ္စများကို ဆက်လက် ဆွေးနွေး ကြလေသည်။ မြောက်ဦးမြို့သို့ ရောက်သွားလျှင် ယခုထက် အဆမတန် ပြင်းထန်သော

မှတ်သုန် လေပြင်းကို တွေ့ကြရပေ လိမ့်မည်။ သို့ရာတွင် လဆန်းဖို့မှာ လေးရက်မျှသာ လိုတော့သည်။ ထိုလဆန်းရက်၌ ခေတ္တခဏ လေအတိုက်အခိုက် ပြတ်သွားတတ်၍ မျော်လင့်စရာ ရှိသေးသည်ဟု အကြံပေးစကား ပြောကြား သောအခါ တီတာအိုက မိမိတို့ကိစ္စမှာ အလွန် အရေးကြီးလှသဖြင့် နှောင့်နှေး ဆိုင်ငံ့နေ၍ မဖြစ်နိုင်ကြောင်း ပြန်လည် ပြောကြားသောအခါ မြို့ဝန်းလည်း လှော်တတ် (၃၆) စင်းရှိသော တိုက်လှေကြီး တစ်စင်းကို လှေသား အပြည့်အစုံနှင့် ချက်ချင်း စီမံပေးသဖြင့် ရာသီဥတု မည်သို့ပင် ရှိစေ၊ နံနက်စောစော စတင် ထွက်ခွာရန် အသင့် ပြင်ဆင်ကြလေတော့၏။

သူတို့လည်း ဧည့်ဂေဟာသို့ ပြန်လည် ရောက်ရှိလာလျှင် ဒီယင်းဂါးကို တိုက်ခိုက်ရန် အမိန့်အရ ရခိုင်ရေ တပ်မတော်ကြီး ကုလားတန်းမြစ် အတွင်း ဦးရစ်တောင်မြို့ အနီးတွင် စုရုံးလျက် ရှိကြောင်း သတင်းစကား ကြားသိ ရပေတော့သည်။ ထိုနေရာမှာ မိမိတို့ ယခုရှိနေသော မြို့နှင့် မြောက်ဦးရွှေမြို့တော် အကြား ခရီး တစ်ဝက်ခန့်တွင် တည်ရှိပေသည်။ ထိုသတင်းကြောင့် လဆန်းရက် ရောက်၍ လေငြိမ် သွားသည်နှင့် တစ်ပြိုင်နက် ခိုအောင်းနေသော လက်ရှိနေရာမှ ထွက်ခွာပြီး ထိုရေတပ်ကြီး ဒီယင်းဂါးမြို့သို့ မုချ ချီတတ် လေတော့မည်ဟု တွေး၍ စိုးရိမ် ကြရပြန်လေသည်။ သို့ဖြစ်၍ မြို့တော်သို့ မြန်နိုင်သမျှ မြန်အောင်သွားမှ ဖြစ်တော့မည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်ကြလေတော့သည်။

နေ့လယ်တွင် မြို့ဝန်းမင်းထံမှ လက်ဆောင်ပဏ္ဏာများ တုံ့ပြန်ပို့ ရောက်လာခဲ့လေသည်။ လက်ဆောင် များမှာ ကြက်မ အကောင်ငါးဆယ်၊ ဒရယ်နစ်ကောင်၊ ချီဒူးဘားခေါ် ဗီကန်ကျွန်းမှ အထူးစိုက်ပျိုးရသော ဆန်မွှေး လေးတင်း၊ ထောပတ်၊ သစ်သီးချိုချဉ် စသည်တို့ ပါရှိကြလေသည်။ ထိုလက်ဆောင် ပဏ္ဏာများနှင့်အတူ (၁၄) နှစ်သားအရွယ် ရည်မွန်လှပသော မြို့ဝန်၏ သားတော်တစ်ပါး လိုက်ပါလာပြီး ၎င်းတို့ကို တွေ့ဆုံ နှုတ်ဆက် လေသည်။

မြို့ဝန်၏ သားတော်မှာ လှပစွာ တန်ဆာ ဆင်ယင်ထားသော ဆင်ကိုစီး၍ နောက်ပါ ရွှေထီးမိုး လူသုံးဆယ် ခြံရံလျက် ရောက်ရှိ လာပေသည်။ သူ၏ ရှေ့တော်ပြေးများက ထုံးစံအတိုင်း မြို့ဝန်၏ သားတော် အမည်နှင့် တကွ ကြွလာနေကြောင်း ပြေး၍ ကြွေးကြော်သော အသံကို ကြားလိုက်ရသည်နှင့် တပြိုင်နက် မန်ရစ်ရော၊ တီတာအိုပါ ထိုဒေသ၏ ယဉ်ကျေးမှု ထုံးစံအတိုင်း ကပျာကယာ ပြေး၍ အလေးအမြတ် ကြိုဆိုကြရပေသည်။

အမှန် စင်စစ်အားဖြင့် ယခုလို ဧည့်သည် ရောက်လာလျှင် ထုံးစံအတိုင်း ကွမ်းယာတည်ခင်း ကျွေးမွေးရပေမည်။ သို့သော် သူတို့မှာ ကွမ်းယာ မရှိ၍ ဥရောပ ထုံးစံအတိုင်း ပါလာသော ချိုချဉ် သကြားလုံးများ နှင့် ဧည့်ခံကြရာ မြို့ဝန်၏ သားငယ်လည်း ဝမ်းမြောက် ရွှင်ပျနေတော့သည်။ "သို့ရာတွင် သူသည် တကယ် စားကြည့်တော့မှ အရသာကို သိပြီး ပို၍ ရွှင်ပြုံး ဝမ်းမြောက်စွာ အားရပါးရ စားနေပါတော့သည်"ဟု မန်ရစ်၏ မှတ်တမ်း၌ ဖတ်ရှု ရသဖြင့် ထိုသူငယ်သည် မမြင်ဖူးဘူး၊ မစားဖူးဘူးသော အရသာရှိရှိ စားစရာတစ်မျိုးကို ယခုမှ အရသာ ခံဖူးသည်ကို ထင်ရှားစွာ သိနိုင်ပေသည်။

လာရောက် လည်ပတ်သောကိစ္စ အဆုံးသတ်သော အခါ ၎င်းအား အဝါရောင် ပန်းပွင့်များနှင့် စီမံအပ်သော တရုတ်ပြည်ဖြစ် ဖဲဖျင်ကို လက်ဆောင် ပေးလိုက်သောအခါ ဝမ်းမြောက်ဝမ်းသာ ဆင်ပေါ်တတ်၍ ပြန်ထွက် သွားလေတော့၏။

myanmar ONLINE teashop www.mmteashop.com

နံနက် ရောင်နီ မလာခင် နာရီဝက်ခန့် စော၍ သူတို့ အသီးသီးအိပ်ရာက ထကြပြီး ခရီးထွက်ရန် အသင့် ပြင်ကြသည်။ သူတို့ စတင်ခရီး ထွက်ကြမည့် ဆဲဆဲတွင် မြို့ဝန်မင်းက သူ့ထံလာ၍ နှုတ်ဆက်ပြီးမှ ထွက်ခွာ စေလိုကြောင်း လူလွှတ်၍ ပြောလေသည်။ လှေပေါ်သို့ သေတ္တာများ ထမ်းချ နေကြသော အစေခံတို့လည်း သူ့အိမ်တော်ကို လှည့်ပတ်၍ ခပ်သုတ်သုတ် သွားနေကြပေသည်။ မြို့ဝန်သည် အသက်အရွယ်ကြောင့် မိုးရေထဲတွင် လိုက်မပို့ နိုင်သည်ကို ခွင့်လွှတ်ပါရန် တောင်းပန်စကား ပြောကြား နှုတ်ဆက်ပြီးလျှင် သူ့သားကို သင်္ဘောပေါ် အရောက် လိုက်၍ ပို့စေသဖြင့် ဆင်ကြီးများတွင် အခမ်းအနား စီးနင်း၍ မြစ်ကမ်းရေစပ်ထိ သွားခဲ့ ကြရလေသည်။

သို့ရာတွင် ရေစပ်သို့ ရောက်သောအခါ သူတို့အားလုံး အံ့အား သင့်ကုန်ကြတော့၏။ မြစ်ဝ သို့မဟုတ် ပင်လယ်ကွေ့ ထဲတွင် သူတို့ မျော်မှန်းထားသည်ထက် လွန်မင်းစွာ ပို၍ လေအတိုက်ကြမ်းလျက် ရှိတော့သည်။ ပင်လယ်ဘက်မှ ကြီးမားသော လှိုင်းလုံးကြီးများ အလိမ့်လိမ့်ထကာ ကမ်းခြေဘက်သို့ ပြေးလွှားကာ ကမ်းပါးကို ပြင်းထန်စွာ ရိုက်ပုတ်လျက် ရှိတော့သည်။ မြို့ဝန်သားလည်း သူတို့၏ စိုးရိမ်ပူပန်သော မျက်နှာအသီးသီးကို လှည့်ကြည့်ပြီးနောက် "ကျွန်တော့် ခမည်းတော်က သင်တို့အား မိုးလေငြိမ်အောင် စောင့်ဖို့ တဖွဖွ မှာလိုက်ပါတယ်" ဟုပြောကာ ခရီးကို ရက်ရွှေ့ရန် အကြံပေးနေတော့သည်။ သူကတော့ လမ်းခရီး၌ စိတ်ချလက်ချ သွားစေလို၍ တိုက်တွန်းနေခြင်း ဖြစ်ပါသည်။ သူ့စကားကို ကြားလေလျှင် ရေကြောင်းပြလည်း ကမ်းသို့တတ်လာပြီး ဖြည့်စွက်ထောက်ခံ၍ ပြောနေပြန်တော့၏။

သို့သော် မတတ်နိုင်ချေပြီ။ နှောင့်နှေးနေလို့ မဖြစ်၊ တီဘာအိုလည်း လူများအား မန်ရစ်ကို လှေပေါ် တင်ပေးဖို့ အချက် ပေးလိုက်လေတော့သည်။ ရေကြောင်းပြလည်း မျက်လုံးထဲတွင် မျက်ရည်များ ဝိုင်းလျက် သူ့လူ လှေသမားဘက်သို့ လှည့်ပြီး "တို့တော့ ဘဝတုံးပါပြီ။ ဒီပေါ်တူဂီ ကောင်တွေဟာ ပင်လယ်က မွေးထားတဲ့ သားတွေပါပဲ။ ရေထဲမှာ သေရမယ် ဆိုတာတောင်မှ မကြောက်ကြဘူးကွယ်"ဟု ပြောရင်း လှေပေါ်သို့ တက်ကြ ရပေတော့သည်။

လှေသမားတို့မှာ လှေကိုပစ်၍ ထွက်ပြေးကြတော့မည့် ပုံဟန်များ ရှိနေကြတော့သည်။ တီဘာအိုလည်း ဒီတခါတော့ တကယ် လုပ်ရတော့မည့် အခြေအနေသို့ ရောက်နေပြီးကို ကောင်းစွာ သိလိုက် သည်။ သို့နှင့် သူသည် ဝတ်ဆင်ထားသော ဘောင်းဘီ၊ အင်္ကျီများကို ချွတ်ပစ်ပြီး လုံချည် နံငယ်ပိုင်းကိုသာ ဝတ်လျက် ကုန်းပတ်တံခါး အံ့ဖုံးဆီသို့ ပြေးသွားကာ ကြိမ်လုံးကို ဝင့်ကာဝင့်ကာနှင့် ချက်ချင်း လှေကို လော်ခတ် ထွက်ခွာရန် ဆဲရေးကြိမ်းမောင်း၍ အတင်း စေခိုင်းလေတော့သည်။ ကြောက်လည်းကြောက် အမိန့်ကိုလည်း လေးစားစွာ နာခံကြသဖြင့် တတ်များကို စွဲကိုင်ပြီး တစ်ပြိုင်နက် လော်ထွက် ခဲ့ကြလေတော့သည်။

ထိုအခါ လှေနှင့် ဖြတ်ကူး ခဲ့ရသည်မှာ ကြောက်ခမန်း လိလိပင်၊ ကမ်းပါးအနီးမှာ ဆိုးဝါးကြမ်းတမ်း လှ၏ဟု ထင်ရသော်လည်း မြစ်လယ် ရောက်ခါနီးလေလေ ပိုမို၍ ကြမ်းတမ်းလေလေ ဖြစ်နေတော့၏။ ထိုနေရာတွင် မုတ်သုန်လေ၏ အပြင်းထန်ဆုံး အင်အားနှင့် ရင်ဆိုင်ခဲ့ကြရပေ၏။ လှေတစ်စင်းလုံး စုံးစုံး မြုပ်သွားတော့မည်ကဲ့သို့ ထင်မှတ်ကြပြီး မန်ရစ်နှင့် တကွ အစေခံအားလုံးပင် အပေါ်ဝတ်အင်္ကျီများ အကုန်ချွတ်ပစ် လိုက်ကြလေ တော့သည်။ လော်ခတ်သူတို့မှာလည်း အင်းအားကုန်ခန်းလျက် အကူအညီ လိုလာကြလေသည်။ မန်ရစ် ကိုယ်တိုင်လည်း ဘုရားသခင်၏ အကူအညီ အမအစကို ရပါစေကြောင်း လက်တစ်ဖက်က လက်ဝါးကပ်တိုင်ကို ကိုင်မြှောက်ရင်း ဆုတောင်းပတ္တနာ ပြုနေရှာပေသည်။ သို့သော် လေသံ၊ လှိုင်းသံတို့ကြောင့် သူ့အသံကို မည်သူမျှ မကြားကြကုန်။

myanmar teashop
www.mmteashop.com

သို့ရာတွင် သူသည် လှော်ခတ်သူတို့ကို ခရစ်ယာန်တရား မဟောတော့ချေ။ ယခုလို ဆိုးဝါး၍ အန္တရာယ် များလှသော လေဒဏ်၊ မိုးဒဏ်ကို ကက်သလစ် ခရစ်ယာန်၏ သစ္စာက ကယ်တင်နိုင်ပုံ မရပေ။ ထိုသူတို့လည်း တက်ကို လွှတ်၍ တရားကို နာကြားကြမည် မဟုတ်ပေ။ ထိုအချိန်တိုင်အောင် ယောက်ျား ပီသစွာ ဖွဲ့နပဲနှင့် ပဲ့စင်တွင် ကပ်၍ တက်မကို ဂရုတစိုက် ထိန်းပေးရသော ရေကြောင်းပြ ပဲ့နင်းကလည်း ယခုအခါ မိမိ အားအင်တွေ ကုန်ခန်း ဆုတ်ယုတ်လာကြောင်း အော်ဟစ်ပြောဆိုကာ အကူအညီ တောင်းနေလေပြီ။

ထိုအခါ တီဘာအိုနှင့် မန်ရစ်တို့က သူ့ထံသို့ ပြေး၍ တက်မကို ကူညီ ထိန်းပေးကြလေသည်။ ယင်းသို့ ကုန်းပတ်ပေါ်၌ အကွယ်အကာမရှိပဲ ရပ်၍ တက်မကိုင်ပေးနေစဉ် ကြီးမားသော လှိုင်းလုံးကြီးများ မကြာခဏ တိုက်ခတ်ခြင်း ခံရသည်။ ရှေ့သို့ ငိုက်စိုက်ငိုက်စိုက် ဖြစ်သွား၍ တက်မတိုင်နှင့် ဆောင့်မိသဖြင့် ခေါင်း၌ သွေးခြည် ဥကာ အလွန် နာကျင်သော ဝေဒနာကို ခံရပြန်လေသည်။

သူတို့သည် တဖက်ကမ်းသို့ ရောက်၍ အကာအကွယ်ကို ဝင်မခိုရမီ နာရီများစွာ တပင်တပန်း ကူးခတ် လာခဲ့ ကြရပေသည်။ မိုးရေ မိုးပေါက်များ အကြား ဝေးဝေးလှမ်း၍ မမြင်နိုင်ကြပေ။ ရှေ့သို့ လှေတစ်ပြန် လောက်သာလျှင် မှုန်တိမှုန်မွား မြင်နိုင် ကြရပေသည်။ သို့ဖြစ်၍ သူတို့ ဦးတည်၍ လှော်ခတ်နေသော ကူးထောင့် ချောင်းဝကို လှမ်း၍ မမြင်နိုင်ကြရပေ။ သို့သော် အတော် နေစောင်းလောက်သော အချိန်တွင်မှ ထိုချောင်းဝကို တွေ့ကြရပေသည်။ သို့နှင့် လှေကို ချောင်းထဲသို့ အတန်ငယ် လှော်ခတ်သွားပြီးမှ ကမ်းပါး၌ မြဲမြံစွာ ချည်နှောင် ထားလိုက်ကြလေသည်။ လှေသားတို့လည်း ယခုမှ ရပ်နားခွင့် ရကြကာ ကုန်းပေါ်သို့တတ် ရောက်ပြီး ရွှံ့ညွန်များ ရှိစေကာမူ မြေကို ကုန်း၍ နမ်းရှုံ့ကြလေတော့၏။ ထိုနောက် သူတို့မှာ အင်းအားကုန်ခန်း နေပြီဖြစ်၍ လှေပေါ် တတ်ပြီး တုံးလုံးပက်လက် လှဲကာ နစ်မြုပ်စွာ တစ်နာရီခန့် အပန်းဖြေ အိပ်စက်နေကြ တော့သည်။ ထိုချောင်းငယ်၏ ကမ်းပါးတစ်ဖက် တစ်ချက်တွင် လမုပင်များ စီတန်း ပေါက်ရောက်ကြလျက် ကျောဘက်၌ လယ်တစ်ကွင်းနှင့် တောင်ပူစာကလေးများ ရှိလေသည်။ နောက်ဘက် ခမ်းလှမ်းလှမ်း၌ ကျောက်တောင်၊ ကျောက်စွန်းကြီးများ ရှိ၏။ လွန်ခဲ့သော နှစ်ပေါင်း တစ်ရာခန့်က ရခိုင်ဘုရင် ဘင်္ဂလားပြည်ကို တိုက်ခိုက်ရန် စစ်ချီသောအခါ ထိုနေရာ၌ ခေတ္တစခန်း ချရင်း ကျောက်သားတို့ကို ထုလုပ်ခဲ့သော ရုပ်ပွား ဆင်းတုတော် များကို ယခုထက်တိုင် တွေ့မြင်ကြရပေသေးသည်။

ထိုနေရာမှ အရှေ့မြောက် စူးစူးသို့ မိုင်နှစ်ဆယ်ခန့် သွားလျှင် ဦးရစ်တောင်မြို့ တည်ရှိလေသည်။ ရာသီဥတု သာယာသော အချိန်တွင် သစ်ပင်တစ်ပင်ပေါ်မှ တက်ကြည့်လျှင် တောင်ကုန်းတစ်ခုပေါ်၌ တည်ထားသော ဘုရားစေတီ၏ အထွတ် ထုပိကာစိန်ဖူးကို ကောင်းစွာ ဖူးမြော် တွေ့မြင်နိုင်ပေသည်။

နေသည် အတော်စောင်းသွားပြီး၊ လှေသမားတို့မှာ အတန်ငယ် အင်အားပြည့်လာကြပြီ ဆိုရစေကာမူ အစာ စားသောက်ပြီးနောက် ပြန်လှည့် အိမ်စက် ကြပြန်တော့သည်။ သို့ရာတွင် ထိုနေရာမှာ ကျားရဲသော ဒေသ ဖြစ်ပေသည်။ လှေကို ကမ်းပါးနှင့် နီးကပ်စွာ ဆိုက်ကပ် ထားသောကြောင့် ကျားရဲ၏ အန္တရာယ်ကို ကာကွယ်ရန် သေနတ် စွဲကိုင်သော အစောင့်များကို တစ်ညလုံး အလှည့်ကျ ကင်းချ ထားကြရပေတော့သည်။

နံနက် အရုဏ်တတ်ချိန်တွင် သူတို့လှေမှာ လက်ယာဘက် ချောင်းငယ်တစ်ခုသို့ ထုတ်ယူပြီး ဒီရေအရှိန်နှင့် လျင်မြန်စွာ ဆန်တက်လေသည်။ မုတ်သုန်ရာသီ မိုးတိမ်တို့လည်း ညိုမှိုင်း အုံ့ဆိုင်းလျက် ရှိပေသည်။ ထိုနေ့ မနက် ခရီးဆန်တက်ခဲ့ရာ ဦးရစ်တောင် အကောက်တော် ဌာနသို့ ဆိုက်ကပ်မိခဲ့ကြပေ၏။

myanmar teashop
www.mmteashop.com

ထိုနေရာမှ တစ်ဆင့် ခြေမြန်တော် တစ်ယောက်ကို ရေတပ်ဗိုလ်ချုပ်ကြီး ထံသို့ စေလွှတ်၍ သတင်း ပို့လိုက်လေသည်။ အဘယ်ကြောင့် ဆိုသော် သူတို့ ရွှေနန်းတော်သို့ မရောက်မီ ရေကြောင်းဗိုလ်ချုပ်ကို နှုတ်ခွန်းဆက်ပြီး မိမိ လာရောက်ရခြင်း အကြောင်းနှင့် ဘုရင်မင်းမြတ်၏ အမိန့်အတိုင်း ချက်ချင်း ချီတတ်ခြင်း မပြုသေးဘဲ ခေတ္တဆိုင်းငံ့ ထားစေလိုကြောင်းများကို ပြောဆို တောင်ပန်းလိုသောကြောင့်ပေတည်း။

ရေကြောင်းဗိုလ်ချုပ်လည်း သူတို့ကို ခေါ်ဆောင်ရန် အစောင့်သင်္ဘောကို အကြို လွှတ်လိုက်လေသည်။ ရေတပ် စခန်းမှာ ကုလားတန် မြစ်ကမ်းပေါ်၌ ရှိ၍ သင်္ဘောတပ်ကြီးမှာ ပင်လယ်ကမ်းခြေ ဘက်၌ ကျောက်ချ ရပ်နား ထားလေသည်။ ယာယီစခန်း ဖြစ်သော်လည်း နေပျော် ထိုင်ပျော်ရှိလှသည်။ စစ်တန်းလျားတို့မှာ များသော အားဖြင့် ဝါးတိုင် ထန်းလက်မိုး ဝါးထရံကာလျက် အတော် သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ရှိကြပေသည်။ တဲအားလုံးသည် အသစ်စက်စက် ဆောက်လုပ်ထားခြင်း ဖြစ်ပြီး အကြီးဆုံးတဲတွင်မူ ရေကြောင်းဗိုလ်ချုပ်ကြီး နေထိုင်လေသည်။

ထိုအရပ် ဒေသတွင် နေထိုင်သူတို့သည် စည်းကမ်းကြီးလှသော်လည်း ဩဂတ်စတင်ဂိုဏ်း ခရစ်ယာန်ဘုန်ကြီး များကိုတော့ အတော်ပင် အထင်ကြီးကာ လေးစားကြသည်။ သို့သော် သီရိသုဓမ္မ ဘုရင်မင်းမြတ်သည် ခရစ်ယာန် ဘာသာဝင်တို့ကို မိမိရွှေမြို့တော်၌ အခြေစိုက်ခွင့် မပြုပေ။ ဘာသာရေးကြောင့် မဟုတ်သော်လည်း ခရစ်ယာန် ဘာသာဝင်တို့အား ဘုရားရှိခိုးကျောင်း ဆောက်ခွင့်၊ အသင်းအဖွဲ့ အစုအဝေးနှင့် နေခွင့်ပြုလျှင် သူလျှို လုပ်ငန်းသော်လည်းကောင်း၊ နိုင်ငံရေး အရှုပ်အထွေးသော်လည်းကောင်း ကြံစည် လုပ်ကိုင်ကြမည်ဟု သင်္ကာ မကင်းသောကြောင့် မိမိ၏ နိုင်ငံတော်အတွင်း၌ သူတို့ စုစုဝေးဝေး နေခွင့်မရအောင် တင်းတင်းကြပ်ကြပ် အမိန့်တော်များ သတ်မှတ်ထားပေသည်။

သို့ရာတွင် တစ်ဦးချင်းမျှသော ခရစ်ယာန်ဘုန်းကြီး ဖြစ်ပြန်၊ ပညာလည်းတတ်၊ အဆင့်အတန်းလည်း ရှိသော မန်ရစ်ကိုမူကား သာမန် ခရစ်ယာန် ဘာသာဝင်တို့ထက် ပို၍ အလေးပေးပြီး ဆက်ဆံတော် မူပေ၏။ ဤအခြင်းအရာ တို့ကို မြောက်ဦးမြို့က ခရစ်ယာန်များက ဘာကြောင့် သူတို့ထံသို့ တိုက်ရိုက် စာပေး ပို့ပေး ခဲ့ကြသည်ကို လည်းကောင်း၊ တီဘာအိုလည်း သူ၏ လာရောက်ခြင်းနှင့် အဘယ်ကြောင့် ခေါင်းမာမာ လုပ်ခဲ့သည်ကို လည်းကောင်း အရှင်းသား ဖော်ပြနေပေတော့သည်။

ရေကြောင်း ဗိုလ်ချုပ်ကြီးနှင့် တွေ့ဆုံကြရာတွင် တရုတ်ပြည်ဖြစ် ပိုးထည်များနှင့် ဟင်းခတ် အမွေးအကြိုင်များ လက်ဆောင်ပေးပြီး ချစ်ကြည်စွာ ဆွေးနွေး ခဲ့ကြပေသည်။ "ဒီလိုဆိုးဝါးတဲ့ ရာသီမှာပင် ဘယ်လိုလုပ်ပြီး ရောက်လာခဲ့သလဲ"ဟု ဗိုလ်ချုပ်ကြီးက မေးမြန်းသဖြင့် သူတို့ လာခဲ့ရသော ခရီးစဉ်နှင့် တွေ့ကြုံ ခဲ့ရသော အဖြစ် အပျက်များကို လည်းကောင်း၊ လာခဲ့ရသော ကိစ္စကို လည်းကောင်း ပွင့်ပွင့်လင်းလင်းပင် ပြောပြ လိုက်ကြ ပေသည်။

"ဒီယင်းဂါးမြို့မှာ ရှိတဲ့ စစ်ဗိုလ်များ၊ ဘုရင်မင်းမြတ်၏ သစ္စာတော်ကို ချိုးဖောက်တယ် ဆိုတဲ့ စွပ်စွဲချက်များဟာ အခြေအမြစ် လုံးဝမရှိပါ၊ သူတို့၏ အပြုအမူ အကျင့်အကြံများကို စုံစမ်းရေးအဖွဲ့ စေလွှတ်၍ အတိအကျ စုံစမ်း စစ်ဆေး စေလိုပါသည်။ သူတို့ဟာ ဘုရင်မင်းမြတ်အပေါ် မည်မျှ သစ္စာစောင့်သို ရှိသေကြတယ်ဆိုတာကို သိစေလို၍ ကျွန်တော်မျိုးနှင့် သူတို့ ကိုးကွယ်သော ဘုန်းကြီးမန်ရစ်ကို စေလွှတ် လိုက်ကြခြင်း ဖြစ်ပါသည်" ဟု တီဘာအိုက ပွင့်ပွင့်လင်းလင်း လျှောက်တင်လိုက်လေသည်။

myanmar ONLINE teashop
www.mmteashop.com

ယင်းသို့ ပွင့်လင်းရင်းနှီးစွာ ပြောဆို ဆွေးနွေး နေကြပြီးနောက် မန်ရစ်လည်း ဘုရင်မင်းမြတ်၏ မှားယွင်းပြုမူပုံကို ဗိုလ်ချုပ်ကြီး ရိပ်မိသွားပြီးဟု တွေးမိရုံမက မိမိ ရပ်တည်နေသော အဆင့်အတန်း အခြေအနေကိုပင် မြင့်တင် ဖော်ထုတ်လျက်သား ဖြစ်နေသည်ကို ရိပ်စားမိလိုက်လေသည်။ ဘာသာရေးကို အကြောင်းပြု၍ ရခိုင်မင်းမြတ် ရွှေနားတော်သို့ သတင်းမှန်များ ပို့ပေး နိုင်တော့မည်ကို လည်းကောင်း၊ မတရား လုပ်ဇာတ်ခင်း၍ ဘုရင် မင်းမြတ်ထံ ကုန်းချော လျှောက်ထားသော စစ်တကောင်းမြို့ဝန်ကို ဘုရင်းမင်းမြတ် အမျက်တော် ရှပေဦးတော့မည်ဟူ၍ လည်းကောင်း တွေးမိပေတော့သည်။

ထိုအချိန်၌ ရေကြောင်းဗိုလ်ချုပ်က "ဘုန်းကြီး ယခုပြောနေတာတွေဟာ ဘာမှ ယုံမှား စရာ မရှိပါဘူး။ အလားတူပင် ဘုန်းကြီးကို ရွှေနန်းတော်က ပျူပျူငှာငှာ လက်ခံ တွေ့ဆုံမည်မှာ မလွဲပါ။ ကျွန်ုပ်အဖို့ ဆိုလျှင် ပေါ်တူဂီတွေဟာ သစ္စာဖောက်မယ်လို့ နည်းနည်းလေးမှ မယုံကြည်ခဲ့ပါ။ သူတို့ကို သစ္စာဖောက်တွေလို့ ကျွန်ုပ် ယုံကြည်လျှင် ဒီယင်းဂါးသို့ ချက်ချင်း ချီတတ်သွားမှာပေါ့။ အသင်သော်မှ ဒီလမ်းခရီးကို ဒီလိုအချိန်မှာ ရောက်အောင် လာနိုင်သေးလျှင် ကျွန်ုပ်လိုလူကို ဘယ်လမ်း၊ ဘယ်ခရီး၊ ဘယ်အချိန်၊ ဘယ်ရာသီကမှ တားဆီး မထားနိုင်ဘူး ဆိုတာ ရိပ်မိမှာပေါ့။ ကျွန်ုပ်ဟာ မုန်သုန်ရာသီ အင်းအားလျော့သည့် အချိန်ကို စောင့်နေတာ မဟုတ်ဘူး။ အမှန်တော့ သတင်းကို မသင်္ကာလို့ အခြေခံ အချက်အလက် ခိုင်ခိုင်လုံလုံ သိရှိစေရန် အချိန်ဆွဲပြီး စောင့်ဆိုင်း နေတာပါ" ဟု ရှင်းလင်းစွာ ပြန်ပြောလေသည်။

သူ၏ မှတ်တမ်း၌ မန်ရစ်သည် ဗိုလ်ချုပ်၏ အာဘော်ကြောင့် အလွန်အမင်း ကျေးဇူးတင်ပြီးလျှင် အာရှတိုက် တစ်ခွင်၌ အကျွမ်းကျင်ဆုံး ရေကြောင်းတပ်သား တစ်ယောက် ဖြစ်သည်သာမက မင်းမှုစိုးရာ၌ အထူး တတ်ကျွမ်းလျက် မည်သူကို ယုံကြည့်အပ်၍ မည်သူ့ကို မယုံကြည်အပ်ဟု ပိုင်ခြား ဝေဖန်တတ်သော တစ်ဦး တည်းသော ပုဂ္ဂိုလ်ကြီးပေတည်းဟု ၎င်းအား ကောင်းကောင်း ချီးကျူးထားလေသည်။

ထိုနောက် ဗိုလ်ချုပ်ကြီးက "ဘုရင်မင်းမြတ်လည်း ယခု မြောက်ဦးရွှေမြို့တော်၌ မရှိပေ။ မဟာမုနိသို့ အဖူးအမြော် သွားနေပါတယ်။ အဲဒီကို လိုက်သွားလျှင် တွေ့ရပါလိမ့်မယ်။ သင်နှင့် အတူ ကျွန်ုပ်၏ ဗိုလ်ကြီး တစ်ဦးကို အကူအညီ ထည့်လိုက်ပါဦးမယ်"ဟု ပြောလေတော့သည်။

myanmar ONLINE teashop
www.mmteashop.com

## အခန်း (၁၂)

## အိမ်တော်ဝန်

ခရီးသည်အားလုံးမှာ ဦးရစ်တောင်အနီးမှာ စပါးလယ်ကွင်းကြီး အတွင်း၌ ရှိနေကြပေသည်။ အလွန်ကျယ်ပြန့်သော ကွင်းပြင်ကြီးဖြစ်၍ မြောက်မှတောင်သို့ ရှစ်မိုင်ခန့် ရှည်လျားပြီး ပင်လယ်မှ တောင်တန်းများအထိ ခြောက်မိုင်ခန့် ကျယ်ဝန်းပေသည်။ မေယုမြစ်၊ ကုလားတန်းမြစ်နှင့် လေးမြို့မြစ်တို့မှ နုန်းနှစ်များ အနည်ကျ၍ ကုန်းပေါ်လာသော မြေနကျွန်းပေါ် အရပ် ဖြစ်သောကြောင့် မြေဩဇာ ထက်သန် ကောင်းမွန်လှပေသည်။ ထိုမြစ် သုံးစင်းလုံးပင် ရခိုင်ရိုးမတောင်ကို မြစ်ဖျားခံ၍ ဘင်္ဂလား ပင်လယ်ထဲသို့ တစ်စင်းနှင့်တစ်စင်း ကျောချင်းကပ် စီးဝင် နေကြပြီးလျှင် လူနေအိမ်ခြေ ထူထပ်များပြားသော လွင်ပြင်တစ်ခု ဖြစ်ပေါ်နေပေသည်။ သို့သော် ရခိုင်ပြည်နယ်မှာ လူဦးရေထက် ထွက်ရှိသော ဆန်စပါးက များစွာပင် ပိုလျှံနေတော့သည်။ ကမ္ဘာ၏ အရှေ့ဘက်ခြမ်း ဒေသတို့တွင် ဆန်စပါးသည် လူတို့၏ ပဓာန အာဟာရဓာတ် အစားအစာ ဖြစ်ပြီး လူတို့၏ စည်းစိမ် ဥစ္စာကို တိုးပွား ကြွယ်ဝစေသော သီးနှံမျိုး ဖြစ်သောကြောင့် ထိုဒေသမျိုးသည် အိန္ဒိယ နိုင်ငံထက် သာလွန် ကောင်းမွန်သော အခြေအနေ ရှိသည့်ပြင် တိုင်းသူပြည်သားတို့ အဖို့ ငတ်မွတ် ခေါင်းပါးသည်ဟူ၍ မရှိနိုင်တော့ပေ။ သို့အားဖြင့် အလုပ်ကြမ်းလုပ်ဖို့ လူမလုံလောက်လျှင် အိန္ဒိယပြည်မှ ခေါ်ယူ လုပ်ကိုင် စေရပေသေးသည်။

ရခိုင်ပြည်နယ်၏ ထူးထွေသော လုပ်ရပ်အချို့မှာ နိမ့်သောမြေပြင်၌ တစ်နေရာမှ တစ်နေရာသို့ ရေမြောင်းများ ဖောက်လုပ် ထားခြင်းပင် ဖြစ်တော့သည်။ ဆိုခဲ့သော မြစ်သုံးသွယ်နှင့် ၎င်းတို့၏ ဖြစ်လက်တက်များ အပြင်၊ ထိုမြစ်များ၊ မြစ်လက်တက်များ အကြား၌ အရပ် ရှစ်မျက်နှာသို့ အသီးသီး ဆက်သွယ် ဖောက်လုပ်ထားသော ချောင်းငယ်၊ မြောင်းငယ် အမြောက်အမြား ရှိနေကြလေသည်။ ကျေးရွာတို့မှာလည်း ထိုမြစ်ချောင်းတို့၏ ကမ်းပါး ပေါ်၌သာ တည်ရှိရကား လူများအဖို့ တစ်ရွာမှ တစ်ရွာသို့ သွားလိုလျှင် ထိုမြစ်ချောင်း၊ တူးမြောင်းများကို အားပြု၍ ရေလမ်းမှ သွားလာကြရပေသည်။

သို့အားလျော်စွာ တိုင်းပြည်တွင်လည်း လှေပေါင်း မြောက်မြားစွာနှင့် ပြည့်ကျပ်နေတော့သည်။ သေးငယ်သော လုံးထွင် လှေကလေးများ၊ လောင်းလှေကြီးများ၊ လှော်ကား၊ ဘောက်တူ စသည်ဖြင့် တိုက်လှေ၊ တိုက် သင်္ဘောနှင့် ကုန်တင်၊ ဝန်တင်၊ ခရီးသည်တင်သော လှေကြီးများ အထိ အမျိုးမျိုးပေါင်း များစွာ ရှိကြလေသည်။ သို့နှင့် လှေသမား (ဝါ) ရေကြောင်းဖြင့် အသက်မွေးသူတို့သည် လူဦးရေ အများဆုံး ဖြစ်နေတော့သည်။ ထို့ကြောင့် ဦးရစ်တောင် မြို့ကလေးမှာပင် လှေပေါင်း သုံးရာ့ငါးဆယ် ရှိသည်ဟု ဗိုလ်ချုပ်ကြီးက ပြောပြဖူးလေသည်။

myanmar teashop
www.mmteashop.com

ရခိုင်ပြည်နယ်သည် အိန္ဒိယပြည်နှင့် နယ်ချင်း စပ်နေသော်လည်း လူမျိုးခြား အငွေ့အသက်မှ ကင်းလွတ်သော တိုင်းပြည်တစ်ခု ဖြစ်နေသည်မှာ အံ့သြစရာ ကောင်းလှသည်။ နေထိုင်သော လူမျိုးတို့သည် မွန်ဂိုလီယံပြည် အနောက်ပိုင်း အလွန် ဝေးခေါင်သော ဒေသ၌ ရှေးက ရှိခဲ့သော မွန်ဂိုနိုင်ငံမှ မြန်မာပြည်၊ ယိုးဒယားပြည်၊ အာသံပြည်နှင့် ရှမ်းကုန်းပြင်မြင့် ဒေသများသို့ တစ်ဆင့်ပြီး တစ်ဆင့် တိုးဝင် ဆင်းသက်လာကြပြီးမှ တိုင်းပြည် နိုင်ငံကလေးများ ထူထောင်၍ နေထိုင် ခဲ့ကြပေသည်။ တရုတ်တို့က ၎င်းတို့ကို မည်သို့ပင် ခေါ်စေကာမူ ထိုလူမျိုး များ၌ ကောင်းသော ယဉ်ကျေးမှုများ ပါရှိလာခဲ့ပေသည်။

ယင်းသို့သော သီးခြား ပြည်နယ်ကလေးများ အနက် ရခိုင်ပြည်နယ်မှ တပါး အခြားပြည်နယ် အားလုံးလောက်မှာ တရုတ် အင်ပါယာကြီးထဲ၌ တစ်ကြိမ်မက ပါဝင် ခဲ့ကြရဖူးလေသည်။ အနည်းဆုံး အားဖြင့်လည်း ပီကင်းမြို့ရှိ ဧကရာဇ် ဘုရင်ထံသို့ လက်ဆောင်ပဏ္ဏာ ပို့ဆက် ခဲ့ကြရဖူးလေသည်။ သို့သော် ရခိုင်ပြည်နယ်သည် တစ်ရံ တစ်ခါမျှ တရုတ် အင်ပါယာကြီး၏ လက်အောက်ခံ အခွန်ပဏ္ဏာ ဆက်ရခြင်းမျိုးများ မရှိခဲ့ချေ။

လဆန်းရက် ကူးခဲ့၍ ပေါ်တူဂီ သံကိုယ်စားလှယ်များ ရောက်ပြီး နှစ်ရက်အကြာတွင် ပီရွမ်းမြို့ဝန် တင်ကြို ပြောကြား လိုက်သည့်အတိုင်း ဥတုရာသီ သာယာကြည်လင်၍ လာတော့သဖြင့် သူတို့လည်း နံနက် အရုဏ်တက် အချိန် မဟာမုနိ ရုပ်ပွား ဆင်းတုတော်ကြီးဆီသို့ ထွက်ခွာ ခဲ့ကြလေသည်။ ကြီးမားသော ရုပ်ပွား ဆင်းတုတော်ကြီးကား မြောက်ဦးမြို့၏ အနောက်မြောက်ယွန်း မိုင်လေးဆယ်ခန့် ကွာဝေးသော သသ်ကရိုက် ဘာသာဖြင့် ဆီရိဂုတ္တ (ပါဠိလို သီရိဂုတ္တ) တောင်ကုန်းကလေးပေါ်၌ တည်ရှိပေသည်။

မွန်ဂိုလီယံ လူမျိုးများ ရခိုင်ပြည်နယ်သို့ ဝင်ရောက်လာခြင်း မပြုမီ ရှေးအထက်ကျော်ကာရီက ထိုအရပ်တွင် ဧည၀တီ အမည်ရှိသော မြို့တစ်မြို့ တည်ရှိခဲ့ဖူးလေသည်။ (၁၉၂၄) ခုနှစ်က ထိုတောင်ကုန်းသို့ ကျွန်ုပ် ရောက်သွားသော အခါ ထိုနေရာတွင် ခရစ်နှစ် ငါးရာစုလောက်က ဟိန္ဒူ နတ်ကွန်းတို့၌ ထုလုပ်ကိုးကွယ်သော ကျောက်သား နတ်ရုတ်တု အကျိုးအပဲ့ များစွာ ပြန့်ကြဲလျက် ရှိသည်ကို တွေ့ခဲ့ရပေသည်။

မူလနဂိုက ဆောက်ထားသော ဂန္ဓကုဋိ တန်ဆောင်ကြီးမှုကား ထိုနေရာ တောင်ကုန်းပေါ်မှာပင် ရှိနေသေးလျက် အင်းအိုင်း၊ မန္တရားများ စီရင် ရေးထိုးထားသော ခေါင်းလောင်းကြီး တစ်လုံးကိုလည်း ထိုတန်ဆောင်ထဲ၌ တွေ့ရ ပေသေးသည်။

ထိုအင်းအိုင်၊ မန္တရားတို့မှာ မဟာမုနိ ဘုရားကြီးအတွက် အကာအကွယ် အစောင့်အရှောက်အားဖြစ် အသုံး ပြုထားခြင်း ဖြစ်သည်။ ယင်းသို့ စီမံထားခြင်းအားဖြင့် မဟာမုနိ ရုပ်ပွားတော်ကြီးကို ဖျက်ဆီး ပစ်၍သော် လည်းကောင်း၊ ရွှေပြောင်းသွား၍သော် လည်းကောင်း ပျက်စီးခဲ့ဖူးသည့် သာဓကကိုလည်း အမှန်ပင် ကြုံတွေ့ ခဲ့ကြရပေသည်။ ထိုအကြောင်းကြောင့်ပင် ယခုအခါ သီရိဂုတ္တ တောင်ကုန်း တစ်ဝိုက်တွင် ဝမ်းနည်း ကြေကွဲ ဖွယ်ရာများနှင့်သာ ဖုံးလွှမ်းလျက် ရှိနေပေတော့၏။

ကျွန်ုပ် တွေ့ခဲ့ရစဉ်က ဆိုလျှင် လူများ စွန့်ပစ်ထားခဲ့သော တောဆိုး တစ်ခုကဲ့သို့ ရှိနေပေရကား၊ ကျွန်ုပ် တွေ့ရပုံနှင့် မန်ရစ် တွေ့ရပုံတို့မှာ အလွန် ကွာခြားလှပေသည်။ မန်ရစ် ရောက်သွားသော အခါကမူ ရွှေနန်းတော် တစ်ခုလုံး ထိုတောင်သို့ ရောက်ရှိနေပြီး သီရိသုဓမ္မ ဘုရင်မင်းမြတ်၏ ကိုယ်ရံတော် တပ်သားများမှာ တောင်ခြေတွင် မွမွကြဲအောင် သဲသဲမဲမဲ စုဝေးလျက် ရှိကြပေသည်။ သီရိသုဓမ္မ ဆိုသည်မှာ ဘုရင်မင်းမြတ်၏

myanmar teashop www.mmteashop.com

အမည် မဟုတ်။ ပါဠိကျမ်းဂန်မှ ထုတ်နုတ်အပ်သော ဘွဲ့တော်ဖြစ်သည်။ ဆိုလိုရင်းကား အဓိပ္ပါယ်မှာ သစ္စာတရားကို ခုခံကာကွယ်သူ ဟူ၍ ဖြစ်လေသည်။

ထိုခရီးကို လှေဖြင့် တောက်လျှောက် သွားရောက် နိုင်ပေသည်။ မန်ရစ်နှင့်တကွ ကပ္ပတိန်တီဘာအို၊ ၎င်းတို့၏ အစေခံများနှင့် လက်ဆောင်ပဏ္ဏာ အပါအဝင် ဝန်စည်စလယ် အားလုံးကို စစ်ရုံးအရာရှိ ရခိုင် စစ်ဗိုလ်တစ်ယောက် ကြတ်မတ် လိုက်ပါသော လျင်မြန်သည့် လှေတော်သုံးစင်းတွင် တင်ဆောင် သယ်ယူ ခဲ့လေသည်။ သွားရသော ရေကြောင်းခရီးမှာ ကုလားတန်းမြစ်ကို ဆန်တတ်ခဲ့ပြီးနောက် မြစ်လက်တက်တစ်ခု ဖြစ်သော သေမာနဒီ အမည်ရှိ ချောင်းငယ်တစ်ခုသို့ ကွေ့ဝင် ခဲ့ကြရလေသည်။ သေမာနဒီဆိုသော ပါဠိစကား၏ အနက် အဓိပ္ပါယ်မှာ လှပသော မြစ်ဟူ၍ ဖြစ်လေသည်။

ပထမနေ့ တစ်ရက်ခရီး ကုန်လွန်နီးသော် မြစ်ကမ်းဝဲယာ၌ စိမ်းလန်းစိုပြည်သော တောအုပ်ကြီး အသီးသီးက နယ်နိမိတ် သတ်မှတ် ထားသကဲ့သို့ ရှိလေသည်။ သစ်ပင်ကြီးတို့မှာ လွန်စွာ မြင့်မား သန်စွမ်းပေရကား၊ တစ်ဖက်ကမ်းမှ သစ်ပင် ထိပ်ဖျားတို့မှာ အခြားတစ်ဖက်မှ သစ်ပင်ထိပ်ဖျားတို့နှင့် ၎င်းတို့၏ ဦးခေါင်းပေါ်တွင် ထိယှက်လုခမန်း ရှိနေကြပေသည်။ သာယာ ပျော်မြူးဖွယ်ကောင်းသော ထိုတောကြီး အလယ်တွင် တစ်ပင်မှ တစ်ပင်သို့ ခုန်ကျော် ပြေးလွှားနေကြသော မျောက်ကလေးများ လှပသော အမွေးတောင်တို့ကို ဖြန့်လျက် ပျော်မြူး နေကြသော ဥဒေါင်းငှက်များ၊ သစ်ရိပ်အောက်တွင် တရွေ့ရွေ့လှုပ်ရှား သွားလာနေကြသော ကြွံ၊ တိရစ္ဆာန်ကြီးများမှ စ၍ ဘာသာဘာဝ ပျော်ပါး၍နေကြသော တောကျေးငှက် တိရစ္ဆာန်တို့မှာ လူသံ၊ သူသံ များကို ကြားလျှင် ကြောက်လန့်တကြား ဝေးရာ တောနက်ထဲသို့ ပြေးသွား တိမ်းရှောင်ကြလေတော့သည်။

ဒုတိယနေ့သို့ ကူးလေသော် လူနေအိမ်ခြေ အသင့်အတင့်ရှိသော ရွာငယ်များ ဟိုတစ်စု ဒီတစ်စုရှိနေသော စပါး လယ်ကွင်းကြီး တစ်ခုထဲသို့ ရောက်လာခဲ့ကြလေသည်။ သူတို့သည် ရွာတစ်ရွာတွင် ခေတ္တ စခန်းချပြီး နံနက်စာ စားသောက်ကြလေသည်။ အစားအစာတို့မှာ မမျော်လင့်လောက်အောင် ဈေးပေါလှသဖြင့် တအံ့တသြ ဖြစ်ကြ ရကုန်၏။ ငွေဒင်္ဂါး တစ်ကျပ်ပေးလျှင် ချောချောလှလှ ကြက်အကောင်း သုံးဆယ်ခန့် ရရှိပြီး တစ်ပဲနိ သို့မဟုတ် ပိုက်ဆံ နှစ်ပြားခန့် ပေးလျှင် ကြက်ဥ တစ်ဒါဇင်ခန့် ရရှိနိုင်ပေသည်။

သူတို့သည် ထိုနေ့ မွန်းတိမ်လောက်တွင် သေမာနဒီ* (သေမာနဒီကို သရေမြစ်ဟု ခေါ်၍ ယခုအခါ သားရေချောင်းဟု တွင်နေသည်) မြစ်ကြောင်းအတိုင်း ဆန်တတ်သွားကြသည်။ မဟာမုနိ ဘုရားကြီး မရောက်မီ သုံးမိုင် ခရီးလောက်တွင် မြစ်ကြောင်းကို ဘုရင့်လှေတပ်ကြီး ပိတ်ဆို့နေသဖြင့် ဆက်လက် ဆန်တတ်ခြင်း မပြုနိုင်သောကြောင့် ရပ်တန့်လိုက်ကြရပေသည်။

ပါလာသော ရေတပ်အရာရှိက ရှင်းပြသည်မှာ ဘုရင်မင်းမြတ်နှင့် နန်းတွင်းသူ နန်းတွင်းသူများ တိုင်းခန်း လှည့်လည်တော် မူသောအခါ လှေလောင်း ကတ္တူကြီးများနှင့် သွားလေ့မရှိပဲ ပို၍ သက်သောင့် သက်သာ ကြွမြန်းတော်မူနိုင်စေရန် ကရဝိတ်ဖောင်တော်နှင့်သာ ထွက်တော်မူလေ့ ရှိပေသည်။ ဖောင်တော်မှာလည်း ရွှေနန်းတော်တွင် စံတော်မူနေရသည့် အတိုင်း နန်းသုံး ပစ္စည်းများမှအစ လိုလေသေး မရှိစေဘဲ မိဖုရား၊ မောင်းမမိဿတို့ ခြံရံ၍ လိုက်ပါနိုင်စေရန် ကြီးစွာသော ဖောင်တော်ကို စီမံ၍ ဝါးနှင့် ဆောက်လုပ်ကာ ယာယီ နန်းတော်ကို ဖော်ပေါ်၌ တင်ဆောင်လာသကဲ့သို့ မြောက်ဦးမြို့တော်က နန်းတော်အတိုင်း စီမံစေလေသည်။ ယင်းသို့ ရွှေနန်းတော် တစ်ခုလုံးကို ဖောင်နှင့် တင်ဆောင်လာသလို

myanmar teashop www.mmteashop.com

စီမံထားသောကြောင့် သာမန် လှော်တတ် များနှင့် လှော်ခတ်၍ ဆွဲယူသွားဖို့ မလွယ်ကူလှပေ။ များစွာသော မြစ်ချောင်းတို့မှာ ဒီရေ အတက်အကျ ရှိသောကြောင့်လည်း လှော်တတ်များ လိုအပ်မည် မဟုတ်ပေ။ ရွှေမြို့တော်မှ (၁၅) မိုင်၊ မိုင်နှစ်ဆယ်လောက် ခရီးတွင် ဒီရေ အတက်အကျ ရှိသဖြင့် လွယ်လင့်တကူမျှော၍ စုန်ဆန် ချီတတ် သွားနိုင်ပေသည်။ သို့ဖြစ်သည့်အားလျော်စွာ ဘုရင်နှင့်အတူ နန်းတွင်းသူ နန်းတွင်းသား အားလုံး မဟာမုနိဘုရားကုန်း၏ ခြေတော်ရင်း၌ ယာယီ တဲနန်းနှင့် စံနေတော် မူနေစဉ်အတွင်း ထိုသေမာနဒီမြစ်ထဲ၌ ဘုရင့်လှေတော်၊ ဖောင်တော်များနှင့် ပြည့်ကျပ် ပိတ်ဆို့နေခြင်း ဖြစ်လေသည်။

ယင်းသို့သော အခြေအနေကြောင့် အဆိုပါ ရေတပ်ဗိုလ်သည် ဗိုလ်ချုပ်ကြီး၏ ယောက်ဖထံသို့ ဗိုလ်ချုပ်ကြီး ပေးလိုက်သော စာကို မိမိကိုယ်တိုင် သွားရောက် ပေးပို့ပြီး ဘုရင်မင်းမြတ်နှင့် အဆက်အသွယ်ရအောင် လုပ်မည် ဖြစ်ကြောင်း၊ ဘုရင်မင်းမြတ်ထံသို့ ပေးရန်ဖြစ်သော ဗိုလ်ချုပ်ကြီး၏ အစီရင်ခံစာကို မိမိပင် သွားရောက် ပေးပို့မည် ဖြစ်ကြောင်း၊ မိမိပြန်လာသည့် တိုင်အောင် ယခု ရှိနေသောနေရာက စောင့်ဆိုင်း နေကြ စေလိုကြောင်း မှာထားကာ ကုန်းသို့ တတ်သွားလေ၏။

နောက်တနေ့တွင် ထိုရေတပ်ဗိုလ် ပြန်လည် ရောက်ရှိလာခဲ့လေသည်။ သူနှင့်အတူ နန်းတွင်း၌ အရေးပါသော ဗိုလ်ချုပ်၏ သားချင်းဖြစ်သူ အရာရှိလည်း လိုက်ပါ လာခဲ့လေသည်။ ထိုအရာရှိသည် တရုတ်ပြည်ဖြစ် တောက်ပြောင်လှသော ပိုးထည်နှစ်ထည် လက်ဆောင်ရလျှင် မန်းရစ်နှင့် ပိုမို ရင်းနှီးသွားတော့၏။ ၎င်းက အစီရင် ခံစာကို ဘုရင်မင်းမြတ် လက်ခံ ရရှိပြီး ဖြစ်သည်ကို ယုံကြည်စေလိုကြောင်း၊ ဤကဲ့သို့ နှစ်လိုဖွယ်သော လက်ဆောင်ကို ရရှိသူသည် မိမိ၏တာဝန်ကို ပေါ့လျော့ ပျက်ကွက် စေလိမ့်မည် မဟုတ်ကြောင်း ပြောပြသော အခါ ပေါ်တူဂီတို့လည်း သူ့အဓိပ္ပါယ်ကို ကောင်းစွာ ရိပ်မိကြပေသည်။ သို့ရာတွင် သူ့ ပုံပန်းမှာ သူတို့ကို အချောဆုံး၊ အလှဆုံး စကားများကိုသာ ရွေး၍ပြောဆိုကာ သူ့ကို အထင်ကြီးပြီး ကျန်ရစ် စေလိုသော သဘော ရှိကြောင်းကိုလည်း ကောင်းစွာ ရိပ်မိ လိုက်ကြပေသည်။ ယခုအခါ မြန်မာဟု ခေါ်သော ထိုဒေသတွင် နေထိုင်သည့် လူမျိုးတို့သည် ကြည်လင်သော မျက်နှာဖြင့် ဖော်ရွှင်စွာ ပြောဆို ဆက်ဆံတတ်သူများ ဖြစ်ရာ အရှေ့တိုင်းတွင် နှိုင်းစရာ မရှိအောင် ဖော်ရွေသော လူမျိုးများ ဖြစ်ကြသည်။ အနောက်တိုင်း နိုင်ငံများမှာ ဆိုလျှင် အိုင်ယာလန် ပြည်သားများနှင့် ခပ်ဆင်ဆင် တူတော့၏။

သူတို့သည် ထိုနေ့အဖို့ သေမာနဒီမြစ်ထဲ၌သာ အချိန်ကုန်ကြပေသည်။ မိုးချုပ်စတွင် ယခင် အရာရှိထံမှ သတင်း ပို့လာလေသည်။ နောက်နေ့ နံနက်ပိုင်းတွင် ဘုရင်မင်းမြတ်ထံ အဖူးအမြော် ခံဖို့ အစီအစဉ် မရှိကြောင်း၊ သို့ရာတွင် ညဥ့်ဦးပိုင်း၌ အထူး အခွင့်အရေး တစ်ရပ်အားဖြင့် ၎င်းတို့အား ဘုရင်မင်းမြတ်က လက်ခံ တွေ့ဆုံရန် ကတိပြုတော်မူကြောင်း ယခု စေလွှတ်လိုက်သော မင်းလုလင်နှင့် ပို့ပေးလိုက်သော လက်ဆောင်ပဏ္ဏာ များကိုလည်း ကြည်ကြည်ဖြူဖြူ လက်ခံပါမည့် အကြောင်း စသည့် သတင်းစကားများ ရရှိ ခဲ့ကြ ရပေသည်။ ပေါ်တူဂီတို့သည် ကျေးဇူးတင်ကြောင်း၊ စကားလက်ဆောင် ပြန်လည် ပို့ပေး လိုက်သော်လည်း ထိုညအဖို့ ရင်တမမနှင့် အချိန် ကုန်လွန် ခဲ့ကြရပေတော့သည်။ အဘယ်ကြောင့်နည်း။ အရှေ့ဖျားဒေသက နန်းတွင်း အရေးများကား တနေ့ရွှေ၊ တနေ့ငွေ ဖြစ်တတ်သည် မဟုတ်ပါလော။ သို့သော်လည်း နောက်တနေ့ နံနက် နေထွက်တပြူ ရှိလတ်သော် မင်းလုလင်တစ်ယောက် ဟန်ပါပါနှင့် ရောက်လာ ပြန်ချေ၏ "ကျွန်တော့်ဆီမှာ သတင်းကောင်း ပါလာပါတယ်။ သိပ်ကောင်းတဲ့ သတင်းပဲ။ ဒါပေမယ့် အချို့ အချက်အလက်တွေ သတင်း မပေါက်ကြား စေချင်လို့ ခြွင်းချန်ပြီး ပြောရမှာပဲ။ လူကြီးမင်းကတော့ ကျွန်တော်ခြွင်းချန် ထားခဲ့တဲ့သတင်းကို ဘယ်လို ကော်ထုတ်ရမယ် ဆိုတာ သိမှာပါပဲ" ဟု ပြောလိုက်ရာ

သူတို့လည်း ချက်ချင်းလိုပင် ထိုက်တန် သလောက် ဆုလာဘ် ပေးလိုက်ကြလေသည်။ သို့နှင့် မင်းစေလှလင်က "ကျွန်တော့်သခင်က မှာလိုက်တယ်။ ဗိုလ်ချုပ်ရဲ့ အစီအရင်ခံစာကို ဘုရင်မင်းမြတ်ထံ ညကပင် ဆက်သလိုက်ပြီ။ ဘုရင်မင်းမြတ်လည်း စာကို ဖတ်ရှုတော် မူပြီး နောက်ထပ် အမိန့် မရမချင်း ဒီယင်ဂါးသို့ ရေတပ်မတော် ချီတပ်ခြင်း မပြုရလို့ ချက်ချင်း အမိန့်တော်မြတ် ချမှတ် လိုက်ပါတယ်။ ပြီးတော့ အိမ်တော်ဝန်ကိုခေါ်ပြီး လူကြီးမင်းတို့ကို ယနေ့ပင် ရှေ့တော် သွင်းစေဟု မိန့်တော် မူလိုက်ပါတယ်" ဟု ပြောပြလေ၏။ ဤသတင်းမှာ သူတို့ တောင်းတနေသောသတင်း ဖြစ်သည်။ အလွန်အမင် ဝမ်းမြောက်လှသဖြင့် မင်းစေလှလင်အား ထပ်မံ၍ ငွေတစ်ဆယ်ကျပ် ဆုချ လိုက်ကြ ပြန်လေသည်။ ထိုငွေမှာ ကြက်အကောင် သုံးရာခန့် ဝယ်ယူ ရရှိနိုင်လောက်အောင် တန်ဖိုးရှိပေသည်။ အင်္ဂလိပ် သုံးငွေ (၇၅) ပေါင်နှင့် ညီမျှသောကြောင့် အတော် များပြားပေသည်။ ဆုရသော မင်းစေလှလင်လည်း ဝမ်းမြောက် နေလေသည်။

ထိုသူ ပြန်သွားပြီးနောက် သူတို့လည်း အိမ်တော်ဝန် ရောက်လာသောအခါ ပေးကမ်းရန် လက်ဆောင် ပဏ္ဏာများကို ရွေးချယ် စီစစ်၍ ကျန်ရစ် ခဲ့ကြလေသည်။ ထိုအခိုက် စိတ်ဝင်စားဖွယ် ကောင်းသော လူအချို့ ရောက်ရှိ၍ တွေ့ဆုံ စကား ပြောကြရပြန်လေသည်။ ဘုရင့်ကိုယ်ရံတော် တပ်များတွင် ဆာမူရိုင်းခေါ် ဂျပန် သူရဲကောင်း တပ်တစ်တပ် ပါဝင် အမှုထမ်းလျက် ရှိရာ ထိုတပ်ကို ဂျပန်စစ်ဗိုလ်တစ်ယောက် ခေါင်းဆောင်ကာ မန်ရစ်တို့ထံ အလေးပြုရန် ရောက်ရှိ လာလေသည်။ ၎င်း ဂျပန်စစ်သားတို့သည် ကက်သလစ် ဘာသာဝင်များ ဖြစ်ကြ၏။ ၎င်းတို့ကို ဂျက်ဆူအစ် သာသနာပြု စိန့်ဖရန်ဇေဗီယာက ခရစ်ယာန် ဘာသာသို့ သွတ်သွင်း ပေးခဲ့ လေသည်။ စိန့်ဖရန်စစ်ဇေဗီယာသည် ဂျပန်ပြည်တွင် သာသနာပြုရာ အလွန် အောင်မြင် ခဲ့ပေသည်။ (၁၆၁၂) ခုနှစ်သို့ ရောက်သော် ဂျပန်ပြည်ကို ကြီးစိုးနေသော ရှိုဂွန်အိယေယာစုခေါ် မှူးမတ်များသည် ခရစ်ယာန် သာသနာပြုတို့ကို သင်္ကာမကင်း ဖြစ်လာကြတော့သည်။ သို့နှင့် အချို့ကို ဖမ်းဆီး သတ်ဖြတ်၍ ကျန်တချို့ကို တိုင်းရင်းသား ခရစ်ယာန်များနှင့် အတူ တိုင်းပြည်မှ နှင်ထုတ်လိုက်ကြလေသည်။

ယင်းသို့ တိုင်းပြည်မှ နှင်ထုတ်ခြင်း ခံရသော ဂျပန် ခရစ်ယာန်များတွင် သစ္စာရှိခြင်း၊ ရဲရင့်ခြင်းတို့၌ သူ မတူအောင် စွမ်းသော ဓာသမား ဆာမူရိုင်းများ ပါဝင်ကြရကား မိမိတို့ ရောက်ရှိနေသော အိန္ဒိယနှင့် အနီး တစ်ဝိုက်ရှိ တိုင်းပြည်တို့၌ ရှင်ဘုရင်များထံသို့ ဝင်ရောက် ခစားကာ ကိုယ်ရံတော် တပ်သားအဖြစ် အမှုထမ်း၍ နေခဲ့ကြသည်။ သို့နှင့် ယိုဒယားပြည် ဟံသာဝတီ (ပဲခူး) နှင့် ရခိုင် ဘုရင်တို့၏ ကိုယ်ရံတော် တပ်များတွင် ဂျပန် ဆာမူရိုင်း သူရဲကောင်း တပ်များ ရှိနေခဲ့ကြသည်။

ယခု မန်ရစ်ထံသို့ လာရောက် တွေ့ဆုံသော ဂျပန်ကိုယ်ရံတော် တပ်မှာ ရခိုင်ဘုရင် သီရိသုဓမ္မမင်းမြတ် နှစ်စဉ် ကြွရောက်မြဲ အတိုင်း မဟာမုနိဘုရား ဖူးကြွချီရာသို့ လိုက်ပါကြရသော ကိုယ်ရံတော် တပ်တစ်တပ် ဖြစ်၏။ ၎င်းတို့သည် ယူနီဖောင်း စစ်ဝတ်စုံအပြည့် ဝတ်ဆင်လျက်၊ ခါးပတ်ကြိုးတွင် ဓားရှည်နှစ်လက် ဘယ်ညာ ချိတ်လျက် မိမိတို့၏ တိုက်လေ့ကို မန်ရစ်တို့လေ့နှင့် ယှဉ်၍ ဆိုက်ကပ်ပြီး အမြောက်သေနတ်များ ပစ်ဖောက်၍ အလေး ပြုကြသည်။ ထို့နောက် ဂျပန်ဗိုလ်သည် မန်ရစ်တို့ လှေပေါ်သို့ တက်၍ မန်ရစ်ရှေ့တွင် ဒူးထောက်လျက် မိမိအမည်မှာ လီယွန်ဒွန်နီ ခေါ်ကြောင်း၊ ပထမအမည် လီယွန်မှာ ခရစ်ယာန်ဘာသာ ဝင်သော အခါက မှည့်ခေါ်သော ခရစ်ယာန် အမည်ဖြစ်၍ ဒုတိယအမည် ဒွန်နီမှာ လူကြီးလူကောင်းဟု အဓိပ္ပါယ်ရှိသော ဂျပန်အမည် ဖြစ်ကြောင်း ပြောပြ နှုတ်ဆက်လေသည်။

မန်ရစ်လည်း သူ့ကို နေရာမှ ထစေပြီးလျှင် မိမိတို့ လှော်ပေါ်၌ သူ၏ နောက်လိုက် တပ်သားအားလုံး တက်ရောက် နိုင်အောင် နေရာ မဆံနိုင်သဖြင့် ကုန်းပေါ်သို့ သွားကြရန် တောင်းပန်ရလေသည်။ ထိုအခါ

myanmar teashop www.mmteashop.com

တီဘာအိုသည် အစေခံတို့အား ကမ်းပေါ်ရှိ သစ်ရိပ်ကောင်းကောင်းတွင် ဖျာများခင်းပေးရန် စေခိုင်းလေတော့သည်။ ထိုနောက် အားလုံးကမ်းသို့တတ်၍ သစ်ရိပ်အောက်ရှိ ဖျာပေါ်တွင် စုရုံးကြကုန်၏။ ဂျပန်တို့သည် မန်ရစ်အား ခရစ်ယာန်ဂိုဏ်းချုပ်ကြီးတမျှ အထူးကြည်ညိုကြပြီးလျှင် လက်ကိုနမ်းရှုံ၍ အလေး ပြုကြလေသည်။

ထို့နောက် လီယွန်ဒွန်နိက သူတို့ဆီသို့ ခုနစ်နှစ် ကာလအတွင်း မည်သည့်ဘုန်းကြီးမျှ မရောက်လာခဲ့ဘူးကြောင်း သူတို့ ဘုရားဝတ်ပြုရန် ဘုရားရှိခိုးကျောင်း ရရှိဖို့ မပျက်တောင့်တ ခဲ့ကြရကြောင်း၊ ထို့ကြောင့် မြောက်ဦး မြို့တွင် ဘုရားရှိခိုးကျောင်း တစ်ဆောင်လောက် ဖြစ်မြောက်အောင် ဆောင်ရွက် ပေးစေလိုကြောင်း၊ ဘုရင် မင်းမြတ်ထံသို့ သူတို့ အတန်တန် လျှောက်ထား ခဲ့ဖူးသော်လည်း ဘာမှ အကြောင်းမပြန်ဘဲ ယခုတိုင် ရှိနေ ခဲ့ကြောင်း၊ မန်ရစ်ကို ဘုရင်မင်းမြတ်က လက်ခံ တွေ့ဆုံမည်မှာ သေချာနေပြီဖြစ်၍ ဘုရင်မင်းမြတ်နှင့် တွေ့ဆုံသော အခါ ဘုရားရှိခိုးကြောင်း ဆောင်လုပ်ခွင့် အမိန့် ခံယူရရှိအောင် တောင်းဆိုပါမည့် အကြောင်းတို့ကို ပြောကြားလေသည်။

ထိုအခါ မန်ရစ်က "ကျွန်ုပ်၏ လာရင်းအကြောင်းမှာ ဒီယင်းဂါးမြို့က ခရစ်ယာန် ဘာသာဝင်တို့ အပေါ် ကျရောက်တော့မည့် ဘေးအန္တရာယ်ကို ရှောင်ကွင်း နိုင်စေမည့် နည်းလမ်းကို ရှာဖွေရန်ဖြစ်သော်လည်း သင်တို့ တောင်းဆိုချက် ဖြစ်ပါသည်။ ကျွန်ုပ်၏ မွန်မြတ်သော ဆောက်ရွက်မှု အပေါ်တွင် အမှီသဟဲပြု၍ အောင်မြင် ပါလိမ့်မည်"ဟု ပြန်လည် ပြောကြားလေသည်။

ယင်းသို့ စကားကောင်းနေခိုက် အစေခံအချို့ ပြေးလာပြီး အိမ်တော်ဝန် ကြွလာကြောင်း ပြောကြားလေသည်။ အမှန်ပင် ဝန်မင်း ကြွလာနေပါပြီ။ ဝန်မင်း အခမ်းအနားနှင့် ကြွလာသည်ကို လူတိုင်း အာရုံ စိုက်သွား ကြတော့သည်။ ကြီးမားထွားကျိုင်းသော ဆင်ကြီးတစ်ကောင်မှာ မြစ်ကမ်းနားသို့ တစ်လှမ်းချင်း လှမ်း၍ လာနေလေသည်။ အိမ်တော်ဝန်သည် ရွှေချထားသော ဖောင်းကားထဲတွင် ထိုင်လျက် အနီး၌ ရေတပ် ဗိုလ်ချုပ်၏ ယောက်ဖ ကပ်လျက် ပါလာသည်။ ထိုဆင်ကြီးကို အစောင့်တပ်သား လေးဆယ်ခန့် ဝန်ရံ လိုက်ပါ ကြလေသည်။ ဖျတ်လတ်ကျင်လည်သော လူပျိုတော်သားအချို့က ဆေးတံကိုင်သူ၊ ကွမ်းအစ်ပိုက်သူ၊ ဆေးလိပ် ညှိရန် ရဲရဲနီသော မီးသွေးအိုး သယ်သူ စသည်ဖြင့်လုလင် ခြောက်ယောက်လည်း နောက်က လိုက်ပါ ခဲ့ကြရလေသည်။

ဆင်ပေါ်မှ အိမ်တော်ဝန် ဆင်းသက်တော် မူလေလျှင် ၎င်းကို လှေပေါ်သို့ ကြွဖို့ရန် တောင်းပန်ကြလေသည်။ လှေ၏ ပေါင်းမိုးတွင်လည်း ကြိုဆို ဧည့်ခံရေးအတွက် လှလှပပ ဆင်ယင်ထား ကြသည်။ ထို့နောက် အစွမ်းကုန် ကိုင်းရှိုင်းကာ အရိုအသေ ပေးကြပြီးနောက် အထူးတလည် ခင်းကျင်း ထားသော ကတ္တီပါခုံပေါ်သို့ ပို့ပေးကြသည်။ ဝန်မင်းသည် ခုံပေါ်တွင် ဝင်ထိုင်၍ အခြွေအရံများက သူ၏ နောက်ပါး၌ နေရာ ယူမိကြသောအခါ နေရာမှ ထပြန်လျက် ထုံစံအတိုင်း နှုတ်ခွန်းဆက်သ စကား အနည်းငယ် ပြောလေသည်။

အိမ်တော်ဝန်။ "အကျွန်ုပ်တို့ ဘဝရှင်မင်းတရားကြီးက ကျွန်ုပ်အား သင်တို့ကို ကြိုဆိုရန် စေလွှတ်လိုက်ပါတယ်"

မန်ရစ်။ "ရွှေနန်းရှင် မင်းတရားကြီးဟာ ကရုဏာကြီးမားတော် မူလှပေတယ်"

အိမ်တော်ဝန်။ "မဂိုမြို့က ဘုရင်ခံချုပ်မင်း၊ ကျန်းမာတော်မူပါလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

myanmar ONLINE teashop www.mmteashop.com

မန်ရစ်။ "ကျွန်ုပ်တို့ ဒီယင်းဂါးမြို့ပေါ်က ပေါ်တူဂီတွေဟာ ဘုန်းတော်ကြီးမြတ်တော်မူသော ဘုရင်မင်းမြတ်၏ သစ္စာတော်ကို အတိတ်ကာလအတိုင်း လေးမြတ်စွာ စောင့်သိ ရှိသေလျက်ပင် ရှိပါသည်။ ဘေးလောင်းတော်၊ ဘိုလောင်းတော်များ လက်ထက်ကစပြီး အမှုတော်ကို မလစ်မဟင်းအောင် ကျိုးနွံစွာ ထမ်းရွက် လာခဲ့ကြတာကိုလည်း ပြန်လည် သတိရစေလိုပါတယ်။ မဂိုမင်းများ ဘင်္ဂလားပြည်နယ်သို့ နယ်ချဲ့လာတာကို တားဆီးခုခံ ထားရုံမက ဘုရင်မင်းမြတ်၏ ရန်သူဖြစ်သော ဟံသာဝတီ ပဲခူးမင်း၏ တပ်များကိုပါ တိုက်ဖျက် ချေမှုန်းလာခဲ့ ကြတာလည်း အထင်အရှား ဖြစ်ပါတယ်။ အကယ်၍ ဘုရားသခင် ကျေးဇူးတော်ကြောင့် ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်ထံ အကျွန်ုပ် ဝင်ရောက်ဖူးမြော်ခွင့် ရမည်ဆိုလျှင် ကျွန်ုပ်၏ ပေါ်တူဂီ အမျိုးသားများကို ဘုရင်မင်းမြတ်၏ ဘုန်းတော်ရိပ်၌ ဆက်လက် ခိုလှုံခွင့်ပြုရန်နှင့် ဘုရင့်အမှုတော်ကို ဆက်လက် ထမ်းဆောင်ခွင့် ရအောင် ကြိုးစား လျှောက်ထားရမည် ဖြစ်ပါသည်"

အိမ်တော်ဝန်။ "အသင့်ထံမှ ဤကဲ့သို့သော စကားကို ကြားသိရ၍ ကျွန်ုပ် နှစ်ထောင်းအားရ ဝမ်းသာလှပါတယ်"

မန်ရစ်။ "ဘုရင်မင်းမြတ်၏ အကျိုးတော်ကို ဆောင်တော်မူသော ဝန်မင်းဘုရား၏ စကားမှာ နိမ့်ချလွန်းရာ ရောက်လှပါတယ်။"

အိမ်တော်ဝန်။ "သင်၏ အလိုဆန္ဒအတိုင်း ပြည့်ဝစေသည့်အတွက် ဗုဒ္ဓရှင်တော်ဘုရားကို ကျေးဇူးတင်ထိုက်ပါတေယ်။ ဘဝရှင် မင်းတရားကြီးဟာ အသင်တို့အား ယခုပင် ရှေ့တော်သို့ ဝင်ရောက် ခစားခွင့် ပေးသနားတော် မူလိုက်ပါတယ်။ ဒါကြောင့် သင့်ကို ကမ်းခြေက သံတဲသို့ ကြိုဆို ခေါ်တောင်ဖို့ ကျွန်ုပ်ကို လွှတ်လိုက်ပါတယ်။"

မန်ရစ် ။ "အရှင်ဝန်မင်း ငဲ့ညှာလွန်းရာ ရောက်လှပါပေတယ်"

ယင်းသို့ နှုတ်ခွန်းဆက် စကားများကို မတ်တတ်ရပ်လျက် စကားပြန်မှ တစ်ဆင့် အတုံ့အလှယ် ပြောကြား နေကြပြီးနောက် အသီးသီး ထိုင်ကြလေသည်။ တီဘာအိုလည်း အစေခံများအား မုန့်ပဲ၊ သရေစာ ချိုချဉ်ပွဲများနှင့် တည်ခင်းဧည့်ခံရန် မျက်ရိပ်ပြလိုက်လေ၏။ ထို့နောက် ဝန်မင်းသည် မုန့်တစ်ချပ်ကို ကောက်ယူ စားသောက်နေစဉ် ခါးကို မတ်မတ်ဆန့်လိုက်ပြီး "ဘုရင်မင်းမြတ်သာ သင်တို့ လျှောက်ထားချက်များကို ကြားရလျှင် ရေတပ်မတော်ကြီးကို ဇောန်မှချ ပြန်ခေါ်မှာပဲ" ဟု ပြောကြားလေသည်။

ယခုအခါ လက်ဆောင်ပဏ္ဏာများကို ယူလာခဲ့ကြလေပြီ။ ထိုလက်ဆောင်များမှာ ဗိုလ်ချုပ်ကြီးကို ပေးခဲ့သော လက်ဆောင်များအတိုင်းပင် ဖြစ်သည်။ သို့ရာတွင် ပို၍ များပြားလှပေ၏။ ငွေတ်ကောင်း အမွှေး အကြိုင်များ ထည့်ထားသည့် ရွှေရေးလင်ပန်း လေးခုအပြင် ပဥ္စမလင်ပန်း၌ တရုတ်ပိုးဖျင်သုံးအုပ်၊ ဖဲဖျင် နှစ်အုပ်နှင့် ကတ္တီပါတစ်အုပ် ပါရှိလေသည်။ ယင်းလက်ဆောင် ပဏ္ဏာများကို ဝန်မင်း၏ ရှေ့သို့ ချလိုက်သောအခါ ဝန်မင်းလည်း ဘယ်လို ပစ္စည်းတွေဆိုတာ စစ်ဆေးကြည့်ရှုပြီး ကျေးဇူးတင်စွာ လက်ခံကြောင်း ပြသရန် ဦးခေါင်းကို အတန်ငယ် ညွှတ်၍ လက်နှစ်ဖက်ကို ရင်ဘတ်တွင် ယှက်လိုက်ပြီး လက်ဆောင်ပွဲများကို သူ့အစေခံများ လက်သို့ အပ်နှံလိုက်လေသည်။

myanmar online teashop
www.mmteashop.com

အိမ်တော်ဝန်။ "နေသိပ်ပူတာပဲ။ ကျွန်ုပ်ရဲ့ ဆင်တော်ကိုလည်း ပြန်လွှတ်လိုက်ပြီ၊ ကျွန်ုပ်၏ လှေတော် ရောက်လျှင် ရောက်ချင်း သင်တို့လှေနဲ့ ခေါ်ဆောင်သွားရမှာပဲ။ ရေကြောင်းက သွားရတာဟာ ကုန်းကြောင်း သွားတာထက် ပိုပြီး အေးပါလိမ့်မယ်"

အလွန်အမင်း ခမ်းနားလှပ၍ လူနှစ်ဆယ့်လေးယောက် လှော်ရသော လှေတော်တစ်စင်းလည်း မကြာမီ ယှဉ်ကပ်လာလေသည်။ လှေဦးတွင် ပန်းရွက်ပန်းခက်များနှင့် လူရုပ်များ ကနေပုံ ထွင်းထုထားပေသည်။ လှေတော်သားတို့မှာ အလယ်ကောင်က ထိုင်ကြသည်။ လှေပဲ့ဦးမှာ အစိမ်းရောင်နှင့် ရွှေရောင်ဆေးများ သုတ်ထားပြီး အမိုးတွင် နေကာအဖီများ ထုတ်ထားလေသည်။ ထို့ပြင် ပြတင်းပေါက် တို့ကိုလည်း ကြက်သွေးနှင့် အဝါရောင် ခန်းဆီးများ ဆွဲချိတ်ထားပေ၏။

အိမ်တော်ဝန်နှင့် ဆွေးနွေးပြောဆိုနေစဉ် ဂျပန်ဆာမူရိုင်း စစ်ဗိုလ်မှာ ကမ်းပါးပေါ်တွင် ရှိသေစွာ ရပ်စောင့်နေရှာပေ၏။ မန်ရစ်လည်း ဝန်မင်း၏ လှေတော်သို့ ကူးပြောင်းတက်ရောက်စဉ် ၎င်းကို မြင်လိုက်၍ မိမိနှင့် အတူ လိုက်ပါရန်ခေါ်မှ သင့်မည်ဟု တွေးမိသဖြင့် ဗိုလ်ချုပ်၏ ယောက်ဖတော်ကား ကန့်ကွက်ရန် ရှိ၊ မရှိ မေးမြန်းလေ၏။ ဆာမူရိုင်းစစ်ဗိုလ်၏ အဆင့်အတန်းမှာ နိမ့်လွန်းလှ၍ သဘောမတူချေ။ သို့သော် အိမ်တော်ဝန်ကို ပြောပြသောအခါ အခွင့်ပြုသဖြင့် အစေခံတစ်ဦးအား ထိုဆာမူရိုင်း ဂျပန်ဗိုလ်ကို အခေါ် လွှတ်လိုက်ရလေသည်။

ဂျပန်ဗိုလ်လည်း များစွာ ဝမ်းမြောက်ကျေးဇူးတင်လှသဖြင့် အခေါ်လာသူ အစေခံအား ဆုငွေ အနည်းငယ်ပေးကာ လှေတော်သို့ တက်လာပြီး ဝန်မင်းထံသွား၍ မလေးလူမျိုးများကဲ့သို့ လက်နှစ်ဖက် ယှက်ကာ ဦးခေါင်းထက်တင်၍ အလေးပြုလိုက်လေ၏။ ထို့နောက် မန်ရစ်၏ အနီးတွင် ထိုင်လျက် "အရှင်ဘုရားသည် ကျွန်တော်မျိုးအား ကြီးစွာသော ဂုဏ်ဖြင့် မြှောက်စားပါပေသည်။ ကျွန်ုပ်တို့ဆရာ ဘုန်းကြီး မန်ရစ်ကဲ့သို့ အရှင့်အသုံးတော်ကို ခံပါ၏။ ကျွန်တော်မျိုး၏ ဝမ်းမြောက်ခြင်းကား အတိုင်းမသိတော့ပါ" ဟု ပြောကြားလေတော့သည်။

ယင်းသို့ မြင်တွေ့ရခြင်းအတွက် မန်ရစ်၏ မှတ်တမ်း၌ ဖော်ပြထားသည်မှာ "ဂျပန်လူမျိုးများသည် သဘာဝ အားဖြင့် အရှေ့တိုင်းရင်းသားတို့၏ ဂုဏ်ကျက်သရေကို အလွန်လိုလားသည့် လူမျိုးများ ဖြစ်၍ ထိုဂုဏ်ကို အညှိုးမခံ၊ အသက်နှင့်လဲ၍ ကာကွယ်ကြသူများဖြစ်သည်"ဟု မှတ်ချက် ချခဲ့ပေသည်။

သူတို့သည် ဤနည်းအားဖြင့် မြို့မှသုံးမိုင်ကွာသော ခရီးကို မြစ်ကမ်းနစ်ဖက်တွင် ဆိုက်ကပ်ထားသော လှေတပ်ကြီးနှင့် ယာယီတဲနန်းနှင့် တကွသော ဖောင်တော်များအကြားမှ ဆန်တက်ခဲ့ကြလေသည်။ ယင်းသို့ လှော်ခတ်သွားသည်မှာ ဗင်းနစ်မြို့တွင် ဂါလာပွဲ ကျင်းပသောနေ့တွင် သွားလာကြရသည်နှင့် တူလှပေသည်။ နောက်ဆုံး၌ သူတို့သည် လူအမြောက်အမြား စောင့်ကြည့်နေသော ဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့ကြပြီးနောက် ဝန်မင်း၏ အစောင့်တပ်သားများက လူအုပ်ကြီးကို ဖယ်ရှား၍ သွားလမ်း ရှင်းပေးသည့် အတိုင်း ကုန်းသို့ တက်ခဲ့ကြလေတော့၏။

myanmar online teashop
www.mmteashop.com

## အခန်း (၁၃)

## ဖူးမြော်ခံခြင်း

ဆိပ်ကမ်း၏ အပြင်ဘက်တွင် ဆင်တော်နှင့် ဝေါတော်များ အသင့် စောင့်နေကြလေသည်။ ထို့နောက် သူတို့ကို အိမ်တော်ဝန်၏ နေအိမ်သို့ မင်းခမ်းမင်းနားဖြင့် ခေါ်ဆောင် သွားကြပြီးလျှင် နေ့လည်စာဖြင့် ကျွေးမွေး ဧည့်ခံကြလေသည်။ နေ့လည်စာ စားပွဲမှာ ကြီးကျယ်လှပေ၏ ဟင်းခွက်ပေါင်း တစ်ရာခန့်ကို တစ်ပြိုင်နက် တည်ခင်း ကျွေးမွေးသဖြင့် ဧည့်သည်တော်များ ကြိုက်ရာကို ရွေး၍ စားသုံးကြရပေသည်။ အချို့ဟင်း အမည်များမှာ အများအားဖြင့် စားနေကျ အမဲဟင်းလျာများ ဖြစ်သော်လည်း မြွေသားကင်နှင့် ကြွက်သားကြော်ကဲ့သို့ တစ်မျိုးတစ်ဖုံ ထူးဆန်း ထွေပြားသော ဟင်းလျာ များလည်း ပါရှိသဖြင့် ၎င်းတို့ကို မစားဘဲ ရှောင်ရှား ခဲ့ရလေသည်။ ထို့နောက် မြို့ဝန်မင်းသည် သူတို့ကို တည်းခိုရန် စီမံ ထားသော သံတဲသို့ ခေါ်ဆောင်၍ နေရာထိုင်ခင်း အပ်နှင်းခဲ့ပြီး အားမနာ စေလိုကြောင်း အလိုရှိရာ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောဆိုကာ နှုတ်ဆက်၍ ပြန်သွားလေသည်။

သူတို့သည် နောက်နေ့မှာပင် ဘုရင်မင်းမြတ်ထံ ခစားရန် ဝင်ကြရလိမ့်မည်ဟု မျှော်လင့် ထားကြသည်။ ထိုနေ့မှာ (၁၆၃၀) ခုနှစ်၊ ဇူလိုင်လ (၂၆) ရက် ဖြစ်၏။ သို့ရာတွင် ဘုရင်မင်းမြတ် ဥပုသ်ဆောင် ဝင်နေ၍ တွေ့ခွင့် မရသေးချေ၊ ဩဂုတ်လ (၁) ရက်နေ့ ရောက်မှသာ တွေ့ဆုံရန် ဆင့်ဆိုထားလေသည် သို့ဖြစ်၍ မန်ရစ် သီတင်း တစ်ပတ်လောက် စောင့်စား နေရသည့် အချိန်ကို အချည်းအနှီး မကုန်စေရန် မြို့စွန်၌ နေထိုင်သော ခရစ်ယာန် ဘာသာဝင်တို့၏ ကတိဝန်ခံခြင်းများကို လက်ခံခြင်း၊ ဆုတောင်း ပဌနာပြုပွဲ ကျင်းပခြင်း စသည်တို့ဖြစ်သာ အချိန် ကုန်လွန် စေခဲ့လေသည်။

သံတဲရှိ အခန်းတစ်ခန်းကို ဝတ်ပြုဆောင်အဖြစ် ပြင်ဆင် ကြသောအခါ ဂျပန်တို့ကလဲ ပိုးဖျင်များ၊ ခြံစောင်များ ယူလာပြီး အခန်းကို ပိုမို သေသပ် ခမ်းနားအောင် ကူ၍ မွမ်းမံကြလေသည်။ အချို့ ကက်သလစ် ခရစ်ယာန်တို့မှာ ခုနစ်နှစ်၊ ရှစ်နှစ်ခန့် ဘုရားတွင် ဝန်ခံခြင်း မပြုခဲ့ကြရသဖြင့် သူတို့ ကတိဝန်ခံ ပြုနေကြသည်မှာ အချိန် ကြာမြင့်လှပေသည်။ လူတစ်ယောက် ဝင်လာလေသည် သူသည် အိန္ဒိယ တိုင်းရင်းသား ကုလားလူမျိုးတစ်မျိုး ဖြစ်ဟန်ရှိ၏။ သူသည် ဘုန်းကြီး၏ ခြေရင်းသို့ ပစ်လှဲကာ ဦးတိုက်လိုက်ပြီး မိမိမှာ အမျိုးသမီးတစ်ယောက်နှင့် အကြောင်းပါခဲ့ကြောင်း၊ ယခုတိုင် တစ်ဆယ့်ကိုးနှစ်လုံးလုံး ဘုရားသခင်ထံ ဝန်ခံမှု မပြုခဲ့ရကြောင်း ပြောလေသည် သူသည် ထို အမျိုးသမီးကို သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းသင်း လာခဲ့သော်လည်း ခရစ်ယာန်ဘာသာဖြင့် လက်ထပ်ခြင်း မပြုခဲ့ရသောကြောင့် သူတို့ပေါင်းသင်း နေခဲ့သည်မှာ ဒုစရိုက်မှု ကျူးလွန် နေရသလို ဖြစ်နေကြောင်း ဖွင့်ဟ ဝန်ခံခဲ့လေသည်။ ယင်းသို့ ခရစ်ယာန်လို လက်မထပ် ခဲ့ရသော အပြစ်ကို ထိန်ချန် လာခဲ့မိသောကြောင့် လွန်ခဲ့သော ကိုးနှစ်ခန့်က ရခိုင်ပြည်နယ်သို့ ဩဂတ်စတင် သာသနာပြု ပုဂ္ဂိုလ် တစ်ပါး ရောက်လာစဉ်ကလဲ ကြောက်ရွံ့ပြီး အပြစ်ကို ဝန်မခံဘဲ ရှောင်နေမိခဲ့ကြောင်း

ယခုမှု ဆက်လက်၍ ဘုရားသခင် စိတ်ဆိုးအောင် မလုပ်လိုတော့ပါဟု ပြောပြ လေတော့သည်။ မန်ရစ်သည် ထိုသူအား ဝတ်ပြုခန်းထဲသို့ ခေါ်ဆောင်ကာ အပြစ် ဝန်ခံမှုကို လက်ခံလိုက်ရ ပြန်လေသည်။ ထိုလူသည် ငိုလိုက် ပြောလိုက်နှင့် သူ့အပြစ်များကို ဝန်ခံမှု ပြုနေတော့ရာ နံနက် အာရုဏ်တက်ခါနီးမှ ရှေ့သို့ မဆက်နိုင်လောက်အောင် အားအင် ကုန်ခန်းလာသဖြင့် အတော်ကြာကြာ နားနေ ရသေးသည်။ ပြီးမှဆက်၍ ဝန်ခံချက်ပေး၍ အဆုံးသတ်တော့သဖြင့် သူ့ကို အပြစ်မှ ကင်းလွတ်ခွင့် ပြုလိုက်ရပေသည်။ သူလည်း ထိုအခါမှ ပြောမပြ နိုင်လောက်အောင် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်သွားတော့၏။ နောက်ဆုံး၌ သူ့ကို သူ့ဇနီးနှင့် တရားဝင် လက်ထပ်ပေးပြီး ကလေးများကိုလည်း ခရစ်ယာန် ဘာသာသို့ သွတ်သွင်း လိုက်လေသည်။

မန်ရစ်သည် ဘုရင်မင်းမြတ်နှင့် တွေ့ဆုံလျှောက်ထားရန် ကိစ္စများ ပြီးစီး၍ ခွင့်ပြုချက် ရရှိပါက မြောက်ဦးမြို့သို့ သွားရန် စိတ်ထက်သန် နေတော့သည်။ ဇူလိုင်လ (၁၃) ရက်နေ့တွင် ဘုရင်မင်းမြတ် ဥပုသ် ထွက်လိမ့်မည်။ နောက်နေ့နံနက်တွင် လှောင်ထားသော ငှက်ကိုးကောင်ကို ဘေးမဲ့ လွှတ်ပြီးလျှင် ထင်ရှားကျော်စောသော ရုပ်ပွားတော်ကြီး သီတင်းသုံးရာ သီရိဂုတ္တ တောင်ပေါ်သို့ မင်းခမ်းမင်းနားဖြင့် တက်တော်မူမည် ဖြစ်ကြောင်း၊ ဘဝရှင် မင်းတရားကြီးသည် ဘုရားကို ရှိခိုး ကန်တော့ပြီး ပရိတ်တရားတော်များ ရွတ်ဖတ် သရဇ္ဈာယ်ကာ ရေစက်ချ အမျှဝေပြီးမှ တောင်ပေါ်က ဆင်း၍ နံနက်စာ ပွဲတော်တည်မည်။ ထို့နောက်မှ ဧည့်သည် ပေါ်တူဂီများကို ဖူးမြော် ခံမည် ဖြစ်ကြောင်း ကြေညာလေသည်။

ဘုရင်မင်းမြတ် ဝေါနှင့် ထွက်တော်မူသောအခါ နန်းတွင်းသူ၊ နန်းတွင်းသားများ ခြံရံလျက် မှူးကြီး မတ်ကြီးများ၊ ပုဏ္ဏားညိုများ၊ ဗုဒ္ဓဘာသာ ထေရ်ကြီး၊ ဝါကြီးများ ပါဝင်သော လူထု ပရိတ်သတ်ကြီး စီတန်း လိုက်ပါ ခဲ့ကြလေသည်။ သို့ရာတွင် တောင်ပေါ်သို့ မင်းတရားကြီး ဘုရားဖူးတက်သော အခမ်းအနားကို မန်ရစ် ကိုယ်တိုင် မျက်ဝါးထင်ထင် မမြင်ခဲ့ရပေ။ ဥတုရာသီမှာ လဆန်း ကတည်းကစ၍ မိုးတစ်စက်မျှ မရွာဘဲ သာယာ ကြည်လင်လျက် ရှိပေသည်။ ပူ၍ စိုထိုင်းသော ရာသီဥတု ရှိသော်လည်း နေမှာ ကြဲကြဲတောက် ပူလျက်ရှိ၏။ ရွှေထီးချက်၊ ငွေထီးချက်တို့ကို ဖွင့်ကျက်ကာ ဝါဝါထိန်နေသော ရဟန်းတော်များ၊ တံခွန်ကုက္ကား မုလေးပွားနှင့် ကျိုင်းသိုင်း အဆောင်အယောင်များ၊ ပန်းစည်း၊ ပန်းကုံး တို့နှင့် တကွ ပိုးဖဲအရောင် တပြောင်ပြောင် တရွှမ်းရွှမ်းနှင့် ဘုရားသို့ တက်သော စောင်းတန်း လှေကား တစ်လျှောက်သည်လည်း အရောင်မျိုးစုံဖြင့် တပြောင်ပြောင် ထွန်းလင်းလျက် ရှိပေသည်။

မဟာမုနိ ဘုရားကြီး၌ ကျင်းပသော ဘုရား ပူဇော်ကန်တော့ပွဲ ပြီးစီးသွားသောအခါ အိမ်တော်ဝန်သည် ပေါ်တူဂီတို့ကို အခေါ် ရောက်လာလေတော့၏ သူတို့ကို ယာယီ စံနန်းဆီသို့ ဝေါနှင့် တင်ဆောင် သွားကြလေသည်။ ထိုယာယီ နန်းတော်မှာ ကျုံးပတ်လည် ဝန်းရံလျက် ရှိသော သစ်သားဖြင့် ဆောက်လုပ်ပြီး ရွှေချထားသော အဆောက်အအုံများ ဖြစ်သည်။ ညီလာခံသဘင် ကျင်းပရန် ထုပိကာပြာသာဒ်ဘုံ အဆင့်ဆင့် ပါရှိသော ခန်းမဆောင်ကြီးတစ်ခု အပါအဝင် ယာယီ နန်းဆောင်များ ဖြစ်ပြီး အရွယ်ငယ်သော်လည်း မြောက်ဦး ရွှေမြို့တော်က နန်းတော်အတိုင်း ပုံတူ ဆောက်လုပ် ထားဟန် ရှိပေလိမ့်မည်။

ထိုခေတ်က အိန္ဒိယနိုင်ငံနှင့် တရုတ် အင်ပါယာကြီး အတွင်းရှိ တိုင်းပြည်အသီးသီးက နန်းတော်များမှာ အတူတူလိုပင် ရှိကြပေသည် ကျွန်နုပ်တို့ တွေ့ရမည် ဖြစ်သော မြောက်ဦး ရွှေမြို့တော်က နန်းတော်မှာလည်း ထိုခေတ်က မြန်မာပြည်နှင့် ယိုးဒယားပြည်က နန်းတော်များနှင့် ပုံသဏ္ဍာန်ချင်း တူညီ နေကြပေသည် ပုံသဏ္ဍာန်ချင်း သိမ့်မကွာ စေကာမူ ယခုခေတ် ရှမ်းစော်ဘွားတို့၏ ဟော်နန်းအချို့နှင့် ခပ်ဆင်ဆင် တူပေ၏ ထိုအခါက မန်ရစ်ကို ဘုရင်မင်းမြတ် ဖူးမြော်ခံသော နေရာမှာ မြောက်ဦး ရွှေနန်းတော်တွင် ရှေ့ဘက်အစွန်က

myanmar ONLINE teashop www.mmteashop.com

ညီလာခံ နန်းမဆောင်မျိုးတွင် မဟုတ်ဘဲ အတွင်းဘက် ခပ်ကျကျ သီးသန့် ခန်းမဆောင်၌ တွေ့ဆုံ အဖူးမြော်ခံခဲ့ဟန် တူပေသည်။

သူတို့သည် ဝေါမှ ဆင်းသက်၍ ယာယီနန်းတော် အတွင်းသို့ ဝင်လာခဲ့ကြပြီး ကိုယ်ရံတော် တပ်ဖွဲ့တစ်ခု စောင့်ကြပ်နေသော အခန်းသို့ ရောက်သွားကြလေသည်။ ထိုကိုယ်ရံတော်တပ်မှာ မြန်မာလူမျိုး သေနတ်ကိုင် တပ်ဖွဲ့များကို ဖွဲ့စည်းထားသော တပ်ဖြစ်သည်။ ထိုတပ်သားတို့က ၎င်းတို့ကို ပထန်ကုလား လူမျိုးများသာ ပါဝင်သော အမြောက်တပ် စောင့်သော အတွင်းခန်း တစ်ခုသို့ ပို့ပေး လိုက်ပြန်သည်။ ထိုမှတစ်ဖန် လူပျိုတော် သားအချို့စောင့်နေသော တတိယ အခန်းထဲသို့ ဝင်ကြရပြန်၏။ ထိုနေရာတွင် အချင်းချင်း နှုတ်ဆက် အလေးပြုကြပြီးနောက် အိမ်တော်ဝန်သည် တံခါးငယ်တစ်ခုသို့ သွား၍ တံခါးကို သုံးချက်မှန်မှန် ခေါက်လိုက်လေသည်။ တတိယအချက် ခေါက်သောအခါ တံခါးမင်းတုတ် ချသံ ကြားရပြီး တံခါး ဖွင့်လာကာ ခါးကုန်းကုန်းနှင့် မိန်းမစိုးတစ်ယောက် ခေါင်းပြူ၍ ကြည့်လာလေသည်။ သူသည် ကြောက်စရာကောင်း လောက်အောင် အရုပ်ဆိုးလှသည်။ ရုပ်နှင့် လိုက်အောင် အပြောလဲ ကြမ်းသည်။ သူသည် အိမ်တော်ဝန်အား "ဘဝရှင် မင်းတရားကြီး၏ တံခါးတော်ကို ဘာကြောင့် လာခေါက်ရတာလဲဟေ့" ဟုအော်၍ မေးလေသည်။

သူ့အသံကြောင့် အိမ်တော်ဝန်ပင် နောက်သို့ ပြန်တွန့်ပြီး ဆုတ်လိုက်ပြီးမှ မိမိမှာ ဘဝရှင် မင်းတရားကြီး အမိန့်နှင့် ပါလာသော ပေါ်တူဂီတို့ကို ရှေ့တော်သွင်းရန် လာရောက်ကြောင်း ပြန်ပြော လိုက်သောအခါ ထိုမိန်းမစိုးလည်း တံခါးကို ခပ်ပြင်းပြင်း ပိတ်လိုက်ပြီး ပျောက်ကွယ် သွားပြန်လေသည်။ ယင်းသို့ စိတ်ပျက်စရာနှင့် တွေ့ရသောကြောင့် အခန်းတွင်းရှိ လူတစ်စုမှာ ဦးနောက် ပျက်မတတ် စိတ်မသက်မသာနှင့် ဒူးထောက်၍ စောင့်နေ ကြရပေသည်။ ပုံပန်းမှာ တံခါးမှူးသည် တစ်စုံတစ်ယောက်ကို ဝင်ခွင့်ပြုရန် ညွှန်ကြားချက် ရရှိထားဟန် မရှိပေ။ ကဲ ... ဘယ်လို လုပ်ကြမည်နည်း တစ်ခါတည်း တိတ်ဆိတ် ငြိမ်သက်လျက် ရှိတော့၏။ မန်ရစ်လည်း အခန်းပတ်လည်သို့ မျက်စိကို ဝင့်၍ ကြည့်လိုက်သည်။ သူတို့ လူအားလုံး လူပြုစား ခံထားရသလို ရှိတော့သည်။ ထူးဆန်းသော ထိုနေရာ၌ အပ်ကျသံပင် ကြားလောက်၏ အလွန် တိတ်ဆိတ် ငြိမ်သက်နေပေသည် ဒူးထောက်လျက် ရှိသော အရုပ်များသည် မလှုပ်မရှား ညိုပုပ်သော မျက်နှာနှင့် မလွယ် တံခါးပေါက်ကလေး ဆီသို့ အာရုံ စူးစိုက်၍သာ ကြည့်နေကြပေသည်။ မန်ရစ်လည်း ထိုမြင်ကွင်းကို တွေ့ရသောအခါ စုန်းကဝေ၊ မှော်ဝတ္ထုများနှင့် ဘီလူးသဘက်၊ နဂါးငွေ့နှစ်သော ကြောက်စရာ တစ္ဆေပုံပြင်များကို ပြေး၍ သတိရတော့သည်။

သောတစ်ရာ့ခြောက်ဆယ် သောက်သောက်လည်အောင် မဖွယ်မရာ အိပ်မက်ထဲမှာကဲ့သို့ တွေးတော နေစဉ် ထိုပြတင်းဝတွင် ချောမောလှပသော မိန်းမပျို ကလေးတစ်ဦး ရုတ်တရက် ရောက်ရှိ ရပ်နေသည်ကို မြင်လိုက်ရသော အခါမှ ပြန်လည် သတိရပေတော့သည်။ ထိုသူငယ်မသည် ပိုးထည်အဖြူကို ရွှေချည်ငွေချည်နှင့် ပန်းလှထိုးထားပြီး ပုလဲလုံး ကလေးများ အနား သီထားသော ဝတ်ရုံကို ဝတ်ဆင် ထားလေသည်။ ပိတုန်းရောင် နက်မှောင်သော ဆံထုံးတွင် ဖြူဆွတ်သော စံပယ်ပန်း တစ်ခက်ကို ပန်ဆင်ထားလေသည်။ ၎င်းသည် ပြုံးရွှင်သော မျက်နှာဖြင့် အောက်ပါ ကဗျာလေးဖြင့် သာယာစွာ ရွတ်ဆို နှုတ်ဆက်လိုက်လေသည်။

"နေမင်း၏ ရောင်ခြည်အောက်၌ စပါးလယ်ကွင်းများ သွေ့ခြောက်နေသောအခါ တောင်သူ လယ်သမား ဦးကြီးများသည် ဝသုန်ရွှေမိုးကို မျှော်လင့်စောင့်စား နေကြသကဲ့သို့ သင်တို့ကို ဝမ်းမြောက်ဝမ်းသာ စောင့်စား ကြိုဆိုပါ၏။

myanmar teashop
www.mmteashop.com

ဘဝရှင် မင်းတရားကြီးသည်လည်း အသင် နိုင်ငံခြားသားတို့ကို ပြုံးရွှင်စွာ ကြိုဆိုကြောင်း ရတနာ ရွှေကြုတ်မှ ဖော်ထုပ် မြွက်ဟတော် မူလိုပါ၏ ရှင်တို့”

တံခါးလည်း ချက်ချင်း ပွင့်သွားလေတော့သည်။ သို့သော် ယခင် တွေ့လိုက်ရသော မိန်းမစိုးကြီး မဟုတ်တော့ဘဲ အလွန် တောင့်တင်း သန်စွမ်းသော မိန်းမကြီးများကို တွေ့ရလေသည်။ ထိုအမျိုးသမီး လူသန်ကြီးများမှာ ဘုရင်မင်းမြတ် အနီး၌ ခစား ကြရသော Amazon Guard အမျိုးသမီး ကိုယ်ရံတော် တပ်သူများ ဖြစ်ကြပေသည်။

မန်ရစ်သည် အခန်းကျယ်ကြီးသို့ ဝင်ခဲ့ရပြန်၏။ ထိုအခန်းကြီး ထိပ်ရှိပြတင်းဝတွင် နပျို ငယ်ရွယ်သေးသော လူငယ်တစ်ဦး မိမိတို့ကို စိုက်၍ ကြည့်နေလေသည်။ အိမ်တော်ဝန်လည်း ကြမ်းပြင်ပေါ်သို့ ရုတ်တရက် ဒူးထောက်လိုက်ပြီး လက်အုပ်ချီကာ ကြမ်းပြင်ကို ဦးသုံးကြိမ် တိုက်လေတော့၏ ဗုဒ္ဓဘာသာ ထုံးစံအတိုင်း ရှိခိုး ကန်တော့ခြင်း ဖြစ်ရာ ဟိန္ဒူတို့ ရှိခိုး ကန်တော့ခြင်းနှင့် ဆင်ဆင်တူပေသည်။ ပေါ်တူဂီတို့လည်း မြင်ရသော လူငယ်မှာ သီရိသုဓမ္မဘုရင် ဖြစ်လိမ့်မည်ဟု ထင်၍ အိမ်တော်ဝန် လုပ်သလို အတုအပ လိုက်လုပ်ကြလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအခါက ဘုရင်မင်းမြတ်၏ သက်တော်မှာ နှစ်ဆယ့်ရှစ်နှစ်သာ ရှိသေးသောကြောင့်တည်း။

အိန္ဒိယ၏ ရှေ့ဘက်ကျသော တိုင်းပြည်အချို့တွင် နန်းတွင်းရှိ အမျိုးသမီးများ နေရသော သီးသန့် အဆောင်များကို မိန်းမလျာများ အစား အမျိုးသမီး ကိုယ်ရံတော်တပ်က စောင့်ကြပ်လေ့ရှိသည်။ ယခုလည်း အမျိုးသမီး စစ်တပ်မှ တပ်သူတစ်ဦး ဖြစ်ကောင်း ဖြစ်ပေမည်။ ထိုသန်စွမ်း ထွားကြိုင်းသော အမျိုးသမီးကြီးသည် မန်ရစ်တို့ကို ပြတင်းပေါက် အနီးရှိ ကော်ဇော ခင်းထားသော နေရာသို့ ခေါ်ဆောင်သွားလေသည်။ ထိုနေရာတွင် မှူးမတ် အနည်းငယ်လည်း ထိုင်လျက် ရှိကြသည်။ ထိုအမျိုးသမီးသည် မန်ရစ်ကို ထိုနေရာ၌ ထိုင်စေပြီး၊ တီဘာအိုကို မန်ရစ်၏ နောက်ကထိုင်စေ၏။ အဘယ်ကြောင့်ဆိုသော် မန်ရစ်သာလျှင် အစက အဆုံးတိုင် ရှေ့ဆောင်၍ စကား ပြောဆိုလာခဲ့၍ သူပင် ခေါင်းဆောင်ဟု ထင်မှတ်သောကြောင့်တည်း။

ထိုအချိန်၌ မန်ရစ်တို့၌ ပါလာသော လက်ဆောင် ပဏ္ဏာများကို ဘုရင်မင်းမြတ်သို့ ဆက်သရန် လူအချို့ သယ်ယူ ဝင်ရောက် လာကြသည် မန်ရစ်က ထိုလူများကို မိန်းမလျာများဟု ထင်လေသည်။ သို့ရာတွင် ဗုဒ္ဓဘာသာဝင် အရှင်ဘုရင်များသည် မိန်းမလျာတို့ကို စက်ဆုပ် ရွံရှာကြ၍ ဤကဲ့သို့ မိန်းမဆောင်မျိုး၌ ခန့်ထားလေ့ မရှိပေ။

လက်ဆောင်ပဏ္ဏာများမှာ လေးညှင်းပွင့်များဖြင့် လှပစွာ စီခြယ် ပြင်ဆင်ထားသော သရဖူပုံတစ်ခု၊ ပါရှားပြည်ဖြစ် နံ့သာဆီမွှေး ပိုင့်ဝက်ဝင် ပုလင်းပေါင်းတစ်ရာ၊ တိဘက်မှ ထွက်သော ကတိုးဆယ့်လေးထုပ်၊ စပိန်ပြည်မှ ရက်လုပ်သော အကောင်းဆုံး၊ အချောဆုံး သိုးမွှေးသက္ကလပ်ထည် လေးကိုက်တို့ဖြစ်၏။ အားလုံးကို ဘုရင်မင်းမြတ် ရှုစားတော်မူစေရန် ဖွင့်ပြထားကြလေသည်။ ဘုရင်မင်းမြတ်သည်ကား ထိုပစ္စည်းများကို မည်သို့မျှ အရေးစိုက်သော လက္ခဏာမပြချေ သို့နှင့် တစ်နေရာသို့ သယ်ယူသွားကြရလေတော့၏။

ထို့နောက် စကားပြန်က သူတို့လာရင်း ကိစ္စကို လျှောက်တင်ရန် ပြောကြားပြီးလျှင် ရှင်ဘုရင်အား မေးလျှောက် ဖြေကြားသောအခါ မိမိတို့ ထုံးစံအတိုင်း လက်အုပ်ချီပြီးမှ မေးလျှောက် ဖြေကြားရကြောင်းကို သင်ပြပေးလေသည်။ မန်ရစ်လည်း ချက်ချင်း လိုက်နာပေ၏။ ပြန်၍ ထိုင်လိုက်သောအခါ စကားပြန်က

myanmar teashop www.mmteashop.com

အနားကပ်လာပြီး "ယခု အချိန်ဟာ မင်္ဂလာရှိတဲ့ အချိန် ဖြစ်တယ် မိမိ လျှောက်တင်စရာ ရှိတာကို တစ်ခါတည်း လျှောက်ထားလိုက်ပါ" ဟု သတိပေးရာ ပေသည်။

ဘုရင်မင်းမြတ်သို့ မန်ရစ်၏ တင်လျှောက်သော စကားတို့မှာ ရေကြောင်း ဗိုလ်ချုပ်ကြီးထံ၌ ပြောကြားခဲ့သော စကားများ အတိုင်းပင် ဖြစ်၍ ထပ်မံဖော်ပြရန် မလိုတော့ပေ။ သူသည် မဂိုမင်းတို့၏ အန္တရာယ်ကြီးမားပုံ၊ ပေါ်တူဂီတို့ သစ္စာစောင့်သိလျက် ရှိသေစွာ အမှုတော်ထမ်းပုံ၊ ဘုရင်မင်းမြတ်၏ အမှုတော်ကို သစ္စာရှိရှိ ဆက်လက် ထမ်းရွက်ဖို့ သန္နိဋ္ဌာန် ချထား ပုံများကို စုံလင်စွာ တင်လျှောက် လေတော့သည်။ ထို့ပြင်လည်း ဒီယင်းဂါးမြို့က ပေါ်တူဂီ စစ်ဗိုလ်တို့သည် မိမိ၏ အကြံပေးချက်မှ တစ်ပါး မည်သည့် အမှုကိုမျှ ထင်သလို မလုပ်ကြကြောင်း၊ သူတို့သာ သစ္စာဖောက်ရိုး မှန်လျှင် မိမိ၏ အကြံပေးချက် အရ လုပ်ကြမည်သာ ဖြစ်ကြောင်း၊ အကယ်၍မိမိဟာ အကြီးဆုံး သစ္စာဖောက်တစ်ဦး ဖြစ်နေပါမူ ဘုရင်မင်းမြတ်၏ ရွှေဘုန်းတော်အောက်သို့ မကြောက်မရွံ့ အရဲစွန့်ပြီး ယခုလို လာဝံ့မည် မဟုတ်ကြောင်း စသည်ဖြင့် ကျိုးကြောင်း ခိုင်လုံစွာ လျှောက်တင် လိုက်လေ၏။ ဤနေရာတွင် သီရိသုဓမ္မကဲ့သို့ ပြည့်ရှင်မင်း တစ်ပါးက မန်ရစ်ကဲ့သို့ နိုင်ငံခြားသား တစ်ဦးကို ဘက်ပြိုင် ငြင်းခုံရအောင် လက်ခံတွေ့ဆုံရိုး မရှိသည်ကို သတိပြုရန် လိုအပ်ပေသည်။ ရှေ့တော်မှောက်သို့ ဝင်ရောက် အဖူးမြော်ခံခြင်း မပြုမီ အရာရာကို ပြီးပြေအောင် စီမံထားနှင့် ရပေသည်။ မန်ရစ်တို့ ရောက်ပြီးနောက် သီတင်းတစ်ပတ် ကာလအတွင်းမှာပင် ဘုရင်မင်းမြတ်သည် ရေတပ် ဗိုလ်ချုပ်ကြီး၏ အစီရင်ခံစာ အတိုင်း ကိုယ်စားလှယ်အဖွဲ့ လာရောက်ခြင်းကိစ္စကို လေ့လာ စဉ်းစားပြီးခဲ့ရုံမက လိုအပ်သော စုံစမ်း စစ်ဆေးမှုများပင် ပြုလုပ်ပြီး ဖြစ်၍ စစ်တကောင်းမြို့ဝန် (ဘုရင်ခံချုပ်) ၏ မမှန်သတင်း ပေးပို့ အစီရင်ခံခြင်းကို ကောင်းစွာ သိရှိနားလည်ပြီး ဖြစ်ပေသည်။

ထိုမှတစ်ပါး ဒီယင်းဂါးမြို့က ပေါ်တူဂီ စစ်ဗိုလ်များက မိမိသစ္စာကို သွေဖည်ပြီး မဂိုမင်းတို့နှင့် အဆက်အသွယ် ပြုမည် မဟုတ်သည်ကို သိနိုင်သော အလွယ်ဆုံး အကောင်းဆုံး သာဓကမှာ မြေများ ကျေးကျွန်များ၊ သားမယားများနှင့် အစစ ထောက်ပံ့ ထားရုံမက တိုက်ခိုက် လုယက်၍ ရရှိသော ပစ္စည်းတို့ အပေါ်မှ ကြီးမား များပြားသော ဝေစုကို ၎င်းတို့အား ပေးသနားတော် မူသဖြင့် မိမိထက်ပို၍ အခြားမည်သည့် မင်းမျှ ဤကဲ့သို့ ကြည့်ရှုထောက်ပံ့ ထားနိုင်မည် မဟုတ်ချေ။ ထို့ပြင် မဂိုမင်းသည် လုယက် တိုက်ခိုက်မှုများ ရပ်တန့် ပြီးဆုံးစေလို၏။ သို့သော် စစ်ဗိုလ်များ၏ ဆုံးရှုံးနစ်နာသော အခွင့်အရေးတို့ကို ထိုမင်းက လျော်ကြေး ပေးနိုင်ပါမည်လော။

သီရိသုဓမ္မမင်းသည် ရောက်လာသော ကိုယ်စားလှယ်ဘက်က နေ၍ ယင်းသို့သော တွေးခေါ်မှုများဖြင့် အလေးပေး၍ စဉ်းစားထားပြီး ဖြစ်ပေသည်။

ယခုအခါ ဘုရင်မင်းမြတ်သည် ဘုန်းကြီးမန်ရစ်၏ ခံယူချက်ကို သဘောကျတော်မူလေပြီ။ ပေါ်တူဂီတို့သည် သွေးရိုးသားရိုးပင် ရှိကြောင်း ကောင်းကောင်း ကျေနပ်တော်မူပြီဟု ကျွန်ုပ်တို့ ခန့်မှန်းရပေ၏။ လက်ရှိ အခြေအနေတွင် မည်ကဲ့သို့ ကျေနပ်မှုရနေပြီကို အတိတ်ရာဇဝင်ကလည်း သက်သေခံလျက် ရှိပေသည်။ ခရစ် (၁၅၈၀) ခုနှစ် စပိန်ဘုရင်များ ပေါ်တူဂီပြည်ကို မသိမ်းယူမီ ဂိုအာမြို့ကြီး အလွန် တန်ခိုးထွားနေချိန်က ပေါ်တူဂီ ဘုရင်ခံချုပ်တစ်ဦးသည် ဘင်္ဂလားပြည်ရှိ မိမိ၏ လှံကိုင်တပ်များနှင့် ပူးပေါင်းပြီး မြောက်ဦးမြို့ကို တိုက်ခိုက်ခဲ့ဖူးလေသည်။ ထိုအခါက အမှန်တကယ် ဘေးအန္တရာယ်များခဲ့သော ကာလ ဖြစ်ပေသည်။ နောက်ပိုင်းတွင် တစ်ဖန် (၁၆၁၆) ခုနှစ်၌ ဂိုအာဘုရင်ခံချုပ် ဒွန်ဂျီရိုမိုဒီအဇီဗီဒို Don J. Azevedoသည် ပင်လယ်ဓါးပြ ဂုံဆယ်လီဘာအို Gonsalves Tibao နှင့် ပေါင်း၍ မြောက်ဦးမြို့ကို

ရှေးနည်းအတူ တိုက်ခိုက်ခဲ့ဖူးလေသည်။ ထိုအချိန်တွင် ပေါ်တူဂီတို့၏ တန်ခိုးအာဏာမှာ အတော်ပင် ဆုတ်ယုတ်လာပြီ ဖြစ်၍ ဘင်္ဂလားလုံကိုင်တပ်သားများ လက်လွတ် ထွက်ပြေးရသည်အထိ အကြီးအကျယ် အရေးနိမ့်သွားခဲ့ရလေသည်။ ပေါ်တူဂီတို့သည် ထိုအခါကစ၍ ခြေလှမ်းပြောင်းကြပြီး ရခိုင်ဘုရင်ထံ ခိုဝင်၍ မဂိုမင်း၏ နယ်ချဲ့မှုကို ကာကွယ် တွန်းလှန်ရသော နယ်ခြားစောင့် သေနတ်ကိုင်တပ် အဖြစ်ဖြင့် အမှုထမ်းခဲ့ကြလေသည်။ ယင်းသို့ အမှုတော် ထမ်းရွက်ခြင်းမှာ ရခိုင်ဘုရင်အဖို့ အမှန်လိုအပ်သော ကိစ္စလည်း ဖြစ်ပေသည်။ ဘုရင့်သစ္စာတော်ကို စောင့်သိရိုသေနေသည်နှင့်အမျှ သူတို့ကိုလည်း အရာရာ၌ လွတ်လပ်ခွင့် ပြုထားရပေသည်။

ထိုမှတစ်ပါး ဂိုအာမြို့သည်လည်း အန္တရာယ် ပြုနိုင်လောက်အောင် တန်ခိုးအင်အား မရှိတော့ပြီးဖြစ်၍ ထိုမြို့နှင့် တိုက်ရိုက် အဆက်အသွယ် ပြုလုပ်ရန် စီမံခြင်းသည် ကောင်းသော နိုင်ငံခြား ဝါဒတစ်ရပ် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် တစ်နေ့နေ့တွင် မဂိုအင်ပါယာနှင့် မတော်တဆ ရန်မီးပွား၍ အကြီးအကျယ် အချင်းများပြီး စစ်မက်ရေးရာ ပေါ်ပေါက် လာမည်ဆိုလျှင် ပေါ်တူဂီ ရေတပ်မှာ ရခိုင်တို့ဘက်က အဖိုးတန်၍ အရာရောက်သော အကူအညီကို ဖြစ်စေနိုင်သောကြောင့်တည်း။

နိုင်ငံတော်၏ ဘုရင့်အတိုင်ပင်ခံ အဖွဲ့ကလည်း ပေါ်တူဂီတို့ကို အလိုအလျောက် ရရှိလာသော မဟာမိတ်များအဖြစ် အမြဲတမ်း အသိအမှတ်ပြုနေကြသည်ဖြစ်၍ ဒီယင်းဂါးမြို့က ပေါ်တူဂီ စစ်ဗိုလ်များအပေါ် သစ္စာဖောက်မည့် လူများမဟုတ်ဟု အလေးအနက် ကျေနပ်ထားကြသည်။

ထို့ကြောင့် မန်ရစ်သည် လျှောက်ထားရန်ကိစ္စများကို အလုံးစုံ အကုန်အစင် လျှောက်တင်ပြီးသောအခါ သူ့ကို နောက်ထပ် မေးမြန်းစုံစမ်းဖို့ပင် မလိုတော့ချေ။ ထို့ကြောင့် ဘုရင်မင်းမြတ်သည် ဘုန်းကြီးမန်ရစ်၏ လျှောက်တင်ချက် စကားများ အပေါ်၌ တစ်စုံတစ်ရာ သံသယဒွိဟမရှိကြောင်း ခပ်တိုတိုပင် မိန့်ကြားတော်မူပြီးလျှင် ရေတပ်ကြီးကို တပ်ခေါက်၍ ပြန်လာဖို့ အမိန့်ထုတ်ဆင့်လိုက်မည်ဟု ဖွင့်ဟ မိန့်ဆိုတော်မူလေသည်။

ယင်းသို့ အမိန့်တော်မြတ် ချမှတ်ပြီးသည်နှင့် တစ်ပြိုင်နက် ပြတင်းဝကို ခန်းဆီးနှင့် ဆွဲ၍ ကာလိုက်ကြသဖြင့် ဘုရင်မင်းမြတ်ကို မမြင်ရတော့ချေ။ လူများလည်း အဆုံးသတ် ကန်တော့ပြီး ညီလာခံ ရပ်စဲလေတော့၏။

myanmar ONLINE teashop www.mmteashop.com

## အခန်း (၁၄)

## အနန္တဘုန်းရှင် ဘုရားသခင်

မန်ရစ်သည် (၁၆၄၉) ခုနှစ်က Travels အမည်ရှိစာအုပ်ကို ထုပ်ဝေသောအခါ ရောမ ခရစ်ယာန်သာသနာ နယ်မြေတွင် အလွန် အရေးပါသော ရာထူးဖြစ်သည့် သာသနာ့နယ်မြေ အုပ်ချုပ်ရေးမှူး Procurator General ရာထူး၌ ထမ်းရွက် နေလေသည်။ ထိုအခါက လက်တင်ဘာသာစာပေ ကျမ်းဂန်တို့မှ စိတ်ဝင်စားဖွယ်ရာ အချက်အလက်များ သာသနာပြု ပုဂ္ဂိုလ်တို့၏ ကိုးကွယ်ချက် မှတ်တမ်းများကို ရှာဖွေမွှေနှောက်ပြီး ဖတ်ရှုမှတ်သားခွင့် ရရှိခဲ့ပေသည်။ သို့ရာတွင် သူကိုယ်တိုင်မူကား တကယ့် စာပေပညာရှိ တစ်ဦးမဟုတ်ခဲ့ပေ။

ရခိုင်မင်းထံသို့ အခစား ဝင်ရောက်ခဲ့ရသည့် နောက်ပိုင်းကစ၍ မြောက်ဦးမြို့တွင် ရှိနေစဉ် အခိုက် သူကိုယ်တိုင် မဟာမုနိဘုရားကြီး တည်ရှိရာ ဒေသကို အနှံ့အစပ် ရှာဖွေ စူးစမ်းခဲ့ဟန် အချက်အလက် အထောက်အထားများ မတွေ့ရပေ။ ဤနေရာတွင် သီရိဂုတ္တတောင်ကုန်းရှိ မဟာမုနိနှင့် ပက်သက်၍ မန်ရစ်၏ မှတ်သားချက် မတွေ့ရသော်လည်း ထူးဆန်းသော အခြားအတ္ထုပ္ပတ္တိတစ်ခုကို မန်ရစ်၏ မှတ်တမ်း၌ ဟာနေသောအကွက်၌ ဖြည့်စွက် ပေးလိုပေသည်။ ထိုပုံပြင်မှာ စိတ်ဝင်စားဖွယ် ကောင်းလှ၍ အောက်ပါအတိုင်း ဖော်ပြလိုက်ရပေ၏။

သီရိဂုတ္တတောင်ကုန်း တစ်ခုလုံးမှာ တောင်ထိပ်မှ တောင်ခြေအထိ မဟာမုနိ ရုပ်ပွားတော်ကြီး၏ ပရိဝုဏ်ဝတ္တကမြေ ဖြစ်ပေသည်။ ထိုတောင်ကုန်းကို တံတိုင်း သုံးထပ်ပိုင်း ပတ်ကာရံထားရာ တောင်ခြေတွင် ပထမ တံတိုင်းတစ်ထပ်၊ ပေသုံးဆယ် အမြင့်တွင် ဒုတိယ တံတိုင်းတစ်ထပ်၊ နောက်ထပ် ပေသုံးဆယ် အမြင့်တွင် တတိယ တံတိုင်းတစ်ထပ် စုစုပေါင်း တံတိုင်း သုံးထပ်ရှိသည်။ နောက်ဆုံး တတိယတံတိုင်းမှာ တောင်ထိပ်ရှိ မြေပြန့်ကို ဝန်းပတ်ပိုင်းရံ၍ ကာထားခြင်း ဖြစ်ပေသည်။ ထို့နောက် တောင်ထိပ် အလယ်ဗဟိုတွင် မဟာတံတိုင်း အလုံကာရံ၍ ဆောက်လုပ်ထားသော မဟာမုနိ ဆင်းတုတော်ကြီး စံတော်မူရာ ဂန္ဓကုဋီတိုက်ရှိ၍ တောင်ထိပ်သို့ တက်ရောက်နိုင်စေရန် အရှေ့အနောက် တောင်မြောက် အရပ်လေးမျက်နှာမှ စောင်းတန်း လှေကားလေးသွယ် ဆောက်လုပ် တပ်ဆင်ထားသဖြင့် တင့်တယ်လှပေသည်။

အောက်ခြေရှိ ပထမတံတိုင်း အတွင်းရှိ ပိဋကတ်တိုက် တစ်ခုနှင့် ရေဝင်ရေထွက် မပြတ် စီးနေသော ရေကန်တစ်ခု ရှိလေသည်။ ဒုတိယ တံတိုင်အတွင်းမှာမူ ရခိုင်ပြည်နယ် မပေါ်မီက ရှိလာခဲ့သော ဟိန္ဒူနတ်ကြီး ငါးပါး၏ ရုပ်တုများ ရှိလေသည်။ ယခုအခါ ၎င်းတို့နေရာတွင် ဟိနာယာန ဗုဒ္ဓသာသနာတော်ကို စောင့်ထိန်းသော သာသနာပြု နတ်များအဖြစ် ပြောင်းလဲ၍ ကိုးကွယ်ကြလေသည်။ ထိုနတ်ရုပ်တို့ကို

myanmar ONLINE teashop
www.mmteashop.com

ဟိန္ဒူနတ်များ အနေဖြင့် အသိအမှတ် မပြုစေကာမူ ဗုဒ္ဓရှင်တော် ဘုရားကို ဆည်းကပ် ကိုးကွယ်နေသော လူတို့အဖို့ ထိုနတ်ရုပ်များကို မည်သူကမျှ ကန့်ကွက်သမှု မပြုခဲ့ကြချေ။

သာလွန်၍ အရေးကြီးသည့် အရာကား ဗောဓိပင်ဖြစ်သည်။ ရှင်ဂေါတမ မြတ်စွာဘုရား အလောင်းသည် ဗောဓိပင်ရင်း၌ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိကာ လူတွင်စင်စစ် ဘုရားဖြစ်တော်မူခဲ့ပေသည်။ ဤတွင် သက်ကြီးစကား သက်ငယ်ကြား ဆိုသလို မဟာမုနိ ရုပ်ပွားတော်မြတ် သွန်းလုပ်ခဲ့သော ရှေးဟောင်း ပုံပြင်တစ်ခု ရာဇဝင်၌ တွင်ကျန်ရစ်ခဲ့လေသည်။ တတိယ တံတိုင်းအတွင်း၌ အလယ်ဗဟိုရှိ ဂန္ဓကုဋီတိုက်အပြင် ယတြာ ခေါင်းလောင်းတော်ဟု ခေါ်သော ကြေးခေါင်းလောင်းတော်ကြီး တစ်ခုလည်း ရှိလေသည်။ (ယခုတည်ရှိသော ခေါင်းလောင်းကြီးမှာ ခရစ် (၁၇၃၄) ခုနှစ်က အသစ် သွန်းလုပ်၍ အစားထည့်ထားသော ခေါင်းလောင်း အတုမျှသာ ဖြစ်သည်။) ထိုယတြာ ခေါင်းလောင်းတော်ကြီးသည် ကမ္ဘာပေါ်တွင် ထူးပေ့ဆန်းပေ့ဟူသော ခေါင်းလောင်းကြီးများတွင် တစ်ခု အပါအဝင်ဖြစ်သည်။ ထိုခေါင်းလောင်းကြီးတွင် ဂါထာမန္တန်များနှင့် အင်းများချထားပြီး တိုင်းပြည်ကို ရန်သူများ တိုက်ခိုက်ရန်ပြုလာလျှင် မည်ကဲ့သို့ ပြုလုပ်စီမံ၍ မည်သည့် အချိန်တွင် မည်ကဲ့သို့ ခေါင်းလောင်း ထိုးရမည်စသော ညွှန်ကြားချက်များ ထွင်းထု ရေးသား ထားလေသည်။ ယင်းညွှန်ကြားချက်များသည် (၁၉၄၂) ခုနှစ်တုန်းက အင်္ဂလန်ပြည်ရှိ ဘုရားရှိခိုး ကျောင်းများက ခေါင်းလောင်းများကို တီးရန် ပြဋ္ဌာန်းထားသော ညွှန်ကြားချက်မျိုး မဟုတ်ပေ။

ထိုယတြာ ခေါင်းလောင်းတော်ကြီးမှာ လူအများကို တပ်လှန့်ဖို့ အချက်ပေးသည့် အနေမျိုးဖြင့် တီးရသည် မဟုတ်ပေ ရန်သူကို ထိုးစစ်ဆင်နွှဲရန် အားပေးသော သဘောဖြင့်သာ ခေါင်းလာင်းကို တီးရခြင်းဖြစ်သည်။ ဂါထာမန္တန်များနှင့် အင်းအိုင်တို့၏ တန်ခိုးသတ္တိမှာ တိုင်းပြည်ကို ဝင်ရောက် တိုက်ခိုက်လာသော ရန်သူတို့ ကစဉ့်ကလျား ပြိုကွဲ ထွက်ပြေးစေရန် လည်းကောင်း၊ ရန်သူတို့၏ ဇာတာစန်းလဂ်များကို ကပြောင်းကပြန် ဖြစ်သွားအောင်သော် လည်းကောင်း၊ စွမ်းဆောင် နိုင်သည်ဟု အဆို ရှိပေသည်။ ရခိုင်လူမျိုးများသည် ယင်းသို့သော အင်း၊ မှော်၊ မန္တန်စသည်တို့ကို နက္ခတ် ဗေဒပညာဖြင့် ဖြည့်စွက်၍ ယုံကြည်စွဲလမ်း တတ်ကြပေသည်။ ယင်းသို့သော အတတ်ပညာများနှင့် ပက်သက်၍ ရှေ့တွင် ထပ်မံ၍ သိကြရပေလိမ့်မည်။

ထိုတောင်ပူစာထိပ် အလယ် တည့်တည့်၌ ဂန္ဓကုဋီ တန်ဆောင်းတော်ကြီး တည်ရှိပေသည်။ မူလအဆောက်အုံကြီးမှာ ခရစ် (၉၅၇) ခုနှစ်က ဖြစ်ပွားခဲ့သော မွန်ဂိုလီယန် သို့မဟုတ် ရခိုင်လူမျိုးများ ထိုဒေသသို့ ချဉ်းနင်း ဝင်ရောက်စ အခါက ဖျက်ဆီးခဲ့သဖြင့် ပုဂံမင်းများ တန်ခိုး ကြီးထွားသော ခေတ်ရောက်မှ ရခိုင်ပြည်နယ်ရှိ ပဒေသရာဇ် မင်းတို့က ဆက်လက်ပြုပြင် တည်ဆောက် ခဲ့ကြရပေသည်။

သို့ဖြစ်၍ ခရစ်ယာန်ဘုန်းကြီး မန်ရစ် ရောက်ခဲ့သော အချိန်တွင် ထိုဂန္ဓကုဋီ တန်ဆောင်းတော်ကြီးမှာ ပုဂံ နန်းဆက် တစ်လျှောက်၌ တည်ဆောက်ခဲ့သော ပုထိုးတော်ကြီးများနှင့် ပုံသဏ္ဌာန် တူနေပေသည်။ အဘယ်ကြောင့်ဆိုသော် ဂန္ဓကုဋီ တန်ဆောင်းတော်ကြီး၏ ဘေးပတ်လည်နှင့်တကွ အခန်းအသီးသီးကို အထုအထည် ကြီးမားသော အုတ်နံရံ ကျောက်နံရံများဖြင့်သာ ပြုလုပ်၍ ပြာသာဒ် ထုပိကာအထိ အခိုင်အခန့် တည်ဆောက် ထားသောကြောင့်တည်း။

myanmar ONLINE teashop
www.mmteashop.com

အတွင်းဘက် အလယ်က ခန်းမကြီးထဲ၌ ရွှေပလ္လင်ထက်တွင် ထင်ရှား ကျော်စောသော မြတ်စွာဘုရား၏ ပုံတူ ကြေးဆင်းတု ရုပ်ပွားတော်ကြီး တစ်ဆူ တည်ရှိပေသည်။ ထိုဆင်းထုတော်ကြီးမှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် လက်ဝဲဘက် လက်ဖဝါးတော်ကို တင်ပြင်ခွေပေါ်၌ ဖြန့်တင်လျက် လက်ယာဘက် လက်ဖဝါးတော်၏ လက်ချောင်း ကလေးများက မြေကို ထိနေဟန် သွန်းလုပ်ထားပေသည်။ ထိုပုံမှာ သတ္တဝါတို့ အပေါ်၌ မဟာကရုဏာတော်ဖြင့် ကြင်နာ သနားပုံကို သရုပ်ဖော်ထားခြင်း ဖြစ်ပေသည်။

ရှေ့ပိုင်းက ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း ထိုရုပ်ပွားတော်ကြီးကို ခရစ် (၁၇၈၄) ခုနှစ်က မန္တလေးမြို့သို့ ရွှေပြောင်း သယ်ယူ သွားခဲ့ကြပြီး ဖြစ်၍ ကျွန်ုပ်ကိုယ်တိုင် မန္တလေးမြို့တွင် တစ်ကြိမ်မက ဖူးမြော်ခဲ့ရ ဖူးပေသည်။ ဗုဒ္ဓဘာသာ ဘုရားဖူး အမြောက်အမြား လာရောက် ဖူးမြော်ကာ ရွှေသင်္ကန်းများ အထပ်ထပ် ကပ်လှူ ခဲ့သဖြင့် ရုပ်ပွားတော်ကြီးမှာ ရွှေရောင်ဖြင့် တညီးညီး တပြောင်ပြောင် ရှိနေပေတော့သည်။ ထိုရုပ်ပွားတော်မြတ်ကို သင်တို့မြင်လျှင် ခရစ် (၁) ရာစုနှစ်က အိန္ဒိယတိုင်းသားတို့ အရှေ့ဘက် ဒေသကို နယ်ချဲ့စဉ် တည်ထားခဲ့သော ရုပ်ပွားတော်ဟူ၍ မည်သို့မျှ ထင်နိုင်စရာ မရှိပေ နှစ်ပေါင်း (၁၈၀၀) ကျော်မျှ သက်တမ်း ရှည်ခဲ့သော်လည်း အတော်ပင် အဆင့်အတန်းမြင့်သော ကြေးသွန်းရုပ်တုတော် ဖြစ်ပေသည်။

ဂန္ဓကုဋီ တန်ဆောင်းတော်ကြီးမှာ အကြိမ်ကြိမ် ဖျက်ဆီးခြင်း ခံခဲ့ရဖူးသည့် အပြင် တစ်ခါကလဲ နှစ်ပေါင်း အတော်ကြာအောင် လူသူကင်းဆိတ်လျက် တောချုံများ ပိတ်ဖုံးကာ တိမ်ကောမြုပ်ကွယ် နေခဲ့ရဖူးပေသည်။ သက်တော်ထင်ရှား ရှိစဉ်ကပင် မြတ်စွာဘုရားသခင်၏ ပကတိ ရုပ်ပုံသဏ္ဌာန်နှင့် တူသော ပုံတူရုပ်ပွား ဆင်းတုတော် ငါးဆူ ထုလုပ်ထားခဲ့ကြောင်း၊ ၎င်းတို့အနက် နှစ်ဆူမှာ နတ်ပြည်၌ သီတင်းသုံးတော်မူကြ၍ အခြား နှစ်ဆူမှာ အိန္ဒိယနိုင်ငံတွင် ရှိနေသည်ဟု ယုံကြည်ပြောဆိုနေကြလေသည်။

မယုံတတ်ခြင်းနှင့် ယုံကြည်ခြင်း အကြား အလွန့်အလွန် ခရီး ကွာနေသော အခြေအနေကို သက်သေခံ အထောက်အထား အခိုင်အခံ့တို့က ကျားကန်ပေးလျက် ရှိနေကြသည်။ ရှေးဟောင်း သုတေသန (ကျောက်စာဘက်) လိုက်စားသူတို့က သီရိဂုတ္တတောင်းကုန်းသည် တစ်ခါက တည်ရှိခဲ့ဖူးသော ဓညဝတီ မြို့တော်၏ အရှေ့မြောက်ဘက်၌ တည်ရှိကြောင်း၊ ထိုမြို့တော်၏ မြို့ရိုးဟောင်းများကို ယခုတိုင် တွေ့မြင်ကြသဖြင့် ထိုမြို့ကို ခရစ် (၁) ရာစု အတွင်းက ဖြစ်စေ ထို့ထက်စော၍ ဖြစ်စေ တည်ထောင်ခဲ့သော မြို့တော်တစ်ခု ဖြစ်ကြောင်းတို့ကို ကျောက်စာ အထောက်အထား အကိုးအကားနှင့် ပြကြပေသည်။ ထို့ပြင် မဟာမုနိဘုရားကြီး၏ ပရိဝုဏ်ရှိ တံတိုင်းသုံးခု အတွင်းရှိ ရေကန်နှင့် ဟိန္ဒူ နတ်ရုပ်များကို လေ့လာ စူးစမ်းသည် ရှိသော် ခရစ် (၅) ရာစု အတွင်းက လက်ရာများ ဖြစ်သည်ကို တွေ့ကြရပေလိမ့်မည်။ ထို့ကြောင့် သီရိဂုတ္တတောင်ကုန်းပေါ်၌ မဟာမုနိ ဘွဲ့တော်ရှိသော ရုပ်ပွားတော်တစ်ဆူမှာ နှစ်ကာလ ရှည်လျားစွာ စံပယ်တော် မူခဲ့လေ၏ ဟူ၍ တထစ်ချ မှတ်ထား နိုင်ပေတော့သည်။

ရုပ်ပွားတော်ကြီး၏ အတ္ထုပ္ပတ္တိနှင့် နှိုင်းယှဉ် လိုက်သောအခါ သီရိသုဓမ္မမင်း၏ သမိုင်းမှာ ကျောက်စာဘက် ဌာနအတွက် ခြောက်ကပ်ကပ်နှင့် ပျင်းရိဖွယ် ကောင်းလှပေသည်။ ကျွန်ုပ်တို့ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း မဟာမုနိပရိဝုဏ်၏ ပထမ အရံအတွင်း အနောက်တံခါးမုခ်ဝ အနီးရှိ ပိဋကတ်တိုက်တွင် ဘုရင်မင်းမြတ် သိမ်းဆည်းထားသော ရာဇဝင် သမိုင်းဆိုင်ရာ ပေစာထုပ် အမြောက်အမြား ရှိလေသည်။ ၎င်းတို့အနက် အလွန်ရှေးကျပြီး မှတ်သားဖွယ် ကောင်းလှသော ကျမ်းတစ်စောင်မှာ "သပ္ပ ဒါန ပကာရန" အမည်ရှိ ရာဇဝင်ကျမ်း ဖြစ်လေသည်။

myanmar teashop
www.mmteashop.com

ထိုကျမ်းမှာ မုနိရုပ်ပွားတော်ကြီး သွန်းလုပ်ခဲ့ခြင်းနှင့် ဆိုင်သော ရာဇဝင် သမိုင်းကြီးဖြစ်ပေ၏။ ထိုကျမ်းကြီးသည် အိန္ဒိယပြည်၏ အရှေ့ပိုင်း ဒေသများ၌ နှစ်ပေါင်းရာစု များစွာကပင် နေရာအနှံ့ ပျံ့နှံ့ခဲ့ပြီဖြစ်သော်လည်း ဤနိုင်ငံ၌မူကား သိသူ အလွန်နည်းလှ ပေသေးသည်။ ထိုကျမ်း၏ အတွင်းစာသား အချို့ကို လေ့လာဖတ်ရှုခြင်း မပြုဘဲ တိုက်ရိုက် ညွှန်ပြရလျှင် အချို့ နေရာတွင် မဟာယာန ဗုဒ္ဓဘာသာ ဂိုဏ်းများ၌ ယုံကြည် လိုက်စားကြသော မှော်အတတ် အင်းအိုင် မန္တန်အတတ်တို့နှင့် ရောပြွမ်းလျက် ရှိနေသော်လည်း ရခိုင်ပြည်နယ်၏ ဘာသာရေး သာသနာရေးနှင့် ဗုဒ္ဓဘာသာ၏ အရင်းခံ တရားတို့အကြောင်း သိရှိရန် အချက်လက် အကြောင်းပြ ပြည့်စုံလုံလောက်ဦးမည် မဟုတ်ပေ။ ထို့အပြင် ထိုစာအုပ်တွင် မဟာမုနိ ရုပ်ပွားတော်ကြီး၏ ဘာသာရေး၌ အလွန်အရေးပါသော ထူးခြားချက်များကိုလည်း ထင်ထင်ရှားရှား ဖော်ပြထားပေသည်။

ထိုသမိုင်းကို သီရိဂုတ္တတောင်ခြေရင်း၌ တည်ထားသော အိန္ဒိယနယ်စပ်ဒေသ ဓညဝတီ နေပြည်တော်၏ ပထမ မြို့တည်နန်းတည် အရှင်စန္ဒသူရိယ ဘုရင်မင်းမြတ်မှစ၍ ဖော်ပြ ရေးသားထားလေသည်။ ထိုမင်းသည် သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော သုံးလူ့ထွတ်ထား သဗ္ဗညုရှင်တော်ဘုရား မဇ္ဈိမဒေသ၌ ပွင့်တော်မူခဲ့လေပြီဟု သတင်းစကား ကြားသိလတ်သော် ဘုရားသခင်ကို ဖူးမြင်လိုသော အာသာဆန္ဒ ပြင်းပြတော်မူသဖြင့် ဘုရားပွင့်ရာ ဒေသသို့ ကြွသွားရန် ကြံရွယ်တော်မူလေသည်။ မြတ်စွာဘုရားသခင်သည် စန္ဒသူရိယမင်း၏ အကြံကို သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် သိရှိတော်မူပေရကား ညီတော်အာနန္ဒာကို ခေါ်တော်မူ၍ "ချစ်သားအာနန္ဒာ စန္ဒသူရိယမင်းကြီးသည် ကြီးမား ဆိုးသွမ်းသော ရေသတ္တဝါတို့ ကျက်စားရာ သမုဒ္ဒရာပြင်ကျယ် ပင်လယ် ခရီးကိုလည်းကောင်း၊ ကြီးမား ကျယ်ပြန့်သော မြစ်ကြီး အသွယ်သွယ်ကို လည်းကောင်း၊ ဘေးအတန်တန် ရန်အမျိုးမျိုးတို့ကို ကျော်ဖြတ်၍ လာရမည်မှာ စိုးရိမ်ဖွယ် ကောင်းလှသည်။

သို့ဖြစ်၍ ထိုမင်းစံရာ ရခိုင်တိုင်းသို့ ငါကိုယ်တော်တိုင် ကြွရောက်မှ ထိုမင်း၌ အသက်ဆံဖျား စွန့်စားခြင်း မပြုရဘဲ တရားတော်ကို ကောင်းစွာ နာကြားရရုံမက အထောင်အသောင်းမက များလှသော ပရိတ်သတ်တို့ကိုလည်း ကယ်တင် နိုင်ပေလိမ့်မည်" ဟု မိန့်တော်မူလေသည်။ မြတ်စွာဘုရားသခင် ယင်းသို့ မိန့်တော်မူရာ၌ မိမိ၏ မဟာကရုဏာတော် အတိုင်း စန္ဒသူရိယမင်းကို ဟောချွတ်ရရုံမက ရခိုင်ပြည်နယ်တွင် ဗုဒ္ဓသာသနာရောင် ထွန်းလင်းပြောင်စေလိုသည်က တစ်ကြောင်း ရှေးရှေး အတိတ်ကာလ ဘဝများစွာ နစဉ်အခါက ကိုယ်တော်တိုင် နေထိုင်ခဲ့ရဖူးသော ဒေသဖြစ်၍ တစ်ကြောင်း အတိတ်ဘဝက ခန္ဓာကိုယ်၏ အရိုးကြွင်း အသားကြွင်းတို့ မြေဩဇာအဖြစ် ကျန်ရစ်တည်ရှိရာ ဌာန ဖြစ်ခဲ့ခြင်းကြောင့် လည်းကောင်း ယင်းသို့ဒေသစာရီ ကြွချီတော်မူရန် ပြင်းစွာသောဆန္ဒ ဖြစ်ပေါ်ခဲ့ရပေသည်။

သို့နှင့် မြတ်စွာဘုရားသခင်သည် ရခိုင်ပြည်နယ်သို့ ကောင်းကင်ခရီးမှ ကြွမြန်းတော် မူခဲ့ပြီးလျှင် သေလာဂီရိ အမည်ရှိသော တော်ထိပ်သို့ သက်ဆင်း ကြွရောက်တော်မူခဲ့လေသည်။ သေလာဂီရိ တောင်ထိပ်သည် အနီးပတ်ဝန်းကျင်ရှိ တောင်များထက် ပိုမို မြင့်မောက်သောကြောင့် ဓညဝတီပြည်ရှိရာ လယ်ကွင်းကြီးကို အပေါ်က စီးမိုး၍ နေသကဲ့သို့ မားမားမတ်မတ် ရပ်တည်လျက် ရှိပေသည်။ ၎င်းအပြင် အသွယ်သွယ် စီတန်းနေသော တောင်တန်းများဖြင့်လည်း အထပ်ထပ် ခြံရံလျက် ရှိနေပေသည်။ မြတ်စွာဘုရားသခင်သည် ညီတော်အာနန္ဒာအား ထိုတောင်တန်းများဆီသို့ အသီးသီး ညွှန်ပြတော်မူပြီးလျှင် အတိတ်ဘဝက အဖြစ်တော်ပေါင်းတို့ကို ပြန်လည်မိန့်ကြားခဲ့ဖူးလေသည်။

myanmar teashop
www.mmteashop.com

ရှင်တော်မြတ် ဘုရားသည် ဝက်မင်းဘဝဖြင့် ဝေဠုဝနပဗ္ဗတတောင်တွင် နေထိုင် ခဲ့ဖူး၍ ဂန္ဓာဂီရိ တောင်တန်း၌ ဘုရားအလောင်း ကြံ့မင်း ဖြစ်စဉ်က စံမြန်း ခဲ့ဖူးလေသည်။ သာလမာယာတောင်ယံတွင် ဥယျာဉ်မှူး သေလာပဗ္ဗတတောင်၌ ပြဟ္မဏပုဏ္ဏား ရာဇပဗ္ဗတတောင်တွင် ဘုရားအလောင်းဆင်မင်း ကသိနပဗ္ဗတတောင်၌ ဥဒေါင်းမင်း အသီးသီး ဖြစ်ခဲ့ဖူးပေသည်။ ထိုတောင်တန်းတို့တွင် မိမိ၏ ရိုးကြွင်း ဓာတ်တော်များ နေရာတကာ၌ တွေ့မြင်ကြမည့် အပြင် မိမိ ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့် နောက်ပိုင်း၌ ထိုဓာတ်တော်များကို ဘုရားအဆူဆူ၌ ဌာပနာ၍ လူတို့ ကိုးကွယ်ကြလတ္တံ့ဟု ဗျာဒိတ် ပေးတော် မူခဲ့လေသည်။ မြတ်စွာဘုရားသခင် ယင်းသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူလေသော် မြေလျှောင်ကြီးစွာ တုန်လှုပ်၍ သမုဒ္ဒရာရေများ ပွက်ပွက် ဆူကြကုန်တော့၏။ ထိုအခါ စန္ဒသူရိယမင်းသည် အတိတ်နိမိတ်များ ကြီးကျယ် လှသောကြောင့် ထိတ်လန့်တော် မူသဖြင့် ပုဏ္ဏားဖြူ ပုဏ္ဏားညိုစသော မှူးမတ်ပညာရှိတို့အား အဆိုပါ အတိတ်နိမိတ် များ၏ ကောင်းကျိုးဆိုးကျိုးကို ရှင်းလင်းပြတ်သားစွာ နိမိတ် ဖတ်ကြား လျှောက်တင်စေ တော့၏။

မှူးမတ်တို့လည်း သစ္စာလေးပါးကို ဆရာမရှိ အလိုလို သိတော်မူသော ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရားသည် မိမိတို့ တိုင်းဌာနီသို့ ဒေသစာရီ ကြွချီ ရောက်ရှိနေသောကြောင့် ဖြစ်ပါသည်ဟု အညီအညွတ် တင်လျှောက်လိုက်ကြကုန်၏။ ထိုအခါ မင်းကြီးသည် သင့်လျော်မည့် နေ့ရက် အချိန်အခါကို သတ်မှတ်ပြီး ကြွတော်မူလာသော မြတ်စွာဘုရားကို ကြိုဆို ဖူးမြော်ရန် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ် အထဝ်ထပ် ဝန်းရံလျက် မိဘုရား၊ မောင်းမ၊ မိဿံ၊ ခြွေရံ အသင်းပင်းတို့နှင့် တခမ်းတနား ထွက်တော်မူခဲ့လေသည်။ သီရိဂုတ္တတောင်ခြေသို့ ရောက်သောအခါ မင်းကြီးသည် ရထားမှ ဆင်း၍ အမွှေးနံ့သာ ပန်းမန်ပေါက်ပေါက်များနှင့် တကွ လှူဖွယ်ဝတ္ထု အစုစုကိုယူ၍ မြတ်စွာဘုရားရှိရာ တောင်ပေါ်သို့ ခြေကျင် တက်တော်မူလေသည်။ ဘုရားသခင်အား ကြိုဆို ဖူးမြော်ခြင်းစသော ဂါရဝပဏာမ ကိစ္စများ ပြီးစီးလေလျှင် မြတ်စွာဘုရားသခင်သည် စန္ဒသူရိယမင်းကြီးအား ထိုက်တန်သော တရားဖြင့် ချီးမြှင့်တော်မူပြီး နောက် ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်တို့ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ထိန်းသိမ်း၍ မင်းကျင့်တရား ဆယ်ပါးနှင့်အညီကျင့်ရန် အသေးစိတ် ဟောပြော ညွှန်ပြတော်မူလေသည်။

စန္ဒသူရိယမင်းသည် မြတ်စွာဘုရား၏ တရားတော်ကို လွန်စွာ နှစ်သက်တော်မူသဖြင့် တရာမင်းအပေါင်းတို့၏ အရှင်ဖြစ်တော်မူသော မြတ်စွာဘုရား တပည့်တော်ကို လည်းကောင်း တပည့်တော်၏ တိုင်းသူပြည်သားတို့ကို လည်းကောင်း သနားငဲ့ညှာတော်မူသော အားဖြင့် ရွှေနန်းတော်သို့ ကြွရန် တရားရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေးတော်မူပါ ဘုရားဟု လျှောက်ထား လေတော့သည်။ ဤသို့အားဖြင့် မြတ်စွာဘုရားသခင်မှာ ဓညဝတီပြည်တွင် ရက်သတ္တတစ်ပတ်မျှ သီတင်းသုံးတော် မူခဲ့လေသည်။ ထိုအချိန် ထိုကာလအတွင်း၌ မြတ်စွာဘုရားသခင်၏ နေ့စဉ်နှင့်အမျှ ကျင့်ကြံပွားများ တရားဓမ္မ ဟောညွှန်ပြလျက် သတ္တဝါဝေနေယျတို့ကို ကယ်တင်တော်မူခဲ့ပုံများကို အဆိုပါ သပ္ပဒါနပကာရန အမည်ရှိသော မဟာမုနိသမိုင်းတွင် အသေးစိတ်ဖော်ပြထားပေသည်။

ထို့ပြင် အဆိုပါ ရာဇဝင်သမိုင်းစာအုပ်၌ ဖော်ပြထားသေးသည်မှာ မြတ်စွာဘုရားသခင်သည် ဓညဝတီပြည်မှ ပြန်ကြွတော်မူမည် ပြုသောအခါ နောက်ပါ ဗိုလ်ခြေနှင့်တကွ တိုင်းသူပြည်သားတို့ပါ ရတနာသုံးပါးကို သက်ဝင် ယုံကြည် ခဲ့ပြီးဖြစ်သော စန္ဒသူရိယမင်းကြီးက "လူနတ် ဗြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံတော် မူထိုက်သော မြတ်စွာဘုရား အရှင်ဘုရား ကြွသွားတော်မူပြီးနောက် တပည့်တော်များ

myanmar ONLINE teashop
www.mmteashop.com

မိုခိုရာ အားထားရာ ကိုးကွယ်ရာဟူ၍ မရှိတော့ပါ သို့ဖြစ်၍ တပည့်တော်များအဖို့ အရှင်ဘုရား၏ ကိုယ်စားအဖြင့် အမြဲမပြတ် ဆည်းကပ်ပူဇော်နိုင်ရန် ရုပ်ပွားတော်တစ်ဆူ ချီးမြှင့် ပေးသနားတော်မူပါ ဘုရားဟု" လျှောက်ထားလေသည်။ မြတ်စွာဘုရားသခင်လည်း သာသနာတော် ခွန့်ရှည်ရေးကို ထောက်ထား၍ ခွင့်ပြုတော်မူလေသည်။ ထိုအခါ စန္ဒသူရိယမင်းသည် အလွန်တရာ ဝမ်းမြောက်လှသဖြင့် သတ္တု အမျိုးမျိုးကို ရသမျှ စုဆောင်းစေလျက် ရတနာရွှေတောင်းတို့တွင် ထည့်၍ အပေါ်၌ပန်းမျိုးစုံ ကြဲဖြန့်ကာ ထိုရတနာ ရွှေတောင်းများကို ဆင်ဖြူတော်နှင့် တင်ဆောင်၍ ထီးဖြူတော်များမိုးလျက် အရည်ကျို၍ ပုံတော်သွန်းလုပ်မည့် နေရာသို့ ပို့ဆောင် ပေးတော်မူလေသည်။

ရုပ်လုံးသွန်းလုပ်သော ပညာရှိတို့သည် ဖယောင်းပုံ တစ်ခုကို မြတ်စွာဘုရားသခင်၏ ပကတိပုံတော်နှင့် တူအောင် ရေးဦးစွာ ထုလုပ်ပြီးမှ အဆိုပါ သတ္တုမျိုးစုံကို အရည်ကျို၍ ဖယောင်းပုံတွင် ပုံတူ သွန်းလုပ်ကြရလေသည်။ ထိုရုပ်ပုံကို သွန်းလုပ် ခဲ့သော ပညာရှိ အကြီးမှူးသည်ကား အခြားမဟုတ် စန္ဒသူရိယမင်းနှင့် တစ်ချိန်တည်း သရဏဂုံ တည်ခဲ့သော တာဝတိံသာ နတ်ပြည်ကို အစိုးရသော သိကြားမင်းတည်း။ ၎င်းကို သိကြားမင်းဟူ၍ လည်းကောင်း၊ ဒေဝပတိဟူ၍ လည်းကောင်း၊ နတ်တို့ကို အစိုးရသော မင်းဟူ၍ လည်းကောင်း၊ မေဃဝါဟနဟူ၍ လည်းကောင်း၊ မိုးတိမ်တို့ကို စီးနင်း သွားလာသော နတ်မင်းဟူ၍ လည်းကောင်း၊ သုဇာရဿပတိဟူ၍ လည်းကောင်း၊ တာဝတိံသာ ထက်ဝဋ္ဋာကို အစိုးရသော နတ်မင်းဟူ၍ လည်းကောင်း၊ ဒေဝိန္ဒရာဇ်ဟူ၍ လည်းကောင်း ဘွဲ့အမျိုးမျိုးဖြင့် ချီးမြှင့်ခံရသော သိကြားမင်းကြီးပေတည်း။

သိကြားမင်းသည်သာလျှင် သက်တော်ထင်ရှား ရှိသေးသော မြတ်စွာဘုရားသခင်၏ ရုပ်ပွားတော်ကို ပုံတူသွန်းလုပ် နိုင်ပေသည်။ သာမန်ပန်းပုသည်၊ ပန်းတဉ်းသည်တို့ အဖို့ဆိုလျှင် လူတို့ မစွမ်းနိုင်သော သဘာဝထက် ပိုမိုလွန်ကဲ နေသော နတ်လောက၏ အရာ၌ အနားကိုမျှ သီနိုင်ဖွယ် မရှိပေရကား နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရား သခင်၏ ရုပ်ပုံတော်ကို အဘယ်မှာလျှင် တူအောင် သွန်းလုပ် နိုင်ကြပေလိမ့်မည်နည်း။ မည်သည့်နည်းနှင့်မဆို ဤကိစ္စတွင် မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် သိကြားမင်းကိုရွေး၍ စေခိုင်းမူခြင်း ဖြစ်ရမည်မချွတ်ပင်။

ထိုအချိန်၌ သိကြားမင်းသည် မြတ်စွာဘုရားသခင်အား သီရိဂုတ္တတောင်ထိပ်ရှိ ညောင်ပင်ကြီး တစ်ပင်အောက်တွင် ခင်းအပ်သော ရတနာ အတိပြီးသော ကမ္ဗလာအထက်တွင် ခေတ္တ သီတင်းသုံးတော်မူရန် ပင့်ဆောင်ပြီးမှ နတ်ဩဇာနှင့် ပြည့်သော သစ်သီးဝလံတို့ကို ဆက်ကပ် လှူဒါန်းလျက် နတ်စောင်း နတ်ညှင်းစသော တူရိယာတို့ကို သာယာစွာ တီးမှုတ် စေပြီးလျှင် အမျိုးမျိုးသော ပူဇော်ခြင်းမျိုးတို့ဖြင့် ပူဇော်ခဲ့လေသည်။

ဤနေရာတွင် သပွဒါနပကာရန ရာဇဝင်ဆရာက သီရိဂုတ္တတောင်ထွတ်သည် ငွေသားကဲ့သို့ ဆွတ်ဆွတ်ဖြူသော လက်ယာရစ် ခရုသင်းနှင့် သဏ္ဍာန်တူ၏ ဟူ၍ ဖော်ပြထားပေသည်။ ယင်းသို့သော နှိုင်းယှဉ်ချက် ဥပမာသည် သုံးနှုန်းလေ့ ရှိသော ထုံးသာဓက ဥပမာမျိုး မဟုတ်ပေ။ ထိုတောင်သည် ဘီလူးကြီးသုံးကောင် မျက်နှာခြင်းဆိုင်လျက် သုံးပွင့်ဆိုင် ရပ်တည် နေကြသကဲ့သို့ ရှိသောကြောင့် တစ်ခါက တြိကူ္ဋနန္ဒတောင်ဟု အမည်တွင်ခဲ့ဖူးပြီး မဟုတ်ပါလော။ ရှေးလွန်လေ ပြီးသောအခါကလည်း ထိုတောင်ထိပ် ပေါ်၌ သားကောင်ကို ဟောက်နေသော ကေသရာဇာ ခြင်္သေ့မင်း၏ ရုပ်လုံးရုပ်တု တစ်ခု တည်ရှိခဲ့ဖူးသည်ကို အစွဲပြု၍ သီဟရာဇာတောင်ဟူ၍လည်း ခေါ်သမုတ် ခဲ့ကြဖူးလေသည်။

myanmar ONLINE teashop www.mmteashop.com

ယခုခေတ် လူများကမူ ထိုတောင်ခါးပန်း၌ မိမိသားများကို ပြန်၍ စားမျိုခဲ့ဖူးသော ဝက်မကြီးတစ်ကောင် ခိုအောင်းသည့် ဝက်ကျင်းတစ်ခု ရှိခဲ့ဖူးသည်ကို အကြောင်းပြု၍ ဝက်သားဆိုး (ဝက်သစိုး) တောင်ဟု ခေါ်ဝေါ်ကြလေသည်။ ထိုစကားမှာ ယုတ္တိ တန်မတန် စဉ်းစားဖွယ် ရှိသော်လည်း ဘုရားလောင်း ဝက်မင်းဖြစ်စဉ်က ဝက်မိဖုရား ငါးရာနှင့် ဤတောင်ယံတွင် ကျက်စား ခဲ့ဖူးသည်ဟူသော စကားနှင့်လည်း ဆက်စပ်လျက်ရှိနေပေသည်။

သို့သော် ရာဇဝင်မိုင်းနှင့် စပ်လျဉ်း၍ ကြားဖြတ် ဖော်ပြသော အကြောင်းအရာတို့ကို ဤမျှနှင့် ရပ်နား၍ ရုပ်ပွား ဆင်းတုတော်ကြီး အကြောင်းကို ပြန်၍ကောက်ကြစို့။ ထိုဆင်းတုတော်ကြီးကို ရက်သတ္တတစ်ပတ် အတွင်း ပြီးစီးအောင် သွန်းလုပ် ခဲ့သည်ဟု ဆိုလေသည်။ မြတ်စွာဘုရားနှင့်လည်း အံ့သြလောက်အောင် ထူးထူးခြားခြား တူလှသည်ဟု အဆို ရှိပေသည်။ ဘုန်းတော်အနန္တ ဂုဏ်တော်အနန္တ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် ဘုရားသခင်တို့ ဓမ္မတာ အရာရာ၌ စေ့စပ်သေချာတော်မူသည် ဖြစ်ရကား ထိုရုပ်ပွားတော်ကို ထွက်သက်ဝင်သက်များဖြင့် သွင်းမှုတ်၍ အသက် သွင်းပေးတော် မူခဲ့လေသည်။ (ဤတွင် မဟာမြတ်မုနိ သမိုင်းအချို့၌ ရွှေရင်ငွေ့ကို အုပ်ကာအုပ်ကာ ခုနစ်ခါတည့် ဟူ၍ ရင်ငွေ့တော်ဖြင့် အသက် သွင်းပေးခဲ့သည်ဟု အဆိုရှိကြသည်။ ဘာသာပြန်သူ) ထိုအခါက အနီးတွင် ရှိကြသော လူတို့သည် အပိုအမို ကြွားဝါပြောဆိုခြင်း မပြုဘဲ မိမိတို့အမြင်၌ ခွဲခြား၍ မရအောင် တူနေသော မြတ်စွာဘုရား နှစ်ဆူကို တွေ့မြင်ဖူးမြော် နေကြရပေသည်ဟု အတိုင်းမသိ ဝမ်းမြောက်ကြပြီးလျှင် သက်တော်ထင်ရှား ရှိနေသော ဘုရားသခင်၏ ကိုယ်စားတော် တစ်ဆူကို ရွှေမြို့တော်၌ အစဉ်အမြဲ သီတင်းသုံးအောင် ပင့်ထားခွင့် ရနိုင်ကြပေတော့သည်။

စန္ဒသူရိယမင်းလည်း မြတ်စွာဘုရားသခင်၏ ခြေတော်စုံကို လက်နှစ်ဖက်နှင့် ပွေ့ဖက်ရင်း သတိမေ့မြော သွားလေတော့သည်။ အတန်ကြာ၍ ပြန်လည် သတိရလာသောအခါ သီရိဂုတ္တတောင်ထိပ်တွင် နတ်ဘုံနတ်နန်းတမျှ တင့်တယ် လှပသော ဂန္ဓကုဋီ တန်ဆောင်းတော်ကြီး တစ်ခုကို အထွတ်မှန်ကင်းနှင့် တကွ ဆောက်လုပ်တော်မူ၍ ထိုဂန္ဓကုဋီ အတွင်းရှိ မြတ်လှစွာသော ရတနာ ပလ္လင်ထက်၌ ထိုရုပ်ပွား ဆင်းတုတော်ကြီးကို စံပယ်တော် မူစေခဲ့လေသည်။ မြတ်စွာဘုရားသခင်လည်း လူထု မင်းပရိတ်သတ် စုံညီသောအခါ ထိုကိုယ်စား ရုပ်ပွားတော်အား "ငါဘုရားသည် သက်တော်ရှစ်ဆယ် ပြည့်သောအခါ ပရိနိဗ္ဗာန် ပြုတော်မူအံ့ သို့ရာတွင် သင်မူကား ငါဘုရား ပညတ် သတ်မှတ်တော် မူခဲ့သော သာသနာနှစ် ငါးထောင်ကြာအောင် တည်နေရလတ္တံ့" ဗျာဒိတ်ပေးတော် မူပြီးလျှင် စုဝေး ရောက်ရှိကုန်သော ပရိတ်သတ်တို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူလေသည်။

ထို့နောက် ညီတော်အာနန္ဒာကိုခေါ်၍ မဇ္ဈိမဒေသသို့ ကောင်းကင်ခရီးမှ ပြန်ကြွတော် မူလေသတည်း။ ဤကား မဟာမုနိ သမိုင်းအကျဉ်းတည်း။ မှတ်သားဖွယ် ကောင်းလှသော ဤသမိုင်းသည် သီရိသုဓမ္မ မင်းကြီးအဖို့ အကိုးအကား အထောက်အထား ပြုစရာ အချက်အလက်နှင့် ပြည့်စုံသော အတ္ထုပတ္တိတစ်ခုပင် ဖြစ်တော့သည်။ မြတ်စွာဘုရား သခင်သည် ခရစ်တော် မပေါ်မီ (၅၄၃) ခုနှစ်က ပရိနိဗ္ဗာန် ပြုတော်မူခဲ့သည်။ ခရစ်ယာန်ဘုန်းကြီးမန်ရစ် မြောက်ဦးမြို့သို့ ရောက်သော အချိန်မှဆိုလျှင် နှစ်ပေါင်း (၂၁၇၃) ခုနှစ်မျှကြာရှိခဲ့ပေပြီ။

သို့ဖြစ်၍ ဗုဒ္ဓသာသနာတော်ကို စတင် ပျိုးထောင်တော်မူခဲ့သော မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ကိုယ်စားတော် အဖြစ် ထားခဲ့သော ကမ္ဘာပေါ်၌ ရှေးအကျဆုံးဟု ဆိုအပ်သော

ထိုရုပ်ပွားတော်မြတ်ကြီးသည် ထိုမျှကြာမြင့်ခဲ့သော နှစ်ပရိစ္ဆေဒ အချိန်ကာလကို ထိုသီရိဂုတ္တ တောင်ပေါ်၌သာ ကုန်လွန်တော် မူခဲ့ရပေသည်။ သီရိဂုတ္တတောင်ပေါ်၌ ညီတော် အာနန္ဒာကို မိန့်ကြားတော် မူခဲ့သော မြတ်စွာဘုရား၏ အတိတ်ဘဝ အသီးသီးက ရုပ်ကြွင်းဓါတ်တော်များကိုလည်း ရှာဖွေ တွေ့ရှိခဲ့ကြသဖြင့် ထိုရုပ်ပွားဆင်းတုတော်ကြီးမှာပင် သွင်းနံ့ဌာပနာကြသည်ဟု အဆိုရှိပေသည်။

ရခိုင်ပြည်နယ်သည် ဗုဒ္ဓသာသနာရောင် ထွန်းလင်းပြောင်သော ပြည်နယ်ဖြစ်သည်။ ဗုဒ္ဓဘာသာ သာသနာ၏ အချက်အချာ ဗဟိုမဏ္ဍိုင် တစ်ခုလည်း ဖြစ်သည်။ လက်ရှိ အုပ်စိုးနေသော မင်းသည်လည်း ဗုဒ္ဓဘာသာကို နှလုံးသားထဲ၌ စွဲမှတ် ယုံကြည်နေသော မင်းဖြစ်သည့်အပြင် မိမိတာဝန်ကို ဘာသာရေး၌ စွဲမှတ်ယုံကြည်နေသော မင်းဖြစ်၍ မိမိ တာဝန်ကို ဘာသာရေး၌သာလျှင် အလေးပေး ထားလေသည်။ သူသည် ရခိုင်ပြည်နယ်ကို ရခိုင်လူမျိုးများ နေထိုင်ရာ ဒေသ အဖြစ်မျှသာ သတ်မှတ်ထားသည် မဟုတ်သေး မြတ်စွာဘုရားသခင်၏ အဖိုးတန်ဓါတ်တော်များနှင့် ထိုထက်ပိုမို၍ ထူးမြတ်သော ဗုဒ္ဓရှင်တော်ဘုရား ကိုယ်တော်တိုင် အသက်သွင်းပေးခဲ့သော ရုပ်ပွား ဆင်းတုတော်ကြီး၏ သာသနာ့ နယ်မြေတော် ဖြစ်သည် ဟူ၍လည်း သဘော ထားတော်မူလေသည်။

ထိုမှတစ်ပါး သီရိသုဓမ္မမင်း၌ အဖိုး မဖြတ်နိုင်သော ဆင်ဖြူတော် ရတနာ တစ်ပါးလည်း ရှိပေသေးသည်။ ထိုဆင်ဖြူတော် ရတနာကား မိမိဘိုးတော် လက်ထက် ကတည်းက လာဘ်ထူး ရတနာထူး ဖြစ်ပေသည်။ သို့သော် ထိုဆင်ဖြူရတနာကို မည်သို့ပင် ယုယုယယ ပြုစုစောင့်ရှောက် စေကာမူ တစ်နေ့သောအခါ သေမင်းနိုင်ငံသို့ လိုက်ပါရမည်မှာ မလွဲနိုင်သော တရား ဖြစ်ပေသည်။ ထိုအခါမျိုး၌ အခြား ဆင်ဖြူတော်တစ်စီး နောက်ထပ် ရရှိဦးမှ ဖြစ်ပေမည်။ မရလျှင် ရခိုင်ပြည်နယ်မှာ ဆင်ဖြူရတနာ ကင်းမဲ့သော အဖြစ်နှင့် တည်ရှိ နေရပေတော့မည်။ သို့သော် မဟာမုနိ ဆင်းတုတော်မြတ်သည်ကား ထိုနေရာမှာပင် တည်ရှိမြဲ တည်ရှိနေပေလိမ့်ဦးမည်။ ထိုမျှမကသေး သီရိသုဓမ္မ ဘုရင်မင်းမြတ်ကမူကား တစ်ကမ္ဘာလုံးရှိ လူသတ္တဝါ အပေါင်းကို မဂ္ဂင်ရှစ်ပါးတည်းဟူသော တရားဖောင်တော်ကြီးဖြင့် နိဗ္ဗာန်တည်းဟူသော ငြိမ်းချမ်းရေး သောင်ကမ်းသို့ ကယ်တင် ပို့ဆောင်ပေးရန် မိမိ၌တာဝန်ရှိနေသေးသည်ဟူ၍ မှတ်ထားတော်မူလေသည်။

## အခန်း (၁၅)

## ဆလမ်ငါးကြိမ်ပေး၍ အလေးပြုခြင်း

မန်ရစ်သည် ဘုရင်မင်းမြတ်နှင့် တွေ့ဆုံ ခဲ့ပြီးသည်နောက် ကျန်သောရက်များ၌ လက်တွေ့ဆောင်ရွက်ရသော ကိစ္စများနှင့်သာ အချိန် ကုန်လွန် ခဲ့ရပေသည်။ သူ၏ ပထမတာဝန်မှာ မိမိဆောင်ရွက်၍ အောင်မြင်ပုံတို့ကို ဒီယင်းဂါးမြို့ရှိ ပေါ်တူဂီ လူမျိုးတို့ထံသို့ စာရေးသားပေး ပို့လိုက်ခြင်းဖြင့် ထိုသူများ ပူပန်သောက ရောက်နေကြခြင်းမှ သက်သာရာ ရစေခဲ့ပေသည်။

ထိုစာနှင့်အတူ ခရစ်ယာန် ဓမ္မကျမ်းစာမှ ကောက်နုတ်ချက် တစ်ခုကိုလည်း ထိုလူများ မမေ့မလျော့ လိုက်နာ ကျင့်ကြံစေရန် အပိုဆုအဖြစ် ထည့်ပေး လိုက်သေးသည်။ ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကြောင့် သူတို့ အားလုံး အသက် ချမ်းသာရာ ရကြလေပြီ။ ထို့ကြောင့် သူတို့အားလုံး ဘုရားသခင်ကို ကျေးဇူး တင်ကြရပေမည်။ ထိုကျေးဇူးကို ဆပ်ရာကျအောင် ထိုအချိန်ကစပြီး ကောင်းသော ခရစ်ယာန် ဘာသာဝင်များ အဖြစ် ကိုယ်ကျင့်တရားလုံ့ခြုံစွာ နေပြ ကြရပေလိမ့်မည်။ သို့သော်ယင်းသို့ ဘာသာတရားနှင့် အညီကျင့်ရန် မိမိတို့ ကိုယ်ကို စောင့်စည်းရန် အကြံပေးရာ၌ ကျွန် ကုန်ကူးခြင်း လူဖမ်းခြင်း ဓားပြတိုက်ခြင်း လုယက်ခြင်းတို့ မလုပ်ရ ဟူ၍ကား စည်းကမ်းချက် ထည့်မပေးခဲ့ချေ။

သူ၏ ရည်ညွှန်းချက်မှာ ထိုလူများ၏ ကိုယ်ပိုင် အသက်မွေးမှု အတွက်သာ ဖြစ်သည်။ ကာယ ဒုစရိုက်မှု မနော ဒုစရိုက်မှု အားဖြင့် မိမိ ပေါင်းသင်းနေသော သားမယားကို စိတ်ညစ်ညူးအောင် ညှင်းပန်း နှိပ်စက်ခြင်း မပြုကြနှင့် ဟူသော ဆုံးမ စကားမျိုးသာ ရေးပေး လိုက်လေသည်။ ဂိုအာမြို့ရှိ ပေါ်တူဂီ လူမျိုးများ၏ အမူအကျင့် မျိုးကို တွေ့ခဲ့ ကြုံခဲ့ဖူးပြီ ဖြစ်ရကား ဘာသာတရား လေးလေးစားစား လိုက်နာသူ နည်းသေးသော ဒီယင်းဂါးမြို့တွင် သူဟောပြောသည့် တရားကို နာယူကြဖို့မှာ မျှော်လင့်ဖွယ်ရာ များစွာမရှိပေ။

ထိုစာကို ပေးပို့ လိုက်ပြီးနောက် မန်ရစ်သည် တွေ့သင့်သော ပုဂ္ဂိုလ်ကြီးများကို လိုက်လံ တွေ့ဆုံ ခဲ့လေသည်။ ယင်းကိစ္စ၌ ရေတပ် ဗိုလ်ချုပ်ကြီး၏ ယောက်ဖဖြစ်သူ နန်းတွင်း အရာရှိ၏ အကူအညီကို များစွာ ရရှိ ခဲ့လေသည်။ ထိုအရာရှိက ဘုရင့်အတိုင်ပင်ခံ ဝန်ကြီးများကို လိုက်၍ အရိုအသေ ပြုရန်နှင့် အသီးသီးအား လက်ဆောင်ပဏ္ဏာ ဆက်သဖို့ရန် အကြံပေးလေသည်။ သို့ဖြစ်၍ ၎င်း၏ အကြံပေးချက်အတိုင်း တစ်ဦးစီ လိုက်လံတွေ့ဆုံကာ နှုတ်ခွန်းဆက်သ အရိုအသေပြုလျက် လက်ဆောင်ပဏ္ဏာများ ပေးခဲ့ရပေသည်။

ယင်းသို့သော မြန်မာဓလေ့ ထုံးစံဖြင့် မှူးကြီးမတ်ရာ သေနာပတိတို့အား ယဉ်ကျေးဖွယ်ရာ လိုက်လံ နှုတ်ဆက်ခြင်း၊ အရိုအသေပြုခြင်း၊ လက်ဆောင်ပဏ္ဏာ ဆက်သခြင်းတည်းဟူသော ဝတ္တရားတို့ကြောင့် ဘုရင်မင်းမြတ်နှင့် နောက်ထပ်တစ်ဖန် တွေ့ဆုံရန် အခွင့်အလမ်းများသာယာ၍ လာခဲ့လေသည်။ တစ်နေ့သ၌

myanmar teashop www.mmteashop.com

ဘုရင်မင်းမြတ်သည် မန်ရစ်ကို ဖိတ်ခေါ်၍ ပေါ်တူဂီလူမျိုးများ မဂိုမင်းထံ၌ ဝင်ရောက်အမှုထမ်းခြင်းမှ တားမြစ်သော အမိန့်တစ်ခု ထုတ်ဆင့်ပေးရန် ဂိုအာ ဘုရင်ခံချုပ်ထံသို့ တိုက်တွန်းစာတစ်စောင် ပေးသင့်မပေးသင့် ဆွေးနွေး တိုင်ပင်တော်မူခဲ့ပေသည်။

ထိုအခါ ...

မန်ရစ် ။ "လက်ရှိဘုရင်ခံချုပ်နှင့် ၎င်း၏ အလျင်အထက်က ဘုရင်ခံချုပ်များ လက်ထက်ကလည်း ယင်းသို့သော အမိန့်များ ထုတ်ပေးခဲ့ဖူးပါသည်။ စတုတ္ထမြောက် ဖိလစ်ဘုရင်မင်းမြတ်၏ ဆန္ဒတော်နှင့်လည်း ကိုက်ညီပါသည်။ ဘုရင်မင်းမြတ်သည် မဂိုဘုရင်များအိန္ဒိယ တစ်နိုင်ငံလုံးကို စိုးမိုးရန်ကြံရွယ်စအခါမှ စ၍ မဂိုတို့နှင့် ဆန့်ကျင်သော မည်သည့် တိုင်းပြည်ကိုမဆို အကူအညီများ ပေးရမည်ဟု ကြေငြာထားပြီး ဖြစ်ပါသည်။ သို့ရာတွင် အရှင်မင်းမြတ်သည် ထိုအမိန့်ကို ဆက်လက် တည်တံ့စေလိုပါက အရှင့်လက်အောက်ရှိ ပေါ်တူဂီလူမျိုးများကို တရားမျှတစွာ စောက်ရှောက်တော်မူကြောင်း ထင်ရှားအောင် ပြဖို့လိုပါလိမ့်မည်။"

သီရိသုဓမ္မမင်းကြီး ။"ဤကိစ္စနှင့် ပက်သက်၍ ငါကိုယ်တော်မြတ်သည် ငါ၏ ခမည်းတော်နှင့် ဘိုးတော်တို့၏ ဝါဒအတိုင်း ဆက်လက် ကျင့်သုံးတော်မူမည်။ ငါကိုယ်တော် မြတ်ကြီးနှင့် ပေါ်တူဂီလူမျိုးတို့ ဆက်သွယ်မှုသည် အလွန်တရာဖော်ရွေ ရင်းနှီးမှုရရှိခဲ့ပါသည်။"

မန်ရစ် ။ "ဘုန်းတော်ကြီး ဘုရား၏ ပေါ်တူဂီလူမျိုးများ အပေါ် ကျင့်သုံးတော်မူသော တရားမှာ လွန်စွာမှ လျော်ကန်လှပါသည်။ သို့ရာတွင် စစ်တကောင်းမြို့၌ အရှင့်ကိုယ်စား အုပ်ချုပ် စီမံတော်မူသော ဘုရင်ခံချုပ် (စစ်တကောင်မြို့ဝန်) မှာ အရှင်မင်းကြီးနှင့် အဆက်အသွယ် ကောင်းမွန်အောင် ပြုလုပ်မပေးဘဲ အထင်မှားအောင် မတရား စွပ်စွဲ တိုင်ကြားခဲ့ပါသည် အရှင်"

သီရိသုဓမ္မမင်းကြီး ။ " ဤကိစ္စနှင့် ပက်သက်၍ ကျွန်ုပ်ကိုယ်တိုင် စည်းကမ်းတကျ ဖြစ်အောင် အရေးယူထားတော် မူပါပြီ"

စစ်တကောင်းမြို့ဝန်ကို နယ်ပြောင်းပစ်ပြီဟု သိရှိရပေသည်။ ထိုမြို့ဝန်မှာ ယင်းသို့ ရွှေနားတော်ကြား သွာရောက် အရေးဆိုသည့် အတွက် မန်ရစ်အပေါ်တွင် မုချမသွေ အပြစ်မှ ခြွင်းချန်ကာ ကင်းလွတ်ခွင့်ပြုမည် မဟုတ်ပေရကား ယင်းသို့သော သတင်းကြောင့် မန်ရစ်အဖို့ အတော်ပင် စိတ်သက်သာရာ ရရှိသွားပေသည်။ သို့ဖြစ်၍ မန်ရစ်သည်လည်း လိုက်လှဲစွာ ဝမ်းသာသည့်အတိုင်း ဘုရင်မင်းမြတ်ကို ဦးသုံးကြိမ်ညွတ်ကာ ညာလက်ဖမိုးဖြင့် မြေကိုသုံးကြိမ်၊ နဖူးကို သုံးကြိမ် ထိလျက် ကုလားလို ဆလမ်ပေး၍ အလေးပြုလိုက် လေသည်။

မန်ရစ်။ ။ "ဘုန်းတော်အလွန် ကြီးမြတ်တော်မူသော အရှင်ထံမှ မဟာမိတ် ဖွဲ့လိုကြောင်း ရင်းနှီးသော မိန့်ခွန်းတော်ကို နာခံရသောကြောင့် တစ်ဆင့်တိုး၍ အသနားခံဖို့ရန် ဝံ့စားလာပါသည်ဘုရား။ အကြောင်းမှာ မဟာမုနိဘုရားကြီး အနီးအပါး၌ ခရစ်ယာန် ဘာသာဝင် ကျေးကျွန်ပေါင်း ကိုးအိမ်ထောင် ရှိကြပါသည်။ ၎င်းတို့ပေါ်တွင် ချမှတ် ထားသော အာဏာစက်ကို သနားသဖြင့် ရုပ်သိမ်းတော်မူပြီး ရွှေမြို့တော်၌ မီတင်း နေထိုင်သော အခြားပေါ်တူဂီ လူမျိုးများကဲ့သို့ အခစားနားဖြင့် အရှင့်အမှုတော်ကို ထမ်းရွက်ခွင့် ပြုတော်မူစေလိုပါသည် အရှင်ဘုရား"

myanmar ONLINE teashop www.mmteashop.com

သီရိသုဓမ္မမင်းကြီး။ ။ "ဒီလူတွေဟာ ငါ၏ ဖခမည်းတော် လက်ထက်က မဂိုမင်းတို့၏ တိုက်လေ့ကြီးများမှ ဖမ်းဆီးရမိ ခဲ့သူများ ဖြစ်ပေတယ်"

မန်ရစ် ။ ။ "မှန်လှပါ သူတို့ခမျာ သုံ့ပန်းအဖြစ်နဲ့ တစ်ဆယ့်သုံးနှစ် တိတိ ကြာရှိ နေခဲ့ကြပါပြီ။ အရှင်မင်းမြတ်သာ ထိုသူများကို ယခု လွှတ်ပစ်တော်မူလျှင် ပေါ်တူဂီလူမျိုး တစ်မျိုးလုံးက အရှင်မင်းမြတ်ကို ကျေးဇူးတင်လို့ မဆုံးအောင် ရှိကြမည် အမှန်ပါဘုရား"

သီရိသုဓမ္မမင်းကြီး ။ ။ "ဒါပေမယ့် မဂိုမင်းတွေ ဘက်ကနေပြီး အမှုထမ်းခဲ့ကြလို့ သူတို့ကို အပြစ်ဒဏ် ခတ်တော် မူလိုတယ်"

မန်ရစ် ။ ။ "မှန်လှပါ သူတို့အပေါ်မှာ အပြစ်ယူတော်မမူဘဲ အရှင်မင်းမြတ်သာ သည်းခံတော်မူမည်ဆိုလျှင် ဘုန်းတော်ကြီးသော အရှင်၏ ဂုဏ်သတင်းမှာ ပိုမို ထွန်းလင်းတော်မူပါ လိမ့်မည်ဘုရား"

ထိုအခါ ဘုရင်မင်းမြတ်သည် အပြစ်မယူဘဲ ထိုပေါ်တူဂီ ကျွန်များကို လွှတ်ပစ်ရန် အထူးအခွင့်အရေး ပေးတော်မူရန် ဆုံးဖြတ်တော် မူလေ၏။ အထက်တွင် ကျွန်နိုပ်တို့ တွေ့ခဲ့ကြရသည့် အတိုင်း ရှေ့မကြာမီ အတွင်းမှာလည်း တွေ့ကြရပေလိမ့်ဦးမည်။ ဘုရင်မင်းမြတ်အဖို့ ပေါ်တူဂီတို့၏ သစ္စာစောင့်သိမှုကို ရရှိစေရန် များစွာ အရေးကြီးလှသည် မဟုတ်ပေ။ မန်ရစ်သည်ကား ဘုရင်မင်းမြတ်ကို ဒုတိယမွိ ကုလားလို ဆလမ်ပေး၍ အလေးပြုလိုက်ပြန်လေ၏။

ထို့နောက် မန်ရစ်က 'ရွှေမြို့တော်သို့ အကျွန်ုပ် လာရောက်ခြင်းနှင့် ပက်သက်၍ ဘုန်းတော်ကြီးသော အရှင်မင်းမြတ် တစ်စုံတစ်ရာ ကန့်ကွက်ခြင်း မရှိ၍ ဝမ်းသာလှပါသည်။ သို့ရာတွင် ရွှေမြို့တော်ရှိ ပေါ်တူဂီလူမျိုးတို့အား တစ်စုံတစ်ရာ အားရှိစရာ မလုပ်ပေးဘဲ ဒီအတိုင်း အကျွန်ုပ် ပြန်သွားခဲ့လျှင် သူတို့ခမျာ စိတ်ဆင်းရဲကြီးစွာနှင့် ကျန်ရစ် ခဲ့ကြရပါလိမ့်မည် ဘုရား' ဟုတင်လျှောက်လေ၏။

မန်ရစ်။ ။ "အရှင်မင်းမြတ်သည် အကျွန်ုပ်ကို ပူဆာတတ်သူဟု ထင်ပေလိမ့်မည်။ သို့ရာတွင် နောက်ဆုံး တစ်ခုသာ တောင်းပန် လိုပါသည်။ အရှင်မင်းမြတ်၏ အမှုတော်ကို ထမ်းရွက်နေကြသော ပေါ်တူဂီလူမျိုးများနှင့် အခြားခရစ်ယာန် ဘာသာဝင်တို့ကို အရှင်မင်းမြတ် ရှုစားတော်မူလိုသည့် အတိုင်း ရောင့်ရဲ တင်းတိမ်စွာ နေထိုင်ကြစေရန် အရှင့် ရွှေမြို့တော်၌ ခရစ်ယာန် ဘုရားရှိခိုးကျောင်း တစ်ဆောင်မျှ ဆောက်လုပ် လှူဒါန်းသင့်ပါသည်။ အရှင်မင်းမြတ်၏ အမိန့်တော်ဖြင့် အကျွန်ုပ်အား ဆောက်လုပ် ခွင့်ပြုစေလိုပါသည်"

ဤတောင်ဆိုချက်ကို သီရိသုဓမ္မဘုရင်မင်းမြတ်က ငြင်းဆိုတော်မူမည်မှာ မုချပင်။

ဘိုးတော်ဘေးတော်များ လက်ထက် ရှေးအစဉ်ဆက်ကပင် ဘာသာခြား ဘုန်းကြီးများကို မိမိတိုင်းပြည်၌ အတည်တကျ နေထိုင်ခွင့် မပေးခဲ့ပေ။ လူမျိုးခြားတို့ကို အချိန်မှန်မှန် တွေ့ဆုံ စုဝေးခွင့် ရစေမည့် ကိစ္စတစ်စုံတစ်ရာကို အသိအမှတ်ပြုကာ အားပေးအားမြှောက် ဖြစ်စေပါက ဘာသာရေးထက် လွန်ကဲပြီး မဖွယ်မရာသော အရေးကိစ္စများ ဖြစ်လာနိုင်ပေသည်။ ဘုရားရှိခိုးကျောင်းထက် ကောင်းသော လုပ်ကြံမှုအတွက် စည်းလုံးရန်ဌာနကား အဘယ်မှာ ရှိတော့အံ့နည်း။

သို့ရာတွင် ဘုရင်မင်းမြတ်သည် ထိုဘုန်းကြီးနှင့် တွေ့ရန် အရင်ကတည်းက အကြံတော်ဖြစ်ခဲ့သည်။ ဒီယင်းဂါးမြို့က ပေါ်တူဂီလူမျိုးတို့ သူကို ဆန့်ကျင်တော်လှန်ရန် ကြံစည်ကြသည်ဟူသော အစီအရင်ခံစာကို

ဖတ်ရစဉ် အခါက သူ့မှာ အတော် တုန်လှုပ်ချောက်ခြားတော် မူခဲ့ရသည်။ ထိုသတင်း အမှန်ပင်လော မိမိ၏ မြောက်ဘက် နယ်စပ် ကာကွယ်ရေးများ တကယ်ပင် စိုးရိမ်လောက်အောင် အင်အား လျော့ပါးလာချေပြီလော ထိုအရေးကိစ္စသည် ယခုအခါ ရွှေမြို့တော်သို့ ရောက်လာခဲ့လေပြီ။ ပေါ်တူဂီတို့နှင့် ဆက်ဆံရေး တိုးတက် ကောင်းမွန်မည့် နည်းလမ်းများကို မိမိ မျက်မှောက်မှာပင် အထင်အရှား တွေ့နေရလေပြီ။ ဒီယင်းဂါးမြို့ကို တိုက်ခိုက်ရန် မိမိစီမံခဲ့ခြင်းကြောင့် မိမိကို သူတို့ပို၍ ချစ်ခင်မြတ်နိုး လာကြလိမ့်မည်ဟု နည်းနည်းမျှ မထင်ခဲ့ချေ။ ထိုအချက်သည်ပင်လျှင် ပေါ်တူဂီတို့အား အထူးအခွင့်ရေး ပေးရန် ဖြစ်ပေါ်လာသော အကြောင်းရင်း ဖြစ်တော့သည်။ သို့နှင့် ဘုရင်မင်းမြတ်သည် မန်ရစ်အား ဘုရားရှိခိုးကျောင်း တစ်ဆောင် ဆောက်ခွင့် ပြုတော်မူလေတော့၏။ ထိုအခါ မန်ရစ်လည်း ဘုရင်မင်းမြတ်အား စတုတ္ထအကြိမ်မြောက် ဆလမ်ပေး၍ အလေးပြုပြန်လေသည်။

ယခုကဲ့သို့ မန်ရစ်အား အခစား ဝင်ခွင့်ပြုသည်မှာ နန်းတော်၌ လုပ်ရိုးလုပ်ထုံး အတိုင်း မဟုတ်ဘဲ သီးသန့် ဖိတ်ခေါ်၍ တွေ့ဆိုခြင်းမျိုး ဖြစ်ပေသည်။ အရှေ့ဘက်နိုင်ငံများက ရှင်ဘုရင်တို့သည် တတ်နိုင်လျှင် ကောင်းကင်ဘုံက တမန်တော်ကိုမျှလည်း အဖက်လုပ်၍ စကား ပြောလိုကြသည် မဟုတ်ပေ။ သို့သော်လည်း ဂျက်ဆူအစ်နှင့် ဘုန်းကြီးများကို အရေး ပေးလှပေသည်။ သူတို့ကို သာမန်သံတမန်များ ဆက်ဆံသကဲ့သို့ ဆက်ဆံခြင်း မပြုချေ။ သူတို့၏ အဝတ်အစားသည်ပင် နိုင်ငံကူးလက်မှတ် ပတ်စ်ပို့တ် ဖြစ်နေတော့သည်။ ရှင်ဘုရင်တို့သည် ယင်းသို့ ထုံးတမ်းစဉ်လာ မဟုတ်သော (ဝါ) အခမ်းအနား မပါသော တွေ့ဆုံ ဆွေးနွေးမှုမျိုးကို ကျေနပ်ဝမ်းမြောက်စွာ ခွင့်လွှတ်တတ်ကြသည်။

ယခုလို တွေ့ဆုံစဉ်က သီရိသုဓမ္မမင်းမြတ်မှာ ပလ္လင်ပေါ်တွင် ထိုင်၍ အဖူးမြော်ခံမည်ဟု မထင်ပါ။ သာမန် သလွန် ညောင်စောင်းပေါ် ကတ္တီပါ မွေ့ရာထက်တွင် အနွေးထည်ကို ခြုံ၍ ထိုင်နေတော်မူပေလိမ့်မည်။ ဆွေးနွေးလျှောက်ထား မိန့်ကြားမှုများ ပြီးစီးလတ်သော် အတွင်းဝန်တစ်ပါးကို ခေါ်၍ လိုအပ်သလို အမိန့်တော်များ ထုတ်ပြန်ရန် စာကြမ်းများ ရေးသားဖို့ ညွှန်ကြားတော် မူလေသည်။ ထိုအခိုက် ကျောက်မျက်ရတနာ စီခြယ်ထားသော ရွှေကွမ်းကလပ်ကို မင်းမှုထမ်းတို့အား ယူခဲ့စေသည်။ ထိုရွှေကလပ်ပေါ်တွင် ကွမ်း၊ ကွမ်းသီး၊ ထုံး၊ ဆေး၊ စမုံစပါး၊ လေးညှင်း စသည်တို့ ထည့်သော ရွှေဖလား ရွှေထုံးဘူးနှင့် ရွှေကြုတ်များ ပါရှိလေသည်။

သီရိသုဓမ္မမင်းလည်း ထိုကွမ်းကလပ်ပေါ်မှ နီလာနှင့်ပတ္တမြား စီခြယ်ထားသော ရွှေကြုတ်တစ်ခုကို ကောက်ယူ လိုက်ပြီး မန်ရစ်အား ဆုလာဘ်အဖြစ် ပေးသနားတော် မူလေ၏။ ထိုအခါ မန်ရစ်သည် ဘုရင်မင်းမြတ်အား ပဉ္စမ အကြိမ်မြောက် ဆလမ်ပေး၍ အလေး ပြုလိုက်ပြန်လေသည်။ ထို့နောက် ဘုရင်မင်းမြတ်လည်း နေရာမှ ထတော် မူလေသည်။ မန်ရစ်သည် ဘုရင်မင်းမြတ်ကို အတွင်းဆောင် အဝင်တံခါးဝ အထိ လိုက်ပို့လေသည်။ အတွင်းဆောင်မှာ အမျိုးသမီးများနှင့် မိန်းမစိုးများသာ ဝင်ထွက် သွားလာခွင့်ရှိပေသည်။

ကျေနပ် နှစ်သိမ့်ဖွယ် ကောင်းလှသော အခစား ဝင်ရောက်ရခြင်း၏ ကိစ္စအရပ်ရပ်မှာ ယင်းသို့ ပြီးဆုံးခဲ့ရပေသည်။ ဘုန်းကြီးမန်ရစ်သည် မိမိလျှောက်ထား တောင်းဆိုသမျှ အကုန်လုံး ရခဲ့သည့်အပြင် မြောက်ဦးမြို့၌ ဘုရားရှိခိုးကျောင်း အသစ်စက်စက် ဆောက်ပြီးသောအခါ ယဇ်ပလ္လင်ထက်၌ ဗိုင်အရက်ထည့်ပြီး တင်ထားဖို့ကောင်းသော ရတနာ ရွှေကြုတ် ကလေးကိုလည်း အပိုဆုဖြစ် ရရှိခဲ့ပေသည်။ ထို့နောက်

ရက်အနည်းငယ် အတွင်းမှာပင် အတွင်းဝန်များ၏ ရုံးတော်မှ တဆင့် ဘုရင့်အမိန့်တော် စာချွန်များ ခရစ်ယာန် ကျွေးကျွန်တို့ကို လွှတ်ပစ်သော အမိန့်စာများ အသီးသီး ရောက်ရှိ လာကြပေသည်။

ယင်းတို့ကား အပိုဆုများပင် ဖြစ်ပေတော့၏ မန်ရစ်၏ မှတ်ချက်မှာ ဖော်ပြထားသလို သင်တို့ ဘယ်နေရာသို့ သွားသွား တစ် Tip ခေါ် လက်ဆောင်တစ်ခုစုတော့ ပေးကြရမြဲပင်။ ထိုအခါက ရခိုင်ဘုရင်၏ အမှုထမ်း အရာထမ်း တို့သည်လည်း ထိုကိစ္စ၌ ပေါ်တူဂီ လူမျိုးတို့ထက် အောက်မကျချေ။ ၎င်းတို့သည် မြောက်ဦးမြို့သို့ သွားရောက် လည်ပတ်ရမည့် နေ့တစ်နေ့ကို သတ်မှတ် ပေးကြလေသည်။ ထို့ပြင် မန်ရစ်၏ နောက်က လိုက်ပါ စောင့်ကြပ်ရမည့် ရာဇဝတ်အမှုထမ်း တစ်ဦးကိုလည်း ခရီးအသေးစိတ်များ ပြောပြ ညွှန်ကြားလိုက်ကြလေသည်။

## အခန်း (၁၆)

## ဘုရားရှိခိုးကျောင်း ဆောက်လုပ်လှူဒါန်းခြင်း

မဟာမုနိမှ မြောက်ဦးမြို့သို့ တည့်တည့်ဖြောင့်ဖြောင့် သွားမည်ဆိုလျှင် မိုင်နှစ်ဆယ်သာ ကွာဝေးလေသည်။ သို့ရာတွင် ချောင်းကြိုချောင်းကြား လှည့်ပတ် သွားနေရသဖြင့် ခရီးမှာ နှစ်ဆလောက် ကွာဝေးနေတော့သည်။ မန်ရစ်နှင့်သူ၏ ပရိတ်သတ်မှာ ရာဇဝတ်အမှုထမ်း ပေးသော လှေကြီးတွင်စီးနင်း လိုက်ပါခဲ့ကြသည်။ ဂျပန်စစ်ဗိုလ်နှင့် နောက်လိုက် နောက်ပါတို့ကလဲ မန်ရစ်နှင့်အတူ အတင်း လိုက်ပါလာကြသည်။ ကျေးကျွန်များသည် လှေကို တစ်နေ့လုံး တပင်တပန်း လှော်ခတ် ခဲ့ကြပြီး ညဥ့်ဦးပိုင်း မရောက်မီ မြို့တော်နှင့် အတန်ငယ် ကွားသေးသော နေရာသို့ ရောက်ကြသည်။ ထိုနေရာ၌ အလံများ စိုက်ထူ၍ အလှအပ ပြင်ဆင်ထားသောလှေများ သူတို့ကို ကြိုဆိုရန် အနီးသို့ ချဉ်းကပ် လာကြသည်။ ဤနေရာတွင် 'ကျွန်ုပ်တို့လှေကို သူတို့မြင်လျှင် မြင်ချင်းခရာတုတ်၍ နှုတ်ဆက်ကြသည်' ဟု မန်ရစ်၏ မှတ်တမ်း၌ တွေ့ရှိရပေ၏။

ပင်မလှေတော်ကြီးတွင် ပေါ်တူဂီ ဘုရင့်အလံတော်ကို လွှင့်တင်ထားပြီး ပေါ်တူဂီ သေနတ်ကိုင်တပ်၏ တပ်မှူး မင်နူရယ် ရိုဒရီကေးတိုက်ဂါး Manuel Rodriquez Tiger ဆိုသူ ပါလာလေသည်။ ပေါ်တူဂီ သေနတ်ကို တပ်ဗိုလ်မှူးနှင့် နောက်ပါ တပ်သား အားလုံးလည်း ဘုန်းကြီးမန်ရစ်ကို ဝမ်းမြောက်ခြင်း၊ လေးစားခြင်း အဓိပ္ပါယ်ဖြင့် ယင်းသို့ အလေးပြုကာ ကြိုဆိုကြကုန်၏။ ပါလာသော ကပ္ပတိန်က မန်ရစ်ကို ပြန်၍ ရှင်းလင်း ပြောပြသည်မှာ ယင်းသို့ အခမ်းအနားနှင့် ကြိုဆို နှုတ်ဆက်ကြသည်ကား အခြားကြောင့်မဟုတ် ရခိုင်ပြည်နယ်တွင် ဗုဒ္ဓဘာသာ ရဟန်းတော်များကို ရခိုင် လူမျိုးတို့က အထွတ်အမြတ်ထား၍ လေးစား ကြည်ညို နေကြသည်ဖြစ်ရာ မိမိတို့က မိမိတို့ ခရစ်ယာန်ဘုန်းကြီးကို ရခိုင်များ ဗုဒ္ဓဘာသာ ဘုန်းကြီးအား ရိုသေသည်ထက် လျော့ပေါ့၍ အရိုသေပြုလို့ မဖြစ်။ ထို့ပြင် ခရစ်ယာန် သာသနာရေး ဘက်က အတော် အဆင့်တန်းမြင့်သော ဘုန်းကြီးတစ်ပါး ကြွလာသည်ဟူသော သတင်းကလည်း နေရာတကာ ပျံ့နှံ့နေပြီ ဖြစ်သောကြောင့် ဂုဏ်သတင်းနှင့် လိုက်လျောအောင် ဤသို့ အလေးအမြတ်ပြု၍ ကြိုဆိုခဲ့ကြသည် ဟူ၍ ဖြစ်ပေသည်။

သူတို့ တွေ့ဆုံကြသော နေရာမှာ ရွှေမြို့တော်မှ ဆယ်မိုင် သို့မဟုတ် ဆယ့်ငါးမိုင်ခန့် ကွာဝေးသော နေရာတွင် ရှိ၍ ထိုညအဖို့ ချောင်းကမ်းနဖူးပေါ်ရှိ ရွာငယ်ကလေး တစ်ရွာတွင်ပင် အပန်းဖြေရင်း နားနေအိပ်စက် ခဲ့ကြပြီး နံနက် စောစော ထ၍ မြောက်ဦးမြို့တော်သို့ လှေများထွက်ခွာ ကြပြန်သည်။ ပေါ်တူဂီ လူမျိုးများ ဥရောပကပြား ယူရေးရှင်းများနှင့် တိုင်းရင်းသား ခရစ်ယာန်တို့လည်း မြို့ရိုးအတွင်း၌ မနေကြဘဲ မြို့တော်၏ ဆင်ခြေဖုံးဖြစ်သော မြို့အနောက်ဘက်ရှိ ဒိုင်ဂရိပက် Daingripet (ဝါ) ဒိုင်းကြီးဘက်* (ဒိုင်းကြီးဘက်မှာ

myanmar ONLINE teashop www.mmteashop.com

ရခိုင်မြို့ဟောင်း ချောင်း အနောက်ဘက်တွင် စပါးများ သိုလှောင်ရာ စပါးကျီများ ထားသည့်ဘက်ကမ်း။ ယခုအထိ ဒိုင်းကြီးကို ရခိုင်တို့က စပါးကျီဟုခေါ်သည်။ ဘာသာပြန်သူ) တွင် နေထိုင်ကြလေသည်။ ထိုရပ်ကွက် ဆိတ်ကမ်းသို့ လှေများ ဆိုက်ကပ်ကြသောအခါ ရပ်ရွာရှိ ခရစ်ယာန် လူထုက ကမ်းပေါ်မှ စုရုံး၍ ကြိုဆိုကြကုန်၏။

ဒိုင်းကြီးဘက်မှ နေကြည့်လျှင် ရွှေနန်းတော်ကို အထင်းသား တွေ့မြင်နိုင်ပေသည်။ အဘယ်ကြောင့် ဆိုသော် နန်းတော်မှာ မိုင်ဝက်မျှသာ ကွာဝေးပြီး ပေငါးဆယ်ခန့် မြင့်သော ကုန်းပေါ်၌ ဆောက်လုပ် ထားသောကြောင့် ဖြစ်ပေသည်။ ရွှေနန်းတော်၏ တည်နေပုံမှာ မဟာမုနိပရိဝုဏ်နှင့် ခပ်ဆင်ဆင်တူသည်။ မြို့ရိုး သုံးထပ်ရှိ၍ မြို့ရိုး အသီးသီးကို ကျောက်တုံးများနှင့် တည်ဆောက် ထားကြသည်။ အပြင်မြို့ရိုး၏ ပတ်လည်အဝန်းမှာ ကိုက် (၂၀၀၀) ခန့်ရှိပြီး အနား တစ်ဖက်စီ၏ အရှည်အလျားတို့ကား တစ်မိုင်၏ လေးပုံတစ်ပုံမှ တစ်မိုင်၏ သုံးပုံတစ်ပုံအထိ အသီးသီးရှိ၍ အရှည်အလျားချင်း မတူညီကြချေ။ နန်းတော်၏ အကျယ်ဆုံးအပိုင်းမှာ ကိုက် (၆၂၀) ထက် အပိုချေ။

ညီလာခံသဘင် ကျင်းပရာ အဆောင်နှင့် သီးသန့် အဆောင်များသည် အတွင်းဘက် အလယ်ဗဟိုရှိ အရှေ့နှင့် အနောက် (၂၁၈) ကိုက် တောင်နှင့်မြောက် (၂၉၃) ကိုက် အသီးသီးကျယ်သော လေးထောင့်စပ်စပ် မြို့ရိုးအတွင်း၌ တည်ရှိကြသည်။ မြို့ရိုးများမှာ ယခုတိုင် တည်ရှိ သေးသော်လည်း အဆောက်အအုံတို့ကား တစ်ခုမျှ မတွေ့ရတော့ချေ။ ၎င်းတို့ကို သစ်သားဖြင့် ဆောက်လုပ်၍ သစ်စေးသရိုးကိုင်ပြီး ရွှေချထားသော အထွတ်ထုပိကာနှင့် ပြာသာဒ်ဘုံ အဆင့်ဆင့်တို့မှာ လွန်စွာ တင့်တယ်လှပ၍ ကျက်သရေ ရှိပါပေသည်။

ရခိုင်နန်းတော် အတိုင်းအထွာသည် ပီကင်မြို့ရှိ လူတိုင်း ဝင်ခွင့်မရသော မြို့တော် Forbidden City ၏ သုံးပုံ တစ်ပုံမျှသာ ရှိပေသည်။ သို့ရာတွင် ၎င်း၏ ကျောထောက် နောက်ခံဖြစ်သော တိုင်းပြည်၏ ပမာဏမှာ တရုတ်ပြည်ထက် လွန်စွာ သေးသော်လည်း မိုးရေ အစီးသန်လှသော ချောင်းကမ်းပါး နဖူးပေါ်တွင် အံ့သြဖွယ်ရာ ခမ်းနား ကြီးကျယ်လှသော နန်းတော်တစ်ခု ဟူ၍ မှတ်သားထိုက်ပေသည်။

တစ်ဖက်တွင် ဖော်ပြထားသော မြေပုံ၌ တွေ့မြင်ရသည့် အတိုင်း နန်းမြို့မှာ အပြင်မြို့ကြီး အတွင်းဘက်၌ တံတိုင်းမြို့ရိုး ကာရံလျက် သီးခြား တည်ဆောက် ထားပေသည်။ အပြင်မြို့ရိုး၏ ပတ်လည်အဝန်းမှာ စုစုပေါင်း (၁၂) မိုင်ခန့် ရှိပေသည်။ သို့ရာတွင် တော်တော်များများမှာ ကျောက်တော်များ ဝန်းရံနေ၍ သဘာဝ မြို့ရိုးသဖွယ် ဖြစ်နေသည်။ ထို့ပြင် တူးဖော်ထားသော ရေကန်နှင့် ဒီရေစီးဝင်နေသော မြစ်ငယ်ကလေးများလည်း ရှိနေကြပေသည်။ မြို့ရိုးတံတိုင်းတို့မှာ တစ်ဆက်တည်း ဆောက်လုပ်ထားခြင်း မဟုတ်ပေ။ သဘာဝမြို့ရိုးဟု ဆိုအပ်သော တောင်တန်းတစ်ခုနှင့် တစ်ခုအကြား ပြတ်နေသော နေရာကို ဆက်စပ်ပေးရုံမျှ တည်ဆောက် ထားပေသည်။ အချို့ရေကန်တို့၌ အလွယ်တကူ ဖွင့်၍ရသော မလွယ် တံခါးပေါက်များ ရှိလေသည်။ လွန်ခဲ့သော ရာစုနှစ်များအတွင်းက ရန်သူတို့ ဝင်ရောက် တိုက်ခိုက်လာသောအခါ ထိုမလွယ်ပေါက်များမှ ဝင်ရောက် ခဲ့ကြဖူးသည်ဟု မှတ်သားပြောဆိုကြလေသည်။

အဓိကဖြစ်သော ခံတပ် မြို့ရိုးသည်ကား အရှေ့ဘက် မျက်နှာ၌ တည်ရှိပေ၏။ အနောက်ဘက်တွင် မတ်စောက်သော ကမ်းပါးနှင့် ရေနက်သော မြစ်ငယ်တစ်ခု ပိတ်ဆီး ကာရံထားသဖြင့် သာမန်မြို့ရိုးနှင့် သာမန်ကျုံးထက်ပင် ပို၍ စိတ်ချရပေသည်။ တောင်ဘက်နှင့် မြောက်ဘက် မျက်နှာတို့မှာ တောချုံထူထပ်သော တောင်ပူစာကလေးများ စီတန်း ပိတ်ဝိုင်းလျက် ရှိကြလေသည်။ သို့ရာတွင် အရှေ့ဘက်မျက်နှာရှိ မြေပြန့်တွင်

myanmar teashop www.mmteashop.com

ရေကန်များကို ကျုံးသဖွယ် ဆက်၍ဆက်၍ တူးထားပြီး ဝင်္ကပါကဲ့သို့ အဝင်အထွက် မှားစေသောလမ်းများ စီမံဖောက်လုပ်ထားလေသည်။ ယင်းသို့သော ခံတပ်မျိုးကို ရခိုင်ဘုရင်မင်းဘင် (၁၅၃၁-၅၃) လက်ထက်ကစ၍ အသုံးပြုခဲ့ပေသည်။ အဓိက ရည်ရွယ်ချက်မှာ ရန်သူတို့ရုတ်တရက် ဝင်ရောက် တိုက်ခိုက်သောအခါ အလွယ်တကူ ဝင်ရောက်ခြင်း မပြုနိုင်စေရန် ဖြစ်ပေသည်။

ဒိုင်းကြီးဘက်သို့ ရောက်၍ ကုန်းပေါ် တက်မိသောအခါ ပေါ်တူဂီတို့သည် မန်ရစ်အား တည်းခိုရန် ပြင်ဆင်ထားသော အိမ်သို့ ခေါ်ဆောင် သွားကြလေသည်။ လိုက်ပို့သော ရာဇဝတ် အမှုထမ်းသည်လည်း တည်းခိုအိမ်၌ ခေတ္တနေပြီး အပြင်သို့ ထွက်သွားရာ များမကြာမီ ဆန်၊ ဆီ၊ ဆား၊ ထောပတ်၊ နွားနို့၊ ဝက်နှင့်ကြက်စသော ရိက္ခာများ ယူလာခဲ့ပြီး သံကြီး တမန်ကြီးတို့ကို ပြုစုသော ထုံးတမ်း စဉ်လာအတိုင်း ပြုစုလေသည်။

မန်ရစ်လည်း ဘုရားရှိခိုးကျောင်း ဆောက်လုပ်ရန် သင့်လျော်သော မြေနေရာကို ချက်ချင်း ရွေးချယ်ပြီးလျှင် မြေနေရာ ရရှိသည်နှင့် တစ်ပြိုင်နက် စတင် ဆောက်လုပ် လေတော့သည်။ ၎င်းကို မြို့တွင်းရှိ အခြား အဆောက်အအုံများ လိုပင် သစ်သားနှင့် ဆောက်လုပ်သဖြင့် ကောင်းမွန်သော အဆောက်အအုံ အမျိုးအစား တစ်ခုအဖြစ် အမြန်ဆုံး အကောင်ထည် ပေါ်လာစေရန် အလွန်ဆုံး နှစ်လခန့်ကြာမည်ဟု ခန့်မှန်းကြလေသည်။

ယင်းသို့ ဘုရာရှိခိုးကျောင်း ဆောက်လုပ်နေသည့် အတောအတွင်း၌ မန်ရစ်သည် ကလေး သူငယ်များနှင့် ဖနီးသည် အပါအဝင် အိမ်ထောင်ပေါင်း များစွာမှ ခရစ်ယာန်တို့၏ ကတိ ဝန်ခံမှုပြုခြင်းများကို ကြားနာပြီး နေ့စဉ်မပြတ် ဆုတောင်းပွဲ လုပ်နေ ရပေသည်။ မန်ရစ် ရောက်ခဲ့ပြီးနောက် ဩဂုတ်လ ပထမ သီတင်းပတ်တွင် မိုးကြီး သည်းထန်စွာ ရွာသွန်း လာခဲ့ ပြန်သည်။ ရခိုင်ပြည်နယ်သည် မုတ်သုံရာသီ (မိုးတွင်း၌) ကျန်းမာရေးနှင့် အနည်းငယ်မျှ မညီညွတ်ချေ။ လူတို့မှာ ထိုအခါမျိုး၌ သေလုမြောပါး ဖျားနာတတ်ကြသည်။ မန်ရစ်သည် ခရီးပန်းလာသည်က တစ်ကြောင်း နှစ်ရှည်လများ ကတိဝန်ခံပွဲ မလုပ်ခဲ့ရသူများ အတွက် နေ့စဉ်ရက်ဆက် ဆိုသလို အချိန်ကြာမြင့်စွာ လက်ခံကြားနာပြီး ဆုတောင်းပွဲ လုပ်ပေး နေရသဖြင့် ငှက်ဖျားရောဂါ ဖြစ်စေသော ခြင်တို့၏ အစာ ဖြစ်နေခဲ့ရရှာပေသည်။

ပထမသော် သူသည် အဖျားရောဂါနှင့် နပန်းချပြီး နာမကျန်း ဖြစ်နေပါလျက် မိမိတာဝန်ကို မပျက်မကွက်စေဘဲ ဆက်လက် လုပ်ကိုင် လာခဲ့ပေသည်။ ထိုအရပ်တွင် ပေါ်တူဂီ လူမျိုး ဆေးဆရာဝန်ဟူ၍ တစ်ယောက်မျှ မရှိချေ။ ထို့ပြင် ရခိုင် ဆေးများကိုလည်း သူ အယုံအကြည် မရှိပေ။ မိမိ ထင်ရာမြင်ရာ ဆေးဝါးတို့ဖြင့်သာ ကုသ လာခဲ့သဖြင့် ရောဂါ မပျောက်ဘဲ တဖြည်းဖြည်း အင်အားနည်းပါး ဆုတ်ယုတ် လာခဲ့ပြီးလျှင် သေအံ့မူးမူးဖြင့် အိပ်ရာတွင် ပက်လက် ဖြစ်နေ ပေတော့၏။

သူ၏ ဆိုးဝါးသော အခြေအနေကို မဟာမုနိမှ ပြန်ခဲ့၍ နန်းတော်သို့ ရောက်ရှိနေသော ဘုရင်မင်းမြတ် ကြားသိတော် မူလေသော် ဘုရင့်သမားတော်ကြီးကို မန်ရစ်ထံပို့၍ ကုသ စေခဲ့သဖြင့် အောက်တိုဘာလထဲ ရောက်သော် ရောဂါရှင်းရှင်း ပျောက်ကင်း လေတော့သည်။

ထိုသမားတော်ကြီး ကုသသောကုထုံးမှာ လျှို့ဝှက် ထားသောကြောင့် ယခုအခါ ကွယ်ပျောက် ခဲ့လေပြီ။ ဖော်စပ်သော ဆေးမြစ်မှာ ဂျာဗားကျွန်းနှင့် စီဘီလီကျွန်းများ၌ တွေ့ရသော သစ်မြစ် တစ်မျိုး Lucerrage ဟု မန်ရစ်မှတ်တမ်း၌ တွေ့ရပေသည်။ ၎င်းဆေးမြစ်ကို ဈေး၌ အလွယ်တကူ ဝယ်ယူ၍ မရနိုင်ပေ။

myanmar ONLINE teashop www.mmteashop.com

အပူအစပ် အမွှေးအကြိုင် ထွက်သော အရပ်ဒေသက ကျေးတောသားများ ထံတွင် မှာထားမှ ရတတ်ပေသည်။ ထိုဆေးမြစ်ကို ရေနှင့်သွေး၍ တိုက်သော် ငှက်ဖျားကိုသာမက မြှားဆိပ်နှင့် မြွေဆိပ်များကိုပင် ပျောက်ကင်းစေနိုင်လေသည်။ ထို့ကြောင့် မန်ရစ်က 'ကျွန်ုပ်သည် မျက်မြင်ကိုယ်တွေ့ ကြုံရ၍သာ ယခုလို ပြောဝံ့သည်။ ကိုယ်တွေ့ မဟုတ်ပါက ထိုဆေးမြစ် အစွမ်းထက်ပုံကို ကျွန်ုပ်လည်း ယုံမည်မဟုတ်။ ပြောလည်း ပြောရဲမည်မဟုတ်ပါ' ဟူ၍ မှတ်တမ်း၌ အတိအလင်း ဝန်ခံထားပေသည်။

ထို့နောက် မန်ရစ်သည် တရုတ်ပြည် မကာအိုမြို့တွင် နေခဲ့ဖူးသော ပေါ်တူဂီဗိုလ်ချုပ် ဒွန်ဖီလစ်လိုဘိုဆိုသူ စီဘီလီ ကျွန်းသို့ ရောက်သွားစဉ်က ထိုကျွန်း၏ ဘုရင်ထံမှ Lucerrage ဆေးမြစ်များ လက်ဆောင်ရခဲ့ဖူးသည့် အကြောင်းကို ဆက်လက် ဖော်ပြထားသေးသည်။ ထိုဆေးမြစ်၏ တန်ခိုးအာနိသင်ကို ပြလို၍ စီလီဘီဘုရင်သည် အောက်ပါအတိုင်း စမ်းသပ် လုပ်ကိုင်၍ ပြခဲ့ဖူးသည်။

ဘုရင်သည် ရာဇဝတ် ပြစ်ဒဏ်ခံရသော အကျဉ်းသားတစ်ဦးကို ခေါ်ခဲ့စေပြီး အဆိပ်ကို ကျွေးလိုက်သောအခါ အကျဉ်းသားသည် ပါးစပ်မှ အမြှုပ်တစီစီ ထွက်၍ မြေပေါ်သို့ လဲကျသွားပြီးလျှင် လူးလိမ့်ကာ သတိ မေ့သွားတော့သည်။ ထို့နောက် ၎င်းအား Lucerrage ဆေးမြစ်ကို သွေး၍ တိုက်ကျွေးလိုက်သောအခါ မိနစ်ပိုင်းလောက်မှာပင် အကောင်း ပကတိ ဖြစ်လာလေတော့သည်။ ယင်းသို့ ကုသ၍ ပြခြင်းမှာ မျက်လှည့်ပြခြင်း မဟုတ်ကြောင်း ယုံကြည်စေရန် နောက် တစ်ကြိမ်တွင် ထိုအကျဉ်းသားအား ထိုအဆိပ်ကိုပင် တိုက်ကျွေး၍ အဆုံးစီရင် ပစ်လိုက်လေတော့၏။

ထိုအဆိပ်ဖြေဆေးနှင့် ပက်သက်၍ အဘယ်မျှလောက် မှန်သည်ဆိုစေကာမူ အခြားအခြားသော ခရီးသည်တို့က ထိုဆေးအကြောင်းကို စိုးစဉ်မျှ မှတ်သားဖော်ပြခြင်း မပြုခဲ့ကြချေ။ မည်သို့ပင် ရှိစေ ဘုန်ကြီးမန်ရစ်သည်ကား မိမိကို ဘုရင့် သမားတော်ကြီး တိုက်ကျွေးသော ဆေးမှာ ထိုဆေးမြစ်ပင်ဖြစ်၍ ထိုဆေးမြစ်ကြောင့်သာလျှင် မိမိရောဂါ သက်သာ ပျောက်ကင်း ခဲ့ရသည်ဟု တန်းတန်းစွဲ မှတ်သား ဖော်ပြထားပေသည်။

ဘုရာရှိခိုးကျောင်း ဆောက်လုပ် ပြီးစီးသည့်အချိန်၌ မန်ရစ်လည်း ကောင်းကောင်း လမ်းလျှောက်နိုင်လေပြီ။ သို့နှင့် မိုးရာသီကုန်ဆုံးသော အောက်တိုဘာလ တတိယပတ် သီတင်းပတ်ထဲတွင် ထိုဘုရားရှိခိုးကျောင်းကို အခမ်းအနား ကျင်းပ၍ လှူဒါန်းရန် ရက်သတ်မှတ် လိုက်ကြလေသည်။ ထိုအခမ်းအနားမှာ ကြီးကျယ်လှပေ၏။ ဘုရာရှိခိုးကျောင်း၏ အတွင်းဘက်တွင် ဝါးနီးနှင့် ထန်းရွက်များကို လှပစွာရက်လုပ်ပြီး ဂျပန်လူမျိုး ခရစ်ယာန်တို့ထံမှ ပိုးချည်ဖြင့် ရက်လုပ် လှူဒါန်းသော ပန်းပွားများနှင့် အလှအပ မွမ်းမံထားကြလေသည်။

ယဇ်ပလ္လင်ကိုလည်း ထိုပန်းမျိုးတို့ဖြင့် ကြဲဖြန့်ကာ ပန်းမွှေရာ ခင်းထားပြီး ကျောက်မျက်ရတနာစီခြယ်သော ပန်းအိုးတို့၌ ပန်းများ ထိုးစိုက်၍ အလှ ပြင်ထားကြလေသည်။ အချို့ ပန်းအိုးများကို ဘုရင့်ဘဏ္ဍာတိုက်မှ ငှားရမ်း ကြရသည် ဖြစ်ရာ ယခင် ဆိုခဲ့ပြီးသော ဒီယင်းဂါး ဘုန်းကြီး မန်နူရယ်က ဟိန္ဒူပွဲတော်အတွက် ကော်ဇော ငှားရမ်းစဉ် အခါက ငြင်းပယ် ခဲ့ဖူးသော အဖြစ်ပျက်များကို ပြန်လည် သတိရစေလေတော့သည်။

မြောက်ဦးမြို့ရှိ ဘုရင့် ဘဏ္ဍာတိုက်မှ ထိုကဲ့သို့သော ရတနာရွှေပန်းအိုး နှစ်ဆယ့်လေးလုံးထက် မနည်း ငှားရမ်းခဲ့ရာ လေးလုံးမှာ ကြီးမားထုထဲလွန်း၍ လူတစ်ယောက် ချီမ၍ မနိုင်လောက်အောင် အလေးချိန်

စီးလေသည်။ အခြား ငွေပန်းအိုး များစွာကိုလည်း ငှားရမ်း ရရှိခဲ့သဖြင့် အချို့ကို ဘယက်ဒွါဒရာ ရတနာပစ္စည်းများ ထည့်ရန်အတွက် လည်းကောင်း အချို့ကို ဆီမီးထည့်၍ ထွန်းရန်အတွက် လည်းကောင်း အသီးသီး အသုံးပြုကြသည်။ ယဇ်ပလ္လင်၏ အလယ်ရှိ မေရီမယ်တော်၏ အောက်တည့်တည့်၌ ဘုရင်မင်းမြတ် ထံမှ ဆုရခဲ့သော ရွှေကြုတ်ကို တည်ထားလိုက်လေသည်။

ဘုရားရှိခိုးကျောင်း လှူဒါန်းသော နေ့သို့ ရောက်လာသောအခါ နန်းတွင်းသူ နန်းတွင်းသားတို့သည် နောက်လိုက်ပါ အခြံအရံ ကိုယ်စီနှင့် လာရောက်ကြပြီးလျှင် အရပ်သားများ နည်းတူ တံခါးကိုးတိုးဝှေ့ ဝင်ရောက်နေကြလေသည်။ သို့ဖြစ်၍ ခရစ်ယာန် လူစုတို့ပင် ကျောင်းထဲသို့ မဝင်နိုင်အောင် တစ်ဆို့နေတော့ သဖြင့် ရာဇဝတ် အမှုထမ်း အချို့ကို ခေါ်ပြီး လူရှင်း စေရလေသည်။ ရာဇဝတ် အမှုထမ်းတို့လည်း ရခိုင် တိုင်းရင်းသားများကို ဖယ်ရှား စေပြီးနောက် တံခါးပေါက်၌ စွဲစွဲမြဲမြဲရပ်၍ စောင့်နေမှ မန်ရစ်လည်း သမ္မာကျမ်းစာကို ရွတ်ဖတ်ဆုတောင်း ပတ္ထနာ ပြုနိုင် ပေတော့သည်။

## အခန်း (၁၇)
## မင်းဆရာနှင့် စကားစစ်ထိုးပွဲ

ဘုရားရှိခိုးကျောင်း လှူဒါန်းသော အခမ်းအနား ပြီးဆုံးလတ်သော် မန်ရစ်သည် မိမိအား သမားတော် စေလွှတ် ကုသခြင်းကို အခွင့်ရေးယူကာ ဘုရင်မင်းမြတ်ကို ကျေးဇူးတင်စကား လျှောက်ထားရန် နန်းတော်သို့ သွားလေတော့သည်။ နန်းတော်သို့ သွားရာ၌ အဆင်အပြေဆုံး နည်းလမ်းမှာ လှေဖြင့် သွားခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိုးတွင်း အခါ၌ မြို့တွင်းရှိ လမ်းမကြီးများမှာ အလွန်ရွှံ့ဗွက် ထူလှသောကြောင့်တည်း။ ချောင်းထဲက သွားမည်ဆိုလျှင် အပြင်မြို့ကို မည်သည့် နေရာမဆို လွယ်လင့်တကူ ရောက်ပေါက်နိုင်ပေသည်။ မြောက်ဦးမြို့ကား ဗင်းနစ်မြို့နှင့် ဆင်ဆင်တူလှသည်။ မှန်ပေသည်။ ထို့နောက် ဆယ်နှစ်ကြာမှ ရောက်သွားခဲ့သော ဖာရင်ဟားဆိုသူက ရောမမြို့သို့ ရေးပို့လိုက်သော စာတွင် အလားတူ နှိုင်းယှဉ်ချက်မျိုး နှိုင်းယှဉ်၍ ရေးသားခဲ့ဖူးလေသည်။

မန်ရစ်မှတ်တမ်း၌ မြစ်ငယ် အတော်များများသည် လက်တက်များစွာ ဖြန့်၍ မြို့တော်ကို ဖြတ်သန်း စီးဆင်း နေကြသဖြင့် မြို့ထဲ၌ ရေလမ်း အသွယ်သွယ် ရှိနေပေတော့သည်။ ထို့ကြောင့် လမ်းမကြီး အားလုံးလိုလိုပင် လှေကြီးများ ဝင်ထွက်၍ သွားလာနိုင်အောင် ကျယ်သော ရေလမ်းများ ဖြစ်နေကြပေ၏ဟု ရေးထားခဲ့ပေသည်။

ထိုမြစ်ငယ် ချောင်းငယ်များ မြို့ရိုးကို ဖြတ်သန်း စီးဆင်းသွားသော နေရာတိုင်းတွင် ရေတံခါးများ ပြုလုပ် ထားကြ လေသည်။ ထို့ပြင် ရေတံခါးကို အပေါ်ကမိုး၍ အမြောက်များ တပ်ဆင်ထားကြ၏ စာရေးဆရာ များစွာက မြို့တော်ကို အလွယ်တကူ တိုက်ဖျက်၍ မရနိုင်ဟု ရေးသားကြသည်။ သို့ရာတွင် တိုက်ဖျက်၍ မရကောင်းသော မြို့တော်ဆိုသည်မှာ Golden age ပဒေသာပင်ခေတ်ကဲ့သို့ ဘယ်တုန်းကမျှ မပေါ်ခဲ့ဘူး သေးသော အရာသာဖြစ်တော့သည်။

ဒိုင်းကြီးဘက်မှ နန်းတော်သို့ သွားလျှင် ရွှေမြို့တော်၏ အနောက်ပြင်ကို တွေ့မြင်ရသည်။ အိမ်တို့ကို သစ်သား တိုင်များနှင့် ဆောက်လုပ်၍ သက်ငယ်နှင့် ထန်းလက်များ မိုးထားကြသည်။ အကာမှာ ဝါးထရံဖြစ်၍ ရောင်စုံအကွက်များ ဖော်ထားရုံမက လှပသော ရုပ်မျိုးစုံ ပေါ်အောင် ရက်လုပ်ထားကြသဖြင့် အလွန် လက်ရာကောင်းလှသည်ဟု မန်ရစ်က ဖော်ပြ ထားပေသည်။ သို့အားဖြင့် အိမ်တစ်ဆောင်ကို သစ်သားဘောင် ခတ်ပြီး ဝါးထရံဝါးကြမ်းတို့ဖြင့် တပ်ဆင်ကာ ဆောက်လုပ်ကြသော အလေ့အထကို ယခုခေတ်တိုင် ထိုအရပ်ဒေသ၌ တွေ့မြင် ကြရပေသေးသည်။ ယင်းသို့သော အိမ်မျိုးများကို မြန်မာပြည်တွင် လည်းကောင်း ဝါးပင် ပေါများလှသော ယိုးဒယားပြည်တွင် လည်းကောင်း အရှေ့တောင် အာရှ ကျွန်းစုများတွင် လည်းကောင်း

myanmar online teashop
www.mmteashop.com

တရုတ်ပြည် တောင်ပိုင်းတို့၌ လည်းကောင်း အများအပြား တွေ့မြင်ကြရပေသည်။ 'သို့ရာတွင် မင်းညီမင်းသားတို့နှင့် မှူးကြီးမတ်ရာများ၏ နေအိမ်တို့ကိုမူ ပျဉ်ပြားတို့ဖြင့် ကာရံပြီး သစ်သား ပန်းပုရုပ်လုံးများ ထုလုပ်ကာ ရွှေချ ထားတတ်ကြသည်'ဟု မန်ရစ်က မှတ်ချက် ရေးသားခဲ့သေးသည်။

နန်းတော်သို့ မန်ရစ် သွားစဉ်အခါက သူတို့ တင်ဆောင်သွားသော လှေသည် အတွင်းမြို့၏ အနောက်ဘက် တံခါးဝကို ဦးတည်နေသော လမ်းထိပ်ရှိ ဆိတ်ကမ်း လှေကားထစ်များ အနီးတွင် ကပ်ပေးသဖြင့် ထိုနေရာမှ တက်ခဲ့ ရပေသည်။ သူသည် ရွှေနန်းတော်သို့ ဝင်ခွင့် ရသူများနှင့်အတူ ထိုတံခါးကို ဖြတ်သန်း ဝင်ရောက်လာခဲ့ပြီး ဒုတိယနှင့် တတိယ မြို့ရိုးတို့ကို တစ်ခုပြီးတစ်ခု ဖြတ်သန်းခဲ့ပြီးနောက် နန်းတော် တံခါးဝသို့ ရောက်ရှိခဲ့လေသည်။ ထိုနေရာမှ ကြည့်လျှင် ပကတိ နန်းတော်ကြီးကို ရှေ့တွင် မားမားမတ်မတ် မြင်နေကြရပေသည်။ အချိုးအစား ညီညွတ်စွာ ဖြောင့်တန်းလျက် ရှည်လျားမြင့်မားသော နန်းတော်တိုင်ကြီး များကို ရရှိစေသော ကျွန်းပင်ကြီးများကို အံ့သြ၍ မကုန်အောင် ရှိပါ တော့သည်ဟု ညီလာခံ ခန်းမဆောင်က တိုင်လုံးကြီးများကိုကြည့်၍ မှတ်တမ်း တင်ထားပေသည်။

ထိုနေ့က ညီလာခံ ခန်းမဆောင်၌ ဧည့်သည်များကို ဖူးမြော်ခံခြင်း ပြုဟန်မတူပေ။ အတွင်းဘက်ရှိ သီးသန့်ဆောင်ကလေးထဲ၌ လက်ခံ တွေ့ဆုံတော်မူလေသည်။ မဟာမုနိဘုရား၏ ယာယီ နန်းတော်မှာကဲ့သို့ ပြတင်းပေါက်တစ်ခုလည်း ရှိပေသည်။ ထိုပြတင်းဝသို့ သီရိသုဓမ္မမင်းတရား ရောက်လာသောအခါ ရုတ်တရက် ချက်ချင်း လက်အုပ်ချီ၍ အရိုအသေ ပြုလိုက်သော ဘုန်းကြီးမန်ရစ်ကို မြင်တော်မူလေသည်။ မန်ရစ်လည်း အကောင်းဆုံး အမွန်မြတ်ဆုံး စကားလုံးများကို ရွေးချယ်၍ ဘုရင်မင်းမြတ်အား ကျေးဇူး တင်ရှိကြောင်း လျှောက်ထားလိုက်လေသည်။ မန်ရစ်က ဟိန္ဒူစတန်နီ စကားနှင့် တင်လျှောက်ခြင်း ပြုသည့်အတွက် ဘုရင်မင်းမြတ်ကလည်း ဟိန္ဒူစတန်နီစကားနှင့် ပြုံးပြုံးရွှင်ရွှင် ပြန်လည် မြွက်ကြားတော် မူပေသည်။

"ဘုန်းတော်ကြီး သင့်အား ကျန်းကျန်းမာမာ ပြန်တွေ့ရတာ ကျွန်ုပ်လွန်စွာ ဝမ်းမြောက်လှ၏။ သင်တို့ဘုရားအတွက် အသစ်ဆောက်လုပ်သော ကျောင်းကို လှူဒါန်းသည့်ပွဲ အခမ်းအနားနှင့် ပက်သက်သော သတင်းကိုလည်း ကျွန်ုပ်တို့ ကြားလိုလှပါ၏" ဟု မိန့်တော်မူလတ်သော် မန်ရစ်က....

"အရှင်မင်းမြတ် ကျွန်ုပ်တို့၏ ဘုရားသခင်သာ မဟုတ်ပါ။ အရှင်မင်းမြတ်၏ ဘုရားသခင်လည်း ဖြစ်ပါသည်။ ထိုကုသိုလ်တော် ပွဲနေ့ကစ၍ နေ့စဉ်နေ့တိုင်း အရှင်မြတ် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ စေကြောင်း ဘုရားသခင် ထံတွင် ကျွန်ုပ် မပြတ် ဆုတောင်းလျက်ရှိပါသည်။"

ဤနေရာတွင် မန်ရစ်သည် ဤကမ္ဘာလောက ဓာတ်နှင့် ကောင်းကင်ဘုံကို အစိုးရသော ထာဝရ ဘုရားသခင်ကို ဘုရင်မင်းမြတ်၏ ဘုရားဟူ၍ ညွှန်းလိုက်ခြင်း ဖြစ်လေသည်။ ဘုရင်မင်းမြတ် ယုံသည်မယုံသည် ပဓာနမဟုတ်ဘဲ လုံး၍ လျှောက်တင်လိုက်ခြင်း ဖြစ်သော်လည်း ဘုရင်မင်းမြတ်ကား ထိုအဓိပ္ပါယ်ကို မည်သို့မျှ ဂရုစိုက်တော်မူဟန် မရှိချေ။ ခရစ်ယာန် ဘုရားသည် ဟိန္ဒူနတ်များကဲ့သို့ တန်ခိုးတော်ရှင်များ ဖြစ်သည်မှာ ယုံမှားနိုင်ဖွယ် မရှိချေ။ သူ့နေရာနှင့်သူ ထိုက်တန်သော အပူဇော်ကို ခံကြရပေသည်။ သို့သော်ငြားလည်း ထိုဘုရားတို့သည် ဗုဒ္ဓတည်းဟူသော မြတ်စွာဘုရား သခင်ထက် အတန်း နိမ့်ကျကုန်၏။ အဘယ်ကြောင့် ဆိုသော် အလုံးစုံသော ဘုရားတို့ Gods သည် ဗုဒ္ဓတည်းဟူသော မြတ်စွာဘုရား သခင်ကို ဦးခိုက် ပူဇော်ကြကုန်၏။ ၎င်းတို့သည် တစ်နေ့သောအခါ ဗုဒ္ဓမြတ်စွာကဲ့သို့ သဗ္ဗညုတ ရွှေဉာဏ်တော် ရပြီး

myanmar ONLINE teashop
www.mmteashop.com

ဘုရားစင်စစ် ဧကန် ဖြစ်လိုကြကုန်၏ (ဝါ) ဘုရားဖြစ်ရန် မျှော်လင့်မှန်းထား နေကြကုန်သော ဘုရားလောင်းတို့ ပေတည်း။

ဘုရားဖြစ်ဖို့ရန်မှာ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိပြီး သစ္စာလေးပါးကို ဆရာ မရှိအလိုလို သိမြင်ရပေသည်။ လူရော နတ်ပါ Man and Gods ထိုအဆင့်သို့ ရောက်ရန် ညီတူညီမျှ တောင့်တနေကြ ပေသည်။ မြတ်စွာဘုရားသခင်၏ မြတ်သော ဓမ္မက္ခန္ဓာတို့ အတိုင်း အတိအကျ လိုက်နာကျင့်ကြံ အားထုတ်ပါလျှင် လူရောနတ်ပါ Man and Gods ဘုရား ဖြစ်နိုင်စရာ ရှိပေသည်။

ခွဲခြား ဝေဖန်တတ်သော ပညာရှင် စာဖတ်သူများအဖို့ ဩဂတ်စတင် ခရစ်ယာန်ဘုန်းကြီးနှင့် ရခိုင်ဘုရင်မင်းမြတ် တို့၏ တွေးခေါ် မြော်မြင်ပုံများမှာ ကွာလည်းကွာခြားသည်။ နီးလည်းနီးစပ်သည်ဟု နှစ်မျိုးစလုံး တွေးဆမိကြပေလိမ့်မည်။

တစ်ဦးနှင့်တစ်ဦး အမြင်ချင်း မည်သို့ ကွာခြားနေကြသနည်း။ ဝေါဟာရခြင်းက ဆက်စပ်၍ မရလောက်အောင် ကွဲလွဲ နေသောကြောင့်တည်း။ တစ်ဦးနှင့်တစ်ဦး အမြင်ချင်း မည်သို့နီးစပ်ကြသနည်း။ ခရစ်ယာန်ဘာသာ၏ နက်နဲသော သဘောတရားမှာ God ခေါ် ထာဝရဘုရားနှင့် အတူနေရခြင်း နောင်ဘဝ၌ ဘုရားသခင်ထံ ရောက်ရခြင်း ဟူသောဝါဒကို အမှန် သဘောပေါက် သိမြင်ခြင်း ဖြစ်၍ ဗုဒ္ဓဘာသာတွင် သဗ္ဗညုတ ရွှေဉာဏ်တော် ရခြင်းဟူသော စကားနှင့် နီးစပ် သောကြောင့် ဖြစ်သည်။ (ဤနေရာတွင် စာရေးဆရာ၏ ဗုဒ္ဓအဘိဓမ္မအပေါ် ကျွမ်းကျင်မှု မရှိဘဲ အလွဲလွဲ နှိုင်းယှဉ် ထားခြင်းများ ပါရှိနေသောကြောင့် စာပိုဒ်အချို့ကို ချန်လှပ်ခဲ့ပေသည်။ ဘာသာပြန်သူ)

မန်ရစ်နှင့် ဘုရင်မင်းမြတ်တို့ ဆက်လက် ဆွေးနွေးသော အကြောင့်အရာမှာ ရုပ်တု ကိုးကွယ်ခြင်းသို့ ရေးရှု ဆိုက်ရောက် လာခဲ့ပေသည်။ မန်ရစ်သည် ထိုအကြောင်းကို အနှစ် (၂၀) ကြာမှ ရောမမြို့သာသနာပိုင်၏ ရုံးခန်းအတွင်း၌ ရေးသားခဲ့ခြင်းဖြစ်၍ မည်မျှထိ တိကျမှန်သည်ဟု မသိရစေကာမူ မိမိဂုဏ်သိက္ခာကို ငဲ့၍ အပိုမိုချဲ့ထွင် ရေးသားခြင်း ပြုလိမ့်မည် မဟုတ်ပေ။

သူသည် ဘုရင်မင်းမြတ်အား မဟာမုနိ ရုပ်ပွားတော်ကို ဆည်းကပ်ကိုးကွယ်၏ အပြစ်များကို ဖော်ပြ လျှောက်ထား ခဲ့ဖူးကြောင်း ရေးသားထားလေသည်။ မန်ရစ်က လျှောက်ထားသောအခါ ဘုရင်မင်းမြတ်က မည်သို့မျှ ပြန်လည် မိန့်ကြားခြင်း မပြုချေ။ မိမိပြုရမည့် တာဝန်မှာ ရခိုင်ပြည်နယ်က ဗုဒ္ဓဘာသာ သာသနာတော်ကို အသန့်ရှင်းဆုံး ဖြစ်စေရန် ဗုဒ္ဓအရှင်တော် ဟောကြား ဆုံးမခဲ့သည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာကျင့်ကြံ အားထုတ် ကြစေရန်အတွက် သာသနာပြုရေး သက်သက်သာသာ ဖြစ်သောကြောင့် ဖြစ်ပေသည်။

သို့ရာတွင် ဘုရင်မင်းမြတ်က မည်သို့မျှ ပြန်လည်၍ မိန့်တော် မမူခြင်းမှာ သပ္ပဒါနပကာရန သမိုင်းထဲ၌ ဖော်ပြထားသော အကြောင်းအရာ အဖြစ်ပျက်များကို ယုံကြည်ထားပြီးဖြစ်၍ သက်တော်ထင်ရှား အရှင်တော်ဘုရား၏ တန်ခိုးတော်နှင့် မဟာမုနိရုပ်ပွားတော်ကြီး၏ တန်ခိုးကြီးပုံများကို စိတ်ချလက်ချ ကြည်ညိုနေသောကြောင့် ပေတည်း။ သူသည် မိမိသာလျှင် သာသနာပြုမင်း ဖြစ်သောကြောင့် ကမ္ဘာပေါ်၌ အမြင့်မြတ် အကြီးကျယ်ဆုံးသော ဗုဒ္ဓဘာသာဘုရင် ဖြစ်သည်ဟု သူ့ကိုယ်သူ အထင်ကြီးလျက် ရှိသည်။ သို့ဖြစ်၍ ခရစ်ယာန်ဘုန်းကြီးအား မိမိ ထင်မြင်ယူဆချက် အဖြေမျိုးကို မပေးလိုချေ။ ထို့ပြင် တိုင်းတစ်ပါးမှ ဘာသာခြား ဘုန်းကြီးတစ်းပါးပါး ကြွလာသောအခါ အရှေ့တိုင်းသားဘုရင်များ လိုက်နာလေ့ ထုံးစံအတိုင်း

မိမိကိုယ်တိုင် ရှင်းလင်းပြောပြခြင်း မပြုဘဲ ထိုခရစ်ယာန်ဘုန်းကြီးကို မိမိ၏ သာသနာရေးဌာန အတိုင်ပင်ခံဖြစ်သော မင်းဆရာဘုန်းတော်ကြီးထံ ခေါ်သွား၍ တရားဆွေးနွေးစေခဲ့လေသည်။

မင်းဆရာသည် အဝါရောင်သင်္ကန်းကို ဝတ်ရုံလျက် ဦးခေါင်းကို ပြောင်နေအောင် ရိတ်ထားလေသည်။ ခြေထောက်တွင် ဖိနပ်မပါ ကြည်ညိုဖွယ်ရာ ဣန္ဒြေသိက္ခာဖြင့် ရင့်ကျက်ခံ့ညားသော အသွင်ကိုဆောင်လျက် လေးနက် တည်ကြည်သော လေသံဖြင့် "မိမိတွေ့ရသမျှ ခရစ်ယာန်ဘုန်းကြီးတို့မှာ များသောအားဖြင့် သဗ္ဗညုတ ရွှေဉာဏ်တော်ရှင်ကို အရှိအသေ နည်းပါးသည့် အမူအရာဖြင့် ဗုဒ္ဓဘာသာအယူဝါဒကို မသိကျိုးကျွံ ပြုပြီး မိမိတို့ ဘာသာတစ်ခုတည်းသော လူသတ္တဝါတို့ကို ကယ်တင်နိုင်သကဲ့သို့ ပြောဆိုလေ့ ရှိကြပေသည်"ဟု မိန့်ဆိုလေတော့၏။

ထိုအခါ မန်ရစ်က ....

"ဒီလိုသာအမှန်တိုင်း မသိဘူးဆိုလျှင် ဤမျှ ဆင်းရဲဒုက္ခခံပြီး အဘယ်မှာ ကျွန်ုပ် တရားဟောရန် လာပါတော့ မည်နည်း။ ခရစ်ယာန် အယူမှတစ်ပါး အခြားလမ်းကောင်း ရှိနေသေးပါက ကျွန်ုပ်တို့၏ သာသနာပြုအဖွဲ့မှာ သက်သက် အချိန် ဖြုန်းနေခြင်းသာ ဖြစ်မနေပါလော။ ကျွန်ုပ်တို့ အလိုလားဆုံးမှာ လူတို့၏ ဝိညာဉ်များကို ကယ်တင်ရန် ဖြစ်သောကြောင့် ဤအရပ်သို့ ကျွန်ုပ်လာရောက်ခြင်းမှာ ထိုကိစ္စမှ တစ်ပါး အခြားအကြောင်းထူး မရှိပါ။

ဆရာတော်။ ။ အကြားအမြင် ဗဟုသုတ များပြားသူတစ်ယောက် အနေဖြင့် ရိုးရိုးသားသား ထင်မြင်ယူဆသည် ဆိုတာ ယုံကြည်ဖို့မလွယ်ပါ။ ဤနေရာတွင် အသင့်အားဉာဏ်ပညာ အမြော်အမြင်မရှိသူဟု ကျွန်ုပ်စွပ်စွဲမည် မဟုတ်သလိုဘဲ သာသနာပြု အဖွဲ့လို့ အမည်တပ်ထားတဲ့ သင်တို့ အဖွဲ့မျိုးဟာ လျှို့ဝှက်စုံထောက်လုပ်ဖို့ ဖွဲ့ထားတာကလွဲလို့ တခြား ရည်မှန်းချက် ဘာမှမရှိဘူး ဆိုတာကိုလဲ ပြောလိုပါတယ်။

ဘုရင်မင်းမြတ်သည် ဆရာတော်ကိုလှမ်း၍ ကြည့်လိုက်သဖြင့် ဆရာတော်လည်း ရှေ့သို့ စကားမဆက်တော့ချေ။ ဟီနယာန သာသနာတော်နှင့် စပ်လျဉ်းသော အယူဝါဒများကိုသာ ဆက်လက် ဟောပြောနေပေသည်။ လူတစ်ယောက်၏ ပစ္စုပ္ပန်ဘဝ ရပ်တည်မှုသည် အတိတ်က ပြုခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကြောင်းခံ အရသာလျှင် ဖြစ်ကြောင်း သူသည် အတိတ်ဘဝ၌ ကောင်းမှု ကုသိုလ်ကံများကို ပြုကျင့်ခဲ့လျှင် သူ၏ ပစ္စုပ္ပန်ဘဝ အခြေအနေသည် ပျော်ရွှင်စရာ ကောင်း၍ နတ်စည်းစိမ်ကဲ့သို့ သုခချမ်းသာ ခံစားရပြီးလျှင် ဘုရားဖြစ်စေသော ပါရမီ (၁၀) ပါး ကုသိုလ် ကောင်းမှုများကို ထိုနည်းအတိုင်း ဆက်လက် အားထုတ်သွားပါက ထိုလူသည် နောင်တစ်နေ့တွင် ဘုရားစင်စစ် ဧကန် ဖြစ်ရပေလိမ့်မည်။ သူ၏ ချမ်းသာမှုလည်း ထိုအခါတွင် ပြည့်စုံပြီဖြစ်၍ မည်သည့်အတိတ် အကုသိုလ်ကံမျှ အကျိုးမပြုတော့ (အကုသိုလ် ပြတ်လေပြီ)။ သို့သော် သူသည် တရားတော်အတိုင်း မကျင့်မူ၍ တရားကင်းသော အပျော်အပါးတို့၌သာ ကျက်စားနေပါက တစ်နေ့ထက်တစ်နေ့ တစ်ဘဝထက် တစ်ဘဝ စိတ်ဆင်းရဲမှုများ ပိုမို ဖိစီးလာပြီး တစ်နေ့သောအခါ၌ လူ့လောကသည်ပင်လျှင် ငရဲအိုးပမာ ခံစားရတတ် ပေသည်။

မန်ရစ်။ ။ လူတစ်ယောက်ဟာ ထပ်ကာထပ်ကာ လူဖြစ်တယ်ဆိုတာ ဘယ်လိုသဘောပါလဲ။

ဆရာတော်။ ။ အဲဒါက သူ့ကိုယ်သူ တိုးတက် ကောင်းမွန်လာအောင် ပြုပြင်လာတဲ့ သဘောပါပဲ။ သူ့ကိုအခွင့်အလမ်း တစ်ခုပြီး တစ်ခု ဆက်ပေးမထားရင် သူ့အဖို့ မိမိပြုသော အမှားကို မမြင်နိုင်တဲ့အပြင် အခွင့်ကောင်းကိုလည်း လက်လွှတ် စေနိုင်တယ်။ သူလုပ်တာ သူသိရင် အမှန်တရားကို သူလိုက်နာမှာပဲ။

မန်ရစ်သည် ဆရာတော်၏ အတွေးအခေါ်ကို ဉာဏ်မမှီတော့ချေ။ ဆရာတော် ပြောနေသမျှမှာ အပိုစကား ဟူ၍သာ ထင်လေသည်။ သူသည် ကက်သလစ် ဘာသာတရားကို ဖိပြောလောက်အောင်လည်း ပရိယာယ်မကြွယ်ပေ။ ရုပ်တု ကိုးကွယ်သူတို့ထံက အမှန်တရားတစ်ခုကို လက်ခံမိလျှင် အလွန်အန္တရာယ် ကြီးသည်ဟူသော အစွဲကသာ ကြီးနေလေသည်။ ဤနည်းအားဖြင့် မိစ္ဆာဒိဋ္ဌိအယူ လျှိုဝင်လာမည်။ သာသနာ့ သန့်ရှင်းရေးအဖွဲ့သည် သူတို့တရားကို နာကြားရုံမျှနှင့် ကြီးလေးသော အပြစ်ဒဏ်ကို ပေးလေသည်။ ယခုလို ဆရာတော်ဟောသည့် တရားကို နာကြားမိခြင်းပင် သူ့အဖို့ ရာဇဝတ်မှု ကျူးလွန်ရာ ရောက်နေပေပြီ။

သူကိုယ်တိုင် ကြားနာခဲ့ရသော ကတိဝန်ခံချက်များအရ ဆိုလျှင် ရခိုင်ပြည်နယ်ရှိ ကက်သလစ် ခရစ်ယာန် ဘာသာဝင်တို့မှာ ဗုဒ္ဓဘာသာတရားကို မနာချင်အဆုံး ကြားနာခဲ့ကြရလေပြီ။ အချို့မှာ ယခုလက်ငင်း ခရစ်ယာန်စစ်စစ် ဖြစ်စေရန် ကတိဝန်ခံမှု ပြုကြစေကာမူ သူတို့ဝမ်းထဲ၌ ဗုဒ္ဓဘာသာဝင်တို့၏ အယူဝါဒများ ကိန်းအောင်းလျက် ရှိကြ ပေသေးသည်။

ဂိုအာမြို့က သာသနာ့ သန့်ရှင်းရေး အာဏာပိုင်တို့၏ လက်တံသည်သာ ရခိုင်ပြည်နယ်ရောက်အောင် ရှည်လျားမည် ဆိုလျှင် သူတို့မှာ ဘယ်နည်းနှင့်မှ ထိုငရဲမီးထဲက လွတ်ခွင့်ရမည် မဟုတ်ပေ။ သို့ဖြစ်လျှင် ရုပ်တု ကိုးကွယ်နေသော ဘုန်းတော်ကြီး၏ တရားကို သူဆက်လက်၍ နာဝံ့ပါအံ့လော မနာဝံ့ပေ။ သို့နှင့် သူသည် မင်းဆရာ ဘုန်းတော်ကြီးအား ဘုကျကျပြောပြီး စကားကို အတင်း ရပ်ပစ်လိုက်ရသည်ဟု သူ့မှတ်တမ်း၌ ဖော်ပြထားလေသည်။

မင်း၏ ဆရာတော်ကြီးသည် သူ့စကားကို ချက်ချင်း ပြန်လည်ချေပရန် ဖြစ်သော်လည်း ဘုရင်မင်းမြတ်က ဘာမှပြန်မပြော စေလိုသောအမူအရာ ပြလိုက်သဖြင့် ပြန်၍ မပြောတော့ချေ။ ထို့နောက် ဘုရင်မင်းမြတ်က "အသင် ခရစ်ယာန်ဘုန်းကြီး သင့်ထံက ဆင်ခြေဆင်လက်များကို ကြားရ၍ ကျွန်ုပ် ဝမ်းသာပါ၏။ သို့ရာတွင် သင်ကားယခုအခါ အားနည်းနေသေးသည်။ သိပ်အပင်ပန်း မခံသင့်သေး ကောင်းစွာ ကျန်းမာလာသောအခါ ငါတို့သာသနာပိုင် ရှစ်သောင်း ဆရာတော်နှင့် စကားစစ်ထိုးဖို့ အခွင့် ပေးပါဦးမည်။ ထိုဆရာတော်ကြီးမှာ ယခု သင်နှင့် ဘက်ပြိုင် ပြောဆိုနေသော ဘုန်းတော်ကြီးထက် ပညာအရာ၌ သာလွန်လှပေသည်" ဟု မိန့်တော်မူပြီးလျှင် ညီလာခံစဲရန် အချက်ပေးလိုက် လေတော့၏။

## အခန်း (၁၈)

## ဆင်ဖြူတော်

မန်ရစ်သည် ရခိုင်ပြည်နယ်ရှိ ဗုဒ္ဓသာသနာတော်နှင့် စပ်လျဉ်းသော အခြေအနေကို ငုံမိအောင် နားလည်ဖို့ရန် မလွယ်ကူပေ။ သူ့အဖို့ ရခိုင်ပြည်နယ်၏ တိုင်းရေးပြည်ရေးကိုပင် အတော် ခဲခဲယဉ်းယဉ်း လေ့လာယူမှ အတန်ငယ် သဘောပေါက်နိုင် ပေလိမ့်မည်။ ရခိုင်ပြည်နယ်၌ အရေးအကြီးဆုံး ပုဂ္ဂိုလ်သုံးဦးရှိရာ ရှေ့အခန်းများ၌ သူတို့အကြောင်းကို တွေ့မြင် ကြရပေလိမ့်မည်။ ၎င်းတို့မှာ ရွှေနန်းရှင်၏ လက်ယာစံဒေဝီ မိဖုရားခေါင်ကြီး နတ်ရှင်မယ်နှင့် ဘုရင့်အတိုင်ပင်ခံ အဖွဲ့မှ ဝန်ကြီးလက်ရုံးနီ Lat Rone နှင့် ဝန်ကြီး ကုသလ Kuthala တို့ဖြစ်ကြလေသည်။ မန်ရစ်၏ စာထဲ၌ ထိုအကြောင်းကို သိရှိဟန် လက္ခဏာ အမြွက်မျှပင် ဖော်ပြမထားချေ။ သို့ရာတွင် ယခုခေတ် ခရီးသည်များ တိုင်းတစ်ပါးသို့ သွားလည် ကြသလို သူလည်း အတတ်နိုင်ဆုံး ကြိုးစားမှတ်သားခဲ့ပေသည်။

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဘုရင်မင်းမြတ်ထံ အခစား ဝင်ခဲ့ပြီးနောက် သူ့ကို နန်းမြို့အတွင်းသို့ လှည့်လည် ပြသကြပေသည်။ သူလည်း အထူးအဆန်း အချို့ကို တွေ့မြင်ခဲ့ရပေသည်။ ထိုအကြောင်းများကို ဖော်ပြရလျှင် ရွှေနန်းတော်အကြောင်း ရခိုင်ပြည်နယ်၏ အခြေအနေ ရခိုင်ပြည်နယ်၏ အရှေ့ဘက်ရှိ တိုင်းပြည်များအကြောင်းနှင့် လွန်ခဲ့သောနှစ်ပေါင်း ငါးဆယ်ခန့်အတွင်းက ရာဇဝင် အဖြစ်ပျက်အချို့ကိုပါ အတော်အတန် ရိပ်စားမိပေလိမ့်မည်။

ဘာတွေကို သူတို့ လိုက်လံ ပြသကြသနည်း။ ပဲခူး (ဟံသာဝတီ) မှ လုယက် သိမ်းယူခဲ့သော ပစ္စည်းများဖြစ်သည်။ လွန်ခဲ့သော သုံးဆယ့်တစ်နှစ် (ခရစ် ၁၅၉၉ - ခုနှစ်က ရခိုင်တို့သည် ပဲခူး (ဟံသာဝတီ) ကို တိုက်ခိုက်၍ အကြီးအကျယ် အောင်မြင်ခဲ့ကြသည်။ ထိုအချိန်က ရခိုင်ပြည်နယ်တွင် သီရိသုဓမ္မမင်း၏ ဘိုးတော် ရခိုင်မင်းရာဇာကြီး (၁၅၉၃-၁၆၁၂) ထီးနန်း စိုးစံတော်မူလေသည်။ မြန်မာမင်းသည် ထိုအခါက (ဟံသာဝတီ) ပဲခူးမြို့၌ နန်းစိုက်တော်မူ၏။ ခရစ် (၁၅၈၁) ခုနှစ် နတ်ရွာစံသော ဟံသာဝတီပြည့်ရှင် ဘုရင့်နောင် မင်းတရားကြီး လက်ထက်က ဆိုလျှင် မြန်မာမင်း၏ ဘုန်းလက်ရုံးတော်ကို မည်သည့် တိုင်းပြည်ကမျှ မခံနိုင်ခဲ့ကြချေ။ မြန်မာစစ်တပ်ကြီးသည် ရောက်လေရာအရပ်၌ အောင်ပွဲခံလေ့ရှိသည့်အတိုင်း (၁၅၆၄) ခုနှစ်တွင် ယိုးဒယားလူမျိုးတို့၏ အယုဒ္ဓယ ရွှေမြို့တော်ကို တိုက်ခိုက်ဖျက်ဆီးကာ ဆင်ဖြူတော် လေးစီးနှင့်တကွ များစွာသော ရဟန်းပညာရှိ လူပညာရှိတို့အပြင် ရွှေငွေရတနာ မြောက်မြားစွာနှင့် အတတ်ပညာသည်ပေါင်း အထောင် အသောင်းမျှ သိမ်းယူလာခဲ့ကြလေသည်။

ကပ္ပတိန် ဂျွန်စတီဗင် (၁၇) ရာစုက ဘာသာပြန်ဆိုသော ဖရီရေဆူဆာ၏ မှတ်တမ်းတွင် ဖရီရေဆူဆာ Farisy Sousa သည် ဘုရင့်နောင်မင်းတရား ယိုးဒယားကို နိုင်ခဲ့သဖြင့် ဟံသာဝတီ

ရွှေပြည်တော်သို့ တခမ်းတနား ပြန်လည် ဝင်ရောက် လာခဲ့ပုံ မိမိ ကိုယ်တွေ့မျက်မြင် ရှုခင်းကို အောက်ပါအတိုင်း မှတ်တမ်း ရေးသားထားခဲ့လေသည်။

ဘုရင့်နောင် Braginnoco မင်းတရားကြီးသည် ရွှေမြို့တော် အတွင်းသို့ အောင်ပွဲကြီးစွာ ခင်းကျင်း၍ ဝင်တော် မူခဲ့လေသည်။ ရှေ့က စီတန်းဝင်လာသော ယာဉ်ရထား များစွာတို့တွင် ရုပ်လုံးရုပ်တုများနှင့် အခြား သိမ်းယူခဲ့သော ပစ္စည်း အမျိုးပေါင်း များစွာနှင့် ပြည့်လျက် ရှိပေသည်။ ဘုရင်မင်းမြတ်ကား နောက်ဆုံးမှ ရထားနှင့် လိုက်ပါခဲ့လေသည်။ အောင်မြင် သိမ်းပိုက်ခဲ့သော မိဖုရားများနှင့် ရွှေငွေကျောက်သံ ပတ္တမြားစသော အဖိုးတန်ရတနာတို့မှာ ဘုရင်မင်းမြတ်၏ ခြေရင်း၌ စုပုံလျက် ပါရှိကြပြီးလျှင် ထိုရထားကို သုံ့ပန်းအဖြစ် ဖမ်းယူခဲ့သော ယိုးဒယား မင်းညီမင်းသားများက ဆွဲကြရလေသည်။ ဘုရင်မင်းမြတ်၏ ရှေ့တော်တွင် ဆင်ပေါင်းနှစ်ထောင် ကကြိုးတန်ဆာ အစုံအလင် ဆင်ယင်စီတန်း သွားစေ၍ ဘုရင့်ရထား နောက်၌ အောင်ပွဲရစစ်သည်တော်များ ချီတက် လိုက်ပါကြရပေသည်။

ဘုရင်မင်းမြတ်သည် ရှိရင်းစွဲ နန်းတော်နှင့် အရွယ်တူသော နန်းတော်အသစ်တစ်ခုကို ဆောက်လုပ်တော် မူပြီးလျှင် အလွန် နနယ်သေးငယ်သော ပန်းရွက်ပန်းညွန့်မျှ ကွက်လပ် မကျန်စေရအောင် တစ်နန်းတော်လုံး With platcs of Solid gold ရွှေပြားတို့နှင့် အပြည့်ချ၍ လှပအောင် မွမ်းမံတော်မူပေသည်။ အချို့သော နန်းတော်ဆောင်များ၌ ဘုရင်နှင့် မိဖုရားတို့၏ အရွယ်နှင့်တူညီသော ပုံတူရွှေရုပ်များ ထုလုပ်၍ ကျောက်မျက်ရတနာများ စီခြယ်ထားကြလေသည်။ လူ အပေါင်းလည်း ဘုရင်မင်းမြတ်ကို ရွှေထမ်းစင်ထက်၌ တင်၍ တစ်ယောက်တစ်လှည့်စီ ဝင်ရောက် ထမ်းချီကြပြီး အမျိုးမျိုး ချီးမွမ်းက ဂုဏ်ပြုကြလေသည်။ သို့ဖြစ်၍ သူတို့သည် သာမန် မင်းသားမျှကို မဟုတ်ဘဲ နတ်သားတစ်ပါးကို ပူဇော်ပသ နေသည်နှင့် ပို၍ တူနေပေတော့သည်။

ဖရီရေဆူဆာသည် သူ့မှတ်တမ်း စာအုပ်ကို (၁၆၆၆) ခုနှစ်တွင် လစ္စဘွန်မြို့၌ ထုတ်ဝေ ဖြန့်ချီခဲ့လေသည်။ ထို့နောက် စတီဗင်၏ ဘာသာပြန်ချက်ကိုမူ (၁၆၉၅) ခုနှစ်တွင် လန်ဒန်မြို့၌ ဘရွမ်းက Brome က ထုတ်ဝေ ဖြန့်ချီခဲ့၏။ သို့သော် လန်ဒန်သူ လန်ဒန်သားတို့သည် ဟံသာဝတီ ပဲခူးအကြောင်းကို ရခိုင်ပြည်နယ်သို့ မန်ရစ်မရောက်မီ (၅) နှစ်အချိန် (၁၆၂၅) ခုနှစ်လောက်ကပင် ကြိုတင်၍ သိနှင့်ထားကြလေပြီ။

ထိုအကြောင်းကို ဆင်မြူရယ်ပ့ါချ် Samuel Purchas ဆိုသူတည်းဖြတ်သော Hakeuytus Posthumus သို့မဟုတ် Purchas His Pilgrimes အမည်ရှိ ရေကြောင်းသွားလာခြင်း သတင်းစုံ စာအုပ်ထဲ၌ ပါရှိလေသည်။

ထိုစာတွင် ပဲခူး (ဟံသာဝတီ) သို့ (၁၅၈၆) ခုနှစ်က ရောက်ခဲ့ဖူးသော လန်ဒန်မြို့သား ရာ့ဖစ်ချ် Rulph Fitch ဆိုသူ၏ မှတ်တမ်း၌လည်း ပါရှိပေသည်။ ထိုအခါက ဘုရင့်နောင်မင်းတရား နတ်ရွာစံသည်မှာ ငါးနှစ်မျှကြာခဲ့ပြီး နန္ဒဘုရင် ထီးနန်း စိုးစံတော်မူခိုက် ဖြစ်သည်။ ဖစ်ချ်သည် ဟံသာဝတီ ပဲခူးရွှေမြို့တော် အသစ်အကြောင်းကို ဖော်ပြပြီးလျှင် သူ့ကို ပြသဖြင့် မြင်ခဲ့ရသော ယိုးဒယားက ရရှိခဲ့သည့် ဆင်ဖြူတော်တစ်စီး အပါအဝင် များစွာသော ပစ္စည်းတို့အကြောင်း ရေးသားခဲ့သည်။ ထိုအချိန်၌ အခြားဆင်ဖြူတော်သုံးစီးမှာ သေဆုံးနှင့်ကြပြီဟု ထင်ရပေသည်။ ထိုအခါက ဆင်ဖြူတော်ကို ကြည့်လိုသော် ဒူးကတ်ဝတ် Half Ducat (ပြား ၆၀ ခန့်တန်သော ရွှေဒင်္ဂါး) တစ်ပြားပေးရသည်။ အကယ်၍ ကံကောင်း ထောက်မလျှင် ဆင်ဖြူတော်ကို ရွှေခွက် ငွေခွက်များနှင့် အစာ ကျွေးသည်ကို မြင်ရပေလိမ့်မည်။ သူတို့ မြစ်သို့ ရေချသော အခါ (ရေချိုးရန် ပို့ဆောင်သောအခါ ) ရွှေကမ္ဗလာနှင့် ဖုံးလွှမ်း၍ အထိန်းတော် ရှစ်ယောက် ခြံရံလျက် ရှေ့က အမျိုးမျိုးသော

myanmar ONLINE teashop
www.mmteashop.com

တီးမှုတ်မျိုးတို့နှင့် သာယာငြိမ်ညောင်းစွာ သီဆိုတီးမှုတ်၍ ဖျော်ဖြေ ပို့ဆောင်ကြရသည်။ ရေချိုးပြီး၍ မြစ်ထဲမှ တက်လာသောအခါ ဆင်ထိန်းတစ်ဦးက သူ၏ ခြေထောက်များကို ငွေအင်တုံထဲမှ အမွှေးနံ့သာတို့ဖြင့် ဆေးကြော သုတ်သင် ပေးရပေသည်။

ယိုးဒယားမှသိမ်းယူခဲ့သော အခြား ပစ္စည်းများအနက် ယိုးဒယားလုပ် ရွှေရုပ်တု ငွေရုပ်တုများနှင့် ကြေးရုပ်တုများ အကြောင်းကိုလည်းကောင်း မြန်မာ့လက်ရာဖြစ်သော တပင်ရွှေထီးမင်း၏ ပုံတူရွှေသားရုပ်တု အကြောင်းကိုလည်းကောင်း ဖစ်ချ်က အထူး ဖော်ပြထားလေသည်။ တပင်ရွှေထီးပုံတော် ရွှေရုပ်တုတွင် ဦးခေါင်း၌ ဆောင်းထားသော ရတနာမကိုဋ်သရဖူတော်တွင် ကြီးမားသော ပတ္တမြား လုံးချောကြီးများနှင့် နီလာ လုံးချောကြီးများကို မြှုပ်နှံ စီချယ်ထားလေသည်။ ယင်း အဓိပ္ပါယ်မှာ ထိုရုပ်တုတော်၏ အတွင်းပိုင်း၌ အဖိုးတန် ကျောက်မျက်ရတနာများကို ဌာပနာထားသည့်သဘော ပေါ်လွင် နေတော့သည်။

ထို့နောက် တစ်ဆယ့်သုံးနှစ်ကြာ (၁၅၉၉) ခုနှစ်တွင် ရခိုင်ဘုရင် ရာဇာကြီးသည် ပဲခူးမြို့ကို ချဉ်းနင်းဝင်ရောက် တိုက်ခိုက်၍ ယိုဒယားမှ ရခဲ့သော ပစ္စည်းဥစ္စာတို့ကို မြောက်ဦးမြို့သို့ သိမ်းယူ သွားခဲ့ပြန်လေသည်။ ၎င်းတို့အနက် ဆင်ဖြူတော် ရတနာနှင့် အခြား တန်းဖိုးမဖြတ်နိုင်သော ပတ္တမြား နားတောင်းတစ်ရံမှာ အမှတ်တရ ဖြစ်ပေသည်။ ထို့ပြင် တပင်ရွှေထီး ပုံတော်ဖြစ်သော ရတနာရုပ်တုကိုလည်း ယိုးဒယားက ရရှိခဲ့သော အခြားရုပ်လုံး ရုပ်တုများနှင့်အတူ သိမ်းကျုံး ယူဆောင် သွားလေသည်။ ဖမ်းဆီး ခေါ်ဆောင်သွားခြင်း ခံရသော သုံ့ပန်းများတွင် နန္ဒဘုရင်၏ သမီးတော်တစ်ပါးလည်း ပါဝင်ပေသည်။

အချိန်မှာ သုံးဆယ့်တစ်နှစ် ကုန်ဆုံးသွားပြီးနောက် အခြားဥရောပ တိုက်သားတစ်ဦး ထိုပစ္စည်းများကို မြင်တွေ့ခဲ့ရ ဖူးပြန်လေသည်။ သူတို့သည် မန်ရစ်အား အဆောင်တစ်ခုထဲသို့ ခေါ်သွားကြသည်။ ထိုအဆောင်မှ အခန်းများကို နံ့သာဖြူ - နီ သနပ်ခါး စန္ဒကူးစသည်ကဲ့သို့ မွှေးကြိုင်သော သစ်သား ပျဉ်ပြားတို့ဖြစ် ကာရံ ခင်းကျင်းထားသော အခန်းများ ဖြစ်ကြလေသည်။ အမွှေးနံ့သာ သစ်သားတစ်မျိုးမှာ ပူအိုက် စွတ်စိုသော ရာသီဥတုတွင် တစ်ခန်းလုံး မွှေးကြိုင်နေတတ်၍ အင်္ဂလန်ပြည်ကဲ့သို့ သွေ့ခြောက်ပြီး အေးသောဒေသ၌ အမွှေးနံ့ ပြယ်လွယ်တတ်ပေသည်။ စာရေးသူသည် ထိုနံ့သာသားမျိုးဖြင့် ပြုလုပ်သော တုတ်ကောက် တစ်ချောင်း ရရှိခဲ့ဖူးရာ အင်္ဂလန်သို့ ပြန်ရောက်၍ ကာလမကြာမြင့်မီမှာပင် ထိုတုတ်မှ ရနံ့များ ပြယ်ကုန်ကြတော့သည်ကို တွေ့ရဖူးလေသည်။

ယင်းသို့ အမွှေးရနံ့များ ကြိုင်လှိုင်နေသော နံ့သာဆောင်ခေါ်သော အခန်းများကို ဖြတ်သန်းခဲ့ပြီးနောက် မန်ရစ်သည် House of Gold ရွှေရေးဆောင်ဟုခေါ်သော အခန်းကျယ် တစ်ခုထဲသို့ ရောက်သွားခဲ့လေသည်။ ထိုအခန်း၏ ပတ်လည် နံရံတို့မှာ ရွှေကိုအပြားခတ်၍ ကာရံထားခြင်းဖြစ်သည်။ မျက်နှာကျက် တစ်ပြင်လုံးတွင်လည်း ရွှေစက္ကူ အတွန့်များ ရွှေသားပုံသွန်း၍ ဖရဲသီးပုံ ဘူးသီးပုံ ဖရုံသီးပုံ စသည်ဖြင့် အသီးအရွက် အနွယ် အပင်အမျိုးမျိုးပြုလုပ်ကာ မဂိုဘုရင်မင်းတို့၏ ညီလာခံ၌ စပျစ်နွယ်များကို အလှ ပြင်ထားသကဲ့သို့ ရွှေဘူးပင် ရွှေဖရုံပင် စသည်တို့နှင့် အလှပြင်ထား လေသည်။

ထိုခန်းမဆောင်ထဲတွင် လူ၏ အရွယ်ပမာဏရှိသော ရွှေသားစစ်စစ်ကို လက်နှစ်လုံးခန့် ထုထု သွန်းလုပ် ထားသည့် ရွှေရုပ်တု နှစ်ခုရှိလေသည်။ ၎င်း အရုပ်များ၏ အဝတ်တန်ဆာတို့တွင် ကြီးမေ့ ချောမေ့ပုဂ္ဂသော အဖိုးတန် ကျောက်မျက် ရတနာများ သွင်းနံ စီခြယ်ထားကြသည်။ ထိုရွှေရေးဆောင်ရှေ့ရှိ ကွက်လပ်ထဲ၌ တပင်ရွှေထီးဘုရင်၏ ရုပ်တုတော် ရှိပေသည်။ ထိုရုပ်တု၌ အပေါက်တစ်ခု ရှိနေပေသည်။

myanmar teashop www.mmteashop.com

အဓိပ္ပါယ်မှာ ထိုရုပ်တုထဲ၌ မြုပ်နှံဌာပနာထားသော အဖိုးတန်း ရတနာများကို ထိုသို့ အပေါက်ဖောက်ပြီး ထုတ်ယူခဲ့ကြသော လက္ခဏာပင် ဖြစ်တော့သည်။ ထိုခန်းမဆောင်၏ တစ်ဖက်က အခန်းထဲရှိ ရွှေစားပွဲပေါ်တွင် ခြူးပန်း ခြူးနွယ်များနှင့် ကျောက်မျက်ရတနာ စီခြယ်ထားသော ရွှေကြုတ် တစ်လုံး ရှိလေသည်။ ထိုကြုတ်ထဲ၌ ရတနာ နားတောင်းများ ရှိလေသည်။ ကျွန်ုပ်သည် အရှေ့ဘက် တိုင်းပြည်တို့မှ အဖိုးထိုက် အဖိုးတန် ရတနာ အမျိုးမျိုးကို တွေ့မြင် ခဲ့ရဖူးလှပါပြီ။ သို့ပေမယ့် ကျွန်ုပ်အား ထိုရတနာကြုတ်ကို ဖွင့်လှစ် ပြသောအခါ အရောင်မျိုးစုံ ထွက်၍ တလက်လက် ဖြစ်နေသော ကျောက်မျက်ရတနာ နားတောင်းတို့မှာ မျက်စိ ကျိန်းလောက်အောင် တောက်ပနေသဖြင့် ကျွန်ုပ်မှာ စက်ကွင်းမိသူကဲ့သို့ ကြက်သေသေပြီး ခေတ္တငိုင်နေမိပါသည်။ ၎င်းတို့ အနက် နားတောင်းတစ်ရံမှာ အလွန်ကောင်းသော ပတ္တမြားကျောက်ကို ထုချွန်ပုံ လုပ်ထားသဖြင့် လက်သန်းလောက် ရှည်လျားပြီး အရင်းဘက်က ကြက်တည်ဥလောက် အလုံးရှိပေသည်။ ထိုကဲ့သို့ အဖိုးတန်သော ကျောက်မျက်ရတနာများအပြင် မင်းမြောက်တန်ဆာတို့မှ အပဖြစ်သော ရွှေရေတကောင်းနှင့် ရွှေမြူတာများစွာ တို့တွင်လည်း ပဲခူး (ဟံသာဝတီ) မှ သိမ်းယူရရှိခဲ့သော ကျောက်သံပတ္တမြား အပြည့်ရှိသေးသည်ဟု သူ့ကို ပြောပြကြသဖြင့် သိရှိ ခဲ့ရပေသည်။

ထို့နောက် ၎င်းအား ဆင်ဖြူတော် ရှိရာသို့ ခေါ်သွားကြပြန်သည်။ ထိုဆင်ဖြူတော်ကို ခိုင်းစေ၍ အမျိုးမျိုး လုပ်ပြ သည်ကိုလည်း မြင်ခဲ့ရပေသည်။ ထိုဆင်ဖြူတော်၏ ပင်ရင်းဌာနနှင့် ရာဇဝင် အတ္တုပ္ပတ္တိမှာ မန်ရစ်ကိုများစွာ စိတ်ဝင်စားစေခဲ့သည့်အတိုင်း ထိုဆင်ဖြူတော်အကြောင်းကို အခန်းသုံးခန်းမျှပင် ရေးသား ထားခဲ့လေသည်။ ဟံသာဝတီပဲခူးသို့ ရခိုင်များ ချီတက် လုပ်ကြံခြင်းအကြောင်း ရခိုင်ဘုရင်ရာဇာကြီး ဆင်ဖြူတော်ကို ရရှိခဲ့ခြင်းမှာ ရခိုင်မင်းအဖို့ ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးကို အောင်မြင်ခဲ့ရသူတမျှ မိမိကိုယ်ကို အထင်ရောက်နေပုံများကို ဒဏ္ဍာရီပုံပြင်သဖွယ် အကျယ်တဝင့် ရေးသား ဖော်ပြထားပေသည်။ ထိုဆင်ဖြူတော်ကို မည်ကဲ့သို့ အလေးမြတ်ပြုပုံ မည်ကဲ့သို့ ယုယုယယကျွေးမွေး ပြုစု ကြပုံများမှာ ကျွန်ုပ်ကိုယ်တိုင် ရခိုင်ပြည်နယ်၌ မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရခြင်းများ ဖြစ်ပါသည်။ ကျွန်ုပ်ကိုယ်တိုင် မြင်ရတဲ့အတွက် တကယ်ပြောနိုင်ပါ၏။ နွေရာသီ၌ ဆင်ဖြူတော်ကို ရေချိုးရန် ခေါ်ဆောင်သွားသောအခါ ကိုယ်ပေါ်တွင် ဆွတ်ဆွတ်ဖြူသော ရွှေချည်ပိုး ပိုးကမ္ဗလာကြီးကို လွှမ်းလျက် မင်းခမ်းမင်းနားနှင့် တီးမှုတ်မျိုးစုံ သီဆိုတီးမှုတ်၍ ပင့်ဆောင်ကြရသည်။ ဆင်ဖြူတော်၏ နောက်တွင် ရွှေဖြင့်ပြီးသော ရေနွေးကရားများ ရွှေရေတကောင်း ရွှေမြူတာနှင့် ရွှေရေပန်းကရားတို့ကို ကိုင်ဆောင်သော အစေခံ ဆင်အမှုထမ်းများ ခြံရံလိုက်ပါကြရသည်။

ပွဲကြီးလမ်းကြီး ကျင်းပသော နေ့ရက်များတွင် ဆင်ဖြူတော်ကို ပုလဲစီ၍ ရွှေနားကွပ်ထားသော ကြက်သွေးရောင် ကတ္တီပါ ကမ္ဗလာနီကြီးကို လွှမ်းခြုံ ပေးကြရသည်။ ရင်ဘတ်တွင်လည်း စိန်နှင့်ပတ္တမြား စီခြယ်ထားသော ရတနာ လည်ဆွဲကို အဆိုပါ ကမ္ဗလာနီနှင့် ချိတ်တွယ်ထားပြီး ကျောက်မျက်ရတနာများ စီခြယ်ထားသော လေးလံသည့် ရတနာ ရွှေခါးပန်းကြိုး တစ်ခုကိုလည်း ခါးတွင် စည်းပေးကြရလေသည်။

ဟံသာဝတီ ပဲခူးရွှေမြို့တော်၌ (၁၅၈၆) ခုနှစ်တွင် ရာ့ပ်ဖစ်ချ်တွေ့ခဲ့ရသော ဆင်ဖြူတော်ပင်ဖြစ်သည်။ မှန်စေဦး ထိုဆင်သည် ယိုးဒယား ဆင်ဖြူလေးစီး အနက်မှ တစ်ဦးဖြစ်သည်မှာ သေချာပါ၏လော။ ကျွန်ုပ် အထင်တော့ ထိုဆင်ဖြူတော်ပင် ဖြစ်ရပေမည်။ (၁၅၆၃) ခုနှစ်က ၎င်း၏ အသက်ကို (၁၅) နှစ်ဟုထား၍ တွက်မည်ဆိုသော် (၁၆၃၀) ခုနှစ်တွင် အသက် (၈၂) နှစ်ခန့် ရှိပေလိမ့်မည်။ ဆင်တို့ သက်တမ်းအရ ဆိုလျှင် ထိုအရွယ်မှာ သေခါနီး ယဲ့ယဲ့မျှသာ ရှိတော့သော အရွယ်တည်း။ သို့ရာတွင် ဘယ်နည်းနှင့်မဆို ထူးထူးခြားခြား

myanmar teashop www.mmteashop.com

အသက်ရှည်နေခြင်းသာ ဖြစ်ရပေမည်။ မင်းသုံးဆက်တိုင် ဆက်လက်၍ ဤမျှလောက် အသက်ရှည်နေသော တိရစ္ဆာန်မှာ ထူးသောတိရစ္ဆာန်သာ ဖြစ်ပေ၏။

ဒီလောက်အသုံးစရိတ် ကြီးလေးလှသော ဆင်ဖြူတော်များကိုမှ အဘယ်ကြောင့် ဒါလောက် မွေးလိုပိုင်လို ကြပါ သနည်း။ မိမိပိုင် ပစ္စည်းများအနက် ဆင်ဖြူတော်ကိုမှ အဘယ်ကြောင့် အဖိုးထိုက်ဆုံးဟု ယူဆနေကြပါသနည်း။ ရှင်ဘုရင်တွေဟာ ဒီဆင်ဖြူတော်ကို အကြောင်းပြုပြီး အဘယ်ကြောင့် စစ်ခင်း နေကြပါသနည်း။ မန်ရစ်သည် အတော်ကြာကြာ တွေးတော ကြံဆခဲ့ပါသော်လည်း အဖြေမှန်ကို မရခဲ့ချေ။ ၎င်းသည် အထိမ်းအမှတ် အင်္ဂါရပ်တစ်ရပ် ဖြစ်ပေသည်။ ရှင်ဘုရင်တို့၏ မင်းခမ်းမင်းနားတွင် ရှိအပ်သော အဆောင်အယောင် အထိမ်းအမှတ်ပေတည်း။ အိန္ဒိယပြည်၏ အရှေ့ဘက်ကျသော တိုင်းပြည်တို့တွင် မင်းခမ်းမင်းနား အစီအရင်နှင့်ဆိုင်သော အကြံဉာဏ်များကို ဟိန္ဒူဘာသာမှ ကူးယူခဲ့ကြသည်။

ထိုတိုင်းပြည်များက ရှင်ဘုရင်တို့သည် ဟိန္ဒူဘာသာဝင်တို့ လိုလားသည့် အခွင့်ရေးများကို အသုံးပြုလိုကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုအခွင့်အရေးများကို ဗုဒ္ဓဘာသာက လုံးဝခွင့်မပြုသော ကြောင့်တည်း။ သမာရိုးကျ ဗုဒ္ဓဘာသာ (မူရင်းသာသနာ) ၏ တရားတော်၌ အုပ်စိုးသောမင်းကို နေရာမထား ခဲ့ပေ။ အုပ်စိုးသောမင်းကို ရန်သူမျိုးငါးပါးထဲ၌ ထည့်သွင်းရေတွက်ကြသည်။ ထိုအကြောင်းကြောင့်ပင် ဗုဒ္ဓဘာသာ ဘုရင်းမင်းတို့၏ နန်းတော်များတွင် ဟိန္ဒူဓလေ့ထုံးစံအချို့ စွဲကပ်နေခဲ့ပေသည်။ ထိုလုပ်ငန်းအတွက် ပုဏ္ဏား၊ ဗြာဟ္မဏတစ်စုကို ထီးသိမ်းနန်းတက် ဘိသိက်ခံပွဲများ ဆောင်ရွက်စေရန်အတွက် လည်းကောင်း ရှင်ဘုရင်များ နတ်ရွာစံသောအခါ မည်သို့စီရင်ရမည်စသည်ကို စီမံဖို့ရန်အတွက် လည်းကောင်း ဥပမာပြရလျှင် လယ်ထွန်မင်္ဂလာ ကျင်းပမည်ဆိုလျှင် မည်သည့် အစီမံတို့ကို စီရင်ရမည် စသည်တို့အတွက် လည်းကောင်း ထိုဗြာဟ္မဏ ပုဏ္ဏားတို့ကို ရာထူးဌာနန္တရ ပေးထားကြရသည်။ ဆင်ဖြူတော်ကို ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်ကိုလည်း ထိုဗြာဟ္မဏ ပုဏ္ဏားတို့ပင် ဆောင်ရွက်ကြရပေသည်။ ၎င်းတို့သည် သက်ဦးဆံပိုင် အရှင်ဘုရင်များ ဘုန်းတန်းခိုး ကြီးမားလာအောင် အမြဲမပြတ် စောင့်ကြပ်၍ ပြုပြင် စီမံပေးနေကြရသည်မှာ ရေးအစဉ်လာတစ်ခု ဖြစ်လာခဲ့ပေတော့၏။

တရုတ်ပြည်ကို အစိုးရသော ဘုရင်ကြီးကို ကောင်းကင်ဘုံ၏ သား Song of Heaven ဟူ၍ လည်းကောင်း၊ ဇကရာဇ်ဘုရင် Lord of The Worldဟူ၍ လည်းကောင်း ချီးမြှောက်၍ ခေါ်ဝေါ်ကြသည်။ ၎င်းပြင် အိန္ဒိယနိုင်ငံက ရှင်ဘုရင်တို့ကိုလည်း အလားတူပင် စကြဝတေးမင်းဟု မပေါ်မီ (၃) ရာစုလောက်က ထင်ရှားခဲ့သော ဟသျှမင်းတရားတို့သည် အလွန်ကျယ်ဝန်းသော ဟိန္ဒူစတန်နယ်မြေကြီးကို စိုးမိုးအုပ်ချုပ် မင်းလုပ်ခဲ့ကြသည်။ သို့ရာတွင် ထိုကဲ့သို့ ဘုန်းတန်ခိုးကြီးသော ဘုရင်များ မပေါ်မီက ဒဏ္ဍာရီပုံပြင်ကဲ့သို့ အလွန်ကြီးမြတ်၍ ရေမြေ ကောင်းကင်တို့နှင့် တကွ သက်ဦးဆံပိုင်သော ဘုရင်များ ရှိခဲ့ကြဖူးလေသည်။ ဥပမာအားဖြင့် စကြဝတေးမင်း၊ မန္ဓာတ်မင်းများကဲ့သို့တည်း။

မှန်နန်းရာဇဝင်ခေါ် မြန်မာ့ရေးဟောင်း ရာဇဝင်တော်တွင် "စကြဝတေး၊ မန္ဓာတ်မင်းသည်လည်း ကျွန်းကြီးလေးကျွန်းနှင့် အရံ ကျွန်းငယ် နှစ်ထောင်အပါအဝင် စကြဝဠာ တစ်တိုက်လုံးကို ပိုင်စိုးတော်မူ ရသည့်ပြင် စာတုမဟာရာဇ် နတ်ပြည်၌ အသက်အသချေ နတ်စည်းစိမ် ခံစားရသည်"ဟု ဖော်ပြထားပေသည်။

ဗုဒ္ဓဘာသာဝင် စာရေးဆရာတို့သည် စကြဝတေးမင်း ရှိခဲ့သည်ကို မငြင်းဆိုကြချေ။ သို့သော် သူတို့သည် ခိုင်နိုင်းစရာရှိအောင် ဘုန်းတန်းခိုးကြီးသည် ဆိုစေကာမူ ကုသိုလ်ကံ၊ အကုသိုလ်ကံ အလျောက်

myanmar teashop www.mmteashop.com

ဘုန်းကံနိမ့်ပါခြင်း ဖြစ်တတ်ကြောင်း ရေးသားဖော်ပြတတ်ကြသည်။ သူတို့၏ အတိတ်ဘဝကပြုခဲ့သော ကောင်းမှုကိုသိလ်နှင့် ကျူးလွန်ခဲ့သော အကုသိုလ်ကံတို့၏ ပြုပြင်ခြင်း အတိုင်းတာဖြစ်ကြရသည်။ သေခြင်း တစ်ခုမှ သေခြင်းတစ်ခုသို့ပြောင်းပြီး ဘဝအစဉ်အဆက် ကူးဆက်လာခဲ့ကြရာ နောက်ဆုံး၌ သဗ္ဗညုတ ဉာဏ်တော်ကိုရ၍ ဘုရားစင်စစ် ကေန်ဖြစ်ရသည်ဟု အဆိုရှိကြသည်။ (ဤနေရာတွင် စာရေးဆရာသည် ဟီနယာန ထေရဝါဒ အယူမဟုတ်၊ မဟာယန မြောက်ပိုင်း ဗုဒ္ဓဘာသာအယူဖြစ်သော ဘုရားလောင်းကျင့်စဉ်နှင့် ရောထွေးနေဟန် တူသည်။ ဘာသာပြန်သူ)

အိန္ဒိယနိုင်ငံကြီးသည် ဟိန္ဒူဘုရင်များလက်မှ မဟာမေဒင်မင်းတို့လက်ထဲ ကျဆုံးခဲ့လေပြီ။ သို့သော် အိန္ဒိယပြည်၌ အစွန်အဖျားတွင် ပဒေသရာဇ်နှင့် ဧကရာဇ်မင်းများ ရှိနေကြပေသေးသည်။ ဗုဒ္ဓဘာသာ ဘုရင်မင်းတို့ကို ဗြာဟ္မဏပုဏ္ဏားနှင့် နက္ခတ်ဗေဒင်ပညာရှင်များက စောင့်ကြပ်လျက်ရှိကြသည်။ ယခုအခါ မဂိုမင်းများ ဝင်ရောက်လာကြပြီး ကြီးမားကျယ်ဝန်းလှသော အိန္ဒိယပြည်ကြီး၏ လည်မျိုကို ညှစ်၍နေလေပြီ။ ၎င်းတို့ မဂိုမင်းတို့အနက် တစ်ပါးပါးမှာ ကမ္ဘာကိုပင် စိုးမိုးရပေတော့အံ့။ ဗုဒ္ဓရှင်တော်ဘုရား ပွင့်တော်မူသည့် အခါကစ၍ ခံယူလာခဲ့သော ယုံကြည်ချက်မှာ စကြဝတေးမင်းသာလျှင် ငြိမ်းချမ်းပျော်ရွှင်မှုကို ဖြစ်စေနိုင်သည့် ဘုရားရှင်၏ တရားဒေသနာကို ကမ္ဘာအနှံ့ပို့ဆောင်၍ သာသနာပြုမည့် ပုဂ္ဂိုလ်ဖြစ်သည် ဟူသော ယုံကြည်ချက်ပင်တည်း။

ယင်းယုံကြည်ချက်အရဆိုလျှင် စကြဝတေးမင်းသည် ဗုဒ္ဓဘာသာအသွင်အပြင်နှင့် အမြင့်ဆုံး အတန်းက ရှိနေပေသည်။ ၎င်းသည် ဘုရားသခင်၏ ဗျာဒိတ်တော်အရ အဆုံးဘဝ၌ မြတ်စွာဘုရားဖြစ်သို့ ရောက်ရပေလိမ့်မည်။ သို့ဖြစ်လျှင် စကြဝတေးမင်း ဖြစ်လောက်သော ဖြစ်ချင်၍ တောင့်တနေခြင်းမှာအနှစ်မရှိ အကာအတိသာ ဖြစ်နေပေလိမ့်မည်။ တစ်ကမ္ဘာလုံးကို အုပ်စိုးရုံမျှကလွဲ၍ အခြားအကျိုးတရား မရှိပေ။ ယင်းအကြံအစည် ယင်းမျှော်မှန်းချက်မှာ အိပ်မက်ပမာ စိတ်ကူးယဉ်ခြင်းမျှသာဖြစ်၍ အတိုင်းမသိ ရယ်စရာကောင်းလှသည်။ မန္တလာတ်မင်းကြီး ကေန် ထင်ရှားပေါ်ပေါက်ခဲ့ဖူးသည့် နောက်ပိုင်း၌ မည်သည့် သက်ဦးဆံပိုင်ဘုရင်မျှ ထိုအကြောင်းကို သဘောမပေါက်ခဲ့ကြသော်လည်း တစ်နေ့တွင် အမှန်အတိုင်း ထပ်မံဖြစ်ပေါ် လာရဦးမည် မချွတ်ပင်။

ယင်းသို့သော အမွန်မြတ်ဆုံးဘဝကို မျှော်မှန်းတောင်းတသည်ဟု မည်သည့်ဘုရင်မျှ ပြောနိုင်မည် မဟုတ်ပေ။ မည်သည့် ပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏ အဆုံးစွန်ဘဝကို ဘယ်သို့ပြောပြနိုင်ပါအံ့နည်း။ ကျွန်ုပ်တို့သည် ဟိန္ဒူနှင့်ဘာသာ အယူဝါဒ နှစ်မျိုးအကြား၌ ကျရောက်နေပေသည်။ အဖြေကား မန္တာတ်မင်းဖြစ်မည့်သူထံသို့ ရတနာခုနှစ်ပါး ဆိုက်ရောက်ရမြဲဖြစ်၏ ထိုရတနာတို့ကား မည်သည်တို့နည်း။ သေချာအောင်ပြောရလျှင် ထိုရတနာခုနစ်ပါးလုံးပင် အလွန်ရှားပါးသော ပစ္စည်းဥစ္စာများ ဖြစ်ကြသည်။ ၎င်းတို့အနက် တစ်ခုမှာ စကြရတနာတည်း။ ထိုစကြရတနာမှာ တရားတည်းဟူသော စကြရတနာဖြစ်သည်။ မြတ်စွာဘုရားတို့တွင် ခြေဖဝါး၌ စကြတံဆိပ် (စက်လက္ခဏာ) ပါရှိမြဲဖြစ်သည်။ သို့ရာတွင် စကြရတနာ၏ တကယ့်အကြောင်းကိုမူ ကျွန်ုပ်တို့မသိနိုင်ကုန်။ သို့သော် ကျွန်ုပ်တို့သည် အသက်ကြီးသော နန်းတွင်းပုဏ္ဏားအိုကြီးကို မေးကြည့်မည် ဆိုလျှင် သူကထိုစကြရတနာကို မန္ဓာတ်မင်း နတ်ပြည်မှ ရရှိခဲ့သည်ဟူ၍လည်းကောင်း ဤဘဒ္ဒကမ္ဘာအစ ရှေးဦးမဆွပွင့်ခဲ့သော ကကုသန် မြတ်စွာဘုရားသခင်သည် ပိသနိုးနတ်မင်းအား မိမိအတွက် အမှုကိစ္စ ဆောင်ရွက်ပေးရန် ခိုင်းခဲ့သောကြောင့် ပယ်လယ်နဂါးကြီးက သုဝဏ္ဏဘုမ္မိ ကမ်းပေါ်သို့ မီးတောက်

myanmar ONLINE teashop www.mmteashop.com

မီးလျှံနှင့်တကွ ပွက်၍ ပစ်တင်လိုက်သည့် စကြဝရတနာသုံးဆူဖြစ်သည်ဟူ၍ လည်းကောင်း ပြောစမှတ်ပြုကြသည်။

နောက် ရတနာတစ်ပါးမှာ တန်ခိုးရှိသော ဘဏ္ဍာတိုက်စောင့် Devine Guardian of Treasury ဖြစ်သည်။ ဤနေရာတွင် ဘဏ္ဍာတိုက်စောင့် ဆိုသည်မှာ ဘာကို ခေါ်သည်ဟု ကျွန်ုပ် မပြောတတ်ပါ။ သို့ရာတွင် ကျွန်ုပ်တို့မှာ အတွေးသမားများ ဖြစ်၍ တစ်ခါက ကျွန်ုပ်ကိုယ်တိုင် မဟာမုနိဘုရား ကုန်းထိပ်၌ မြင်တွေ့ခဲ့ရဖူးသော ဥစ္စာစောင့် ဆိုတာမျိုး ဖြစ်ကောင်းဖြစ်ရမည်ဟုထင်ရ တော့၏။ နောက် ရတနာ များမှာ မြင်းရတနာ၊ အမျိုးသွီး ရတနာနှင့် ဘုန်းတန်ခိုးကြီး ထူးခြားစေသော ရတနာများဖြစ်ကြသည်။ ထိုရတနာတို့တွင် သီရိသုဓမ္မမင်းသည် နောက်ဆုံး ရတနာတစ်ပါးကို စိတ်ချယုံကြည်စွာ ကိုယ်ပိုင်သိမ်းပိုက် ရရှိထားပေသည်။ ၎င်းမှာ ဆိုခဲ့ပြီးသော ပတ္တမြားနားတောင်းတစ်ရံ ဖြစ်၍ မျက်စိကွယ်နေသူကို မြင်စေရန်သော် လည်းကောင်း၊ လူတစ်ယောက်ကို ကောင်းကင်ဘုံသို့ ရောက်စေရန် သော်လည်းကောင်း မစွမ်းဆောင်စေကာမူ မည်သည့် ကျောက်မျက်ရတနာမျှ ထိုပတ္တမြားနားတောင်း၏ တန်ခိုးအာနိသင်ကို မမီနိုင်ချေ။ ဆဋ္ဌမမြောက် ရတနာကား ပြိုင်သူရှား၍ ပွဲတိုင်းအောင်သော စစ်သူကြီးရတနာဖြစ်သည်။ သို့ရာတွင် ရတနာ ခုနစ်ပါးလုံးကို ပိုင်ဆိုင်ဖို့ရန်မှာ ခဲယဉ်းလှပေသည်။

နောက်ဆုံးရတနာကို ဖော်ပြရပေတော့မည်။ ကျွန်ုပ်တင်ပြလာခဲ့သော ဆင်ခြေဆင်လက်အားလုံးကို ဤတွင်ရှင်းလင်းပါအံ့။ ထိုရတနာကား ဆင်ဖြူတော် ရတနာတည်း။ စာဖတ်သူတို့လည်း ဤနည်းအားဖြင့် ကောင်းမွန်ပြည့်စုံစွာ မှတ်တမ်းတင်ကြရပေလိမ့်မည်။ ဘုရင်နောင်မင်းတရားသည် (၁၅၆၃) ခုနစ်တုန်းက ဘာကြောင့် ယိုးဒယားကို သွား၍ တိုက်ခိုက်ရသည်ကိုလည်းကောင်း ရခိုင်မင်းတရားကြီးသည် (၁၅၉၉) ခုနစ်က ဘာကြောင့် ပဲခူး (ဟံသာဝတီ) ကို တိုက်ခိုက်ခဲ့ရသည်ကို လည်းကောင်း စာဖတ်သူတို့ အသေးစိတ် တွေးဆ၍ သိမြင်ကြပေလိမ့်မည်။ ထိုဘုရင် နှစ်းပါးစလုံးမှာ သူ့ခေတ်နှင့်သူ အမှန်တကယ် ဘုန်းတန်းခိုးကြီးမားသူများ ဖြစ်ကြပါသည်။ နှစ်ဦးစလုံးပင် ဗုဒ္ဓဘာသာကို အထူး သက်ဝင်ယုံကြည်သူများ ဖြစ်ကြပါသည်။ နှစ်ဦးစလုံးပင် မိမိကိုယ်ကို စကြဝတေးမင်း ဖြစ်သူဟု ထင်၍ နောင်အခါ သာသနာရောင် ထွန်းလင်းပြောင်စေရန် မိမိသာ တာဝန်ရှိသည်။ နောင်တစ်ခေတ်တွင် ဘုရားစင်စစ် ဧကန်ဖြစ်ပြီး သတ္တဝါတွေကို သံသရာမှ ကယ်ချွတ်ရလိမ့်မည်ဟု စွဲလမ်းယုံကြည်ထားကြပေသည်။ သို့ရာတွင် ထိုသို့သော အဖြစ်သို့ရောက်စေရန် ပထမဆင့် အနေဖြင့် ဆင်ဖြူတော် တစ်စီးလောက်တော့ အနည်းဆုံး ကိုယ်ပိုင်ရှိထားသင့်သည် မဟုတ်ပါလော။ ဆင်ဖြူတော်ရဖို့ အရေးကြီးမနေပါလော။

ရာဇာကြီးသည်အောင်ပွဲရပြီး ရခိုင်ပြည်နယ်သို့ ပြန်လာသောအခါ ရေးမင်းများထုံးကို နလုံးသွင်း၍ မိမိကိုယ်ကို ဆင်ဖြူရှင်မင်းတရားဘွဲ့ ခံယူတော်မူလေသည်။ ထိုဆင်ဖြူတော် အသက်ရှင်သမျှ ကာလပတ်လုံး သီရိသုဓမ္မမင်းတိုင်အောင် ထီးနန်းဆက်ခံစိုးစံသော မင်းတို့သည် ဆင်ဖြူရှင်မင်းတရားဘွဲ့ကိုချည်း ခံယူခဲ့ကြပေသည်။ ယင်းသို့သော ဘွဲ့တံဆိပ်တော် ခတ်နိပ်သော ဒင်္ဂါးများကို နောင်အခါ၌ နန်းတော်ရာတွင် တူးဖော်ရရှိရသည်။ ဤစာအုပ်ရေးနေစဉ် ကျွန်ုပ်၏ ရှေ့မှောက်၌ ထိုဒင်္ဂါးမျိုး အနည်းငယ် ရှိနေပါသည်။ ယင်းဘွဲ့တံဆိပ် နာမည်တော်ကို ရခိုင်မင်းများ (၁၆၅၂) ခုနစ်ထိ ဆက်လက်ခံယူခဲ့ကြသောကြောင့် ထိုနှစ်၏ နောက်ပိုင်း ရောက်မှ ထိုဆင်ဖြူတော်ကြီး အနိစ္စ ရောက်ခဲ့သည်ဟု မှတ်ယူသင့်ပေသည်။

ဆင်ဖြူတော်ကြီး အကြောင်းကို ဒီမျှမက ပိုမိုများပြားစွာ ရေးသားထား ခဲ့ကြပေသည်။

နောက်ဆုံးဖော်ပြရန်မှာ ထိုဆင်ဖြူတော်သည် တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူမနေပေ။ ပန်းရောင်နှင့် အဝါရောင်သန်းလျှက် ဓမ္မတာမတိုင်းမဟုတ်ပဲ ထူးခြားသော မျက်လုံးများရှိခြင်း၊ မကျက်တကျက် ဖုတ်ထားသော အုပ်ချပ်၏ အရောင်ကဲ့သို့သော အရေပြားရှိခြင်း နားရွက်ဖျားတို့ဖြူခြင်း နှာမောင်းဖျားတို့ဖြူခြင်း နောက်ခြေမှ ခြေသဲငါးခြောင်းစလုံးဖြူခြင်း အမွေးနီကျင်ကျင်ရှိခြင်း စသော ဆင်ဖြူတော်၏ အင်္ဂါလက္ခဏာ များနှင့် ပြည့်စုံပေသည်။

## အခန်း (၁၉)

## နန်းမတော်ဘုရား

ဟံသာဝတီထီးနန်းတွင် ဘုရင့်နောင် နတ်ရွာစံသောအခါ နန္ဒဘုရင် ဆက်ခံ အုပ်စိုးတော်မူလေသည်။ ခရစ် (၁၅၉၉) ခုနစ်သို့ ရောက်သောအခါ ရခိုင်လူမျိုးများ ပဲခူး (ဟံသာဝတီ) ကို ဝင်ရောက် တိုက်ခိုက်ကြသည်။ ထိုအချိန်၌ မြန်မာနိုင်ငံတော်မှာ အစိတ်စိတ် အမြွှာမြွှာကွဲပြားလျက် မင်းသီးခြားပြု၍ တစ်နယ်တစ်မင်း အုပ်စိုးနေကြသဖြင့် ရခိုင်ရာဇာကြီးမှာ ဟံသာဝတီကို လွယ်လင့်တကူ အောင်မြင်တော်မူပြီးလျှင် ဘုရင့်နောင်မင်းတရား၏ ဘုန်းကျက်သရေကို ဆောင်ခဲ့သော ရတနာများကိုပါ သိမ်းယူ သွားခဲ့လေတော့သည်။ သို့နှင့် ရခိုင်ဘုရင် ရာဇာကြီးသည် ဆင်ဖြူတော်ကို ပိုင်ဆိုင်ရသည့်ပြင် မဟာမုနိ ရုပ်ပွားတော်မြတ်ကိုလည်း ကိုးကွယ်ထားရသဖြင့် ဗုဒ္ဓဘာသာ ဘုရင်အပေါင်းထက် ထူးချွန်သော မင်းတစ်ပါးဟူ၍ ထင်ရှားခဲ့ပြန်သည်။

ထိုအခါ ရခိုင်ပြည်နယ်သည် ဗုဒ္ဓဘာသာ ကိုးကွယ်သော တိုင်းပြည်အားလုံး၏ ဗဟိုမဏ္ဍိုင်သဖွယ် ဖြစ်လာပေသည်။ ရခိုင်မင်းသည် ဗုဒ္ဓ၏ စွယ်တော်မြတ်ကို မရခဲ့သည်မှာ အမှန်ပင်။ သူသည် ပဲခူး (ဟံသာဝတီ) ကို တိုက်ခိုက် သုတ်သင်ခဲ့စဉ်က စွယ်တော်မြတ်ကို သတိမပြုဘဲ မျက်စိမှောက်ခဲ့၍ ဟံသာဝတီမှာပင် ကျန်ရစ်ခဲ့သည်။ နောင်အခါ စစ်ကိုင်းကောင်းမှုတော် ဘုရားကြီးအတွင်း၌ ဌာပနာ လိုက်ကြသည်ဟု အဆို ရှိပေသည်။

မြန်မာနိုင်ငံကို ပြန်လည် ထူထောင်ကြသည်မှာ အလွန်နှေးကွေးလှသည်။ သို့ရာတွင် ဘုရင့်နောင်၏ မြေးတော် အနောက်ဘက် လွန်မင်းတရားသည် (၁၆၁၀) ခုနစ်တွင် မြန်မာနိုင်ငံကြီးကို ပြန်လည် စည်းရုံးနိုင်ခဲ့ပေ၏။ သူသည် ရခိုင်မင်း ယူဆောင်သွားသော ဆင်ဖြူတော်ကို ပြန်လည် ရရှိဖို့ရန် စိတ်စောလျက်ရှိသဖြင့် (၁၆၁၆) ခုနစ်တွင် ဂိုအာမြို့ရှိ ပေါ်တူဂီ ဘုရင်ခံချုပ်ထံသို့ မြောက်ဦးမြို့ကို ပူးပေါင်း တိုက်ခိုက်ရန် အကူအညီ တောင်းဆို ခဲ့ဖူးလေသည်။ အကယ်၍ မြောက်ဦးမြို့ကို သိမ်းပိုက်ရရှိခဲ့လျှင် မိမိမှာ ဆင်ဖြူတော်ကိုသာယူပြီး ပေါ်တူဂီတို့က တိုက်ခိုက် လုယက်၍ ရသမျှ အခြားပစ္စည်းများကို ယူပါဟူ၍လည်း ကတိပြုလေသည်။ သို့ရာတွင် သူ၏ တောင်းဆိုချက်မှာ ဘာမှ အကောင်အထည် မပေါ်ခဲ့ချေ။

ရခိုင်ပြည်နယ်သည် ထိုအခါက အလွန် အင်အားတောင့်တင်းလျက် ရှိပေသည်။ ထိုမှတပါး မြန်မာတို့ တန်ခိုးအင်အား ပြန်လည်ကြီးမားလာပုံကို လည်းကောင်း၊ မဂိုမင်းတို့ နယ်ချဲ့ လာချိန်နှင့် တိုက်ဆိုင်နေပုံကို လည်းကောင်း၊ ရခိုင်းမင်းက ကောင်းစွာ သတိထားနေသော အချိန်လည်း ဖြစ်ပေသည်။ မဂိုမင်းတို့ အင်အားမှာ ရခိုင်ပြည်နယ်ကို ခြောက်လှန့် နေသလို ရှိသည်မှာလည်း မန်ရစ် ညီလာခံဝင်စဉ်က ရှင်းလင်း ဖော်ပြခဲ့ပေပြီ။ ရခိုင်ဘုရင် သီရိသုဓမ္မသည် မဂိုတို့ကို တိုက်ဖျက်ရန်သာ မဟုတ်သေး၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ကိုပါ ခြိမ်းခြောက်လို၍ ဂိုအာအစိုးရနှင့် အဆက် အသွယ်ယူရန် စီစဉ်ပုံများကိုလည်း ရှေ့တွင် တွေ့ရပေလိမ့်မည်။

မြောက်ဦးမြို့၌ ခရစ်ယာန်ဘုန်းကြီး လှည့်လည် ကြည့်ရှုနေသည့် အတောအတွင်း ထိုထိုသော သတင်းများနှင့် လက်ရှိ အဖြစ်အပျက်များကို ဘာသာရေးဆိုင်ရာ ကိစ္စများ ဖောက်ချ၍ မလုပ်ရသေးမီ သိရှိထားနှင့်ရန် စုံစမ်း မေးမြန်းခဲ့သည်။ ဆောက်လုပ်ထားသော ဘုရားရှိခိုးကျောင်းကို (၁၆၃၀) ခုနှစ်၊ အောက်တိုဘာလ (၂၀) ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီးနောက် နိဝင်ဘာနှင့် ဒီဇင်ဘာလများ၌ ဘာသာရေးနှင့် ပတ်သက်သော နည်းလမ်း ညွှန်ကြားခြင်းများဖြင့် အလုပ်ရှုပ်လျက် ရှိတော့သည်။ လောလောဆယ် လုပ်ရမည့် ပြဿနာများ အနက် ပြဿနာ တစ်ခုမှ ယခင်ကတည်းက ခရစ်ယာန် ဘာသာသို့ ဝင်ထားပြီးဖြစ်သော လူများနှင့် ဆိုင်လေသည်။ ထိုလူတို့သည် အမျိုးသမီးများနှင့် အိမ်ထောင် ပြု၍ ဗုဒ္ဓဘာသာဝင်များ အကြား၌ အနှံ့အပြား နေထိုင်လျက် ရှိကြသဖြင့် ခရစ်ယာန် ဘာသာကို ပေယျာလကန် ထားကြလေသည်။ အေးငြိမ်းချမ်းသာစွာ နေလိုခြင်းနှင့် မိတ်ဆွေ မပျက်စေလိုခြင်းကြောင့် ဗုဒ္ဓဘာသာ ပွဲလမ်းသဘင်နှင့် ဘုရားကျောင်းကန်တို့ကို ဆွမ်းကွမ်း ကပ်လှူကြသည်။ ဘုရားတန်ဆောင်းများသို့ သွားရောက် ရှိခိုးပူဇော်ကြသည်။

ယင်းသို့သော ဓလေ့စရိုက်များကို ရပ်စဲသွားအောင် ဘယ်လို လုပ်ရပါမည်နည်းဟု နည်းလမ်း ရှာဖွေနိုင်ရန်မှာ မလွယ်ကူလှပေ။ သူသည် ဒီယင်ဂါးမြို့သို့ ပြန်သွားပြီးသည့် နောက်တွင် ထိုလူများသည် မိမိ အပူတပြင်း ပြုပြင် ညွှန်ကြားခဲ့သော စည်းကမ်းများကို မေ့ပျောက်ပစ်ကြပေလိမ့်မည်။ သူသည် ထိုလူများအား အဆက်အသွယ် ပြတ်မကုန်အောင် ခြောက်လှန့်၍ အသေးစိတ် မှာထားခဲ့ရပေသည်။ သူတို့သည် ယခု အခိုက်အတန့်တော့ လိုက်နာကြပေ၏။ သို့သော် မည်မျှ ကြာကြာခံပါမည်နည်း။

သူသည် တိုင်းရင်းသား ခရစ်ယာန်တို့၏ ဝါသနာနှင့် စရိုက်ကို ကောင်းကောင်း အတွေ့အကြုံရှိခဲ့ပြီ ဖြစ်၍ သူတို့ ကြာကြာခံမည် မဟုတ်သည်ကို သိထားပေသည်။ ထိုထက်ပို၍ စည်းကမ်းကျနအောင် လုပ်ပေးမှ တန်ရုံကျမည်။ အကယ်၍ သူတို့ကို လက်ရှိ နေအိမ်များကို စွန့်ခွာစေပြီး ဒိုင်းကြီးဘက် Daingripet သို့ ပြောင်း၍ ခရစ်ယာန် ပေါ်တူဂီနှင့် ကပြားတွေအကြားတွင် နေရာချထားပေးရလျှင် ကောင်းပေလိမ့်မည်။ ထိုအခါ ဘုရားရှိခိုးကျောင်းနှင့်လည်း နီး၊ ဘာသာချင်း တူသူတွေ၏ ဩဇာအခွင့်အရေးများ အကြား၌ ရှိ၍ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးဆိုသလို နီးရာလိုက်ပါကြမည်မှာ မလွဲနိုင်။ ထို့ပြင်လည်း ဒေသခံများနှင့် ဝေးသွားသဖြင့် ခရစ်ယာန်စစ်စစ်များ ဖြစ်လာစရာ ရှိပေသည်။

သို့ရာတွင် ဤကိစ္စကို လုပ်ဆောင်ဖို့ရန်မှာ ရခိုင်ဘုရင်၏ သဘောတူညီချက် ရရှိမှသာ ဖြစ်နိုင်ပေသည်။ အခွင့်အမိန့် မရဘဲ လုပ်မည်ဆိုလျှင် ကက်သလစ်တွေကို တစ်နေရာတည်း၌ စုနေစေခြင်းကြောင့် မိမိအပေါ် မယုံသင်္ကာ ဖြစ်လာပေလိမ့်မည်။ တစ်စုံတစ်ရာ သင်္ကာရန့် မကင်းသော အမှုမျိုးကို သတိကြီးစွာထားပြီး အရာရာ၌ ချင့်ချိန်နှိုင်းဆ၍ လုပ်ဖို့ လိုအပ်ပေသည်။ အခြားနိုင်ငံ ဘုရင်များနည်းတူ မိမိ အသက်ကို ကာကွယ် စောင့်ရှောက်ရန် လူမျိုးခြား ကိုယ်ရံတော် အမြောက်တပ်များ ထားရှိသော်လည်း သိရိသုဓမ္မမင်းကား သတိကြီးစွာ ထားလျက် အမြဲ စောင့်ကြည့်နေသူ ဖြစ်ပေသည်။ မိမိ၏ ပေါ်တူဂီ ကိုယ်ရံတော်တပ်သားများကဲ့သို့ လက်နက် အပြည့်အစုံ တပ်ဆင်လျက် သေနပ်ပစ် ကျွမ်းကျင်သူများ ဝိုင်းဝိုင်းလည်နေသော်လည်း သူပုန်ထသော မင်းသားအချို့က ဖြစ်စေ၊ မကျေနပ်သော အမတ်တို့က ဖြစ်စေ အချိန်မရွေး သူပုန်ထပြီး အာဏာလု (ထီးနန်းလု) ပွဲ ဆင်တတ်ပေသည်။ ပေါ်တူဂီ စစ်ဗိုလ်များလည်း မိမိတို့ကို ဘုရင်မင်းမြတ် မျက်ခြည်မပြတ် အလစ်မပေးဘဲ စောင့်ကြည့် နေကြောင်း ကောင်းကောင်း သိကြသည်။ သို့ဖြင့်

ဒေသဆိုင်ရာ ဘာသာပြောင်းသူ အနည်းငယ် အရေးမှုနှင့် မိမိတို့ အပေါ် သံသယ ဖြစ်စေမည့် အကြံပြုချက်ကို ထိုပေါ်တူဂီ စစ်ဗိုလ်များက အပြင်းအထန် ကန့်ကွက် ကြပေလိမ့်မည်။

ထို့ကြောင့် မန်ရစ်သည် မိမိအကြံကို ကိုယ်ရံတော်ဗိုလ်ချုပ် မန်နူရယ်တီဂါအား အသိ မပေးသေးဘဲ ထားမှ ဖြစ်ချေမည်ဟု သတိပြုမိလေသည်။ အကယ်၍သာ သူတို့စိတ်ကို တောက်ကြည့်လိုက်မိမည် ဆိုလျှင် သံသရာ ရှည်နေပေတော့မည်။ ဘုရင်မင်းမြတ်ကိုသာ သဘောတူလာသည်အထိ ဖျောင်းဖျ လျှောက်ထား ရပေမည်။ သို့သော် အမှန်တကယ် ဖြစ်အပ်သော အကြောင်းရင်းမှာ ဘုရင်မင်းမြတ်စိတ်တွင် လုံလောက်သော အကြောင်းပြကို ထပ်မံ ရှာဖွေထားဦးမှ ဖြစ်နိုင်ပေလိမ့်မည်။

ယင်းသို့ စိတ်ရှုပ်အကြံအိုက်နေခိုက် ဂျပန်စစ်ဗိုလ်ကလေး လီယွန်ဖွန်နီ၏ ရင်းနှီးခင်မင်ပုံကို ပြေး၍ သတိရလေသည်။ ထိုပြဿနာကို ၎င်းအား ပြောပြသောအခါ ထိုဂျပန်သူရဲကောင်းကလေး (ဆာမူရိုင်း) သည် အကြံကောင်း ပေးနိုင်ခဲ့ပေ၏။ ရခိုင်ဘုရင်သည် ဟံသာဝတီမှ ဆင်ဖြူတော်ကို ယူလာခဲ့စဉ်က မြန်မာမင်း နန္ဒဘုရင်၏ သမီးတော်တစ်ပါးကိုလည်း သိမ်းပိုက် ခေါ်ဆောင်ခဲ့သည်ကို ပြန်လည် သတိပြုသင့်ပေသည်။ ရခိုင်ဘုရင်ရာဇာကြီးသည် ထိုမင်းသမီးကို မိဖုရားမြှောက်ခဲ့ရာ နောက်ဆယ့်သုံးနှစ်အကြာ (၁၆၁၂) ခုနှစ်တွင် ဘုရင်နတ်ရွာစံသော် ထိုမင်းသမီးသည် မုဆိုးမ မိဖုရားခေါင်းကြီးအဖြစ် ကျန်ရစ်ခဲ့သည်။ သူမသည် သီရိသုဓမ္မ မင်း၏ ခမည်းတော် မင်းခမောင်း၏ မယ်တော် မဟုတ်သော်လည်း နန်းမတော် မိဖုရားခေါင်းကြီး အဖြစ်နှင့် အာဏာပိုင် ထိပ်တန်းအမျိုးသမီးကြီး First Lady at court အဖြစ် တည်ရှိနေပေသည်။ တစ်ဖန် သီရိသုဓမ္မမင်း (၁၆၂၂) ခုနှစ်တွင် ထီးနန်း ဆက်ခံသောအခါတွင်လည်း နန်းမတော်မိဖုရားကြီး Grand Dowazar အဖြစ် ဆက်လက် တန်ခိုးကြီးလျက် ရှိလေပြီ။ ထိုမိဖုရားခေါင်ကြီး၏ ငယ်မည်မှာ ထွေးနောင်ဟု တွင်၏။ ဂျပန် စစ်ဗိုလ်ကလေး၏ ကတော် ဇနီးမှာ မြန်မာအမျိုးသမီးဖြစ်၍ ၎င်းအပျိုဘဝက ထိုနန်းမတော် မိဖုရားခေါင်ကြီး၏ အပျိုတော်ခေါင်းအဖြစ် အမှုထမ်းခဲ့ရလေသည်။ ထိုသို့သော ရာထူး၌ ထမ်းရွက်ခဲ့ရဖူးခြင်းကြောင့် ယခုတိုင် နန်းတွင်းသို့ အခါမလင့် ဝင်ထွက် ခစားခွင့်ရပြီး မိမိအရှင်မနှင့် ရင်းရင်းနှီးနှီး ဆက်ဆံလျက် ရှိပေသည်။

ထို့ကြောင့် ကပ္ပတိန်ဒိုနီက မိမိဇနီးသည်အား ဘုန်းကြီးမန်ရစ်၏ လိုလားချက်ကို နန်းမတော်ဘုရားသို့ တင်လျှောက်ပေးရန် ပြောမည်ဟု အဆိုပြုလေသည်။ ဤကိစ္စမှာ ဖြစ်နိုင်စရာ ရှိပေသည်။ ဘယ်နည်းနှင့်မဆို နန်းမတော်ဘုရား ထိုကိစ္စ၌ စာနာထောက်ထားတော်မူပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ငယ်ရွယ်စဉ်က ဟံသာဝတီ ပဲခူးရွှေနန်းတော်တွင် သူ၏ ခမည်းတော်ထံ အမှုထမ်းခဲ့သော ပေါ်တူဂီ အမြောက်တပ်တို့ကို အုပ်ချုပ်ရသည့် ခရစ်ယာန်ဘုန်းကြီးထံမှ ခရစ်ယာန် အယူဝါဒကို ကြားနာ ခဲ့ရဖူးသည့်ပြင် စိတ်ပါဝင်စားခြင်း ဖြစ်ခဲ့ဖူးသောကြောင့် ဖြစ်သည်။ ထို့နောက် ကပ္ပတိန်က ဆက်လက် ပြောပြသည်မှာ နှစ်ကာလဘဲ မကြာခဏ ပြန်လည် ပြောပြတတ်ကြောင်းကို မိမိဇနီးသည်ထံမှ သိရှိရသဖြင့် မန်ရစ် အလိုဆန္ဒ ရှိနေသော ကိစ္စကို နန်းမတော်ဘုရား၏ ရွှေနားတော်ကြား တင်လျှောက်ပါက အကျိုးရှိမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နန်းမတော်ဘုရားသာလုပ်လျှင် သူ့ဩဇာကို မည်သူမျှ လွန်ဆန်မည်မဟုတ်။ အလွန်း ဩဇာညောင်းပါ၏ဟု အကြံပေးလေသည်။

ယင်းသို့ နောက်ပိုင်းက စေ့စပ်ပြောဆိုရမည့် နည်းလမ်းကို ဘုန်းကြီးမန်ရစ်က သဘောကျလေသည်။ ကျွန်ုပ်တို့ တွေ့သိခဲ့ရပြီးသည့်အတိုင်း သူသည် အမျိုးသမီးများနှင့် ဆက်ဆံရာ၌ အောင်မြင်လေ့ ရှိခဲ့သည်။ သုံးရက်မြောက်သောနေ့တွင် ကပ္ပတိန်ဒိုနီ ရောက်လာပြီး သူ၏ ဇနီးသည် ထိုပြဿနာကို နန်းမတော်ဘုရားမှ တစ်ဆင့် ဘုရင်မင်းမြတ်ထံ တင်လျှောက်ရန် အခွင့်အရေး ပေါ်ပေါက်နေပြီဖြစ်ကြောင်း သတင်းပေးလေသည်။

myanmar ONLINE teashop www.mmteashop.com

နန်းမတော်ဘုရားသည် မျှော်လင့်ထားသည့်အတိုင်း ထိုကိစ္စကို စိတ်ဝင်စားသည့် လက္ခဏာပြသည့်ပြင် ဘုရင်မင်းမြတ်ကို အကြောင်းသင့်သောနေ့တွင် တင်ပြ တိုက်တွန်းပေးမည်ဟု ပြောကြောင်း ဘုန်းကြီးကလည်း ယင်းကိစ္စကို ဘုရင်မင်းမြတ်ထံ အသနားခံစာ သွင်းထားဖို့ ကောင်းသည်ဟု မှာလိုက်ကြောင်းများကို ပြန်လည် ပြောပြလေသည်။

သို့သော် သူသည် ခရစ်ယာန်တို့အတွက် တိုက်ရိုက် လျှောက်တင်မည်ဆိုလျှင် မသင့်လျော်ပေ။ အခြားအရေးများနှင့် ရောထွေးသွားပြီ အခက်အခဲနှင့် ပိုမိုရင်ဆိုင်နေရပေလိမ့်မည်။ သူလည်း ယင်းသို့ လုပ်မည် အဟုတ်ပေ။ ဘုရားကျွန်တော်များ ကိစ္စကို ဆောင်ရွက်ရင်း ဤကိစ္စကို သွယ်ဝိုက်၍ လုပ်ရပေလိမ့်မည်။ ဗုဒ္ဓ ရုပ်ပွားတော်ကို ပူဇော်စဉ်အခါက ဘုရား၏ ဝေယျာဝစ္စ ဥယျာဉ်ပန်းမန်ပြုစုရန် ဘုရားကျွန်တော်များကို တစ်ပါတည်း လှူခဲ့သော ထုံးကိုလည်း မန်ရစ် သိပြီးသား ဖြစ်ပေသည်။ ယခုလည်း ခရစ်ယာန် ဘုရားကျောင်း တစ်ဆောင် မကြာမီက လှူခဲ့ပြီးဖြစ်ရာ ထိုအတွက်လဲ ဘုရားကျွန်များ ထားပေးဖို့ တောင်းဆိုလျှင် ဖြစ်နိုင်သည်ကို နန်းမတော်ဘုရားက ရိပ်စားမိထားပေလိမ့်မည်။ ဤနေရာတွင် နန်းမတော်ဘုရားက ဘုရင်မင်းမြတ်ကို ကူညီ၍ အကြံပေးရသည်မှာ ဘုန်းကြီးမန်ရစ် တောင်းဆိုချက်အရဆိုလျှင် ရခိုင်လူမျိုး ဘုရားကျွန်များကို မထားပဲ၊ လူမျိုးခြား ဘုရားကျွန်များကို ထားသင့်ကြောင်း တိုက်တွန်းပေးပေလိမ့်မည်။ ဘုရင်မင်းမြတ်က ခွင့်ပြုပြီဟု အမိန့်ချမှတ်သောအခါမှ မန်ရစ်က မည်သူမည်ဝါတို့ကို အလိုရှိသည်ဟု စာရင်းတင်ပြရုံသာရှိသည်။ ဘုရာကျွန်မှာ ထုံးစံအားဖြင့် လူနှစ်ဆယ်ရှိရပေသည်။ သို့သော် သားမယား၊ အိမ်သားတို့နှင့် ဆွေဆွေမျိုးမျိုးတို့လည်း ထည့်သွင်း ပါဝင်စေနိုင်သည်။ အရေအတွက်ဆယ်ဆ တိုးလာစေကာမူ အရေးမကြီးပေ။ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းခဲ့ပြီးသော လူအားလုံး ပါဝင်အောင်သာ စာရင်းဖော်ပြဖို့ လိုပေသည်။ နောက်ပိုင်း လုပ်စရာများကိုမူ ဆဌေ လက်ဆောင် စသည်တို့ကို အသုံးချပြီး လုပ်သွားရန်သာ ရှိတော့၏။ သို့သော် နန်းမတော်ဘုရားသည် မန်ရစ်အား ဤမျှ အကျယ်တဝင့် အရိပ်ပြနေဖို့ လိုမည်မဟုတ်ပေ။

ယင်းကား နန်းမတော်ဘုရားထံမှ ပို့လာသော သတင်း အတိုအဆမျှသာ ဖြစ်သည်။ ကမ္ဘာ့ပေါ်တွင် မြန်မာအမျိုးသမီးတို့ စိတ်နေစိတ်ထားမှာ ဤမျှ ထူးခြားလှသည်။ အိန္ဒိယပြည်၏ အခြားဘက်ဒေသရှိ မွန်ဂိုလီယံ အနွယ်ဖြစ်သော နန်းတွင်းသူ နန်းတွင်းသားတို့နှင့် ရင်းနှီးစွာ ဆက်ဆံခဲ့ရာ သူတို့သည် မည်မျှ အဆင့်အတန်း တန်ခိုးသြဇာ ကြီးမားသော အမျိုးသမီးပင်ဖြစ်စေ စိတ်နေစိတ်ထားမှာ ဤသို့နှင့်ချည်းဖြစ်ကြောင်း ကောင်းစွာ သိရှိခဲ့ကြရပေသည်။

ဂျပန်စစ်ဗိုလ်သည် အကျိုးအကြောင်းတို့ကို ပြန်လည်ပြောပြပြီးနောက် "အရှင်ဘုန်းတော်ကြီး ကိုယ်တိုင် နန်းမတော်ဘုရားထံ အခစား ဝင်ပြီး ကူညီ အကြံပေးသည့်အတွက် ကျေးဇူးတင်ကြောင်း လျှောက်ထားသင့်ပါသည်" ဟု နိဂုံးချုပ်လိုက်လေ၏။

မန်ရစ်လည်း သဘောတူညီလိုက်လေသည်။ သို့သော် အခက်တစ်ခက် ရှိနေသေးသည်။ သူတို့ အခေါ်အားဖြင့် ကြူရီယောစတီး Curiositiesဆိုသော မြင်လျှင် အံ့သြဝမ်းသာစေမည့် အိန္ဒိယပြည်ဖြစ် ချည်ထည်အဆန်းများ၊ တရုတ်ပြည်ဖြစ် ပိုးထည်များ အစရှိသော အထူးအဆန်း လက်ဆောင်တို့မှာ ပါလာသမျှ ကုန်လေပြီ။ အဘယ်ကြောင့်ဆိုသော် အထက်ထက်က တွေ့လာခဲ့သမျှ ပုဂ္ဂိုလ်များကို လိုအပ်သည်ထက်ပို၍ လက်ဆောင် ပေးခဲ့မိသောကြောင့်တည်း။ လက်ချည်းသက်သက် ရှေ့တော်ဝင်ဖို့ရန် မလျော်ကန်လှပေ။ သို့သော်ငြားလည်း မိမိနှင့် ခင်မင် ရင်းနှီးသော ပေါ်တူဂီ လူချမ်းသာအချို့အား သတင်းမပေါက်ကြားအောင်

နှုတ်ပိတ်ကာ တိုင်ပင်နီးနော၍ လက်ဆောင် ပစ္စည်းအချို့ကို ဝယ်ယူ ရရှိခဲ့လေသည်။ ထိုလက်ဆောင်တို့ကို ဗန်းပြပြီး မကြာမီပင် နန်းမတော်ဘုရား၏ ရှေ့တော်သို့ ရောက်ခွင့်ရလေတော့သည်။

နန်းမတော်ဘုရားသည် ရှစ်လက်မခန့် အမြင့်ရှိသော ရွှေသလွန်၌ စံတော်မူလျက်ရှိသည်။ သလွန်ပေါ်တွင် အလွန် လှပသော ပါရှားဖြစ် ကော်ဇောကို ခင်း၍ ၎င်းအပေါ်မှ ပုလဲများ စီထားသော ကတ္တီပါဖုံကို ခင်ထားလေသည်။ ရံရွှေတော် ခြောက်ယောက်လည်း ရှေ့တော်က ဒူးတုပ်ခစားလျက် ကွင်းတောင်ကိုင်သူကိုင်၊ ရွှေယပ်ဆွဲသူဆွဲလျက် အသင့် ရှိနေကြသည်။ အခန်း၏ နံရံဘေးတွင် ရေးကျခံ့ညားသော ဣန္ဒြေနှင့် ခရမ်းရောင်ဝတ်ရုံရှည်များ ဝတ်ဆင်ထားသော အတွင်းဝန်နှင့် မှူးမတ်များ စုစုပေါင်းနှစ်ဆယ်ခန့် ရပ်လျက် ရှိကြသည်။

မန်ရစ်သည် နန်းမတော်ဘုရားကို ရှိခိုးနှုတ်ဆက်သောအခါ သူမသည် အတန်ငယ် ခေါင်းစောင်းညိတ်၍ အသိအမှတ် ပြုလေသည်။ ထိုအခါ ရပ်နေသော လူကြီးများအနက် လူနှစ်ယောက်ထွက်လာပြီး မန်ရစ်အား နန်းမတော်ဘုရား စံလျက်ရှိသော သလွန်ထက်နိမ့်သည့် ဒုတိယ သလွန်တစ်ခုဆီသို့ ပို့ပေးကြသည်။ ထိုသလွန်တွင် သာမန်ကော်ဇော တစ်ချပ်ကို ခင်းလျက် အပေါ်၌ ရိုးရိုးကတ္တီပါဖုံနှစ်ခု ခင်ထားလေသည်။

အလိုရှိရာ ပြောဆိုခွင့်ပြုသောအခါ မန်ရစ်သည် အကောင်းဆုံးသော အမူအရာဖြင့် ဤနေရာတွင် ပေါ်တူဂီလူမျိုး၏ စေ့စပ်သေချာသော အပြုအမူကို ကျွန်ုပ်တို့ မှတ်မိခဲ့ကြသည့်အတိုင်း မိမိဂုဏ်သိက္ခာ လျော့ပါးမည်ကို ပဓာနမထားဘဲ ယခုကဲ့သို့ အညတရ ခရီးသည်တစ်ဦးကို တွေ့ခွင့်ပြုသည့်အတွက် ဘယ်ခါမှ မမေ့နိုင်တော့ကြောင်း၊ ဤသို့သော ကျေးဇူးကို ပြန်လည်း ပေးဆပ်ခွင့်ရရင် မျှော်လင့်ရပါကြောင်း၊ ခရစ်ယာန်များအတွက် ယခုလို ကြင်နာတတ်သော နန်းမတော်ဘုရား၏ ကရုဏာအပြည့်ရှိဟန် ပြ၍ ခရစ်ယာန်တို့ ထုံးစံမှာ မိမိတို့ ဘုရားရှိခိုးကျောင်း၏ ပရိဝုဏ် အတွင်း၌နေမှသာ မွန်မြတ်ကြောင်း စသည်ဖြင့် ပရိယာယ်ဝေဝစ်ဆင်၍ ကြင်နာ ထောက်ထားလာအောင် အနူးအညွတ် ပြောကြားလေတော့သည်။ သူ၏ ဟန်အမူအရာနှင့် သူ၏ မျက်နှာအသွင်အပြင်မှာ သူပြောနေသည့် စကားနှင့် တစ်ပြေးတည်း ညီညွတ်နေသဖြင့် နန်းမတော်ဘုရားလည်း သူ့အပေါ် စေတနာ ညွတ်လာလေတော့သည်။ သူမ၏ တည်ငြိမ်ကြံ့ခိုင်သော မာနစိတ်များလည်း ဖော့ဖယောင်းကဲ့သို့ ပျော့ပျောင်း လာကြပေတော့သည်။ သို့ဖြစ်၍ နန်းမတော်ဘုရားသည် မိဖုရားခေါင်းကြီးအနေဖြင့် ပြောဆိုနေရသော ထီးမူနန်းရာ ဟန်ပန်လေသံမျိုးကို ဘေးဖယ်လိုက်ပြီး ပဲခူး (ဟံသာဝတီ) တွင် နေခဲ့ရစဉ် ကလေးဘဝက အဖြစ်အပျက်များကို လည်းကောင်း၊ ခရစ်ယာန်ဘုန်းကြီးများနှင့် ခင်မင်ခဲ့ပုံ၊ မိမိထံသို့ မကြာခဏလာပြီး ခရစ်ယာန်၏ မယ်တော်အကြောင်း ပြောပြခဲ့ကြပုံ စသည်တို့ကို လည်းကောင်း ပြန်ပြောင်း ပြောပြနေပေတော့သည်။

နန်းမတော်ဘုရားသည် ဤသို့ စကားလက်ဆုံ ဝင်နေစဉ် ငယ်ငယ်က အကြောင်းအတ္တုပ္ပတ္တိများကို ပြန်လည်းသတိရ၍ စိတ်တက်ကြွလာပြီး "ပဲခူးတုန်းကဆိုလျှင် ကက်သလစ် ဘုရားရှိခိုးကျောင်းကို ကျွန်ုပ် မကြာခဏ သွားခဲ့ဖူးတယ်။ Ave Maria ဧဝမာရီယာဆိုတဲ့ ဓမ္မသီချင်းကိုပင် ရခဲ့ဖူးတယ်။ သို့သော် ... အလို ... တစ်လုံးမှ အစဖော်မရတော့ဘူး။ မေ့ကုန်ပြီ" ဟု ပြောကာ သက်မကြီး ချလိုက်ပြီးလျှင် "အင်း .. ဟိုတုန်းက ပျော်ခဲ့ပါးခဲ့ရတဲ့ နေ့တွေ၊ ရက်တွေ ကုန်ခဲ့လေပြီ။ ရွှေပြည်တော်ကိုလည်း ဝင်ရောက် တိုက်ခိုက်ခြင်း ခံခဲ့ရ၊ ကျွန်ုပ်ကိုလည်း ဒီတိုင်းပြည်သို့ ခေါ်လာကြတယ်။ ကျွန်ုပ်ရဲ့ ဇာတိ ရွှေပြည်တော်ကြီးကို မတွေ့မမြင် ရတော့ပါဘူး။ ကျွန်ုပ်လည်း ဒီက ဘုရင်နဲ့ လက်ထပ်လိုက်ရတယ်။ ပြီးတော့ မကြာမီ ကျွန်ုပ်ရဲ့ မောင်တော်ဟာ

ငယ်ငယ်ရွယ်ရွယ်နဲ့ နတ်ရွာစံခဲ့ရတယ်။ ကျွန်ုပ်မှာလည်း မောင်တော်ကို ချစ်လွန်းတဲ့စိတ်နဲ့ ဝမ်းနည်း ကြေကွဲမှု တစ်မျိုး ထပ်ဆင့်လို့ တိုးခဲ့ရပြန်တာပေါ့"

ထိုအချိန်တွင် နန်းမတော်ဘုရားမှာ မျက်ရည်စ အသွယ်သွယ် ကျဆင်းလာသဖြင့် ရှေ့သို့ စကားမဆက်နိုင်ဘဲ အတန်ကြာအောင် ရပ်နားနေပြီးမှ "အဲဒါတောင်မှ ကျွန်ုပ်ရဲ့ အကုသိုလ်ကံတွေဟာ အဆုံး မသတ်ကြသေးဘူး။ ကျွန်ုပ်ရဲ့ သားတော်နှစ်ပါးမှာ အပြစ်မရှိဘဲလျက် မှားပြီး အသတ်ခံခဲ့ကြရသေးတယ်။ ကျွန်ုပ်ကို စိတ်သက်သာရာ ရအောင် နှစ်သိမ့်ခဲ့ဖူးတဲ့ Ave Maria ဧဝမာရီယာကို မေ့နေလိုက်တာ ဘုရား .... ဘုရား" သူမသည် ဝမ်းနည်းကြေကွဲသည့် စိတ်ကို ကြာရှည် မျိုသိပ် မထားနိုင်တော့ဘဲ အရုပ်ကြိုး ဖြတ်ချလိုက်သကဲ့သို့ လဲကျသွားတော့သဖြင့် အတွင်းဆောင်သို့ ချီမ၍ ပို့ဆောင်ကြရပေတော့သည်။

ဘုရားကျောင်းကိစ္စနှင့် အခြားကိစ္စအနည်းငယ်အတွက် တွေ့ဆုံ ပြောဆိုရန် လာခဲ့သော ဘုန်းကြီးမန်ရစ်အဖို့ အမျိုးသမီး တစ်ဦး၏ နလုံးသားကို အရည်ပျော်အောင် မတော်တဆ ပြုလုပ်မိလျက်သား ဖြစ်နေပေတော့သည်။ မိမိ အကြံအစည်များ ပျက်စီး ဆုံးရှုံးရတော့မည်လော၊ သို့တည်းမဟုတ် အခွင့်အလမ်းပဲ သာလာဦးမည်လော။ မတွေးတတ်တော့ချေ။ ယခုပင် ပြန်ထွက်ခဲ့ရ ကောင်းမည်လော။ ဒါမှမဟုတ် စောင့်နေရဦးမည်လော၊ အဆုံးအဖြတ်မှာ နန်းမတော်ဘုရားအပေါ်မှာ မူတည်နေပေသည်။ ယင်းသို့ မသေမချာ မရေမရာ ဖြစ်နေခိုက် စောင့်နေသော အတွင်းတော်သား အမှုထမ်းတစ်ဦး အနီးသို့ရောက်လာပြီး "ဘုန်းကြီး၊ သခင်မကြီး ရုတ်တရက် ထွက်ခွာသွားလို့ စိတ်မပျက်ပါနဲ့။ ဒီလိုဘဝမျိုး ကြုံခဲ့ရသူမှန်က မျက်ရည်မကျဘဲ မနေနိုင်ပါဘူး" ဟု စိတ်သက်သာရာရအောင် မန်ရစ်အား တီးတိုး နှစ်သိမ့်နေပေသည်။

ထိုအခိုက် ရာထူးအဆင့်အတန်း မြင့်ပုံရသော အမျိုးသမီးတစ်ဦး အပျိုတော်နှစ်ယောက် ခြံရံလျက် နန်းမတော်မဘုရား ဝင်သွားသော အခန်းထဲက ထွက်လာပြီး ဘုန်းကြီးမန်ရစ်အား မိမိသခင်မကြီးက ယခုလို မလွှဲသာ၍ အတွင်းတော် ဝင်ရသည့်အတွက် များစွာ စိတ်မကောင်း ဖြစ်ရသည်ကို အပြော ခိုင်းလိုက်ပါကြောင်း၊ ထို့ပြင် သင့်ဆန္ဒအတိုင်း နန်းမတော်ဘုရားက ကူညီရမည့် အခွင့်ကောင်းကို မကြာမီ ကြုံတွေ့ပါလိမ့်မည်ဖြစ်၍ စိတ်ချယုံကြည်စွာ ပြန်သွား နိုင်ပါသည်ဟု ပြောပြလေသည်။

မန်ရစ်လည်း ဤသတင်းကောင်းကို ယူလာသည့်အတွက် ကျေးဇူးတင်သည့်အကြောင်း ပြန်ပြောင်း ပြောပြသောအခါ ထိုအမျိုးသမီးကြီးလည်း အခန်းတွင်းသို့ ပြန်ဝင်သွားလေ၏။ ထို့နောက် စောင့်နေသော အတွင်းဝန်များလည်း ရှေ့တော်ပြေးတို့နှင့်အတူ မန်ရစ်ကို ရှေ့ဆောင်လျက် ဖြည်းညှင်းသက်သာစွာ အခန်းတွင်းမှ ထွက်လာခဲ့ကြ ပေတော့သည်။

## အခန်း (၂၀)

## ကစားစရာနှင့် မင်းသားငယ်များ

နန်းမတော်ဘုရားသည် သူ့စကားနှင့်အညီ စိတ်ထားလည်း ကောင်းပါပေသည်။ ရက်အတန်ကြာသောအခါ ၎င်းထံမှ လက်ဆောင်လည်း ကြက်များနှင့် ဆန်၊ ထောပတ် စသော စားရေရိက္ခာတို့အပြင် အနံ့သုံးပေ၊ အလျား ကိုက်ကိုးဆယ်ရှိ မရမန်ပိတ်များကို မန်ရစ်ထံပို့ရောက်လာလေသည်။ ထိုပိတ်ကို နောက်အခါ ဘုရားကျောင်း၌ ခန်းဆီးလုပ် လှူလိုက်လေသည်။ သတင်းစကားမှာ နန်းမတော်ဘုရားသည် လိုရင်းကို ချိန်လုပ်၍ မန်ရစ်အကြောင်းကို ဘုရင်မင်းမြတ်ထံ ပွပွနွှေးနွှေး လျှောက်တင်ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဘုရင်မင်းမြတ်ထံ အခစား ဝင်ခွင့်ရအောင် ကြံဆောင်ဖို့ မနှောင့်မနှေးပါစေနှင့် ဟူသောသတင်း ဖြစ်သတည်း။

သူသည် နောက်နေ့မှပင် နန်းတော်သို့ ထွက်ခဲ့၏။ ဘုရင်မင်းမြတ်သည့် အနောက်ဘက် နယ်စပ်မှာ မှဆိုးများ ဖမ်းဆီး ရရှိခဲ့သည်ဆိုသော ဆင်ကလေး နှစ်ကောင်ကို ထိုနေ့တွင် ထွက်၍ ကြည့်ရှုရန် ကြံရွယ်ကြောင်း ကြေညာထားပြီး ဖြစ်သည်။ မန်းရစ်သည် ထိုအခွင့်အရေးကို ယူ၍ စိတ်ကူးဉာဏ်နှင့် နည်းပရိယာယ်ကို သုံးပြီး ဘုရင်မင်းမြတ်နှင့် အမှတ်မထင် စကားပြောခွင့်ရအောင် လုပ်ရမည့်ကိစ္စ ဖြစ်ပေသည်။ ဘုရင်းမင်းမြတ်နှင့်အတူ အသက်လေးနှစ်နှင့် ခုနစ်နှစ်ရှိပြီ ဖြစ်သော သားတော်ကလေး နှစ်ပါးလည်း ပါလာပေလိမ့်မည်။ ဤအချက်သည် မန်ရစ်အား ထိုးစစ်ဆင်ဖို့ ကောင်းသော ပစ်ကွင်းတစ်ခု ဖြစ်လာတော့သည်။ သူသည် ထိုသူငယ်များအတွက် ကစားစရာကလေးတွေ ယူသွား ရပေလိမ့်မည်။ သူတို့ကို ကျေနပ်ဝမ်းသာအောင် လုပ်ပေးနိုင်သည်နှင့်အမျှ မိမိတောင်းဆိုလိုသော ကိစ္စကို လွယ်လင့်တကူ သွင်းပေးနိုင်ပေလိမ့်မည်။

နန်းတော်သို့ ရောက်သောအခါ မိမိရှေ့သို့ ဖြတ်၍ ကြွလာချိန်ကို စောင့်နေခဲ့လေသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရင်မင်းမြတ်သည် ဆင်ကလေးများ ရှိရာသို့ ကြွသွားသောအခါ မိမိရှေ့က ဖြတ်သွားရပေလိမ့်မည် ဖြစ်သောကြောင့်တည်း။ များမကြာမီ မင်းခမ်းမင်းနားဖြင့် ထွက်ကြွလာသော ဘုရင်မင်းမြတ်ကို မြင်ရလေပြီ။ ဘုရင်မင်းမြတ်သည် မန်ရစ်ကို မြင်လိုက်သောအခါ ဟိန္ဒူစကားဖြင့် "အလို ... ဘုန်းကြီးလည်း ဆင်ပြပွဲကို လာကြည့်သကိုး" ဟု ကျီစယ်သလိုလို ပြောဆိုသွားလေသည်။ ထိုအခါ မန်ရစ်က မိမိကိုယ်ကို နန်းတွင်းသား တစ်ယောက်ကဲ့သို့ သဘောထားကာ "လာစဉ်ကတော့ အရှင်မင်းမြတ်ထံ နေထိုင်ကောင်းပါရဲ့လားလို့ သိချင်တာနဲ့ လာခဲ့တာပဲ။ ကောင်းစွာ ကျန်းမာနေတာ ယခုလို မြင်ရတော့ အရှင်မင်းမြတ်ကို ရှင်တော်ဘုရားက ကောင်းစွာ စောင့်ရှောက်ထားတယ်လို့ ယူဆပါတယ်" ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ဘုရင်မင်းမြတ်က "ကျွန်ုပ်တို့ ရရှိခံစားနေကြရတဲ့ အကျိုးတွေဟာ ရှင်တော်ဘုရားရဲ့ ကျေးဇူးတွေပေါ့။ ဒီ ဆင်ကလေးတွေဟာလည်း ဘုရားပေးတာပဲ။ လာ သွားကြည့်ကြစို့ရဲ့" ဟု မိန့်ဆိုတော်မူကာ ဆက်လက် ကြွသွားတော်မူလေသည်။ ကျွန်ုပ်တို့ တွေးချင့်ကြည့်မည် ဆိုလျှင် မန်ရစ်သည်

ထာဝရဘုရားကိုသော် လည်းကောင်း၊ ဗုဒ္ဓဂေါတမကိုသော် လည်းကောင်း နှစ်မျိုးစလုံး အဓိပ္ပာယ် ပြန်ဆိုနိုင်သော စကားလုံးကို ရွေးချယ်၍ သုံးလိုက်သည်ဟု ထင်မိပေသည်။ သို့သော် ဘုရင်မင်းမြတ်သည်ကား ဗုဒ္ဓရှင်တော်ဘုရားကို ဆိုသည်ဟု အဓိပ္ပာယ် ကောက်ယူမည်ကား မချွတ်ပင်။

ယင်းသို့ ဘုရင်မင်းမြတ်က ဖိတ်ခေါ်လိုက်သောအခါ မန်ရစ်လည်း နောက်မှ လိုက်ပါသော နန်းတွင်းသားတို့နှင့် ရောနှော၍ လိုက်သွားလေတော့၏။ သူတို့သည် ဆင်ကလေးများထားသော ဥယျာဉ်ထဲက ဆင်တင်းကုတ်သို့ ရောက်အောင် ခြေကျင်လျှောက်၍ သွားကြလေသည်။ ထိုနေရာတွင် ဘုရင်မင်းမြတ် ထိုင်ရန် သလွန်တစ်ခု ပြင်ဆင်ထားလေသည်။ ကျန်လူများကား ထိုသလွန်ထက် နိမ့်သော ထိုင်စရာခုံတန်းများတွင် ဝင်ထိုင်ကြရလေသည်။

ဘုရင့်သားတော် အငယ်ကလေးကို အဆောင်ကိုင် မင်းချင်းတစ်ယောက်က ချီပိုက်၍ ခေါ်လာပြီးလျှင် မန်ရစ်အနီးတွင် ထိုင်၍ မင်းသားငယ်ကို မန်ရစ်ဘေး၌ ဖုံးတစ်ခု ခင်း၍ ထိုင်ခိုင်းထားလေသည်။ ဘုန်းကြီးလည်း ချက်ချင်းလိုပင် မိမိဝတ်ရုံထဲ၌ ဝှက်၍ ယူလာခဲ့သော ကစားစရာ အရုပ်ကလေးကို ထုတ်ယူလိုက်လေသည်။ ထို ကစားစရာ အရုပ်ကလေးမှ တရုတ်ပြည်ကလုပ်သည့် အလွန်ချစ်စရာ ကောင်းလှသော အရုပ်ကလေး ဖြစ်သည်။ ၎င်းကို အနက်ရောင်ပေါ်တွင် ရွှေရောင်ဖြင့် ဖုံး၍ လှပစွာ ဆေးခြယ်ထားသော သေတ္တာကလေးနှင့် ထည့်ထားလေသည်။

မင်းသားကလေးအား ထိုသေတ္တာကို ပြလိုက်သောအခါ သူသည် သေတ္တာကို ဖွင့်ရန် အားထုတ်နေတော့သည်။ ထိုအခါ မန်ရစ်က ပြုံး၍ သေတ္တာအဖုံးကို ဖွင့်ပြလိုက်လေလျှင် လှပသော ခွေးရုပ်ကလေး ပေါ်လာပြီး အဖြူတွင် အညိုကွက်နှင့် ပြေးလွှား ကုတ်ဖဲ့တော့မည့် ပုံဟန်ဖြင့် ခြေသည်း လက်သည်းကလေးများ လှုပ်ရှားနေသည်ကို တွေ့ရလေတော့သည်။ မင်းသားငယ်လည်း ဟန်လုပ်၍ မနေနိုင်အောင် ဝမ်းအသာကြီးသာ၍ နေတော့သည်။ ထို့နောက် ထိုခွေးရုပ်ကလေးကို ကောက်ယူလိုက်ပြီး သူ့ခမည်းတော်ထံသို့ အားရဝမ်းသာ ပြေး၍ ပြသနေပေတော့၏။ ဘုရင်မင်းမြတ်လည်း ဝမ်းမြောက်ဝမ်းသာ ရယ်မောလျက် ခွေးရုပ်ကလေး၏ ခြေသည်းများကို ဝှေ့ယမ်း လှုပ်ရှားအောင် လုပ်ကြည့်နေလေသည်။

ဘုရင်မင်းမြတ်၏ အနီးတွင်မှ သားတော်အကြီးကလေး ရပ်နေပေ၏။ "အို ... ကျွန်တော်လည်း လုပ်ကြည့်ပါရစေ" ဟု ဆိုကာ တအံ့တသြနှင့် အရုပ်ကလေးကို ဆွဲလုလိုက်ပြီး အရုပ်နှင့် ကစားနေတော့၏။ ထိုအခါ ကလေးငယ်မှာ ယမ်းပုံ မီးကျဖြစ်ကာ သူ့အစ်ကို လက်ထဲမှ ခွေးရုပ်ကလေးကို အတင်း လုပြေးလေတော့သည်။ အစ်ကို လုပ်သူက ပြန်မပေးသော အခါ မျက်ရည်များ ကျဆင်းပြီး ငိုလေတော့၏။ ဘုရင်မင်းမြတ်သည် သူ့ကို အငိုတိတ်စေရန် အကြီးကို ချော့မော့၍ ပြန်ပေးဖို့ ပြောလိုက်ရာ အကြီးကလည်း ငိုပြန်ချေတော့သည်။ ထို့နောက် မန်ရစ်ဆီသို့ လာပြီး သူ့ဖို့ "ခွေးရုပ်ကလေး တစ်ခုမျှ မရှိတော့ဘူးလား" ဟု မေးနေပေတော့သည်။

မန်ရစ်တွင် ခွေးရုပ်အပို မရှိတော့ချေ။ သူ့မှာ လက်ဆောင်ပေးဖို့ ဒုတိယတစ်မျိုး ပါလာခဲ့ပေသေးသည်။ သူသည် ဝတ်ရုံအင်္ကျီ အတွင်းမှ ကတ္တီပါအိတ်ကလေး တစ်ခုကို ဆွဲထုတ်လိုက်လေသည်။ ထိုအိတ်ထဲတွင် ကစားစရာ အရုပ်ကလေးတော့ မရှိချေ။ သူသည် အကြီးသူငယ်လေးကို ကစားစရာ အရုပ်နှင့် မသင့်တော့ပြီဟု တွေးထင် မိသည့်အတိုင်း အရုပ်အစား ပတ္တမြားစီ၍ ရွှေခွေးကွပ်ထားသော ကျောက်စလင်း လက်ကိုင်ရိုး

myanmar teashop www.mmteashop.com

တပ်ထားသည့် ဓားမြောင်ကလေး နှစ်လက် ယူလာခဲ့လေသည်။ ၎င်းတို့မှာ သီဟိုဠ်ကျွန်းမှ လက်ရာဖြစ်၍ တန်ဘိုးမမျှအောင် လှပ သေသပ်သဖြင့် အလှပြထားဖို့ ကောင်းပေသည်။

မင်းသားကလေးသည် သူ့ခါးက ဓားမြောင်ကလေးကို ဆွဲထုတ်လိုက်လေသည်။ ထိုဓားကလေးမှာ ဓားရိုးကို ရွှေဖြင့် ပြုလုပ်ထားပြီး ပုလဲကလေးများ စီထားလေသည်။ ဓားအိမ်မှာမူ ရွှေနှင့် လုပ်ထားသော်လည်း မဟူရာကျောက်များ စီထား၍ အတော် အဖိုးတန်သည့် လက္ခဏာ ရှိပေသည်။ ထို့နောက် သူသည် သီဟိုဠ်ဓားကလေးနှစ်လက်ကို မိမိခါးတွင် ထိုးလိုက်ပြီး သူ့ဓားကို ဘုန်းကြီးမန်ရစ်သို့ လက်ဆောင်တုံ့ပြန်သည့် အနေဖြင့် လှမ်းပေးလိုက်လေ၏။ ယင်းသို့ ချစ်စရာကောင်းသော အပြုအမူကြောင့် နန်းတွင်းသား အားလုံးကပင် ချီးကျူးစကား ပြောကြားကာ ဩဘာပေးကြလေသည်။ ဘုရင်မင်းမြတ်လည်း များစွာ ဝမ်းမြောက်တော်မူပေ၏။ မင်းသားကလေးလည်း ခမည်းတော်ထံသွား၍ ရှေ့တွင် ဒူးထောက်ကာ ဓားနှစ်လက်ကို မိမိ လက်ဖဝါး နှစ်ဖက်ပေါ်တင်၍ ခမည်းတော်ကြည့်ရှုရန် ပြနေလေသည်။

"မင်းက ဘုန်းကြီးကို ဓားတစ်လက်ပေးတဲ့အတွက် မင်း ဓားနှစ်လက် ရတာပေါ့" ဟု ရယ်မောပြောဆိုကာ ခွေးရုပ်နှင့် ကစားနေသော မင်းသားကလေးကို ခေါ်၍ "မင်းကတော့ ခမည်းတော်ကို ဘာမှ မပေးပါကလား" ဟု ကျီစယ် လိုက်လေသည်။

ယခုအခါ ဆင်ကလေးနှစ်ကောင်ကို ကွင်းထဲသို့ ထုတ်လာ ခဲ့ကြလေပြီ။ ဘုရင်မင်းမြတ်လည်း နေရာက ထ၍ ကွင်းထဲသို့ ဖြတ်လျှောက် သွားလေသည်။ ကြံပင် အချို့ကို ယူပြီး ဆင်ကလေးများ ဆီသို့ ပစ်ပေးလိုက်ရာ ၎င်းတို့လည်း ကြံချောင်းများကို နှာမောင်းနှင့် ကောက်ယူပြီး ပါးစပ်ထဲသို့ ဝမ်းသာအားရ လောဘတကြီး ထိုးသွင်း ဝါးစား လိုက်ကြလေသည်။ ထို့နောက် ဘုရင်မင်းမြတ်သည် မြင်းများ ရွေးချယ်သလို သူတို့၏ ကြန်အင်္ဂါလက္ခဏာများကို မေးမြန်း ဆွေးနွေးနေတော့၏။ မကြာမီ ကြံများ ကုန်သွားလေပြီ။ သူတို့သည် ရေသောက်လိုကြပြန်၏။ သူတို့အနီးတွင် ရေကန်ကလေး လုပ်ထားသည်။ ထိုရေကန်ငယ်ထဲသို့ သူတို့နှာမောင်းများကို နှစ်ပြီး မိမိကိုယ်ပေါ်သို့ ရေများ မှုတ်ထုတ်ကြသည်။ ၎င်းတို့ကို ဆင်တင်းကုတ်သို့ ပြန်ပို့သောအခါ သီရိသုဓမ္မမင်းသည် မိမိနေရာ သလွန်သို့ ပြန်၍ ထိုင်ပြီး ဘုန်းကြီး မန်ရစ်အား ပေါ်တူဂီပြည်၌ ဆင်များ ရှိမရှိ စုံစမ်း မေးမြန်းတော်မူလေသည်။ သို့နှင့် မန်ရစ်သည် ရှင်ဘုရင်နှင့် စကားလက်ဆုံ ဝင်နေတော့၏။ ဘုရင်မင်းမြတ်လည်း သီလိုသော မေးခွန်းအမျိုးမျိုးကို မေးမြန်းပြီးနောက် ဂိုအာမြို့၏ ရေတပ်အင်အားကို စုံစမ်းတော်မူပြန်သည်။ သူ၏ စိတ်ထဲ၌ ဂိုအာမြို့နှင့် မဟာမိတ် ဖွဲ့ရကောင်းမလား ဆိုသည့် အတွေးများ ဝင်နေဟန်တူသည်။ မန်ရစ်၏ ဖြေဆိုချက်တို့ကလည်း သူ့ကို အားပေးနေသကဲ့သို့ ရှိလေသည်။ ဘုရင်မင်းမြတ်၏ အမူအရာမှာ မိမိကိုယ်ကို အတော်နှိမ့်ချ ပြောဆိုနေသော လက္ခဏာ ရှိပေ၏။ ဤအချိန်မှာ မန်ရစ်အဖို့ မိမိတောင်းဆိုချက်ကို တင်ရန် သင့်လျော်သောအချိန် ဖြစ်ပေသည်။ "ဘဝရှင်မင်းတရားကြီး ဘုရားသခင်၏ သနားညှာတာမှုနှင့်တကွ အရှင်မင်းကြီး၏ ကြင်နာခြင်း အပြည့်ပါရှိသော မေတ္တာတော်တို့ကြောင့် ဘုရားရှိခိုးကျောင်း တစ်ဆောင်တော့ ကုသိုလ်တော်အဖြစ် လှူဒါန်းခွင့် ရခဲ့ပါပြီ။ သို့သော် အရှင်မင်းမြတ် သိတော်မူပြီး အတိုင်း ဘုရားရှိခိုးကျောင်းကို စောင့်ရှောက်ထားဖို့ရန် ဘုရားကျွန် ကျောင်းကျွန်များ လိုနေပါသေးသည်။ ဘုရားသခင် စံမြန်းတော်မူနိုင်စေရန် သန့်သန့်ရှင်းရှင်း လန်းလန်းဆတ်ဆတ် ထိန်းသိမ်း စောင့်ရှောက်ထားရန် အရေးကြီးပါသည်။ ကျွန်ုပ်တို့ ဘုရားရှိခိုးကျောင်းမှာ ယင်းသို့သော ဘုရားကျေးကျွန်များ မရှိသေးပါ။ အရှင်မင်းကြီး ကျေနပ်ဝမ်းမြောက်စွာနှင့် ကျွန်ုပ်တို့အတွက် ကျေးကျွန် အနည်းငယ်မျှ ခန့်ထားပေးမည်ဆိုလျှင် ဘုရားသခင်သည် အရှင်မင်းမြတ်အား ကောင်းချီး

myanmar ONLINE teashop
www.mmteashop.com

ပေးတော်မူပါလိမ့်မည်။ ဘုရားသခင်သည် အရှင်မင်းမြတ်နှင့် အတူရှိပြီး ကောင်းစွာ စောင့်ရှောက်ပါလိမ့်မည်။ ဤ တောင်းဆိုးချက်ကို ခွင့်ပြုတော်မူပါမည်ဆိုလျှင် အရှင်မင်းကြီးအတွက် ကောင်းသမျှ ကုသိုလ်ကံတို့ စုပြုံရောက်ရှိလာပြီး ထိုမျှမက ဘုန်းတန်ခိုး တိုးတက်ကြီးမားလာပါလိမ့်ဦးမည်" ဟု လျှောက်တင်လိုက်လေ၏။

ဤတောင်းဆိုချက်သည် ဘုရင်မင်းမြတ်အဖို့ မဖြစ်စလောက် သေးငယ်သော တောင်းဆိုချက်ဟု ဆိုနိုင်ပေသည်။ ရှေးအစဉ်အလာအတိုင်း လိုက်နာမည်ဆိုလျှင် သဘာဝကျသော တောင်းဆိုချက်လည်း ဖြစ်ပေသည်။ ဘုရင်မင်းမြတ်လည်း ထိုတောင်းဆိုချက်၏ နောက်ကွယ်၌ ဘာတွေ ရှိနေသည် ဆိုသည်ကို စိတ်မကူးမိပေ။ ထိုခရစ်ယာန်များနှင့် အတူ မလိုလားအပ်သော ကိစ္စတွေ ပါလာမည်ကိုလည်း မစဉ်းစားမိချေ။ သို့ဖြစ်၍ ချက်ချင်း သဘောတူလိုက်ပြီးလျှင် အမတ်တစ်ယောက်ကို ခေါ်၍ လိုအပ်သော ဘုရားကျွန်၊ ကျောင်းကျွန်များ ပေးသနားတော်မူကြောင်း ခွင့်ပြုစာ အမိန့်စာချုပ်ကို အကြမ်း ရေးသားရန် ညွှန်ကြားပြီးလျှင် "ကျွန်များကို ကျွန်ုပ်၏ သားတော်များ၏ တုံ့ပြန်သော လက်ဆောင်အဖြစ် အသင့်အား ပေးပါမည်" ဟု နစ်သက်စဖွယ် မိန့်ကြားတော်မူလေ၏။ မန်ရစ်လည်း အနူးအညွတ် အလေးပြုလိုက်လေသည်။

ထို့နောက် ခဏချင်းပင် မိမိ အနားယူလိုကြောင်း မိန့်တော်မူသဖြင့် အားလုံး စီတန်းလိုက်ပါကာ မိဖုရားနှင့် မောင်းမ မိဿံများနေရာ သီးသန့် အဆောင်တော်အရောက် လိုက်ပို့ကြကုန်၏။ အနောက်ဆောင် တံခါးဝ၌ မိန်းမစိုးတစ်ယောက် စောင့်လျက် ရှိပေသည်။ နန်းတွင်းသားတို့လည်း ဘုရင်မင်းမြတ် အခန်းထဲဝင်သွားသောအခါ ဒူးထောက်၍ အရိုအသေ ပြုလိုက်ကြလေသည်။

စာဖတ်သူတို့သည် ဤဝတ္ထု ဇာတ်ကွက်ထဲတွင် ကပ္ပတိန် တီဘာအို ပျောက်ကွယ်နေသည်ကို သတိပြုမိကြပေလိမ့်မည်။ သူသည် နိုင်ငံရေးနှင့်ဆိုင်သော ကိစ္စများ ပြီးစီးကတည်းက ဒီယင်းဂါးသို့ အမြန် ပြန်လည် ထွက်ခွာသွားပြီး ဖြစ်ပေလိမ့်မည်။ မန်ရစ်သာလျှင် ဘာသာရေး ကိစ္စတွေ တန်းလန်း ရှိနေသေး၍ နောက်ချန်ပြီး နေရစ်ခဲ့ခြင်း ဖြစ်ပေ၏။ ဘုရင်မင်းမြတ်သည် သူ့ကို နစ်သက်တော်မူဟန် ရှိပေသည်။ မကျန်းမမာ ဖြစ်သော အခါတွင်လည်း ဝမ်းမြောက်ဝမ်းသာ လက်ခံတွေ့ဆုံတော် မူပြီး အငြင်းပွားနေသော ဘာသာရေး မှုခင်းများကို မိမိရှေ့တော်မှာပင် စီမံဆောင်ရွက်ခွင့် ပြုလေသည်။ ထိုမှတစ်ပါး နန်းမတော်ဘုရားနှင့် တွေ့ဆုံရသလို အခြားနန်းတွင်းသူ နန်းတွင်းသားတို့နှင့်လည်း လွတ်လပ်စွာ တွေ့ဆုံ ရင်းနှီးခွင့် ပြုတော်မူပေ၏။ ကပ္ပတိန် တီဘာအိုကိုမူကား ယင်းကဲ့သို့သော အခွင့်အရေးများ ဘယ်အခါမှ ပေးလိမ့်မည် မဟုတ်ပေ။

မြောက်ဦးမြို့တွင် နေထိုင်လျက်ရှိသော ပေါ်တူဂီ လူမျိုးများကို ကျွန်ုပ်တို့ သိရသလောက် ဘယ်အခါမှ ရွှေနန်းတော် အတွင်းသို့ ဝင်ခွင့် ပြုတော်မမူပေ။ မန်ရစ်၏ ကြီးသောအောင်မြင်မှုကား ရှင်းရှင်းဆိုရသော် သူ့ကို ဘုရင်မင်းမြတ် နစ်သက်တော်မူလွန်း၍သာ ဖြစ်သည်ဟု ဖော်ပြရပေလိမ့်မည်။ ထို့ပြင် ခရစ်ယာန် ဘုန်းကြီးတစ်ပါး ဖြစ်သောကြောင့် ဟူ၍လည်းကောင်း ဆိုနိုင်ပေသည်။ ထိုခေတ်က အရှေ့တိုင်း ရှင်ဘုရင်တို့သည် ဘာသာရေးကို အကြောင်းအရာ တစ်ရပ်အနေဖြင့် စိတ်ဝင်စားကြသည်။ ဩဂုတ်စတင် ဂိုဏ်းများ၊ ဂျက်ဆူအစ်ဂိုဏ်းနှင့် အာရှတိုက်ရှိ ထီးနန်းအမျိုးမျိုးတွင် ရောက်နေကြသော အခြားဘုန်းကြီးများကို ကောင်းစွာ လက်ခံထားသည်မှာ ထိုအကြောင်းကြောင့်ဟု ဆိုရပေလိမ့်မည်။ သို့ရာတွင် အထက်၌ ဖော်ပြခဲ့သလို မန်ရစ်နှင့် ရင်းရင်းနှီးနှီး စကားပြောဆိုခြင်း၌ သီရိသုဓမ္မမင်းတွင် သာလွန်ထူးကဲသော အကြောင်းတစ်ခု ရှိပေသည်။ သူသည် ဂိုအာမြို့နှင့် မဟာမိတ် စာချုပ် ချုပ်ဆိုခွင့်ရဖို့ကိုသာ အာရုံစိုက်နေခဲ့သည် ဖြစ်ရာ ယင်းကိစ္စအတွက် သတင်း တစ်စုံတစ်ရာ ရရှိဖို့ အခွင့်အလမ်းကို ရှာနေခဲ့ပေသည်။ မန်ရစ်သည်ကား အမှန်ဆိုရလျှင် ဘုရင်မင်းမြတ်၏ မေးခွန်းများတွင် နောက်ကွယ်၌ ဘာရှိနေသည်ကို မရိပ်မိခဲ့ချေ။ ထိုအချိန်၌

သူ့စိတ်ထဲတွင် ဘုရားရှိခိုးကျောင်း ရရှိရေးသာ အဓိက ဖြစ်နေခဲ့ပေသည်။ မိန်းမဆောင်ခေါ် သီးသန့် ခန်းများကို ရှေ့ရှုနေသော တံခါးပေါက်၏ နောက်ကွယ်တွင်လည်း ထူးဆန်းသော အရာများ ရပ်တည် နေကြပေသည်။ မန်ရစ်သည် နန်းတွင်း ပါတီများ၏ မျှော်မှန်းချက်တို့ကို ရုပ်လုံးပေါ်အောင် မကြည့်မမြင်ခဲ့ရချေ။ ထို့ပြင် မိမိကို ဖေါ်ဖေါ်ရွေရွေနှင့် နှစ်သက်စဖွယ် ဆက်ဆံသော ရှင်ဘုရင်အား မည်သည့် ထူးခြားသော အလိုရမ္မက်များ စွဲကပ်နေသေးသည်။ သို့မဟုတ် အင်မတန် မျိုသိပ်၍ ထားရသော ကြောက်စရာများ ရှိနေသေးသည်ဆိုသော အချက်တို့ကိုလည်း မမှန်းဆမိခဲ့ချေ။

သူသည် ရခိုင်ပြည်နယ်တွယ် ခြောက်လကြာခဲ့ပြီးဖြစ်၍ (၁၆၃၁) ခုနှစ်၌ ဒီယင်းဂါးမြို့သို့ ထွက်ခွာခဲ့ပေ၏။ ဇန်နဝါရီလတွင် ပင်လယ်ရေပြင်မှာ ငြိမ်သက်လျက် ဥတုရာသီသာယာသဖြင့် ကုန်းလမ်းက သွားဖို့ မလိုတော့ပေ။ မြို့တော်က သဘော်ဆိပ်တွင် တိုက်လှေကြီး တစ်စင်းပေါ်သို့ တက်ခဲ့ပြီး ကုလားတန်မြစ်ကို စုန်ဆင်းခဲ့ကြကာ ယခုခေတ် စစ်တွေမြို့ သဘော်ဆိပ် အနီး ကပ်ဖြတ်၍ မြောက်ဘက်သို့ လှည့်လျက် ပင်လယ်သို့ ထွက်ခဲ့လေသည်။ သို့နှင့် မိမိ ကျောင်းထိုင်ရသော ဒီယင်းဂါးမြို့သို့ ရက်အနည်းငယ် အတွင်း ပြန်လည် ဆိုက်ရောက်ခဲ့လေတော့သည်။

myanmar teashop www.mmteashop.com

## အခန်း (၂၁)

## ဟူးဂလိမြို့ကို မဂိုမင်း တိုက်ခိုက်လေပြီ

မန်ရစ်သည် (၁၃၆၁) ခုနှစ် တစ်နှစ်လုံး ဒီယင်းဂါးမြို့တွင် အချိန်ကုန်ခဲ့ရုံမက နောက်နှစ်ထဲသို့ပင် ကူးလာခဲ့လေပြီ။ ကျောင်းထိုင်ဘုန်းကြီးအဖြစ် သာသနာရေး ကိစ္စများကို ဆောင်ရွက်နေရသဖြင့် အလုပ်များပြီး အချိန်ကုန်ခဲ့များပင် မသိတော့ချေ။ သီရိသုဓမ္မမင်းသည် ၎င်းအား အနီးအနားရှိ အန်ဂါရာစလီခေါ် တံငါရွာကလေးတွင် ဘုရားရှိခိုးကျောင်း တစ်ဆောင် ဆောက်လုပ်ခွင့်ပြုတော်မူခဲ့၏။ ထို့ပြင် နေရာအနှံ့အပြား အိုးအိမ် တည်ဆောက်နေကြသော ကုလား ခရစ်ယာန်တို့ကို စုပြီး ထိုဘုရားကျောင်းအနီး၌ နေရာချထားပေးရန်ကိုလည်း ခွင့်ပြုတော်မူသဖြင့် ယင်းကိစ္စအတွက်လည်း အလုပ်များခဲ့ရပေသည်။

(၁၆၃၂) ခုနှစ်အတွင်းဆီသို့ ဝင်လာသောအခါ ဟူးဂလိမြို့မှာ ကြောက်စရာကောင်းသော ခေတ်ထဲသို့ ရောက်လာသည်ကို မြင်ရပေသည်။ ဟူးဂရိမြို့သည် မန်ရစ် နေထိုင်ခဲ့စဉ်ကာလ (၁၆ - ၂၈ - ၂၉) ခုနှစ်လောက်ကဆိုလျှင် အလွန်ပျော်စရာကောင်းသော မြို့လေးတစ်မြို့ဖြစ်ပြီး ဩဂတ်စတင်ဂိုဏ်းဝင် သာသနာပြုကျောင်းများက ဘုန်းကြီးတို့သည်လည်း စည်းစည်းလုံးလုံးနှင့် သာသနာရေး ကိစ္စများကို အားကြိုးမာန်တက် ဆောင်ရွက်နေခဲ့ကြပေသည်။ (၁၆၂၈) ခုနှစ်တွင် မဂိုဧကရာဇ်ဘုရင် ဂျေးဟင်းဂါး ကွယ်လွန်လေသည်။ ပေါ်တူဂီတို့သည် ငြိမ်းချမ်းစွာ စိုးစံနေသော ထိုဘုရင်မင်းမြတ်နှင့် ဆက်ဆံရာတွင် ဆက်ခံသာသားတော် ရှားဂျေးဟန်မင်းမှာ မူစလင်စစ်စစ်ဖြစ်သည့်အတိုင်း ခရစ်ယာန် ဘာသာအပေါ်၌ ဣဿာမစ္ဆရိယတရား များလှပေသည်။ အထူးသဖြင့်ကား ဟူးဂလိမြို့တွင် နေထိုင်ကြသော ခရစ်ယာန်တို့ အပေါ်၌ သာ၍ မရှုစိမ့်အောင် ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် မိမိထီးနန်းအတွက် ညီအစ်ကိုချင်း တိုက်ခိုက်ကြစဉ် အခါက ဟူးဂလိ စစ်ဗိုလ်အချို့မှာ မိမိအပေါ်တွင် မချေမငံ့ ဆက်ဆံ ခဲ့ကြရုံမက မိမိ နန်းတက်သော အခါတွင်လည်း ထုံးစံအတိုင်း လက်ဆောင်ပဏ္ဏာနှင့် ဝမ်းသာကြောင်း သဝဏ်လွှာများ ပေးပို့ခြင်း မပြု ခဲ့ကြသောကြောင့်တည်း။

ဟူးဂလိမြို့သည် အထက်တွင် ကျွန်ုပ်တို့ သိခဲ့ကြရပြီးသည့်အတိုင်း အာရှတိုက်ရှိ ပေါ်တူဂီပိုင်နက် နယ်မြေတို့တွင် အကျုံးမဝင်ပဲ ကုန်ရောင်း ကုန်ဝယ်ပြုလုပ်ရန် သက်သက် သီးခြားတည်ရှိနေသော မြို့တစ်မြို့သာဖြစ်ပေသည်။ ထိုမြို့တွင် ပေါ်တူဂီလူမျိုးစစ်စစ် ယောကျ်ားချည်းသုံးရာခန့်ရှိပေသည်။ သူတို့၏ သားမယားတို့မှာ ဥရောပ တိုက်သူများဖြစ်ကြသည်။ သို့ရာတွင် အများအားဖြင့် ကပြား Eurasian နှင့် တိုင်းရင်းသူ ကုလားမများ ဖြစ်ကြသည်။ ကျန်သော မြို့သူမြို့သားတို့မှာ လူဦးရေ စုစုပေါင်းတစ်သောင်းခန့်ရှိ၍ ကုလားမျိုး ကုန်သည် ဈေးသည်၊ အပ်ချုပ်သည်နှင့် ကျေးကျွန်များ ဖြစ်ကြပြီး ကျေးကျွန်ဦးရေက အများဆုံး ရှိပေသည်။ အားလုံး ခရစ်ယာန်ကြီးဖြစ်သည်။ အကောက်ခွန်များကို မဂိုမင်းအား ဆက်သကြရသော်လည်း

myanmar ONLINE teashop
www.mmteashop.com

မိမိတို့မြို့ကို မိမိတို့ဘာသာ ကိုယ်ပိုင်အုပ်ချုပ်ကြရလေသည်။ မြို့ကို မြို့ရိုး ကျုံးမြောင်း ကာရံထားခြင်း မရှိသော်လည်း မြို့သူမြို့သားတို့မှာ လက်နက်အပြည့်အစုံ တပ်ဆင် ကိုင်ဆောင်ထားကြသည်။ မဂိုဘုရင်၏ ရွှေနန်းတော်က အလိုရှိသော ကုန်ပစ္စည်းများကို ဝယ်ယူ၍ ပေးသွင်းကြရသည်။ အခွန်ဘဏ္ဍာ ကောက်ပေးကြရသည်။ ၎င်းတို့ အပေါ်က ထိုက်သင့်သော အခကော်မရှင်များဖြင့် မြို့ကို စီမံအုပ်ချုပ်ကြရ၏။ ဧကရာဇ်ဘုရင် ဂျေဟင်းဂါး လက်ထက်က ဆိုလျှင် မြို့မျက်နှာဖုံးဖြစ်သော လူကြီးပိုင်းကို မြေများနှင့် အခြားအခွင့်အရေးများကို အခွန်လွတ် ပေးသနားခဲ့ဖူး သောကြောင့် ချောင်ချောင်လည်လည် နေနိုင် စားနိုင်ခဲ့ကြပေသည်။

ဟူးဂလီမြို့သည် အိန္ဒိယ အစိုးရအတွက် အသုံးဝင်သော မြို့ဖြစ်သော်လည်း အနှောက်အယှက် ကလေးများလည်း တစ်ခါတစ်ရံ ဖြစ်ပေါ်ခဲ့ပေသေးသည်။ မည်ကဲ့သို့နည်း။ ရခိုင်ဘုရင်အတွက် ဘင်္ဂလာနယ်ကို မကြာခဏ ဝင်ရောက် တိုက်ခိုက် လုယက်နေကြသော ဒီယင်းဂါးမြို့က ပေါ်တူဂီ သေနတ်ကိုင်တပ်များကို ယန်းမုန့်နှင့် သေနပ်များ ရောင်းချလေ့ ရှိကြသည်။ ထိုပေါ်တူဂီလူမျိုးတို့သည် မိမိတို့ဖမ်းဆီးခဲ့သော လူသားလူမျိုးများကို မိမိတို့လည်း အသုံးမပြု မြောက်ဦးမြို့သို့လည်း မပို့ပဲ ဟူးဂလီမြို့တွင် ဈေးကောင်းကောင်းနှင့် ရောင်းချနေကြသည်။ သို့နှင့် ယင်းသို့ လူဖမ်းပြီး ကျေးကျွန် အဖြစ် ရောင်းချသော အလေ့မှာ တစ်နေ့ထက်တစ်နေ့ ဆိုးဝါးလာတော့သည်။

မန်ရစ်ကိုယ်တိုင် အသက်ဘေးမှ ကယ်ဆယ်လိုက်ရဖူးသော မဂိုစစ်ဗိုလ်ကြီး၏ ဇနီးကို ဖမ်းဆီးသွားသော ကိစ္စမှာမူ ရှားဂျေးဟန်ဘုရင်အား အကြီးအကျယ် စိတ်ဆိုးအောင် လုပ်သကဲ့သို့ ရှိခဲ့လေတော့သည်။ ယင်းသို့ ဖြစ်သော်ငြားလည်း ရှင်းနေသော အချက်ကား ဟူးဂလီ မြို့အုပ်ချုပ်ရေးပိုင်း ဆိုင်ရာ အာဏာပိုင်တို့မှာ ဒီယင်းဂါးမြို့က ပင်လယ် ဓားပြများနှင့် မည်သို့မျှ အဆက်အသွယ် မရှိခြင်းပင်တည်း။ သို့သော် သူတို့သည် ပြတ်ပြတ်သားသား မလုပ်ခဲ့ကြချေ။ ယင်းသို့ မပြတ်မသား ရှိနေခြင်းက ရှားဂျေးဟန်အား ဘာသာရေးနှင့် ပတ်သက်သော မလိုမုန်းထားစိတ် ဖြစ်လာအောင် လုပ်ပေးနေသကဲ့သို့ ရှိတော့သည်။ ထိုသို့ နန်းတက်၍ လေးနှစ်မြောက် (၁၆၃၂) ခုနှစ်၊ မေလတွင် ရှားဂျေးဟန်သည် ဘင်္ဂလားပြည်နယ် ဘုရင်ခံချုပ်အား တမန်တော်မိုဟာမက်နှင့် နိုင်ငံတော်အကြိုးကို မြော်တောက်ကာ ဟူးဂလီမြို့ကို ချီတက်၍ တိုက်ခိုက် လုယက်ပြီး မီးရှို့ဖျက်ဆီးပစ်ရမည်ဟု အမိန့်ထုတ်ဆင့် လိုက်လေသည်။

အရှေ့တွင် လျှို့ဝှက်ချက်မရှိ ဟူ၍ ဆိုရိုးစကား ရှိသည့်အတိုင်း ရှာဂျေးဟန်၏ အမိန့်စာ မိတ္တူများမှာ ဒေလီ ရွှေမြို့တော်နှင့် ဘုရင်ခံချုပ် ရှိရာ ဒက္ကာမြို့က ဂျက်ဆူအစ် ခရစ်ယာန် ဘုန်းကြီးတို့လက်သို့ ရောက်ရှိကြသဖြင့် သတင်း ပေါက်ကြားခဲ့သည်။ သို့နှင့် ဟူးဂလီမြို့သို့ သတိပေးစာများ ချက်ချင်း ပို့ခဲ့ကြလေသည်။ သို့သော မြို့အုပ်ချုပ်ရေး ကောင်စီဝင် လူကြီးတို့သည် ဤကဲ့သို့ ချိန်းခြောက်လာသော ဘေးအန္တရာယ်သတင်းကို မယုံကြည်ကြကုန်။ ဘုရင်မင်းမြတ်သည် မိမိတို့အား ခန့်လုံသော စုံစမ်းမှု မပြုသေးပဲ ရုတ်တရက် ချက်ချင်း အရေးယူတော်မူလိမ့်မည်ဟု ထင်မှတ်ကြသည်။

ထိုသတင်းကြားပြီးနောက် ဘာလုပ်ကြသနည်း။ ဘာမှ မလုပ်ကြပေ။ အဆက်အသွယ်ယူ၍ စေ့စပ် ဆွေးနွေးခြင်းဖြစ်လည်း ပြေငြိမ်းသွားအောင် အားမထုတ်ကြချေ။ ဘုရင်မင်းမြတ်ထံသို့ ကိုယ်စားလှယ်လွှတ်၍ ရှင်းလင်း တင်ပြခြင်းလည်း မပြု။ မြို့လုံခြုံမှုအတွက် ခုခံကာကွယ်ရန် ပြင်ဆင်မှုများလည်း မလုပ်။ ငုတ်တုတ်သာ ကြည့်နေခဲ့ကြသည်။

myanmar teashop www.mmteashop.com

ဤနေရာတွင် အံ့ဩစရာ တစ်ခုအကြောင်း ဖော်ပြလိုပေသည်။ ဟူးဂလီမြို့တွင် ယခင်အခါက နေထိုင်သွားဖူးသော ခရစ်ယာန် ဘုန်းကြီးနှစ်ပါးအနက် တစ်ပါးမှာ နက္ခတ်ဗေဒင်ကို တတ်ကျွမ်း၍ တစ်ပါးက သဘာဝဓမ္မတရားကို လေ့လာ လိုက်စားခဲ့လေသည်။ ထိုဘုန်းကြီးနှစ်ပါးက ဟူးဂလီမြို့သည် တစ်နေ့သောအခါ အကြီးအကျယ်ပျက်စီး၍ မြို့သူမြို့သားတို့မှာ ဒုက္ခကြီးစွာ ဆိုက်ရောက် ရပေလတ္တံ့ဟု နှစ်အတော်ကြာကပင် တင်ကြို၍ ဟောကိန်းထုတ်ခဲ့ ကြဖူးလေသည်။ ထိုဟောကိန်းကို လူတိုင်းလိုလို သိထားပြီးဖြစ်သော်လည်း မည်သူမျှ ယခုရရှိလာသော သတိပေးစာများနှင့် ဆက်စပ်၍ စဉ်းစားခြင်း မပြုခဲ့ကြ။ ထိတ်လန့်တကြား သတိထားခြင်းလည်း မရှိခဲ့ကြချေ။ ထိုအခါက ဘင်္ဂလားပြည် ဘုရင်ခံချုပ်မှာ ကွာစင်ခန့် Quasim Khan ဆိုသူဖြစ်သည်။ သူသည် အထက်တန်းစား မင်းမျိုးမင်းနွယ်က ဆင်းသက်ပေါက်ဖွားလာသူဖြစ်ရုံမက နာမည်ကျော် ကဗျာဆရာကြီး တစ်ဦးလည်း မှန်ပေသည်။ သို့သော် သူသည် ရွှေနန်းတော်နှင့် အလွန့်အလွန် ဆက်စပ်လျက်ရှိသည့်အပြင် တန်ခိုးအာဏာကြီးသော နန်းမတော်မိဖုရားခေါင်ကြီး နူးဂျေဟန် Nur Jahan ၏ ညီမတော်မှ မွေးဖွားလာသူ ဖြစ်လေသည်။ သူသည် ဧကရာဇ်ဘုရင်မင်းမြတ်၏ အမိန့်ကိုနာခံရသောအခါ ထိုအမိန့်ကို အကောင်အထည်ဖော်ဖို့ရန် အနည်းငယ် လက်တွန့်နေခဲ့ပေသည်။

ဟူးဂလီမြို့က ပေါ်တူဂီတို့သည် မြို့ရိုးမြို့တာလည်း မလုပ်။ အမြောက်တပ်လည်း မထား။ ပေါ်တူဂီစစ်စစ် လူသုံးရာလောက်သာ အင်အားရှိပြီး သူတို့၏ ကုလားစစ်သား ဦးရေမှာလည်း တစ်ထောင့်ငါးရာထက် မပိုချေ။ သို့သော် ပေါ်တူဂီ လူမျိုးတို့မှာ မိမတို့နိုင်ငံကို (၁၅၈၀) ခုနှစ်တွင် စပိန်ပြည်က သိမ်းယူခဲ့၍ အင်အား ဆုတ်ယုတ်ခဲ့သည့်တိုင် ယခုထိ အံ့ဩလောက်အောင် နာမည်ကျော်ကြားနေဆဲ ဖြစ်ပေသည်။

လွန်ခဲ့သော နှစ်ပေါင်း တစ်ရာ့သုံးဆယ်အတွင်း အိန္ဒိယမင်းများက ပေါ်တူဂီတို့ကို အကြိမ်ပေါင်းများစွာ တိုက်ထုတ် ခဲ့ဖူးသည့်အပြင် နောက်ပိုင်းတွင်လည်း မဂိုဘုရင် အဆက်ဆက်အလားတူ တိုက်ခိုက်ခဲ့ကြသော်လည်း သူတို့ကို တစ်ကြိမ်တစ်ခါမျှ အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့သည် မရှိချေ။

ဒီယင်းဂါးမြို့တွင် နေထိုင်သော ပေါ်တူဂီတို့မှာလည်း ဘင်္ဂလားနယ်ကို အမြဲဒုက္ခ ပေးနေကြပြီး ၎င်းတို့ရန်မှ ကာကွယ်နိုင်မည့် နည်းလမ်းများလည်း အသစ် ရှာကြံ၍ မရကြသေးချေ။ ထိုလူမျိုးများကို တိုက်ခိုက်ဖို့အရေးမှာ လွယ်ကူသော ကိစ္စမဟုတ်။ သူတို့မှာ မြို့ရိုး၊ ကျုံးမြောင်း မရှိဟု ဆိုရသော်လည်း အလွန်ကောင်းသော လက်နက်ခဲယမ်း အမြောက်အမြား ရှိနေပေသည်။

သူတို့၏ သတ္တိကလည်း ဘီးလူးသဘက်များကဲ့သို့ ရှိတော့သည်။ သူတို့ကို လူအင်အားနှင့် ဖိ၍ အနိုင်ယူရသည့်တိုင်အောင် မိမိတို့ဘက်က အကျအဆုံး မတန်တဆ များပြားဖွယ် ရှိနေပေသည်။ ထို့ပြင်လည်း လူတိုင်း လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုထားသည့်အတွက် အနီးပတ်ဝန်းကျင်ရှိ တိုင်းရင်းသား ကုလားလူမျိုးများသည် ၎င်းတို့ကိုမှီ၍ ချမ်းသာကြွယ်ဝခဲ့ကြသဖြင့် အနီးပတ်ဝန်းကျင်မှ တိုင်းရင်းသားတို့၏ အားပေးမှုကိုလည်း မိမိတို့ဘက်က မမျှော်မှန်းနိုင်ချေ။ ဤအကြောင်းတို့သည် ဘင်္ဂလားဘုရင်ခံချုပ်အား တိုက်ခိုက်ရန် လက်နှေးစေသောအချက်များ ဖြစ်ကြပေသည်။

ထို့ပြင်သူ၏ စိတ်ထဲ၌ ဖြစ်ပေါ်နေသော တွေးခေါ်ယူဆချက်မှာ ရွှေနန်းတော်အတွက် အခွန်ဘဏ္ဍာများစွာ ရရှိနေသော ဟူးဂလီမြို့ကို ဖျက်ဆီးပစ်ရမည်မှာ မိမိအင်အားကို မိမိဖြိုးဖျက်ရာ ကျမည်ဖြစ်ကြောင်းကို သတိရပြီး ဘုရင်မင်းမြတ် စိတ်တစ်မျိုး ပြောင်းကာ အမိန့်ကို ပယ်ဖျက်လို ပယ်ဖျက်ငြား အချိန်ဆွဲထားခဲ့ပေသည်။

myanmar teashop www.mmteashop.com

သို့ရာတွင် တပ်က ထွက်ပြေးခဲ့သော ပေါ်တူဂီကပ္ပတိန် မာတင်ဒီမဲလိုး Martin de Mello ဆိုသူသည် ဟူးဂလီမြို့က အာဏာပိုင်များအပေါ် မနာလို မရှုစိမ့်ဖြစ်ရကား ဟူးဂလီကို အမြန်ဆုံးတိုက်ခိုက်ရန် ဘုရင်ခံချုပ်ကို အားပေး တိုက်တွန်းမှု ပြုနေခဲ့လေသည်။ ဟူးဂလီမြို့က ဩဂတ်စတင်နှင့် ဂျက်ဆူအစ် သာသနာပြုကျောင်းများကို အပြုတ် ဖြုတ်ပစ်နိုင်လျှင် မည်ကဲ့သို့သော ပစ္စည်းဥစ္စာ ရတနာတွေ ရနိုင်ကြောင်းဖြင့် လုယက်ရရှိနိုင်မည့် စာရင်း အသေးစိတ်ကိုလည်း တင်ပြတိုက်တွန်းလျက် ရှိပေသည်။ ဒီမဲလိုးက ဟူးဂလီမှ ပေါ်တူဂီများ ယောက်ျားမပီသကြောင်း၊ လူတိုင်းလိုလို မယားငယ်များစွာယူပြီး ပစ္စည်းဥစ္စာ ချမ်းသာကြ၍ ဇိမ်ခံနေသူများဖြစ်ကြောင်း၊ ဘုရင်ခံချုပ်ကသာ မြို့ကို အင်အားရှိသမျှနှင့် ဝိုင်းလိုက်လျှင် သူတို့ လွယ်လင့်တကူ လက်နက် ချကြလိမ့်မည် ဖြစ်ကြောင်း၊ မိမိစစ်တပ်တွေ ဟူးဂလီသို့ ရောက်နေခိုက် ရခိုင်ဘုရင်က အရှေ့ဘက်မှ လာတိုက်မည်ကိုလည်း စိုးရိမ်ရန်မရှိကြောင်း၊ အဘယ်ကြောင့် ဆိုသော် ၎င်း၏ ရေတပ်ကို မုတ်သုန်ရာသီလေများက ပင်လယ်သို့ မထွက်နိုင်အောင် ဆီးတားထားကြမည်ဖြစ်သည့်အပြင် ရခိုင်ဘုရင်က ဟူးဂလီမြို့ကို စစ်ကူပို့ရန် အစီစဉ်များလည်း မရှိသောကြောင့် အနောက်အရှက် အခက်အခဲ မရှိဘဲ အောင်မြင်မည်ဖြစ်ကြောင်း စသည်ဖြင့် ကျိုးကြောင်းပြကာ ဘုရင်ခံချုပ်ကို စိတ်ပါလာအောင် တိုက်တွန်း နိုင်ခဲ့လေသည်။

ယင်းသို့သော အကြောင်းပြချက်များသည် အနိုင်ရခဲ့လေပြီ။ ကွာစင်ခန့် Quasim Khan သည် စစ်သည်အင်အား တစ်သိန်းငါးသောင်းစုရုံး၍ အမြောက်တပ်၊ လှေတပ်များ အသီးသီးဖွဲ့စည်းကာ မိမိ၏သားတော် အီနာယာတူလာခန် Inayatullah Khan ကိုဗိုလ်ချုပ်၊ အတွေ့ကြုံများသော ပထန်လူမျိုး စစ်ဗိုလ်ကြီး ဗဟာဒူးခန် Bahadur Khan ကို တပ်မှူး၊ အသီးသီးခန့်ထား ကွပ်ကဲစေလျက် ဟူးဂလီမြို့ကို တိုက်လေတော့၏။

မဂိုစစ်တပ်ကြီးကို ဘွားခနဲ တွေ့လိုက်ကြရသောအခါ ပေါ်တူဂီတို့မှာ မှင်သက်မိသကဲ့သို့ ကြက်သေ သေကုန်ကြပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်ကြတော့၏။ ပထမသော် တစ်မြို့လုံး ဟိုပြေးဒီပြေးနှင့် ရှုပ်ထွေးနေကြသည်။ ညပိုင်း ရောက်လာသောအခါ ကပ္ပတိန်မင်နူရယ် ဒီအဇီဗီဒို Manoel de Azevedo လည်း နိုင်နိုင်နင်းနင်း ထိန်း၍ ရသွားလေသည်။ သို့နှင့် လမ်းများကို ပိတ်ဆို့ပြီး သူတို့၌ တစ်ပုံတစ်ပင်ကြီး ရှိနေသော တူမီး သေနတ်ကောင်းများကို မြို့သားတို့အား ဝေငှပေးလျက် တပ်ခွဲဗိုလ်များ ခန့်ထားကာ မြို့ကာကွယ်ရေးကို စီမံကြရပေတော့သည်။

နောက်နေ့နံနက်တွင် မြို့အုပ်ချုပ်ရေးကောင်စီ အစည်းအဝေးခေါ်ပြီး အလိမ္မာသုံးဖို့ ဆုံးဖြတ်ကြသည်။ ထို့နောက် မဂိုစစ်ဗိုလ်ချုပ်၏ ရည်ရွယ်ချက်ကို သိရှိရန်နှင့် သင့်လျော်သော စည်းကမ်းချက်များ လုပ်နိုင် မလုပ်နိုင် အကဲခတ်ရန် ဘုန်းကြီးကာဘရယ်လ်အား ကိုယ်စားလှယ် ခန့်၍ စေလွှတ်လိုက်ကြလေသည်။ ၎င်းကို အီနာယာတူလာခန်က လက်ခံ တွေ့ဆုံလေသည်။ တူလာခန်သည် မြို့အုပ်ချုပ်ရေးနှင့် ပတ်သက်၍ တိုင်စာများ ရရှိထားသောကြောင့် စုံစမ်းရန် လာသည်ဟု မလိမ့်တပတ် ပြောပြသည်။ အသေအချာ မေးမြန်းသောအခါ သူက မိမိတို့ ပိုင်နက်အတွင်း သွားလာနေသော လှေများကို မကြာခဏ တိုက်ခိုက် လုယက်နေသော ဒီယင်းဂါးက လူဆိုးများကို ဟူးဂလီမြို့က အကူအညီ ပေးနေသောကြောင့် စုံစမ်းရန်လာကြောင်း ပြောပြလေတော့သည်။ (ဤတွင်း ရှေ့အခန်း၌ ဆိုခဲ့ဖူးသော အဖမ်းခံရသည့် ဗိုလ်ချုပ်ကတော်ကို ရည်ညွှန်း ပြောဆိုဟန် တူပေသည်။) ကာဘရယ်လ်လည်း ထိုစွပ်စွဲချက်များ မမှန်ကန်ကြောင်းကို အထောက်အထား ပြနိုင်ပါသည်ဟု ပြောသောအခါ တူလာခန်က မိမိတို့ရသော သတင်းသာ မှန်ကန်၍ အထောက်အထားကို

မိမိကိုယ်တိုင် ပြန်နိုင်ကြောင်း၊ ဟူးဂလီမြို့ထဲ၌ ဝှက်ထားသော အဖမ်းခံ ကုလားများ ရှာဖွေ တွေ့ရှိမည် ဆိုလျှင် (အမှန်ပင် ရှာလျှင် တွေ့မည့်ဆဲဆဲ ပင်) ဒီယင်းဂါးမြို့နှင့် ပူပေါင်း လုပ်ကိုင်သည်ဟု အမှန်ယူဆရမည် ဖြစ်ကြောင်း ပြန်လည် ပြောဆိုလေသည်။

ဟူးဂလီမြို့ထဲတွင် ဖမ်းဆီး ရရှိထားသော လူပေါင်းများစွာ ရှိသည်မှာ အမှန်ပင် ဖြစ်ပေသည်။ သို့ရာတွင် ထိုလူများကို ဒီယင်းဂါး ပင်လယ်ဓါးပြများက လာရောက် ရောင်းချ သွားကြသည်သာ ဖြစ်၍ တရားသဖြင့် ဝယ်ယူ ထားကြခြင်းသာ ဖြစ်သည်ဟု သဘောထားနေခဲ့ကြသည်။ ထို့ပြင်လည်း ထိုလူများမှာ အားလုံးလိုလိုပင် ခရစ်ယာန်ဘာသာ ထဲသို့ ဝင်ပြီး ကြလေပြီ။ ကာဘရယ်လ်လည်း မြို့ကို ရှာဖွေလျှင် ခံမည်ဖြစ်ကြောင်း၊ ယင်းသို့ မလုပ်မီ နှစ်သက် သဘောတူညီမည့် အချက်များ ရှာဖွေဖို့လိုကြောင်း၊ နည်းလမ်းမရှိမှသာ လုပ်ရမည်ဖြစ်ကြောင်းများကို ရှင်းပြပေသည်။ ကျွန်များကို လက်လွှတ်လိုက်ရမည်မှာ ထိုကျွန်တို့သည် ခရစ်ယာန်များ ဖြစ်နေကြသည့်အတွက် ၎င်းတို့ကို မည်သည့် နည်းနှင့်မျှ အကြောင်းမဲ့ စွန့်ပစ်ထားနိုင်မည်မဟုတ်ပေ။

စေ့စပ်ရေး ပျက်ခဲ့လေပြီ။ တိုက်ပွဲလည်း ဇူလိုင်လ (၂) ရက် အရုဏ်တက်အချိန်တွင် စလေ၏။ မဂို စစ်တပ်ကြီးသည် ကုန်း၊ ရေ နှစ်ဖက်ညှပ်၍ လေးဖက်လေးတန် ဝိုင်းထားသဖြင့် မြို့စွန် နိဂုံးများ လက်လွှတ်လိုက်ရလေပြီ။ သို့ရာတွင် မင်နူရယ် အဇီဗီဒိုသည် သူ၏ ခံစစ်ကြောင်းကို တပ်ဖြန့်မထားဘဲ စု၍ ခံလေသည်။ ကောင်းစွာ တူးဖော် ထားသော မြေကတုတ် တူးကျင်းများမှ ခြေကုပ်ရထားကြသည်။ မဂိုစစ်တပ်ဘက်တွင်မူ အထိအခိုက်အရှုံအနများ၍ လူခြောက်ရာခန့် ကျဆုံးပြီး၊ ပေါ်တူဂီတို့ ဘက်ကမူ မိမိလူမျိုးခြောက်ယောက်နှင့် ကုလားစစ်သား ငါးဆယ်ခန့် ဆုံးရှုံးပေ၏။ ယင်းကား ပထမနေ့ တိုက်ပွဲမျှသာ ရှိသေးသည်။ ထို့နောက် မြို့ကို ဝိုင်းထားကြသည်မှာ သုံးလပင် ကြာလေသည်။

မဂိုစစ်ဗိုလ်အချို့က ယင်းသို့သော အသားလွတ် စွန့်စားမှုမျိုးကို စွန့်လွှတ်ရန် အိနယာတာလူခန်အား တိုက်တွန်းခဲ့ကြသေးသည်ဟု အဆိုရှိပေသည်။ "အကယ်၍သာ ပေါ်တူဂီဘက်က လက်ရှိ အခြေအနေထက် နည်းနည်း သာမည်ဆိုလျှင် ဘင်္ဂလားပြည် တစ်ပြည်လုံးသော် လည်းကောင်း၊ ထိုမျှမက အိမ်နီးပါးချင်း ပြည်များကသော် လည်းကောင်း၊ ပေါ်တူဂီတို့ဘက်က ဝိုင်းအုံ ထကြွ လာကြပေလိမ့်မည်"ဟု ကာဘရယ်လ်၏ စာထဲ၌ ပါရှိပေသည်။ ဤစာ၏ အဓိပ္ပါယ်ကို တွေးကြည့်လျှင် အိန္ဒိယတိုင်းသားတို့သည် မဂိုဘုရင်များ လာရောက် အုပ်စိုးနေသည်ကို အဘယ်မျှ မကျေမနပ် ဖြစ်နေကြသည်ကို အကဲခတ်နိုင် ပေလိမ့်မည်။ ထို့ပြင် ကာဘရယ်လ်က ထိုပေါ်တူဂီတို့သာ လွတ်လွတ်လပ်လပ်နှင့် ငွေရေးကြေးရေး တောင့်တင်းနေပါက အာရှတိုက် တစ်ခွင်ရှိ ပေါ်တူဂီပိုင် အခြားနယ်မြေများကိုပါ ထောက်ပံ့ ထားနိုင်ပေလိမ့်မည် ဟူ၍လည်း ထင်မြင်ချက် ပေးထားလေသည်။ မန်ရစ်၏ မှတ်တမ်းတွင်လည်း အလားတူ မှတ်ချက်မျိုး ရေးထားခဲ့ပေ၏။

တစ်နေ့သောအခါ မန်ရစ်သည် မြောက်ဦးမြို့၏ ကာကွယ်ရေး လုပ်ငန်းများကို လိုက်လံ ကြည့်ရှုခဲ့ပြီးနောက် "ပေါ်တူဂီများသည် အကယ်၍သာ မိမိတို့၌ရှိသော အင်အားနှင့် သတ္တိကို မိမိတို့ ပိုင်ဆိုင်ထားတဲ့ မြေပေါ်မှာ ယခုလို အကြောင်းမဲ့ ဖြုန်းတီး ပစ်နေကြမည်ဆိုလျှင် ဘာမှ အသုံးကျတော့မည် မဟုတ်"ဟု မှတ်ချက် ချခဲ့ဖူးလေသည်။ ပေါ်တူဂီပြည်ကို စပိန်နိုင်ငံထဲသို့ ဆွဲသွင်း ခံခဲ့ရသောအခါ ပေါ်တူဂီအင်ပါယာကြီးမှာ ခြေမလှုပ်နိုင်၊ လက်မလှုပ်နိုင် ဖြစ်ခဲ့ရပေသည်။ "မိမိ၏ သင်္ဘောတပ်များလည်း အရှေ့တိုင်းသို့ တပ်ဖြန့်၍ စေလွှတ်စရာ မကျန်ရှိတော့ချေ။ ယင်းသို့သော ထောက်ပံ့မှုမျိုး ကင်းလာသည့်အခါ

ကိုလိုနီနယ်ချဲ့တို့မှာ အညွန့်အတက်ထွက်ဖို့ နေနေသာသာ ရန်သူများ လာရောက် တိုက်ခိုက်ခြင်းကိုပင် ရပ်တည်ခုခံခြင်း မပြုနိုင်ကြတော့ပေ။ အာရှတွင်လည်း ဥရောပအတိုင်းပင် ရှိပေသည်”ဟု ဖော်ပြထားပေ၏။

ယခုအခါ ဟူးဂလီကို ရန်သူများ ဝိုင်းထားပြီဖြစ်ရာ အထက်ပါ စကားတို့ မှန်ကန်ကြောင်း သာဓကတစ်ရပ် ဖြစ်နေတော့၏။ သို့သော် ပေါ်တူဂီတို့၏ ဖွဲ့သတ္တိကား မြင့်မြဲမြင့်လျက်ပင်။ သူတို့ နေခဲ့ထိုင်ခဲ့ကြပုံမှာ ဇိမ်ခံနေသူများ အဖြစ်ဖြင့် လူမလေးခွေးမခန့် ဆိုသလို ရှိခဲ့ကြသည်။ သို့ရာတွင် သူတို့ အင်ပါယာကြီး ကျဆုံးခဲ့ရသည်မှာ သူတို့၏ ကိုယ်ကျင့်တရားကြောင့် မဟုတ်ပေ။ မဒ္ဒရစ်မြို့နှင့် လစ္စဘွန်မြို့တို့ ကျဆုံးခဲ့ရသည်မှာ အာရှတိုက်တွင် မိမိတို့နေရာကို ဝင်လုသော ပြင်သစ်နှင့် အင်္ဂလိပ်တို့ကြောင့်သာ အကျဉ်းအကျပ်တွေ့ရပြီး ဆုံးရှုံးခဲ့ကြရခြင်း ဖြစ်ပေသည်။

အီနာယာတူလာခန်မှာ ဘာတွေကို တွေးခေါ်ထားသည်ဖြစ်စေ၊ သူသည် အားနည်းသော လူငယ်ကလေး တစ်ယောက်သာ ဖြစ်သည်။ သူ၏ လက်ထောက်ဗိုလ်မှူးကြီး ဗဟာဒူးခန်သည်ကား နောက်ဆုတ်သည်ဟူသော စကားကို ကြားလိုသူ မဟုတ်ပေ။ သို့နှင့် ဟူးဂလီကို လုပ်ကြံသော တိုက်ပွဲမှာ ဆက်လက်၍သာ ဆင်နွှဲနေခဲ့ပေသည်။ မဂိုတို့သည် ပေါ်တူဂီတပ်ထဲတွင် အချင်းချင်း စိတ်ဝမ်းကွဲစေပြီး မြို့တွင်းသို့ ဝင်နိုင်အောင် လှည့်လုံးများ လုပ်ခဲ့ကြသည်။ လုပ်သလောက်လည်း အထမြောက်ခဲ့ပေသည်။ စေ့စပ်ရေးလုပ်မည်ဟု ကတိပေးလိုက်သောအခါ ပေါ်တူဂီတို့သည် ဩဂတ်စတင် သာသနာပြုကျောင်းမှ ကျောင်းထိုင်ဘုန်းကြီးကို စေလွှတ်လိုက်ကြလေသည်။ သို့သော် သူ၏ စေ့စပ်ရေးမှာ ပေါ်တူဂီတပ်မှ ခေါင်းဆောင်လေးဦး ကိုယ်စားလှယ်လွှတ်၍ ဆွေးနွေးပါဟူသော အဖြေသာ ရခဲ့သည်။ ပေါ်တူဂီတို့လည်း ကပ္ပတိန်လေးယောက်ကို ရွေး၍ လွှတ်လိုက်ကြပြန်သည်။

ကပ္ပတိန် လေးယောက်လည်း သူတို့စကားအတိုင်း ဗဟာဒူးခန်ထံသို့ သွားကြလေသည်။ မူလ တောင်းဆိုချက် အတိုင်း ကျေးကျွန်များ၏ ကိစ္စကို ထပ်၍ တောင်းဆိုပြန်သောအခါ သူတို့ ကျေနပ်ပါစေတော့ဟူ၍ ကျွန်ကိုးဆယ်ခန့် ပြန်ပေးရန် သဘော တူလိုက်ကြလေသည်။ မဂိုများက ရယ်မောလျက် “ဒီလိုလူမျိုးတွေတော့ သိပ်မရှားလှပါဘူး။ သူတို့ကို သူတို့၏ အသားမည်း မိန်းမတွေ၊ လိမ္မာသော ထမင်းချက်တွေ၊ ကချေသည်တွေ၊ သူတို့ရဲ့ ဓမ္မဆရာတွေ၊ သူတို့ရဲ့ အပ်ချုပ်သည်မတွေထံ ပြန်ပို့လိုက်ပါလေ”ဟု ပြောလိုက်လေသည်။ ထိုစကားကို ပေါ်တူဂီတို့က ငြင်းပယ်ကြသောအခါ မဂိုတို့က ထိုတောင်းဆိုချက်ကို ဖယ်ရှားပစ်မည့် ဟန်ဆောင်ပြီး ထိုကိစ္စကို အပြီးသတ် ဆွေးနွေးရန် ခေါင်းဆောင်လူကြီး ဦးရေ ဒီထက်များများ လွှတ်ပေးပါဟု ပြောကြပြန်လေသည်။ ထိုအခါ ဘုန်းကြီးကာဘရယ်လ်နှင့်အတူ ကျောင်းထိုင် ဘုန်းကြီးကိုပါ ထည့်၍ စုစုပေါင်း လူခြောက်ယောက်ထပ်၍ လွှတ်ရပြန်သည်။

ထိုအခါ မဂိုတို့သည် သူတို့ကို ဈေးမြှင့်ပြီး ဆိုပြန်၏။ ဟူးဂလီမြို့ရှိလူများ ပိုင်ဆိုင်သော ငွေနှင့် ပစ္စည်းတို့ကို တစ်ဝက်ခွဲ၍ ပေးရမည်ဟု တောင်းဆိုကြလေသည်။ ထိုအခါမှ မိမိတို့ကို အပိုင်စီးဖို့ စနစ်တကျ ကြံစည်နေသည်ကို သဘောပေါက်ပြီး အံ့အား သင့်ကုန်ကြတော့သည်။ သို့နှင့် ကိုယ်စားလှယ်များလည်း ပြန်ခွင့်ပြုရန် ပြောကြရတော့၏။ သို့သော် သူတို့ကို ဘာမှအဖြေမပေးဘဲ ရွက်ထည်တဲတစ်ခုတွင် နေစေပြီး အစောင့်များ ချထားလိုက်ကြလေတော့၏။ “နောက်တစ်နေ့တွင် ကျွန်ုပ်တို့အားလုံး သံခြေချင်း အခတ်ခံကြရပေသည်”ဟု ကာဘရယ်လ်၏ စာတွင် ဖော်ပြ ထားလေသည်။ ထို့နောက် သူတို့ကို ကြောက်လန့်စေရန် ဆင်တစ်ကောင်ကို အထဲသို့ ခေါ်သွင်းလာကြသည်။ ဆင်ကြီးမှာ လိမ္မာအောင် သင်ကြားထားသဖြင့် ၎င်းတို့ကို ထိုး၍ သတ်တော့မည့်ဟန်ဖြင့် နှာမောင်းဖြင့် ဖွေ့ပြီး လေထဲ

myanmar teashop www.mmteashop.com

မြောက်ကစားလိုက်၊ ကိုယ်အင်္ဂါများကို တောင်ဆွဲ မြောက်ဆွဲ လုပ်လိုက်နှင့် အမျိုးမျိုး ခြောက်လှန့်နေလေသည်။ နောက်ဆုံး၌ သူတို့ တောင်းဆိုချက်ကို အဇီဇီဒိုထံသွား၍ တင်ပြရန် ကာဘရယ်လ် တစ်ဦးတည်းကိုသာ ပြန်၍ လွှတ်လိုက်ကြပေ၏။

ဂျက်ဆူအစ်ဘုန်းကြီးလည်း အကျိုးအကြောင်းကို အစီရင်ခံပြီးနောက် လူတိုင်း၏ စည်းစိမ်ကို တစ်ဝက်ခွဲပေးသည့်တိုင်အောင် မိမိတို့အဖို့ လုံခြုံ စိတ်ချရလိမ့်မည် မဟုတ်သည်ကိုလည်း ထည့်သွင်း စဉ်းစားရန် တင်ပြလိုက်လေသည်။ နောက်ဆုံး၌ စေ့စပ်ရေးမှာ ဘယ်ဘက်သို့ ဖြားဦးလှည့်နေသည်ကို ပေါ်တူဂီများ ကောင်းစွာ သဘောပေါက်ကြပြီးလျှင် မိမိတို့ သိက္ခာမဲ့ရသည့် အဖြစ်ကို မျိုသိပ်ပြီး မရေမတွက်နိုင်သော လူအင်အားနှင့် အမြောက်တစ်ရာ့နှစ်ဆယ် မြို့ကို ဝိုင်းထားသည်ကို သိရသော်လည်း ခံတိုက်ဖို့သာ ဆုံးဖြတ်ကြရပေတော့သည်။

မဂိုတို့သည် တစ်ခွဲတိတိ မြို့ကို ဆက်လက်ဝိုင်းထားပြီး မြို့တွင်းသို့ ချိုးဖောက် ဝင်ရောက်နိုင်အောင် ကြိုးစား ကြသော်လည်း မအောင်မြင်ကြချေ။ သူတို့သည် ဩဂုတ်စတင်နှင့် ဂျက်ဆူအစ် သာသနာပြုကျောင်းတို့ကို သိမ်းပြီး မီးရှို့ပစ်လိုက်ကြသည်။ သို့သော် အဓိက ကတုတ်ကျင်းများကို အမြောက်နှင့်ပစ်မိုင်းနှင့်ခွဲသော်လည်း ချိုးဖောက် မရေမတွက်နိုင်သော လူအင်အားနှင့် အမြောက်တစ်ရာ့နှစ်ဆယ်မြို့ကို ဝိုင်းထားသည်ကို သိရသော်လည်း ခံတိုက်ဖို့သာ ဆုံးဖြတ်ကြရပေတော့သည်။

မဂိုတို့သည် တစ်လခွဲတိတိမြို့ကို ဆက်လက်ဝိုင်းထားပြီး မြို့တွင်းသို့ ချိုးဖောက်ဝင်ရောက်နိုင်အောင် ကြိုးစားကြသော်လည်း မအောင်မြင်ကြချေ။ သူတို့သည် ဩဂုတ်စတင်နှင့် ဂျက်ဆူအစ် သာသနာပြုကျောင်းတို့ကို သိမ်းပြီး မီးရှို့ပစ်လိုက်ကြသည်။ သို့သော် အဓိက ကတုတ်ကျင်းများကို အမြောက်နှင့်ပစ်မိုင်းနှင့်ခွဲသော်လည်း ချိုးဖောက် ဝင်ရောက်နိုင်ခြင်း မရှိပေ။

မဂိုတို့သည် ဤအတိုင်း ဝိုင်းထားပါသော်လည်း အောင်နိုင်ဖို့ အရေးမှာ အချိန်ကသာ ဆုံးဖြတ်နိုင်ပေလိမ့်မည်။ သို့ရာတွင် ပေါ်တူဂီတို့ လက်ထဲ၌ ဖဲတစ်ချပ် ကျန်ပေသေးသည်။ အမြောက်များနှင့် ပစ်ခတ် တိုက်ခိုက်ခြင်း ခံနေရသော်လည်း ပေါ်တူဂီတို့၌ အပျက်အစီး မရှိသေးသော သင်္ဘောများ မြစ်ထဲ၌ ရှိနေပေသေးသည်။ ထိုသင်္ဘောများနှင့် မြို့မှ ဆုတ်ခွာပြီး ဘုရင်ခံချုပ်၏စစ်တပ် မရောက်နိုင်သော ဂင်္ဂါမြစ်ဝရှိ တစ်နေရာရာသို့ စုန်ဆင်းသွားနိုင်စရာ ရှိပေသည်။ ဆန်ဒါဗန်မြစ်ဝကျွန်းပေါ် အရပ်ရှိ ချောင်းကြိုချောင်းကြားက ကျွန်းငယ်တစ်ကျွန်းသို့ တစ်ကြိမ်ရောက်မိလျှင် သူတို့အဖို့ ဘေးရန် လုံခြုံပေပြီ။ အဘယ်ကြောင့်ဆိုသော် မဂိုတို့၌ သင်္ဘောလည်းမရှိ။ ထိုနေရာမျိုးကို တိုက်နိုင်အောင် ကျွမ်းကျင်မှုလည်း မရှိသောကြောင့်တည်း။ ဤကိစ္စတွင် ငွေကြေးမှတစ်ပါး အခြား ကိုယ်ပိုင်ပစ္စည်းများကို စွန့်ခဲ့ကြရပေလိမ့်မည်။ သို့ရာတွင် ယင်းသို့ ကြမ်းတမ်းသော လမ်းကို လိုက်မှသာ မိမိတို့၏ အသက်ကို ကယ်ဆယ်နိုင်ပေလိမ့်မည်။

သစ္စာဖောက် ဒီမဲလိုး၏ သင်ပြထားမှုကြောင့် မဂိုတို့သည် ပေါ်တူဂီတို့ လွတ်ရာလွတ်ကြောင်း အားထုတ်လိမ့်မည် ဆိုသည်ကို ကြို၍ မြင်ထားကြသည့်အတိုင်း အစီအစဉ်များ လုပ်ကာ ဘောတံတားတစ်ခုကို မြစ်အောက်ဘက် ရေလမ်းကျဉ်းသောနေရာ၌ သံကြိုးများနှင့် တစ်ဖက်တစ်ချက် ချည်နှောင်ပြီး ကန့်လန့်ဖြတ်၍ ချထားလေသည်။ မီးဖောင်များကိုလည်း အနီးတွင် အသင့် ပြင်ဆင်ထားကြသည်။ ကမ်းနှစ်ဖက်တွင် သေနတ်သမား လေးသမားတို့ အန္တရာယ်မှ လွတ်ကင်းအောင် မြေကတုတ်ကျင်းများ တူးထားကြလေသည်။

myanmar teashop www.mmteashop.com

စက်တင်ဘာလ (၂၄) ရက်နေ့တွင် ပေါ်တူဂီတို့သည် ညဥ့်အချိန်၌ ဝမ်းပြားလှေကြီး တစ်ဆယ့်လေးစင်းနှင့် ကုန်သင်္ဘောအချို့ပေါ်သို့ တိတ်တဆိတ် တက်ရောက်ခဲ့ကြကုန်၏။ ပြောင်းဝကျယ် အမြောက်မျိုးထက် ပို၍ အထိနာစေသော အပေါ့စား အမြောက်ကလေးများလည်း တင်ယူခဲ့ကြလေသည်။ အဝိုင်းခံထားရသော မြို့က ကယ်ထုတ်လာကြသော လူများတွင် ပေါ်တူဂီလူမျိုးစစ်စစ်နှင့် ကပြားပါ ယောက်ျား (၁၅၀) အလားတူ အမျိုးသမီး (၁၀၀)၊ ကျေးကျွန်များနှင့် ကုလားစစ်သား စုစုပေါင်း (၃၀၀၀)ခန့် ပါဝင်လေသည်။ ကုလားလူမျိုးအများစုမှာ ထွက်ပြေး လွတ်မြောက်သွားကြပြီး ဖြစ်လေသည်။

မားယွင်းတွက်ချက်မှုကြောင့် သင်္ဘောများမှာ အရဂ်တက်လောက်ရောက်မှ အားလုံးအသင့်ဖြစ်ပြီး ကျောက်ဆူးနုတ်နိုင်ပေသည်။ ထို့နောက် ရာဇဝင်၌ စာတင်လောက်သော ဆုတ်ခွာရေးကို စတင်ကြပေတော့၏။ မဂိုတို့သည် ပေါ်တူဂီတပ်များ လှေသင်္ဘောများပေါ်သို့ ရောက်သွားကြသည်ကို ရိပ်မိ သိရှိသောအခါ မြို့တွင်းသို့ ချဉ်းနင်း ဝင်ရောက်ခဲ့ကြကုန်၏။ ဤနေရာ၌ "သူတို့ အတင်းတိုက်ယူခဲ့ရသလို ကြွားဝါးနိုင်ကြပေသည်" ဟူ၍ပင် ကာဘရယ်လ်က ခါးခါးသီးသီး နာကြည်းဟန်ဖြင့် မှတ်တမ်း ရေးထား ခဲ့သေးသည်။ မြစ်တွင်း၌ မဂိုတို့၏ လှေများ အရွယ်အစားစား ငါးရာခန့် ရှိလေသည်။ ကုန်းပေါ်၌ လူ အင်အား တစ်သိန်းခန့်ရှိ၍ အချို့မှာ မြစ်တစ်ဖက်တစ်ချက်တွင် နှစ်ဆယ့်ငါးမိုင်ခန့် ရှည်သော မြေကတုတ်ကျင်းများတွင် နေရာ ယူထားကြလေသည်။ အမြောက်အားလုံးကိုလည်း မြစ်ပေါ်သို့ လှည့်၍ ချိန်ထားကြ၏။ မိုးကုန်ပြီးဖြစ်၍ မြစ်ရေမှာ တိမ်နေပေပြီ။ လေကလည်း ဆန့်ကျင်ဘက် တိုက်နေ၍ အတော်စွန့်စားရမည့် အခြေအနေ ဖြစ်နေလေသည်။

မဂိုတို့သည် လှေတစ်ဆယ့်ခြောက်စင်းကို မီးဖောင်ဖွဲ့၍ ထင်းမွှေးလျက် ယမ်းမှုန့်များထည့်၍ အဆင်သင့် ရှိနေရာ ထိုမီးဖောင်ကို မီးရှို့ပြီး ပေါ်တူဂီသင်္ဘောများကို စ၍တိုက်ရန် စီမံကြလေသည်။ သို့သော် ပေါ်တူဂီတပ် တစ်တပ်သည် မီးမရှို့နိုင်မီ အကုန်ပစ်ခတ် သတ်ဖြတ်လိုက်ကြပြီးလျှင် မီးဖောင်ဖြင့် ကန့်လန့်ခံထားသော ဘောတံတားကို ချိုးဖောက်ပစ်ရန် အားထုတ်ကြလေသည်။ ယင်းကိစ္စ မပြီးမီ မိုးချုပ်လာလေပြီ။ မဂိုတို့လည်း မြို့တွင်း၌ ပစ္စည်းဥစ္စာများ လုယက်ခြင်းဖြင့် အလုပ်ရှုပ်နေကြသောကြောင့် ဤအဆင့် ရောက်သည်တိုင်အောင် ဖိ၍ တိုက်ခိုက်ခြင်း မလုပ်ကြသေးချေ။

သို့သော် အဇီဇီဒိုသည် မိမိရေတပ်ဖြင့် ဘောတံတားကို မှောင်ထဲ၌ ဖြတ်ကျော်ခြင်း မပြုနိုင်သေး။ နောက်နေ့နံနက်တွင်မူကား တိုက်ပွဲကြီး အပြင်းအထန် ဖြစ်လေတော့၏။ နေရောင်မှာ အမြောက်မီးခိုးတို့ကို မလွန်ဆန်နိုင်တော့ပေ။ မြစ်တစ်ခုလုံး မှောင်မည်းနေပြီး မဂိုတို့ပစ်လိုက်သော မြားနှင့် ကျည်ဆန်တို့မှာ မိုးသီးမိုးပေါက်ပမာ ပလူပျံ၍ နေကြတော့၏။ ဤပွဲတွင် မှတ်လောက်သားလောက် သတ္တိပြခဲ့သော စွန့်စားခန်း များစွာကိုလည်း တွေ့မြင်ကြရပေသည်။ ယောက်ျားဆို၍ ပေါ်တူဂီနစ်ယောက်နှင့် နီဂရိုးလူမျိုး တစ်ဦးသာပါသော လှေတစ်စင်းကို ရန်သူလှေများစွာက ဝိုင်းဝိုင်း တိုက်ခိုက်ခဲ့ကြရာ ပေါ်တူဂီတစ်ယောက်မှာ ခြေနှစ်ဖက်လုံးကို အမြောက်ဆန် ထိမှန်သွားလေသည်။ သူ၏ အဖော်လည်း သူ့ကို လှေဦးသို့ ရွှေ့ထားလိုက်ပြီး အဝကျယ် အမြောက်ကလေးနှစ်လက်နှင့် ရန်သူ့လှေတပ်ကြီးကို အသေခံ၍ ခုခံ ပစ်ခတ် တိုက်ခိုက်နေရလေသည်။ ၎င်းကို တိုင်းရင်းသူ အမျိုးသမီး တစ်ယောက်က ကျည်ဆန်များ ကူထည့်ပေးလေသည်။ ဤနည်းဖြင့် သူ့လှေပေါ်တွင် ပါလာသော မျက်နှဖြူ အမျိုးသမီးများစွာ၏ အသက်ကို ကယ်တင်ခဲ့ပေ၏။

ထိုအချိန်၌ အမျိုးသမီးတစ်ဦးကို ရန်သူများက ဖမ်းမိသွားတော့သည်။ ထိုအမျိုးသမီးမှာ အလွန် ချောမောလှပသူဟု နာမည်ကြီးသော လူစီယာတာဝါရက်စ်ပင် ဖြစ်သည်။ သူသည် (၁၆၁၅) ခုနှစ်က

ရခိုင်ပြည်နယ်အနီး ဆင်းဒွစ်ကျွန်း၌ ဘုရင်လုပ်နေခဲ့ဖူးသော တီဘာအိုကြီး၏သား ဆီဘာရှင်တီဘာအို၏ ဇနီးဖြစ်သည်။ ထိုတီဘာအိုမှာ မန်ရစ်နှင့် ရခိုင်ပြည်သို့ အတူသွားခဲ့သော စစ်ဗိုလ်တီဘာအိုနှင့်လည်း ဝမ်းကွဲညီအစ်ကို တော်စပ်ပေသည်။ အခြား အမျိုးသမီးတစ်ဦးမှာ သီသီကလေး လွတ်ထွက်လာပြီး အနီးရှိ သင်္ဘောပေါ်သို့ တက်ရောက်ခဲ့နိုင်ပေ၏။ ၎င်းမှာ ပီဒရိုဒါကောတိုဆိုသူ၏ ဇနီးဖြစ်သည်။ သူမနှင့်အတူ ဂျက်ဆူအစ် ဘုန်းကြီးကျောင်းမှ ရွှေပန်းကန်၊ ငွေပန်းကန်များ အပါအဝင် အဖိုးတစ်သိန်း ကိုးသောင်းကျော်တန်သော အဖိုးတန်ပစ္စည်းနှင့် ငွေများ ပါလာလေသည်။ ထိုသင်္ဘောကိုလည်း ရန်သူများ ဝိုင်းဝန်းပစ်ခတ်၍ သင်္ဘောပေါ် အတင်းတက်ကြလေသည်။ သို့သော် ထိုမိန်းမသည် ရန်သူလက်သို့ ကျခံရမည့်အစား သေတာက ကောင်းသေး၏ ဆုံးဖြတ်ကာ ကလေးငယ်ကို ပိုက်လျက် ရေထဲသို့ ခုန်ချလိုက်သဖြင့် ဝိုင်ယာကြိုးပေါ် ကန့်လန့်တင်နေတော့သည်။ ထိုမိန်းမကား ဤမျှ ရဲရဲတောက် စွန့်စားခဲ့ရုံမက ရန်သူများ သူ့ကို လာဖမ်းကြတော့မှာပဲဟု ထင်သဖြင့် မိမိအစေခံအား မိမိကို ပစ်သတ်လိုက်ရန် အော်၍ ပြောနေလေတော့သည်။ သို့သော် ၎င်းကို အခြားလှေတစ်စင်းက လာ၍ ကယ်ဆယ်နိုင်ခဲ့ပေ၏။

ပေါ်တူဂီတို့သည် ယင်းကဲ့သို့ အသည်းထိတ်ဖွယ်ကောင်းသော စွန့်စားခြင်းမျိုးဖြင့် တိုက်ခိုက်ကြပေသည်။ လှေသမ္ဗန်များစွာ အဆုံးအရှုံး ခံကာ မြစ်ကြောင်းကို စုန်၍ အတင်းတိုက်ထွက်ခဲ့ကြရပေသည်။ သူတို့သည် ဘောတံတားနှင့် သံကြိုးတန်းကို ကောင်းစွာ ဖြတ်ကျော်နိုင်ခဲ့ကြလေပြီ။ ယခုအခါ ဘီတာ Betor အမည်ရှိ ရွာငယ်ကလေးတစ်ရွာ အနီးသို့ ရောက်လာခဲ့ကြကုန်၏။ ထိုရွာမှာ ယခုအခါ ကာလကတ္တားမြို့ သစ်တောဥယျာဉ် လုပ်ထားသော နေရာဖြစ်၍ ဟူးဂလီမြို့နှင့် နှစ်ဆယ့်ငါးမိုင် ကွာဝေးလေသည်။ သူတို့သည် နောက်ဆုံး အကျပ်အတည်းနှင့် ရင်ဆိုင်နေကြပြန်လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေရာတွင် ကမ်းစပ်တစ်ခုနှင့် တစ်ခု အလွန် နီးကပ်ပေသည်။ လှေသင်္ဘော သွားလာနိုင်သော ရေကြောင်း ကျဉ်းမြောင်းသော နေရာကို ရွေး၍ မဂိုတို့က သံကြိုးတန်းများ တားဆီးထားကြရုံမက အမြောက်သေနတ်ပိုမိုများပြားစွာနှင့် အင်အားကြီးမားသော မဂိုစစ်တပ်ကြီး အသင့်စောင့်နေလေသည်။

ဤတစ်ကြိမ်မှာ ကြောက်စရာကောင်းလောက်အောင် အပြင်းထန်ဆုံးနှင့် အချိန်ကြာဆုံး တိုက်ပွဲဖြစ်လေသည်။ သို့သော်လည်း ပေါ်တူဂီတို့ လှေတပ်ကြီးမှာ ရန်သူတို့အကြား ရှုပ်ရှုပ်ချွံချွံ တိုက်ထွက်နိုင်ခဲ့ကြပြန်ပြီး နောက်ဆုံး၌ ဆောက်ဂါးကျွန်းသို့ ရောက်သွားကြပေတော့သည်။ ဆောက်ဂါးကျွန်းသည် မိုင်ခြောက်ဆယ်ကွာသော ပင်လယ်ဝ၌ တည်ရှိ၍ ဟိန္ဒူများ ငါးမန်းစာ ကျွေးခံသော ပွဲတော် နှစ်စဉ်ကျင်းပရာဌာန ဖြစ်လေသည်။ ထိုနေရာတွင် ဒီယင်းဂါးက ပင်လယ်ဓားပြတို့ ရန်ကိုကြောက်၍ မည်သူမျှ မနေဝံ့သောဒေသ ဖြစ်ရကား ဟူးဂလီမှ ပြေးလာသူတို့လည်း လူသူမရှိသော ထိုနေရာတွင် ခေတ္တအခြေစိုက်စခန်း အဖြစ် ယာယီတဲအိမ်များ ဆောက်လုပ်နေထိုင်ရန် ဆုံးဖြတ်လိုက်ကြလေသည်။

ရေလည်းကောင်း၊ သစ်သီးသစ်ပင်လည်းပေါ၊ တစ်နှစ် တစ်ကြိမ် ပွဲတော်ကျင်းပလေ့ ရှိသဖြင့် ဘုရားဟောင်း ကျောင်းပျက်များလည်း အနှံ့အပြား တည်ရှိပေသည်။ စစ်ဆင်ရေးအတွက် ဆိုလျှင်လည်း ရန်သူများ ရုတ်တရက် ရောက်ပေါက်ရန် ခဲယဉ်းသဖြင့် ခိုင်ခံ့လုံခြုံသော နေရာကောင်းတစ်ခု ဖြစ်ပေ၏။ ကုန်ရောင်းကုန်ဝယ် လုပ်ငန်းဘက်က ကြည့်လျှင်လည်း ဟီဂျလီမြို့နှင့် လွယ်လင့်တကူ ကူးသန်းသွားလာနိုင်သောကြောင့် အကောင်းဟု မဆိုသာသော်လည်း မညံ့သောနေရာ ဖြစ်ပေသည်။ ဟီဂျလီမြို့မှာ မန်ရစ်တို့ သင်္ဘောပျက်သော နေရာအနီးက မြို့ဖြစ်ကြောင်းကို စာဖတ်သူများ သတိရမိကြပေလိမ့်မည်။ သို့နှင့်

အဇီဗီဒိုလည်း ဟိန္ဒူနုတ်ကွန်းပျက်ကြီးကို ခံတပ်အဖြစ်သို့ ပြောင်းပစ်ရန် ဆုံးဖြတ်လိုက်ပြီးလျှင် ကျေးကျွန်တို့အား ချက်ချင်း အလုပ်လုပ်ခိုင်းလေတော့၏။

သို့ရာတွင် ကပ္ပတိန်အဇီဗီဒိုသည် ဤနေရာတွင် အခြေစိုက်သည်ကို ရခိုင်ဘုရင်သီရိသုဓမ္မမင်းက တစ်စုံတစ်ရာ ကန့်ကွက်မှု မပြုအောင်လုပ်မှ တော်မည်ဟု ရုတ်တရက် တွေးတော စဉ်းစားမိလေသည်။ ဆောက်ဂါးကျွန်းမှာ ဒီယင်းဂါးမြို့၏ အနောက်ဘက် မိုင် (၂၅၀) အကွာတွင် တည်ရှိပြီး ရခိုင်ပြည်နယ်နယ်နိမိတ်၏ ပြင်ဘက်တွင် ကျရောက်နေပေသည်။ သို့ရာတွင် ကင်းလှည့်နေသော ရခိုင်ဘုရင်၏ တိုက်လှေများ လက်လှမ်းမီသော နေရာဖြစ်ပေသည်။ မည်သည့်နည်းနှင့်မဆို ရခိုင်ဘုရင်အား ဖြစ်ပေါ်လာသော အခြေအနေသစ်ကို အသိပေးဖို့ သတိရှိသင့်ပေသည်။ သို့နှင့် ဘုန်းကြီးကာဘရယ်လ်အား ထိုကိစ္စကို ရခိုင်ဘုရင့် ရှေ့တော်သို့ သွားရောက်ပြီး အခြေအနေကို တင်ပြရန် မြောက်ဦးမြို့သို့ စေလွှတ်ရန် ဆုံးဖြတ်ကြရလေတော့သည်။

သို့သော် ဟူးဂလီမြို့ကို မဂိုတို့ တိုက်ခိုက်ခဲ့ကြောင်း သီရိသုဓမ္မမင်း ကြားသိနင့်ခဲ့ပြီး ဖြစ်သည်။ ကျွန်ုပ်တို့ တွေ့ခဲ့ရပြီးသည့်အတိုင်း ဘုရင်မင်းမြတ်၏ စိတ်တွင် ဂိုအာမြို့နှင့် မဟာမိတ်ဖြစ်နိုင်ရေးကိုသာ အာရုံစိုက်လျက် ရှိခဲ့ပေသည်။ ထို့ကြောင့် ဒီယင်းဂါးမြို့က ပေါ်တူဂီရေတပ်ကို ဟူးဂလီသို့လွှတ်၍ ကယ်ဆယ်ခိုင်းရလျှင် မိမိအပေါ် ပေါ်တူဂီလူမျိုး တစ်မျိုးလုံး ကျေးဇူးတင်ကြမည် ဖြစ်ပြီး မိမိလိုလားသော မဟာမိတ် ဖွဲ့စည်းရေးမှာ ပြီးမြောက် အောင်မြင်စရာ ရှိသည်ဟု စဉ်းစားမိလေသည်။ သူဖြစ်စေချင်သည်မှာ ဂိုအာရေတပ်နှင့် အမြောက်တပ်တို့ အကူအညီဖြင့် မဂိုများကို ဘင်္ဂလားပြည်ထဲက တစ်ခါတည်း တိုက်ခိုက်နှင်ထုတ်ပစ်ရန်သာ ဖြစ်သည်။ ယင်းသို့ တိုက်ထုတ်နိုင်ပါက သူ့အဖို့ အသုံးဝင်မည့် အရာများ တိုးတက်များပြားလာရုံမက မိမိ မျှော်လင့်ထားသည့်အတိုင်း စစ်တကောင်းကို မဂိုများ ဝင်ရောက်တိုက်ခိုက်မည့် အန္တရာယ်ကိုလည်း လုံးဝ စိတ်ချစရာ ဖြစ်ပေသည်။

မှန်ပေသည်။ ဟူးဂလီကို အရင်းပြု၍ မဂိုများကို အငိုက်တွင် သုတ်သင်ပစ်နိုင်မည်ဆိုပါက မိမိ၏ စီမံကိန်းတွင် ပထမဆင့်အနေဖြင့် တောက်ပြောင်သော လှုပ်ရှားမှုတစ်ရပ် ဖြစ်ပေလိမ့်မည်။ ဟူးဂလီမြို့ကို ကယ်ဆယ်လိုက်ခြင်း၊ ဘုရင်ခံချုပ်၏ ရေတပ်ကို တိုက်ဖျက်လိုက်ခြင်း၊ မဂိုတပ်ကြီး အစည်းပြေ၍ အကွဲကွဲအပြားပြား လွင့်စဉ်သွားခြင်းစသော သတင်းများကို နောက်ပိုင်းက မကြားရသေးမီ ဘင်္ဂလားပြည်၏ မြို့တော် မဂိုအင်ပါယာကို ကျူးကျော်ရန်စခြင်း အစီပွါယ်ရှိ၍ ရှားဂျေဟန်မှာ လက်ပိုက်ကြည့်နေမည် မဟုတ်ပေ။ လူခုနှစ်သိန်းခန့်ရှိသော သူ၏ စစ်တပ်ကြီးများဖြင့် ပြန်၍ တိုက်ခိုက်ပေလိမ့်မည်။ ထိုအခါ သီရိသုဓမ္မဘုရင်သည် ဤမျှ ရှုးနှမ်းသော လောဘကြီးမှုုမျိုးကို မည်ကဲ့သို့ ဩော့ခံထားနိုင်ပါတော့အံ့နည်း။

ထူးဆန်းသောအဖြေကို ကျွန်ုပ် သိခဲ့ပြီးပေပြီ။ သီရိသုဓမ္မဘုရင်သည် မဟာမုနိဘုရားဒကာလည်း ဖြစ်သည်။ ဆင်ဖြူရှင်လည်း ဖြစ်သည်။ ထို့ကြောင့် ဘင်္ဂလားပင်လယ်အော် ကမ်းခြေတွင် ဘုန်းတန်ခိုးအကြီးဆုံး မင်းတစ်ပါး ဖြစ်နေပေသည်။ သီဟိုဠ်မင်းထက်သော် လည်းကောင်း၊ ယိုးဒယားမင်းများထက်သော် လည်းကောင်း ဘုန်းတန်ခိုး သာလွန်ကြီးမြတ်တော်မူပေသည်။ သို့ရာတွင် သူသည် ထို့ထက်လွန်ကဲစွာ ဘုန်းကြီးရန် ဆန္ဒ ရှိနေပေသေးသည်။ စကြဝတေးမင်း တစ်ဆူဖြစ်မည့်သူဟု သူ့ကိုယ်သူ စွဲမှတ်ယုံကြည်ထားပြီး ဖြစ်သည်။ သူသည် ရှေ့က အဟောအပြော ရှိထားခဲ့သည့်အတိုင်း အေးရာငြိမ်းရာ ချမ်းသာသုခနှင့် ပြည့်စုံသော နိဗ္ဗာန် ရွှေပြည်မြတ်သို့ သတ္တဝါတို့ကို ပို့ဆောင် ကယ်တင်ရမည့် ဘုရားအလောင်း စင်စစ်ဖြစ်သည် မဟုတ်ပါလော။

သူသည် ကရုဆေ့ဒ် စစ်ပွဲကြီးနှင့်တူသော စစ်ပွဲမျိုးကို ဆင်နွှဲခြင်း မပြုရသေးမီ မိမိကိုယ်ကို ဘုရားလောင်းဟု သိဦးမည် မဟုတ်ပေ။ သူ၏ ဘိုးတော်ရာဇာကြီးသည် ဟံသာဝတီပဲခူးသို့ တိုက်ခိုက်အောင်မြင်ခဲ့ဖူးသဖြင့် ဆင်ဖြူတော်တစ်စီးကို ပိုင်ဆိုင်ခွင့် ရခဲ့ပေသည်။ သူ့အလျင်က ပဲခူး (ဟံသာဝတီ) ကို အုပ်စိုးခဲ့သော ဘုရင့်နောင် မင်းတရားသည်လည်း ယင်းသို့သော အိပ်မက်ဆန်သည့် စိတ်ကူးမျိုးကို စိတ်ကူးယဉ်ခဲ့ဖူးပေသည်။ သို့သော် ထိုမင်းနှစ်ပါးစလုံး မိမိတို့ ဘဝကို မိမိတို့ သဘောမပေါက်ခဲ့ကြချေ။ အတိတ်က အကုသိုလ်ကံ ဆိုသည်မှာ ကုန်ဆုံးနိုင်သည် မရှိ။ အခါအခွင့်ကို အမြဲစောင့်နေသည် မဟုတ်ပါလော။ သူ၏ ခမည်းတော် မင်းခမောင်းမှာ ထီးနန်းတွင် ဆယ်နှစ်မျှ စိုးစံခဲ့သော်လည်း သူတို့ ကဲ့သို့ ဘာတစ်ခုမှ မည်မည်ရရ ပိုင်ဆိုင်ခဲ့ရသည် မရှိချေ။ ယင်းအကြောင်းသည်လည်း သူ၏ အတိတ်က အကုသိုလ်ကံကြောင့် ဖြစ်ပေလိမ့်မည်။ ၎င်းသည်လည်း တစ်နေ့သောအခါ တက်ကြွားကြွကြွ မြင့်လွန်းက နိမ့်ကျ နောက်ဆုံးရှိချေ၏။ ဆိုသကဲ့သို့ မိမိ ပိုင်ဆိုင်သည့် ရတနာနှစ်ပါးတို့ကြောင့် အလွန် ထွန်းလင်းတောက်ပခဲ့သော ဘုန်းရှိန်ကံရှိန်တို့မှာ အတိတ်က ကုသိုလ်အဟုန် ကုန်ဆုံးသောအခါ နောက်သို့ပြန်၍ တွန်းပို့သကဲ့သို့ နိမ့်ကျရဦးမည်ပင်တည်း။

မဂိုတို့ကို တိုက်စမ်းကြည့်၍ အရှုံးမတွေ့ရသေးလျှင် ထိုစကားမှန်ကြောင်း အထောက်အထားကို ပြနိုင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် သူ့ကံကို စမ်းကြည့်ဖို့ မြှောက်ကော်၍ ပေးလိုက်ဖို့သာ ရှိလေသည်။ ဇကရာဇ်၊ စကြဝတေးမင်း တည်းဟူသော တောင်ကိုတက်ရာတွင် အစပထမ အဆင့်ဖြစ်သော အခြားတစ်ဖက်က ဇကရာဇ် ဘုရင်တစ်ပါးနှင့် တိုက်ရသည့်ပွဲ၌ အရေးနိမ့်ရပေလိမ့်မည်။ ဘင်္ဂလားပြည်နယ် အပါအဝင် ဂါယာမြို့နယ်၌ မြတ်စွာဘုရားသခင် သဗ္ဗညုတရွှေဉာဏ်တော် ရခဲ့သော ဗောဓိပင် ရှိလေသည်။ အိန္ဒိယ ထီးနန်းပေါ်ကနေပြီး ဗုဒ္ဓသာသနာတော်ကြီး ထွန်းလင်းအောင် သာသနာပြုရလျှင် အဘယ်မျှ ဆီလျော်ကောင်းမွန်ပေမည်နည်း။ ယင်းသို့ လုပ်နိုင်ခဲ့လျှင် ကမ္ဘာပေါ်ရှိ အတိုင်းတိုင်း အပြည်ပြည်တို့က ထီးဆောင်းမင်းအပေါင်းလည်း မိမိ၏ ခြေတော်ရင်း ဝပ်စင်း ရောက်ရှိလာကြပေလိမ့်မည်။ ထိုအခါမှ မိမိက ထိုမင်းများကို ပြည်လည်၍ သရဖူဆောင်းပေးပြီး ဗုဒ္ဓရှင်တော်ဘုရား၏ နိဗ္ဗာန်သို့ သွားရာ ရှစ်ဖြာသော မဂ်လမ်းတို့အတိုင်း လိုက်ကြဖို့ တရားဓမ္မဟောပြပြီး သူတို့ပြည်ကို သူတို့ တရားနှင့်အညီ အုပ်ချုပ်ရန် ပြန်လည်ခန့်ထားရပေလိမ့်မည်။

ယင်းသည်ကား ထူးဆန်းသော ဤဗုဒ္ဓဘာသာဝင် ဘုရင်မင်းမြတ်၏ အာရုံတည်း။ မိမိ ကြံရွယ်ချက်ကို အကောင်အထည် ဖော်ဖို့ရန်မှာ မဂိုတို့ထက် ပို၍ပို၍ ရေကြောင်းကျွမ်းကျင်ခြင်း၊ သေနတ်ပစ် ကျွမ်းကျင်ခြင်း၊ အမြောက်ပစ် ကျွမ်းကျင်ခြင်းစသော ဂုဏ်အင်္ဂါတို့ဖြင့် ထင်ရှားသော ဂိုအားမြို့သား လူမျိုးခြားတို့၏ အကူအညီကိုရဖို့ လိုအပ်ပေသည်။ သို့သော် ဘုရင်မင်းမြတ်သည် ထိုပေါ်တူဂီတို့သည်လည်း မိမိကဲ့သို့ပင် အလိုဆန္ဒ ပြိုင်တူရှိနေကြသည်ကို မသိပေ။ ခရစ်ယာန် သာသနာပိုင် ပုပ်ရဟန်းမင်းကြီးက ပေါ်တူဂီတို့အား အာရှတိုက် တစ်ခုလုံးကို အပိုင်စားပေးလိုက်ပြီး အာရှတိုက်က ဘုရင်များကို မိမိ၏ သာသနာ့မြို့တော်အရောက် ခေါ်ဆောင်ခဲ့ရန်နှင့် ရောက်ရှိလာသောမင်းများကို ခရစ်ယာန်ဘာသာသို့ သွတ်သွင်းပြီး မိမိတိုင်းပြည်သို့ပြန်၍ ခရစ်ယာန်နိုင်ငံအဖြစ် ပြောင်းလဲ အုပ်ချုပ်စေလိမ့်မည်ဟု ခရစ်ယာန်တိုင်း စိတ်ထဲ၌ မှတ်ထားကြသည်ကိုလည်း သူမသိရှာပေ။ ထိုအကြောင်းများကို သူ ဘာမှမသိခဲ့။ သူ့ကို ထိုအကြောင်းလျှောက်တင်သူ ရှိဦးတော့ "ယုံတမ်းစကားတွေပါ။ ပေါ်တူဂီတွေဟာ မိစ္ဆာကောင်တွေပဲ၊ သူတို့ဟာ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးတရားကို ဘာသိလို့လဲ" စသည်ဖြင့်သာ မိန့်ဆိုတော်မူပေလိမ့်မည်။

ဤသို့သော စိတ်ကူးတစ်မျိုးတည်းဖြင့် ဂိုအာနှင့် မြောက်ဦးတို့ ကမ္ဘာပေါ်တွင် အိပ်မက်နိုင်ငံတည်ထောင် နေကြဖူးလေသည်။

သို့သော် ကျွန်ုပ်တို့သည် ဤစာအုပ်အစက ဖော်ပြခဲ့သည့် အတိုင်း သီရိသုဓမ္မမင်းမှာ ယင်းသို့သော သံသယတွေ တမေ့တမောကြီး ဖိစီးလာသဖြင့် ဒုက္ခနှင့် ရင်ဆိုင်ရပြီး ဝတ္ထုလမ်းကြောင်းလည်း ထူးဆန်းသော အသွင်အပြင်သို့ ပြောင်းသွားသည်ကို နောက်တစ်ခန်း၌ တွေ့ရပေလိမ့်မည်။

ထိုခေတ်က ရခိုင်ပြည်နယ်၌ တဘောင်ပေါ်ခဲ့ဖူးသည်။ ထိုတဘောင်အရ သီရိသုဓမ္မမင်းသည် နန်းသိမ်းဘိသိက်ခံပွဲ ကျင်းပပြီးနောက် များမကြာမီ အချိန်မရွေး နတ်ရွာစံရလိမ့်မည်ဟူ၍ ဖြစ်သည်။ သူ၏ ဇာတာထဲတွင်လည်း ယင်းသို့သော အကြောင်းများ အဟောရှိထားလေသည်။ ထိုကဲ့သို့ ဇာတာညွှန်မှုကလေးများကို မဟာမုနိဘုရားကြီး ဆည်းကပ် ကိုးကွယ်ရခြင်းစသော လောကုတ္တရာကုသိုလ်၊ ဆင်ဖြူရှင်ဖြစ်ရခြင်း လောကီကုသိုလ်များ၏ အဟုန်ဖြင့် ချေဖျောက်ပစ်ခဲ့ပြီဟု ထင်မှတ်ထားလေသည်။ အနာဂတ်၌ ဘာဖြစ်မည်ဟု ကြိုတင်ဟောပြောဖို့ လာမည့်အကုသိုလ်များကို တွန်းလှန်ပြီး ဖျက်ပစ်ရန် အစုအခံ အကာအကွယ်များ နည်းအမျိုးမျိုးအားဖြင့် ရှိနေနိုင်ပေသည်။

မြောက်ဦးမြို့မှ ကာဘရယ်လ် ထွက်ခွာမလာမီ ရှေးက မမြင်မတွေ့ရဖူးဘူးသော အကြောင်းအရာ Discovery တစ်ခုကို စုံစမ်းတွေ့ရှိလာခဲ့ရပေသည်။ သူသည် တိဘက်ပြည်သို့ ရောက်ဖူးခဲ့သဖြင့် တိဘတ်လူမျိုးတို့မှာ ဟိန္ဒူဘာသာဝင်များ မဟုတ်။ မိမိတို့ ကိုးကွယ်သော ဘာသာတစ်ခုကို သီးခြားရှိလေ၏ဟူ၍ မှုန်မှုန်မွှားမွှားမျှ မှတ်သားခဲ့ဖူးလေသည်။ သို့သော် ယခု မြောက်ဦးမြို့သို့ ရောက်ပြန်တော့ တိဘက်ပြည်တွင် မြင်ခဲ့ရဖူးသော ရုပ်တုမျိုးနှင့် တိဘက်ပြည်က ဘုန်းကြီးများကဲ့သို့ အဝါရောင်သင်္ကန်းရုံထားသော ဘုန်းကြီးတို့ကိုလည်း တွေ့နေရပြန်ချေသည်။ ထို့ပြင် အသွင်တူသော အခြားအရာများကိုလည်း တွေ့ရှိခဲ့ရသဖြင့် ရခိုင်ပြည်နယ်သည် တိဘက်ပြည်နှင့် တထေရာတည်းတူသည်ဟု ဆုံးဖြတ်ချက် ချလိုက်လေသည်။

ကျွန်ုပ်တို့ သိပြီးအတိုင်း ထိုနိုင်ငံ နှစ်ခုလုံးမှာ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သော နိုင်ငံများ ဖြစ်ကြသည်။ သို့ရာတွင် တိဘက်ပြည်က ဗုဒ္ဓဘာသာဝင်များမှာ မဟာယာနဂိုဏ်းဝင်များဖြစ်၍ ရခိုင်ဗုဒ္ဓဘာသာတို့မှာ ဟိနယာနခေါ် မူလဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ထိုဂိုဏ်းကြီးနှစ်ဂိုဏ်းမှာ လွန်စွာ ကွဲပြားခြားနားလျက် ရှိရာ အထူးသဖြင့် လားမားရဟန်းများနှင့် ရခိုင်ရဟန်းတို့၏ လက်တွေ့ကျင့်သုံးပုံ (ဝိနည်းတော်) အရ များစွာ ကွာခြားလှသည်။ သို့သော် ကာဘရယ်လ်အဖို့ကား ခြားနားသည်ဟု မထင်ခဲ့ပေ။ သို့ရာတွင် ဥရောပတိုက်သားထဲတွင် ပထမဦးဆုံး စူးစမ်းတွေ့ရှိခဲ့ရသူ အဖြစ်ဖြင့် သူ့ကို ဂုဏ်တင် ထိုက်ပေသည်။ သူသည် မန်ရစ်ထက် ပို၍ နူးညံ့သူဖြစ်သည်။ နောင်အခါ ဂိုအာမြို့ ဂျက်ဆူအစ် သာသနာပြုကျောင်းတိုက်တွင် ကျောင်းအုပ်ကြီး ဖြစ်သွားလေတော့သည်။

myanmar teashop www.mmteashop.com

## အခန်း (၂၂)

## မန်ရစ်ကို သံမှူးခန့်ခြင်း

ကာဘာရယ်လ်သည် မြောက်ဦးမြို့မှ (၁၆၃၃) ခုနှစ် ဇန်နဝါရီလလောက်တွင် ထွက်ခွာခဲ့လေသည်။ မန်ရစ်သည်ကား ဒီယင်းဂါးမြို့မှာပင် ရှိနေပေသေးသည်။ အောက်တိုဘာလလောက်တွင် သူ့ထံသို့ စာနှစ်စောင်တစ်ပြိုင်နက် ရောက်ရှိလာ၏။ ပထမစာမှာ ဂက်စပါဒီ မက်စကီတာ Gasper de Mesquita ဆိုသူသံအမတ်ထံမှ ဖြစ်သည်။ ထိုစာ၏ လိုရင်းအချက်ကား သူသည် ဂိုအာမြို့ ဘုရင်ခံချုပ် ဒမ်မိဂယ်ဒီနော်ရွန်ဟား Dom Miguel de Noronha ၏ စေလွှတ်ချက်အရ သီရိသုဓမ္မနှင့် စာချုပ်တစ်ခုကို အပြီးသတ်ချုပ်ဆိုရန် မြောက်ဦးမြို့သို့ ရောက်နေကြောင်း၊ မန်ရစ်မှာ ရခိုင်ဘုရင်နှင့် သာမက မှူးကြီးမတ်ရာတို့နှင့်ပါ သိကျွမ်းခင်မင်သူဖြစ်၍ မိမိကို အကူအညီပေးရန် မြောက်ဦးမြို့သို့ အမြန် လာရောက်လိုကြောင်း စသည်ဖြင့်ပါရှိလေသည်။ အခြား စာတစ်စောင်မှာမူ အာရှတိုက်ဆိုင်ရာ ဩဂုတ်စတင် သာသနာပြု ဂိုဏ်းချုပ်ကြီး ဂက်စ်ပါဒီအာမိုရင် Gaspar de Amorinထံမှ ဖြစ်သည်။ စာပါ အကြောင်းအရာမှာ မိမိအား ဒီယင်းဂါးမြို့၌ ချမှတ်ထားသော တာဝန်မှ ခွင့်ရက်ရှည်ပေးကြောင်း၊ ထိုအတောအတွင်း မြောက်ဦးမြို့တွင် ရောက်နေသော သံကိုယ်စားလှယ်တော်၏ တောင်းဆိုးချက်အရ သူ့ထံ၌ ကူညီ၍ အမှုထမ်းစေလိုကြောင်း အမိန့်စာ ဖြစ်သည်။

မန်ရစ်အား ယင်းသို့ သံကိုယ်စားလှယ်အဖွဲ့သို့ သွားရောက် အမှုထမ်းရန် တောင်းဆိုခဲ့ရခြင်းမှာ မြောက်ဦးမြို့သို့ (၁၆၃၀) ခုနှစ်က ကိုယ်စားလှယ်အဖြစ် သွားရောက်ခဲ့ဖူးသော ရာဇဝင်ကြောင်းကို ဂိုအာမြို့ အစိုးရထံသို့ အစီရင်ခံစာ ရောက်လို့သာ သိရှိခဲ့ကြပြီး မိမိအပေါ် အထင်ကြီးဖွယ် ဖြစ်ခဲ့ဟန်တူပေသည်။ ထိုအချိန်ကဆိုသော် ယခုထိ သုံးနှစ်မျှပင် ကြာခဲ့လေပြီ။ ဒီယင်းဂါမြို့တွင် ကျောင်းထိုင်ဘုန်းကြီး၏ တာဝန်ကို အလေးအပင် ထမ်းဆောင် လုပ်ကိုင်နေခဲ့သဖြင့် အလုပ်ထဲမှာပင် စိတ်က ရောက်နေပေသည်။ သာသနာပြု တာဝန်၌ စိတ်ဝင်စားနေခိုက် ယခုလို သံတမန်ရေးရာ အလုပ်ကို ပြောင်း၍ လုပ်လိုစိတ် မရှိပေ။ သို့ရာတွင် ဂိုဏ်းချုပ်ကြီး၏ စာ၌ ခြွင်းချက်မရှိချေ။ မိမိမရှိခိုက် အန်ဂါရာစလီက ဘုရားကျောင်းကို မည်သူ တာဝန်ယူပါမည်နည်း။ သို့သော် ရှောင်၍ မရနိုင်။ စာပို့လာသော လှေနှင့်ပင် မြောက်ဦးမြို့သို့ လိုက်ပါခဲ့ရပေတော့သည်။

ယခင်အခါက မြောက်ဦးမြို့သို့ သွားရောက်စဉ် ယင်းစာချုပ်ကိစ္စနှင့် ပတ်သက်၍ ဘုရင်မင်းမြတ်က သူ့ကို တီးခေါက်ကြည့်ခဲ့ဖူးသည်။ ထိုစကားကို မန်ရစ်က ဂိုအာမြို့ရှိ သူ၏ ဌာနချုပ်သို့ အစီရင်ခံစာ၌ ထည့်ရေးလိုက်မိဟန် တူပေသည်။ ထို့ကြောင့် ကာဘာရယ်လ်၏ သတင်း သူ့ထံသို့ မရောက်ခဲ့စေကာမူ ဒီမက်စကီတာကို စေလွှတ်သော ကိစ္စကို သူ မအံ့ဩလှပေ။ ရှေ့သို့ ဆက်၍ ဖတ်ရှုသွားလျှင် သီရိသုဓမ္မမင်းမှာ ဂိုအာနှင့် မဟာမိတ်ဖြစ်ဖို့ အဘယ်မျှ စိတ်ထက်သန် နေသည်ကို တွေ့ကြရပေလိမ့်မည်။ စေ့စပ်ဆွေးနွေးခြင်းမှာ (၁၆၃၄) ခုနှစ် မတ်လထိ ငါးလတိုင်ကြာမြင့်ခဲ့ပေသည်။ သူတို့မှာ ချောချောမောမော မရှိကြသေးပေ။ မန်ရစ်၌

myanmar teashop www.mmteashop.com

သူတို့အကြောင်း ပြောစရာစကား အနည်းငယ် ရှိနေလေသည်။ မဂိုမင်းနှင့် ဆန့်ကျင်ဘက်ပြုရမည့် မဟာမိတ်မျိုး အဖြစ်သို့ သဘောမတူနိုင်ဘဲ ရှိရသောအကြောင်းမှာ သီရိသုဓမ္မဘုရင်သည် ဒီမက်စကီတာအား သူ့တွင် အပ်နှင်းလိုက်သော အာဏာထက် ပို၍ အကူအညီပေးဖို့ အတင်း တောင်းဆိုနေခြင်းကြောင့် ဖြစ်ပေသည်။ ပေါ်တူဂီတို့သည် သီရိသုဓမ္မမင်း၏ ဤမျှကြီးကျယ်သော အကြံအစည်တို့ကို သဘောပေါက်ကြမည် ဆိုလျှင် ဤအရေး၌ ဂိုအာပေါ်တူဂီများ ဝင်ရှုပ်ရမည်မှာ တမင်သက်သက် အရှုံးထခြင်းသာ ဖြစ်မည်ဆိုသည်ကို ဒီမက်စကီတာ ကောင်းစွာ ထင်မြင်ထားပေသည်။

မန်ရစ်၏ မှတ်တမ်းထဲ၌ ဘုရင်မင်းမြတ်သည် အထူးပင် စိတ်မကောင်း ဖြစ်သွားရရှာပေသည်။ မိမိရည်မှန်းချက်သို့ ရောက်ဖို့ရန် ပထမခြေလှမ်းကစ၍ အရေးနိမ့်ခဲ့လေပြီ။ ပေါ်တူဂီရေတပ်၏ အကူအညီကိုမှ မရလျှင် မိမိ စိတ်ကူးယဉ်ထားသော လုပ်ငန်းကြီးကို မည်သည့်နည်းနှင့်မျှ မစနိုင်တော့ပြီ။ မိမိအဖို့ ကမ္ဘာကို အစိုးရသော ဧကရာဇ်ကြီးဖြစ်ဖို့ ဇာတာ မပါလေရော့သလား၊ သို့သော် မကောင်းသော အကာသိုလ် အတာအဆီးတို့ကို ပယ်ဖျောက်ပစ်နိုင်မည့် အခြားနည်းလမ်းများ ရှိပေသေးသည်။ အကယ်၍ သူသည် သံရေးတမန်ရေးဘက်က အရေးမလှခဲ့လျှင် မိမိ၏ ရေတပ်၊ ကုန်းတပ်များ စွမ်းစွမ်းတမံ မရှိလျှင် အခြားစွမ်းဆောင်နိုင်မည့် နည်းလမ်းများစွာ ရှိပေသေးသည်။ မမြင်ရသော တန်ခိုးရှင်များ ရှိပေသေးသည်။ အင်းအိုင်ခလှည့် လက်ဖွဲ့များ ရှိပေသေးသည်။ ဆေးဝါး မန္တရားများ ရှိပေသေးသည်။ သို့သော်ငြားလည်း သူ၏ စိတ်မချမ်းသာမှုမှာ အလွန် ခါးခါးသီးသီး နိုင်လှပေသည်။ စေ့စပ်ရေး အဆုံးသတ်လိုက်ရပြီး ဒီမက်စကီတာ ပြန်လည်ထွက်ခွာသွားသောအခါ မန်ရစ်လည်း ဒီယင်းဂါးသို့ ပြန်ခွင့်ပြုပါမည့်အကြောင်း ဘုရင်မင်းမြတ်ထံ ခွင့်တောင်းလေသည်။

"သင် ဘာကြောင့် ပြန်ချင်ရတာတုန်း" ဟု ဘုရင်မင်းမြတ်က ခပ်ဆတ်ဆတ် မေးတော်မူပေ၏။ ထိုအခါ မန်ရစ်က ...

"သံကိုယ်စားလှယ် အဖွဲ့ဝင်တစ်ဦး အနေဖြင့် အခြားသူများကဲ့သို့ တိုင်းပြည်က ထွက်ခွင့် လက်မှတ် Pass Port တောင်းခြင်း ဖြစ်ပါသည်" ဟု ပြန်လည် လျှောက်တင်လိုက်သော်...

"သင်ဟာ သူ့သဘော်နဲ့ လိုက်လာတာ မဟုတ်ဘူး။ သင့်ကို ပြန်လွှတ်ဖို့ အကြောင်းမမြင်ဘူး။ သင် အလိုရှိတဲ့အတိုင်း ဘုရားကျောင်းနှင့် ဘုရားကျွန်တွေ အခြားလိုတာတွေ ပေးထားပြီး မဟုတ်လား။ သင် ဒီမှာ နေရမယ်" ဟု ဘုရင်မင်းမြတ်က တိုတောင်းစွာ မိန့်ဆိုတော်မူလေသည်။ မန်ရစ်လည်း ထိတ်လန့်သွားတော့၏။ စေ့စပ်ရေး ပျက်ပြားသွားသည့်အတွက် မိမိကို အပြစ်တင်တော်မူလေမည်လား ဟူ၍လည်း စိုးရိမ်ပူပန် နေတော့သည်။ သို့သော် မိမိဘာမှ မတတ်နိုင်ပေ။ ဘုရင်မင်းမြတ်ကို အပြစ်ဖို့ရမှာလည်း မဝံ့ချေ။ ထွက်ပြေးဖို့နှင့် ထွက်ပြေးရန် အားထုတ်ဖို့ ဆိုသည်မှာလည်း မိမိ တပင်တပန်း ပျိုးထောင်ပေးခဲ့ရသော ကျန်ရစ်သူ ခရစ်ယာန်တစ်စုတဝေးကြီးကို ဘေးထိအောင် လုပ်သလို ရှိချေတော့မည်။ သူလိုက်ရမည့် လမ်းစဉ်ကား ဘုရင့်အမိန့်ကို အစွမ်းကုန် နာခံခြင်းပင် ဖြစ်တော့သည်။ 'ထို့ကြောင့် ကျွန်ုပ်မှာ ရခိုင်ဘုရင့် နန်းတော်၌ ဆက်လက် ခစားနေရပြန်ပါသည်' ဟု မန်ရစ်၏ မှတ်တမ်း၌ အတိအလင်း ရေးသားထားပေသည်။ ဘုရင်မင်းမြတ်လည်း မန်ရစ် ကျေကျေနပ်နပ် နေရစ်သည်ဟု ယူဆသဖြင့် လစဉ် ထောက်ပံ့ကြေးများ၊ စာနပ် ရိက္ခာများ အပါအဝင် အထူးအခွင့်အရေးများကိုပါ ပေးသနားတော်မူလေသည်။

သို့သော် တိုင်းပြည်က ထွက်ခွင့်အမိန့်ကိုမူကား လုံးဝ တောင်းခံ၍ မရပေ။ ဘုရင်မင်းမြတ်တွင် အကြောင်းခံ တစ်ခု ရှိပေသည်။ ဘုန်းကြီး မန်ရစ်သည် ရခိုင်ပြည်နယ် အကြောင်းကို အလွန်အမင်း သိထားသူဖြစ်သည်။ ရခိုင်ပြည်နယ်၏ ပြင်ပ မျက်စိကွယ်ရာတွင် သူ့ကို ယုံကြည်စိတ်ချရမည်ဟု ဘယ်နည်းနှင့်မျှ ကိန်းသေ တွက်မထားနိုင်ပေ။ ပြည်တွင်းမှာမူ ခရစ်ယာန်ဘာသာဝင် ငြိမ်ဝပ်ပိပြားရေးနှင့် ရောင့်ရဲ တင်းတိမ်ရေးတို့အတွက် အသုံးဝင်ပေသည်။ ယင်းကား သာမန်အမြင်ပေတည်း။ မည်သည့် အရှေ့တိုင်းဘုရင် မင်းတို့မျှ မိမိနိုင်ငံသို့ ရောက်လာပြီး အတွင်းရေးများကို သိနေသော နိုင်ငံခြားသားတို့ကို မိမိတိုင်းပြည်မှ ထွက်ခွာခွင့် မပြုလိုကြကုန်။

## အခန်း (၂၃)

## ဘိသိက်ခံလုနီးလတ်သော်

အသက်ရှုမှားလောက်အောင် ကြောက်စရာကောင်းသော ရှိန်းပြီးဆေး ဖော်စပ်ပုံကို မန်ရစ်ကြုံတွေ့ခဲ့ဘူးသည်မှာ ပြောဖို့ပင် မလိုတော့ပါ။ သူ၏ မှတ်တမ်းစာအုပ်၌ အချို့ စာမျက်နှာများတွင် စိန့်သောမတ်အကွီနာနှင့် ပူလ်ဂိတ်တို့၏ စာညွှန်းတို့ဖြင့် ပြောက်ကျား ပြောက်ကျား ကိုးကား၍ မှတ်ချက်ချထားခြင်းများလည်း ဖတ်ရှုရပေသည်။ ဘုရင်မင်းမြတ်သည် ဤသို့သော ကုလားဆေး ဆရာ၏ တာဝန်မဲ့အကြံပေးချက်များ လွှမ်းမိုးသည်ကို ခံရရှာလေခြင်း ဟူ၍သာ ထင်မြင်ချက် ပေးနိုင် ခဲ့လေသည်။ သို့သော် ငါးမန်းစာ ကျွေးသော ကိစ္စများတွင်မူကား အကြောင်းပြချက် တစ်ပုံကြီးဖြင့် ဝေဖန်ပြခဲ့ပေ၏။ ဤနေရာ၌ သူ၏ အတွေးအခေါ်များသည် ဗုဒ္ဓကျမ်းစာတို့နှင့် ဘုမသိ ဘမသိဆိုသလို သဘောကိုက်ညီ ခဲ့ပေသည်။ ခရစ်ယာန်ဘာသာမှာရော ဗုဒ္ဓဘာသာမှာရော စိတ်အလိုသို့ လိုက်၍ ကျေနပ် တပ်မက်နေခြင်းမျိုးကို မယုံကြည်ကြချေ။ အပြစ်ဟု ယူဆကြပေသည်။ ဘုရင်မင်းမြတ်သည် ယခုလို ယုတ္တိမတန်သော စိတ်ကူးယဉ်မှုမျိုးကို အလွယ်တကူ ယုံကြည်၍ မိမိ ရင်ဆိုင်ရမည့် ပြဿနာကို သမာဓိတရား လက်ကိုင်ထားပြီး အသိဉာဏ်နှင့်ယှဉ်၍ မပြုလုပ်ဘဲ လျစ်လျူ ရှုထားခြင်းတို့မှာ မိမိ ထီးနန်းကို ကြာရှည် ထိန်းသိမ်းထားနိုင်တော့မည် မဟုတ်ကြောင်းကို အချက်ပြနေသကဲ့သို့ ရှိပေသည်။ မန်ရစ်၏ မှတ်ချက်၌ ဖော်ပြထားသော အချက်တစ်ချက်မှာ ဘုရင်မင်းမြတ်၏ ဆေးဝါး စမ်းသပ် ဖော်စပ်မှုကြောင့် ဓားစာခံခဲ့ရသော လူအများ၏ ငိုသံသည် တစ်နေ့သောအခါ၌ အရိုးတွန်ကြပေလိမ့်မည်။ ဆိုလိုရင်းမှာ သူ့ကို ပုန်ကန်တော်လှန်၍ နိုင်ယူကြပေလိမ့်ဦးမည် ဟူသတက်။ ယင်းကဲ့သို့ သူမှတ်ချက်ချခဲ့သလို သူပုန်လည်း ထဖြစ် ခဲ့လေသည်။ သို့သော် သူမှန်းဆခဲ့သော ပုံစံမျိုးတော့၍ နိုင်ယူကြပေလိမ့်ဦးမည် ဟူသတက်။ ယင်းကဲ့သို့ သူမှတ်ချက်ချခဲ့သလို သူပုန်လည်း ထဖြစ်ခဲ့လေသည်။ သို့သော် သူမှန်းဆခဲ့သော ပုံစံမျိုးတော့ မဟုတ်ပေ။ ထိုအကြောင်းကို ရှေ့တွင် တွေ့ရ ပေလိမ့်လတ္တံ့။

ဘိသိက်ခံမည့်အကြောင်း ကြေညာပြီးနောက် ရက်အတန်ငယ် ကြာသောအခါ မန်ရစ်သည် ရခိုင်ပြည်နယ်မှ ထွက်ခွာရန် အသစ်တစ်ဖန် အသစ်တစ်ဖန် လျှောက်ထားဖို့ တော်ပြီဟု သဘောရရှိလေသည်။ သူသည် ဘုရင်မင်းမြတ်၏ စိတ်ပျော်ရွှင်သည့် အချိန်သို့ ရောက်ပြီဟုထင်၍ နန်းတော်သို့ ဝင်ခဲ့လေသည်။ မှန်ပေ၏။ သူထင်သည့်အတိုင်း ဘုရင်မင်းမြတ်လည်း စိတ်ပျော်ရွှင် တက်ကြွလျက် ရှိပေသည်။ မသေဆေး (ရှိန်းပြီးဆေး) ကို စားပြီးပြီ ဖြစ်၍ သောကတွေလည်း ကင်းဝေး ပျောက်ကွယ်ကြလေပြီ။ မိမိ၏ မူလကြံရွယ်ချက်အတိုင်း ဘိသိက်ခံပြီးသည်နှင့် တစ်ပြိုင်နတ် တကယ့်အလုပ်ကြီးကို စရတော့မည် စသည်ဖြင့် ယုံကြည် စိတ်ချတော်မူနေပေသည်။ မန်ရစ်လည်း မိမိစကားပြောရန် အလှည့်ကြုံသည်နှင့် တစ်ပြိုင်နက် မိမိမှာ ဒီယင်းဂါးမြို့က ခရစ်ယာန်များကို ကတိခံချက်ယူရန် ကိစ္စများ မလုပ်ရသည်မှာ အချိန်ကြာမြင့်လှပြီဖြစ်၍

myanmar teashop www.mmteashop.com

ထိုကိစ္စအတွက် ဒီယင်းဂါးသို့ ပြန်ရမည် အကြောင်း တင်လျှောက်လေတော့၏။ သို့သော် ဘုရင်မင်းမြတ်သည် မမျှော်လင့်ဘဲ ငြင်းဆိုတော်မူလိုက်လေ၏။

မင်းကြီးလည်း ရယ်မောတော်မူလျက် "နေပါဦး မန်ရစ်ရဲ့၊ မြောက်ဦးမြို့တော်က ဂုဏ်ရည်ရှိသူတိုင်း ကျွန်ုပ်၏ ဘိသိက်ခံပွဲကို အလုအယက် တက်ရောက်ချင်နေကြသည့် အခါမျိုးမှာ မြောက်ဦးမြို့က သင ထွက်ခွာချင်ပြီလို့ ပြောဖို့ မရည်ရွယ်ဘူး မဟုတ်လား" ဟု ပရိယာယ် ကြွယ်ဝစွာ မိန့်ကြားတော် မူလေသည်။ ထို့နောက် ဘုရင်မင်းမြတ်သည် မန်ရစ် အဖြေပေးချိန် မစောင့်ဘဲ အခြားခေါင်းစဉ် တစ်ခုကို ပြောင်း၍ ပြောဆိုနေပြန်တော့၏။ မန်ရစ်လည်း ထပ်မံလျှောက်ထားရန် မဝံ့တော့ဘဲ ဘိသိတ်ပွဲ မပြီးခင် ထွက်ခွာမည့် စိတ်ကူးကို စွန့်လွှတ်လိုက်ရပေတော့၏။

ဘိသိက်ခံပွဲတော်ချိန် ရောက်လာသောအခါ အမျိုးသားပွဲတော်ကြီးများအတိုင်း သုံးလလောက် ကြာအောင် ပွဲသဘင် ကျင်းပလေသည်။ ထိုပွဲတော်ကြီးသို့ နန်းတော်မှ မှူးကြီးမတ်ရာ သေနာပတိတို့သာမက နိုင်ငံတော် အတွင်းရှိ ထင်ရှားသော ပုဂ္ဂိုလ်ကြီးများလည်း တက်ရောက်ကြလေသည်။ ရွှေမြို့တော်တွင်လည်း အရပ်ရပ် အနယ်နယ်မှ လာရောက်သော ဧည့်သည်များနှင့် ပြည့်နှက်နေတော့၏။ ဘင်္ဂလားပင်လယ်အော် ကမ်းခြေရှိ ယိုးဒယားပြည်၊ အိန္ဒိယပြည်နှင့် စပိုက် Spice ကျွန်းခေါ် ဧရပ်ကောင်း၊ လေးညှင်း စသည့် မွှေးစပ်သော သီးနှံထွက်ရာ ကျွန်းများက နိုင်ငံခြားသား ကုန်သည်မျိုးစုံတို့လည်း ဈေးကွက်ရှာရန် လာရောက်လေ့လာကြသည်။ ဆိုက်ရောက်နေသော နိုင်ငံခြားသင်္ဘောများတွင်လည်း စားနပ်ရိက္ခာများ၊ ဆေးဝါး၊ အမွှေးတုံး၊ ဓာတ်သတ္တုအမျိုးမျိုး၊ ပိုးထည်ကော်ဇော၊ သတ္တုအိုးခွက်နှင့် ကြွေထည်စသော ရောင်းကုန်ပစ္စည်းများ ပါလာကြလေသည်။ ထိုကုန်များအပေါ်တွင် အကောက်ခွန် ကင်းလွတ်ခွင့် ပြုထားသဖြင့် လမ်းမကြီးတစ်လျှောက်မှာ ဈေးတန်းကြီးသဖွယ် ဖြစ်နေပြီးလျှင် အထက်ဆိုခဲ့သော ကုန်ပစ္စည်းများနှင့် ပြည့်လျက် ဆိုင်ခင်း ရောင်းချနေကြလေသည်။ ထို့ပြင်လည်း အဖိုးတန် ကျောက်မျက်ရတနာများ၊ အလွန်ရှားပါးလှသော ငါးကြီးအန်ဖတ်၊ ကတိုး၊ ပြဒါး၊ ချိပ်၊ ဟင်္သာပြဒါး၊ ဘိန်း၊ ပန်းပေါင်း စသည်တို့ကိုလည်း ဝယ်ယူရရှိနိုင်ပေသည်။

မြောက်ဦးမြို့သည် ကြီးမားထည်ဝါသော အဆောက်အအုံများ နည်းပါးသော်လည်း အရွယ်ပမာဏနှင့် ပစ္စည်းဥစ္စာ ပေါများကြွယ်ဝပုံကို အိမ်စတာဒမ်၊ လန်ဒန် အစရှိသော အနောက်နိုင်ငံက ထင်ရှားသော မြို့များနှင့်ပင် နိုင်းစာလောက်ပေသည်။ အထက်တွင် ကျွန်ုပ် ဖော်ပြခဲ့ဖူးသည့် ဒတ်ချ်လူမျိုး ရှိုတင် Schouten ဆိုသူသည် နောင်နှစ် ငါးဆယ်လောက်ကြာမှ မြောက်ဦးမြို့သို့ ရောက်ခဲ့သော်လည်း သူ့မှတ်တမ်း၌ ထိုမြို့တော်သည် အာရှတိုက်တွင် အချမ်းသာဆုံး မြို့တော်ဖြစ်ကြောင်း၊ ထွက်ကုန် ပစ္စည်းများဆိုလျှင် ဟံသာဝတီ ပဲခူးနှင့် ယိုးဒယားပြည် အယုဒ္ဓယမြို့တော်များထက် ပို၍ ထွက်ကြောင်း ဖော်ပြထားလေသည်။ ဆိုလိုသော အချက်ကား တန်ခိုးအာဏာ ကြီးမားမလာသေးမီက မြို့တော်များသည် တရုတ်ပြည်မှအပ မည်သည့်နိုင်ငံမှာမဆို ယခုခေတ် မြို့ကြီးများကဲ့သို့ မစည်းကားလှသေးချေ။ ထိုခေတ်က တရုတ်ပြည်ရှိ မြို့များမှာမူ လူဦးရေလည်းများ၊ ဖိမ်ခံပစ္စည်းများလည်းပေါ၊ ကမ္ဘာပေါ်၌ မည်သည့် နိုင်ငံကမျှ မယှဉ်သာအောင် လူကြိုက်များသည့် ကုန်ပစ္စည်းများ ထွက်သဖြင့် စည်ကားခဲ့ကြပေသည်။ ယေဘုယျအားဖြင့် ဆိုရသော် အခြား အာရှမြို့များမှာ ကားခဲ့ကြပေသည်။ ယေဘုယျအားဖြင့် ဆိုရသော် အခြား အာရှမြို့များမှာ ယခုခေတ် (မြို့ပိုင်ရုံးစိုက်ရာ) မြို့ကလေးများလောက်သာ ရှိခဲ့ကြပေသည်။

myanmar ONLINE teashop
www.mmteashop.com

မြောက်ဦးမြို့ကို ရွှေမြို့တော်ဟု သတ်မှတ်ရခြင်းတွင် ပတ်ဝန်းကျင်မှ ဆန်စပါး အမြောက်အမြား ထွက်သောကြောင့် ဖြစ်ပေသည်။ မိုးရေချိန်လက်မ (၂၀၀) နှင့် (၃၀၀) အကြား ရွာသွန်းသောကြောင့် မည်သည့်အခါမျှ ကောက်ပဲသီးနှံ အထွက်မညံ့ခံချေ။ ထိုအချိန်တွင် အနီးရှိ အိန္ဒိယပြည်၌ မကြာခဏမိုးခေါင်ပြီး ငတ်မွတ်ခေါင်းပါးသော ဘေးများ ကျရောက်လေ့ရှိပေသည်။ ရခိုင်ပြည်နယ်၏ ဆန်းစပါးသည် ဒေသ၏ စည်းစိမ်ချမ်းသာကို ခေတ်အဆက်ဆက် ဖြည့်စွမ်းလာခဲ့သဖြင့် တိုးတက် ကြွယ်ဝလာသော ပြည်နယ် ဖြစ်လာတော့သည်။ အိန္ဒိယပြည်သို့ ရောင်းချခဲ့ရသော ဆန်စပါးတို့ကြောင့်လည်း မိမိဒေသတွင် လိုအပ်သော ကုန်များ ဒီရေစီးဝင်လာသကဲ့သို့ ယခုလို ဖောဖောသီသီ ဝယ်ယူနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ထို့ပြင်လည်း မြောက်ဦးနန်းဆက်သည် အတွင်းအပ အန္တရာယ်များ ကင်းရှင်းလျက် နှစ်ပေါင်း (၂၁၀) ကြာအောင် အေးငြိမ်းချမ်းသာစွာ မင်းဆက်မပြတ် အုပ်စိုးလာခဲ့နိုင်ပေသည်။ မပြောပလောက်သော စစ်ပွဲကလေးများ ပေါ်ပေါက်ခဲ့ ဖူးသော်လည်း ရက်တိုတိုနှင့်ပင် အနိုင်ရခဲ့ကြသည်။ ပြည်သူလူထု မကျေနပ်၍ ဆူပူသည် ဟူ၍လည်း မကြုံခဲ့ရချေ။ သို့ဖြစ်၍ ထိုတိုင်းပြည်သည် ယခုလို ချမ်းသားကြွယ်ဝပြီး စွမ်းစွမ်းတမံ ဖြစ်လာသည်ကို အံ့ဩဖို့ မလိုတော့ပေ။ နှစ်ပေါင်း နှစ်ရာကျော်အောင် ငြိမ်းချမ်းသာယာစွာ တည်တံ့ခဲ့ခြင်း၊ ကောက်ပဲသီးနှံများ ကောင်းမွန်လျက် အထွက်မလျော့ဘဲ တိုးတက်၍သာ လာခဲ့ခြင်း။ ခန္တီတရားနှင့် ပြည့်ဝသော ကိုးကွယ်မှု အယူဝါဒရှိခြင်း၊ အလုပ်ကြမ်းလုပ်ဖို့ ကျေးကျွန်ပေါများခြင်း စသည့် အင်္ဂါရပ်တို့တွင် မည်သည့် ဥရောပ နိုင်ငံများက ရခိုင်ပြည်နယ်ကို ယှဉ်ပြိုင်နိုင်ပါသနည်း။ ထို့ပြင် အုပ်ချုပ်ရေးဘက်ကလည်း မညံ့လှပေ။ ထီးသက်နန်းသက် ရှည်လျားသည်နှင့်အမျှ ဖော်လွှဲဖောက်ပြန် ပြုလုပ်မှု အနည်းငယ် ရှိကောင်းရှိပေမည်။ သို့သော် ထိုကိစ္စအတွက် ဥပဒေပြု၍ ကာကွယ်ထားပေသည်။ တိုင်းသူပြည်သားတို့၏ အသက်စည်းစိမ် အိုးအိမ်များလည်း လုံခြုံမှု ရှိခဲ့ကြသည်။ ယင်းသို့သော အကြောင်းအချက်များသည် သီရိသုဓမ္မမင်း၏ ဆိုခဲ့သော ထူးထူးဆန်းဆန်း ရှုးနှမ်းနှမ်းနိုင်လှသော အပြစ်တို့ကို တစ်ခါတစ်ရံမှ ကြုံရသော အသေးအဖွဲ ကိစ္စကလေးများသဖွယ် ခွင့်လွှတ်ကောင်း ခွင့်လွှတ်ကြပေလိမ့်မည်။

ကျွန်ုပ်တို့ အသေအချာ ပြောပြနိုင်သည်မှာတော့ ယင်းသို့ မဟုတ်ပေ။ ရခိုင်တစ်နယ်လုံးရှိ လူထုကြီးသည် ဘုရင် ကြွားလုံးထုတ်လို၍ တိုက်ခိုက်ရန် ကြံရွယ်သော ထိုနယ်ချဲ့စစ်ပွဲ၌ စိတ်ဝင်စားခြင်း မရှိကြကုန်။ ထို့ကြောင့်လည်း ဘုရင်၏ ယဇ်ပူဇော်ခြင်းအမှုကို ခွင့်မလွှတ်လိုကြချေ။ ထိုပြစ်မှုသည် မြတ်စွာဘုရားသခင်၏ တရားတော်နှင့် လွန်စွာပင် ဆန့်ကျင်နေတော့သည်။ ရှိန်းပြီးဆေးသည် ဘုန်းတန်ခိုးအာဏာ ကြီးမားစေသည်။ ဘုရင်သည် ဘုန်းတန်ခိုးကြီးချင်လွန်း၍ ထိုဆေးကို မရအရ အဓမ္မနည်းနှင့် ဖော်စပ်ရယူခဲ့သည် စသည်တို့ကို သူတို့ သိပြီးကြပြီ။ "ရှင်ဘုရင် လုပ်ပုံမဟုတ်၍ တိုင်းသူပြည်သား နှစ်ခြမ်းကွဲခဲ့ရသည်။ တစ်ခြမ်း၌ လူကုံထံပိုင်းနှင့် သာမန် အရပ်သူ အရပ်သားတို့ ရောပြွမ်းပါဝင်နေပြီး အလျက်အမြန် ပုန်ကန်ထကြွရန် ကြံစည်နေကြလေသည်။ ကျန်တစ်ပိုင်းမှာလည်း မှူးကြီးမတ်ရာ၊ သေနာပတိများဖြစ်၍ အတွင်းကနေ၍ လုပ်ကြံရန် အသင့်ရှိနေကြပေ၏။"ဟု မန်ရစ်၏ မှတ်တမ်း၌ အတိအလင်း ဖော်ပြထားလေသည်။ သို့သော် ရှင်ဘုရင်နား ပေါက်ကြားပြီး ထိုလူများကို ဖျောက်ဖျက်ပစ်မည်စိုး၍ လုပ်ကြံမည့် မှူးမတ်တို့ အမည်ကိုမူ ဖော်ပြထားခြင်း မရှိပေ။ ဘိသိက်ခံ ပွဲတော် မတိုင်မီ ကြိုတင်၍ ကုန်းပွဲရေပွဲများ အကြီးအကျယ် ပြင်ဆင်ခင်းကျင်းနေခြင်းမှာ ဘုရင်မင်းမြတ်၏ ဂုဏ်သတင်းများ တိုးတက်၍ နာမည် ကျော်ကြားလာစေလိုသောကြောင့် ဖြစ်သည်။ ထိုဘိသိက် အကြိုပွဲတော်ကို မင်းဆယ့်နှစ်ပါး ဘိသိက်ခံခြင်းဖြင့် အစပြု၍ ဖွင့်လှစ်ခဲ့ပေသည်။ ရခိုင်ပြည်နယ်ကြီးကို ပြည်နယ်ပေါင်း တစ်ဆယ့်နှစ်နယ် ခွဲခြား၍ တစ်နယ်လျှင် ဘုရင်ခံ (မြို့ဝန်) တစ်ပါးစီ အုပ်ချုပ်ရလေသည်။

သီရိသုဓမ္မဘုရင်သည် ထိုဘုရင်ခံ (မြို့ဝန်) တစ်ဆယ့်နှစ်ပါးကို မိမိလက်အောက်ခံ ပဒေသရာဇ်များအဖြစ်ဖြင့် ရာဇဘိသိက်ခံယူ စေရမည်ဟု ညွှန်ကြားတော်မူခဲ့လေသည်။ လုပ်ရိုးလုပ်စဉ် ဘိသိက်ခံပွဲများ၌ ဘုရင်ခံ (မြို့ဝန်) တို့ကို ဘွဲ့တံဆိပ်နှင်းအပ်ခြင်း၊ ဘုရင်မင်းမြတ်ထံ၌ သစ္စာခံစေခြင်း စသည်တို့သာ လုပ်ရသည်။ ယခု ဘိသိက်ပွဲသည်ကား တကယ့် ဘိသိက်ပွဲကြီးသဖွယ်ပေတည်း။ ရခိုင်ပြည်နယ်ကို အင်ပါယာကြီး တစ်ခုအသွင် ဆောင်၍ သီရိသုဓမ္မမင်းက ဧကရာဇ်ဘုရင်လုပ်ပြီး မင်းတကာတို့၏မင်း ဟူသောဘွဲ့ဖြင့် ဘိသိက် ခံယူတော်မူရန် ဖြစ်တော့သည်။ ဤနေရာတွင် သူ၏ မျှော်မှန်းချက်မှာ မည်သည့်အရာ ဖြစ်သည်ကို မသိနိုင်ကြသေးပေ။ အိန္ဒိယနှင့် အခြားဘက်နိုင်ငံတို့ကို တိုက်ခိုက် အောင်မြင်တော်မူသောအခါ ယခု ဘိသိက်ခံသော မင်းတစ်ဆယ့်နှစ်ပါးသည် တကယ့် ထီးဆောင်းမင်း စင်စစ်များ ဖြစ်လာကြပေလိမ့်မည်ဟု ထင်ရပေသည်။

မန်ရစ်သည် ပထမဦးစွာ ကျင်းပသော ဘိသိက်ခံပွဲအကြောင်းကို အပြည့်အစုံ မှတ်သား ထားခဲ့လေသည်။ ထိုမင်းကား ယခု စစ်တွေမြို့ အနီးတွင် ရှိခဲ့ဖူးသော ဦးရစ်တောင်မြို့ကို အုပ်ချုပ်ရသော ဘုရင်ခံ (မြို့ဝန်) ဖြစ်သည်။ ထိုဘိသိက်ခံပွဲကို ရွှေနန်းတော်အတွင်းရှိ အခန်းတစ်ခုတွင် ကျင်းပလေသည်။ အခန်းမှာ ကျယ်ပြန့်၍ ကြမ်းပြင်မှ မျက်နှာကျက်အထိ ရွှေချည်ထိုးသော ပိုးဖျင်၊ ဖဲဖျင်များနှင့် ကာရံ ခင်းကျင်းပြီး ပိုးတွန့်၊ ပန်းဖွား၊ ကြိုးလိမ်များ ယှက်သန်းလျက် အစွမ်းကုန် အလှအပ ပြင်ဆင်မွမ်းမံ၍ ထားလေသည်။ ကြမ်းပြင်ကိုမူ ပါရှားပြည်ဖြစ် ကမ္ဗလာ ကော်ဇောတို့ဖြင့် ညီညာပြန့်ပြူးစွာ ခင်းထားပေသည်။ အခန်းတစ်ခုတွင် ပြတင်းပေါက် တစ်ပေါက်စီ ရှိ၍ ဖဲသားအဖြူပေါ်တွင် ရွှေကြယ်ပွင့်များ ပေါက်လျက် အနား၌ ပုလဲလုံးကလေးတို့ကို စီခြယ်ထားသော ခန်းဆီတစ်ခုစီ ဆွဲ၍ ကာရံထားပေသည်။ ပြတင်းပေါက် တစ်ခုလုံးကိုလည်း အတွင်းဘက်ကနေ၍ ရွှေဇာကွက်ဖော်ထားသော တင်းထိမ်နှင့် အပြည့် ကာရံထားသေး၏။ ထိုပြတင်းဝသို့ လှေကားထစ် ခြောက်ထစ်ရှိသော ရွှေလှေကားကို ထောင်ထားလေသည်။ မင်းညီမင်းသားများ၊ မှူးကြီးမတ်ရာများ စစ်ဗိုလ်ကြီးများနှင့် အစိုးရ အရာရှိကြီးတို့သည် ကော်ဇောများပေါ်တွင် ထိုင်ကြလေသည်။ ပေါ်တူဂီ စစ်ဗိုလ်များသည်လည်း သီးသန့် ခင်းကျင်းထားသော နေရာများ၌ ထိုင်ကြရသည်။

ခဏကြာလျှင် စည်တော်တီး အမှုထမ်းသည် ငွေကြိုးတပ်၍ ဆွဲထားသော စည်ကြီးကို တီးလိုက်လေသည်။ ထိုအခါ ပြတင်းပေါက်ဆီသို့ လူတိုင်း လက်အုပ်ချီ၍ ရှိခိုးကြရလေသည်။ အဓိပ္ပါယ်မှာ ရှင်ဘုရင် ထွက်လာတော့မည် ဖြစ်၍ အရိုအသေပြုရန် အသင့် ရှိစေလိုကြောင်း အချက်ပေးခြင်းဖြစ်ပေသည်။ ထိုအခါ ရွှေဇာကွက်ဖော်ထားသော တင်းထိန်ကို ဖယ်ရှားလိုက်ပြီး သီရိသုဓမ္မမင်းတရားကြီး ထွက်တော် မူလေသည်။ ဘုရင်မင်းမြတ်သည် အစိမ်းရောင် သိုရင်းဝတ်ရုံကို ဝတ်ဆင်၍ လည်တွင်လည်း ပုလဲပုတီးတစ်ကုံးဆွဲလျက် လက်တစ်ဖက်က လိပ်ခွံပုံသဏ္ဌာန်ရှိ မြရတနာ စီခြယ်သော ယပ်ကို ဖြန့်ကိုင်လျက် ပလ္လင်ထက်၌ ထိုင်တော်မူလေသည်။ အပျိုတော် နှစ်ယောက်ကလည်း ဘုရင်မင်းမြတ်အား တစ်ဖက် တစ်ချက်ရံ၍ ဒေါင်းမြီးယပ်များနှင့် ယပ်ခတ်ပေးကြရလေသည်။ ဘုရင်မင်းမြတ်၏ ပတ်ဝန်းကျင်၌ ရဟန်းသံဃာများနှင့် ခရသင်းလက်စွဲသော ပုဏ္ဏားတော်များ ဝိုင်းရံလျက် မတ်တတ်ရပ်နေကြသည်။ ထိုပုဏ္ဏားတော်များမှာ ဘုရင့်အတိုင်ပင်ခံ ပုရောဟိတ်အဖွဲ့ဝင်များ ဖြစ်ပေလိမ့်မည်။ ၎င်းတို့မှာ ဘုရင်မင်းမြတ်၏ ပွဲလမ်းသဘင်နှင့် မင်းခမ်းမင်းနားများ၌ တာဝန်ယူ၍ စီမံကြရန် အိန္ဒိယပြည်မှ ပင့်ခေါ် ချီးမြှောက်ထားသူများ ဖြစ်ကြ၏။

myanmar ONLINE teashop
www.mmteashop.com

အခမ်းအနားကို ကပွဲနှင့် ဖွင့်လေသည်။ ထီးသုံးနန်းသုံး ရှေးသီချင်းများကို သီဆို တီးမှုတ်ကြလေသည်။ ကချေသည် နှစ်ဆယ့်လေးယောက်က အစိမ်းရောင်နှင့် အဖြူရောင် ကွက်ကျားအဝတ်အစားများ ကဲ့သို့ ကပြကြလေသည်။ အချို့သော ကကွက်များမှာမူ ကချေသည်တို့က ဒိုးပတ်အိုးစည်များကို လွယ်၍ တီးရင်းဆိုရင်း ကခုန်ကြ၏။ ထို့နောက် တန်းစုတန်းခွဲ အမျိုးမျိုးလှည့်ပတ်၍ ကရသော မြန်မာယိမ်းအကမျိုး ကပြကြသည်။ မြန်မာယိမ်းအကသည် ဘာလီလူမျိုးတို့၏ ရက်ဂျင် Redjang အကနှင့် ခပ်ဆင်ဆင် တူပေသည်။

တစ်နာရီလောက် သီဆိုတီးမှုတ် ကခုန်ကြပြီးနောက် လှပစွာဝတ်စားဆင်ယင်ထားသော မိန်းကလေး ဆယ့်နှစ်ယောက် မကိုင့်သရဖူ ကိုယ်စီကို လက်ဖြင့် မြှောက်ကိုင်၍ ထွက်လာကြ၏။ ၎င်းတို့ကို ပလ္လင်၏ အောက်ဘက်၌ တစ်ဦးစီ အလိုက်သင့် ချထားကြရလေသည်။ ကြက်သွေးရောင် ဝတ်စုံကို ဝတ်ထားသော သား၍ငယ်သော ကလေးမများက ကျိုင်းခေါ် မင်းသုံးလုံတံကို ကိုင်၍ ၎င်းတို့၏ နောက်မှ လိုက်ပါကြရပြီး အသီးသီး မကိုင့်များအနား၌ ချထားကြရသည်။ ယင်းသို့ အစီအစဉ်အတိုင်း ပြုမူ ဆောင်ရွက်သမျှတို့ကို တီးဝိုင်းများက ဆိုင်ရာ တေးသီချင်းများတီး၍ ပို့ပေးကြရလေသည်။ အမှန်မှာ ပြဇာတ်ကလေးနှင့်ပင် တူနေတော့သည်။

ယခုအခါ ဦးရစ်တောင်မြို့ဝန် (ဘုရင်ခံ) ကို ဘိသိက်သွန်းသော အခမ်းအနား စလေပြီ။ ၎င်းကား ကြံ့ခိုင်သော ကိုယ်ကာယနှင့် နပျိုသော အရွယ်မျှသာ ရှိသေးသည်။ ဘုရင်မင်းမြတ်၏ ဆွေတော် မျိုးတော် မင်းသားတစ်ပါး ဖြစ်သည်။ ၎င်းအား ကိုယ်ရံတော် တစ်ယောက်က ရှေ့ဆောင်၍ ဘုရင်မင်းမြတ် ရှိရာသို့ တွဲခေါ်လာရသည်။ သူ့ကိုယ်တွင် နီမြန်းသော ရှုံးသုံး ကတ္တီပါ သိုရင်းအင်္ကျီကို ဝတ်ဆင်ထားပြီး အပြာနှင့် အဖြူရောင်၍ အပွင့်ဖော်ထားသော ပုဆိုး၊ ၎င်းနှင့် အဆင်တူသော ခေါင်းပေါင်းတို့ကို ဆင်မြန်းထားရာ လွန်စွာ တင့်တယ်လှတော့သည်။ ထိုမြို့ဝန်၏ အမည်ရင်းကို မင်းသားထွန်းထန် Toon htan* (ရခိုင်သံနှင့် ထွန်းထင်-ထွန်းထန် အသံနှစ်ခုကြား အသံစပ်၍ အသံထွက်ရသည်။ ဘာသာပြန်သူ) ဟုခေါ်ကြသည်။ ၎င်းသည် ဘုရင်မင်းမြတ် မြင်သာသော နေရာသို့ ရောက်သောအခါ ရပ်လျက် လက်အုပ်ချီကာ ရှေ့သို့ ခြေလှမ်းအနည်းငယ် လှမ်းလာခဲ့ပြီးနောက် ထိုင်၍ ဦးချကာ အရိုအသေ ပြုလေ၏။ ထို့နောက် ပုဏ္ဏားဖြူ ပုဏ္ဏားဘိုတို့က သူ့ကို ပလ္လင်၏ လှေကားရင်းသို့ တွဲခေါ်သွားကြသည်။ ထိုအချိန်တွင် ပုဏ္ဏားတော်တစ်ဦးက မြတ်စွာဘုရား၏ ရုပ်ပွားတော် တစ်ဆူကို ပလ္လင်ပေါ်သို့ တင်ပေးလိုက်လေသည်။ ဘုရင်မင်းမြတ်လည်း ထိုကိစ္စအတွက် ပလ္လင်ပေါ်မှ နေရာဖယ်ပေးတော်မူသည်။ မင်းသားလည်း ဗုဒ္ဓရုပ်ပွားတော်ရှေ့၌ ကြမ်းပြင်ကို နဖူးနှင့် ခုနစ်ကြိမ် ဦးတိုက်ကာ ဘုရင်မင်းမြတ်အပေါ် သစ္စာရှိကြောင်း မှန်ကန်ပါ၏ဟု သစ္စာဆိုရလေသည်။

ထို့နောက် သီရိသုဓမ္မမင်းသည် မိမိနေရာ ပလ္လင်ထက်တွင် ပြန်ထိုင်တော်မူလေ၏။ ပုရောဟိတ် ပုဏ္ဏားတစ်ယောက်က ဘုရင့်ရှေ့တော်သို့ ထွက်လာပြီးလျှင် ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော ဆင်ဖြူများရှင် ဘင်္ဂလားပြည်အပါအဝင် ရေမြေ့သခင် ဘဝရှင်မင်းတရားကြီး စသည်ဖြင့် အကြီးဆုံး စကားလုံးတို့ကို ရွေး၍ ကြွေးကြော်ပြီးနောက် ယခုအခါ တစ်ကမ္ဘာလုံးကို အစိုးရသော စကြာဝဠာ၊ စကြာမင်းမြတ် ဖြစ်လာတော်မူလေပြီဟု ကြေညာလေတော့သည်။

ထို့နောက် ပလ္လင်အောက်၌ စီတန်းချထားသော မကိုင့်သရဖူ တစ်ခုကို ဘုရင်မင်းမြတ်၏ လက်သို့ ဆက်သလိုက်ကြပြီး မင်းသားကို ပလ္လင်ခြေရင်းသို့ ရွှေ့ပေးကြရာ မင်းသားလည်း လေးဘက်တွား၍ ရှေ့သို့ တိုးပေးလေသည်။ ထိုအခါ ဘုရင်မင်းမြတ်သည် မင်းသား၏ ဦးခေါင်းကို မိမိကိုယ်တိုင် သရဖူဆောင်းပေးပြီး

myanmar teashop www.mmteashop.com

လုံတံ (ကျိုင်း) ကိုလည်း မင်းသား၏ လက်ထဲသို့ ထည့်ပေးလိုက်လေသည်။ ထိုအချိန်တွင် ရွှေတင်းထိမ်မှာ ဆွဲကာလျက်သားဖြစ်ပြီး အခမ်းအနားလည်း ပြီးဆုံးလေတော့၏။

ညှော့ပရိသတ် စဲလေသော် မန်ရစ်သည် လူကြားထဲတွင် ညပ်ပါလာရင်း အခန်းကြီး၏ ပြင်ဘက်ရှိ ဝင်းထဲသို့ နန်းတွင်းသားတို့နှင့်အတူ ရောက်လာခဲ့လေသည်။ ထိုနေရာတွင် မင်းစီး ဆင်တော်များ အစီးတစ်ရာလောက်ကို တစ်ဖက်တစ်ချက် တန်းစီရပ်ထားလေသည်။ ထိုဆင်များ၏ နောက်၌ ဗိုလ်ရှုခံ သဘင်သို့ လာသော မင်းညီမင်းသားတို့၏ ဆင်များကို တန်းစီထားရလေသည်။ ပရိသတ်လည်း တသောသောနှင့် ပြောမိပြောစကားများကို ပြောနေကြသည်။ ဗုံသံ၊ မောင်းသံ၊ ပလွေသံတို့လည်း လေထဲသို့ ပျံတက်နေကြသည်။ ယိမ်းသူမတစ်စုနှင့် ကျွမ်းဘားသမား အချို့လည်း သီချင်းများ သီဆို၍ ကခုန်ပျော်မြူးကာ ပရိသတ်ကို ဖျော်ဖြေနေကြသည်။ အလွန် ပျော်စရာကောင်းသော ရှုခင်းတစ်ရပ်ပေတည်း။ ရခိုင်လူမျိုးတို့သည် ဤမျှ လူပရိသတ် များပြားနေလျက်နှင့် ငြီးငွေ့ပုံ လက္ခဏာ မရှိကြချေ။ မန်ရစ်မှုကား မူးနောက်နောက် ဖြစ်လာသည်နှင့် နေလည်း ညိုးပြီဖြစ်၍ အိမ်သို့သာ ပြန်ချင်နေတော့သည်။

သို့သော် မည်သူမျှ မပြန်ကြသေးဘဲနှင့် မိမိတစ်ဦးတည်း ပြန်သွားလျှင် မသင့်လျော်ပေ။ ထို့ပြင် အလွယ်တကူ ထွက်၍လည်း မရနိုင်သေး။ သို့နှင့် မင်းသားထွန်းထန် (ဦးရစ်တောင်မြို့စား) သူဆင်ပေါ်သို့ တက်သည်ကို မြင်မှ မိမိ၏ ကပ္ပတိန်ဂျင်နရယ် ပေါ်တူဂီစစ်ဗိုလ်နှင့် အတူ ပြန်ဖို့ ခြေလှမ်း ပြင်ကြရတော့သည်။ သို့သော် သူ့ကို မင်းသား မြင်ခဲ့လေပြီ။ ထိုအခိုက် မင်းသားက "မန်ရစ်" ဟု ဖော်ဖော်ရွှေရွှေ လှမ်း၍ ခေါ်လိုက်ပြီး "ယခုည ကျွန်ုပ်အိမ်မှာ ညစာတည်ခင်း ညှော့ခံမလို့။ ပေါ်တူဂီတွေအပေါ်မှာ ကျွန်ုပ် ဘယ်လို သဘောထားတယ်ဆိုတာ အသိသား မဟုတ်လား။ ဘယ်တော့မဆို သဘောချင်း ကိုက်ညီကြတာပဲ။ သင်ရော ကပ္ပတိန်ပါ ကျွန်ုပ်၏ ညှော့ခံပွဲကို ဆက်ဆက်တက်ပါ။ ငြင်းတာ လက်မခံနိုင်ဘူးနော်။ တကယ်ပြောနေတာ"ဟု အတင်းဖိတ်မန္တက ပြုနေပေတော့သည်။

"ကျွန်ုပ်မှာ အကျဉ်းအကျပ်ထဲ ရောက်နေသဖြင့် အတော် စိတ်အိုက်သွားပါတော့သည်"ဟု မန်ရစ်က မှတ်ချက်ချလိုက်သည်။ သို့ရာတွင် ဖိတ်ကြားချက်ကို ငြင်းဆိုရန် မဖြစ်နိုင်။ ခရစ်ယာန်တွေ အားထား မှီခိုနေရသော ပုဂ္ဂိုလ်ကြီး တစ်ဦးကို မလေးမစားလုပ်ရာ ရောက်ပေလိမ့်မည်။ စိတ်ထဲတွင်မူ သူ့အိမ် ရောက်လျှင် ရောက်ချင်း လစ်ပြေးအံ့ဟု တွေးပြီး အပေါ်ယံကသာ ဟန်လုပ်၍ ဖိတ်ကြားချက်ကို လက်ခံလိုက်တော့သည်။

ကြီးထားသော မင်းသုံး ဆင်တော်နှစ်စီး မိမိတို့ထံသို့ ရှေးရှုလာနေလေပြီ။ တစ်စီးမှာ မိမိစီးရန်ဖြစ်၍ ကျန်တစ်စီးမှာ ကပ္ပတိန်အတွက် ဖြစ်သည်။ သို့ရာတွင် မိမိမှာ ယခုလို စစ်အင် ခင်းကျင်း ချီတက်ရာမျိုး၌ တစ်ဦးတည်း ငုတ်တုတ်လိုက်ပါရန် မသင့်လျော်ဟု တွေးမိသဖြင့် မိမိအဖော်နှင့်တွဲ၍ စီးနင်းလိုက်ပါခဲ့ရပေသည်။ မင်းသားလည်း ရှေ့က ကြွနှင့်လေပြီ။ လူစုလူဝေးလည်း ကြီးမားလှ၍ နန်းတော်ရှေ့ ကွက်လပ်ပြည့်နေတော့၏။ ကြွေးကြော်သံများ၊ သီချင်းသံများ၊ တီးသံ၊ မှုတ်သံ၊ ကခုန်သံများနှင့် ဆူညံနေပေသည်။ လူများလည်း ရှုပ်ယှက်ခတ်နေလေသည်။ ဆင်ကြီးများကား လိမ္မာလှ၏။ မိမိတို့ ခြေလှမ်းကို များစွာ ဂရုစိုက်၍ လှမ်းတက်ကြသည်။ ဤမျှ ရှုပ်ထွေးလျက် ပုရွက်အုံ တုတ်နှင့် ဆွသလို ဖြစ်နေသော လူအုပ်ကြီးကို ဖြတ်သန်းထွက်ခဲ့ရာ တစ်စုံတစ်ယောက်ကိုမျှ နင်းမိ ခိုက်မိသည် မရှိချေ။ သူတို့သည် အပြင် မြို့တံခါးပေါက်ကို ဖြတ်ကျော်မိသောအခါ မြို့ရိုးပေါ်မှ အမြောက် ပစ်ဖောက်သံများ ဟိန်း၍ ထွက်ပေါ်လာပြန်သဖြင့် ရုတ်တရက်သော် လန့်၍ သွားမိပေသည်။ ယင်းသို့ ရုတ်တရက် အမြောက်ပစ်ဖောက်ခြင်းမှာ မင်းသားကို အလေးပြုခြင်းဟု သိရပေသည်။

myanmar ONLINE teashop
www.mmteashop.com

မြို့ရိုးပြင်ဘက်ရှိ ကွင်းပြင်ထဲသို့ ရောက်သောအခါ အတန်ငယ်ရပ်တန့်ပြီး စီတန်း လှည့်လည်ရန် အတွက် အစီအစဉ် လုပ်ကြရသည်။ မင်းသား၏ အိမ်တော်ပါ မြင်းတပ်လည်း ထိုနေရာမှ စောင့်လျက် ဝင်ရောက် ပူးပေါင်းလာကြသည်။ မဟာမေဒင် မြင်းတပ်စု တစ်စုလည်း မြင်းများကို ကဆုန်စိုင်း၍ ရောက်ရှိလာ၏။ ထွားကျိုင်းသော ရာဂျပွတ်ခေါ် ရာဇပုတ္တနယ်သား မြင်းသည်တော်များလည်း အစိမ်းရောင် ဝတ်စုံနှင့် ရွှေချထားသော လေးမြားတို့ကို စွဲကိုင်၍ အသင့်ရှိနေပေသည်။ သူတို့၏ မြင်းများကို ကတ္တီပါနှင့် ပိုးထည်များ လွှမ်းထားကြသည်။ အခြားတပ်စု တစ်ခုမှာ ဟံသာဝတီပဲခူးမှ တပ်ဖြစ်၍ သူတို့၏ ဝတ်စုံမှာ ခရမ်းရောင် ဖဲဖျင်များနှင့် ချုပ်လုပ်ထားသော ဝတ်စုံများဖြစ်ကြသည်။ ခါးတွင် ဓါးမြှောင်ထိုး၍ ငွေကွပ်သော ဓါးအိမ်နှင့် ဓါးရှည်ကို ကိုယ်စီလွယ်လျက် လက်ဝဲလက်၌ ဘဲဥပုံဒိုင်းကို ကိုင်ဆောင်ထားကြသည်။ မြင်းတို့ကိုလည်း တစ်ဝက်တစ်ပြက် သံချပ်အင်္ကျီ ခြုံပေးထားကြသည်။ မြင်းက ကြိုးတန်ဆာတို့မှာ သံပြားနှင့် လုပ်ထားသော ပစ္စည်းများ ဖြစ်သည်။ တတိယတပ်စုကား အထက်မြန်မာနိုင်ငံ အင်းဝမြို့သား တပ်များဖြစ်သည်။ သံခမောက်ဆောင်း၍ သံချပ်ဝတ်လျက် တောင့်တင်းသော မြင်းသည်တော်များ ဖြစ်ကြသည်။ သူတို့၏ လက်နက်မှာ လှံတိုများဖြစ်၍ နစ်ဖက်ချွန်ပုံစံ တုတ်နှင့် ခပ်ဆင်ဆင် တူပေသည်။ ၎င်းတို့သည် အလံတစ်ခု ယူဆောင်လာကြသည်။ သူတို့မြင်းများကိုမူ ကကြိုးတန်ဆာ ရောင်စုံခြယ်၍ အလှအပ ပြုလုပ်ပြင်ဆင် ထားပေ၏။

ထိုကွင်းကြီးထဲသို့ ဆင်ပေါင်များစွာ ဝင်လာကြပြန်လေပြီ။ ဆင်အစီးတစ်ရာလောက် နစ်ကောင်တွဲ စီတန်းထား၏။ အားလုံး တိုက်ဆင်တွေချည်း ဖြစ်သည်။ အရပ်အမောင်း မြင့်ရသည့်အထဲ အစွယ်တို့၌ ဓားချွန်များ တပ်ဆင်ထားသဖြင့် ဝင်ခါနီး နေရောက်အောက်တွင် သူတို့ ဦးခေါင်းဝေ့လိုက်တိုင်း တပြောင်ပြောင် တလက်လက် ဖြစ်နေတော့သည်။ ဤမျှနှင့် မပြီးသေး။ ဘိသိက်ပွဲသို့ ကြွရောက်သော ဧည့်သည်တော် လူကြီး၊ လူကောင်း၊ မှူးကြီးမတ်ရာတို့လည်း မိမိတို့ ဆင်များပေါ်သို့ အသီးသီး တက်ကြလေပြီ။ ထို့နောက် တအိအိနှင့် ချီတက်ကြတော့သည်။ စုစုပေါင်း ဆင်အစီး နစ်ရာခန့် ပါရှိပေလိမ့်မည်။

အားလုံးကိုယ့်နေရာနှင့်ကိုယ် နေရာတကျ ရှိကြသောအခါ စီတန်းလှည့်လည်ပွဲ စလေတော့၏။ မြင်းတပ်များက ရှေ့မှ ချီတက်ရ၍ တိုက်ဆင်များက ဒုတိယ၊ မင်းညီမင်းသား မှူးမတ်များ၏ ဆင်များက တတိယ အသီးသီး လိုက်ပါကြရ၏။ မင်းသားသည်ကား နန်းတော်သို့ မိမိနှင့် လိုက်ပါခဲ့သော သက်တော်စောင့် ကိုယ်ရံတော် လူလေးဆယ် ခြံရံ၍ နောက်ဆုံးမှ လိုက်ပါခဲ့လေသည်။ မန်ရစ်နှင့် ကပ္ပတိန်မှာ မှူးကြီး မတ်ရာတို့နှင့်အတူ ရောနောလိုက်ပါခဲ့ကြသည်။ အစီအစဉ်မှာ အလွန် ရှည်လျားခမ်းနား၍ ကြည့်၍ အလွန်ကောင်းလှသည်။ ယခုလို စီတန်း လှည့်လည်ခြင်းမျိုး၌ ဆင်ထက် ပို၍ ကျက်သရေ မင်္ဂလာရှိသော တိရစ္ဆာန်မျိုး မရှိတော့ပြီ။ အလွန် ခံ့ညား၍ ကြွားကြွားဝင့်ဝင့် ရှိလှပေ၏။

ထိုပွဲ၌ ယခုအခါ စုစုပေါင်း ဆင်အစီးလေးရာ ပါဝင်နေပေပြီ။ ၎င်းတို့ကို ကြည့်၍ကောင်းအောင် အမျိုးမျိုးသော ကကြိုးတန်ဆာများဖြင့် ဖုံးလွှမ်း ဆင်ယင်ထားကြ၏။ ဖောင်းကားတို့မှာ ပုံအမျိုးမျိုး ရှိနေကြသည်။ မှူးကြီးမတ်ရာတိုင်း မိမိဆင်ကို အမှတ်တရဖြစ်အောင် အလှအပ ပြင်ဆင်ပေးလေ့ရှိသည်။ အချို့မှာ ကကြိုးတန်ဆာကို ရွှေချထားကြသည်။ အချို့က ဟင်္သာပြဒါး သုတ်ထားသည်။ ဘီလူးရုပ်၊ နဂါးရုပ်၊ လူပျံရုပ် စသည်တို့ကိုလည်း ထုလုပ် တပ်ဆင်ကြသည်။ ထိပ်ပိုင်း ဦးကင်း၌ အဖိုးထိုက်လှသော ပိုးဖဲကတ္တီပါတို့ကို အလှအပ ခြယ်လှယ်ပြီး အုပ်ဆိုင်းပေးကြသည်။ ထိုထိပ်အုပ်၏ အနားသားတို့ကိုမူ ပုလဲလုံးကလေးများဖြင့် အမြိတ်ချထားကြ၏။ ၎င်းပြင် ဆင်တစ်စီးနှင့် တစ်စီးမှာလည်း ကွဲပြားခြားနားသော

အသွင်အပြင် ရှိကြသည်။ တိုက်ဆင်များ၏ မျက်လုံးတို့မှာ မျက်ထောင့်နီပြီး တောက်ပြောင်၏။ မှုံးမတ်တို့ စီးသော ဆင်များကား သေသပ်၍ နူးညံ့သိမ်မွေ့သည်။ သူတို့သည် အဆိုးအကောင်း ကွဲပြားလင့်ကစား စည်ကမ်းမှာတော့ အတူတူပင် ဖြစ်ကြသည်။

မန်ရစ်သည် သူတို့၏ အမူအရာကို အတော်ပင် စွဲလာခဲ့သည်။ "ဆင်များသည် နှစ်ကောင်တစ်တွဲ သွားလျှင် တီးဝိုင်းသမားများနှင့် တူလှသည်။ ကချေသည်များကို သူတို့နှင့်အတူ အမြဲတမ်းတွဲလျက် တွေ့ရတတ်သည်။ နန်းတွင်း၌ဖြစ်စေ၊ တခြား၌ဖြစ်စေ၊ ကခုန်မြူးထူးကြသောအခါတို့တွင် ဆင်များကို တွေ့ရတတ်သည်။ လှပစွာ ဝတ်စားဆင်ယင်လျက် ဆင်တို့၏ ဦးခေါင်းများပေါ်တွင် ပန်းကုံးပန်းစည်းတို့နှင့် ခုန်ကျော်ပြေးလွှား ကစားကြသည်။ လှပသော ငှက်ကလေးများ ဟိုပျံသည်ပျံ လုပ်သကဲ့သို့ တိုက်ဆင်ကြီးတို့၏ နှာမောင်းထက်မှ လည်းကောင်း၊ နှာမောင်းအောက်မှ လည်းကောင်း ကျော်ဖြတ်လျှိုဝင်ကာ အမျိုးမျိုး သီဆိုကပြကြသည်။ သူတို့၏ အမည်ကို ခေါ်၍ ယပ်တောင်နှင့် ခေါက်ကြသည်။ ဟဲ့ အောင်နိုင်၊ ဟဲ့ မိုးကြိုး၊ ဟဲ့ ရထားဗိုလ် စသည့် နှုတ်ကျိုးနေသော နိမိတ္တက အနွတ္တ အမည်တို့ကိုခေါ်၍ ကကြခုန်ကြသည်။ ယင်းသို့သော အခါမျိုး၌ ထိုဆင်ကြီးများမှာ စိတ်သဘောကောင်းသည့် ခွေးလိမ္မာကြီးများကဲ့သို့ အလွန် ချစ်စရာ ကောင်းလှပေ၏" ဟု မန်ရစ်၏ မှတ်တမ်း၌ ချီးကျူးထားလေသည်။

ယင်းသို့ သာယာပျော်မြူးဖွယ် ကောင်းသော စီတန်းလှည့်လည် ပွဲမျိုးဖြင့် မြို့တွင်း၌ လှည့်လည်ခဲ့ကြပြီးလျှင် အထက်တန်းစား မင်းညီ မင်းသား၊ မှူးကြီးမတ်ရာတို့ စုဝေးနေထိုင်ရာ ရပ်ကွက်များ နေအိမ်များသို့ လိုက်လံ၍ ဦးညွှတ် အရိုအသေပြုခြင်း ကန်တော့ခြင်း ပြုကြရပေသည်။ မန်ရစ်ကား ထိုနေ့အဖို့ ငြီးစော်နံနေပြီ ဖြစ်၍ မိမိအဖော် ကပ္ပတိန်နှင့်တွဲပြီး ဖောင်းကားထဲ၌ အသာ တုံးလုံးလှဲ၍ လိုက်ပါလာခဲ့ ရတော့သည်။

မင်းသားတို့၏ အိမ်တော်သို့ ရောက်သောအခါ မီးထွန်းချိန်သို့ ရောက်နေပေပြီ။ ကျယ်ဝန်းသော ခြံဝင်းကြီးထဲသို့ ဝင်ကြသောအခါ မီးရှူးမီးတိုင်တို့ကို ထွန်းညှိလျက် ကြိုဆိုနှင့်သော မင်းသြသဒေမည်ရှိ မင်းသားတစ်ပါးကို တွေ့ရပေသည်။ ထိုမင်းသားလည်း ဘုရင်မင်းမြတ်၏ ဆွေရင်း မျိုးချာတစ်ယောက် ဖြစ်ပေသည်။ ၎င်းမှာ ဘုရင်မင်းမြတ်ကိုယ်စား ဦးရစ်တောင်မြို့စား၏ ညစာ စားပွဲကို တက်ရောက်ရန် ရောက်ရှိနေခြင်း ဖြစ်သည်။

ထိုမင်းသားမှာ နူးညံ့သော အမူအရာ လက္ခဏာ ရှိပေသည်။ သူသည် မင်းသားထွန်းထန် ဆင်ပေါ်က ဆင်းရာတွင် ကူညီ၍ ချပေးပြီးနောက် တစ်ယောက်ကို တစ်ယောက် အပြန်အလှန် အလေးပြုကာ စကားလက်ဆုံ ဝင်နေကြတော့သည်။ ထိုအချိန်သည် မန်ရစ်တို့ လစ်ထွက်ရန် ကောင်းသော အခိုက်အတန့် ဖြစ်သည်။ သို့သော် မင်းသားထွန်းထန်က ရိပ်မိဟန်ဖြင့် မန်ရစ်တို့ကိုခေါ်၍ မိမိအိမ်တော်အတွင်းသို့ ရှေ့က ဝင်သွားလေတော့ရာ မငြင်းသာဘဲ လိုက်သွားကြရ ပြန်ချေသည်။ အိမ်တော်တွင်းရှိ အခန်းတစ်ခန်းမှာ လှပသော ကော်ဇောကြီးများ ခင်းကျင်းထားလေသည်။ မီးအိမ်များကို နံ့သာဆီနှင့် ထွန်းညှိထားသောကြောင့် တစ်ခန်းလုံး မွှေးကြိုင်နေတော့သည်။ ခန်းမဆောင်ကြီးဆီကလည်း ဘုန်းတော်ဘွဲ့တေးသီချင်းများကို သီဆို၍ စောင်းကောက်တီးလျက် ဧည့်ခံနေကြသည်။

ညစာစားပွဲကား မပြီးနိုင်တော့ပြီ။ မန်ရစ် ခန့်မှန်းထားသည်ထက် ပို၍ အချိန်ကြာမြင့်လှပေသည်။ မင်းသားနှစ်ပါးလည်း ဦးရစ်တောင်၌ မန်ရစ် တွေ့ဆုံခဲ့ရဖူးသော ရေကြောင်း ဗိုလ်ချုပ်ကြီးနှင့်အတူ

စားပွဲထိုင်ကြသည်။ အခြားလူများမှာ စားပွဲနိမ့်နိမ့် တစ်ခုစီနှင့် ကော်ဇောပေါ်တွင် ထိုင်၍ စားသောက်ကြရ၏။ စားပွဲတစ်ခုစီတွင် ကြွေပန်းကန်ပြား ငါးချပ်သော် လည်းကောင်း၊ ခြောက်ချပ်သော် လည်းကောင်း ပြင်ထားပြီး ထမင်း ဟင်းလိုက်သူများက လင်ပန်းများဖြင့် စားစရာတို့ကို သယ်၍ ပို့ပေးကြသည်။ ဟင်းတိုင်းမှာလိုလို အလွန် ငရုတ်သီးစပ်လှသည်။ ငါးဟင်းအမျိုးမျိုး၊ ကြက်သားဟင်း၊ ဝက်သားဟင်းမှစ၍ အိမ်၌ မွေးမြူထားသော သားဟင်းတို့သာမက တောထဲကရသော အသားဟင်းမျိုးလည်း စုံလင်စွာ ပါဝင်ပေသည်။ ထိုမှတစ်ပါး ကြွက်သား၊ မြွေသားနှင့် လင်းဆွဲသား စသည်တို့ကို မွှန်မြတ်သော အစားအစာများအဖြစ် အထူးတလည် စီမံချက်ပြုတ်၍ တည်ခင်း ကျွေးမွေးပေသည်။ မန်ရစ်လည်း စာဖူးသည်ရှိအောင် အနည်းငယ်စီ မြည်းကြည့်ခဲ့သည်။ ထိုညစာစားပွဲတွင် အရက်ကို အလွန်အကျွံသောက်ခြင်း မပြုကြချေ။ အရက်မပါသောကြောင့် ဥရောပတိုက် မြောက်ပိုင်းသားတို့အဖို့ စား၍ မကုန်နိုင်တော့ပေ။

အချိုပွဲများ သိမ်းသွားသောအခါ ကချေသည်များ ဝင်လာကြတော့သည်။ ၎င်းတို့မှာ ဇာတ်ပွဲကြီးများတွင် ကပြသကဲ့သို့ အဝတ်အစား အဆောင်အယောင်များနှင့် ကပြခြင်းမျိုး မဟုတ်ပေ။ ကာလသားများ အကြိုက် လေ့ကျင့် သင်ကြားထားသော ကချေသည်များ ဖြစ်ကြသည်။ (မြန်မာပြည်တွင် ဗြိတိသျှခေတ်က မြို့ကြီးများ၌ ခေတ်စားခဲ့ဖူးသော ဖာရေစီအကမျိုး ဖြစ်ပေလိမ့်မည်။ ဘာသာပြန်သူ) ပါးလွှာသော ပိုးဖျင်ကို ချုပ်လုပ်ထားသော အဝတ်တန်ဆာကို မလုံ့တလုံ မပေါ်တပေါ်ဝတ်ပြီး ပုံစံအမျိုးမျိုးဖြင့် ကြာတွေ၊ ဗျာပါတွေ၊ အညာခရာတွေနှင့် ကပြသော အကမျိုးဖြစ်ပေသည်။ မန်ရစ်သည်ကား ထိုကပွဲကို မကြည့်ဝံ့၍ မျက်စိမှိတ်နေခဲ့ရပေ၏။

"ညစာစားပွဲသည် အရက်ကျင်း၍ လင်းလုမှ ပြီးတော့သည်။ ကျွန်ုပ်မှာ အလွန် ပင်ပန်းနွမ်းနယ် နေတော့၏"ဟု မန်ရစ်၏ မှတ်တမ်း၌ ဖော်ပြထားပေသည်။

ယင်းသို့ ပွဲသဘင်မျိုး နောက်ထပ်ခြောက်ရက်ဆက်၍ ကျင်းပရသည်။ ထို့ကြောင့် ဆက်လက်၍ ဘိသိက်ခံရဦးမည့် မင်းသားတစ်ဆယ့်တစ်ပါးနှင့်ဆိုလျှင် တစ်ယောက်တစ်ယောက်ကို ခုနစ်ရက်စီ ကြာ၍ အားလုံး စုစုပေါင်း သုံးလနီးပါးကြာအောင် နေ့စဉ်ရက်ဆက် ပွဲတခြိမ့်ခြိမ့် ခံပြီး စီတန်းလှည့်လည်ပွဲ တသိမ့်သိမ့်နှင့် ရှိနေပေတော့၏။ ဤတွင် ဝန်ခံရမည်မှာ ဘုရင်မင်းမြတ်သည် မိမိ လုပ်ခဲ့သော အမှားကို တိုင်းသူပြည်သားတို့ မေ့မေ့ပျောက်ပျောက် ဖြစ်သွားစေရန် ပွဲလမ်းသဘင်များကို ထိုမျှလောက် ပြုလုပ်ခြင်းသာ ဖြစ်ပေတော့သည်။ သို့သော် လူအချို့မှာ ထိုပွဲလမ်းမျိုး၌ ကျင်လည်ပျော်မွေ့ကာ မေ့မေ့ပျောက်ပျောက် နေကြပေမည် ဖြစ်သော်လည်း အချို့ကား လုံးဝ မေ့လျော့ခြင်းမျိုး မရှိကြကြောင်းကို ရှေ့တွင် တွေ့ရပေလိမ့်သတည်း။

## အခန်း (၂၄)

## ရာဇဘိသေက မင်္ဂလာ

အချိန်ကား (၁၆၃၅) ခုနှစ် ဇန်နဝါရီလ ဖြစ်၏။ အင်္ဂလန်နိုင်ငံနှင့် တရုတ်ပြည်ကြီးတို့တွင် ထိုအခါက ရှင်ဘုရင်များ ကွယ်လွန် နေကြပေသည်။ သို့သော် ပထမမြောက် ချားလ်စ်ဘုရင်သည် လည်းကောင်း၊ တရုတ်ကေရာဇ်ဘုရင် ချွန်ချင်းသည် လည်းကောင်း အကုသိုလ် အဖြစ်ဆိုးများနှင့် စိုးစဉ်မျှ မကြုံခဲ့ကြချေ။ သီရိသုဓမ္မမင်းသည်ကား မိမိအပေါ်၌ အကုသိုလ်ကံ ငြိုလ်ဆိုးများ အလစ်ကို ချောင်းနေကြသည်ဟု ယခင်က ထင်နေခဲ့ပေသည်။ သို့ရာတွင် ယခုအခါ ထိုထိုသော ဘေးရန်များ မငြိမ်မစွန်းစေရန် နည်းလမ်းရှိသရွေ့ ကာကွယ်ပြီးပြီဟု ယုံကြည်တော်မူနေလေပြီ။ ထို့ပြင် မိမိသည် သေဘေးမှ လွတ်မြောက်ခဲ့ပြီ၊ (ဝါ) သေဘေးကို အောင်မြင်ခဲ့ပြီဖြစ်၍ အသက်ရှည်စွာ ဘုန်းတန်ခိုး တိုးတက် ပွင့်လင်း စေခြင်းတို့သည် မိမိ၏ မူပိုင်သာ ဖြစ်ကြပေတော့မည်။ သူသည် မသေဆေးရည်ကို သောက်ခဲ့ပြီးလေပြီ။ သူသည် မိမိကို မကောင်းကြံနေသော လူများနှင့် နတ်မ တစ်လုမ်း တက်ရပေတော့မည်။ မဝံ့မရဲနှင့် တစ်ဆယ့် နှစ်နှစ်တိုင်အောင် ရက်ရွှေ့လာခဲ့ရသော ရာဇဘိသေက သဘင်ကို ဆင်နွှဲ ရပေတော့မည်။ နောက်ဆုံး၌ ပုရောဟိတ် ပုဏ္ဏားတို့နှင့် တိုင်ပင်ကာ နေ့ကောင်းရက်မြတ် ရွေးချယ်ပြီး ဇန်နဝါရီ (၂၃) ရက်နေ့ကို ရာဇဘိသေကမင်္ဂလာ ကျင်းပမည့်နေ့ အဖြစ် သတ်မှတ်တော် မူလိုက်လေတော့၏။

ထိုရာဇဘိသေက မင်္ဂလာပွဲကြီးကို ရှည်လျား ထွားကျိုင်းသော တိုင်ကြီးများနှင့် မြင့်မားခမ်းနားစွာ ဆောက်လုပ်ထားသော ညီလာခံသဘင် ခန်းမဆောင်တွင် ကျင်းပလေသည်။ ဘုရင်ခံ (မြို့စား) တို့ကို ဘိသိက်ခံသည့် နေရာတွင် မလုပ်ပေ။ မန်ရစ်နှင့် မကြာခဏ ဆုံတွေ့လေ့ရှိသော အခြား သီးသန့်ခန်းများတွင်လည်း မလုပ်ပေ။ အချိန်မှာ ကောင်းကင်၌ မြူတိမ်ကင်းစင်လျက် သာယာလှပသော နံနက်ခင်းအချိန် ဖြစ်သည်။ သို့သော် အခန်းတွင်း၌ အလင်းရောင် မပျံ့နှံ့သေးချေ။ မြို့ရိုးပေါ်မှ အမြောက်သံတစ်ချက် ဟိန်း၍ အလေးပြုလိုက်လေသည်။ ထိုအချိန်၌ လမ်းမကြီးများနှင့် ပန်းခြံ မြေကွက်လပ် စသည်တို့၌ နေရာချပေးထားသော တီးဝိုင်းများဆီမှ တီးမှုတ်သံများ တစ်ပြိုင်နက် ထွက်ပေါ် လာကြလေသည်။ စစ်တပ်ဆီမှ စည်တော်ရွမ်း သံများကို လည်းကောင်း၊ ဘုန်းကြီးကျောင်းများမှ အုန်းမောင်း ခေါက်သံများကို လည်းကောင်း၊ တူးမြောင်းများတွင် ကူးသန်း သွားလာနေကြသော လှေများဆီက သာယာ ချိုအေးသော တီးသံ၊ မှုတ်သံတို့ကိုလည်းကောင်း တစ်ပြိုင်နက် ကြားကြရပေသည်။

ထိုအသံမျိုးစုံကား မင်းညီမင်းသား၊ မှူးတော်၊ မတ်တော်များ၊ နန်းတွင်း ညီလာခံခန်းမသို့ အမြန်ကြွ၍ ကိုယ့်နေရာ ကိုယ်ယူကြဟု သတိပေးသော အချက်ပေးသံများ ဖြစ်လေသည်။ သူတို့သည် အရဏ်မတက်မီ အစောကြီးကပင် အဝတ်အစား လဲခြင်း၊ ရေမွှေးပေါင်ဒါ ပက်ဖျန်းခြင်း စသည်ဖြင့် အလှပြင်ထားကြသည်။ ယခုမူ

myanmar teashop
www.mmteashop.com

မိမိတို့၏ စီးတော်ဆင်များကို ခေါ်ကြလေပြီ။ ဆင်များလည်း အသီးသီး ကကြိုးတန်ဆာ အသစ်ကျပ်ချွတ်များနှင့် ဝင်းအတွင်းရှိ မြေကွက်၌ ပန်းအိုး၊ ပန်းခြံများ အကြားတွင် နာမောင်း တယမ်းယမ်း နားရွက်တဖျပ်ဖျပ်နှင့် စောင့်နေကြကုန်၏။ မှူးကြီး မတ်ကြီးများလည်း ပြောင်လက်တောက်ပသော ဝတ်စားတန်ဆာတို့ကို ဆင်မြန်းလျက် မိမိတို့၏ လက်ဝဲ လှူပျိုတော်သားတို့အား ဖောင်းတော်ညိတ် စိတ်တော်သိစေ ဆိုသကဲ့သို့ မိမိတို့ အရိပ်အကဲကြည့်၍ ခစားလိုက်ပါရန် ရွေးချယ် ခေါ်ယူခဲ့ကြပေသည်။ ငယ်ရွယ်သေးသော မင်းသား ကလေးများကား မိမိတို့ကိုယ်ကို ဆင်ကြီးကို နိုင်နင်းသူများဟု ယုံကြည်ကာ ဂုဏ်ယူ နေကြပေသည်။ ရာဇမာန်လည်း တက်ကြွနေကြလေသည်။ မိမိတို့သာလျှင် နိုင်နိုင်နင်းနင်း စီးနင်းလိုကြသည်။ သူတို့သည် ဆင်ပေါ်၌ ခင်းအပ်သော ကြက်သွေးရောင် ကမ္ဗလာပေါ်၌ လုံကို တစ်ချောင်းစီ ကိုင်၍ ဟန်ပါပါ ထိုင်နေကြပေ၏။ သို့ရာတွင် ယခုလို နိုင်ငံတော်၏ ပွဲကြီးလမ်းကြီးများတွင်မူ ဖောင်းကားထဲ၌သာ ဇိမ်ခံ၍ ဆင်သွားရာသို့ လိုက်ပါ ကြလေသည်။

သူတို့သည် မြို့ရိုးသုံးထပ် ကာရံထားသော နန်းမြို့တွင်းသို့ ဝင်မိသောအခါ နေထွက်စပြုလေပြီ။ နေရောင်ခြည်တို့လည်း ရွှေချထားသော နန်းတော်၏ အမိုးပေါ်တွင် လင်းထိန်ဝေဖြာလျက် ရှိသောကြောင့် နန်းတော် တစ်ခုလုံးကို ပကတိ ရွှေအစစ်နှင့် ဆောက်လုပ်ထားသကဲ့သို့ ရွှေရောင် တပြောင်ပြောင် ဝင်းနေပေတော့သည်။ ထို့ကြောင့်လည်း မြောက်ဦး ရွှေမြို့တော်သို့ ရောက်ခဲ့ဖူးသော နိုင်ငံခြား ဧည့်သည်တို့က ရွှေနန်းတော်ကို ရွှေပြားတွေ မိုးထားသည်ဟု ထင်မှတ်ခဲ့ကြပေသည်။ ညီလာခံ မြေနန်း စမုတ်ဆောင်၏ အမိုးသည်ကား ပန်းပုရုပ်လုံးများဖြင့် လှပစွာ ထွင်းထု ထားပြီးလျှင် ရွှေရောင်နောက်ခံနှင့် ဟသ်ာပြဒါး ဆေးနီသုတ်ထားသော တိုင်လုံးကြီးများပေါ်၌ တည်ရှိပေသည်။ မန်ရစ် ရောက်စအချိန်က ပတ္တမြား နားတောင်းကို မြင်ခဲ့ရဖူးသည်မှာ ထိုခန်းမဆောင်ကြီးထဲတွင် ဖြစ်လေသည်။

ယခုအခါ ထိုအခန်းကြီးထဲ၌ ကော်ဇောများခင်း၍ ဘိသိက်ပွဲကို ကျင်းပရန် အလှအပများဖြင့် တန်ဆာ ဆင်ထားကြလေသည်။ မင်းသုံး မင်းဆောင်ဖြစ်သော ရွှေမြူတာ၊ ငွေမြူတာ၊ ရွှေပန်းအိုး၊ ငွေပန်းအိုး၊ ရွှေဖလား ငွေဖလားတို့နှင့် တကွ သားမြီးယပ် အစရှိသည်တို့ကိုလည်း အသင့် ပြင်ဆင်ထားကြသည်။ အခန်းမှာ မျက်နှာသုံးဖက်၌ နံရံမရှိ။ ဟင်းလင်းဖြစ်၍ နောက်ကျောဘက်တွင်သာလျှင် နံရံတစ်ခုတည်း ရှိပေသည်။ ထိုနံရံ၏ အလယ်၌ တံခါးပေါက် တစ်ခု ရှိသည်။ ထိုတံခါးပေါက်ကား ရာဇပလ္လင်ထက်သို့ တက်သော တံခါးပေါက်ဖြစ်၍ အရှေ့ဘက်သို့ မျက်နှာမူလျက် ရှိ၏။ တံခါး ပေါက်ကို လွှမ်းကာထားသော အစိမ်းရောင် ဖဲသားတင်းထိမ်တွင် ရွှေချည်၊ ငွေချည်များဖြင့် လှပသော ပန်းပွင့်ကြီးများ ထိုးထားပြီး အလယ်၌ ပတ္တမြား၊ နီလာ၊ မြ အစရှိသော အဖိုးတန်ရတနာ ကျောက်ကောင်း လုံးချောကြီးများဖြင့် စီခြယ်တပ်ဆင်၍ ထားပေသည်။

ဘုန်းကြီးမန်ရစ်သည် ပေါ်တူဂီကပ္ပတိန်တစ်ဦးနှင့် ယှဉ်၍ ထိုင်လေသည်။ ထိုကပ္ပတိန်မှာ နှစ်ယောက်ချင်း တိုက်ပွဲ၌ လက်ပြတ်သွားသဖြင့် ငွေလက်အတု တပ်ထားလေသည်။ အခမ်းအနားမှူးသည် အင်္ဂါမစုံသော ထိုစစ်ဗိုလ်ကို မြင်လတ်သော် ဘုန်းကြီး၏ အနီးသို့ ချဉ်းကပ်လာပြီး ထိုလူကို ထွက်သွားဖို့ ပြောခိုင်းလေ၏။ ထိုအခါ မန်ရစ်က "ဘာပြုလို့လဲ။ သူ့မှာ ဖိတ်စာပါသားပဲ" ဟု ပြောရာ ထိုလူက "မှားပြီး ဖိတ်တာဖြစ်မယ်။ မင်းတရားကြီး၏ ယခုလို မင်္ဂလာယူတဲ့ ပွဲမှာ အင်္ဂါ မစုံတဲ့လူများ ပါဝင်လျှင် နိမိတ် မကောင်းဘူးဆိုတာ သိတယ်မဟုတ်လား" ဟု ပြောလေသည်။ မန်ရစ်လည်း စကားပြောရန် အခွင့် ကြုံလာသည်ကို လက်မလွှတ် စေလိုသဖြင့် "အကယ်၍ သင်ဆိုလိုတဲ့ မှားတဲ့ အလေ့အထကို ကျွန်ုပ် မသိလို့ဘဲ

myanmar ONLINE teashop
www.mmteashop.com

ထားပါ။ အမှန်တရားဖြစ်တဲ့ ကျွန်ုပ်၏ ယုံကြည်ချက်ထဲမှာ အဲသည်လို အယူသီးတာမျိုး တစ်စိတ်တစ်ဒေသမှ မပါတဲ့အတွက်ကြောင့် ပြောနေတာပါ"

သို့သော် အခမ်းအနားမှူးမှာ တင်းတင်းမာမာ ပြောသောကြောင့် ကပ္ပတိန်လည်း ထွက်ခွာသွားရရှာတော့သည်။ ယင်းကား နန်းတွင်းက ဥပဒေတည်း။ ထို့ပြင် သီရိသုဓမ္မမင်းသည် အချည်းနှီး စွန့်စားခြင်းမျိုး မဖြစ်စေရအောင် အရာရာ၌ လာမည့်ဘေးကို တင်ကြို၍ ရှောင်ကြဉ်ခြင်း မျိုးလည်း ဖြစ်ပေသည်။

ထိုအဖြစ်အပျက်ကလေး ဖြစ်ပြီးနောက် များမကြာမီပင် စည်တော် ရွမ်းလေးတော့သည်။ ပြတင်းပေါက်က တင်း တိမ်လည်း ပွင့်လာလေပြီ။ ပရိသတ်အားလုံး အရှိအသေ အလေးပြုကြကုန်၏။ ဆင်ရုပ်လေးစီခံသော ငွေပလ္လင်ထက်ဝယ် ဘုရင်မင်းမြတ် ပေါ်လာချေတော့သည်။ မင်းကြီးသည် ပုလဲနှင့် ကျောက်မျက်ရတနာ စီခြယ်သော မိုးပြာရောင် ကတ္တီပါသို ရင်ခေါ် ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားလေသည်။ ဦးခေါင်း၌ ခေါင်းပေါင်းဖြူ ငွေဖော့လုံးနှင့် နားနစ်ဖက်တွင်မူ ဂုဏ်သတင်း ကြီးမားသော နာမည်ကျော် ပတ္တမြား နားတောင်းတော် တစ်ရန်ကို ပန်ဆင်၍ ထားလေသည်။ ထိုနားတောင်းတော်မှာ ၎င်း၏ ဘိုးတော်လက်ထက်က ဟံသာဝတီ ပဲခူးမင်းထံမှ တိုက်ယူရရှိခဲ့သော ပတ္တမြား နားတောင်းပေတည်း။ အရင်းဘက် ထိပ်တစ်ခုသည် ကြက်တည်ဥလောက် ကြီးထွားပေသည်။ ပလ္လင်၏ လှေကားရင်၌ မူကား ပဒေသရာဇ်မင်းများဟု ဆိုသော မင်းတစ်ဆယ့်နှစ်ပါးတို့သည် ကျိုင်းလုံတံ လက်စွဲ၍ သရဖူကိုယ်စီ ဆောင်းလျက် နှစ်ယောက်တစ်တွဲ စီတန်းနေကြရသည်။ နောက်ဘက်တွင်မူ လှပသောဝတ်ရုံကို ဝတ်ဆင်ထားသော အပျိုတော်နှစ်ယောက်က တစ်လှည့်စီ ယပ်ခတ်၍ နေကြ၏။ ဤရှုခင်းမှာ စနစ်တကျ တွက်ချက်၍ နေရာချထားသော ရုပ်စုံလှည့်ပွဲ ရှိပေတော့သည်။ သို့သော် ဧည့်သည်တော်များသည် ဘုရင်မင်းမြတ်ကို မော်၍ မဖူးရချေ။ ဦးခေါင်းတို့ကို အောက်သို့ဆိုက်၍ တိတ်ဆိတ်ငြိမ်သက်စွာသော ဝပ်လျှိုး၍ နေကြရပေသည်။

ဘိသိက်ပွဲကို ဘာသာရေးဆိုင်ရာ ရဟန်းတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်၍ ဖွင့်လှစ်ကြသည်။ အထူး သဖြင့် မင်းဆရာတော် Royal Chaplain က အခမ်းအနားကို ဦးဆောင် ကျင်းပပေးရလေသည်။ ဆရာတော်က စင်မြင့်ထောင့်ဘက် တစ်နေရာမှနေ၍ ဘုရင်မင်း မြတ်အား သရဖူဆောင်းမည့် အခမ်းအနားကို ဤနေရာတွင် မပြုလုပ်ဘဲ ရှစ်သောင်းဘုရားမှာ ရွှေနန်းတော်မှ မိုင်ဝက်ခန့် ကွာဝေးလေသည်။ ဘုရင်မင်းမြတ်အား သာသနာပိုင်ဆရာ ဖြစ်သော ရှစ်သောင်းကျောင်း ဘုန်းတော်ကြီးက သရဖူဆောင်ပေးပြီး ဆုတောင်းပတ္ထနာ ပြုပေးရမည် ဖြစ်သည်။ ယင်းသို့ ကြေညာပြီး နောက် မင်းဆရာတော်က ဆက်လက်၍ ကောင်းချီးသြဘာ မင်္ဂလာစကားများ မိန့်ကြားတော်မူလေသည်။ ဤနေရာတွင် မန်ရစ်သည် ထီးသုံးနန်းသုံး ရုံးသုံး ရခိုင်စကားတို့ကို ကောင်းစွာ နားလည်ဟန် မတူသေးပေ။ စကားလုံးတို့မှာ လက်ရွေးစင် စကားလုံးများဖြစ်ပြီး ပါဠိစကား ပေါ်ရာဏစကားတို့ ညှပ်၍ လင်္ကာစကားပြေ နှစ်ထွေပေါင်းစပ်၍ ပြောဟောသည် ဖြစ်ရာ သူ့အဖို့ ဘာတွေပြောမှန်း မသိရှာချေ။ သို့သော် လိုရင်းအချက်အချို့ကိုမူ အနည်းငယ်မျှ ရိပ်စားမိဟန် ရှိပေသည်။ မင်းဆရာတော်က ဘုရင်မင်းမြတ်အား သူတော်သူမြတ်များ (ဝါ) ဘုရားအလောင်း များနှင့် နှိုင်းယှဉ်ဂုဏ်ဖော်၍ မိန့်ကြားခဲ့ပေသည်။ တစ်နေ့သောအခါတွင် သဗ္ဗညုတ ရွှေဉာဏ်တော်ရ၍ ဘုရားစင်စစ် ကေန်ဖြစ်မည်ဟူ၍လည်း ပြောလေသေးသည်။ အတိုင်းတိုင်း အပြည်ပြည်က မင်းအပေါင်းတို့ လာရောက်ခညောင်းလျက် လက်ဆောင်ပဏ္ဏာ ဆက်သကြရလိမ့်မည်ဟူ ၍လည်း မိန့်ဆိုသည်။ ခြေရင်းတော်၌ ယခု ရောက်ရှိနေသော မင်းဆယ့်နှစ်ပါးကဲ့သို့ ထိုထိုသော မင်းတို့လည်း ခြေတော်ရင်းသို့ ဝပ်စင်းခစား လာကြသောအခါ ထိုက်တန်သော ဘွဲ့ထူးနှင့် မိမိတို့တိုင်းပြည်ကို တရားနှင့်အညီ ပြန်လည်အုပ်စိုးခွင့်

ပြုတော်မူလိမ့်မည် ဟူ၍လည်း မြွက်ကြားတော်မူလေသည်။ ထို့နောက် ဘုရားအလောင်းတော် တစ်ပါးအဖြစ်ဖြင့် ကမ္ဘာပေါ်၌ တန်ခိုးဂုဏ်ရှိန် တထိန်ထိန်လင်းတော်မူ လိမ့်မည်ဟူ၍ နိမိတ်ဖတ်တော်မူသည်။ ထိုအခါ လူအပေါင်းတို့အား ဘေးရန်အပေါင်းမှ လည်းကောင်း၊ တရားမဲ့သော မင်းတို့၏ ဖိစီးနှိပ်စက်မှုတို့မှ လည်းကောင်း လွတ်ကင်း၍ ငြိမ်းချမ်းသာယာသော ခေတ်သစ်လောကကြီးသို့ ရောက်ကြရအံ့ဟူ၍ နိဂုံးချုပ် တော်မူလေသည်။

မင်းဆရာတော်သည် အပြောကောင်း အဟောကောင်း ဖြစ်၍ ထိုကိစ္စမျိုးအတွက် အထူးအခွင့်အရေး များ အပ်နှံခံရသော ပုဂ္ဂိုလ်ဖြစ်သည်။ မန်ရစ်သည် ၎င်း၏ ပြောဟော မိန့်ဆိုချက်များကို ဂရုတစိုက်နားထောင်ခဲ့ သည်။ သို့သော် ဘုရင်မင်းမြတ်သည်ကား ၎င်းကို ကောင်းစွာအာရုံစိုက်ဟန် မတွေ့ရချေ။ သူသည် မလှုပ်မရှား ငြိမ်သက်စွာထိုင်လျက် မျက်တောင်မျှ မခတ်ဘဲ ဦးခေါင်းငုံ့ထားပေသည်။ မင်းကြီးသည် ဆရာတော်စကား နိဂုံး ချုပ်သည်တိုင်အောင် ငိုက်မျဉ်းနေသကဲ့သို့ မလှုပ်မရှက် ထိုင်နေပေသည်။ ပုံပန်းမှာ ဘုရင်မင်းမြတ်၏ စိတ်အာရုံ တို့သည် မင်းဆရာဘုန်းကြီး၏ မိန့်ခွန်းပါ ခမ်းနားထည်ဝါသော စကားလုံးများနှင့် အတူ နတ်ပြည် နတ်နန်းများ ဆီသို့ ဒေသစာရီ ကြွချီနေကြဟန် တူပေတော့၏။ မင်းဆရာတော်၏ မိန့်ခွန်း နိဂုံ ချုပ်လိုက်သောအခါ ပြတင်းပေါက်တံခါးမှ တင်းထိမ်လည်း ဆွဲ၍ ကာလျက်သား ဖြစ်သွားလေတော့သည်။ အဓိပ္ပာယ်မှာ ဘိသိက် မင်္ဂလာပွဲ၏ ပထမပိုင်း တစ်ခန်းရပ်ပြီ ဟူသတည်း။

ဘိသိက်ခံပွဲ ဒုတိယကို ရုစ်သောင်းဘုရားအတွင်း၌ ကျင်းပလေသည်။ ရုစ်သောင်းဘုရား ဆိုသည်မှာ ထို ဘုရားတွင် များစွာသော ရုပ်ပွားတော်များကို အခန်းအဆောင်ဆောင်၌ ထည့်သွင်းတည်ထားသောကြောင့် (ဝါ) ဘုရား ဆင်းတုပေါင်း ရုစ်သောင်းမျှ ဌာပနာထား၍ ရုစ်သောင်းဘုရားဟု တွင်လေသည်။ ထိုဘုရားကို လွန်ခဲ့သော နှစ်တစ်ရာလောက်က အိန္ဒိယတိုင်းသား ပန်းရန်ဆရာများ အရှေ့ဘင်္ဂလားပြည်၌ တည်ထား ခဲ့ကြသည်ကို ရခိုင်ဘုရင် မင်းဘင်လက်ထက် စစ်တကောင်းကို တိုက်ခိုက် သိမ်းပိုက်စဉ်က ရခိုင်ပြည်နယ်သို့ ပင့်လာခဲ့ခြင်း ဖြစ်သည်။ ယခုအခါ ကျိုးသုံး ထပ်ရံလျက်ရှိသော ရခိုင်ဘုရင်၏ နန်းတော်ကို မတွေ့ရတော့ပြီ ဖြစ်သော်လည်း ရုစ် သောင်းဘုရားကိုမူ (၁၈၂၅) ခုနှစ်က ဗြိတိသျှတို့ပစ်ခတ်သော် အမြောက်ဒဏ်ရာ အပျက်အစီး အနည်းငယ်မှ တစ်ပါး ယခုတိုင် အကောင်းပကတိ တွေ့မြင်ကြရပေသည်။ ၎င်း၏ အဓိက အဆောက်အအုံကား လက်ရာခြေရာ မပျက်သေးချေ။

ထိုဘုရားကို ကျွန်ုပ်တို့ ဖူးမြော်ခဲ့ရပါသည်။ ထိုဘုရား တည်ထားခဲ့ပုံမှာ အတော်ထူးဆန်းသည် ထင်မိ၏။ ထူးဆန်းပုံကို ပထမ ဖော်ပြရမည်မှာ ၎င်းသည် ဘုရားနှင့်အတူ ခံတပ်နှင့် တူနေပေသည်။ ရန်သူများ ဝင်ရောက် တိုက်ခိုက်သောအခါ နန်းတွင်းသားတို့ ခိုလှုံပုန်းအောင်းဖို့ ရည်ရွယ်၍ ဆောက်လုပ်ခဲ့ဟန် တူပါသည်။ ဒုတိယအချက်ကား ထွင်းထုထားသော ရုပ်လုံများတည်း။ ၎င်းတို့တွင် ဗြာဟ္မဏဘာသာ (ဟိန္ဒူ) ဆိုင်ရာနတ်ရုပ် များစွာ ပါရှိနေကြသည်။ သာသနာပိုင် ဆရာတော်၏ ကျောင်းတိုက်နှင့် ကပ်လျက်ရှိသည့်ဘက်က ဘုရား တံတိုင်း၌ ယခုထိ ဖယ်ရှား မပစ်သေးဘဲ အကောင်းပကတိ ကျန်ရှိနေသေးသော အိန္ဒိယ နတ်ရုပ်တို့မှာ နက်နဲသော အဓိပ္ပာယ်ကို ဆောင်နေကြပါသည်။ ဟိန္ဒူပန်းရန်သမားနှင့် ဗိသုကာများက တမင် ထုလုပ် ထားခဲ့သည်ဆိုရန်လည်း ခက်ပေသည်။ ရခိုင်ဘုရင် မင်းဘင်၏ အခွင့်အမိန့် မရဘဲ သူတို့ လုပ်ဝံ့ကြမည် မထင်။ သို့ဖြစ်လျှင် မင်းဘင်သည် အဘယ်ကြောင့် ယင်းနတ်ရုပ်များကို ထုလုပ်စေခဲ့သနည်း။

ရုပ်တုရုပ်လုံးတို့၏ အများစုမှာ ဗုဒ္ဓဘာသာနှင့်ဆိုင်သော ဇာတ်နိပါတ်များကို သရုပ်ဖော်ထားသော ရုပ်ပုံများ ဖြစ်သည်ပြင် ရခိုင်ပြည်နယ်၏ သဘာဝ အနေအထား တောတောင် အိမ်ခြေတို့နှင့် အစားသွင်း၍ သရုပ် ဆောင်ထားသည်ကား မှန်ပါ၏။

သီရိသုဓမ္မမင်းသည် ယခုအခါ လှပခြင်းထက် ထူထဲသိပ်သည်း၍ ထူးဆန်းခြင်းက ပိုမိုလွန်နေသော ထို ဘုရားကျောင်းတော်သို့ ထွက်တော် မူပေတော့မည်။ မှူးကြီးမတ်ကြီးတို့သည် မြေနန်းပြာသာဒ်နှင့် ကပ်လျက်ရှိ သော အတွင်းဆောင်သို့ ရွှေ့ပြောင်းလာခဲ့ကြ၏။ ဘုရင်မင်းမြတ်လည်း ကတ္တီပါ အင်္ကျီစိမ်းများ ဝတ်ဆင်ထားသည့် လူပျိုတော်သား ရစ်ယောက်ထမ်းသော ဝေါတော်ဖြင့် ထိုအဆောင်သို့ပင် ဝင်တော် မူလေသည်။ ထို့နောက် စီတန်းလှည့်လည်ရန် ပြင်ဆင်ကြသည်။ ဘုရင်မင်းမြတ်မှတစ်ပါး မကြာမီက ဘိသိမ်ခံထားသော ထီးဆောင်းမင်း ဆယ့်နှစ်ပါးနှင့် ၎င်းတို့၏ ကိုယ်ရံတော်များ၊ မှူးကြီးမတ်ကြီးများ၊ ထို့နောက် နန်းတွင်းအမှုထမ်း အရာထမ်းများ၊ စစ်ဘက် အရာရှိများနှင့် ရဟန်းအပါး ရှစ်ဆယ်ခန့်တို့သည် အစဉ်လိုက် စီတန်း၍ ရှေ့က ခြေကျင် သွားကြပြီး ဘုရင်မင်းမြတ်မှာ မင်းချင်းတစ်ရာခန့် ခြံရံလျက် နောက်ဆုံးမှ ဝေါနှင့် လိုက်ပါခဲ့လေသည်။

လှည့်လည်ရသော ခရီးစဉ်မှာ ရှေးဦးပထမ နန်းတော်၏ အရှေ့တံခါးမှထွက်၍ တစ်ဖန် မြောက်စူးစူးသို့ ဘုရားခြေရင်းအထိ မိုင်ဝက်ခန့် သွားကြရပေသည်။ ထိုလမ်းကို အမှတ်တရ ဖြစ်စေရန် နတ်လမ်းတစ်ခု ဆောက်လုပ်ထားပေး၏။ နန်းတော်မှ ဘုရားအထိ လမ်းတစ်လျှောက်တွင် ရောင်စုံ အဝတ်အထည်များနှင့် စောင်များ အပြည့် ခင်းထားကြသည်။ တင်းထိမ်များကိုလည်း ကွက်ကျားကွက်ကျား အမိုးများ လုပ်ထား ကြသည်။ လူတိုင်းလူတိုင်း စကားမပြော။ တုဏှိဘောဖြင့် တိတ်ဆိတ်စွာ လျှောက်လာကြပေ၏။ ဤတွင် မင်းသားထွန်းထန်အား အိမ်တော်ပြန်ပို့သော အစီအစဉ်နှင့် အလွန် ကွာခြားလှပေတော့သည်။

ရစ်သောင်းဘုရားသည် လမ်းအပေါ်တွင် လေးဆယ့်ခြောက်ပေခန့်မြင့်သော တောင်ပူစာကလေးပေါ်၌ တည်ရှိ၍ ဘုရားရင်ပြင်တော်သို့ ရောက်အောင် ဓမ္မစကြာဟုခေါ်သော အဝင် တံခါးပေါက်ကြီးသို့ ဦးတည် နေသော စောင်းတန်းလှေကား တစ်ဆယ့်ခြောက်ထစ်တိတိ တက်ရပေသည်။ သာသနာပိုင် ဆရာတော်ဘုရား သည် ရဟန်းအပါးနှစ်ထောင် ခြံရံလျက် ဘုရင်မင်းမြတ်အား စောင်းတန်းထိပ်မှ စောင့်ကြိုလျက် ရှိ၏။ ဘုရင်မင်း မြတ်သည် သာသနာပိုင်ဆရာတော်ဘုရားကို မြင်လျှင် ဝေါပေါ်မှဆင်း၍ ရိုသေစွာ လက်အုပ်ချီ၍ ရှိခိုးကန် တော့လေသည်။ ယင်းအပြုအမူကား ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးစံဖြစ်သော ယဉ်ကျေးမှု တစ်ရပ်ပေတည်း။ ဥရောပတိုက်တွင် ထိုခေတ်က ဘုရင်တို့သည် မည်သည့် သာသနာရေး ခေါင်းဆောင်ကိုမျှ ဤကဲ့သို့ အလေးပြုခြင်း မရှိခဲ့ကြပေ။

မန်ရစ်သည် မိမိအဖော်များနှင့်အတူ ခြေကျင်လျှောက်၍ လှည့်လည်ရာ လိုက်ပါလာခဲ့လေသည်။ ယခု အခါ သူ့ကို လည်းကောင်း၊ အခြားပေါ်တူဂီစစ်ဗိုလ်များကို လည်းကောင်း၊ မူဆလင် အရာရှိတို့ကို လည်းကောင်း ထိုနေရာထက် တိုး၍မသွားကြဖို့ နှီးဆော် သတိပေးကြလေသည်။ ဗုဒ္ဓဘာသာဝင်များသာ ဘုရား ပရိဝုဏ်အတွင်းသို့ ဝင်၍ ကြည့်ရှုခွင့် ရကြသည်။ ဤနေရာတွင် မန်ရစ်သည် ဘုရားလူကြီးများ၏ ယဉ်ကျေးစွာ မေတ္တာ ရပ်ခံကြပုံကို သဘောကြခဲ့သဖြင့် ထိုခေတ်က ဥရောပတိုက်ရှိ အချို့ဒေသများ၌ လူ့အဆင့်အတန်းကို မကြည့်ဘဲ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံကြသော လူတို့နှင့် နှိုင်းယှဉ်ကာ ချီးမွမ်းစကား ရေးထားခဲ့လေသည်။

ယင်းသို့သော ထုံးစံဥပဒေကြောင့် ရှစ်သောင်းဘုရားအတွင်း၌ မည်ကဲ့သို့ ဖြစ်ပျက် လုပ်ကိုင်ကြသည် ဆိုသော သတင်းများကို ကျွန်ုပ်တို့ မသိနိုင်ကြရတော့ပေ။ သို့သော် ကျွန်ုပ်တို့သည် သီရိသုဓမ္မ၏ နောက်က ခပ်လှမ်းလှမ်း လိုက်သွား နိုင်ကြပေသေးသည်။ ဘုရင်မင်းမြတ်သည် တံခါးမကြီး၏ ထိပ်၌ ဓမ္မစကြာဟု ခေါ်သော လှည်းဘီးပုံသဏ္ဌာန် အဝိုင်းကြီးတစ်ခုကို တံခါးပေါင်းမိုးဘောင် အောက်ဘက်က ထုလုပ်ထားသဖြင့် ထိုတံခါးကို ဓမ္မစကြာတံခါးဟု (လက်ယာရစ်ခရသင်း) နေပုံတစ်ခု၊ ထိုခရုသင်းထဲ၌ ကြာပန်းတစ်ပွင့် စိုက်ထားပုံတို့ကိုလည်း ထုလုပ်ထားပေသည်။ ထိုရုပ်လုံး ထိုလက်ရာတို့မှာ ယခုအခါ ပြိုပျက်၍ မြေသို့ ခနေကြလေပြီ။

ထိုတံခါးမကြီးသည် ဘုရား၏ ရင်ပြင်မှ အောက်ဘက် ပေသုံးဆယ်ခန့် နိမ့်သော ပစ္စယံကို ကာရံထားသော တံတိုင်းသို့ ဦးတည်လျက် ရှိပေသည်။ ၎င်း၏ အထက်တွင် ပေခြောက်ဆယ်ခန့် မြင့်သော အဆောက်အအုံ တစ်ခုကို နာရီစင်သဖွယ် ဆောက်လုပ်ထားလေသည်။ လူပရိသတ်တို့သည် အထက်ပစ္စယံသို့ ရောက်အောင် ခြေလမ်းကျဉ်းကလေးအတိုင်း လိုက်လျှောက်ကြရသည်။ သို့သော် ထိုခြေလမ်းမှာ ဘုရား တည်ထားသော တောင်ပူစာ၏ ဆင်ခြေလျှော တောင်နာမောင်းပေါ်၌ လှေကားထစ်သဖွယ် အထစ်များ တူးပေးထားသည့် လှေကားကျဉ်းကလေး ဖြစ်နေပေသည်။

ဘုရားကုန်းတော် ရင်ပြင်ချည်း ဆိုလျှင် မည်သည့် ပွဲတော်ကိုမျှ ကျကျနန ကျင်းပနိုင်လောက်အောင် နေရာမဆံ့နိုင်ပေ။ ဖော်ပြပါ မြေပြင်ပုံစံတွင် တွေ့မြင်ရသည့်အတိုင်း ၎င်း၌ အတွင်းပိုင်း အပြင်ပိုင်းဟု တစ်ထပ်စီ ကန့်သတ် ပတ်ဝိုင်းထားခြင်းမျိုး မဟုတ်ပေ။ သို့ရာတွင် အပြင်ခန်းနှင့် အတွင်းခန်းကို ထူထဲသိပ်သည်းသော ကျောက်တုံးနံရံ၊ အုတ်နံရံတို့ဖြင့် ကန့်ထားလျက် တစ်ကွက်တစ်ကွက်လျှင် ပေနှစ်ဆယ် စတုရန်းခန့်ကျယ်သော အခန်းငယ်များဖွဲ့၍ ဆောက်လုပ်ထားပေသည်။ အလယ်ဗဟိုရှိ ဘုရားတန်ဆောင်းတည်ရှိသော နေရာပင်လျှင် အမှန်စင်စစ် ကျဉ်းမြောင်းပေသေးသည်။ ဆိုခဲ့သော အခန်းငယ်များတွင် တပ်ဆင်ထားသော ပန်းပုရုပ်လုံးမျိုးစုံ တို့မှာ အံ့သြလောက်အောင် လက်ရာကောင်းလှသဖြင့် လှည့်ပတ်ကြည့်ရှု၍ မငြီးနိုင်ပေ။ မကိုဋ္ဌသရဖူ ဆောင်းသော ရာဇဘိသေက မင်္ဂလာ အခမ်းအနားကို ရင်ပြင်တော်တွင် မဏ္ဍပ်ကန္နား ထိုး၍သော် လည်းကောင်း၊ သို့မဟုတ် ဘုရားအနောက်ဘက် စကြံခန်း၌သော် လည်းကောင်း ကျင်းပ ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ထိုနေတို့တွင် အထိုက်အလျောက် ကျယ်ဝန်းသော ခန်းမဆောင်များ ရှိခဲ့ ဖူးဟန်ကို ကြွင်းကျန်သေးသော အပျက်အစီးတို့မှ လေ့လာခန့်မှန်း၍ ချင့်တွက် ကြည့်ခြင်းအားဖြင့် သိနိုင် ပေသည်။ မည်သို့ မည်ပုံ ဘုရားဝတ်ပြု ခဲ့ကြမည်ကိုမူ မတွေးတတ်ပေ။ သို့ရာတွင် သာသနာပိုင် ဆရာတော် ဘုရားက ပရိတ်ဒေသနာများ ရွတ်ဖတ် သရဇ္ဈာယ် ပေးပြီးနောက် ရဟန်းတော်များ၏ ရှေ့၌ သီရိသုဓမ္မမင်းက ဗုဒ္ဓသာသနာကို အစွမ်းကုန် ကာကွယ် စောင့်ရှောက်ပါမည်ဟု သစ္စာဆိုခြင်း ပြုပေလိမ့်မည်။

မန်ရစ်သည် ပြင်ဘက်၌ နှစ်နာရီတိတိ စောင့်နေခဲ့ရလေသည်။ ဘိသိက်မင်္ဂလာ အခမ်းအနားပြီးသော် ဘုရင်မင်းမြတ်သည် ရှေ့က ကြွလာတော်မူလေ၏။ လက်တစ်ဖက်တွင် အောင်မြင်ခြင်း တည်းဟူသော သံလျက်ကို ကိုင်စွဲလျက် ဦးခေါင်းထက်ဝယ် အောင်မြင်ခြင်း တည်းဟူသော သရဖူကို ဆောင်းထားတော် မူသည်။ ထိုသရဖူတွင် စီခြယ်ထားသော အဖိုးတန် ကျောက်မျက်ရတနာတို့မှာ အရောင်တဖျတ်ဖျတ် တောက်ပနေကြသဖြင့် နားတော်၌ ပန်ထားသော ပတ္တမြားနားတောင်းကပင် အရှုံးပေးရမတတ် ရှိနေ ပေတော့သည်။

အောက်ပစ္စယံ၏ တံခါးကြီးကို ဖွင့်ပေးလိုက်ကြလေပြီ။ မန်ရစ်သည်လည်း ကြည့်၍ ကောင်းကောင်းနှင့် ဆက်လက်၍ အံ့သြ ဝေးမောလိုသဖြင့် အတွင်းသို့ ဝင်ကြည့်ပြန်လေသည်။ ထိုနေရာတွင် မင်းညီမင်းသား အားလုံးနှင့် မှူးမတ်များ စုံရုံးနေကြ၏။ ဘုရင်မင်းမြတ်သည် စောင့်နေသော အမြင့်ဆုံး ဆင်ကြီးပေါ်သို့ တက်တော်မူပြီးလျှင် ဖြန့်မိုးထားသော ထီးဖြူတော်အောက်တွင် မင်းခမ်းမင်းနားဖြင့် ကြွတော် မူလေသည်။ မှူးမတ်တို့သည် ခြေကျင် လိုက်ပါခဲ့ကြသဖြင့် ဆင်တပ်၊ မြင်းတပ်တို့က ရှေ့မှ သွားနှင့်ကြရသည်။ ယခုအခါ ၎င်းတို့သည် မြို့အပြင်သို့ ရောက်လာကြလေပြီ။ မြို့တွင်းလမ်းမကြီး တစ်လျှောက်တွင် နံဘေး တစ်ဖက်တစ်ချက်၌ လူထုပရိသတ်ကြီးက စီတန်းစောင့်ကြိုကာ ဝမ်းမြောက်ဝမ်းသာ သြဘာပေးကြသည်။ သတ်မှတ်ထားသော နေရာ အချို့တွင်လည်း ပေါင်းကူးမုခ်ဝများ တခမ်းတနား စီမံဆောက်လုပ်၍ ကြိုဆိုကြသည်။ မှူးကြီးမတ်ရာတို့၏ နေအိမ်များကို ဖြတ်သန်းသွားကြသောအခါ ပျိုပျိုအိုအို အိမ်သူအိမ်သား အားလုံးပင် ဝရန်တာမှ ထွက်၍ ကြည့်ကြလေသည်။ ထိုမှုမက နန်းမြို့တွင်းသို့ ဝင်လာသောအခါ မင်းသမီးများနှင့် အပျိုတော်များမှာ ပိုမိုလှပသော ဝတ်ကောင်းစားကောင်းတို့ကို ဝတ်ဆင်ကာ လူရေးပြ၍ ကြိုဆိုကြလေသည်။ ဤနေရာတွင် မန်ရစ်က "သူ့အမေနယ် မွေးပင်မွေးတတ် ပလေဟု ဆိုလောက်အောင် လှပသော ထိုအသားညိုချောကလေးတို့သည် ဖန်ဆင်းပေးသော ထာဝရဘုရားသခင်အား ဥရောပတိုက်သူ မျက်နှာဖြူ အပျိုများထက် လျော့၍ ဆုတောင်းခြင်းပြုမည် မဟုတ်ပေ" ဟူ၍ ထင်မြင်ချက် ရေးထားခဲ့ပေသည်။

မိမိနန်းတော်သို့ ရောက်လေသော် ဘုရင်မင်းမြတ်သည် ဆင်ပေါ်မှ ဆင်းသက်တော်မူခဲ့ပြီးလျှင် ရွှေနားကွပ် ဖဲခန်းဆီးများ ကာရံထားသည့် အဆောင်ကြီးထဲ၌ ခေတ္တ အနားယူတော်မူလေသည်။ ထိုနေရာသို့ မန်ရစ်ကိုလည်း ခွင့်ပြုသဖြင့် ဝင်ရောက်ခဲ့ရာ တစ်ခါမျှ မမြင်ဖူးဘူးသော လူစိမ်းတစ်ယောက်ကို မြင်ခဲ့ရလေသည်။ မိဖုရားကြီးလည်း ရံရွေတော်များနှင့်အတူ ထိုအခန်းထဲသို့ ဝင်လာလေသည်။ ၎င်းမှာ နတ်ရှင်မယ် ဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုမိဖုရားအကြောင်းကို အမြွက်မျှသာ ဖော်ပြခဲ့ရသေးသည်။ သူမသည် ကျွန်ုပ်တို့ ဆက်လက် ဖော်ပြအံ့သော ထူးဆန်းသည့် ဖြစ်ရပ်ကလေးတွင် အရေးပါသော အခန်းမှ ပါဝင်နေပေသည်။ မန်ရစ်သည် ထိုမိဖုရား၏ အသုံးဝင်ဟန်ကို နားလည်ခဲ့ဟန်မတူ။ လက်ငင်း တွေ့မြင်ခဲ့ရခြင်းမှာမူ အဝတ်အစားကို ကျကျနန ဝတ်စား ဆင်ယင်ထားသော အမျိုးသမီးတစ်ဦး အနေဖြင့်သာ မှတ်မိခဲ့လေသည်။ သူသည် ဘုရင်မင်းမြတ်က မိဖုရား၏ လက်တော်ကို ကိုင်ပြီး ပြတင်းဝသို့သွား၍ အောက်က ပရိသတ်များကို ငုံ့ကြည့်နေသည်ကို စောင့်ကြည့် နေခဲ့ပေသည်။ ထို့ပြင် ပရိသတ်တို့အပေါ်သို့ မင်းမိဖုရား နှစ်ပါးစလုံးက ဘိသိက်ပွဲအတွက် အထူး သွန်းလုပ်အပ်သော ငွေဒင်္ဂါးများဖြင့် ကြဲချနေသည်ကိုလည်း မြင်တွေ့ မှတ်သားခဲ့ရပေသည်။ ယင်းကား နှစ်ကာလ ကြာမြင့်စွာ စောင့်စားလာခဲ့ကြရသော ရာဇဘိသေက မင်္ဂလာပွဲ၏ နောက်ဆုံးစခန်းပေတည်း။

myanmar teashop www.mmteashop.com

## အခန်း (၂၅)
## မန်ရစ်အား ကျွန်ကုန်သည်ဟု အထင်လွဲကြခြင်း

မန်ရစ်၏ စိတ်နေသဘောထားမှာ စာဖတ်သူအား ကိုယ်ချင်းစာအောင် သို့မဟုတ် အထင်ကြီးလာအောင် လုပ်ရှားပေးလိမ့်မည်ဟု ကျွန်ုပ်တို့ မထင်နိုင်ပေ။ အကြောင်းကား သူသည် အလွန်ရိုးသော လူတစ်ယောက် ဖြစ်သောကြောင့်တည်း။ နဂိုက ပညာတတ် လူတန်းစားအဖြစ် မွေးဖွားလာခဲ့သူ မဟုတ်ပေ။ ခရစ်ယာန်ဘုန်းကြီးအဖြစ်နှင့် ပညာသင်ခဲ့ရပြီး ကျောင်းအုပ်ဘုန်းကြီးအဖြစ် ဆောင်ရွက် လာခဲ့ရခြင်းများက ၎င်းအား သာသနာရေး သက်သက်ကိုသာ လိုက်စားသော ပုဂ္ဂိုလ်တစ်ယောက်အဖြစ် ပုံသွင်း ပေးခဲ့လေသည်။ သို့စင်လျက် သူ့မှာ လောကီရေး၌ ကောင်းမွန်သော အရည်အချင်းများ ရှိခဲ့ပေသည်။ သူသည် သူရသတ္တိ ရှိ၏။ ပြတ်သား၏။ တကယ်ပင် ရိုးသားဖြောင့်မတ်၏။ စိတ်ရှည်၏။ သူ့စကားတို့မှာ နစ်သက်ဖွယ် ရှိသည်။ ယောက်ျားရော မိန်းမပါ သူ့ကို သဘောကျကုန်၏။ သူသည် သစ္စာစောင့်သိတတ်၏။ သနား ကြင်နာတတ်၏။ မစ္ဆရိယစိတ် မရှိ။ မာနမရှိ။ ထက်မြက်စူးရှ၏။ တွေးလိုက်လျှင် မလွဲ။ ကြည့်လိုက်လျှင် တိုးလျှိုပေါက် မြင်တတ်၏။ သူ၏ Travels ခေါ် စာအုပ်တွင် စာသံ ပေသံ လုံးဝမပါသော်လည်း တစ်ကြိမ်ဖတ်ရုံနှင့် သူ့နာမည်မှာ ရိုးမသွားနိုင်အောင် ထူးခြားပေသည်။

ထို့ပြင် သူသည် လက်တင်ဘာသာကို အထက်တန်းကျကျ တတ်၏။ စိတ်ကောင်း နှလုံးကောင်း ရှိသူကို မြတ်နိုး၏။ အကြောင်း ယုတ္တိရှိခြင်း၊ အစီအစဉ်တည့်ခြင်း၊ လွန်လွန်းမှုကို မလိုလား။ ဟန်ဆောင်မှုကို စိတ်ဝင်စားခြင်းမရှိ။ ဤသို့သော အရည်အသွေးများ ရှိသည့်ပြင် ရွှင်ပျသော မျက်နှာတို့ကို မြင်ရလျှင် ပျော်မွေ့တတ်ပြီး သူ့နှလုံးသားမှာ ရက်စက်ကြမ်းကြုတ်မှုကို မုန်းတီးရွံ့ရှာလေသည်။ တစ်ယူသန်သူတစ်ဦး ဖြစ်ခြင်းသာလျှင် သူ့မှာ ချွတ်ယွင်းချက် ရှိလေသည်။

တစ်ယူသန်ဝါဒသည် ဘာသာရေးမှာ ဖြစ်စေ၊ နိုင်ငံရေးမှာ ဖြစ်စေ၊ အနုပညာမှာ ဖြစ်စေ၊ သိပ္ပံပညာမှာ ဖြစ်စေ မည်သည့်အမှု ကိစ္စတို့မှာပင် ဖြစ်စေ အသိဉာဏ် အတတ်ပညာတို့နှင့် ဆန့်ကျင်သော မကောင်းမှု ဒုစရိုက်ပင် ဖြစ်သည်။ စိတ်ဓါတ် အောက်တန်းကျစေသည်။ အခြား ရာဇဝတ်ပြုမှုများစွာကို ထပ်မံ ကျူးကျော်စေတတ်သော ရာဇဝတ်မှုမျိုး ဖြစ်သည်။ အပြစ်ဒဏ်ခံရလောက်အောင် သေးသိမ်သည်။ မန်ရစ်၏ တစ်ယူသန်ပုံများကို သူ၏ မှတ်တမ်းတွင် နေရာအနှံ့ တွေ့ရှိ ဖတ်ရှုရပေ၏။ ဗုဒ္ဓဘာသာ အယူဝါဒနှင့် စပ်လျဉ်းသော အကြောင်းအရာများတွင် သူ၏ တစ်ယူသန်မှုက သူ့အသိဉာဏ်ကို မိုးသားမိုးတိမ်များ လွှမ်းမိုးပစ် သကဲ့သို့ ရှိခဲ့ပေသည်။ ၎င်းပြင် မိမိ၏ ပကတိ ပင်ကို စိတ်နေသဘောထားထက် ပို၍ မိုက်မဲစေခဲ့လေသည်။ သူ့ကို လူရယ်စရာ ဖြစ်စေခဲ့သည်။ သူ့သိက္ခာကို အတင်းလုယူသွားခဲ့သည်။ ယင်းတစ်ယူသန်မှုသည် ထို့ထက် ပို၍ မလုပ်ခဲ့ပါမူ ရယ်မောစရာကောင်းသော်လည်း ရာဇဝတ်ကောင် တစ်ယောက်တော့ ဖြစ်ရလိမ့်မည်

မထင်ပေ။ သို့ရာတွင် ၎င်းသည် ထို့ထက် ပို၍ လုပ်ခဲ့ပေ၏။ အဘယ်ကြောင့်ဆိုသော် ထိုတစ်ယူသန်မှုသည် မခုခံသင့်သည်ကို ခုခံအောင် ရှေ့ကဆောင်ခဲ့၏။ ဒီယင်းဂါးမြို့က သေနတ်ကိုင် တပ်သားတို့၏ ကျွန်ဓားပြတိုက်မှုများကို ခွင့်လွှတ်ခဲ့၏။ ထိုတိုက်ခိုက် လုယက်ခြင်း၏ ကြောက်လန့်စရာများ၊ ၎င်းတို့နှင့် ဆက်စပ်နေသော ရက်စက်ကြမ်းကြုတ်မှုများ၊ ခရစ်ယာန်အယူဝါဒနှင့် သနားစရာ မုန်သမျှတို့ကို မထီမဲ့မြင် ဆန့်ကျင်ခြင်းများ စသည်တို့ကို အထက်တွင် အတော်ရှည်လျားစွာ ဖော်ပြခဲ့ပြီးလေပြီ။ အဘယ်ကြောင့် ထိုအမှုတို့ကို ခွင့်လွှတ်ခဲ့သနည်း။ အဘယ်ကြောင့် မသိကျိုးကျွံပြု၍ လျစ်လျူရှုခဲ့သနည်း။

မန်ရစ်သည် ထိုအချက်တို့ကို အဘယ်ကြောင့် ခွင့်လွှတ်ရသည်ဆိုသော အကြောင်းပြချက်များ ရှိခဲ့သလို၊ အဘယ်ကြောင့် သနားစရာတို့ အတွက် သူ၏ နှလုံးသားကို တံခါးပိတ်ထားခဲ့သည်၊ ကြင်နာစရာများကို မေ့လျော့ခဲ့သည်။ မိုဟာမက်၏ တပည့်များကို အတိုက်အခံလုပ်၍ မှန်တာထက် ပိုလွန်ပြီး ဟောပြောငြင်းခုံခဲ့သည် စသည်တို့တွင်လည်း အကြောင်းပြများ ရှိနေပေသည်။ သူ့အကြောင်းပြတို့ကား အဖမ်းခံ ရသူတို့သည် ယခုလို အဖမ်းခံရ၍သာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်အောင် ယခုလို သူလုပ်ပေးနိုင်ခွင့် ရခဲ့ပေသည်။ အရှည်ကို မျှော်ကြည့်လျှင် ကံကောင်းသူများ ဖြစ်သည်ဟု ယူဆနိုင်သည်။ ဤမျှ စက်ဆုပ်ရွံရှာဖွယ် ကောင်းသော အလုပ်မျိုးဖြင့် ခရစ်ယာန်သာသနာ ပြုခဲ့ခြင်းမှာ အနည်းငယ်မျှ သင့်လျော်သော မြင်ကွင်းမဟုတ်ပေ။ တစ်ယူသန်စိတ်သည် သူ့ကို လူသတ်သမားတို့၏ အကြံပေးဆရာ (အား ပေးတိုက်တွန်းသူ) အဖြစ် ဖန်တီးပေးခဲ့ပေသည်။ ယင်းသည်ပင်လျှင် တစ်ယူသန်ဝါဒက သူ့ကိုယ်သူ ဖန်ဆင်းပေးခဲ့သော ရာဇဝတ်ပြစ်မှု ဖြစ်လေသည်။ သို့သော် မိမိခွင့်လွှတ်ခဲ့ခြင်းတို့သည်။ ရာဇဝတ် ပြစ်မှုကြီးပါလား ဟူ၍ သူ လုံးဝ မသိခဲ့ပေ။

သူသည် ကတိဝန်ခံခြင်း ပြုလုပ်သောအခါများ၌ ထိုအကြောင်းကို ဖွင့်ဟဝန်ခံခြင်း မပြုခဲ့သည်ကို ကျွန်ုပ်တို့ အသေအချာ သိနေရပါ သည်။ မိမိကျူးလွန်ခဲ့သော ဒုစရိုက်မှုများနှင့် မိမိကာယကံ၊ ဝစီကံ၊ ညံ့ဖျင်းခဲ့ပုံများကို ဖွင့်ဟဝန်ခံသောအခါ ကျွန်ဖမ်းခြင်းများအတွက် အပြစ်လျော့ပါစေကြောင်းကို မတွေးမိခဲ့ချေ။ သူ့နှလုံးသားတို့မှာ သူ့ကို မြောက်ကြွစေခဲ့ပေသေးသည်။ သူသည် ဒုက္ခသည်များ ရောက်လာသည်ကို တွေ့မြင်ခဲ့ရသည်။ စိတ်ပျက်အားလျော့ကာ မျက်ရည်ပေါက်ကြီးငယ် ကျနေသည်ကိုလည်း မျက်မြင်ထင်ရှား အတိုင်းသား တွေ့ကြုံခဲ့ရသည်။ ၎င်းတို့ကို တစ်သက်လုံး ကျေးကျွန်အဖြစ်သို့ ပို့ဆောင်ရန် သံကြိုးများနှင့် တရွတ်တိုက် ဆွဲခေါ်သွားကြသည်ကိုလည်း မမြင်ချင်အဆုံး ရှိခဲ့သည်။ သို့သော် တစ်ယူသန်စိတ်သည် သူ့ကို ဆွံ့အစေခဲ့ပေ၏။ မိမိကိုးကွယ်သော ဘာသာတစ်ခုလုံးက ဘယ်လိုပြော ဆို ညွှန်ကြားခဲ့တယ်ဆိုသည်ကို ဘယ်ခါမျှ အသံမပြုခဲ့ပေ။ ကျွန်ကုန်သည်တို့အား သူတို့၏ စာရိတ္တ ကောင်းမွန်ရေးမှတစ်ပါး အပြစ်ကို ညွှန်ပြကာ အသာအယာ ဖျောင်းဖျဆုံးမခြင်းမျိုး မပြုခဲ့။ သူ၏ စဉ်းစားဆင်ခြင်ဉာဏ်ကို ထိုင်းမှိုင်းစေခဲ့သည်မှာ တစ်ယူသန်ဝါဒပင် ဖြစ်သည်။ စိတ်ညစ်နေသော အညှဉ်းဆဲခံ လူများအဖို့ သူ့စိတ်၌ ထိခိုက်ခြင်းမရှိပေ။ ဖရန်စစ်ဇေဗီယာနှင့် ကွာလှပေသည်။ ဇေဗီယာသည်ကား ကျေးကျွန်များအကြားသို့ ဝင်၍ အလုပ်လုပ်ခဲ့သည်။ အညှဉ်းဆဲခံလူများနှင့်အတူ ခံစားခဲ့သည်။ မတရားပြုခြင်းခံနေရ သူတို့ဘက်က ရပ်တည်ခဲ့သည်။ သူသည် ယင်းသို့သော လူများအပေါ်၌ ကိုယ်ချင်းစာနာစိတ်နှင့်တကွ မေတ္တာတရား လေးနက်စွာ ထားနိုင်ခဲ့သည်။ သူသည် ညှဉ်းပန်းနှိပ်စက်သူများကို ဘယ်ခါမှ စေ့စေ့မကြည့်ခဲ့ပေ။ ဒီယင်းဂါးမြို့က ကျွန်ကုန်သည်တို့ ကဲ့သို့သော လူများကို ဘယ်တော့မှ ခွင့်လွှတ်မည်လဲ မဟုတ်ပေ။ သူတို့ဟာ ဒုစရိုက်ကောင်တွေပဲဟု သူ့နှလုံးက သူ့ကို မပြောဖို့သတိပေးနေသော မိမိနှလုံးသား၏ စကားကိုသာ နာထောင်ပေလိမ့်မည်။ နောင်တမရသော ရာဇဝတ်ပြစ်မှုတစ်ခု၏ နောက်တွင် အပြစ်ဒဏ်အချို့ ကပ်လျက် လိုက်ပါလေ့ရှိပေသည်။ အများနှင့်ဆိုင်သော

ပြစ်မှုမျိုး ကို မဆိုထားဘိ၊ တစ်ယောက်ချင်း တစ်ဦးချင်း မိမိဘာသာ ကျူးလွန်သော ရာဇဝတ်မှုတို့ပင်လျှင် မိမိမသိဘဲ အပြစ်ဒဏ် အခတ်ခံရ တတ်ပေသည်။ သို့ရာတွင် အချို့ကိစ္စတို့၌ အပြစ်ဒဏ်မှာ ပေါ်လွင် ထင်ရှားတတ်ပေ၏။ မန်ရစ်၏ကိစ္စမှာ ထိုအမျိုးအစားထဲက ဖြစ်လေ သည်။ ကျွန်ကုန်သည်ကို ခွင့်လွှတ်ခဲ့ဖူး သဖြင့် တစ်ခါက အဖမ်းအဆီး အလုအယက် ခံခဲ့ရသူများကို မိမိကိုပင် ကျွန်ကုန်သည်တစ်ဦးဟု အထင်မှား ခံရပြီး ထိုသူတို့၏ တန်ခိုးအာဏာအတွင်းသို့ သက်ဆင်းခဲ့ရရုံမက သူ့ကို အပြစ်ပေးကြပေလိမ့်မည်။

မန်ရစ်သည် ဘိသိက်ပွဲပြီးသည့်နောက် မြောက်ဦးမြို့က ထွက်ခွာခဲ့၏။ သူသည် ခရီးထွက်ခါနီးတွင် ထုံးထမ်းစဉ်လာအတိုင်း ဘုရင်မင်းမြတ်အား လက်ဆောင်ပို့ဆက်ရန် နန်းတော်သို့ ဝင်ခဲ့လေသည်။ သူနှင့်အတူ ဒီယင်းဂါးမြို့မှ မကြာမီကမှ ရောက်လာသော ကပ္ပတိန် ဒီလီမို Deldmos ဆိုသူလည်း ပါခဲ့လေသည်။ သူသည် မိမိ ထွက်ခွာလိုကြောင်း အခွင့်တောင်းရာ၌ အထောက်အပံ့ ဖြစ်စေရန် ထိုသူနှင့် ချိတ်ဆက်လုပ်လာခဲ့ကြ၏။ လက်ဆောင် ပဏ္ဏာများကို ဆက်သ၍ လက်ခံပြီးသောအခါ မိမိ အသနားခံစာကို တင်သွင်းလေသည်။ ထိုအခိုက် ကပ္ပတိန် ဒီလီမိုက ဒီယင်းဂါးမြို့ရှိ ခရစ်ယာန်ဘာသာဝင်တို့သည် ဘုန်းကြီး မန်ရစ်ပြန်မလာတာ ကြာ၍ အကျဉ်းခံနေရပြီဟု ကောလာဟလ ပြောဆိုနေကြကြောင်း တင်လျှောက်လိုက်သောအခါ ဘုရင်မင်းမြတ်မှာ အတန်ငယ် တုန်လှုပ်ချောက်ချား သွားတော့သည်။ ထိုစကားသည် သီရိသုဓမ္မမင်း၏ စိတ်ကို ဆွပေးသကဲ့သို့ ရှိလေသည်။ သို့ရာတွင် မန်ရစ်က "ဘဝရှင်မင်းတရားကြီး၏ ရက်ရောမှု ထောက်ပံ့မှုစသော မေတ္တာနှောင်ကြိုးတို့ဖြင့် ချည်ပိုးတုပ်နှောင်ထားသည့်အတွက် ကျွန်ုပ်မှာ အရှင်မင်းမြတ်၏ မေတ္တာ ကရုဏာတော်တို့ ဝိုင်းရံပိတ်ဆို့ ထားသောကြောင့် ကျွန်ုပ်သာမက ခရစ်ယာန်တစ်လုံးပင် အရှင်မင်းမြတ်၏ ကျေးကျွန်များ သို့မဟုတ် အကျဉ်းသားများ ဖြစ်နေကြပါသည်"ဟု ဖြည့်စွက် လျှောက်တင်လိုက်လေ၏။

ယင်းသို့ ပင့်လုံး မြှောက်လုံးပါသော လျှောက်တင်ချက်ကြောင့် သီရိသုဓမ္မမင်းမှာ အတန်ငယ် ပြုံးတော်မူလျက် မန်ရစ်အား ထွက်ခွာခွင့် ပြုတော်မူလေတော့၏။ ထုံးတမ်းစဉ်လာအတိုင်း အချိန်တန်သော် နိုင်ငံကူးလက်မှတ်များကို သက်ဆိုင်ရာဌာနက ထုတ်ပေး လိုက်ကြလေသည်။ ထိုအချိန်မှာ ဖေဖော်ဝါရီလဖြစ်၍ ပင်လယ်ပြင် ငြိမ်သက်ပြန့်ပြူးပြီး ခရီးမှာ လျင်မြန်တွင်ကျယ်စွာနှင့် ပေါက်ရောက် ခဲ့ကြပေသည်။

ဒီယင်းဂါးမြို့သို့ ရောက်သောအခါ သူသည် မိမိတို့ သာသနာပြု ဌာနချုပ်မှ စာတစ်စောင်နှင့် ဂိုအာဘုရင်ခံချုပ်ထံမှ စာတစ်စောင်ကို အသင့်တွေ့ရလေသည်။ ပထမစာမှ မိမိအား ဩရိဿနယ်ရှိ ဘန်ဂျာ Banja မြို့သို့ သွား၍ သာသနာပြုအလုပ် လက်ခံ လုပ်ကိုင်ဖို့ ညွှန်ကြားသောစာ ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဘုရင်ခံချုပ်၏စာက သူ့ကို ဟီဂျလီမြို့ရှိ ဘုရင်ခံနှင့် ကုန်ရောင်းကုန်ဝယ်စာချုပ်တစ်ခု ပြုလုပ်ရေး ဆက်သွယ် စေ့စပ်ခိုင်းသောစာ ဖြစ်သည်။ ဟီဂျလီမြို့မှာ သူတို့သင်္ဘောပျက်စဉ်က ရောက်ခဲ့သောမြို့ဖြစ်၍ ဘန်ဂျာမြို့နှင့်လည်း များစွာ မကွာဝေးပေ။

သူသည် ဒီယင်းဂါးမြို့မှ ညအချိန်တွင် လှေတစ်စင်းနှင့် တိတ်တဆိတ် ထွက်ခွာခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် တစ်စုံတစ်ယောက် နယ်စပ်ကို ဖြတ်ကျော်သွားသည်ကို လူသိအောင် ကြေညာသလို မဖြစ်စေလိုသောကြောင့်တည်း။ သူသွားသော ခရီးစဉ်မှာ ပထမဦးစွာ ရှေးက ပင်လယ်ဓားပြတို့ စခန်းဟောင်း ဖြစ်သော ဒင်းဒွစ်ကျွန်းသို့ သွား၍ ထိုမှတစ်ဆင့် ဂင်္ဂါမြစ်ဝကျွန်းပေါ်ဒေသကို ဖြတ်ကျော်ပြီး ဟူးဂလီမြစ် အရှေ့ဘက်သို့တိုင်အောင် ဆန္ဒာဘန်အတွင်းရှိ ချောင်းငယ်များထဲက လှေနှင့်ကွေ့ကောက်၍ သွားရလေသည်။ သွေ့ခြောက်သော ရာသီဖြစ်သော်လည်း ထိုဒေသမှာ စိမ့်စမ်းထူပြီး ချောင်းကမ်းပါးတို့၌ မိကျောင်းနှင့် ရေမြင်းများ ပြည့်နှက် နေတော့သည်။ မကြာမြင့်မီ သူဆတို့သည် ဟီဂျလီမြို့နှင့် များစွာ မဝေးလှသော

ဟူးဂလီမြစ်ကြောင်းထဲသို့ ထွက်လာ ခဲ့ကြလေ၏။ တစ်ဖန် ထိုမြစ်ကို ဖြတ်ကူးပြီး တစ်ဖက်ကမ်းရှိ ချောင်းရိုးတစ်ခုအတိုင်း ဘန်ဂျာမြို့သို့ ကွေ့ကောက် လှော်တက်ခဲ့ကြ ပြန်လေသည်။ တစ်ဆယ့်တစ်ရက် မြောက်သောနေ့တွင် အရှက်ကတည်းက လှော်ခတ်လာခဲ့ရသော လှေသမားတို့သည် လှေကို သစ်ပင်တစ်ပင်၌ ချည်နှောင်ပြီး ရေမိုးချိုး၍ နံနက်စာ စားသောက်ရန် ကမ်းပေါ်သို့ တက်သွားကြလေသည်။ မန်ရစ်လည်း ထိုလူများနည်းတူ ထရီဂူရိုစ်နှင့် ကုလားခရစ်ယာန် လူငယ်သုံးယောက်ကိုပါ ခေါ်၍ ကမ်းသို့ တက်လိုက်ခဲ့လေသည်။ အရာရာ၌ သတိရှိရန် လိုအပ်သည်နှင့် လူတစ်ယောက်ကို သစ်ပင်ပေါ်တက်၍ အစောင့်အနေ ချထားခဲ့က၏။ ဒီယင်းဂါးလှေပေါ်တွင် သူတို့ ရှိနေဆဲအချိန်မှာ ဘင်္ဂလားအစိုးရ ကင်းလှေတို့ကလည်း မသင်္ကာသော ရေယာဉ်များကို ထူးထူးခြားခြား မွှေနှောက်ရှာဖွေနေချိန် ဖြစ်၍ တတ်နိုင်သမျှ ရှောင်ရှားသွားလာခြင်း မပြုလျှင် မဖြစ်ချေ။ သို့ဖြစ်၍ သူတို့သည် လူသူအရောက်အပေါက် နည်းပါးသော ဆန္ဒာဘန်ထဲက ချောင်းငယ်တို့ကို ကွေ့ကောက် လှော်ခတ်လာကြခြင်း ဖြစ်လေသည်။

ထမင်းမှု မကျက်သေး။ သစ်ပင်ပေါ်က အစောင့်သည် ကင်းလှေနှစ်စင်း လာနေကြောင်း အော်ပြော လေတော့၏။ လှေသမားတို့သည် ချက်ချင်း တောအုပ်ထဲ ဝင်ပုန်းကြသည်။ မန်ရစ်နှင့် အဖော်များလည်း တခြား နည်းလမ်းမမြင်။ ထိုသူတို့ နမူနာအတိုင်း လိုက်၍ လုပ်ကြရတော့သည်။ သူတို့သည် လှေထဲက သေနတ်များကို ရရှိခဲ့ကြသေးသော်လည်း အခြားပစ္စည်းတိုကို သင်ယူ မလာနိုင်ကြတော့ပေ။ ရေချိုးမည်ဟု မှန်းထား၍ ထွက်လာကြခြင်းကြောင့် မန်ရစ်၏ ဘုန်းကြီးသုံး ပခုံးထောက် အဝတ်မှာ လှေပေါ်၌ ကျန်ရစ်ခဲ့လေသည်။ ကင်းလှေတို့သည် မန်ရစ်တို့ လှေကို ဖမ်းမိထားပြီး လေးသမားအချို့ ကမ်းပေါ် တက်လာကြသည်။ ၎င်းတို့သည် ရွှံ့အိုင်ဘက်သို့ ရောက်နေသော ပေါ်တူဂီတို့ကို မြင်လေသော် လက်နက်ချရန် အော်ပြောကြသည်။ ပေါ်တူဂီတို့လည်း အကာအကွယ် ယူ၍ သေနတ်များနှင့် ခုံပစ်ခတ်၍ အဖြေပေးကြ၏။ "ဟေ့ မင်းတို့ ခုခံနေလို့ အလကားပဲ။ ပြေးလို့ လွတ်မှာမဟုတ်ဘူး" ဟု လေးသမားတို့က သေနတ်ကို ကြောက်ကြောက်နှင့် လှမ်းလုံးထုတ်၍ အော်ပြောကြသည်။ "ဒီရွှံ့အိုင်ထဲက မင်းတို့ဘယ်တော့မှ ထွက်လို့မရဘူးကွ။ အားလုံး အစာငတ်သေးပြီး ကျားစားခံရမှာပဲ"ဟု ခြောက်လှန့်ကြသည်။

"ဘယ်လိုဘေးပဲတွေ့တွေ့ တို့ဘက်က ဘုရားရှိတယ်ဟေ့" ဟု သူတို့က ပြန်ဖြေလိုက်သည်။ တကယ်လုပ်မည့်သူများတည်းဟု သိရသောကြောင့် လေးသမားများလည်း နောက်ကြောင်းပြန်လှည့်ကာ ကင်းလှေများနှင့် မန်ရစ်တို့လှေကို ဆွဲပြီး ထွက်ခွာသွားကြတော့သည်။ မန်ရစ်နှင့် အဖော်လေးယောက်ကာ အရပ်ရှစ်မျက်နှာသို့ မိုင်ပေါင်းများစွာကျယ်သော စိမ့်မြေတောကြီး၏ အလယ်၌ ရောက်နေကြ၏။ အနီးပါးနား၌ အိမ်ခြေရာခြေဟူ၍ လုံးဝမရှိ။ သို့သော် သူတို့သည် အကူအညီ ပေးနိုင်မည့် ရွာသား တစ်ဦးတလေ တွေ့လိုတွေ့ငြား လယ်ယာဥယျာဉ် လုပ်မည်ထင်သော ကုန်းတွင်းဘက်သို့ စွတ်၍ တိုးရန်သာ ဆုံးဖြတ် လိုက်ကြလေသည်။

သို့ရာတွင် မိမိတို့ထင်သည်ထက် ပို၍ အခက်ကြုံနေပြန်၏။ နွမ်းလျပြီး ထမင်းကလည်း အလွန်ဆာနေ ကြလေပြီ။ ခြေထောက်တို့တွင် မျှော့များ သီးနေအောင် တွယ်နေကြသေးသည်။ နောက်ဆုံး၌ ရှေ့သို့ ဆက်မသွားနိုင်ကြတော့ပေ။ ပြေးရင်းလွှားရင်း မိုးလည်း ချုပ်ခဲ့လေပြီ။ စောစောက ကျားခြေရာများ တွေ့ခဲ့ရသဖြင့် ည၏ အမှောင်ထု ဖုံးလွှမ်းလာသောအခါ ကျားစာ ဖြစ်ကြရမည်ကိုလည်း ကြောက်ကြပြန်သည်။ သို့နှင့် သစ်ပင်ပေါ် တက်၍ တစ်နေ့ ခိုကြရပေတော့၏။ သို့သော် ပါလာသော အဝတ်အစားကလည်း မလုံမခြုံ ရှိရကား တစ်ညလုံး ခြင်များနှင့် နပန်းလုံးနေကြရတော့၏။

သူတို့ အဖို့ တစ်မေးမျှ မအိပ်စက်ရသဖြင့် ထိုညမှ ပို၍ ညတာရှည်သည်ဟု ထင်ကြလေသည်။ နောက်နေ့နံနက် အလင်းရောင် ထွက်လာသောအခါ ငါတို့ ဘာလုပ်ကြမလဲဟု အကြံထုတ်ကြသည်။ ထိုစိမ့်မြေတောမှ လွတ်အောင် မည်ကဲ့သို့ ထွက်ကြရမည်နည်းဟု အပြန်အလှန် ဆွေးနွေးကြသည်။ ဦးနောက်များ ခန်းခြောက်ကုန်ကြပြီ။ ရှေ့သို့တိုးသွားလျှင် အချည်းနှီးပင် ဖြစ်မည်။ လေးသမားများ ပြောသည်မှာ မှန်ပေသည်။ သူတို့ကား အစာငတ်၍ သေချင်သေမည်။ ကျားကိုက်၍ သေချင်သေမည်။ သေရမည်တော့ မလွဲပေ။ တစ်ခုတည်းသော ကယ်ပေါက်ကား နောက်ကြောင်း ပြန်ဆုတ်ဖို့သာတည်း။ ချောင်းကမ်းပါးတွင် စိမ့်မြေရွံ့ညွှန် ကင်းစင်၍ ချောင်းရိုးတစ်လျှောက် ခြေကျင်လျှောက်ခဲ့လျှင် လှေကြုံလူကြုံ တွေ့နိုင်သေးသည်။ မိမိတို့ လှေသမားများကိုပင် ထမင်းဟင်း အရန်သင့် ချက်ပြုတ်၍ စောင့်နေသည်ကို ကံကောင်းလျှင် တွေ့ရပေလိမ့်ဦးမည်။

ပင်ပန်းကြီးစွာနှင့် ဆုတ်ခွာခဲ့ကြရာ နေမဝင်မီ တစ်နာရီလောက်တွင် လွန်ခဲ့သောနေ့က မိမိတို့ ဆိုက်ကပ်သာ ချောင်းကမ်းပါးသို့ ရောက်ရှိခဲ့ကြသည်။ ထိုနေရာတွင် ဆန်များနှင့် အိုးများကို ပြန်တွေ့ကြရသဖြင့် ချက်ပြုတ်စားသောက်ပြီး လမ်းခရီး၌ တာရှည်ခံအောင် ဂရုတစိုက် စီမံကြရလေသည်။ ထိုနေ့ညအဖို့ ထိုနေရာမှာပင် အိပ်စက်ကြရ၏။ မီးများဖို၍ ခြင်များကို မီးခိုးနှင့် အကာအကွယ်ပြုကာ ယမန်နေ့ ညကထက် သက်တောင့်သက်သာ နှစ်ခြိုက်စွာ အိပ်စက်ကြရပေသည်။

နောက်နေ့တွင် ချောက်ကမ်းဘေးကို လျှောက်၍ တစ်နေ့လုံးလုံး တောရိပ်ခိုပြီး သွားခဲ့ကြရလေသည်။ ညမိုးချုပ်သော် ကြီးမားသော သစ်ပင်ကြီးနှစ်ပင်ရှိသော ကွင်းပြင်တစ်ခုသို့ ဆိုက်ရောက်ကြလေသည်။ ထိုညအဖို့ ထိုနေရာတွင်မှာပင် ဆင်းဆင်းရဲရဲနှင့် အချိန်ကုန်ခဲ့ကြရ ပြန်၏။ ထိုနေရာ၌ ချောင်းရေတိမ်ပြီး တစ်ဖက်ကမ်းတွင် ကျယ်ပြန့်သော ကွင်းပြင်ကြီး ရှိလေသည်။ အရုဏ်တက်သော် သူတို့သည် ချောင်းတစ်ဖက်သို့ ကူးပြီး ထိုကွင်းသို့ ဖြတ်ကျော်ရန် ဆုံးဖြတ်ကြသည်။ ကုလားကလေး နှစ်ယောက်သည် ရှေ့က ခေါင်းဆောင်၍ သွားကြ၏။ တစ်ယောက်မှာ ထရီဂူရှိ့စ်၏ အစေခံဖြစ်၍ အခြားတစ်ယောက်မှာ မကြာမီကမှ မန်ရစ်က ခရစ်ယာန်ဘာသာသို့ သွတ်သွင်းပေး လိုက်ရသူ ဖြစ်သည်။ မိကျောင်းများကို လမ်းတွင် တွေ့သောအခါ သေနတ်သံပေး၍ ခြောက်လှန့်ကြရသည်။ ထို့ကြောင့် ကုလားနှစ်ယောက်ကို သေနတ် တစ်လက်စီ ပေးထားရပေ၏။

သို့သော် သူတို့နှစ်ယောက်မှာ ခြေလှမ်းအနည်းငယ်မျှသာ ချောင်းထဲ ဖြတ်လျှောက်ခဲ့ရသောလည်း ရေထဲက ရေပွက်ကြီးထလာပြီး ကြီးမားသော မိကျောင်းတစ်ကောင် ၎င်းတို့ထံ အတင်း ပြေးကပ်လာပြီးလျှင် ကုလားတစ်ယောက်ကို အမြီးနှင့် ရိုက်လှဲလိုက်လေသည်။ အလွန် လျှင်မြန်လှသောကြောင့် သေနတ်နှင့် ပစ်ချိန် မရလိုက်ချေ။ ထိုကုလားမှာ ကံဆိုးရှာပေသည်။ ၎င်းမှာ သွေးများ ရေပေါ်ပြန့်တက် လာသည်မှာတစ်ပါး ခြေရာခံ၍ မရတော့ဘဲ ပျောက်ကွယ်သွားပေ၏။ ကျန်တစ်ယောက်လည်း သေနတ်ကို ရေထဲသို့ ပစ်ချခဲ့ပြီး ကြောက်လန့်တကြား အော်ဟစ်၍ ကမ်းသို့ တက်ပြေးလေ၏။ ထိုအဖြစ်ဆိုးကို မြင်ရသောအခါ သူတို့အားလုံး ကြောက်ရွံ့တုန်လှုပ်နေကြတော့သည်။

သို့သော် အခြားနည်းလုပ်ရန် မရှိတော့ပြီ။ ရှေ့သို့သာ ဆက်၍ ချီတက်ကြရပေမည်။ ဤနေရာတွင် မန်ရစ်က "ကျွန်ုပ်တို့သည် နှစ်ရက်နှင့် တစ်မွန်းတည့်တိုင်တိုင် သေမင်းကို အဖော်လုပ်၍ မျှော်လင့်ချက် မရှိသောလမ်းသို့ ရော်ရမ်း၍ လိုက်ခဲ့ကြရပေ၏။" ဟု ဖော်ပြထားလေသည်။ ထို့နောက် တတိယနေ့ မွန်းတည့်အချိန်တွင် သူတို့သည် စိတ်အပျက်ကြီး ပျက်ကာ ချောင်းကမ်းပါးပေါ်တွင် ထိုင်ချလိုက်သည်နှင့်

myanmar teashop www.mmteashop.com

တစ်ပြိုင်နက် မကြာမီက ခရစ်ယာန်ဖြစ်လာသော ကုလားကလေးက "ဘုရားသခင်က ကျွန်ုပ်တို့ကို ကြည့်မနေပါဘူး။ ဟော ... ဟိုမှာ လှေကလေးတစ်စီး" ဟု အော်ပြောလိုက်လေသည်။

လှေကလေးမှာ လူနှစ်ယောက် လှော်ခတ်လျက် မိမိတို့ ရှိရာသို့ ဦးတည်၍ လာနေလေသည်။ ထိုလှေသမားများ ကြောက်လန့်ပြီး အဝေးသို့ လှော်ပြေးမည်စိုး၍ မန်ရစ်၊ ထရီဂိုရီ့စ်နှင့် ကုလားတစ်ယောက်တို့ ချုံထဲဝင်ပုန်းနေပြီး ကျန်ကုလားတစ်ယောက်ကိုသာ အကျိုးအကြောင်း ရှင်းပြရန် ရပ်စောင့်စေခဲ့ကြရသည်။ အနီးသို့ ရောက်လေသော် ထိုကုလားက လှေသမားတို့ကို လှမ်းခေါ်လိုက်ပြီး မိမိကို ခေါ်ဆောင်ရန် တောင်းပန်လေတော့သည်။ ထိုလူများလည်း အနည်းငယ် မေးမြန်းစုံစမ်းကြပြီး ခွင့်ပြုကြလေသည်။ သို့နှင့် ထိုကုလားလည်း လှေပေါ်သို့ တက်လေ၏။ ထိုအခိုက်တွင် မန်ရစ်တို့လူစု ချုံထဲကထွက်လာပြီး လူယောင်ပြလိုက်ကြလေသည်။ လှေသမားနှစ်ဦးလည်း သေနတ် ကိုင်ထားသော ပေါ်တူဂီ နှစ်ယောက်ကို မြင်လေသော် ကျွန်ကုန်သည်များဟု တထစ်ချ မှတ်ယူကာ လှေတက်ကို ကိုင်ပြီး ထွက်ပြေးရန် ပြင်ကြလေ၏။ သို့သော် မန်ရစ်က "ဟေ့ ... မပြေးနဲ့။ ပြေးရင် ပစ်လိုက်မယ်" ဟု သေနတ်နှင့် ချိန်ထားသောအခါ ၎င်းတို့လည်း မလွန့်သာတော့ဘဲ ငိုယိုကာ ကမ်းပေါ်တက်လာပြီး မန်ရစ်၏ ခြေရင်း၌ဝပ်၍ "ကျွန်လုပ်ဆို လုပ်ပါမယ့်။ ရခိုင်တွေဆီတော့ မရောင်းပါနဲ့ သခင်" ဟု တောင်းပန်ကြလေတော့သည်။

မန်ရစ်လည်း မိမိတို့ အဖြစ်အပျက်ကို အနည်းငယ် ပြန်လည်ပြောကြားပြီး "ငါတို့ဟာ ဒီယင်းဂါးနဲ့ လည်းကောင်း၊ ရခိုင်နဲ့ လည်းကောင်း ဘယ်လိုမှ အဆက်အသွယ် မရှိပါဘူး။ ဒီအရပ်က ပေါ်တူဂီ ကုန်သည်တွေပါ။ ငါတို့ ယခု ဘင်ဂျာမြို့ကိုသွားရင်း ပင်လယ်ဓားပြတွေနဲ့ တွေ့ပြီး တို့လှေနှင့် ကုန်တွေကို သိမ်းယူသွားကြတယ်။ ဒါနဲ့ တို့လည်း ဒီမှာ ရက်တော်ကြာကြာ သောင်တင်နေကြပါတယ်။ တို့ကို ဘန်ဂျာမြို့သို့ ပို့ပေးမယ်ဆိုရင် ဆုကောင်းကောင်းချပ့်မယ့်" ဟု ပြောရလေတော့၏။

ထိုအခါ လှေသမားတို့လည်း စိတ်သက်သာရာရကြပြီး ဆလမ်ပေးကာ အရိုအသေ ပြုကြသည်။ ထို့နောက် "သခင်တို့ ခိုင်းသလို လုပ်ပါမယ်။ ဒါပေမယ့် မြင်တဲ့အတိုင်း ဒီလှေကလေးဟာ ဒီလူအားလုံးကို ဘန်ဂျာမြို့အရောက် ပို့ပေးဖို့ ဖြစ်နိုင်မယ်မထင်ပါ။ ဒီနေရာကနေပြီး ဟိုဘက် သုံးမိုင်ကွာလောက်မှာ ကျွန်တော်တို့ မိတ်ဆွေများ ချိပ်ကောက်တဲ့အလုပ် လုပ်နေကြတယ်။ အဲဒီမှာ တဲကလေးတွေ ရှိပါတယ်။ အဲဒီနေရာကို မကြာမီ သင်္ဘောတစ်စီး ချိပ်တင်ရန် လာပါလိမ့်မယ်။ သခင်တို့ကို အဲဒီနေရာအရောက် ပို့ပေးပါ့မယ်။ အဲဒီက စိတ်ချလုံခြုံစွာ သင်္ဘောကို စောင့်ကြပါ" ဟု ပြောပြကြလေသည်။

အစာရေစာငတ်ပြီး သွေးရူးသွေးတန်း ဖြစ်လာသူများအဖို့ ဤသတင်းမှာ အလွန် သင်းပျံ့ မွှေးကြိုင်လှပေသည်။ လူလေးယောက်သား လှေကလေးပေါ်တွင် ကျပ်ကျပ်တည်းတည်း ထိုင်လျက် လိုက်ပါခဲ့ကြပြီး မကြာမီ ချိပ်လုပ်ငန်း လုပ်သောတဲစုသို့ ရောက်လာ ခဲ့ကြတော့၏။ ထိုတဲစုက လူများကို အဖြစ်အပျက် အခြေအနေ ရှင်းပြကြသောအခါ လူဆင်းရဲများ ဖြစ်သော်လည်း ရှိသမျှကို ရာဖွေ ချက်ပြုတ်ကာ ဧည့်ခံ ကျွေးမွေးကြလေသည်။ မန်ရစ်လည်း စားစရာများကို မြင်လိုက်သောအခါ ကောင်းကင်ဘုံက နတ်သြဇာတမျှ ထင်မိလေတော့သတည်း။ သူတို့သည် ထိုနေ့ညအဖို့ တဲတစ်ခုအတွင်း၌ ပျဉ်ပြားများခင်း၍ အိပ်စက်ကြလေသည်။ အလုပ်သမားတို့ထံမှ စောင်များငှား၍ ခြုံအိပ်ကြရသဖြင့် ခြင်ကိုက်သောအန္တရာယ်မှ အတန်ငယ် သက်သာခွင့် ရကြတော့သည်။ ချိပ်အလုပ်သမားတို့မှာ သဘောကောင်းပုံ ရသော်လည်း သူတို့ကို လုံးလုံး စိတ်ချ ယုံကြည်ထား၍ မဖြစ်သေး။ ထို့ကြောင့် တစ်ယောက်တစ်လှည့်စီ အိပ်ဖန်စောင့်၍ အိပ်ကြရပေသည်။

myanmar online teashop
www.mmteashop.com

နောက်တစ်နေ့နံနက် အိပ်ရာကနိုးသော် သူတို့ စီးလာသောလှေမှ လှေသမားတစ်ဦး ပြုံးပြုံးရွှင်ရွှင်နှင့် ဆလမ်ပေး၍ လာရောက် နှုတ်ဆက်ပြီး မိမိတို့နှစ်ဦး အနီးအနားက ရွာသွား၍ နံနက်စာအတွက် ဆိတ်တစ်ကောင် ဝယ်ကြမည်ဟု ပြောလေသည်။ သူတို့ ထွက်သွားလျှင် တဲများ၌ မိမိတို့ လူစုမှတစ်ပါး မည်သူမျှ မကျန်တော့ချေ။ အလုပ်သမားအားလုံးမှာ ချိပ်ရှာရန် တောတွင်းသို့ သွားကြလေပြီ။ နေကုန်မှ ပြန်ရောက်ကြမည် ဖြစ်သည်။ သူတို့လည်း ပင်ပန်း နွမ်းနယ်နေသေးသည့်အတွက် စိတ်ချလက်ချ သံသယကင်းစွာ လှဲ၍ အိပ်လိုက်ကြပြန်တော့သည်။

လှေသမား ကုလားနှစ်ယောက်လည်း ရွာသို့ ရောက်သောအခါ တွေ့ခဲ့ရသော ပေါ်တူဂီလူမျိုး နှစ်ယောက်အကြောင်းကို ဖွင့်ပြောလိုက်ကြသဖြင့် ထိုသတင်းမှာ ရွာသူကြီးနားသို့ ပေါက်ရောက်သွားတော့၏။ ရွာသူကြီးလည်း "မင်းတို့တွေ့စက မြင်ရတဲ့ပုံစံဟာ အမှန်ပဲကွ။ သူတို့ဟာ ဓားပြတွေပဲ။ ကုန်သည်တွေ မဟုတ်ဘူး" ဟုဆိုကာ ရွာသားခြောက်ဆယ်လောက် စုရုံးခေါ်ငင်ကာ ဓားလှံလေးမြားစွဲကိုင်၍ အလုပ်သမား စခန်းသို့ ထွက်သွားကြတော့၏။ တဲများကို ဝိုင်းထားပြီးနောက် ဝင်ရောက် ရှာဖွေရာ ပေါ်တူဂီများ အိပ်ပျော်နေကြသည်ကို တွေ့ရသဖြင့် ခြေသံမကြားအောင်သွား၍ သေနတ်များကို သိမ်းယူလိုက်ကြလေသည်။

ထိုနောက် ကုလားများသည် သူတို့ကို အတင်းဝင်ရောက် ဖမ်းချုပ်ကာ ကြိုးများနှင့် တုပ်နေကြလေတော့၏။ ထိုအခါမှ ဝရုန်းသုန်းကားနှင့် အလန့်တကြား နိုးလာကြပေတော့သည်။ သို့သော် ထရီဂိုရို့စ်အား ရုတ်တရက် ဖမ်း၍ မရသေး။ သူသည် ဓားမြှောင်နှင့် ခုခံနေသဖြင့် ကုလားနှစ်ယောက် ဒဏ်ရာ ရသွားခဲ့သေးသည်။ ယင်းသို့ ခုခံခြင်းမှာ ရွာသူကြီး၏ သံသယကို ပိုမို ခိုင်မာစေတော့သည်။ ရွာသားတို့ကိုလည်း ပို၍ ဒေါသထွက်အောင် လုပ်သလို ဖြစ်လေသည်။ သူတို့သည် ပေါ်တူဂီတို့ကို ရိုက်ပုတ် ထုထောင်းကြ လေသည်။ ဆံရေးတိုင်းထွာကာ မျက်နှာကို တံတွေးနှင့်ထွေးပြီး ခြေနှင့် ကန်ကျောက်ကြကုန်၏။

ရွာသူကြီးသည် တဲပြင်ဘက်၌ စောင်ကိုခင်း၍ထိုင်ပြီး ပေါ်တူဂီတို့ကို သူ့ရှေ့သို့ ဆွဲခေါ်ခဲ့ရန် ပြောလိုက်လေသည်။ ထို့နောက် အမျိုးမျိုး စစ်ဆေးလေတော့၏။ သူတို့ကို မည်သူမည်ဝါဖြစ်သည်၊ ဘာလုပ်ကြသည် စသည်ဖြင့် စုံအောင် စစ်မေးလေသည်။ သူတို့လည်း အဖြစ်အပျက်ကို အခြားလူများအား ပြောပြခဲ့သည့်အတိုင်း ထပ်မံ၍ ပြောပြကြသည်။ ရွာသူကြီးသည် အစိုးရ ကင်းလှေများ ဒီယင်းဂါးမှ လှေတစ်စီး ဖမ်းဆီးရမိခဲ့သော သတင်းကို ကြားသိပြီးဖြစ်ရာ သူတို့ပြောသမျှ တစ်လုံးမျှ မမှန်ကန်ဟု ယူဆလေသည်။ သူတို့သည် ထိုလှေက လူများ သာ ဖြစ်ရမည်။ ကေနွပင်လယ်ဓားပြတို့တည်းဟု ဆုံးဖြတ်ကာ ဆက်၍ မကြားနာတော့ဘဲ ကျွဲသားရေကြိုးနှင့် အချက်ငါးဆယ်ရိုက်လေဟု အမိန့်ပေးတော့သည်။ ကုလားရွာသား များလည်း အမိန့်အတိုင်း ချက်ချင်း ကြိမ်ဒဏ်ပေးကြတော့၏။ "သူတို့သည် မညှာမတာ ရက်ရက်စက်စက် ရိုက်ကြသဖြင့် ကျွန်ုပ်တို့၏ ပခုံးများ ဖူးရောင်လာပြီး တစ်ကိုယ်လုံး သွေးချင်းချင်း နီနေပါတော့သည်" ဟု မန်ရစ်၏ မှတ်တမ်း၌ အတိအလင်း ဖော်ပြထားပေသည်။

ထို့နောက် ကုလားရွာသားတို့သည် နဲ၊ ပလွေ၊ ဗုံ၊ မောင်းတို့ကို တီးမှုတ်ကာ မန်ရစ်တို့အား ပျော်ပျော်ပါးပါး ရွာသို့ ယူဆောင်သွားကြလေသည်။ ၎င်းတို့သည် နှစ်ပေါင်းများစွာ ဒုက္ခပေးခဲ့ကြသည့် လူမဆန်သော လူမိုက်လူဆိုးများကို ဖမ်းဆီးရမိခဲ့ကြသဖြင့် လွန်စွာ ဝမ်းမြောက် ဝမ်းသာ ဖြစ်နေကြတော့သည်။ ရွာသို့ရောက်သော် ကျန်ရစ်သူ ရွာသားတို့က ကျယ်လောင်စွာ အော်ဟစ်နှုတ်ဆက်ကြပြီး ဖမ်းဆီးခဲ့ပုံများကို မေးမြန်း၍ ကျေးဇူးတင်စကား ဆီးကြို ပြောကြားကြကုန်၏။ မူဆလင်ဗလီဆရာ သုံးယောက်က လူအုပ်ထဲက ထွက်၍ ရွာသူကြီးကို အလေးပြုလေသည်။ လူယုတ်မာများကို ဖမ်းယူနိုင်သောကြောင့် ရွာသူကြီး၏

myanmar teashop www.mmteashop.com

ရဲ့စွမ်းသတ္တိကို ချီးကျူးစကား မိန့်ကြားကြလေသည်။ တစ်ယောက်ကမူ လူပရိသတ်အား "ဒီလူမိုက်တွေဟာ ကောင်းကင်ဘုံနှင့် မဟာပထဝီမြေကြီးရဲ့ ရန်သူတွေ ဖြစ်တယ်" ဟု ကျယ်လောင်စူးရှ သောအသံဖြင့် စွပ်စွဲ ပြောကြား လိုက်သေးသည်။ ထို့နောက် "ဘာပြုလို့ ကောင်းကင်ဘုံရဲ့ ရန်သူ ဖြစ်သလဲဆိုရင် သူတို့ရဲ့ ဆိုးဝါးသော ပြုမူချက်များဟာ မှန်ကန်သော သစ္စာတရားကို အစဉ်အမြဲ ဖျက်ဆီးနေတဲ့အတွက် ဖြစ်တယ်။ ပြီးတော့ သူတို့ရဲ့ အပြစ်မကင်းတဲ့ အကုသိုလ် ဒုစရိုက်မှုတွေကြောင့် မဟာပထဝီမြေကြီးရဲ့ ရန်သူများဖြစ်တယ်။ လုယက်ခြင်း၊ သတ်ဖြတ်ခြင်း စသော သွေးစွန်းနေတဲ့ လက်နှင့် ငါတို့၏ လွတ်လပ်သောဘဝကို နှိပ်စက် နေကြတယ်။ သူတို့ကြောင့် ငါတို့မျက်ရည်များ တစ်နေ့မှ မခန်းခြောက်ခဲ့ကြရဘူး။ ငါတို့ရဲ့ မိဘတွေ၊ ငါတို့ရဲ့ သားမယားတွေ၊ ငါတို့ရဲ့ ညီအစ်ကိုတွေ ဆုံးရှုံးလာခဲ့ရသည်မှာ အတောမသတ်အောင် ရှိခဲ့ကြလေပြီ။ ဒါကြောင့် ငါတို့ရဲ့ မျက်ရည်များဟာ နှလုံးသားထဲက ပန်းထွက်နေခဲ့ကြရတယ်" စသည်ဖြင့် ကြားရသူတို့ ခံမရပ်နိုင်ဖြစ်လာအောင် စိတ်ကို နှိုးဆွ ပြောဆို နေတော့သည်။

ဗလီဆရာလည်း ယင်းသို့ စိတ်ထိခိုက်ဖွယ် စကားလုံးများကို ဟစ်ကြွေးပြောဆိုကာ ဝမ်းနည်းကြေကွဲသည့် အနေဖြင့် မျက်နှာကို လက်းဝါး နှင့်အုပ်လျက် ငိုရှိုက်၍ နေလေတော့သည်။ မန်ရစ်လည်း ထိုသူအား "အာဂဘီလူးကြီးပဲ" ဟု စိတ်ထဲက ရေရွတ်မိတော့သည်။ သို့ရာတွင် သူ၏ စွပ်စွဲချက်မှာ များစွာ သဘောပေါက်စရာ ကောင်းလှသည်။

ထိုအခါ ရွာသားတို့လည်း ဒေါသထွက်ကြပြီးလျှင် တုတ်ဆွဲ၊ ဓားဆွဲနှင့် ပေါ်တူဂီတို့ထံ ထိုးခုတ်ရန် အတင်း ပြေးဝင်လာကြတော့သည်။ ရွာသူကြီးလည်း မိမိ လက်နက်ကိုပြ၍ ရွာသားတို့အား နောက်သို့ မောင်းထုတ်ကာ အတင်းတားမြစ်ထားရပေသည်။ "တရားဥပဒေအတိုင်း ဖြစ်စေရမယ်။ ငါတို့ လက်လွန် ခြေလွန် မဖြစ်စေနဲ့။ ဒီလူတွေကို တရားရုံးသို့ အမှုစွဲဆို တင်ပို့ရမယ်။ သူတို့အပြစ်နဲ့ သူတို့ တရားရုံးက သေဒဏ်ပေးမှာပါပဲ" ဟူ၍လည်း ရွာသားတို့ကို ဖျောင်းဖျပြောဆိုလေသည်။

ရွာသူကြီးစကားကို ကြားသော် ရွာသားတို့လည်း စိတ်ချကျေနပ်ကာ လူစုခွဲသွားတော့သည်။ ထို့နောက် တရားခံများကို ခြံဝင်းထဲသို့ ခေါ်သွားရန် သူကြီးက အမိန့်ပေးလိုက်လေတော့၏။ ၎င်းတို့မှာ တစ်ကိုယ်လုံး သွေးချင်းချင်းနီလျက်ရှိရာ သနားဖွယ်ကောင်းတော့သည်။ ဖိနပ်နှင့် ကန်ထား၍ မျက်နှာများ၌ အညိုအမည်းစွဲလျက် တံတွေးများ ပေကျံနေကြ၏။ လက်များကိုလည်း နောက်ဘက်တွင် ပူး၍ လက်ပြန်ကြိုး တုပ်ထားကြသေးသည်။ ရွာသားအချို့မှာ မချင့်မရဲ ရှိလှသဖြင့် လေးနှင့် ချောင်းပစ်ကြသေးသည်။ ကလေးနှင့် မိန်းမများကလည်း ရွှံ့ပုပ်၊ နွားချေး စသည်တို့ဖြင့် ပစ်ပေါက်ကြသည်။ ခြံဝင်းထဲသို့ ရောက်သောအခါ သူတို့ကို ဆင်နစ်ကောင်နှင့် မြင်းခု နစ်ကောင်ထားသော တင်းကုပ်ထဲသို့သွင်းပြီး အစောင့်ထားလိုက်ကြသည်။ သူတို့ ရရှိထားသော ဒဏ်ရာတို့ကို ဆေးကြော သုတ်သင်မပေးဘဲ လက်များကို တုပ်နှောင်ထားရုံမက နှစ်ဆယ့်လေး နာရီလုံးလုံးကြာမှ ထမင်းတစ်နပ်သာ ကျွေးကြသည်။

ဤနည်းအတိုင်း လေးရက်လုံးလုံး မြင်းတင်းကုပ်ထဲ၌ လှောင်ထားခဲ့ကြပြီးနောက် ပဥ္စမမြောက်သော နေ့တွင် လက်နက်အပြည့်အစုံ ကိုင်ဆောင်သော အမှုထမ်းများ ရောက်လာကြသည်။ သူတို့သည် တရားခံများကို သံကွင်းနှင့် လည်ကိုစွပ်၍ လက်ကကြိုးများ ဖြေပေးကြသည်။ သံကွင်းတစ်ခုနှင်တစ်ခု သံကြိုးဖြင့် ဆက်၍ ခရီးထွက်စဉ်က အတူသွားခဲ့ရသော ဟိန္ဒူနှင့် မူဆလင်သို့ပန်းများကို တုပ်နှောင်သွားသည့် အတိုင်းပင် ဖြစ်လေသည်။

myanmar teashop
www.mmteashop.com

အမှုထမ်းတို့သည် တစ်ဖက်တစ်တန်း လူစီ၍ တရားခံ လေးယောက်ကို အလယ်ကထားပြီး ချီတက်ရန် အမိန့်ပေးလေပြီ။ သူတို့အား ညွှန်ကြားချက်မှာ တရားခံများကို မစ်ဒနာပူရ် Midnapur မြို့သို့ ခေါ်ဆောင်သွားရန်ဖြစ်၏။ မစ်ဒနာပူရ်မြို့သည် အနောက် မြောက်ဘက်တွင် လေးရက် ခရီးကွာဝေး၍ တရားခံတို့အား ထိုမြို့က အုပ်ချုပ်ရေး အာဏာပိုင်တို့ လက်သို့ လွှဲအပ်ကြရလိမ့်မည် ဖြစ်သည်။

သူတို့ရွာမှ ထွက်ခဲ့သောအခါ အမှုထမ်း တစ်ယောက်သည် အင်အားနည်း၍ နေးကွေးစွာ သွားနေသော ပေါ်တူဂီတို့ကို အားမလို အားမရ ဖြစ်ကာ တုတ်နှင့်မိုး၍ ရိုက်ဟန်ပြုလျက် ဆဲရေး တိုင်းထွာလိုက်လေသည်။ ထိုအခါ အမှုထမ်းအရာရှိက ဤသို့မပြုရန် တားမြစ်ပြီး ထိုအမှု ထမ်းကို ကြိမ်းမောင်းလေတော့သည်။ ထို့ကြောင့် မန်ရစ်၏ မှတ်တမ်း၌ "လူမိုက်တွေ တစ်လှေကြီး၌ လူကောင်းတစ်ယောက်တော့ ပါတတ်သေးသည်" ဟု မှတ်ချက် ရေးထားခဲ့ခြင်း ဖြစ်ပေသည်။ ဤအဖြစ်အပျက်ကလေးသည် ရခိုင်ပြည်နယ် သွားစဉ်က အားအင် ကုန်ခန်းနေသော မူဆလင် အကျဉ်းသားတို့အထဲက ခရစ်ယာန်ဘာသာကို စိတ်ဝင်စားခဲ့သော မူဆလင် ကုလားတစ်ယောက်အဖြစ်နှင့် ခပ်ဆင်ဆင်ရှိသည်ဟု မန်ရစ်၏ စိတ်၌ ထင်မြင်မိလေသည်။

ထိုအရာရှိ၏ ကြင်နာပုံမှာ ဤမျှနှင့် မတန့်ရပ်သေးချေ။ ခရီးအတော်ပေါက်ခဲ့ပြီးနောက် ကြေကွဲဝမ်းနည်းသည့် မျက်နှာဖြင့် ညှိုးငယ်စွာ သွားနေကြသော တရားခံတို့ကိုကြည့်ပြီး သနားလာသဖြင့် အနီးသို့ သွား၍ မိမိ တာဝန်ယူထားတဲ့အချိန်မှာ မည်သည့် အန္တရာယ်မျှ မရှိစေရ။ ဘာမှမကြောက်စေလိုဟု အားပေးစကား ပြောကြားရာပေသည်။ ဤသို့ အားပေးစကား ပြောကြားသည်ကို ကြားရသောအခါ မန်ရစ်လည်း အားတက်လာပြီးလျှင် မိမိတို့မှာ မတရား အဖမ်းခံကြရကြောင်း၊ ဤနိုင်ငံက တရားဥပဒေဘောင်အတွင်းမှာ ကောင်းရောင်း ကောင်းဝယ် လုပ်နေသူ များဖြစ်ကြောင်း၊ ရွာသူကြီးသာ အထင်မှားပြီး ယခုလို ဖမ်းဆီးခြင်း ဖြစ်ကြောင်းများကို စိတ်ချယုံကြည်စေရန် ပြန်လည် ပြောပြလိုက်လေသည်။

ထိုအခါ အရာရှိက "သင်တို့မှာ မစ်ဒနာပူရ်မြို့သို့ ခေါ်သွားရပါမည်။ ကျွန်ုပ်မှာ သူကြီးက မှာလိုက်သည့်အတိုင်း သင်တို့ကို ချုပ်နှောင်၍ ခေါ်ခဲ့ရပါ၏။ သူကြီးက မသင်္ကာ ဖြစ်မည်ဆိုလည်း ဖြစ်လောက်သည်ဆိုတာ သင်တို့ သဘောပေါက်ပါလိမ့်မည်။ အကယ်၍ မစ်ဒနာပူရ် တရားသူကြီးက အပြစ်မရှိဟု ဆိုရင်လည်း ကျွန်ုပ် တာဝန်အေးတာပေါ့" ဟု ရှင်းပြလေ၏။

မန်ရစ်လည်း မိမိ လူရည်လူသွေးကို အရာရှိ စိတ်တွင် သိသွားလေပြီဟု ရိပ်မိလိုက်သဖြင့် ပို၍ အားနာလာအောင် ဆက်လက် ပြောဆိုနေ တော့သည်။ နောက်ဆုံးအဖြေကား အရာရှိသည် မိမိတို့အပေါ် အတော်နူးညံ့စွာ ဆက်ဆံလာခြင်းပင်တည်း။ သူတို့မှာ ပင်ပန်းနွမ်းနေ နေပြီဖြစ်၍ ရှေ့ဆက် မသွားစေဘဲ ရွာတစ်ရွာတွင် ဝင်၍ တည်းခိုကြတော့သည်။ ထို့နောက် အရာရှိက မန်ရစ်တို့၏ ဒဏ်ရာနှင့် သွေးများကို ဆေးကြော၍ လိမ်းရန် ဆီများ ယူပေးလေသည်။ သို့သော် မန်ရစ်က မလိမ်းရန် တောင်းပန်လိုက်လေသည်။ ဆီလိမ်းလျှင် အနာက ပို၍ စပ်လာမည် စိုးသည် တစ်ကြောင်း၊ အရာရှိ၏ စိတ်တွင် ပို၍ သံသယ ရှိလာစေရန် တစ်ကြောင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် သူက "တရားသူကြီးကိုယ်တိုင် ကျွန်ုပ်တို့ဘယ်မျှ မတရား ညှဉ်းပန်းနှိပ်စက်ခံရတယ် ဆိုတာ သိသွားစေချင်တယ်" ဟူ၍လည်း ပြောလိုက်လေသည်။

ဒဏ်ရာ ဒဏ်ချက်များကို အကြောင်းပြု၍ တကယ် လုပ်တော့မည့်ပုံဖြင့် လှမ်းကြည့်လိုက်သောအခါ မန်ရစ် ကြိုတင် တွက်ထားသည့် အတိုင်း ခရီးရောက်သည်ကို တွေ့ရပေသည်။ ထိုစကားကြောင့် အရာရှိလည်း

myanmar teashop www.mmteashop.com

အကျဉ်းသားတို့၏ ရိုးသားခြင်းကို သဘောပေါက်သွားပြီး မိမိ အပေါ် အပြစ်ကင်းနိုင်သမျှ ကင်းအောင် ပြုမူ ဆက်ဆံနေပေတော့သည်။ ထိုအချိန်ကစ၍ ပေါ်တူဂီ နစ်ယောက်ကို စကားပြောတိုင်း Sir အရှင် (ဝါ) အခင်ဟူ၍ အစချီပြီးမှ ပြောဆိုလေ့ ရှိလာပြီးလျှင် ညဥ့်အချိန် အိပ်ခါနီးလျှင်လည်း ဖျာသင်ဖြူးနှင့် ခြင်ရန်စောင်များကို ထုတ်ပေး ကြလေသည်။

ကျောတွေ ရင်တွေ နာနေသော်လည်း မဒ်စနာပူရ်မြို့ အရောက် သွားနိုင်ခဲ့ကြသည်မှာ အံ့သြစရာပင်။ သူတို့ ဖြတ်သန်းသွားရသော ရွာများတွင်လည်း သူတို့ကို မနှောင့်ယှက်စေရန် မည်သူ တစ်စုံတစ်ယောက်မျှ အနီးသို့ အကပ်မခံကြတော့ချေ။ သူတို့ အပင်ပန်း သက်သာစေရန် တစ်နေ့စာ ခရီးကို ခပ်တိုတိုပင် သွားကြရသဖြင့် လေးရက်ခရီးကို ခြောက်ရက်နီးပါး သွားခဲ့ကြသည်။ အစောင့်အကြပ်များက စည်းကမ်းကို လျော့လျော့ပေါ့ပေါ့ ထားသော်လည်း သူတို့မှာ အိပ်ချင်မူးတူး ဖြစ်နေသူများသဖွယ် နေပူကျဲကျဲ မြို့လယ်ကောင်လမ်းမ၌ ဒယိမ်းဒယိုင်နှင့် သွားနေကြ ရပေသည်။ အချင်းချင်း တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်သော အခါတွင်လည်း မှန်ထဲ၌ ကိုယ့်အရိပ် ကိုယ်ပြန်မြင်ရသကဲ့သို့ ထင်မိကြတော့သည်။ သူတို့သည် မည်မျှ ဒုက္ခခံခဲ့ကြရသည်ကို တွေး၍ များစွာ ငိုယိုခဲ့ကြရလေပြီ။ ထို့ကြောင့် မျက်နာတို့တွင် ချွေးနှင့် မျက်ရည်နှင့် ဖုန်မှုန့်နှင့် ရောထွေး လိမ်းကျံလျက်ရှိပြီး တစ်ကိုယ်လုံးမှာ ရွှံ့တုံးနှင့်သာ တူနေပေတော့သည်။ မဒနာပူရ်မြို့သည် လူဦးရေ သုံးသောင်း သုံးထောင်ခန့်ရှိ၍ တစ်မြို့လုံးလိုလိုပင် သံကြိုးနှင့်ဆွဲလာသော သူတို့လူစုကို ဝိုင်းအုံ၍ ကြည့်ကြလေသည်။ ကျွန်ကုန်သည်များကို ဖမ်းလာကြပြီဟူသော ကောလာဟလ သတင်းကလည်း ရှေ့ကပြေးနှင့်ထား၍ အားလုံးလိုလို သိနေကြသည်။ ပင်လယ်ဓားပြတွေတဲ့၊ မုဒိမ်းတွေတဲ့၊ ဒုစရိုက်ကောင်တွေတဲ့ စသော စကားလုံးတို့မှာ လူတိုင်း ပါးစပ်ကပင် သနားညှာတာခြင်း ကင်းမဲ့စွာ ရက်ရက်စက်စက် စွပ်စွဲ ပြောဆို နေကြတော့သည်။ ထိုသို့ လူတကာ ကမ္ဘာနှင့်ချီ၍ သုံးစွဲ ပြောဆိုသော မကောင်းသမျှ ဝေါဟာ ရတို့သည် မန်ရစ်တို့ လူစုအား အကြီးအကျယ် ထိခိုက် နာကြည်းစေတော့၏။

နောက်ဆုံး၌ သူတို့ကို အမှုဖွင့်ပြီး ရုံးသို့ တင်ပို့ကြလေတော့၏။ သူတို့ လွတ်မြောက်စရာများ ရှိပါသေးရဲ့လား။ သူတို့ဘက်က သက်သေခံ မည့်သူကို မည်သို့ ရှာ၍ရပါအံ့နည်း။ အရေးပါသည့် အချက်ကလည်း သူတို့ ဒီယင်းဂါးမြို့က လာခဲ့သည့်အချက်တည်း။ သူတို့၏ အသက်မွေးဝမ်းကြောင်း အလုပ်ဟာ ကျွန်ကုန်ကူးခြင်း၊ ကျွန်ဖမ်းခြင်းဆိုတဲ့ ပြစ်မှုများနှင့် ဆက်စပ်မှု မရှိပါဟူ၍ မည်သို့ သက်သေ ပြပါမည်နည်း။ ဤသို့ တွေးမိကြသည်နှင့် အဖော်တို့မှာ သေဖို့ကိုသာ မြင်ယောင်ပြီး စိတ်ဓာတ် ကျဆင်း နေကြကုန်တော့သည်။ သို့ဖြစ်၍ မန်ရစ်သည် ထိုသူတို့အား စိတ်ချမ်းသာမှု ရစေရန် ဖျောင်းဖျ ပြောဆို နေရပေတော့၏။ ထိုအခိုက် အရာရှိ ခွင့်ပြုချက်အရ လမ်းတွင်တွေ့သော အိမ်ပျက်ကြီး တစ်ခု၏ ခြံဝင်းထဲသို့ ဝင်၍ ခေတ္တခဏ အပန်းဖြေကြရသောအခါ မန်ရစ်သည် ထိုလူများအား စိတ်သက်သာစေလို၍ ချော့မော့သော စကားလုံးများဖြင့် စိန့်သြဂတ်စတင် ရေးခဲ့သော အောက်ပါစာတစ်ကြောင်းကို ညွှန်ပြကိုးကား၍ နားချပြောဆို လေတော့သည်။ "မိမိတို့ ယခုလို အကြီးအကျယ် ဒုက္ခ ရောက်နေကြသည်မှာ ကောင်းကင်ဘုံသို့ဝင်သော တံခါးကြီး ပွင့်နေပြီဆိုတဲ့ အဓိပ္ပာယ်ပင် ဖြစ်ပေသည်။"

အရာရှိလည်း သူတို့ကို သက်သာရပါစေတော့ဟု အနားပေးခဲ့လေသည်။ သို့သော် ထူးထူးခြားခြား သက်သာပုံ မပေါ်တော့၍ ရှေ့သို့ ဆက်သွားကြစို့ဟု ပြောကာ မြို့မတရားသူကြီးရုံးသို့ ခေါ်ဆောင် သွားလေတော့သည်။ အတန်ငယ်သွားမိလျှင် ရုံးသို့ ရောက်ကြလေသည်။ ရုံးတွင် တရားသူကြီးကို ကော်ဇောပေါ်၌ တစောင်းထိုင်လျက်သား တွေ့ကြရ၏။ သူ့ပခုံးအောက်တွင်လည်း မှီအုံးတစ်ခု ခံထား

myanmar teashop www.mmteashop.com

လေသည်။ အလုပ် နည်းပါးဟန် ရှိသည်။ အဘယ်ကြောင့်ဆိုသော် တရားသူကြီးအနီး၌ အခြားအရာရှိနှစ်ဦး ကျားထိုး နေကြသောကြောင့်တည်း။ အရာရှိသည် ရွာသူကြီး၏ တိုင်စာကို တရားသူကြီးလက်သို့ ဆက်သလိုက်သောအခါ တရားသူကြီးလည်း စာကို ဂရုတစိုက် ဖတ်ကြည့်လေသည်။ သူဖတ်ပြီးသောအခါ ထိုစာကို အကျဉ်းသားတို့အား ဖတ်ပြစေလေသည်။ အဓိပ္ပာယ်မှာ သူတို့ကို ဒီယင်းဂါးမြို့က ပင်လယ်ဓားပြ တွေဟု စွပ်စွဲထားကြောင်း သိစေလို သောကြောင့်တည်း။

ထို့နောက် တရားသူကြီးက "မင်းတို့ ဘာပြောချင်သေးသလဲ" ဟု မေးလေ၏။ ထိုအခါ ထရီဂိုရီ့စ်က ဟိန္ဒူစကား လည်လည်ပတ်ပတ် ပြောတတ်သည့်အတိုင်း ရွာသူကြီးထံပြောခဲ့သည့် အဖြစ်အပျက်မျိုးကို ပြန်လည်ထွက်ဆိုလေသည်။ ထို့ပြင် မန်ရစ်မှာ ခရစ်ယာန်ဘုန်းကြီးအစစ် ဖြစ်ကြောင်း၊ ဩဂတ်စတင် ဂိုဏ်းကဖြစ်ကြောင်း ရှင်းလင်း ပြောပြပြီးနောက် မိမိတို့မှာ မတရားနိုပ်စက်ခြင်း ခံကြရသဖြင့် အမှုကို အထက် လူကြီးများထံ ရောက်အောင် တင်ပြစေလိုကြောင်း၊ တတ်နိုင်လျှင် ဂောရာဇ်ဘုရင်မင်းမြတ်ထံ တင်ပို့ ပေးစေလိုကြောင်း လျှောက်ထား၍ အဆုံးသတ်လိုက်လေ၏။

ဤနေရာတွင် မှတ်သားထားသင့်သည်မှာ ရှားဂျေဟန်ဘုရင်သည် (၁၆၃၂) ခုနှစ်က ဟူးဂလီမြို့ကို တိုက်ခိုက် ဖျက်ဆီးပစ်ခဲ့ပြီးသည့်နောက် စိတ်ထားတစ်မျိုး ပြောင်းသွားခဲ့သည်။ ပေါ်တူဂီတို့အပေါ်တွင် ကျင့်သုံးခဲ့သော ဝါဒကိုလည်း ပြောင်းလဲပစ်လိုက်လေသည်။ သူတို့ အပေါ် ဤသို့ ပြုကျင့်ခဲ့သောအားဖြင့် ယင်းသို့ ဝါဒပြောင်းလိုက်ပြီး ဟူးဂလီမြို့တွင် ပြန်လည်အခြေစိုက်ခွင့် ပြုတော်မူခဲ့ပြန်သည်။ ထရီဂိုရီ့စ် လျှောက်လဲချက်ကို ကြားလေသော် တရားသူကြီးသည် ထိုင်ရန်ခွင့်ပြုပြီးလျှင် ကိုယ်ချင်းစာနာသော မျက်နှာဖြင့် ၎င်းတို့အား တရားသဖြင့် ဖြစ်စေရမည်ဟု မိန့်ဆိုလေသည်။ စာရေးနှစ်ဦးလည်း ၎င်းတို့၏ အမည် နာမနှင့် ခုခံချေဆိုမည့် အချက်အလက်စသည့် အမှုအခင်း ဆိုင်ရာတို့ကို မေးမြန်း ရေးမှတ် ကြလေသည်။

"သင်တို့ ဤမြို့ထဲမှာ အသိရှိသလား" ဟု တရားသူကြီးက မေးပြီးနောက် "သင်တို့ဘက်က အားလုံးအမှန်ဖြစ်ကြောင်း သက်သေခံဖို့ လူလိုတယ်" ဟု ပြောလေလျှင် ထရီဂိုရီ့စ်က မိမိတို့တွင် အသိမိတ်ဆွေ မရှိကြောင်း ညိုးငယ်သောမျက်နှာဖြင့် ပြန်လည် ဖြေကြားလိုက်လေ၏။ ကျွန်ုပ်ကိုယ်တိုင် ရှာပေးမယ်။ ဒီမြို့ထဲမှ ဟူးဂလီနှင့် ဘန်ဂျာမြို့များကို သွားပြီး အရောင်းအဝယ်လုပ်ဖူးတဲ့ ကုန်သည်တွေရှိတယ်။ သူ တို့ဆီက အကြံဉာဏ် တစ်စုံတစ်ရာတော့ ရကောင်းပါရဲ့" ဟု ပြောပြီးလျှင် မင်းစေတစ်ယောက်ကို အခေါ် စေလွှတ်လိုက်လေ၏။

များမကြာမီ ဂုဏ်သရေရှိ မဟာမေဒင် ကုန်သည်သုံးဦး ရောက်လာပေသည်။ တရားသူကြီးနှင့် စကားအနည်းငယ် ပြောဆိုကြပြီးနောက် ကုန်သည်တစ်ယောက် ရှေ့သို့တိုးလာပြီး ပေါ်တူဂီစကားနှင့် သူတို့ကို မေးမြန်းလေတော့သည်။ ဟူးဂလီမြို့တွင်ရှိသော ထင်ရှားသည့် ပေါ်တူဂီ လူမျိုးတို့၏ အမည်နာမ၊ အလုပ်အကိုင်၊ မန်ရစ်နှင့် ခင်မင် ရင်းနှီးသူများ စသည်တို့ကို မေးမြန်း၍ ကျွမ်းဝင်ကြောင်းသိရလျှင် ဘန်ဂျာမြို့က ခရစ်ယာန် ကျောင်းထိုင် ဘုန်းကြီးအကြောင်း မိမိနှင့် ခင်မင်၍ မိမိ၏ သားကို ပေါ်တူဂီ စကားသင်ရန် ထိုဘုန်းကြီးထံ အပ်နှံထားကြောင်း၊ အကယ်၍ စာရေးသား ပေးပို့လိုက်ပြီး သူ့ဆီက ပြန်စာရလျှင် ဤအမှုမှာ အဆုံးသတ် လွတ်ကင်းမည် ဖြစ်ကြောင်းများကို ထိုကုန်သည်က အကြံဉာဏ်များ ပေးနေပေသည်။

ဤသတင်းမှာ အံ့ဩဖွယ်ဖြစ်တော့၏။ မန်ရစ်လည်း ချက်ချင်းစာရေးလေသည်။ ထရီဂိုရီ့စ်ကလည်း အထောက်အထား အကိုးအကား ပြရန် အချက်အလက်များ ရေးမှတ် ကူညီလေသည်။ ဤစာအတွက်

ပြန်စာရသည်အထိ သူတို့ကို အကျဉ်းထောင်တွင် ထားရမည်ဟု တရားသူကြီးက ပြောလေသော် ထိုကုန်သည်က တရားခံများအတွက် အာမခံပေးရန် လျှောက်ထားလေသည်။ သို့ရာတွင် အပြစ်ရှိသည်ဟု ယူဆရသော တရားခံများအတွက် အာမခံ မရှိကြောင်း အကျဉ်းထောင်သို့ ပို့ထားရန်မှလွဲ၍ တခြားနည်းလမ်း မရှိတော့ကြောင်း တရားသူကြီးက ပြန်၍ မိန့်ကြားလေသည်။

"ကျွန်ုပ်တို့လည်း အကျဉ်းထောင်ထဲတွင် ခြေထိတ်လက်ထိတ် ခတ်ထားပါက ပြန်စာမရမီ သေရတော့မှာပဲ" ဟု မန်ရစ်က ညည်းညူ လိုက်လေသည်။ ကုန်သည်လည်း ကောင်းကောင်းမွန်မွန် ထားမထား သူမကြာခဏ လာကြည့်မည်ဟု အားပေးစကားပြောကာ ထောင်ဘူးဝသို့ ရောက်အောင် လိုက်ပို့ ခဲ့ပေသည်။ ထို့နောက် ထောင်မှူးကို အသပြာငွေစ အနည်းငယ် လက်ဆောင် ထိုးလိုက်သောအခါ သူတို့၏ လက်ထိတ်များကို ဖြုတ်ပေးပြီး အိပ်ရာနေရာ ကောင်းမွန်စွာနှင့် ထားရုံမက အနာတို့ကိုလည်း ဆေးကြော သုတ်သင်၍ ဆေးထည့် ပေးကာ အစစအရာရာ၌ ကောင်းမွန်စွာ ပြုစုကြပေသည်။

ဘန်ဂျာမှ ပြန်စာရောက်သည်အထိ ကိုးရက်ခန့် ကြာမြင့်ခဲ့ပေသည်။ စာနှစ်စောင် ဖြစ်သည်။ တစ်စောင်မှာ ကျောင်းထိုင်ဘုန်းကြီးထံမှ ဖြစ်၍ တစ်စောင်မှာ ပေါ်တူဂီ ကူးသန်း ရောင်းဝယ်ရေး သံမှူးဖြစ်သူ ကပ္ပတိန်တစ်ဦး၏ စာ ဖြစ်သည်။ သူတို့ နှစ်ယောက်စလုံးအပေါ် ကျေနပ် စရာရှိသည်။ တရားသူကြီးလည်း ချက်ချင်း အာမခံ ပေးလိုက်သဖြင့် သူတို့နှစ်ယောက် ကုန်သည်၏ အိပ်သို့လိုက်၍ တည်းခို နေထိုင် ကြရပေသည်။

ထုံးစံအတိုင်း စစ်ဆေး၍ ရက်အနည်းငယ်ကြာလျှင် အမှုမှာ ကွင်းလုံးကျွတ် လွတ်မြောက်ကြပြီး ရွာသူကြီးက လျော်ကြေးငွေနစ်ရာ ပေးစေဟု စီရင်ချက် ချလေသည်။ သို့ရာတွင် လျော်ကြေး မယူလိုကြောင်း ငြင်းဆိုလေသော် မန်ရစ်အပေါ် အတော်အထင်ကြီးသွား ကြတော့သည်။ တရားသူကြီးလည်း ၎င်းတို့ကို အလားတူ အထင်ကြီးခဲ့သဖြင့် သူ့အိမ်သို့ ဖိတ်၍ ညစာကျွေးရုံမက ဘန်ဂျာမြို့သို့ သွားခါနီးတွင် အဖိုးထိုက်တန်သော ကက်သျှမီယာရှောစောင် တစ်ထည် လက်ဆောင်ပေးလိုက်လေသည်။

ကြင်နာတတ်သော ကုန်သည်မိတ်ဆွေမှာ ခရီး၏ ပထမအဆင့် အဆုံးသို့ရောက်အောင် လိုက်ပို့ပေသည်။ သူသည် မိမိ၏ တပည့်များကို ရှေ့က သွားနှင့်စေပြီး ရပ်နားရန် စခန်းဖြစ်သော ရေကန် တစ်ခု၏ နံဘေးရှိ ညောင်ပင်ရိပ်အောင်တွင် စားစရာများ အသင့် ပြင်ထားစေလေသည်။ ခရီးသည်များ ရောက်သွားသောအခါ အရိပ်ကောင်းကောင်း၌ လေကောင်းလေသန့်ကို တဝရှူရှိုက်ရင်း အရသာ ရှိသော ထမင်း၊ ဟင်းတို့ကို ပျော်ပွဲစား ထွက်ရသကဲ့သို့ မြိန်ရှက်စွာ စားသောက်ကြရလေသည်။ ပေါ်တူဂီ နှစ်ယောက်လည်း ထိုမူဆလင် ကုန်သည်အား မဟာမေဒင်ဘာသာဝင် ဖြစ်စေကာမူ ပြောမပြနိုင်အောင် ကျေးဇူးတင်လှသဖြင့် မိမိတို့၏ နှလုံးသားများ ယောက်ယက် ခတ်အောင်ပင် ဝမ်းသာနေကြပေတော့သည်။

နောက်ဆုံး၌ အသီးသီး ခွဲခွာရန် နှုတ်ဆက်ဖို့ အချိန် ရောက်လာတော့သည်။ မန်ရစ်သည် လက်တင်အနွယ် ဖြစ်သည့်အတိုင်း မိမိ စိတ်တွင် ထိခိုက်လှုပ်ရှားမှုကို ပြဇာတ်ဆန်ဆန် ဟန်အမူအရာဖြင့် ကုန်သည်၏ ရှေ့၌ ဒူးထောက်လိုက်ပြီး "ကျွန်ုပ်၏ လက်များကို ကောင်းကင်ဘုံဆီသို့ မြှောက်၍ ထာဝရဘုရားသခင်အား ရှိခိုးပါသည်။ အရှင်ဘုရားသည် ဤမိတ်ဆွေထက် ပို၍ ကျွန်ုပ်ကို အခွင့်အရေး အသားပေးတော် မူစေလိုပါ ဘုရား" ဟု ဆုတောင်းလိုက်လေသည်။ မည်သည့် ဩဂတ်စတင်ဘာသာ ဝင်းမျိုးမှ ယခု သူဆုတောင်း သလို ရှေးယခင်က ဆုမတောင်းခဲ့ကြဘူးချေ။ သူ၏ နှလုံးသားတို့ကို ထိုမူဆလင်

ကုန်သည်က ယူကျုံး၍ သွားချေပြီ။ ထိုအခါမှ မန်ရစ်လည်း မိမိမှာ လူကောင်း တစ်ယောက်ပေ တကားဟူ၍ ဘဝမှန်ကို မြင်ယောင်မိပေသည်။ မိမိ၏ အမျိုးဂုဏ်ရည် စသည်တို့ကို ပဓာန မထားဘဲ လူသားတစ်ယောက် အနေဖြင့် ဘုရားသခင် ပေးသနားသည့် ဆုကိုသာ တန်ဖိုးထားလိုပေတော့သည်။ ဤနေရာတွင် သူ၏ တစ်ယူသန်ဝါဒသည် ခေတ္တ ချုပ်ငြိမ်းလျက် ရှိတော့၏။ မူဆလင်များလည်း ခရစ်ယာန်တွေလိုပင် ဘုရားသခင်၏ ကရုဏာတော်ကို ခံယူ ထိုက်ကြပါကလားဟု ဝမ်းမြောက် ဝမ်းသာဖြစ်ကာ မူဆလင် မိတ်ဆွေအား ပွေ့ဖက်ရင်း ပါးပေါ်သို့ မျက်ရည်အသွယ်သွယ် စီးဆင်း လာကြပေတော့သည်။

ဤအခန်းကို နိဂုံး ချုပ်ရမည်ဆိုလျှင် သူတို့သည် ဘန်ဂျာသို့ ဘေးမသီ ရန်မခဘဲ ချောမောစွာ ရောက်ခဲ့ကြလေပြီ။ သူ၏ ဆောင်ရွက်ဖွယ် ကိစ္စများကို ဌာနချုပ်က အမိန့်အတိုင်း အသီးသီး လိုက်နာ ဆောင်ရွက်ပြီးနောက် ဘုရင်ခံချုပ်က ခန့်ထားသော သံကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်ကာ ဟီဂျလီမြို့သို့ ထွက်ခွာခဲ့လေသည်။ ထိုမှတစ်ဖန် ကိစ္စပြီးသောကြောင့် သင်္ဘောတစ်စင်းနှင့် ကိုချင်မြို့ ဩဂုတ်စတင် သာသနာပြု ကျောင်းသို့ ပြန်ခဲ့ရာ ရှစ်နှစ်တိုင်တိုင်ကွဲကွာခဲ့ရသော အရပ်သို့ (၁၆၃၆) ခုနှစ် မတ်လထဲမှာပင် ဆိုက်ရောက်ခဲ့ပေသတည်း။

## အခန်း (၂၆)
## သီရိသုဓမ္မဘုရင် ထူးဆန်းစွာ လုပ်ကြံခံရခြင်း

မန်ရစ်သည် မိမိ ရခိုင်ပြည်နယ်က ထွက်ခွာခဲ့ပြီးနောက် မြောက်ဦးမြို့တွင် ဘာတွေ ဖြစ်နေသည် ဆိုသည်ကို ဖော်ပြထားခြင်း မပြုချေ။ ဤအခန်းအတွက် အခြေခံ အချက်အလက်များကို ရခိုင်ပြည်နယ်က ရသော လက်ရေးပေးစာ တစ်စောင်မှ စာရေးသူ အသုံးပြုနိုင်စေရန် အလို့ငှာ စစ်တွေမြို့သား မစ္စတာစံရွှေဘူး ဆိုသူက အင်္ဂလိပ် ဘာသာပြန်ဆို၍ ပေးသောကြောင့် သိရှိခွင့် ရခဲ့ရပေသည်။ သူတို့ ပြောသည့် အတိုင်းဆိုလျှင် ထိုဝတ္ထုကလေးမှာ ဆန်းကြယ် လှပါတော့သည်။ ၎င်းကို မန်ရစ်၏ Travels ခေါ် မှတ်တမ်းစာနှင့်ပေါင်း၍ ဖော်ပြရလျှင် အတော်ပင် အံ့ဝင်ခွင်ကျ ဖြစ်နေသည်ကို တွေ့ရပေလိမ့်မည်။

ဘိသိက်ခံပြီးစ သီရိသုဓမ္မဘုရင်၏ နေရာကို လှမ်းမျှော်၍ ကြည့်ကြစို့။ အမှန်ကို လိုလားသော ကမ္ဘာ့ထဲတွင် သူ့ကို ခုခံရေး နယ်ပတ်ဘက်၌သာ တွေ့ရပေလိမ့်မည်။ (ခံတပ်ဘက်သို့ ရောက်နေပြီးဟု ဆိုလိုသည်) ရခိုင်ပြည်နယ်၏ ကုန်းတွင်းဘက်၌ ပဲခူး (ဟံသာဝတီ) မှသော်လည်းကောင်း၊ မဂိုမင်တို့မှသော် လည်းကောင်း ဘေးရန် အနည်းငယ် ရှိနေပေသည်။ ထိုအချိန်က ထိုနိုင်ငံ နှစ်နိုင်ငံလုံးပင် ရခိုင်ပြည်နယ်ကို တောတောင်များ၊ မြစ်ချောင်းများ ကာဆီးနေ၍ ဖြတ်ကျော် ဝင်ရောက်ဖို့ရန် မလွယ်ကူလှပေ။ ရေကြောင်းက ဆိုလျှင် မိမိနိုင်ငံ၏ ရေတပ်မတော်နှင့် ပေါ်တူဂီ သေနတ်ကိုင် တပ်များ၏ အကူအညီတို့ကို ရင်ဆိုင် ကြရပေလိမ့်မည်။ စစ်တကောင်း မြို့မှာမူ တိုက်ရန် လွယ်ကူလှသည်။ သို့သော် တောင့်တင်းသော ရေတပ်ကြီး ချထားလျက် ရှိရုံမက ကန့်လန် ဖြတ်စီးနေသော မြစ်များနှင့် ပေါ်တူဂီ သေနတ်ကိုင် တပ်တို့၏ ကျွမ်းကျင်မှုတို့က ကာကွယ်ရေး အင်အားကို ပို၍ တောင့်တင်း ကောင်းမွန် စေလျက် ရှိသည်။ သို့ရာတွင် တိုက်စစ်ဘက် အမြင်နှင့် ကြည့်ရလျှင်မူ ရခိုင်ပြည်နယ်သည် ဟံသာဝတီ ကိုဖြစ်စေ၊ မဂိုတို့ကိုဖြစ်စေ ရေကြောင်းမှသာ တိုက်နိုင်ပေလိမ့်မည်။ ပေါ်တူဂီတို့နှင့် မဟာမိတ်ဖွဲ့ရေးလည်း အချည်းနှီးဖြစ်ခဲ့လေပြီ။ တကယ်ဖြစ်နိုင်သော နိုင်ငံတော်၏ဝါဒမှာ ဆန်စပါးရောင်းဝယ်မှု၊ အင်အားတောင့်တင်း သော ရေတပ်ကြီးတစ်ခု အမြဲတမ်းရှိမှု၊ တိုင်းသူပြည်သားလူအများ ရောင့်ရဲကျေနပ်မှုတို့သာ ဖြစ်ပေသည်။

သို့ရာတွင် သီရိသုဓမ္မမင်းသည် အမှန်တကယ် ဖြစ်ရမည့် ကိစ္စတို့ကို ဘေးဖယ်ပြီး စိတ်ကူးနှင့် ရှုးရသည့် လေဖမ်း ဝါးတန်းချီသောဝါဒကို လိုက်နာ နေခဲ့ပေသည်။ ပထမ ရှေးဦးစွာ သူသည် ဗုဒ္ဓဘာသာ ဇာတ်နိပါတ်တော်များက ဖတ်ခဲ့ရဖူးသော ဘုန်းရှင် ကံရှင်များလို ဖြစ်ချင်သည်။ ၎င်းပြင် မိမိကိုယ်ကို ကမ္ဘာလောကကြီးကို ကယ်တင်မည့် ဘုရားအလောင်း ဟူ၍ ထင်မြင်လာသည်။ ထို့နောက် အများတွေကို တစ်ခုပြီး တစ်ခု ဆက်၍ လုပ်ကိုင်ရင်း အပြစ်ကြီးများကို မော်ပညာအားကိုးနှင့် တကယ်ပင် ကျူးလွန် မိခဲ့လေတော့သည်။ မသေဆေး (ရှိန်းပြီးဆေး) သည် မဖြစ်နိုင်သော အရာကို လုပ်ဖို့ သူ့ကို အားကောင်း

စေခဲ့သည်။ သူ၏ ဘိသိက်ခံပွဲသည် သူ၏ တန်ခိုး အာဏာကို ချိပ်တံဆိပ် ရိုက်နှိပ် ပေးခဲ့လေသည်။ သူသည် ယခုအခါ မဟာမုနိ ဆင်တုတော်ကြီး၏ ဒါယကာ အဖြစ်သာမက ဆင်ဖြူရှင် မင်းတရားလည်း ဖြစ်ခဲ့ပေပြီ။ အသက်မသေ ကိုယ်ပျောက်စေဖို့သာ အာရုံစိုက်ရန် လိုတော့သည်။ သို့သော် မိမိမှာ ယခုအခါ သရဖူ ဆောင်း၍ ဘိသိက်ခံပြီးသောမင်း၊ သာသနာတော်၏ အမိန့်ကို ခံယူပြီးသော သာသနာ့ ဒါယကာမင်း ဖြစ်နေပြီ မဟုတ်ပါလော။

မိမိ၏ တန်ခိုးရှိန်ဝါတွေ တိုးသည်ထက်တိုး၊ ပွင့်သည်ထက် ပွင့်လာစေရန် မိမိ၏ လူစုတစ်စု အပေါ်၌ ခပ်ကြမ်းကြမ်း ပြုမူမိခဲ့ပေသည်။

သူတို့သည် မှော်ပညာ၏ တန်ခိုးသတ္တိကို သံသယ မရှိကြပေ။ သို့ရာတွင် ဘုရင်မင်းမြတ် စွဲမှတ် ယုံကြည်နေသလို ဘုန်းတန်ခိုး ထွန်းတောက်နိုင်မည့် တန်ခိုးသတ္တိမျိုး ဟူ၍ကား မယူဆကြကုန်။ မိမိတို့ကို နာကြည်းအောင် နှိပ်စက်ဖို့သာ တတ်နိုင်သော တန်ခိုးသတ္တိ အနေဖြင့် ယုံကြည့်ကြသည်။ ယင်းသို့ မကျေနပ်သည့် အစိတ်အပိုင်း အချို့ကို မန်ရစ်က ဖော်ပြခဲ့သော်လည်း တိတ်ကျကျ အသေးစိတ် ရေးမထားခဲ့ပေ။ သို့ဖြစ်၍ ပေစာထဲက လက်ရေးစာမူ အတိုင်း ရုပ်လုံးပေါ်အောင် ဖော်ပြရပေတော့မည်။ ဤနေရာတွင် ဝန်ကြီးနှစ်ယောက်၏ အကြောင်းကို အသေးစိတ် ဖော်ပြထားသည်ကို တွေ့ကြရပါသည်။ တစ်ယောက်မှာ 'လက်ရုံးနီ'၊ တစ်ဦးက 'ကုသလ' ဟူ၍ အမည်အသီးသီး ရှိကြသည်။

ဝန်ကြီး 'လက်ရုံးနီး' သည် နန်းရင်းဝန်ကြီး ဖြစ်၏။ သူ၏ ဖခင်သည်လည်း သီရိသုဓမ္မမင်း၏ ခမည်းတော်လက်ထက်၌ နန်းရင်းဝန်ကြီးပင် ဖြစ်ခဲ့သည်။ သူတို့ မိသားစုမှာလည်း ဘုရင်မင်းမြတ်၏ လက်ထက်တွင် အထူး ကောင်းစားနေကြသည်။ သူသည် ရှေးဆန်သော နိုင်ငံရေး ပညာရှိ တစ်ဦးဖြစ်၍ မင်းဆက် တည်တံ့ရေးနှင့် သာသနာတော် တည်တံ့ရေးကို ရှေးရှုလျက် ပညာရှိ ပီသစွာ တာဝန် အလျောက် အလွန် သစ္စာရှိသော ပုဂ္ဂိုလ်ကြီး ဖြစ်သည်။

ဝန်ကြီး 'ကုသလ' မှာမူ တစ်မျိုးတစ်ဘာသာ ကွဲပြားသော ပုံစံ ရှိနေပေသည်။ ဘုရင်အတိုင်ပင်ခံ ဝန်ကြီးဟူသော ရာထူးအပြင် နန်းတော်စောင့် (ကိုယ်ရံတော်) တပ်များ၏ ဗိုလ်မှူးကြီး ရာထူးကိုလည်း ထမ်းရွက်သည်။ ထို့ပြင် မြို့စား နယ်စားအဖြစ်လည်း ချီးမြှင့် ခံရထားသူ ဖြစ်သည်။ သူ၏ ဇာတိသွေးကာ နန်းရင်ဝန်ကြီးထက် မြင့်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် ရခိုင်ဘုရင်မင်းဘင်၏ ညီတော်မှ တိုက်ရိုက် ဆင်းသက်လာသော မင်းမျိုးမင်းနွယ် ဖြစ်သောကြောင့်တည်း။ သူသည် အသက် ငယ်ရွယ် နပျိုသေး၍ ရုပ်ရည် သာနားချောမော၏။ တိုးတက် ကြီးပွားလိုစိတ် ထက်သန်၏။ ကြောက်ခြင်း၊ ရှက်ခြင်းတည်းဟူသော ဟီရိသြတ္တပ္ပတရား ကင်းမဲ့၏။

'နတ်ရှင်မယ်' သည်ကာ အာရှတိုက်၏ ရာဇဝင်များ၌ တွေ့ရလေ့ရှိသော ကြောက်စရာအကောင်းဆုံး မိန်းမတွေထဲတွင် ထင်သည်ထက် ပို၍ ကြောက်ဖွယ်ကောင်းသည့် ထိပ်တန်း အမျိုးသမီးကြီး ဖြစ်သည်။ သီရိသုဓမ္မမင်းအပေါ်တွင် သူမ၏ ဩဇာ အတော်ညောင်းနေ သော်လည်း မိမိ၏ လက်ရှိ ဘဝအခြေအနေကို အနည်းငယ်မျှ ကျေနပ် ရောင့်ရဲခြင်း မရှိချေ။ မိမိကိုယ်တိုင် ရခိုင်ပြည်နယ်ကြီးကို စိုးမိုးအုပ်ချုပ်၍ ရှင်ဘုရင် လုပ်ချင်နေပေသည်။ သူမသည် ကုသလ၏ စိတ်နေစိတ်ထားကို ကောင်းစွာ သိထားသည့်အတိုင်း နန်းတွင်း တော်လှန်ရေး လုပ်ငန်းကို လုပ်ရန် ကုသလအား တိုက်တွန်းခဲ့လေသည်။ မိမိအကူအညီ၊ ကုသလ၏ စစ်သားတို့ အကူအညီဖြင့် သီရိသုဓမ္မ ဘုရင်ကို သုတ်သင်ပြီး ထီးနန်းကို လုယူစေရန်နှင့် မိမိကို မိဖုရားတင်မြှောက်၍

myanmar ONLINE teashop
www.mmteashop.com

မင်းလုပ်စေလိုသော အကြံအစည်ကြောင့် ယင်းသို့သော အားပေး တိုက်တွန်းမှုကို ပြုခဲ့ပေသည်။ ထိုအကြံသည် ကုသလကို တွေ့ဝေသွားအောင် ရောင်ပြန်ဟပ်လိုက်တော့သည်။ အမှန် စင်စစ်အားဖြင့် နတ်ရှင်မယ်ကို ယခင်ကပင် တစ်ဖက်သတ် မေတ္တာသက်ဝင်နေခဲ့သူ ဖြစ်၍ ထိုလုပ်ကြံမှုကြီးထဲသို့ ခြေစုံပစ်၍ ဝင်ခဲ့လေတော့သည်။ နတ်ရှင်မယ်သည်ကား သူ့ကို လက်ကိုင်တုတ်မျှသာ သဘောထားခဲ့လေသည်။ သူ့ကို ရှင်ဘုရင်အဖြစ်သို့ ရောက်စေပြီး မိမိက မိဖုရား ခေါင်ကြီး ဖြစ်လာသောအခါ သူသည် မိမိ၏ ဩဇာအာဏာအောက်တွင် ပြားပြားဝပ်လျက် ရှိစေရမည်။ မိမိအမိန့်ကို လေးစား ရိုသေ ရပေလိမ့်မည်။ မိမိ၏ စာရိတ္တနှင့် စိတ်နေစိတ်ထားမှာ သူ့ထက် အပုံတစ်ရာ သာနေသည်ဟု ထင်သည့် အတိုင်း သူ့ကို မိမိ၏ ကျေးကျွန်သဖွယ် ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်ရတော့မည်ဟု တွက်ဆထားခဲ့သည်။

ဘိသိက်ပွဲကြီး ပြီးစီးသော် သီရိသုဓမ္မမင်း နတ်ရွာစံအံ့ဟူသော အတိတ်တဘောင် စကားသည်လည်း သူမ၏ အကြံအစည်ကို ပိုမို ဖွံ့ဖြိုးလာအောင် ရေလောင်း ပေးသကဲ့သို့ ရှိပေသည်။ ဘုရင်မင်းမြတ် နတ်ရွာ စံရမည်ဟူ၍ အခိုင်အမာ ယုံကြည်မှုသည် မည်သည့် နည်းလမ်းဖြင့် သေအောင် သတ်ရမည်နည်းဟူသော နည်းလမ်းကို ရှာဖွေစေခဲ့သဖြင့် ၎င်း၏ အကြံလည်း အောင်မြင်ရပေလိမ့်မည်။ ဘိသိက်ခံမည့် အချိန်တွေကို ခဏခဏ ရွှေ့လာခဲ့၍ ဒေါသ ထွက်ရဖန် များလှပြီ။ ယခုလို ဘိသိက် ခံဖြစ်ခဲ့သည်မှာလည်း နတ်ရှင်မယ်၏ အထပ်ထပ် တိုက်တွန်းမှုကြောင့်သာ လုပ်ဖြစ်ခဲ့ခြင်း ဖြစ်ပေသည်။

မသေဆေးကို ဖော်စပ်သောအခါ နတ်ရှင်မယ်၏ အကြံအစည်အတွက် နစ်ထပ်ဘောလ်ကို တပ်ဆင် ပေးလိုက်သကဲ့သို့ လျှောခနဲ လိမ့်သွားပေတော့သည်။ လူတွေ ဘုရင့်အပေါ် ဒေါသအမျက် ခြောင်းခြောင်းထွက်ခဲ့ခြင်း၊ သူပုန်ထမည် တကဲကဲ ရှိနေခြင်းစသည်တို့မှာ နတ်ရှင်မယ်၏ ဘက်က အလေး ဆောင်ပေးသလို ရှိပြန်လေသည်။ သူမသည် ယခုလို အချိန်တွင် ပြည်သူပြည်သားတို့၏ ထောက်ခံမှုကို ရလိမ့်မည်ဟု တွက်ဆထားလေပြီး။ ဘုရင်ကို သတ်သည့်အတွက် ကမ္ဘာကလည်း ကန့်ကွက် ရှုတ်ချမည် မဟုတ်ပေ။ သို့သော် အခြားဘက်က တွက်ရန် ရှိသေး၏။ အကယ်၍ ဘုရင်ကို သတ်၍ မသေသော် အသို့နည်း။ အဆိပ်ကျွေးလို့တော့ ရမည်မထင်။ ဘုရင် သောက်ထားတဲ့ ရှိန်းပြီးဆေး (မသေဆေး) သာ တကယ်စွမ်းလျှင် ကျွေးသော အဆိပ်မှာ အဟောသိကံ ဖြစ်ပေလိမ့်မည်။ အကယ်၍ သူမသည် ထိုမသေဆေးကို အယုံအကြည် ရှိမည် မဟုတ်ဟု ထင်ရလျှင်လည်း သူမသည် ထိုခေတ်ထဲက ဆွဲထုတ် ပစ်လိုက်ဖို့သာ ရှိတော့သည်။ ဘုရင်မင်းမြတ်အား မသေဆေး၏ တန်ခိုးဖြင့် ထိုးမဝင် ခုတ်မရဖြစ်အောင် အကာအကွယ် မည်သို့ပင် ပေးထားစေကာမူ ဤနည်းလမ်းအတိုင်း အနိုင်ရအောင်လုပ်လျှင် ဖြစ်ရမည်ဟု သံသယကင်းစွာ ယုံကြည်ထားပေသည်။ သူ့ကို မှော်ပညာ၊ အင်းပညာ စသော အတတ်ပညာတို့ဖြင့် ကာကွယ် ထားသော်လည်း ထိုအတတ်ပညာဖြင့်သာလျှင် သူ့ကို ဖျက်ဆီး နိုင်ပေသည်။ သူ့ကို သုတ်သင် ပစ်ဖို့ရန်ကား မသေဆေးကို အစွမ်းပြယ်အောင် လုပ်ရမည်။ အစွမ်းပြယ်စေသော အတတ်ပညာမျိုးဖြင့်သာ လုပ်ကြံရပေမည်။

ဘုရင့် ရှိန်းပြီးဆေးကို တန်ခိုးပြယ်စေရန် တုံ့ပြန်နည်းတစ်ခု သူမ၏ လက်တွင် ရှိနေလေပြီ။ ထီးနန်းကို ကာကွယ်ရန် အင်းအိုင် ခါးလှည့် လက်ဖွဲ့စသော သိဒ္ဓိ တန်ခိုး အမျိုးမျိုးကို အစဉ်အလာက အသုံးပြုခဲ့ကြသည်။ ၎င်းကို ဤစာအုပ်၏ အချို့သော စာမျက်နှာများ၌ ဖော်ပြခဲ့လေပြီ။ ယတြာဟု ခေါ်သော သုံးအနှုန်းသည် ကျရောက်မည့် အန္တရာယ် ကျေပျောက်စေရန် တန်ပြန်သော အတတ်ပညာ တစ်မျိုးဖြစ်၍ မမြင်နိုင်သည့် တန်ခိုးသတ္တိများ ရှိတတ်ပေသည်။ မဟာမုနိ ဘုရားအတွင်း၌ ယနေ့အထိ တွေ့ရသေးသော

myanmar online teashop
www.mmteashop.com

ယတြာခေါင်းလောင်းကြီးမှာ ယင်းသို့သော် ကိစ္စအတွက် စီမံထားခြင်း ဖြစ်သည်။ သို့ရာတွင် ထိုခေါင်းလောင်းမှာ (၁၇) ရာစုက ခေါင်းလောင်းအစစ် မဟုတ်တော့ပါ။ နောင်မှ အတု ပြုလုပ်ထားရှိခြင်း ဖြစ်ပေသည်။

တိုင်းပြည်ကို ရန်ပြုလာ၍ ထိုယတြာခေါင်းလောင်းကို တီးလိုက်မည်ဆိုလျှင် ရန်သူများ ကစဉ့်ကလျား ထွက်ပြေးရတော့သည်။ အဘယ် ကြောင့်ဆိုသော် ရန်သူတို့သည် မိမိတို့ထက် အင်အား အဆမတန်များသော စစ်တပ်ကြီးနှင့် ရင်ဆိုင်နေရပြီဟု ထင်ပြီ ကြောက်လန့် တကြား ပြေးသွား ကြရတော့သည်ဟု ဆိုလေသည်။ ဤယတြာခေါင်းလောင်း စီမံခြင်း အတတ်ပညာသည် အိန္ဒိယပြည် ဟိန္ဒူလူမျိုးတို့ ထံမှ ပြန့်ပွား လာသောပညာ ဖြစ်သည်။ ထိုပညာကို ရခိုင်ပြည်နယ်တွင် ထိုခေတ်က အလွန် လိုက်စားခဲ့ကြသည်။ ဘုရင်မင်းမြတ် ကိုယ်တိုင် ယင်းသို့ ယတြာချေသော အလုပ်ကို ဝါသနာ ပါလှသည်။ မန်ရစ်ကိုယ်တိုင်လည်း ဘုရင်မင်းမြတ် ယတြာချေဖူးသည့် ကိစ္စ တစ်ခုကို ကံအားလျော်စွာ ကိုယ်တွေ့မျက်မြင် သိရှိခဲ့ရဖူးသည်။

ကြုံခဲ့ရပုံမှာ ရခိုင်ပြည်နယ်သို့ သူ ဒုတိယအခေါက် ရောက်ခဲ့စဉ်က ဖြစ်သည်။ တစ်နေ့သ၌ သူသည် နံနက် ကိုးနာရီခန့်တွင် ဘုရားရှိခိုး ကျောင်းထဲတွင် ဆုတောင်းပွဲ လုပ်ရန် ပြင်ဆင်နေခိုက် "မီး...မီး" ဟု အလန့်တကြား အော်သံများကြောင့် လုပ်စရာ ကိုင်စရာတို့ကို ရပ် ထားပြီး ထွက်၍ စုံးစမ်း စေရလေသည်။ လွှတ်လိုက်သော လူများ ပြန်လာသောအခါ မိမိတို့ နေရာနှင့် နီးကပ်၍ အချို့အိမ်များကို ဆင်နှင့် တွန်းဖျက်နေကြရကြောင်း ပြောပြကြသည်။ သို့နှင့် မန်ရစ်လည်း ယဇ်ပလ္လင်မှ သိမ်းစရာ ဆည်းစရာများ စုဆောင်းသိမ်းဆည်းပြီးလျှင် ဘုရားကျောင်းထဲမှ ထွက်ခဲ့ရလေသည်။

မီးမှာ အိမ်ငါးလုံးခန့် လောင်ကျွမ်းပြီးနောက် ငြိမ်းသတ်၍ နိုင်နင်းသွားလေသည်။ ထို့နောက် ထူးဆန်းသောသတင်းများ ကြားရတော့၏။ မီးလောင်စ အချိန်တွင် မီးရှို့သော လူနှစ်ယောက်ကို မိန်းမအချို့က မြင်လိုက်ကြရသည်။ ထိုမိန်းမများအနက် တစ်ယောက်က "မီး...မီး" ဟု အော်လိုက်ခြင်း ဖြစ်သည်။ သူတို့ အော်သံကြောင့် လူတွေ စုဝေး ရောက်ရှိလာပြီး မီးကို ဝိုင်းဝန်း ငြိမ်းသတ်ကြသည်။ မီးရှို့သူ လူ နှစ်ယောက်ကိုလည်း လက်ပူးလက်ကြပ် ဖမ်းမိကြသည်။ သူတို့သည် ရိုးရိုးမီးရှို့သူများ မဟုတ်ပေ။ ဘုရင့် ပုရောဟိတ်အဖွဲ့က အမှုထမ်းများဟု သိရှိကြရသည်။ စုံစမ်းကြည့်သောအခါ သူတို့ကို ထိုအဖွဲ့က ဘယ်အချိန် ဘယ်နာရီတွင် ဘယ်အရပ် ဘယ်နေရာ၌ မီးရှို့ရမည်ဟု အခါပေးပြီး ခိုင်းစေခဲ့သည်ဟု ထွက်ဆိုကြသည်။ အဘယ်ကြောင့် ပုဏ္ဏားတော်များက ဤသို့ စေခိုင်းပါသနည်း။ မန်ရစ်အဖို့ စဉ်းစားလို့မရပေ။ ဤသို့ အမိန့်ပေးခြင်းကား ထူးထွေ ဆန်းပြား လှချေ၏။ တကား သို့သော် သိရသလောက်ကား ကိန်းချေခြင်း ဖြစ်သည် ဟူသတတ်။

ယတြာ ချေသောအခါတွင် နေရာနှင့် အချိန် တိကျမှန်ကန်ဖို့ အလွန် လိုအပ်လှသည်။ ဘုရင်မင်းမြတ်၏ ရန်သူသည် ထိုအရပ်မျက်နှာမှ ထိုအချိန် ထိုနာရီတွင် ဘေးအန္တရာယ်ကို ဖြစ်စေမည်ဟု ဗေဒင်တွက်ချက် ဟောကိန်း ထုတ်သဖြင့် ထိုအချိန်၊ ထိုနေရာ၌ ယင်းသို့ မီးရှို့၍ ယတြာ ဆင်ကြရသည်။ ယင်းသို့ ယတြာဆင်မှု အချိန်ကိုက် တိကျမှန်ကန်လျှင် ဘုရင်မင်းမြတ်၏ ဘေးရန်အန္တရာယ်တို့ ပပျောက်လျက် ရန်သူ ပြိုကွဲ သွားနိုင်ပေသည်ဟု ယုံကြည်ထားကြပေသည်။ ဤနေရာတွင် ယတြာခေါင်းလောင်းကြီးကို တီးသကဲ့သို့ ဓာတ်ရိုက်ခြင်း တစ်မျိုး ဖြစ်သည်။ မီးရှို့သူများသည် မိမိတို့ ကိုယ်ကို ဘုရင်မင်းမြတ်အတွက် ယင်းသို့ လုပ်ရပါသည်ဟု မထုချေပုံကြချေ။ ဖမ်းဆီး သူတို့သည် ထိုလူနှစ်ယောက်ကို ကွပ်မျက်ရန် ဆွဲခေါ် သွားကြတော့သည်။ ယင်းသို့သော အဖြစ်မျိုးကို သူနေခဲ့သည့် အချိန်ကာလ အတွင်း ဤတစ်ကြိမ်မျှသာ တွေ့ခဲ့ရဖူးသည်ဟု မန်ရစ်၏ မှတ်တမ်း၌ ဖော်ပြထားလေသည်။

မိဖုရားကြီးက သီရိသုဓမ္မမင်းကို လုပ်ကြံရာ၌ ဤသို့သော ယတြာလက်နက်ကို အသုံးပြုရန် ဆုံးဖြတ်ခဲ့လေသည်။ ယင်းကိစ္စအတွက် ကုသလသည် မိမိ ကိုယ်တိုင်သော်လည်းကောင်း၊ ဆုလာဘ်ပေး၍ စေခိုင်း လေသလောမသိ။ ဂါထာတစ်ပုဒ် သီကုံးခဲ့သည်။ နက္ခတ်ပညာရှိ ပုရောဟိတ်အဖွဲ့သား တစ်စုံတစ်ယောက်ကို ရာထူး၊ လာဘ်လာဘနှင့် မျှား၍ စေခိုင်း လိမ့်မည်ဟူ၍လည်း ထင်နိုင် ပေသည်။ ကုသလ၏ လုပ်ပုံကိုင်ပုံများကို အဆိုပါ ပေစာထဲ၌ အပြည့်အစုံ ဖော်ပြထားပေ၏။ ကုသလသည် မိမိအလုပ်ကို အစပြုတော့မည် ကြံသောအခါ မိမိ ဇာတာနှင့် ဘုရင်မင်းမြတ်၏ ဇာတာကို ယှဉ်၍ ဟောကိန်း ထုတ်စေခဲ့ သည်။ ဤသို့ နှိုင်းယှဉ် ကြည့်ခြင်းအားဖြင့် မိမိသည် ဘုရင်မင်းမြတ်ထက် ဘယ်ဂြိုဟ် ဘယ်စန်း၌ ညံ့သည်၊ ဘယ်လဂ် ဘယ်နဝင်းက သာသည် ဆိုသော အချက်အလက်တို့ (ဝါ) ကျားကွက်တို့ကို တွက်ချက်နိုင်ပေသည်။ ယတြာဟူသည် ယင်းသို့သော ဇာတာစန်းလဂ် အမေးအမှိန် အလင်းအကြည်အပေါ် မူတည်၍ ဂြိုဟ်နေ ဂြိုဟ်ထားညံ့လျှင် တောက်ပြောင် ကောင်းမွန်လာစေရန် လည်းကောင်း၊ ရာဟု၊ သံဒေါင်း အစီးအနင်းရှိလျှင် ကင်းလွတ်စေရန် လည်းကောင်း ကံဇာတာကို ပြုပြင်ပေးသော ဗေဒင်ပညာတစ်ရပ် ဖြစ်သည်။ ထိုနည်း အတူပင် အကောင်းကို အဆိုး ဖြစ်စေရန်လည်း တတ်နိုင်ပေ၏။ သို့အားလျော်စွာ ကုသလသည် ဘုရင်မင်းမြတ်၏ တန်ခိုးရှိန်ဝါ ရပ်တန့် သွားအောင် မည်သို့ ပြုလုပ်ရမည် ဆိုသည်ကို ဇာတာထဲ၌ တွေ့မြင်ရပေသည်။

ထို့ကြောင့် ကျောက်ပြားတစ်ခု၌ (ကျောက်သင်ပုန်းကဲ့သော် လည်းကောင်း၊ သပိတ်ကဲ့သော် လည်းကောင်း ဖြစ်ပေလိမ့်မည်။) အင်းကွက်များ ချပြီး ဘုရင်မင်းမြတ်၏ ကံဇာတာကို ညှိုးစေရန် မည်သည့် အရပ်တွင် မည်သည့် အချိန်နာရီ၌ မည်သို့ မြှုပ်နှံရမည် စသည်တို့ကို စီရင်လေတော့သည်။ နန်းတော် အတွင်း၌ မြှုပ်နှံမည့် နေရာကိုလည်း မိမိ စေခိုင်းသူတို့ သိစေရန် မြေတွင်ကွင်းဝိုင်း၍ ပြထားလေသည်။ ဤနည်းအားဖြင့် လျှို့ဝှက်စွာ အင်းမြှုပ်ခဲ့ပေသည်။

ကျွန်ုပ်တို့သာ ယတြာကို မဖြစ်နိုင်သော အရာဟု ယူဆသော်လည်း မြောက်ဦးမြို့ရှိ လူတိုင်းလိုပင် ထိုအတတ်ပညာကို ယုံကြည် ကြပေသည်။ ထိုခေတ်က ဥရောပတိုက်တွင်လည်း စုန်းကဝေနှင့် အလားတူ အတတ်ပညာများကို ယုံကြည်လေ့ရှိကြသည်။ မန်ရစ် ကိုယ်တိုင် ပင်လျှင် မယုံမကြည် မရှိခဲ့ပေ။ ထိုကဲ့သို့ ပြုစားခြင်းမျိုးကို ဘီလူးသဘက်ဟု ယိုးစွပ်ခဲ့သည်။

ဆိုခဲ့သည်အတိုင်း ကုသလသည် အင်းမြှုပ်ပြီးနောက် ကဗျာလင်္ကာတစ်ပုဒ် ရေးစပ်လေသည်။ (ဂါထာမန္တန်ကို ရည်ရွယ် ရေးသားဟန် တူပေသည်။) ထိုလင်္ကာကို သတ်မှတ်ထားသော နေရာ၌ သတ်မှတ်ထားသော အချိန်တွင် ရွတ်ဆိုလျှင် မြှုပ်ထားသောအင်းကို ပိုမို၍ တန်ခိုး ထက်စေသည်ဟု ဆိုလေသည်။ ထိုလင်္ကာ (ဂါထာ) ကို ငါစွဲ ဂါထာဟု ခေါ်ကြသည်။ ထိုဂါထာပုံစံ နမူနာတစ်ခု ပေစာထဲ၌ မူရင်းအတိုင်း ရှိပေသည်။ ၎င်းကို ဘာသာပြန်ဆို၍ အဓိပ္ပာယ် မပေါ်ချေ။ သူ၏ တန်ခိုးသည် အဓိပ္ပာယ်ကို အကြောင်းမပြု၊ အသံ ပေါ်တွင်သာ အမှီ ပြုသည်ဟု ထင်ရသည်။ ယတြာ ခေါင်းလောင်းသံကဲ့သို့ အသံကြားလျှင် ကြားရာအရပ်က လူကို ဩဇာ လွှမ်းမိုး နိုင်သည်။ ထိုဂါထာကို နန်းတော်ပြင်ဘက်ရှိ သတ်မှတ်ထားသော နေရာက ရွတ်ဆို ကြွေးကြော်ရန် ကလေးအချို့အား သင်ပြ ညွှန်ကြား ထားပေသည်။ ယင်းသို့ ကလေးများ ရွတ်ဆိုသံကို ကြားသူတို့သည် နန်းရင်းဝန်ကြီး လက်ရုံးနီသို့ အကြောင်းကြသဖြင့် ဝန်ကြီးမင်းလည်း စုံစမ်း စေပြီးလျှင် ဤအကြံမှာ ဘုရင်မင်းမြတ်ကို တိုက်ရိုက် ထိခိုက်နေပြီဟု ရိပ်မိလေသည်။ မိဖုရားကြီးနှင့် ကုသလအမတ်တို့ ညဏ်ဟူ၍လည်း သင်္ကာမကင်း ဖြစ်ပေသည်။ ဤနေရာတွင် ဒီလို

myanmar teashop
www.mmteashop.com

အကျဉ်းခံရစဉ်က တွေ့ခဲ့ရသော အော်တိုဒါဖီဥပဒေအရ သာသနာ့ သန့်ရှင်းရေး ရုံးက မော်ပညာ လိုက်စားသည့် အပြစ်နှင့် မီးရှို့၍ အသတ်ခံရသည့် ယောကျ်ားနှင့် မိန်းမ နှစ်ယောက်ကို မှတ်မိ ကြပေလိမ့်မည်။ ဤမျှ ရာဇဝင် မကင်းသော ယုံကြည်မှုမျိုး၌ အကောင်းအထည်လည်း ပြစရာမရှိ။ သို့သော်လည်း ၎င်း၏ တန်ခိုး သတ္တိကိုမူ အသိအမှတ် ပြုကြသည်။ စုန်း ပြုစားခြင်း ခံရမည်ကို ကြောက်သောစိတ် အတွက် စုန်းနိုင်ဆေးနှင့် ရဲဆေးတင်ကြသည်။

နန်းရင်းဝန်ကြီး အနည်းငယ် တုန်လှုပ် ချောက်ချား သွားပြီးနောက် မိမိ မသင်္ကာသူများအကြောင်း ဘုရင်မင်းမြတ်အား သံတော်ဦးတင် လိုက်လေသည်။ ကျွန်ုပ်တို့ သဘောအရဆိုလျှင် သူသည် ထိုကိစ္စကို ဘုရင်မင်းမြတ်အား အသိမပေးသင့်ပေ။ ဘုရင်မင်းမြတ် မသိရသည်နှင့် အမျှ ဘေးအန္တရာယ်လည်း ရောက်ချင်မှ ရောက်ပေမည်။ ကျွန်ုပ်တို့ ပြောရမည်ဆိုလျှင် မော်အတတ်သည် သူ့ အလိုအလျောက် အစွမ်းမထက်။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်ဆိုသလို သူ့မှာ ဘေးအန္တရာယ် ရောက်နေချေပြီ။ လုပ်ကြံမည့်သူ ရှိနေပြီ ဟု အစွဲအလမ်း ဝင်လာမှသာ ပို၍ ထိခိုက် နိုင်သည်ဟု ဆိုချင်ပါ၏။ သို့ရာတွင် ကုသလအဖို့ကား မိမိ ဆင်သော ယတြာသည် ဘုရင်မင်းမြတ်အား မုချ အသေ သတ်တော့မည်ဟု ယုံကြည်လျက် ရှိပေသည်။

စာပေ၌ ဆိုထားသည်မှာ နန်းရင်းဝန်းကြီးသည် ဘုရင်မင်းမြတ် သဘောပေါက်အောင် မလျှောက်ထား နိုင်ခဲ့ချေ။ သီရိသုဓမ္မမင်းသည် သူ၏ လျှောက်တင်ချက်ကို မယ်ချတော်မူပြီး မိမိ အလွန်တရာ ချစ်မြတ်နိုးသော မိဖုရားက ဤသို့ ကြံစည် လိမ့်မည်ဆိုသည်ကို ယုံကြည်တော် မမူချေ။ မိဖုရား၏ သန့်စွမ်းသော စိတ်ဓာတ်သည် ဘုရင်မင်းမြတ်ကို အစဉ်သဖြင့် လွှမ်းမိုးလျက်ရှိပေသည်။ နန်းရင်းဝန် ပြောသည့် ပုံပြင်များ အကျိုး မသက်ရောက်တော့ချေ။ မသေဆေး (ရှိန်းပြီးဆေး) နှင့် တကွ အခြား အဆောင်အယောင်များဖြစ်သော အင်းအိုင်၊ ခါး လှည့်၊ လက်ဖွဲ့ စသည်တို့ကလည်း မိမိ ဘုန်းတန်ခိုးကို စိတ်ကျယုံကြည်အောင် အားပေးလျက် ရှိနေကြသည် မဟုတ်ပါလော။

နန်းရင်းဝန်ကြီးလည်း သတ်သေခံ အခိုင်အလုံ မပြနိုင်သောကြောင့် မိမိပြောခဲ့သော စကား မှန်ကြောင်းကို စနည်းနာခြင်းဖြင့် စစ်ဆေး စမ်းသပ် ကြည့်ရပေမည်။ မြောက်ဦး ရွှေနန်းတော်တွင် နည်းအမျိုးမျိုးနှင့် စနည်း နာတတ်ကြသည်။ သို့ရာတွင် လက်ရှိအရေးအခင်း အသုံးပြုရန် ရွေးချယ်သော နည်းကို 'တာရန်' ဟုခေါ်သည်။ မြန်မာတို့ အလို 'တဘောင်' ကို ခေါ်သည်။ ၎င်းကို အတွေ့အကြုံ ဗဟုသုတ များပြားသော ပညာရှိတို့သာ အဓိပ္ပာယ် ကောက်ယူတတ်ကြသည်။ အထူးသဖြင့် အရူး၊ သဘင်သည်တို့ ပြောသောစကားကို မှတ်သားပြီး အဓိပ္ပာယ် ပြန်ယူရပေသည်။

ဘုရင်မင်းမြတ်သည် ယင်းသို့ စနည်းနာခြင်းကို သဘောတူသည်။ သို့နှင့် ကျွန်ယုံတစ်ယောက်ကို မြို့ပြင်လေးရပ်သို့ စေလွှတ်၍ စနည်း နာစေလေတော့၏။ ထိုသူ ပြန်ရောက်သောအခါ တဘောင်စကားအချို့ ရရှိလာခဲ့သည်။ ၎င်းမှာ 'ဟရီမင်း မဟုတ်တာလုပ် တိုင်းပြည် ပြုတ်' ဟူသော စကားနှင့် 'ဖွတ်မိကျောင်းဖြစ်၊ မြစ်မချမ်းသာ'၊ 'လူယုတ်မာကြီးပွား တိုင်းပြည် မကောင်းစား' ဟူသော တဘောင်များ ဖြစ် လေသည်။

ထိုတဘောင်စကားတို့ကို နန်းရင်းဝန်ကြီး ကြားလတ်သော် အကြီးအကျယ် တုန်လှုပ် ချောက်ချား သွားလေသည်။ မိမိသင်္ကာမကင်း ဖြစ်နေခြင်းတို့မှာ သေချာနေလေပြီ။ သီရိသုဓမ္မမင်း၏ အသက်စည်းစိမ်မှာ ဘေးရောက်တော့မည်တကား။ သို့နှင့် သူသည် ဘုရင်မင်းမြတ်ထံ သွား၍ မိမိ ကြားခဲ့ရသော တဘောင် စကားကို ပြောပြလေတော့၏။ "အရှင်မင်းမြတ် နို့စို့အရွယ်က 'ဟရီ' ဟု မိဘများ ချစ်စနိုး၍ မှည့်ခေါ်

ခဲ့ကြသည် မဟုတ်ပါလော။ မိမိ အောက်လူက တော်လှန်မည့်နိမိတ် ဖြစ်ပါသည်။ အောက်လူဆိုလျှင် ကုသလလွဲ၍ မည်သူ ဖြစ်နိုင်ပါ မည်နည်း။ မိမိ အသက်ကိုသာမက ထီးနန်း စည်းစိမ်ကိုပါ ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်နေချေပြီ” ဟု လျှောက်တင်လေ၏။

ထိုအခြေအနေသို့ တိုင်အောင် သီရိသုဓမ္မမင်းမှာ သည့်ခံ၍ စိတ်ဝင်စားစွာ နားထောင်တော်မူ လေသည်။ သို့ရာတွင် လုပ်ကြံသူများကို ဖမ်းဆီးဖို့ အမိန့် ထုတ်ပြန်တော်မူလောက်အောင် လုံလုံလောက်လောက် သဘော မပေါက်သေးချေ။ သူသည် မိဖုရားကိုခေါ်၍ အဖြစ်အပျက်ကို ပြောပြ တိုင်ပင်တော် မူခဲ့လေသည်။ သို့သော် နတ်ရှင်မယ်ကား ဘုရင်မင်းမြတ် စိတ်ပူပန်ခြင်း မရှိစေရန် အမျိုးမျိုး ဖျောင်းဖျ လျှောက်ထား နိုင်ခဲ့လေသည်။ ဘုရင်မင်းမြတ် ဓားပြီး၊ သေနတ်ပြီးစသော သိဒ္ဓိပြီးစီးသည်ဟု ယုံကြည်နေသဖြင့် မည်သို့ လှည့်ပတ် ရမည်ကိုလည်း ကောင်းစွာ သိထားပေသည်။ ဘုရင်မင်းမြတ်သည် မိဖုရားကို မည်သည့်အခါမျှ မျက်နှာချင်းဆိုင်၍ စေ့စေ့ ကြည့်ရှုခဲ့ခြင်း မရှိချေ။ နတ်ရှင်မယ်သည် ဤစာအုပ် အစလောက်က ဖော်ပြခဲ့သော အိန္ဒိယ အမျိုးသမီးများ သုံးစွဲသည့် 'ဓါတုရ' ခေါ် အဆိပ်ဆေးကို အသုံးပြုပြီး ဘုရင့်စိတ်ကို ဖောက်ခွဲ နိုင်ခဲ့သည်ဟု မသင်္ကာဖွယ် ဖြစ်တော့၏။ ဤအဆိပ်ဆေးမျိုးဖြင့် ဂိုအာမြို့က ပေါ်တူဂီတို့၏ ဇနီးသည်များ မိမိတို့ လင်ယောကျ်ားကို မျက်စိ ကြောင်တောင်ကန်းအဖြစ်သို့ ခေတ္တခဏ ပို့ပေးနိုင်ခဲ့သည် မဟုတ်ပါလော။ သူမကို မသေဆေး ပျက်ပြယ်အောင် လုပ်နိုင်သူဟု ဆိုရပေမည်။ သို့ရာတွင် ၎င်းကဲ့သို့သော မိန်မမျိုးသည် လက်ဖျစ်တစ်တွက် အတွင်း စိတ်ပြောင်း မြန်တတ်၍ မယုံလည်းခက် ယုံလည်းခက်ဆိုသော မိန်းမစားမျိုးတည်း။ တရုတ်ပြည်မှ ဖူဆီကေရာဇ် ဘုရင်မကြီးလည်း 'ဘောက်ဆာတို့မှာ သတ်၍ မသေနိုင်သော လူများ' ဟု ယခုပင် ကြေညာပြီး မကြာခင် ငြင်းကွယ်ခဲ့ဖူးလေသည်။

နန်းရင်းဝန်ကြီးလည်း မိဖုရားကြီး၏ အခြေအနေမှာ တစ်စုံတစ်ရာ ကျွေပျက်ခြင်း မရှိ။ မသိကျိုးကျွံပြု၍ နေသည်ကို မြင်ရသောအခါ မိမိ အန္တရာယ်ကို စိုးရိမ်လာပြီး အသက်ဘေးမှ လုံခြုံစေမည့် အမှုကို ပြုလုပ်ရန် ဆုံးဖြတ်လိုက်လေတော့သည်။ ယင်းသို့ လက်လျှော့လိုက်ခြင်း သည်ပင်လျှင် မိမိနှင့် မိမိသခင် ဘုရင်မင်းမြတ်တို့ ကပ်ဆိုးနှင့်ပါစေသော အကြောင်းတစ်ရပ် ဖြစ်လေတော့သည်။ နောက်နေ့ ညီလာခံသဘင် ကျင်းပသောအခါ နန်းရင်းဝန်ကြီးသည် သင်္ကန်းဝတ်၍ ရဟန်းဘောင်သို့ တက်ခွင့် တောင်းလေတော့၏။ ဘုရင်မင်းမြတ်လည်း ဝမ်းနည်းစွာနှင့်ပင် အလေးအမြတ် ခွင့်ပြုတော်မူလေသည်။

ပေစာတွင်ကား 'ထို့နောက် လအနည်းငယ် ကြာသော် ယတြာ အင်းအိုင်တို့၏ အစွမ်းဖြင့် ဘုရင်မင်းမြတ် နတ်ရွာစံတော်မူလေ၏' ဟု ဖော်ပြထားလေသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ အယူအဆနှင့် ဖော်ပြရသော် ထီးနန်းလုပ်ကြံမှုတွင် 'ဓာတုရ' ခေါ် အဆိပ်ဆေး၏ တန်ခိုးပင် ဖြစ်ရပေလိမ့်မည်။

သို့နှင့် ဘုရင်မင်းမြတ်မှာ အဆိပ်သင့်၍ နတ်ရွာစံရမည် ဖြစ်ပေ၏။ ဗုဒ္ဓဘာသာ ကိုးကွယ်သော ရှင်ဘုရင်ဖြစ်ပါလျက် မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့သော မဂ္ဂင်ရှစ်ပါး တရားကို သတိ မေ့လျော့ကာ မကောင်းမှု ဒုစရိုက်ကို ပွားများစေသော ဆေးဝါးမန္တရားနှင့် အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့စသည်တို့နှင့် ဘုန်းတန်ခိုးတိုးတက်အောင် ကြံဆောင်ရင်း ကျဆုံးခဲ့ရပေတော့သည်။ အဘယ်ကြောင့်ဆိုသော် သူသည် အကုသိုလ်ကို ရှာနေသောကြောင့် အကုသိုလ် သူ့ကို ခေါ်သွားလေတော့သည်။

## အခန်း (၂၇)

## မန်ရစ် အသတ်ခံရခြင်း

ယခုပင် ဖော်ပြခဲ့ပြီးဖြစ်သော ထူးဆန်းစွာ အသတ်ခံရသည့် ရှင်ဘုရင်အကြောင်းကို ရေးခဲ့သူ မန်ရစ်မှာ နှစ်ပေါင်း သုံးဆယ်ခန့် အသက် ရှည်ခဲ့ပြီးနောက် သူလည်း အသတ် ခံခဲ့ရပေသည်။ မမျှော်လင့်ဘဲ ရက်ရက်စက်စက် အသတ်ခံရသည်က လွဲ၍ သူအသက်ရှင်နေသော နောက်ပိုင်း ကာလ၌ ထူးခြား၍ မှတ်သားလောက်သော အဖြစ်အပျက်များ မရှိခဲ့ချေ။ သူသည် ကိုချင်မြို့သို့ ရောက်ပြီးနောက် ဂိုအာမြို့သို့ ထွက်ခဲ့လေသည်။ ထိုမှတစ်ဖန် ဂျပန်ပြည်သို့သွား၍ သာသနာပြုရန် အမိန့် ရရှိခဲ့လေသည်။ ထိုအခါက ဂျပန်ပြည်တွင် ခရစ်ယာန်ဘုန်း ကြီးများ မလာရန် တားမြစ်ထားလေသည်။ ယခင်က ဂျက်ဆူအစ်များ နိုင်ငံရေးတွင် ဝင်၍ ရှုပ်ခဲ့သောကြောင့် ဝင်ရောက်လာသူတို့အား ဖမ်းဆီး ချုပ်နှောင်ကာ သတ်ပစ်လေ့ရှိပေ၏။

သူသည် (၁၆၃၇) ခုနှစ် ဧပြီလတွင် ဂိုအာမြို့က သင်္ဘောနှင့် ထွက်ခဲ့ပြီး မလက္ကာမှ တစ်ဆင့် ဖိလစ်ပိုင်ကျွန်းသို့ သွား၍ မနီလာမြို့၌ ခေတ္တ နေထိုင်ခဲ့သည်။ ထိုမှတစ်ဖန် အင်ဒိုချိုင်းနားကို ဖြတ်၍ ဂျပန်သွား သင်္ဘောတွေ့လို တွေ့ငြား တရုတ်ပြည်ရှိ မကာအိုမြို့သို့ ထွက်ခဲ့ပြန်သည်။ ထိုမြို့တွင် သင်္ဘောကြုံ မတွေ့ရသောအခါ ပြန်လှည့်ခဲ့ပြီး မကာဆာ၊ ဘတေဗီယာနှင့် မလက္ကာမြို့များကိုဖြတ်၍ အိန္ဒိယပြည် အရှေ့ဘက်ကမ်းခြေသို့ (၁၆၄၀) ခုနှစ် ဩဂုတ်လတွင် ဆိုက်ရောက်ခဲ့ပေသည်။ သို့ရာတွင် ထိုရေလမ်းခရီးမှာ မိမိတွေ့ခဲ့ မြင်ခဲ့ရသော သတင်း အတိုအစများမှ လွဲ၍ မှတ်လောက်သားလောက် အဖြစ်အပျက်ဟူ၍ ဗလာနတ္ထိပင် ရှိလေသည်။ မိမိ စွန့်ခဲ့ရသော ဇာတ်လမ်းဟူ၍လည်း မရှိ။ သူ့မှတ်တမ်းကို ဖတ်လျှင် စောစောက ဖတ်ရသော အဖြစ်အပျက်မျိုး တစ်ခုမျှ တွေ့ရမည်မဟုတ်ပေ။

အိန္ဒိယပြည်တွင် သင်္ဘောက ဆင်းခဲ့ပြီးနောက် ပေါ်တူဂီ ဌာနချုပ်သို့ ပြန်မသွားတော့ချေ။ သို့ရာတွင် လာဟိုမြို့သို့သွား၍ ရှားဂျေဟာန်၏ မဂိုနန်းတော်ကြီးကို ကြည့်ရှုခဲ့လေသည်။ သို့ရာတွင် ရခိုင်ပြည်နယ်မှာကဲ့သို့ နန်းတွင်းသို့ ရင်းရင်းနှီးနှီး ချဉ်းကပ်ခွင့် မရခဲ့ပေ။ သူမြင်ခဲ့ရ တွေ့ခဲ့ ရသည်ဆိုသော အကြောင်းအရာ တို့သည်လည်း ငြီးငွေ့ စရာများသာ ဖြစ်၍ ဖတ်ချင်စဖွယ် မရှိပေ။ လာဟိုမှတစ်ဖန် အာဖဂန်ပြည်ကို ဖြတ်၍ ရောမမြို့အရောက် ကုန်းလမ်းခရီးမှ သွားခဲ့လေသည်။ လမ်းတွင် အာဖဂန်ပြည်၊ ပါရှားပြည်၊ အီရတ်ပြည်၊ ဆီးရီးယားပြည်တို့ ကို ဖြတ်သန်းခဲ့ရပြီး (၁၆၄၃)ခုနှစ် ဇူလိုင်လတွင် သာသနာ့မြို့တော်ကြီးသို့ ဆိုက်ရောက် ခဲ့ပေ၏။

ပုပ်သာသနာပိုင် အုပ်ချုပ်သော ထိုသာသနာ့မြို့တော်ရှိ ဩဂတ်စတင် ကျောင်းတိုက်တွင် နေထိုင်စဉ် Travels ခေါ် ခရီးသွား မှတ်တမ်းကြီးကို ရေးသားပြီးလျှင် (၁၆၄၉) ခုနှစ်၌ ထုတ်ဝေခဲ့လေသည်။ ပုပ်သာသနာပိုင်ကြီး အင်နိုးဆင့် Pope Innocept X. က စာအုပ် ထုတ်ဝေခွင့်ကို သက်တမ်း (၁၀) နှစ်အထိ

myanmar ONLINE teashop
www.mmteashop.com

အမိန့်လိုင်စင် ထုတ်ပေးတော်မူခဲ့ပေသည်။ ထိုစာအုပ်တွင် သူ၏ ဘွဲ့အမည်မှာ မေစထရိ Maestro ဖြစ်၍ ဩဂုတ်စတင်ဂိုဏ်းတွင် ထမ်းရွက်ရသော ရာထူးမှာ Roman Curial of Procurator General ခေါ် ပေါ်တူဂီပြည်ရှိ သာသနာ့ မြေနှင့် ပစ္စည်းများကို အုပ်ချုပ် စီမံရသော အုပ်ချုပ်ရေးမှူးရာထူး ဖြစ်သည်။ သူ၏ အတွေ့အကြုံနှင့် လက်တွေ့ အကြံအစည် ကောင်းသူ ဖြစ်၍ ထိုရာထူးနှင့် သင့်လျော်ပေ၏။

နှစ်ပေါင်း နှစ်ဆယ်ကျော်ခဲ့သော်လည်း သူ၏ ပြုမူလုပ်ဆောင်ချက်တို့ကို မသိရပေ။ ရောမမြို့မှာပင် ဆက်လက်နေထိုင်၍ သာသနာ့ အုပ်ချုပ်ရေးမှူးကို ကူညီလာခဲ့ပေသည်။ သင်သည် ဩဂုတ်စတင်ဂိုဏ်းဆိုင်ရာ 'မည်သူသည် မည်သူနည်း' ဟူသော လမ်းညွှန်စာအုပ်၌ ရှာဖွေကြည့်ရှုပါက သူ၏ အမည်နှင့် သူ့ဘဝတစ်သက်တာ မှတ်တမ်း အကျဉ်းကို (၁၆၄၉) ခုနှစ်အထိ ဖတ်ရှုရပါလိမ့်မည်။ သို့ရာတွင် အုပ်ချုပ်ရေးရုံး၌ ဘာတွေ လုပ်ခဲ့သည်ဆိုသော အကြောင်းတရား အသေးစိတ်ကို တွေ့ရမည် မဟုတ်ပေ။ ထိုစာအုပ်များ၌ (၁၆၆၉) ခုနှစ်တွင် သူသည် အလွန် အိုမင်း ရင့်ရော်နေသော အဘိုးအို တစ်ယောက်အဖြစ် သာမန်မျှ ဖော်ပြကြသည်။ မည်မျှအိုသည်ဟု အတိအကျ မဖော်ပြပေ။ အဘယ်ကြောင့်ဆိုသော် သူ၏ မွေးဖွားနှစ်ကိုလည်း မည်သည့် စာအုပ်တွင်မျှ ရှာ၍ မတွေ့ရသောကြောင့်တည်း။ သို့သော် အသက်ခုနစ်ဆယ် ကျော်လောက် ရှိပေလိမ့်မည်။

သူ့ကို လန်ဒန်မြို့သို့ သူလျှိုလုပ်ငန်းနှင့် စေလွှတ် ခဲ့ဖူးသေးသည်။ ထိုအချိန်က ချားလ်ဘုရင်သည် ချအော့ဖ် အင်္ဂလန် Church of England ဂိုဏ်းကို ရောမနှင့် ပြန်ပေါင်းစေလိုသော ဆန္ဒရှိသည်ဟု ကြားသိရသောကြောင့် နည်းလမ်းရှာဖွေရန် ၎င်းကို လွှတ်လိုက်ခြင်း ဖြစ်ပေသည်။ သို့နှင့် သက်ရွယ်ကြီးရင့်ပြီဖြစ်သော မေစထရိမန်ရစ်သည် လန်ဒန်မြို့သို့ ချောမောစွာ ရောက်သွားခဲ့ပေ၏။ သူနှင့်အတူ လက်သုံး အစေခံ တစ်ယောက်နှင့် ရွှေအတော်များများပါသော သေတ္တာကြီးတစ်လုံး ပါသွားလေသည်။ ထိုရွှေများမှာ သတင်းပေးသူများကို ဆုချရန်နှင့် အလုပ်ချဲ့ထွင်ရန် ဖြစ်ပေလိမ့်မည်။ သူသည် သိမ်းမြစ်ကမ်း၌ တည်းခိုရန် ဗရင်ဂျီ ကိုယ်စားလှယ် အချို့နှင့် လျှို့ဝှက် တွေ့ဆုံခဲ့ကြသည်။ သို့ရာတွင် သေတ္တာထဲရှိ ရွှေတော်တော်များများမှာ သူ့အစေခံကို သွားရည်ယိုစေလျက်ရှိရာ တစ်နေ့သောအခါ မိမိ သခင် မရှိခိုက် သေတ္တာကို ဖွင့်လေတော့၏။ ထို့နောက် သူသည် ရာဇဝတ်မှုကို ကျူးလွန်ရန် ဆုံးဖြတ်ပြီး တုံးလုံးလှဲ၍ စောင့်နေလေ၏။ မန်ရစ်သည် မှောင်မှ အိမ်ပြန်ရောက်ခဲ့ပြီး အသတ် ခံရပေတော့သည်။ သူ၏ အလောင်းကို သူ့သေတ္တာထဲ ထည့်ပြီး မြစ်ထဲသို့ ပစ်လိုက်လေသည်။ ဒီရေကျချိန်၌ သေတ္တာသည် မြစ်ကမ်းသောင်စပ်၌ တင်နေသဖြင့် အနီးသို့ဖြတ်သွားသော သင်္ဘောသားနှစ်ယောက် တွေ့မြင်သဖြင့် ရတနာသေတ္တာဟု ထင်ပြီး သေတ္တာကို ခွဲဖျက်ကြည့်ကြရာ လူသေကောင်ကို တွေ့၍ စိတ်မချမ်းမသာ ဖြစ်ကြရလေသည်။ သူတို့သည် ခန္ဓာကိုယ်ကို လှန်ပြန် ရှာဖွေသောအခါ သာသနာရေးဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ကြောင်း အဝတ်အစားက သက်သေ ခံနေသဖြင့် ရဲကို အကြောင်းကြားလိုက်ကြလေ၏။ ရဲဘက်ကလည်း တရားခံကိုရှာဖွေရန် အခက်အခဲ များစွာမရှိပေ။ အစေခံကို ဖမ်းမိ၍ စစ်ဆေးသော် အပြစ်ကို ဝန်ခံသဖြင့် ကြိုးမိန့် ကျခံသွားရလေတော့သည်။

အမျိုးမျိုးသော အသက်အန္တရာယ်တို့ကို အရှေ့တိုင်းဒေသ၏ ချောင်ကျကျ တစ်နေရာ၌ သီသီနှင့် ရှောင်ကွင်း လွတ်မြောက်နိုင်ခဲ့ပြီး ဆယ့်ငါးနှစ်လုံးလုံး သာသနာပြု လုပ်ငန်းနှင့် သံတမန်တာဝန်တို့ကို ယူလာခဲ့သော မန်ရစ်ကား လန်ဒန်မြို့၌ မိမိ၏ လူယုံသတ်၍ သေခဲ့ရချေပြီ။ အကယ်၍သာ သူသည် ရောမမြို့ရှိ ဩဂုတ်စတင်ကျောင်း၌ အိပ်ရာပေါ်တွင် ကွယ်လွန် ခဲ့ပါအံ့။ လူမသိ၊ သူမသိနှင့်သာ ပျောက်ကွယ် သွားစရာ ရှိပေသည်။ ကျွန်ုပ်တို့ အကြား၌ ကွယ်လွန်ပါမူ ကျွန်ုပ်တို့အဖို့ ကိုယ့်အိမ် ကိုယ့်ယာကဲ့သို့ ရင်းနှီးခွင့်

ရပေလိမ့်မည်။ ထို့ပြင် မဟာမုနိ ဆင်းတုတော်ကြီးတည်ရှိရာ 'ရတနာရွှေမြေ' နှင့်လည်း ပိုမို၍ နီးစပ်မှုရပေလိမ့်မည်။ ထို့ထက် သီရိသုဓမ္မမင်း အကြောင်းကိုလည်း ယုံတမ်းစကားမဟုတ်ကြောင်း ကောင်းစွာ မှတ်တမ်းတင်သွားခွင့် ရပေလိမ့်သတည်း။

myanmar ONLINE teashop www.mmteashop.com

## အခန်း(၂၈)

## နိဂုံးချုပ် လေ့လာမှတ်သားခြင်း

သီရိသုဓမ္မဘုရင် လုပ်ကြံခံရသော (၁၆၃၈) ခုနှစ်ကို ရခိုင်လူမျိုးများက မိမိတို့နိုင်ငံ ပျက်သုဉ်းခြင်း၏ အစနှစ်ဟု မှတ်သားခဲ့ကြပေသည်။ ဘုရင်မင်းမြတ်တွင် မန်ရစ် လက်ဆောင်ပေးခဲ့ဖူးသော သားတော်နှစ်ပါး ကျန်ရစ်ခဲ့ရာ တစ်ပါးမှာ စပ်ကူးမပ်ကူးကာလ၌ ကွယ်လွန်ခဲ့လေသည်။ ထိုမင်းသားကလေးမှာ သွေးရိုးသားရိုး ကွယ်လွန်ခဲ့သည်ဟု ထုတ်ပြန်ကြေညာခဲ့သော်လည်း နတ်ရှင်မင်း၏ စီမံကိန်းထဲပါသွားခဲ့ခြင်း ဖြစ်သည်။ တရုတ်ဇကရာဇ်၏ ဘုရင်မကြီးဇုဆီမှာ မင်းသားငယ်ကို နန်းတင်ပြီး မိမိက ရင်ခွင်ပိုက် အုပ်စိုးခဲ့ပေသည်။ သို့ရာတွင် နန်းရှင်မယ်ကား ၎င်းနှင့်ကွာခြားလှ၏။ ထီးနန်းကိုလုပ်ကြံစဉ်က သူမသည် ကုသလနှင့် တိုင်ပင်ပြီး သူ့ကိုလက်ဆွဲ၍ နန်းတက်ရန်ဖြစ်ပေသည်။ သူမသည် ရင်ခွင်ပိုက်ဘုရင်မလုပ်ဖို့ သင့်သော်ငြားလည်း လမ်းစဉ်မှာ ယင်းပြဿနာမျိုး မပေါ်ပေါက်နိုင်ပေ။ သို့ဖြစ်၍ ကုသလကိုဘုရင်မြှောက်၍ လည်းကောင်းနှင့် လက်ထပ်ရန်မှတစ်ပါး အခြားနည်းလမ်းမရှိ ဖြစ်တော့သည်။ ဤသို့သော အခြေအနေကြောင့် သီရိသုဓမ္မ၏ သားအတွက် နေရာမရှိဖြစ်ခဲ့သည်။ ထို့နောက် သူ့ခမည်းတော် နတ်ရွာစံပြီး တစ်လအကြာတွင် ကျောက်ပေါက်၍ ကွယ်လွန်သည်ဟု တရားဝင် ကြေညာခြင်းခံခဲ့ရပေတော့သည်။

လွှတ်တော်ဝန်ကြီးများကောင်စီလည်း ထီးနန်းဆက်ခံရေးအတွက် ဆင့်ခေါ် ဆွေးနွေးကြသည်။ ထီးမွေနန်းမွေကို တိုက်ရိုက်ဆက်ခံနိုင်သူ မရှိတော့သဖြင့် ဆွေစဉ်ဇယား၌ ထိပ်ဆုံးကျသော ပုဂ္ဂိုလ်ကို ရွေးချယ်ကြရသည်။ ကုသလမှာ ရခိုင်ဘုရင်မင်းဘင်၏ ညီတော်မှ တိုက်ရိုက်ဆင်းသက်သူ ဖြစ်၍ ဖြစ်နိုင်စရာရှိသော မင်းလောင်းဟု ဆိုရမည် ဖြစ်သော်လည်း ပို၍နီးစပ်သော အခြားမင်းသားများ ရှိနေပေသေးသည်။ ထိုအခါ မိဖုရားကြီးသည် လွှတ်တော်ကို ကုသလ၏စစ်တတ်ဖြင့် ဝိုင်းစေကာ အကျပ်ကိုင်ပေတော့ရာ မှူးမတ်များလည်း မိမိတို့အာဘော်ကို မျိုသိပ်လိုက်ကြပြီးလျှင် မိဖုရား၏ ဆန္ဒအတိုင်း သဘောတူကြရကုန်တော့၏။ သို့နှင့် ကုသလကို နန်းတင်ကြပြီး နရပတိကြီးဘွဲ့နှင့် ဘိသိက် မြှောက်ခဲ့ကြလေတော့သည်။ ထိုအခါ သာသနာရေးဆိုင်ရာဌာနတွင် အံ့အားသင့်ကုန်ကြပြီး ရှစ်သောင်းသာသနာပိုင် ဆရာတော်လည်း ကိုယ်တိုင် ဘိသိက်သွန်း၍ မပေးဟု ငြင်းပယ်တော်မူခဲ့လေသည်ဟု စာပေထဲ၌ ဖော်ပြထားသည်။

ထိုအခါမှစ၍ ရခိုင်ပြည်နယ်လည်း ပျက်ပြားစ ပြုခဲ့၍ တဖြည်းဖြည်း အင်အား ဆုတ်ယုတ် လာတော့သည်။ နရပတိကြီးသည် ခုနစ်နှစ် ထီးနန်းစံခဲ့ပေသည်။ သူသည်နတ်ရှင်မယ်၏ အပြုအမူကို မကျေမနပ် ဖြစ်လာရုံမက တစ်နေ့တွင် မိမိကိုပါ နန်းမှ ကန်ချလိမ့်မည်ဟု သံသယ ရှိလာခဲ့လေသည်။ ဤသို့ပင် အမြဲကြံစည် ခဲ့ဖူးသည် မဟုတ်ပါလော။ သို့အားဖြင့် နရပတိကြီးသည် မိမိအင်းအားကို ချိန်ဆပြီး

myanmar teashop
www.mmteashop.com

နန်းတော်မှအောင်မြင်စွာ နင်ထုတ်နိုင်ခဲ့လေတော့သည်။ သို့သော်လည်း သေရမည့်အရေးကို တစ္ဆေခြောက်သကဲ့သို့ ဖြစ်နေပေသည်။

နတ်ရှင်မယ်က ဖြစ်စေ၊ တစ်စုံတစ်ယောက်က ဖြစ်စေ မိမိကို မကောင်းကြံနေပြီဟု ယုံကြည်နေလေသည်။ မိမိကိုယ်တိုင် သီရိသုဓမ္မမင်းကို အင်းမြှုပ်၍ သတ်ခဲ့သလို မိမိကိုလဲ အင်းမြှုပ်၍ သတ်အုံးတော့မည်ဟု စွဲလမ်းနေခဲ့သည်။ သို့နှင့် သူသည် သက်တော်ရှည်နှင့် သက်တော်စောင့်ဟူသော ဘုရားနှစ်ဆူကို ယုဉ်၍ တည်ထားကိုးကွယ်ခဲ့လေသည်။ ထိုဘုရားတို့မှာ ယခုတိုင်တည်ရှိကြ၍၎င်းတို့၏ တံတိုင်းများ၌ ယတြာအင်းများ စီရင်ထားသည်ကို တွေ့မြင်ကြရပေသေးသည်။ သို့သော် သူ နာမကျန်း ရှိလာသောအခါ သူ၏ဘုရင်များသည် နတ်ရှင်မယ်၏ ပြုစားသောဒဏ်ကို မတွန်းလှန်ကြသည်ဟု စိတ်တွင် ဥပါဒါန်စွဲနေသဖြင့် သီရိသုဓမ္မမင်းကဲ့သို့ မိမိနှလုံးသား မိမိကို ခြောက်လှန့်နေပြီး ထိုဝေဒနာနှင့်ပင် နတ်ရွာစံခဲ့လေတောသည်။

နတ်ရှင်မယ်မှာ ထိုမင်းနတ်ရွာစံခြင်းဖြင့် မည့်သည့်အကျိုးမျှ မခံစားရချေ။ အရှေ့နိုင်ငံတွင် ၎င်းကဲ့သို့သော မိန်းမများသည် အကုသိုလ်ကံကို အမြဲ ယူဆောင်လာတတ်ကြကုန်၏။ ၎င်းတို့သည် အနောက်နိုင်ငံသားတို့နားလည်ထားသော မိန်းမတို့ထက်ပို၍ မိန်းမဆန်သူများဖြစ်ကြသည်။ အရှေ့ဘက်ဒေသများ၌ ကွတ္တိလိင်ကို ပုလ္လိင်၏ ဆန့်ကျင်ဘက် အဖြစ် အနက်ပေးကြသည်။ သို့ဖြစ်၍ မိန်းမကို ယောကျာ်း၏ ဆန့်ကျင်ဘက် သဘောထားကြကုန်၏။ တရုတ်လူမျိုးသည် အလွန်ရှေးကျသောခေတ်ကစ၍ ယင်းသို့သော ဆန့်ကျင်ဘက်များကို လေ့လာခဲ့ကြသဖြင့် မိန်းမများအပေါ်၌ ၎င်းတို့၏ တွေးခေါ်မြော်မြင်မှုသဘောတရားတို့ကို တွေ့ခဲ့ကြပေသည်။ ၎င်းတို့အဖို့ ကွတ္တိလိင်ကိုစင်စစ် (ဝါ) မိန်းမစစ်လျှင် မြေကြီး၏ တန်ခိုးသတ္တိနှင့် မြေကြီးအနက်သဘော သက်ဝင်သော ကြာသပတေးနံတို့ လွှမ်းမိုး၏ဟု ယူဆကြသည်။ ၎င်းတို့ကား မှောင်ခြင်းအနက်၊ မိုက်ခြင်းအနက်၊ မ - မရှိခြင်းအနက်၊ ပညာမဲ့ခြင်းအနက်၊ စသည်ကို အဓိပ္ပါယ်ကောက်ယူခဲ့ကြသည်။ ၎င်းတို့သည် အပါယ်ငရဲ သို့မဟုတ် ညစ်ညမ်းခြင်း၊ သို့မဟုတ် လနှင့်တူသည်ဟု သရုပ်ဖော်ပြကြသည်။ ယင်းသို့ သရုပ်ဖော်ပြထားသည့် အဓိပ္ပါယ်တို့မှာ ဘာကိုဆိုလိုသည်ကို အထူးရှင်းပြစရာမလို။ သူ့အလိုလိုလုံလောက်နေပေပြီ ယောကျာ်းနှင့် မိန်းမတို့၏ အများအားဖြင့် ရှိတတ်သော စိတ်နေသဘောထားတို့သည်လည်း ဆန့်ကျင်ဘက်သာဖြစ်တတ်ကြသည်။

သို့ရာတွင် အမျိုးသမီးတစ်ယောက်သည် ကွတ္တိဆန်သော အမျိုးအစားဖြစ်အံ့။ ဆုပ်ပူတက်ကြွသော အင်အားစိတ်ဓာတ်မျိုး ရှိတတ်သည်။ အကြောင်းမရှိ အကြောင်းရှာ၍ ဆုပ်ပူတတ်ကြသည်။ ယောကျာ်းများ ကြောက်ရွံ့လောက်သော စိတ်ဓာတ်အင်အားရှိသည်။ ၎င်းကို လုံလောက်သော အကြောင်းနှင့် ဆန့်ကျင်ဘက် လုပ်၍ မရတတ်ပေ။ ယင်းသို့သော မိန်းမမျိုးသည် လင်ကိုနိုင်တတ်သည်။ လင်ယောကျာ်း အပေါ်၌ သက်ဦးဆံပိုင် ဘုရင်အုပ်စိုးနည်း အုပ်စိုးတတ်သည်။ သူခြယ်လှယ်ချင်သလို ခြယ်လှယ်ခွင့်ရသော တစ်နေ့၌ အားလုံး ပျက်စီးပြုန်းတီးသွားတတ်သည်။ ဖျက်စီးခြေမှုန်းပစ်တတ်သည်။ အရှေ့တိုင်းအယူအဆအရဆိုလျှင် ထိုမိန်းမမျိုး၌ သူရဲသဘက်သို့သဘော၊ လေ၏သဘော၊ မြူနှင်းများသဘော၊စုန်းပယောဂသဘောပါရှိသော အရည်အချင်းများ သူတို့သွေးတွင် ရောစွက်နေတတ်သည်။

ထိုမိန်းမသည် အရှုံးသဖွယ်ဖြစ်သည်။ ရှုံးအောင်လည်းလုပ်တတ်သည်။ နမူနာပြရမည်ဆိုလျှင် အိန္ဒိယ ကေရာဇ်ဘုရင် ဂျေးဟင်းဂါး Jahangir၏မိဖုရားကြီး နူးဂျေးဟန် nur jahan၊ မြန်မာနိုင်ငံ နောက်ဆုံးဘုရင် သီပေါမင်း၏ မိဖုရားကြီး စုဖုရားလတ်၊ အားလုံးထက် ပို၍ကြီးကျယ်ပြီး ကြောက်မက်ဖွယ် ကောင်းသော

တရုပ်ပြည် ဇေကရီ ဖူဆီဘုရင်မကြီးတို့ ဖြစ်ကြသည်။ ထို့ပြင် အခြားသူများရှိသေးသည်။ ၎င်းတို့မှာ တရုတ်ပြည် great Tang တိုင်နန်းဆက်မှ wu ဝူးအမည်ရှိဇေကရာဇ် ဘုရင်မသည်လည်းကောင်း shang ရှန်နန်းဆက်ကို ဖျက်ဆီး ပျက်သုဉ်းစေခဲ့သည့် ပြစားတတ်သော တာချီအမည်ရှိ စုန်းမိဘုရားသည် လည်းကောင်း ထိုအမျိုးအစား ဣတ္ထိယပီသသူများ ဖြစ်ပေသည်။

ရခိုင်ထီးနန်းပျက်သုဉ်းရခြင်း အကြောင်းများကို အကျဉ်းချုပ်အားဖြင့် မှတ်သားသင့်သည်။ (၁၆၃၀) ခုနှစ်တွင် မဂိုဇေကရာဇ် ဘုရင် သြရမ်ဇမ်သည် ဒီယင်းဂါးမြို့ရှိ ပေါ်တူဂီသေနတ်ကိုင်တပ်ကို ခြိမ်းခြောက်၍ လည်းကောင်း လာဘ်ထိုး၍ လည်းကောင်း အနိုင်ရရှိခဲ့ပေသည်။ သူတို့၏ သစ္စာဖောက်မှုဖြစ်သော (၁၆၃၀) ခုနှစ်တွင် သီရိသုဓမ္မမင်း စိတ်ရှုပ်ထွေး သွားစေသည့် အပြုအမူတို့ကြောင့် ပျက်စီးရာပျက်စီးကြောင်း ဖြစ်လာခဲ့ရပေသည်။ မဂိုတို့သည် နောက်နှစ်တွင် စစ်တစ်ကောင်းကို တိုက်ခိုက်ကြပြီး ပတ်ဝန်းကျင် ပြည်နယ်တစ်ခုလုံး သိမ်းယူခဲ့ကြလေသည်။

စစ်တကောင်းမြို့ ကျဆုံးသည့်နောက် ရခိုင်ပြည်နယ်အတွင်း၌ ဆူပူမှုများ ဆင့်ကဲဆင့်ကဲ ဖြစ်ပွားခဲ့လေသည်။ (၁၇) နှင့် (၁၈) ရာစုများ အတွင်း၌ ပုန်ကန်တော်လှန်မှုများ၊ ထီးနန်းလုပ်ကြံမှုများ၊ သတ်ဖြတ်မှုများ၊ အဆက်မပြတ်ပေါ်ပေါက်ခဲ့ပေသည်။ သက္ကရာဇ် (၁၆၆၆) ခုနှစ်နှင့် (၁၇၁၀) ခုနှစ်အတွင်း မင်း (၁၀) ဆက် နန်းစံခဲ့သည်။ ပျမ်းမျှခြင်းအားဖြင့် ဘုရင်တစ်ပါးလျှင် နှစ်နှစ်ခွဲမျှသာကြာသည်။ (၁၇၁၀) ခုနှစ်နှင့် (၁၇၄၂) ခုနှစ်အတွင်း၌ ပျမ်းပျှအားဖြင့် မင်းတစ်ပါးလျှင် နှစ်နှစ်မျှပင် နန်းသက်မရှည်ခဲ့ပေ။ (၁၇၈၄) ခုနှစ်အထိ နောက်ဆုံးမင်း ခုနှစ်နှစ်မှာ မူမျှမ်းမျှအားဖြင့် ဘုရင်တစ်ပါးလျှင် သုံးနှစ်စီ စိုးစံခဲ့ကြသည်။

ထို့ကြောင့်တိုင်းပြည် အတည်တကျမရှိခဲ့ပဲ ဘုရင်အုပ်စိုးသောစနစ်မှာ အနည်းငယ်ပုံပျက်လာခဲ့သည်။ မဂိုအင်ပါယာကြီးသာ တန်းခိုးအာဏာ လျော့ပါးမသွားဘူးဆိုလျှင် ရခိုင်ထီးနန်း၏ လွတ်လပ်ရေးမှာထိန်းမနိုင် သိမ်းမနိုင်ဖြစ်တော့မည် သေချာနေပေ၏။ ဂိုအာမြို့ မှေးမှိန်လာခဲ့ပြီး ဒတ်ချ်တို့ကို ဘင်္ဂလားပင်လယ်ထဲက မောင်းထုပ်ခဲ့သောအခါ တန်ခိုးအာဏာတက်စ ဗြိတိသျှတို့ ဇာတ်ခုံပေါ်သို့ ရောက်လာကြပြန်သည်။ ၎င်းတို့သည် အိန္ဒိယပြည်ကြီးကို သိမ်းပိုက်ခဲ့ကြလေပြီ။ မြန်မာပြည်မှာလည်း အင်အားချည့်နဲ့လျက် ချောင်းတွင် ပိတ်ထား ခံနေရပေသည်။ သို့ရာတွင် (၁၇၆၀) ခုနှစ်တွင် ဘုန်းတန်ခိုးကြီးသော အလောင်းဘုရားမင်း လက်ထက်၌ မြန်မာပြည်ကြီး ပြန်လည်စည်းရုံးမိခဲ့သဖြင့် ရခိုင်ဒေသ၏ အကုသိုလ်ကံကို မတွန်းမလှုပ်သာအောင် ချိတ်တံဆိပ် ခတ်နိုပ်၍ ပိတ်လိုက်ပြန်ချေသည်။

(၁၆၃၈) ခုနှစ်ကစ၍ ဂိုအာမြို့နှင့် ၎င်း၏ ခရစ်ယာန်သာသနာ ရေးအဖွဲ့တို့၏ တန်ခိုးအာဏာသြဇာ တို့လည်း ဆုတ်ယုတ်လာခဲ့သည်။ ထိုနှစ်အတွင်း၌ ထိုမြို့က ပိုင်ဆိုင်ထားသော အရပ်တို့မှာ ကောင်းကောင်း မွန်မွန်ပင်ရှိကြပါသေးသည်။ ၎င်း၌ ရှားပါးကွေ့တွင်ရှိသော ဒမတ်စကက်မြို့အိန္ဒိယသို့ သွားသော လမ်းမပေါ်တွင်ရှိသည့် ဘန်ဒလ်နှင့် ဒီယူမြို့၊ ဒီယူမှ ဂိုအာမြို့ အထိ ကြားဒေသ၌ခံတပ် တစ်ဆယ့်နှစ်ခုမျှ ရှိခဲ့လေသည်။ ဂိုအာမြို့၏အောက်ဘက်မှာမူ ထိုမျှမက ပေါများပေသေးသည်။ ကိုချင်၊ ကွီလန်၊ ကိုလန်ဘို၊ ဂေါလ်၊ ဂျက်ဖနာတို့မှာ သီဟိုဠ်ကျွန်းတွင်ရှိ၍ အရှေ့ဖျားဒေသ၌ မလက္ကာ၊ မကာအိုနှင့် တီမွားမြို့များ ဖြစ်ကြပေသည်။

(၁၆၄၀) ခုနှင်တွင်ပေါ်တူဂီပြည်အား စပိန်ပြည်မှ ခွဲထုတ်ခဲ့ပေ၏။ သို့ရာတွင် အလွန်နောက်ကျခဲ့ ပေသည်။ မိမိပိုင် အရှေ့ဖျားဒေသ၌ လက်နက် နိုင်ငံများသို့ လူအင်အား လက်နက်အင်အားနှင့် စစ်သင်္ဘောများ

myanmar teashop www.mmteashop.com

ပေးပို့ထောက်ပံ့ခြင်း မပြုနိုင်တော့ချေ။ ဒတ်ချ်လူမျိုးတို့နှင့် မဟာမိတ်စာချုပ် ပြုလုပ်ခဲ့သော်လည်း ကြာရှည် မတည်ခဲ့။ အရှေ့ဖျားဒေသရှိ ခံတပ်တို့မှာတစ်ခုပြီးတစ်ခု ဒတ်ချ်တို့လက်ထဲသို့ ရောက်ခဲ့ကြပေသည်။ (၁၆၄၁) ခုနှစ်တွင် မလက္ကာမြို့၊ (၁၆၄၈) ခုနှစ်တွင် ဒမတ်စကက်မြို့ အသီးသီး ကျဆုံးခဲ့ရပေသည်။ ထိုနှစ်မြို့မှာ မိမိ၏အရှေ့တံခါးနှင့် အနောက်တံခါးတို့တည်း။ (၁၆၅၆) ကိုလံဘိုမြို့၊ (၁၆၆၁) ခုနှစ်တွင် ကွီလန်မြို့၊ (၁၆၆၂) ခုနှစ်တွင် ကိုချင်မြို့ အသီးသီး ကျဆုံးခဲ့ကြပြန်သည်။ ဂိုအာမြို့ကား အလွန်နိမ့်ကျသော မြို့တော်ဖြစ်လာချေပြီ။ စတင်တည်ထောင်ခဲ့သော ပေါ်တူဂီတို့၏ (၁၆) ရာစုအတွင်းက မျှော်မှန်းချက် အာရုံတို့သည်၎င်း၊ အာရှတိုက် တခွင်ရှိ ဘာသာခြားများကို ကယ်တင်အံ့ဟူသော ရည်ရွယ်ချက်အာရုံသည်၎င်း အဓိပ္ပါယ်မရှိတော့ပြီ။ ကြာကြာ မှတ်မိကြတော့မည်ပင် မထင်ကြတော့ချေ။

တစ်ကမ္ဘာလုံးကို ဗုဒ္ဓဘာသာထွန်းကားအောင် သာသနာပြုလိုသော ရခိုင်မင်းနှင့် ခရစ်ယာန် သာသနာပြုလိုသော ပေါ်တူဂီတို့၏ ခေတ်ကား ဤတွင် တစ်ခန်းရပ်ကုန်တော့သည်။ ခြေတစ်လှမ်း တိုးဝင်လာသော ဒတ်ချ်လူမျိုး တို့သည်ကားယင်းသို့သော ရည်မှန်းချက်မျိုး မထားခဲ့ကြချေ။ သူတို့သည် လုပ်မှားကိုင်မှားရှိခဲ့ကြသော်လည်း စီးပွားရေးသက်သက် လိုက်စားသူများဖြစ်ကြသည်။

ပေါ်တူဂီခံတပ်များကို တိုက်ခိုက် ဖြိုဖျက်ကြသည့်အတွက် ငွေပင်ငွေရင်း များစွာ စိုက်ထုတ်ခဲ့ကြ၍ ၎င်းတို့၏ အရှုံးအမြတ် စာရင်းတွင် ပေးရန်ဘက်က အလေးသာလျက် ရှိလေသည်။ ဂိုအာမြို့ တစ်မြို့တည်းကွက်၍ ချန်ထားပြီးလျှင် သူတို့အင်အားကို အရှေ့အာရှတောင်ပိုင်း၌ စုစည်း၍ ပေါ်တူဂီတို့၏ ကုန်သွယ်လမ်းကို ဖြတ်တောက်ခဲ့ကြလေသည်။ ထိုအတောအတွင်း၌ အခြား စီးပွားရေးသမားဖြစ်သော ဗြိတိသျှ လူမျိုးတို့သည် အိန္ဒိယပြည့်ကြီးနှင့် ကူးသန်းရောင်းမှုကို ကျိတ်၍ လုပ်နေကြလေသည်။ နောက်ဆုံး၌ ဥရောပတွင် အင်္ဂလိပ်နှင့် ဒတ်ချ်တို့ စစ်မက်ဖြစ်ပွားပြီး ဒတ်ချ်ရေတပ်ကြီး အရေးနိမ့်ခဲ့လေသည်။ မိခင်နိုင်ငံ၌ ဒတ်ချ်တို့ကို အောင်မြင်သောအချိန်၌ အိန္ဒိယတွင်လည်း မဂိုမင်းတို့ အရည်ပျော်လေတော့သည်။ တစ်ဖန် ထိုအချိန်၌ ပြင်သစ်တို့ ဇာတ်ခုန်ပေါ်ရောက်လာပြန်လေသည်။ သို့နှင့် အင်္ဂလိပ်နှင့် ပြင်သစ်တို့ တိုက်ခိုက်ကြ ပြန်၏။ ပြင်သစ်များ အရေးနိမ့်သွားသောအခါ ဗြိတိန်သည် အိန္ဒိယပြည်နှင့် ဘင်္ဂလားပင်လယ်ကမ်းခြေတွင် မင်းမူတော့လေသည်။

ဗြိတိသျှလူမျိုးများသည် ပေါ်တူဂီနှင့်မတူပေ။ သူတို့မှာ ကုန်ရောင်းကုန်ဝယ် လုပ်ဖို့ တစ်ခုတည်းသော ဦးတည်ချက် ရှိခဲ့ကြသည်။ သူတို့သည် ကုန်ကူးရန်မှတစ်ပါး သာသနာရေးဆိုင်ရာ ကယ်တင်ခြင်း လုပ်ငန်းများကို အိမ်မက်ပင် မမက်ခဲ့ကြချေ။ မိမိတို့ပိုင်နက်ကို ဥပဒေအရ အုပ်စိုးပြီး နယ်ချင်းစပ်နေသော တိုင်းပြည်တစ်ပြည်က ၎င်းတို့နှင့် ကုန်ရောင်းကုန်ဝယ်မလုပ်လိုဟု ငြင်းဆိုလျှင်မူ နယ်ချဲ့ဖို့ အားထုတ်ခဲ့သည်။ (၁၉) ရာစု အတွင်းဝင်လာသောအခါ အာရှတိုက်နှင့် အာဖရိကတိုက်တို့သည် အရင်းအနှီး မြတ်သူအဖို့ ထွက်ကုန် လိုသလောက် ပေးစွမ်းနိုင်သည့် ဒေသများဖြစ်ကြောင်း တွေ့မြင်လာကြသောအခါ ဥရောပတိုက်ရှိ အခြားလူမျိုးတို့လည်း အင်္ဂလန်ရှေ့ဆောင်မှု၏ နောက်ကလိုက်ပါခဲ့ကြပြီး၊ မိမိတို့ဝေစုကို မိမိတို့အင်အားနှင့် လျော်သော နယ်မြေအကြယ်အဝန်းအချို့ကြ ခွဲဝေပေးရန်တောင်းဆိုလာကြပြန်သည်။ အာရှတိုက်သည် ကန့် ကွက်ငြင်းဆိုဖို့ လက်လှမ်းမမှီလိုက်တော့ချေ။ နွားသေကောင်ကြီးကဲ့သို့ အစန့်သားခံနေလိုက်ရပေသည်။ သို့နှင့် ဝေစုအားလုံးကို မျက်နှာဖြူလူမျိုးအချင်းချင်းသာ ခွဲယူလိုက်ကြလေသည်။ ဤနည်းအားဖြင့် အာရှတိုက်နှင့် အာဖရိကတိုက်တို့သည် ၎င်းတို့၏ လက်အောက်နိုင်ငံ (ကိုလိုနီ) များဖြစ်သွားကြတော့သည်။ ထိုဒေသရှိ တိုင်းရင်းသားများကိုလည်း ငြိမ်းချမ်းရေးနှင့် ကာကွယ်ရေးအကျိုးကို စွယ်ရောင်ပြပြီး အမြတ်အစွန်းထဲမှ

အရိုးအရင်း အချို့ကို ကျွေးမွေးစွန့်ကြဲကာ တိုင်းပြည်၏ ထွက်ကုန်များကို အားလုံးအပင် စီးခဲ့ကြသည်။ ယင်းသို့သော အချက်လက်များအပြင် ဤပုံစံမှာ ခိုင်မာသော ကမ္ဘာ့စီးပွားရေးစနစ်မျိုး မဟုတ်သော်လည်း အနောက်နိုင်ငံသို့ တိုင်းရေးပြည်ရေး မညီမျှမှုများကို ချိတ်ကိုက်ပေးရန်နှင့် စီးပွားရေး မညီမျှမှုများ ညှိပေးရန်အတွက် အသုံးပြုခဲ့ကြလေသည်။ သို့သော် အလွန့်အလွန် အတည်ငြိမ်တတ်ချေ။ အကယ်၍ ဥရောပတိုက်မှ လူမျိုးများ ကြသွားလျှင် ကမ္ဘာတစ်ခုလုံး ရှုပ်ထွေးသွားစေနိုင်ပေသည်။ ဘာလင်မြို့နှင့် လန်ဒန်မြို့ ရန်ဖြစ်သည့်အတွက် ပဲခူးမြို့ သို့မဟုတ် ဘတေးဗီးယားမြို့က လူဆင်းရဲတစ်ယောက်မှာ ဘုမသိ ဘမသိနှင့် အိမ်မီးလောင်ခံရပြီးလျှင် ကလေးများ အသတ်ခံရကောင်း ခံရပေလိမ့်မည်။

ရခိုင်ပြည်နယ်လည်း ယင်းသို့သော အဖြစ်မျိုးနှင့် (၁၈၅၂) ခုနှစ်တွင် တွေ့ကြုံခဲ့ရပေသည်။ အင်္ဂလိပ်တို့သည် မြန်မာတို့လက်ထဲက ရခိုင်ပြည်နယ်ကို သိမ်းယူခဲ့ကြသည်။ (၁၈၈၅)ခုနှစ်တွင် မြန်မာတစ်ပြည်လုံးကို တစ်ဆင့်ပြီးတစ်ဆင့် သိမ်း၍ အပြီးသတ်ခဲ့သည်။ ကျွန်ုပ်တို့နှင့် ထူးဆန်းစွာ ပတ်သက်ခဲ့သော မဟာမြတ်မုနိဘုရားကြီးလည်း တစ်ချိန်တည်း ပါဝင်ခဲ့သည်။ မြန်မာတို့အဖို့ဆိုလျှင် ထိုဘုရားကြီးမှာ တကယ့် အထွတ်အမြတ် အဖြစ် ယခုထိ တည်ရှိခဲ့ပေသေးသည်။

ဤနောက်ပိုင်း နှစ်ကာလတို့သည် အတွေးရေလျဉ်ကြောင့် မျောလာခဲ့သော ဤဝတ္ထုရှည်ကြီး၏ နောက်ဆက်တွဲများကို ဆက်လက်၍ ပြောပြနေကြပြန်သည်။ အာရှတိုက်သား လူမျိုးတစ်မျိုးတည်း အာရှတိုက်ကြီးကို ကယ်တင်ရန် ကြိုးပမ်းခဲ့ပြန်လေသည်။ သူသည် အာရှ၏ ထွက်ကုန်များကို ကမ္ဘာ၏ အနောက်ဘက်စွန်းက လူမျိုးတွေ ခွဲဝေစားသောက်နေကြသည်ကို မရှုစိမ့်နိုင်ချေ။ အာရှတိုက်ကို ခွစီးနေခဲ့သော ကျူးကျော်သူမိစ္ဆာများကို မောင်းထုတ်ပြီးသောအခါ အာရှတိုက်သည် ဂျပန်ပြည်၏ လက်အောက်တွင် တစုတဝေး တညီတညွတ်တည်း ယခင် အိပ်မက်ဟောင်းကို ထပ်မံ မက်နိုင်ခဲ့ပြန်သည်။ ဤတစ်ကြိမ် မက်သော အိပ်မက်မှာ ယခင်ကထက် ပိုမို၍ အကြောင်းပြချက် ခိုင်လုံပေသည်။ ယင်းအိပ်မက်ဟောင်းကား ကမ္ဘာကို ကယ်တင်မည့် ဧကရာဇ် စကြာမင်းပင်တည်း။ ဘုရားလောင်း စကြာမင်း အုပ်ချုပ်မှသာ နှစ်ပေါင်း ထောင်ပေါင်းများစွာ ငြိမ်းချမ်းသာယာပြီး လောကနိဗ္ဗာန်ကြီး တည်ဆောက်နိုင်မည့် အိမ်မက်ဟောင်းပေတည်း။

သို့သော် ယင်းသို့သော လောကနိဗ္ဗာန်ထဲသို့ မည်သူက မည်သို့ ရှေ့ဆောင်လမ်းပြ လုပ်ပေးပါမည်နည်း။ ထိုအခြေအနေသို့ ရောက်ဖို့ရန် မြတ်စွာဘုရားသခင် ဟောကြားခဲ့သော မဂ္ဂင်ရှစ်ပါး တရားတော်မြတ်နှင့် ဆန့်ကျင်ဘက် လုပ်မှသာ ပြီးမြောက်နိုင်လိမ့်မည်။ ကြင်နာခြင်း၊ ရိုးဖြောင့်ခြင်း၊ စွန့်ကြဲခြင်း၊ ကိုယ်ကျင့်တရား ကောင်းခြင်း စသည်တို့ကို အခိုက်အတန့်အားဖြင့်ဖြစ်စေ ရပ်ဆိုင်းထားကြရပေမည်။ သီရိသုဓမ္မမင်းသည် ဤနည်းအတိုင်း နိဂုံးချုပ်ခဲ့ပြီးနောက် အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့ စသော မှော်အတတ်၊ အင်းအတတ်တို့က အစပြုပြီး လူသတ်ဝါဒနှင့် မိစ္ဆာဝါဒတို့ကို ယုံကြည်စွဲလမ်းသူ အဖြစ်သို့ နိမ့်ကျလျောဆင်းခဲ့ပေသည်။

ဂျပန်လူမျိုးတို့သည်လည်း ထိုလမ်းစဉ်နှင့် အနည်းငယ်တူသော လမ်းကို လိုက်လျှောက်ကြပြန်သည်။ သူတို့သည် ရှိန်းပြီးအောင် ရန်သူများ မော်မကြည့်ဝံ့အောင် ကိုယ်ခံအဟာန့်ဆေးများ ဖော်စပ် အသုံးပြုခဲ့ကြသော်လည်း သူတို့ ဖော်စပ်နည်းကား သီရိသုဓမ္မမင်းကဲ့သို့ မသေဆေး (ရှိန်းပြီးဆေး) ဖော်နည်းမျိုး မဟုတ်ပေ။ လက်နက်အင်အားကို လျှို့ဝှက် စုဆောင်းသောနည်းဖြင့် ဖော်စပ်ခဲ့ကြသည်။ ဥရောပတိုက်မှ စီးပွားပြိုင်ဘက် လူမျိုးအချင်းချင်း မသင့်မတင့်ဖြစ်ကာ ထ၍ ချကြမည့် အချိန်ကို အောင့်အည်းသည်းခံ စောင့်ခဲ့ကြသည်။ တရုတ်ပြည်ကို အဖော်ညှို၍ မရသောအခါ အတင်းဝင်တိုက်ခဲ့သည်။ ဆိုခဲ့သော

ဥရောပတိုက်မှ လူမျိုးအချင်းချင်း စစ်မက်ဖြစ်ပွားလာသောအခါ မိမိ၏ လက်တံကို ခပ်ဝေးဝေးလှမ်း၍ အာရှတိုက်ကြီးတစ်ခုလုံး၏ ထွက်ကုန်များကို ပွေ့ပိုက်ထားလိုက်လေသည်။ သို့နှင့် သူတို့သည် (၁၉၄၂) ခုနှစ်တွင် မန္တလေးမြို့ထဲသို့ ဝင်ခဲ့ကြလေတော့၏။ ထိုအခါ မဟာမုနိဘုရားကြီးသည်လည်း ဂျပန်တို့ လက်ထဲသို့ ကျဆင်းခဲ့ကြရပြန်လေသည်။ သို့ရာတွင် ဂျပန်တို့သည် ဗုဒ္ဓဘာသာဝင်များဟု တံဆိပ်တပ်ထားသော်လည်း သူတို့ တပ်ဆင်ထားသော တံဆိပ်မှာ အဓိပ္ပါယ်မရှိပေ။ အဘယ်ကြောင့်ဆိုသော် သူတို့ လုပ်ကိုင်ပြုမူခဲ့သမျှတို့မှာ ဗုဒ္ဓဝါဒနှင့် အလွန် ဆန့်ကျင်စွာ ပြုလုပ်ခဲ့ကြသောကြောင့်တည်း။

အာရှတိုက်တွင် ဂျပန်တို့ ပေါက်ကွဲခဲ့ရခြင်းအကြောင်း နားလည်စေရန်မှာ ဗုဒ္ဓ၏ သာသနာတော်ကြီး ပြန့်ပွားအောင် ဥရောပနယ်မြေကို ကျူးကျော်ခြင်း ပြုခဲ့သည်ဆိုရုံမျှနှင့် မလုံလောက်ပေ။ ထိုမျှမက ကြီးကျယ်လှသော ရည်မှန်းချက်များ နောက်ကျောက ပါလာခဲ့ပေသည်။ အမှန်မှာ အမေရိကန်တို့နှင့် ရင်ဆိုင်ရသော ကြိုးပမ်းမှုသာ အဓိကဖြစ်သည်။ ယခုအခါ အမေရိကန်တို့နှင့် ရင်ဆိုင်နေရသော ပြဿနာမျိုးပေတည်း။ ရှေးယခင်က အမေရိကန်တို့ထားခဲ့သော မိမိအိမ် လုံခြုံရေးဝါဒသည် နောက်အခါ ဂျပန်တို့နှင့် မျက်နှာချင်းဆိုင် တည့်တည့်တိုးမိလျက်သား ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် မိမိတိုင်းပြည်ကို ကာကွယ်ရန် ပစိဖိတ် ကမ်းခြေတို့တွင် ကင်းစခန်းများ ရှာဖွေထားရှိလာခဲ့ရာမှ ပစိဖိတ်ကို ခြယ်လှယ်နိုင်သော အင်အားကြီးအဖြစ် ရောက်ရှိလာခဲ့လေသည်။ သူသည် ဥရောပတိုက်က တိုင်းပြည်များ အာရှတိုက်တွင် ကိုယ်ပိုင်နယ်မြေများ ရှာဖွေသည့်ထုံးကို လိုက်နာတုပခြင်း မပြုပေ။ သို့ရာတွင် ပစိဖိတ်တွင် အင်အားတောင့်တင်းအောင် လုပ်ကိုင်ခြင်းအားဖြင့် မိမိ၏ အနောက်ဘက်ကမ်းခြေကို ရန်သူများ ဝင်ရောက်တိုက်ခိုက်မည့်ဘေးမှ စိတ်ချရမည်ဟု တွက်ဆခဲ့ကြသည်။

အမေရိကန်သည် နှစ်ပေါင်းများစွာကပင် မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် Contradictory ဝါဒကို ကျင့်သုံးလာခဲ့သည်။ ၎င်းသည် ဂျပန်ပြည်သို့ လက်နက်နှင့် ရေနံ၊ ဓာတ်ဆီများကို ရောင်းချ၍ စီးပွားလမ်းများစွာ ဖြောင့်နေပေသည်။ ယင်းသည်ပင်လျှင် သူခိုးကို ဓားရိုးကမ်းဆိုသကဲ့သို့ မိမိကို ပြန်တွယ်မြည့် အာရှတိုက်သားတစ်ဦးကို အားကောင်းလာအောင် ပျိုးထောင်ပေးသကဲ့သို့ ရှိတော့သည်။ ဂျပန်သည် အမေရိကန်နှင့် ရုတ်တရက် အချင်းမဖြစ်ပွားသေးချေ။ မိမိကိုယ်ကိုမိမိ အခြေအကျရှိအောင် အားထုတ်ရသေးသည်။ တတ်နိုင်လျှင် အာရှတိုက်တွင် လာရောက် ခြယ်လှယ်နေသော အနောက်တိုင်းသားတို့ကို မောင်းထုတ်ရဖို့ လုပ်ရဦးမယ်။ သို့သော် အမေရိကန်သည် ထိုအနောက်အင်းအားစုများကို ဂျပန်က မောင်းထုတ်ပြီး ၎င်းတို့နေရာကို ဝင်ထိုင်မည့်အရေးကို ကြည့်နေနိုင်။ အဘယ်ကြောင့်ဆိုသော် အာရှတိုက်ကိုသာ သိမ်းပိုက်မိလျှင် ရေနံ၊ ဓာတ်ဆီနှင့်တကွ အခြား ကုန်ကြမ်းပစ္စည်းများ မျိုးစုံကို ဂျပန်တို့ ချုပ်ကိုင်ထားနိုင်ပြီဖြစ်၍ မိမိတို့ အမေရိကန်က သွင်းကုန်များကို လုံးဝ အားမကိုးတော့ဘဲ လက်လွှတ်ပစ်ပေလိမ့်မည်။ ၎င်းပြင် မိမိတို့၏ ပစိဖိတ်ဒေသထဲကိုပင် ဝင်ရောက် လွှမ်းမိုးလာလိမ့်ဦးမည် ဖြစ်သောကြောင့်တည်း။

(၁၉၄၀) ခုနှစ်တွင် ဂျပန်လူမျိုးတို့ အင်ဒိုချိုင်းနားသို့ ဝင်ရောက်သောအခါ ဒတ်ချ်လူမျိုးများပိုင်သော အရှေ့အိန္ဒိယကျွန်းစုများကို ချိန်ပြီးဟူ၍ ဖြောင်ဖွင့်ပြောသကဲ့သို့ သူတို့အပေါ်၌ရှိခဲ့သော သံသယများအားလုံး ရှင်းသွားလေပြီ။ သို့ဖြစ်၍ အမေရိကန်သည် မိမိတို့၏ ပေးပို့လာခဲ့သော အထောက်အပံ့များကို ရုတ်တရက်ဖြတ်တောက်ပစ်ကြတော့၏။ ယင်းသို့လုပ်လိုက်လျှင် သူတို့၏နယ်ချဲ့မှုကို ရပ်တန့်သွားမည်ဟူ၍လည်း ယုံကြည်ခဲ့ကြ၏။ သို့သော် ဂျပန်သည် နောက်သို့ ပြန်မဆုတ်သာတော့ပြီ။ ရှေ့တိုးထမ်းပိုး နောက်ဆုတ်လဲတုတ်

ဖြစ်နေလေသည်။ အတော်ပင်နောက်ကြခဲ့လေပြီ။ သို့နှင့်ဒတ်ချ်ပိုင်သော အရှေ့အိန္ဒိယကျွန်းစုများ ယိုးဒယား မလေးနှင့်မြန်မာနိုင်ငံတို့ကိုပါ မိမိ၏ လက်ခုတ်ထဲကိုပါ ထည့်၍ ဆုတ်ထားပေတော့၏။ မိမိတို့ကို မည်သူမျှ တိုက်ဖျက်၍ မရနိုင်အောင် ထွက်ကုန်များကို အမြန်ဆုံး ခေါင်းပုံဖြတ်ကြရမည် ဟူ၍လည်း တွက်ဆ ထားကြလေသည်။

အမေရိကန် မည်ကဲ့သို့ စစ်ထဲဝင်ခဲ့သည်ကို ကြည့်ကြစို့။ ဖြစ်ပုံကား ဂျပန်သည် အာရှတိုက်ကြီးကို ကရုဆေ့ဒ်စစ်ပွဲကဲ့သို့ ဥရောပတိုက်သားတို့လက်မှ လွတ်မြောက်အောင်လုပ်သည့် စစ်ပွဲဟု ဆိုဦးတော့ ၎င်းတို့သည် ပစိဖိတ်အင်အားကြီး တစ်ခုအနေဖြင့် အမေရိကန်တို့ပါဝင်လာမည်ကို မမြင်ဘဲရှိခဲ့ကြမည် မဟုတ်ပေ။ မိမိကို ဥရောပနိုင်ငံတို့က ပြန်၍တွန်းလှန်ရန် အချိန်မမီ မိမိကိုယ်ကို တောင့်တင်းခိုင်မာအောင် အမြန်ဆုံး လုပ်ထားရပေလိမ့်မည်။ အင်္ဂလန်နှင့် ရုရှား နှစ်ဦးတည်းနှင့် ဂျာမနီကို အနိုင်တိုက်နိုင်သည်ထားဦး အမေရိကန်မပါပဲနှင့် ဂျပန်ကို တွန်းလှန်ပစ်နိုင်မည်မဟုတ်ဟု မမျှော်လင့်နိုင်ပေ။ စစ်ထဲဝင်လာခြင်းအားဖြင့် အမေရိကန်တို့သည် အာရှတိုက်ကိုလွှမ်းမိုးသည့် တန်ခိုးကြီးသော အင်အားစုတစ်ခု ပိုလာစေတော့သည်။ ဥရောပတွင် အမေရိကန်တို့အဖို့ သက်တော်စောင့်လောက်သာ တာဝန်ရှိတော့လည်း အာရှတိုက်တွင်မူကား လိုချင်သော ပြဿနာကို ဖော်ထုပ်ပေးနိုင်ယုံသာမက အာရှ၏ ရှေ့ရေးကို ဘယ်လိုပုံစံဖြစ်ရမည်ဟု သူက အဆုံး အဖြတ် ပေးမေလိမ့်မည်။

ဤနည်းအားဖြင့် အာရှတိုက်တွင်ဖြစ်ပေါ်ခဲ့သော စစ်ရေးစစ်ရာတို့သည် ဂျပန်တို့က စစ်ရေး အာဏာများကို တွန်းလန် ဖတ်ထုတ် လိုသောကြောင့်သာမဟုတ် ပစိဖိတ်အင်အားစုနှစ်ခု တန်ခိုးအာဏာ လုချင်ကြသောကြောင့်ဖြစ်သည်မှာ ရှင်းလင်းပြတ်သားစွာ နားလည်လောက်ပေပြီ။ ဂျပန်တို့၏ ထွက်ကိန်း သည်ကား အာရှတိုက်ကိုသာ မိမိတို့ မိမိတို့ အပိုင်းစီးနိုင်ခဲ့လျှင် ခေတ်မီအောင်အခြေတကျ စီမံပြီးနောက် မကြာမီ ကမ္ဘာတစ်ခုလုံးကို အုပ်စိုးရပေအံ့ဟု အတော်ကြာကြာကပင် တင်ကြို၍ တွက်ချက်ထားခဲ့ကြ၏။

ကမ္ဘာကိုစိုးမိုးနိုင်မှုအတွက် ဤသို့ကြိုးပန်းခြင်းသည် ရှေ့ကလူများ ကြိုးပန်းမှုများထက် စရိတ်အကုန်အကျ နည်းပါးသည်ဟု သူတို့က ဆင်ခြေလဲကြသည်။ ပုပ်ရဟန်းမင်းကြီး၏ လက်အောက်တွင် ခရတ်ယာန်ဘာသာကြီး တည်ဆောက်ဖို့ အားထုပ်ခဲ့သော ကက်သလစ်ဂိုဏ်းဝင်တို့၏ စိတ်ကူးမှာ အလျဉ်ပင် မသင်လျှော်သော ကိစ္စဖြစ်သည်။ အာရှတိုက်သည် ဘာသာမျိုးစုံကို မွေးထုပ်ခဲ့သော တိုက်ကြီးမဟုတ်ပါလော။ (၁၉) ရာစုနှစ်အတွင်း၌ လက်နက်စွဲကိုင်၍ ကူးနေသော ဥရောပတိုင်းပြည်များသည် အာရှတိုက်ကို အစိတ်စိတ် ခွဲဝေထားကြသည်မှာ တစ်မျိုးတည်းသောကမ္ဘာ့နိုင်ငံ (ဝါ) ဧကရာဇ်နိုင်ငံကြီးအဖြစ် ထူထောင်ရန်မဟုတ်ပဲ မိမိတို့၏ တန်ခိုးအာဏာကို မဲတင်းပေးရန်အတွက် Bak-ance of Power သာဖြစ်လေသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကို ဖျက်စီးမည့်မီးစာတို့မှာ ၎င်းတို့၏ စနစ်များတွင် ခိုအောင်း၍ လိုက်ပါနေခဲ့ကြပေသည်။

ဂျင်ဂျစ်ခန်း၏ နန်းဆက် ကြီးစိုးခဲ့စဉ်အခါက တစ်ကမ္ဘာလုံးပင် ပိုင်လုနီးပါး နယ်ချဲ့နိုင်ခဲ့ပေသည်။

သို့ရာတွင် ၎င်းတို့သည် ခိုင်ခံ့အောင် အုပ်မြစ်မချနိုင်ခဲ့ကြကုန်။ ဗဟိုကို ချုပ်ကိုမှုကို မလုပ်နိုင်ကြပဲ ဘာတာရီယန်ခေါ် လူရိုင်းထုံးစံအတိုင်း လုယက်တိုက်ခိုက် မီးရှို့ဖျက်စီးရုံသာ လုပ်ကိုင်ခဲ့ကြသည်။ ဟစ်တလာဝါဒ စိုးမိုးလာပြန်သောအခါ ခေတ်မီသော ပုံစံစီမံကိန်းတို့ ချမှတ်လုပ်ကိုင်သော်လည်း စီမံကိန်းနှင့် လက်တွေ့ အကောင်ထည်ဖော်မှုမှာ အလှမ်းကွာမှု အားကြီးရုံမက အင်ပါယာတိုးချဲ့ဖို့သာ ပဓာနထားပြီး ညီညွတ်စုရုံးသော ဥရောပတိုက်အနေဖြင့် နောက်မှ အထောက်အကူဖြစ်စေမည့် အလုပ်ကိုမလုပ်ခဲ့ချေ။

တရုတ်တို့၏ ကွန်ဖြူးရှပ်အယူဝါဒသည် တိုင်းပြည်အုပ်ချုပ်ရေးကို အတော်စေ့စေ့စပ်စပ် လမ်းခင်းထားသည် ဖြစ်ရာ (၁၈) ရာစုခေတ်က မန်းချူးဧကရာဇ်များသာ ခေတ်မီစွာအုပ်စိုးနိုင်ခဲ့ပါမှ ဂျပန်လူမျိုးတို့မှာ ခေတ်နောက်ပြန် လည်သွားကြမည် ဖြစ်ပေသည်။

ဤလုပ်ပုံကိုင်ပုံနှင့် ပတ်သက်၍ ဂျပန်တို့က ဆင်ခြေလဲသည်ကား မိမိတို့သည် ရှေးအလွန်ကျသော ခေတ် ကမ္ဘာဦးက မဟာသမ္မတမင်းများလို တစ်ကမ္ဘာလုံးတွင် အစိုးရသူ တစ်ဦးတည်းရှိစေရန် အာရှတိုက်ကြီး မိမိတို့လက်ထဲ၌ သိမ်းပိုက်ထားတုန်း လုပ်ဖြစ်အောင်လုပ်ရမည် ဖြစ်ကြောင်း လုပ်၍ တစ်ကြိမ်အောင်မြင်ပြီးလျှင် နောက်က ဆက်လိုက်ဖို့သာ ကျန်တော့ကြောင်း အကြောင်းပြကြလေသည်။ သို့ရာတွင် ကျွန်ုပ်တို့ ဆွေးနွေးခဲ့ကြပြီးသည့်အတိုင်း ခေတ်အချိန်အခါတို့မှာ ပုံစံတစ်မျိုးပြီးတစ်မျိုး ပြောင်းလဲခဲ့ကြလေသည်။ အာရှမြေပေါ်မှ ဥရောပတိုက်သားများကို မောင်းမထုတ်ရသေးမီ အာရှတိုက်သားခြင်းဖြစ်သော တရုတ်ပြည်ကို စစ်လမ်းကြောင်းထဲ ဆွဲထည့်ခဲ့လေသည်။ အာရှတိုက်ကို တိုက်ခိုက် သိမ်းပိုက်လိုက်သောအခါ အမေရိကန်ကို အနိုင်ရပြီး သူ့နေရာသူပြန်နေအောင် မောင်းထုတ်လိုက်ပြီးနောက် ခြေလှမ်းမှန်မှန် ချီတက်၍ နယ်သစ်များကို သိမ်းပိုက်ရမည် ဖြစ်သည်။ ဂျပန်သည် ဖိလစ်ပိုင်နိုင်ငံကို တိုက်ခိုက်သိမ်းယူပြီးနောက် ရှုအန်ကျွန်းကို သိမ်းယူကာ ပစိဖိတ်သမုဒ္ဒရာအတွင်း အတော်ဝေးဝေးသို့ ရောက်ခဲ့သည်။ သို့သော်လည်း မစ်ဒ်ဝေးကျွန်းနှင့် ဟာဝေယံကျွန်းတို့ကိုမူ မသိမ်းပိုက်နိုင်ခဲ့ချေ။

အကယ်၍သာ ယခုဖတ်ခဲ့ရသည့် အကြောင်းအရာများ မှန်ကန်သည်ဟု အချိန်ကသက်သေခံလျှင် အမေရိကန်သည် ပစိဖိတ်၏ အရှင်သခင်ဖြစ်နေရုံမက အာရှတိုက်တွင်လည်း အထွတ်အထိပ် ဖြစ်နေပေလိမ့်မည်။ ယခုလိုသာဆိုလျှင် သူသည် ကမ္ဘာကြီးတစ်ခုလုံးကို မိမိလက်ခုပ်တွင်း၌ ဆုပ်ကိုင်ထား နိုင်သော တစ်ခုတည်းသော ဧကရာဇ်နိုင်ငံကြီးအဖြစ် အံ့သြစရာဖြစ်မလာပါလော။

ဤမေးခွန်းကို ဖြေဆိုရန်မှာ အလွန်ဆန်းကြယ်လှပေသည်။ အတိတ်ကဆိုလျှင် အမေရိကန်သည် မိမိဘဝကို မိမိဘာသာ မိမိဇာတိမြေပေါ်မှာပင် တည်တံ့တိုးတက်ခိုင်မြဲစေ၍ ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများ မည်သို့ပင်ဖြစ်နေပါစေ ပါဝင်စွက်ဖက်ခြင်းမပြုပဲ နေမည်ဟု တွေးထားခဲ့သော တိုင်းပြည်ဖြစ်သည်။ အမေရိကန်သည် ကြီးလဲကြီး၏ အလွန်တရာမှ ချမ်းသာကြွယ်၏။ ၎င်းတွင် ကမ္ဘာပေါ်မှာ အလှဆုံး ဉယျာဉ်သဖွယ် ဖြစ်ပေ၏။ မိမိနိုင်ငံမှထွက်သည့် ပိုလျှံသော ကုန်ချောများကို စစ်ဖြစ်နေသောနိုင်ငံတို့အား နှစ်ဖက်စလုံးကို မျှ၍ ဝေငှရောင်း ချပြီး တစ်ပြည်က တစ်ပြည်၏ လည်မျိုဖြတ်သည်ကို စောင့်ကြည့်နေနိုင်၏။ ယင်းသို့နေရင်း တိုးတက်စူးစမ်း ရှာဖွေမှုများ စမ်းသပ်လုပ်ကိုင်ကာ လောကနိဗ္ဗာန်ကြီးကို သီခြား တည်ဆောက်ပေးနိုင်သည့် အခြေအနေသို့ မကြာမည် ရောက်ရမည်ဟု ပြနေပေ၏။ ဤအခါ ဤအခြေနေတွင် အမေရိကန်သည် တိုက်နေသည့်စစ်ပွဲတွင် တစ်ဖက်ဖက်ကဝင်ပါပြီး ထိုဖက်တော်သားနှင့် လည်ပင်းဖက်ကာ သူတို့ဘာသာသူတို့ Balace Bloek တန်ခိုးပြိုင်နေသည့် အင်အားစုထဲတွင် ဓားစာဝင်ခံပါမည်လော။

သို့သော် (၁၉၄၀) ခုနှစ်က ပြင်သစ်ပြည် ကျဆုံးသောအချိန် အင်္ဂလန်ကိုချိန်းချောက်နေသောအချိန် ဘီလူးစိတ် သရဲစိတ်ပေါက်နေသော ဂျာမနီသည် တစ်ကမ္ဘာလုံးကို ဂျာမနီအင်ပါယာကြီးလုပ်ဖို့ အိမ်မက် မက်ခဲ့ကြလေသည်။

ထို့နောက် အမေရိကန်သည် အာရှတိုက်ကို စိုးမိုးသောအခါ မိမိကိုယ်ကို ဘယ်ဘက်သို့ ဦးတည်ပေးမည်နည်းဟူသော မေးခွန်းကို ဖြေဆိုရပေဦးမည်၊ ၎င်းသည် ရောမနှင့် ဂိုအာမြို့ ရှာဖွေခဲ့သော

နည်းလမ်းကို (၁၆) ရာစုနှစ် စည်းကမ်းစနစ်မျိုးနှင့် မဟုတ်ဘဲ (၂၀) ရာစု ခေတ်စည်းကမ်း စနစ်မျိုးနှင့် လုပ်ဆောင်ရပေလိမ့်မည်။ အမေရိကန်သည် မြို့၏ အမွေကို ဆက်ခံရသည်ဟုဆိုလျှင် ထူးဆန်းပေလိမ့်မည်။ အမေရိကန်သည် ဂိုအာ ကျဆုံးခဲ့သည့် နေရာတွင် ကယ်တင်ရှင်များ လုပ်ချင်သူတို့ ရှုံးသောအခါတွင် အောင်မြင်လေ၏ ဟု ဆိုလျှင် ထူးဆန်းပေသည်။ ဤတွင် ကျွန်ုပ်တို့၏ ရှည်လျားသော ဆင်ခြေဆင်လက်တို့သည် ဤနေရာသို့ ခေါ်သွားခဲ့ကြလေပြီ။

(အမေရိကန်ကို ကယ်တင်ရှင်များအဖြစ် မျှော်လင့်နေကြသည်ဟူသော စာပိုဒ်မှာ ကျွန်ုပ်တို့အနေဖြင့် လက်ခံစရာမရှိပေ။ ဘာသာပြန်သူ)

ဦးလှဒင်



ရတနာရွှေမြေ
ဦးလှခင်
THE LAND OF
THE GREAT IMAGE
By
Maurice Collis